www.burmeseclassic.com



BURMESE CLASSIC

# ရွာရိုးကိုးပေါက်

လင်းယုန်မောင်မောင်

www.burmeseclassic.com

www.burmeseclassic.com

**စီစဉ်သူ**

ဆက်ထွန်းလင်း(စက်မှုတက္ကသိုလ်)

**စာမူခွင့်ပြုချက်**

၁၄၁၃ / ၂၀၀၃ (၁၀)

**မျက်နှာဖုံးခွင့်ပြုချက်**

၁၂၇၂ / ၂၀၀၃ (၁၁)

**ပုံနှိပ်သူ (အဖုံး+အတွင်း)**

စန္ဒာဝင်း ပုံနှိပ်တိုက်၊ ဦးမောင်မောင်လေး (မြ-၀၇၀၅၁)
၂၀၉၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင့်လွင် ၊ သော်ကစာပေ
၆၀၅၊ သုဓမ္မာလမ်း၊မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

မောင်သိန်းဝင်းနှင့် ပထမံအဖွဲ့

**အတွင်းစာမျက်နှာဖွဲ့စည်းမှုနှင့် စာစီ၊စာအုပ်ချုပ်**

စန္ဒာဝင်းအဖွဲ့

အုပ်ရေ .... ၅၀၀ အုပ်

တန်ဖိုး .... ၇၀၀ ကျပ်

# ရွှာရိုးကိုးပေါက်

## မာတိကာ

၁။ လူထုဒေါ်အမာရဲ့ စိန်ရတုသဘင်မြင်ကွင်းကျယ် ....... ၁
၂။ ရွှာရိုးကိုးပေါက်(၁) ........................ ၁၂
၃။ တောင်လေးလုံးမှကို ပညာနှင့်မော်စကိုမှ မစိန်တင်.... ၂၃
၄။ သာစုဒေါ်ရင် ပွဲသိမ်းသင့်ပါပြီ ................ ၃၃
၅။ မဲဇာမွေးနေ့မှ မုံရွာမွေးနေ့သို့ ................. ၄၀
၆။ ရွှာရိုးကိုးပေါက်(၂) ........................ ၄၉
၇။ နိုင်ငံရပ်ခြားတွင် ဂုဏ်ယူပြသမည့် ဗုဒ္ဓဝင်ပန်းချီကားများ .. ၅၈
၈။ ပန်းချီအောင်စိုးနှင့် လူထုဦးလှ အမှတ်တရ .......... ၆၇
၉။ စာပေလောကမှ အလျှုဒါန .................... ၈၁
၁၀။ တောင်ပိုင်းရှမ်းပြည်နယ်တစ်ခွင် ခရီးစဉ်........... ၉၁
၁၁။ ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု ဗီဒီယိုရုပ်ရှင်ကန်တော့ပွဲ၊ ပဲခူးအာစရိယပူဇော်ပွဲ ................... ၁၀၃
၁၂။ ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲ၊ ကွန်းစိတ္တ ပန်းချီပြပွဲ၊ ဘားအံစာပေဟောပြောပွဲ ................... ၁၁၃
၁၃။ အထက်အညာတစ်ခွင် လေ့လာရေးခရီးစဉ်နှင့် တောင်လေးလုံး ၁၂၁
၁၄။ ပန်းချီကျော်သောင်းမှ သောင်းကျော်သို့ ............ ၁၃၁
၁၅။ ဘဝနိဂုံး ................................ ၁၃၇
၁၆။ ရွှာရိုးကိုးပေါက်တစ်လအောက်ခဲ့ရခြင်း ............. ၁၄၀
၁၇။ ရွှာရိုးကိုးပေါက်ပြင်းမြောက်မြောက် ............. ၁၅၂
၁၈။ ကိုယ်ပေါင်ကိုယ်လှန်ထောင်းရင်း တောင်းပန်လိုက်ရခြင်း... ၁၆[illegible]
၁၉။ ရွှာရိုးကိုးပေါက်မရောက်နိုင်ခဲ့ခြင်း ............. ၁၈[illegible]

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀။ ရွာရိုးဆယ့်ရှစ်ပေါက် ............ ၁၉၃
၂၁။ စာရေးတဲ့သူနဲ့ သူရေးတဲ့စာ ............ ၂၀၆
၂၂။ 'တောင်း'ကို 'အောင်း'လို့ပြင်ပါ ............ ၂၁၇
၂၃။ မနုစာရိုမွှေးနေ့ ............ ၂၂၉
၂၄။ လှုပ်ရှားလာကြသော စာပေဟောပြောပွဲများ ............ ၂၄၁
၂၅။ ဆောင်းပါးရှင်ကို ကြင်နာပါ ............ ၂၅၃
၂၆။ ပေါင်းသင်းဆက်ဆံရေး သတ္တဝါ ............ ၂၆၆
၂၇။ ကျိုက်ထီးရိုးနှင့် ကျိန်းမာရေး ............ ၂၇၈
၂၈။ ရွှေဂုန်မှ ရွှေလီသို့ အလည်တစ်ခေါက် ............ ၂၈၈

BURMESE CLASSIC

## လူထုဒေါ်အမာရဲ့ စိန်ရတုသဘင် မြင်ကွင်းကျယ်

ပထမဆုံးထွက်လာတဲ့ မိုးဂျာနယ်မှာ ပထမဆုံးရေးလိုက်တဲ့ ကျွန်မတော့်ဆောင်းပါးနဲ့ပတ်သက်လို့ ပထမဆုံး ကျွန်တော် ရှင်းလင်းတင်ပြချင်တာကတော့ 'ရွာရိုးကိုးပေါက်'ဆိုတဲ့ ခေါင်းစီးနဲ့ ပတ်သက်လို့ပါပဲ. . .

တကယ်တော့ 'ရွာရိုးကိုးပေါက်'ဆိုတဲ့ စကားဟာ မူလ အညာစကား အညာသားများ ပြောနေကျ အသုံးအနှုန်း စကားလုံး တစ်ခုပါပဲ။ ဒါပေမယ့် ဒီနေ့ ဒီစကားကို မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့ အပြားမှာ သုံးနှုန်းပြောဆိုနေကြပါပြီ။ ဒီစကားလုံးရဲ့ အနက်အဓိပ္ပာယ်ကိုလည်း လူတိုင်း နားလည်နေကြပါပြီ၊ လူတိုင်းသိနေကြပါပြီ။

လူငယ်လူရွယ် သူငယ်ချင်းချင်း 'ဒီကောင် ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ အကောင်ပါကွာ'လို့ ပြောတတ်ကြသလို၊ အလယ်လွန်ပြီး အိမ်ပြန်နောက်ကျနေတဲ့ ယောကျ်ားကို မိန်းမလုပ်သူက. . . 'ရှင် တစ်နေကုန် တစ်နေခမ်း ရွာရိုးကိုးပေါက် လျှောက်လည်နေတာပေါ့လေ'လို့ ဆိုတတ်ပူတတ်ကြပြီး၊ အဖေဖြစ်သူက အသုံးမကျတဲ့သားကို. . . 'မင်းဟာ အိမ်အလုပ်တော့ ဘာမှမလုပ်ချင်ဘူး၊ ရွာရိုးကိုးပေါက် လျှောက်လည်နေချင်တာပဲ'လို့ ဆူပူကြိမ်း မောင်းလေ့ ရှိကြပါတယ်။

ဒါပေမဲ့ အဲဒီလို လူတိုင်းပါးစပ်ဖျားမှာ အသုံးများနေတဲ့ 'ရွာရိုးကိုးပေါက်'ဆိုတဲ့ စကားလုံးထဲက 'ရွာရိုး'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို လူတိုင်းလွယ်လွယ်နဲ့ သိနိုင်ကြပေမယ့် 'ကိုးပေါက်' ဆိုတဲ့ စကားရဲ့ အနက်



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ကတော့ အတော်ကလေးစဉ်းစားရကျပ်တယ်ခင်ဗျ။ ရွာကိုပတ်ပြီး ကာရံထားတဲ့ ခြံစည်းရိုးကို ရွာစည်းရိုး (တစ်နည်းပြောရရင်) ရွာရိုးလို့ ခေါ်ကြတယ်ဆိုတာ လူတိုင်း သိကြ နားလည်ကြပါတယ်။

ဒါပေမယ့် 'ကိုးပေါက်' ဆိုတဲ့ စကားအရ၊ အဲဒီရွာစည်းရိုး ဖြစ်တဲ့ ရွာရိုးမှာ ဘာကြောင့် အပေါက်က 'ကိုးပေါက်' ဖြစ်နေရတာလဲ၊ ဖြစ်ချင်း ဖြစ်ရင် နှစ်ပေါက်၊ ဒါမှမဟုတ် လေးပေါက်ပဲ ဖြစ်သင့်တာပေါ့၊ ရွာအရှေ့ ပေါက်နဲ့ အနောက်ပေါက်၊ ပြီးတော့ ရွာတောင်ပေါက်နဲ့ မြောက်ပေါက်ပဲ ရှိရမှာပေါ့၊ အခုတော့ ရွာရိုးမှာ အပေါက်ကိုးပေါက်ဖြစ်နေတာ သဘာဝ သိပ်မကျသလို စဉ်းစားလို့လည်း မရဘူးပေါ့ ခင်ဗျာ. . . ။

အဲဒီတော့ တစ်ခုပဲ စဉ်းစားလို့ရတာက တကယ်ရွာမှာ တံခါး ပေါက် ဘယ်နှစ်ပေါက်ပဲရှိရှိ၊ ဒီနေရာမှာတော့ စာနဲ့ပေနဲ့၊ စာသံ ပေသံ ကာရံလိုက်အောင် 'ရိုး'နဲ့ 'ကိုး'ကို ကာရံယူပြီး 'ရွာရိုးကိုးပေါက်'လို့ ဖြစ်သွား တဲ့ သဘောပဲလို့ ထင်ပါတယ်။ တကယ်လို့ သဘာဝကျအောင် ယုတ္တိရှိ အောင် 'ရွာရိုးနှစ်ပေါက်' 'ရွာရိုးလေး ပေါက်'ဆိုရင် ပြောရတဲ့လူမှာ အောင့် တောင့်တောင့်ဖြစ်သလို နားထောင်ရမှာ နားထဲမှာ အောင့်တောင့်တောင့် ဖြစ်နေမှာ သေချာပါတယ်၊ အဲဒီတော့ 'ရွာရိုးကိုးပေါက်' ဆိုတဲ့ စကားကို ဒီတိုင်းပဲ ထားလိုက်ကြတာပေါ့ဗျာ။

အဲဒီ 'ရွာရိုးကိုးပေါက်' ဆိုတဲ့စကားဟာ ဇောဇောက ကျွန်တော် ပြောခဲ့တဲ့ ဥပမာ ဥပမေရတွေအတိုင်း ကိုယ့်အိမ်မှာ ငြိမ်ငြိမ်မနေဘဲ တစ်နေကုန် တစ်နေခမ်း လျှောက်သွားနေတဲ့လူ၊ ဟိုနေရာရောက်-သည်နေ ရာရောက်၊ နေရာတကာ ရောက်တတ်တဲ့လူ. . . ၊ တစ်နေရာထဲမှာ ဘယ် တော့မှ ကြာကြာ ခြေရရမနေဘဲ၊ လတ်လျားလတ်လျားနဲ့ လျှောက်သွားနေတဲ့ လူ . . . အဲဒီသည်လို လူမျိုးကို 'ရွာရိုးကိုးပေါက် လျှောက်သွားတဲ့လူလို့' ပြောတတ်ကြပါတယ်. . . ။





အဲဒီလို တစ်နေရာထဲမှာ ငြိမ်ငြိမ်ဆိတ်ဆိတ် ကြာကြာနေရရ မနေဘဲ တစ်နေကုန် တစ်နေခမ်း 'ရွာရိုးကိုးပေါက်' လျှောက်သွား နေတဲ့လူကတော့ တစ်ခြားလူ ဟုတ်ပါရိုးလား . . . ကျွန်တော်ဆိုတဲ့ ကျွန်တော် လင်းယုန် မောင်မောင်ပေါ့ခင်ဗျာ။

တကယ်ပါ ကျွန်တော်ဆိုတဲ့ ကျွန်တော်ဟာ ဘယ်တော့မှ တစ် နေရာထဲမှာ ငြိမ်ငြိမ်ဆိမ်ဆိမ် မနေတတ်ပါဘူး၊ မနက်မိုးလင်းက ညနေ နေဝင်မိုးချုပ်အထိ ပန်းချီဆရာအိမ်တွေ၊ စာရေးဆရာအိမ်တွေ၊ ပုံနှိပ်တိုက် တွေ၊ စာပေတိုက်တွေ၊ မဂ္ဂဇင်းတိုက်တွေကို တစ်အိမ်မဟုတ် တစ်အိမ်၊ တစ်တိုက်မဟုတ် တစ်တိုက်ဆိုသလို 'ခြေတို'အောင် လျှောက်သွားလေ့ရှိပါ တယ်။ ရန်ကုန်မှာ အဲသလို ရွာရိုးကိုးပေါက် လျှောက်သွားတတ်သလို စာပေဟောပြောပွဲဆိုရင်လည်း မြန်မာနိုင်ငံ တစ်နံတစ်လျား အနှံ့အပြား သွားခဲ့တာ နှစ်ပေါင်း ၃၀ အတွင်း ပွဲပေါင်း ၃၀၀ ကျော်ခဲ့ပါပြီ။

မြန်မာပြည်မြောက်ဖျား အသွားအလာခက်တဲ့ ပင်လည်ဘူးမြို့ ကနေ မြန်မာနိုင်ငံမြေပုံထဲက တောင်ဘက်အစွန်ဆုံးမှာရှိတဲ့ ကော့သောင်း မြို့ ဝိတိုရိယအငူအထိရောက်ခဲ့တဲ့အပြင် 'ရှမ်းပြည်နယ်ကို တောင်ပိုင်း ရော မြောက်ပိုင်းရောကွယ် နှံ့ခဲ့တယ်'ဆိုတဲ့ ဒေါ်မေရှင်ရဲ့ သီချင်းထဲကလို ရွှေညောင်၊ တောင်ကြီး၊ အင်းလေးကန်နဲ့ လားရှိုး၊ မူဆယ်၊ နမ့်ခမ်းအထိ အရောက်လှမ်းခဲ့ဖူးပါတယ်။ မြစ်ဝကျွန်းပေါ် တစ်ဝှမ်းနဲ့ ရခိုင်တောင်တန်းကို ကျော်ပြီး ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ မင်းပြားအထိ ခရီးသွားခဲ့ဖူးပါတယ်။

အဲသလို ရန်ကုန်မှာနေရင်လည်း အိမ်မကပ်ဘဲ နေဝင် မိုးချုပ် အထိ ဟိုသွား ဒီသွား လှုပ်ရှားနေတတ်ပြီး အခြေအနေပေးတိုင်း အခွင့်သာ တိုင်း မြန်မာတစ်နိုင်ငံလုံးကို ကိုယ့်အိမ် ကိုယ့်ယာ မှတ်ပြီး အမြဲမပြတ် သွားတတ်လွန်းလို့ တစ်ခါတုန်းက ကျွန်တော့်ကို ဆရာပါရဂူက 'မျောက်'နဲ့ တောင် နှိုင်းပြီး ဂုဏ်ပြုခဲ့ဖူးပါတယ်။

www.burmeseclassic.com



၁၉၈၄ ခုနှစ်က ကျွန်တော် ဒုလ္လဘရဟန်းဘဝနဲ့ ဆရာ ပါရဂူဆီ စာရေးပြီး အမှာစာ အလှူခံခဲ့ပါတယ်။ ဒါနဲ့ ကျွန်တော့်ရဲ့ ဆောင်းပါးပေါင်းချုပ် 'စာပေရှစ်ပုံလွှာ' စာအုပ်မှာ ကျွန်တော် ဘုန်းကြီးဝတ်တာကို ဆရာပါက 'လင်းယုန်မောင်မောင်နှင့် ဘုန်းကြီး ဘဝကို ဆက်စပ်ကြည့်၍မရပေ။ ဘုန်းကြီးဘဝသည် ငြိမ်နေရသည်။ လင်းယုန်မောင်မောင်ကား အမြဲလှုပ်ရှားနေသည်၊ မျောက်ရှုံးလောက်အောင် ဆော့ကစားသည်၊ ကလေးတစ်ယောက်ကို ဆရာတော်တစ်ပါး၏ ကြွေသိက္ခာမျိုးနှင့် အနေခိုင်းလျှင် သဘာဝ ကျမည် မဟုတ်ပေ။ ထိုနည်းအတိုင်းပင် ဟိုစပ်စပ်သည်စပ်စပ် အမြဲလှုပ်ရှားနေသော လင်းယုန်မောင်မောင်တစ်ယောက် ကြွေသိက္ခာနှင့် ခြေငြိမ်ငြိမ်နေရသည့် ဘုန်းကြီးလောက... ရောက်နေသည်မှာလည်း အံဝင်ခွင်ကျ မရှိလှပေလို့ . . . ရေးသားဝေဖန် ဂုဏ်ပြုတာကို ခံခဲ့ရဖူးပါတယ်။

အဲသလောက်ထိအောင် ခြေထောက်မှာ ဗွေပေါက်ပြီး၊ ရန်ကုန်မှာရော မြန်မာတစ်နိုင်ငံလုံးကိုပါ ရှာရှိုးကိုးပေါက် လျှောက်သွားနေတတ်တဲ့ ကျွန်တော့်ကို 'မိုးကျာနယ်' အယ်ဒီတာအဖွဲ့က ပင်တိုင်ဆောင်းပါး အပတ်စဉ်ရေးဖို့ တာဝန်ပေးလာတဲ့အတွက် 'ရှာရှိုးကိုးပေါက်'ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးပေးဖို့ သဘောတူ တာဝန်ယူလိုက်ရပါတယ်။

ဒါကြောင့် ကျွန်တော် ရှာရှိုးကိုးပေါက် လျှောက်သွားရင်းနဲ့ ရောက်လေရာ ပေါက်လေရာ အရပ်တကာမှာ ကြုံသမျှ တွေ့သမျှကို 'မိုးကျာနယ်'ပရိသတ်အတွက် ပြန်လည် ဖောက်သည်ချဖို့ စီစဉ်ထားပါတယ်။

အဲဒီတော့ အခုပွဲဦးထွက် မိုးကျာနယ်မှာ ရှာရှိုးကိုးပေါက် လျှောက်သွားရင်းနဲ့ မကြာခင်က ကျွန်တော်ကိုယ်တိုင် တက်ရောက်ခဲ့ရတဲ့ လူထုဒေါ်အမာရဲ့ ၇၅ နှစ်မြောက် မွေးနေ့ပွဲအကြောင်းကို ပွဲဦးထွက် ဖောက်သည်ချချင်ပါတယ်။





အကယ်တော့ လူထုဒေါ်အမာရဲ့ မွေးနေ့အခမ်းအနား ကျင်းပတာ ဒီနှစ်မှ မဟုတ်ပါဘူး။ လူထုဒေါ်အမာ အသက် ၇၀ ပြည့်တဲ့ ၁၉၈၅ ခုနှစ်ကစပြီး ကျင်းပခဲ့တာ အခု ၇၅နှစ်ပြည့်တဲ့ ၁၉၉၁ ခုနှစ်အထိ ၆ကြိမ်၊ ၆ ခါ၊ ၆ နှစ်တိတိ ရှိပါပြီ။

အဲဒီလို ၁၉၈၆ ခုနှစ်ကစပြီး အခု ၁၉၉၁ အထိ ၆ ကြိမ် ၆ ခါ ကျင်းပလာခဲ့တဲ့ လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲတွေမှာ ကျွန်တော် တကူးတက အမှတ်တရ ကျွန်တော် တက်ရောက်ခဲ့တာ ၃ကြိမ်၊ ၃ ခါ ရှိပါပြီ၊ ပထမဆုံး ဒေါ်အမာ အသက် ၇၀ ပြည့်တဲ့ ၁၉၈၅ ခုနှစ်က တစ်ခါ၊ ၇၃ နှစ်ပြည့်တဲ့ ၁၉၈၇ ခုနှစ်က တစ်ခါ၊ ၇၅ နှစ်ပြည့်တဲ့ ၁၉၉၀ ပြည့်နှစ်မှာ တစ်ခါ၊ စုစုပေါင်း ၃ ကြိမ်၊ ၃ ခါ လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲကို မရောက်ရောက်အောင်သွားပြီး မဖြစ်ဖြစ်အောင် တက်ခဲ့ပါတယ်။

အခုလို လူထုဒေါ်အမာရဲ့ မွေးနေ့အခမ်းအနားတွေကို အခြေအနေပေးရင် ပေးသလို ရန်ကုန်က မန္တလေးအထိ အသွားအပြန် ငွေကုန်ကြေးကျခံ လူအပင်ပန်းခံပြီး တက်ရောက်ခဲ့တာနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ အခြေခံအကြောင်း နှစ်ချက်ရှိပါတယ်၊ ပထမအကြောင်းကတော့ လူထုဒေါ်အမာရဲ့ချစ်လှစွာသောခင်ပွန်းဖြစ်တဲ့ ကွယ်လွန်သူ လူထုဦးလှဟာ ကျွန်တော်နဲ့ လက်ပွန်းတတီး ခင်မင်ရင်းနှီးခဲ့ပြီး ကျွန်တော် အင်မတန်လေးစားတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ပါပဲ။

ဒါထက်ပိုပြီး အဓိကကျတဲ့အကြောင်းကတော့ လူထုဒေါ်အမာဟာ မြန်မာအမျိုးသမီးလောကနဲ့ စာပေလောကမှာ ရှာမှ ရှားလှတဲ့ သတင်းစာဆရာမကြီး စာရေးဆရာမကြီးဖြစ်ပြီး သူရေးသားပြုစုခဲ့တဲ့ စာအုပ်စာပေတွေဟာ အရေအတွက်များသလောက် အရည်အသွေးရှိ အရေးအသားရော အကြောင်းအရာပါ လက်ဖျားခါရလောက်အောင် ပြောင်မြောက်ပြေပြစ်သလို၊ လူပုဂ္ဂိုလ်အနေနဲ့လည်း ဒေါ်အမာရဲ့ စိတ်ဓေ



www.burmeseclassic.com

www.burmeseclassic.com



သဘောထား၊ အပြောအဆို၊ အနေ အထိုင် အပြုအမူတွေဟာ အင်မတန်မှ ခင်မင်စရာ နှစ်လိုစရာ ကောင်းလှလို့ပါပဲ။

ပြီးတော့ ဒီနှစ် ၁၉၉၀မှာ ကျင်းပတဲ့ အခမ်းအနားဟာ ခါတိုင်း နှစ်တွေထက် ထူးခြားပြီး ၇၅ နှစ်ပြည့်တဲ့ စိန်ရတုမွေးနေ့ အခမ်းအနား ဆိုတော့ မဖြစ်မနေတက်ဖြစ်အောင် ဆက်ဆက်တက်မယ်ဆိုတဲ့ ရည်မှန်း ချက်လည်းပါပါတယ်။

ဟုတ်လည်း ဟုတ်ပါတယ်၊ လူတစ်ယောက်ရဲ့ အသက်ကို ၂၅ နှစ်တစ်ကြိမ်ပိုင်းခြားပြီး ငွေရတု (၂၅)နှစ်၊ ရွှေရတု (နှစ်၅၀) စသဖြင့် အမှတ်တရ အမည်နာမ ဝေါဟာရတွေ သတ်မှတ်ထားတဲ့ အထဲက စိန်ရတုလို့ခေါ်ကြတဲ့ (၇၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားဟာ အင်မတန်မှ ကြုံတောင့်ကြုံခဲ ထူးကဲလှပါတယ်။ နှစ်ပေါင်း (၇၅)နှစ်ကြာမှ တစ်ကြိမ်သာ ကြုံရတဲ့ပွဲမျိုးမို့ လူထု ဒေါ်အမာရဲ့ စိန်ရတုပွဲကို နွှဲဖြစ်အောင် နွှဲခဲ့တာပါပဲ။

ကျွန်တော်သာ မဟုတ်ပါဘူး၊ ရန်ကုန်မှာ ရှိနေကြတဲ့ လူငယ် လူရွယ် လူလတ်လူကြီးပိုင်းရောက်နေကြတဲ့ စာရေးဆရာ အတော်များများ ဟာ မန္တလေးက လူထုဒေါ်အမာရဲ့ ၇၅နှစ်မြောက် စိန်ရတုမွေးနေ့ပွဲကို တက်ရောက် ဆင်နွှဲချင်ကြပါတယ်။ ဒါပေမဲ့ အချိန်အခါနဲ့ အခြေအနေ အရ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ခဲ့ကြပါဘူး၊ ဒီကြား ထဲက ဇွဲနဘဲနဲ့ အားခဲပြီး ဒီပွဲကို ရန်ကုန်က တကူးတက တက်ရောက်လာ ကြတဲ့ စာပေသမား၊ အနုပညာသမားတွေကို မွေးနေ့အခမ်းအနား ကျင်းပတဲ့ ၂၉-၁၁-၉၀ ရက်နေ့ မနက်က တောင်လေးလုံးဆရာတော် ကိုပညာ (အမရပူရ)ရဲ့ ကျောင်းတိုက်မှာ အတော်များများကလေး တွေ့ လိုက်ရလို့ တအံ့တဩတောင် ဖြစ်မိပါတယ်။

အဲဒီ ပုဂ္ဂိုလ်တွေကတော့ စာရေးဆရာ ဒါရိုက်တာ ဆရာကြီး





ဦးသုခတို့အဖွဲ့က လေးယောက်၊ ကဗျာဆရာ မောင်ခိုင်မာနဲ့ စာရေးဆရာ နေဝင်းမြင့်တို့ အပါအဝင် အင်းစိန်က စာပေသမားအုပ်စုက ခြောက် ယောက်၊ ခင်ဆွေဦး ခေါင်းဆောင်တဲ့ စံပယ်ဖြူအဖွဲ့က အမျိုးသမီး သုံး ယောက်၊ ကာတွန်းမြေဇာရဲ့ မိသားစုက လေးယောက်၊ ပြီးတော့ တစ်ဦးချင်း တစ်ယောက်ချင်း လာကြတဲ့ ကျွန်တော်ပါ ပေါင်းလိုက်တော့ အားလုံး စုစုပေါင်း ရန်ကုန်က လူ ၂၀ လောက် ရောက်လာကြတာ တွေ့ရပါတယ်။

အဲဒီလို ရန်ကုန်နဲ့ အင်းစိန်ကအပြင် မော်လမြိုင်၊ မိတ္ထီလာ၊ မြင်းခြံ၊ တံတားဦး၊ ကျောက်ဆည်၊ စစ်ကိုင်းစတဲ့ မြို့တွေက လူထု ဒေါ်အမာ ကို ကြည်ညိုလေးစားသူများနဲ့ ခင်မင်ရင်းနှီးသူများပါ ပရိသတ် ၂၀၀ ကျော်လောက် ရောက်လာကြတာမို့ တပျော်တပါးနဲ့ အားရ ဝမ်းသာစရာ ကြီးပါပဲ။

အနယ်နယ် အရပ်ရပ်က ပရိသတ်စုံလင်များပြားသလို မွေးနေ့ အခမ်းအနား အစီအစဉ်တွေကလည်း တစ်နေကုန်လောက်အောင် များပြားစုံလင်လှပါတယ်။ ရှေးဦးစွာ ဆရာစိုးနိုင်ရဲ့ ထူးမခြားနား သီချင်း ခန့်ကြီးနဲ့ အခမ်းအနားကိုဖွင့်ပြီး ဆရာတော် ကိုပညာ(အမရပူရ)က အမှာ စကား မိန့်ကြားပါတယ်။ အဲဒီနောက် အမျိုးသား စာပေဆုရ စာရေးဆရာမ ဘင်မမခိုင်က မွေးနေ့ မင်္ဂလာ ဩဘာစာကို ဖတ်ကြားပြီး မွေးနေ့ရှင် လူထုဒေါ်အမာ အကြောင်း တစေ့တစောင်းတင်ပြသွားကြတဲ့ ဟောပြော ချက်တွေ၊ စာတမ်းတွေ၊ ကဗျာတွေ၊ ပုံတူပန်းချီကားတွေ၊ တေးသီချင်း ဂီတတွေနဲ့ ရှုဒေါင့်အသီးသီးက ရေးသားရွတ်ဆိုပေးအပ် ပူဇော်ကြတဲ့ အစီ အစဉ်တွေနဲ့ စိုစိုပြည်ပြည် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှပါတယ်။

အဲဒီမှာ ဒေါ်အမာအကြောင်း တစေ့တစောင်း တင်ပြ ဟောပြော သွားကြသူတွေကတော့ ဆရာကြီးဦးသုခ၊ ကျွန်တော်၊ ခင်ဆွေဦး၊ မြေဇာ တို့အလှကာနဲ့ လူထုကိုသစ်လွင်တို့ပါပဲ။ စာတမ်း ဖတ်ကြားသူတွေကတော

www.burmeseclassic.com



[illegible] ရွှေဘိုမိမိကြီးတို့ဖြစ်ပြီး မောင်နွေထက်၊ စိုးမြင့်လတ်၊ ကိုငြိမ်း([illegible])နဲ့ ခေါင်နိုင်မွန် (ပလိပ်)တို့က ကဗျာတွေ ရွတ်ဆိုသွားခဲ့ကြပါ[illegible]။

အဲဒီလို အစီအစဉ်တွေနဲ့ စုံလင်စိုပြည်လှတဲ့ အခမ်းအနားကို ဦးဦး ဝုဏ်မြောက်အောင် ဖြစ်ခဲ့ရတာကတော့ ဆရာကြီး ဒဂုန်တာရာ၊ ဆရာမကြီး ဒေါ်နုယဉ်နဲ့ ဆရာသော်တာဆွေတို့က ရန်ကုန်ကနေပြီး မွေးနေ့သဝဏ်လွှာ၊ မွေးနေ့ကဗျာနဲ့ မွေးနေ့အမှာစာတွေကို ကြေးနန်းနဲ့ ပို့လိုက်ကြတဲ့အတွက်ပါပဲ။

အဲဒီအခမ်းအနားမှာ ဆရာကြီးဦးသုခကလည်း 'အသက်ရှည်ပါစေ၊ ဘုန်းကြီးပါစေ၊ အန္တရာယ်ကင်းပါစေ'ဆိုတဲ့ မြန်မာ့ရိုးရာ ဆုပေးတဲ့ အစဉ်အလာနဲ့ပတ်သက်ပြီး အနက်အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြသွားတာဟာ အင်မတန်မှ မှတ်သားစရာ ကောင်းလှပါတယ်။

ကျွန်တော်ကလည်း လူတိုင်းလူတိုင်းအတွက် 'သေတစ်နေ့၊ မွေးတစ်နေ့'ရယ်လို့ ဆိုရိုးစကားရှိရာမှာ မွေးတဲ့နေ့မှ သေတဲ့နေ့ မတိုင်ခင် နေ့ပေါင်းများစွာ၊ ရက်ပေါင်းများစွာ လူ့ဘဝမှာ နေခဲ့ထိုင်ခဲ့ရတဲ့ နေ့တွေရက်တွေအတွင်း အဲဒီလူဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် အများပြည်သူတွေအတွက် ဘာတွေလုပ်ခဲ့တယ်၊ ဘာတွေ ဆောင်ရွက်ခဲ့တယ်ဆိုတာကို အကြောင်းပြုပြီး သူ့မွေးနေ့နဲ့ သူ ကွယ်လွန်တဲ့နေ့တွေဟာ နေ့ထူးနေ့မြတ် အမှတ်တရဖြစ်ရတဲ့ အကြောင်း ကျွန်တော် တွေးခေါ်မြော်မြင်မိသလောက် အကိုချုံးပြီး ပြောခဲ့ပါတယ်။ နိဂုံးချုပ်အနေနဲ့ အခုကျင်းပတဲ့ လူထုဒေါ်အမာရဲ့ ၇၅နှစ်မြောက် စိန်ရတုမွေးနေ့အခမ်းအနားကို ကျော်လွန်ပြီး ပလက်တီနမ်ရတုလို့ခေါ်တဲ့ နှစ် ၁၀၀ပြည့် မွေးနေ့အခမ်းအနားကို အခုလို အားလုံး စုံစုံညီညီ တက်ရောက်ကြဖို့ တိုက်တွန်းနှိုးဆော်ခဲ့သလို ကျွန်တော်ကိုယ်တိုင်လည်း ဒေါ်အမာရဲ့ နှစ် ၁၀၀ပြည့် မွေးနေ့ပွဲကို မုချ ဆက်ဆက်





တက်ရောက် ဆင်နွှဲပါမယ်လို့ ကတိပေးခဲ့ပါတယ်။

အမှန်ပါပဲ။ ဒေါ်အမာဟာ ဒီနေ့ ၇၅နှစ်အထိ နုပျိုစိုပြည်ပြီး ကိုယ်ရောစိတ်ပါ ရွှင်လန်းချမ်းမြေ့နေတာကို တွေ့ရတဲ့အတွက် အသက် ၁၀၀ အထိ မနေရဘူးလို့ ဘယ်သူမှ မပြောနိုင်သလို ကျွန်တော်ကိုယ်တိုင်လည်း ဒေါ်အမာ အသက် ၁၀၀ ပြည့်တဲ့အချိန်မှာ အသက် ၉၀လောက်ပဲ ရှိဦးမှာမို့ ဒေါ်အမာရဲ့ ရာပြည့်ပွဲကို မုချ နွှဲနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်. . . ။

အသက်အကြောင်းကို ပြောရင်း ဘာလိုလိုနဲ့ ကျွန်တော်လည်း ၆၀ ကျော်ပြီး သက်ကြီးရွယ်ကြီးပိုင်းကို ရောက်မှန်းမသိ ရောက်လာခဲ့ပါပြီ။ ဒါကြောင့်မို့လည်း လူငယ်၊ လူရွယ်၊ လူလတ်ပိုင်း စာရေးဆရာတွေရဲ့ ဝိုင်းမှာ ကျွန်တော့်ကို သက်ကြီးရွယ်ကြီး လူကြီး တစ်ယောက်လို လေးလေးစားစားနဲ့ အရာရာမှာ ဦးစားပေးကြတာ တွေ့ရပါတယ်။ အဲဒီနေ့က လူထုဒေါ်အမာရဲ့ ၇၅နှစ် မွေးနေ့ အခမ်းအနားမှာလည်း ပရိသတ်ရဲ့ ခေါင်းရင်းမှာ ဆရာကြီးဦးသုခနဲ့အတူ ထိုင်ခဲ့ရပါတယ်။

ရန်ကုန်မှာ နေ့စဉ်နဲ့အမျှ သွားလာလှုပ်ရှား၊ ရှုန်းကန် ပြေးလွှားနေရလို့ လူချင်းမတွေ့ရတာ မတွေ့နိုင်တာကြာပြီဖြစ်တဲ့ ဆရာဦးသုခနဲ့ အမရပူရ တောင်လေးလုံးမှာ မမျှော်လင့်ဘဲ နေ့ဝက် နီးပါးလောက် အတူထိုင်ပြီး ရောက်တတ်ရာရာ သောင်းပြောင်းထွေလာ စကားစမြည် ပြောခဲ့ရတာဟာ ကျွန်တော့်အတွက် ရောမ လာဘ်ကြီးတစ်ပါးလို့ပဲ ဆိုရပါမယ်။

ကျွန်တော်နဲ့ ဆရာသုခဟာ အဲဒီအခမ်းအနားမှာ နှစ်ယောက်သား နီးနီးကပ်ကပ် အတူထိုင်ရင်းနဲ့ ပောကြပြောကြတာတွေ၊ စာတမ်းဖတ်ကြတာတွေ၊ ကဗျာရွတ်ကြတာတွေ၊ တီးမှုတ်သီဆိုကြတာတွေကို နား ထောင်ပြီး တီးတိုးတီးတိုး သဖန်းပိုးလုပ်ခဲ့ကြပါတယ်။ အဲဒီမှာ တချို့ ဆရာတွေ တော်တော်များများဟာ လူထုဒေါ်အမာကို ဂုဏ်ပြုစပ်ဆို သီကုံး



www.burmeseclassic.com

www.burmeseclassic.com



ထားကြတဲ့ ကဗျာတွေ ရွတ်ကြတဲ့အခါ 'အမေ. . . အမေ'ဆိုပြီး သံကုန်ဟစ်ပြီး ရွတ်ဆိုခဲ့ကြပါတယ်၊ အဲဒီလို ဇောနဲ့မောနဲ့ သံကုန်ဟစ်ပြီး ကဗျာတွေရွတ်နေတာကို နားထောင်ရင်း ဆရာသုခက ကျွန်တော့်နားကိုကပ်ပြီး 'ကဗျာဆရာဆိုတာ ဒီလိုပဲ ဒေါသကြီးရသလားဗျာ'လို့ ပြုံးစိစိနဲ့ မေးပါတယ်၊ ကျွန်တော်ကလည်း 'ပစ္စည်းမဲ့ဒေါသဆိုတာ ဒါမျိုးကို ခေါ်ထင်ပါရဲ့ ဆရာရယ်'လို့ အလိုက်သင့် ပြန်ဖြေလိုက်ရပါတယ်။

အဲဒီအခမ်းအနားကို တက်ရောက်လာကြတဲ့အထဲက အသက်ရော ဝါရော ဂုဏ်ရော အကြီးဆုံးဖြစ်တဲ့ ဆရာကြီးဦးသုခကို ပရိသတ်အားလုံးက လေးစားသမှု ပြုခဲ့ကြပေမယ့် ဆရာကြီး ဦးသုခထက်ပိုပြီး ပရိသတ်ရဲ့ စိတ်ဝင်စားမှုခံရတဲ့ ပုဂ္ဂိုလ်နှစ်ယောက် တွေ့ခဲ့ရပါတယ်။ အဲဒီနှစ်ယောက်ကတော့ ဆရာကြီးဦးသုခ ခေါ်လာတဲ့ 'ဘုန်းကြီးလူထွက် နှစ်ယောက်ပါပဲ၊ ဆရာသုခရဲ့ အဖွဲ့က လေးယောက်ပါတဲ့အနက်မှာ တစ်ယောက်က ရုပ်ပြပန်းချီဆရာရာမဖြစ်ပြီး၊ ကျန်နှစ်ယောက်ကတော့ အဲဒီဘုန်းကြီးလူထွက် နှစ်ယောက်ပါပဲ၊ ဘုန်းကြီးလူထွက်တွေဆိုလို့ နှယ်နှယ်ရရ မထင်လိုက်ကြပါနဲ့၊ ပူပူနွေးနွေး မကြာသေးခင်က မြန်မာ့ရုပ်မြင်သံကြားမှာ ပြသွားတဲ့ ဆရာသုခရဲ့ 'ရဟန်းစားရသော ဆွမ်းတစ်နပ်' တီဗီရုပ်ရှင်ကားထဲမှာ ရဟန်းဝတ်နဲ့ သဘာကျကျ သရုပ်ဆောင်ခဲ့ကြတဲ့ မောင်အောင်မြင့် (ခေါ်) မြတ်သစ် (ရှုမဝမိတင်အေးရဲ့သား)နဲ့ မောင်နေမျိုးဆိုတဲ့ လူငယ်နှစ်ယောက်ပါပဲ။

ဆရာသုခရဲ့ ပြောပြချက်အရ အဲဒီ မောင်အောင်မြင့်နဲ့ မောင်နေမျိုးတို့ကို 'ရဟန်းစားရသော ဆွမ်းတစ်နပ်'တီဗွီဇာတ်လမ်းမှာ ဘုန်းကြီးဝတ်နဲ့ သရုပ်ဆောင်နိုင်ဖို့အတွက် သုံးလတိတိ သင်္ကန်းစည်းခိုင်းပြီး 'ထရိန်နင်'ပေးခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့်မို့လည်း သူတို့နှစ်ယောက်စလုံး ကတုံးတုံးပြီး ဘုန်းကြီး





အဖြစ်နဲ့ ပါဝင်သရုပ်ဆောင်ခဲ့ကြတာဟာ အင်မတန် ယုတ္တိရှိပြီး သဘာဝကျခဲ့ပါတယ်။ အခု သူတို့နှစ်ယောက်ဟာ ဆရာကြီး ဦးသုခက ခေါ်လာလို့ လူထုဒေါ်အမာရဲ့ မွေးနေ့အခမ်းအနားကို ဘုန်းကြီး လူထွက်တွေအဖြစ်နဲ့ လိုက်ပါလာကြတော့ ပရိသတ်အားလုံးက ကတုံးဆတောက်ကလေးတွေနဲ့ သူတို့နှစ်ယောက်ကို စိတ်ဝင်တစားနဲ့ ကွက်ကြည့်ကွက်ကြည့် ဖြစ်နေခဲ့ကြပါတယ်။

စောစောက ကျွန်တော်ပြောခဲ့သလို အဲဒီ အခမ်းအနားမှာ အစီအစဉ်တွေကများလည်းများ၊ စုံလည်းစုံလှတော့ ကာယကံရှင်ဖြစ်တဲ့ လူထုဒေါ်အမာဟာ ညနေ ၃ နာရီကျော်မှ ကျေးဇူးတင် စကားပြောရပြီး နိဂုံးချုပ်အဆုံးသတ်ခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီ ဒေါ်အမာရဲ့ နိဂုံးချုပ် ကျေးဇူးတင်စကားထဲမှာ 'အသက်ကြီးလာလေ လုပ်စရာတွေ၊ လုပ်ချင်တာတွေ အများကြီးရှိလာလေ ဖြစ်နေ ပါတယ်။ အထူးသဖြင့် အသက် ၈၀ ကျော်တဲ့အထိ 'ရဟန်းစားရသော ဆွမ်းတစ်နပ်'လို ဇာတ်ကားမျိုးကို ရိုက်ကူးနိုင်တဲ့ ဆရာသုခကို အားကျပြီး အဲဒီလို အနုပညာပစ္စည်းမျိုးကို ထုတ်လုပ်နိုင်ချင်စမ်းပါဘိလို့ ကျွန်မကိုယ်ကျွန်မ တောင့်တမိပါတယ်'ဆိုတဲ့ ဒေါ်အမာရဲ့ စကားကို ခုထက်ထိ ကျွန်တော် ကြားယောင်နေမိပါတယ်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

## ရွာရိုးကိုးပေါက်-၁

ကျွန်တော်တို့ ငယ်ငယ်တ ကြားဖူးခဲ့တဲ့ 'သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်'ဆိုတဲ့ 'သုတ်သုံးကျမ်း'ဟာ ဒီနေ့ မျက်မှောက်ခေတ်မှာ 'သုတ်သုံးကျမ်း'တောင်မကတော့ဘူး၊ နေရာတကာမှာ သုတ်သုတ်သုတ်သုတ်နဲ့ လုပ်ကိုင်နေကြတော့ 'သုတ်ဆယ်ကျမ်း'လောက်တောင် ရှိနေပြီထင်ပါတယ်။ အထူးသဖြင့် အဲသလို ကသုတ်ကရုတ်နဲ့ သုတ်သုတ်သုတ်သုတ်လုပ်တဲ့အကျင့်ဟာ မဂ္ဂဇင်းလောကမှာ ပိုပြီးတွေ့ရပါတယ်။

ဘယ့်နှယ်ဗျာ. . .၊ တချို့မဂ္ဂဇင်းတွေများ လစဉ်ထုတ် မဂ္ဂဇင်းလို့သာဆိုတယ်၊ လမကုန်ခင် ၂၀ ရက်လောက် (တချို့များ လတစ်ဝက် ၁၅ ရက်လောက်)တတည်းက နယ်တွေပို့၊ ရန်ကုန်မှာ ဖြန့်နေလိုက်ကြတာ လစဉ်ထုတ် မဟုတ်တော့ဘဲ တစ်လနှစ်ကြိမ်များ ထုတ်နေသလားလို့တောင် အောက်မေ့ရတယ်။ စားသုတ်သုတ် သွားသုတ်သုတ်၊ လာသုတ်သုတ်ဆိုတဲ့ 'သုတ်သုံးကျမ်း'မှာ နောက်ထပ် 'ရိုက်သုတ်သုတ်၊ ထုတ်သုတ်သုတ်'ဆိုတဲ့ သုတ်နှစ်ကျမ်းတိုးပြီး မဂ္ဂဇင်းတွေ သူ့ထက်ငါ အလျင်ထွက်နိုင်အောင်၊ စောထွက်နိုင်အောင် အပြေးအလွှား ရိုက်နေကြတာ၊ ထုတ်နေလိုက်ကြတာ မီတာ ၁၀၀ ပြေးပွဲမှာ စံချိန်သစ် တင်နေကြတဲ့ တာတိုအပြေးသမားတွေ ကျနေတာပါပဲဗျာ. . .။

အဲသလို အယ်ဒီတာတွေနဲ့ ထုတ်ဝေသူတွေက သူတို့ မဂ္ဂဇင်းတွေ ခပ်စောစောထွက်နိုင်အောင် ခပ်လောလောလုပ်ပြီး 'ရိုက်သုတ်သုတ်၊ ထုတ်သုတ်သုတ်' အပြေးအလွှား ကြိုးစားနေကြတဲ့အထဲမှာ စာရေးဖို့ အပျင်းထူပြီး လတ်နှေးလွန်းလို့ 'ရေးသုတ်သုတ်' မလုပ်နိုင်တဲ့ ကျွန်တော် လင်းယုန်မောင်မောင်အတွက် စိတ်ညစ်တဲ့ အထဲမှာ အဲဒါပါတယ်ဗျ။





ကြည့်ပါဦးဗျာ. . .၊ မိုးဂျာနယ် အမှတ်(၁)ကို အချိန်မီ ထွက်ဖို့ မိုးထဲရေထဲ သဲသဲမဲမဲ ခပ်သုတ်သုတ် လုပ်နေကြတဲ့အချိန်မှာ ရဲဘော်ကြီး သခင်အောင်ဖေရဲ့ အမိန့်အရ မိုးဂျာနယ်မှာ လစဉ် ပင်တိုင်ရေးပါ့မယ်ဆိုတဲ့ ဝန်ခံကတိနဲ့ 'ရွာရိုးကိုးပေါက်'ကို ပွဲဦးထွက်ရေးပေးပြီး အထက်အညာကို ခရီးထွက်သွားပါတယ်။ ပြန်လာတော့ မိုးဂျာနယ်ဟာ အမှတ်(၁)ထွက်ပြီးရုံတင်မကတော့ဘူး၊ အမှတ်(၂)ပါ ရိုက်ပြီးသားဖြစ်နေတာ တွေ့လိုက်ရပါတယ်။

အဲဒီလို ကျွန်တော် ခရီးသွားနေတုန်း မိုးဂျာနယ်အမှတ် (၁) ထွက်ပြီးလို့ အမှတ်(၂)ပါ ရိုက်ပြီးသားဖြစ်နေတာဟာ ဆန်းတော့ မဆန်းပါဘူး၊ ဘာကြောင့်လဲဆိုတော့ နောက်မှ ကျွန်တော် သေသေချာချာ တိတိကျကျ ပြန်တွက်ကြည့်လိုက်တော့ ကျွန်တော်ခရီးသွားနေတဲ့ရက်ကလည်း နည်းနည်းနောနောမှ မဟုတ်တာ၊ ဇန်နဝါရီ လကုန်ရက်က ထွက်သွားလိုက်တာ ဖေဖော်ဝါရီ တစ်လလုံးလုံး ရန်ကုန်မှာမရှိဘဲ မတ်လဆန်းမှ ပြန်ရောက်တာဆိုတော့ တနင်္ဂနွေ ၅ ပတ်တိတိ။ ရက်အားဖြင့် ၃၇ ရက်ကြီးများတောင် ကြာသွားခဲ့တာကိုးခင်ဗျ။ ဒါကြောင့်မို့ အဲဒီလို ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့အတွက် မိုးဂျာနယ်အမှတ်(၂)မှာ 'ရွာရိုးကိုးပေါက်' ဆောင်းပါး ကို မရေးနိုင်ဘဲ ဖြစ်သွားခဲ့ရပါတယ်။ အဲဒီအတွက် မိုးဂျာနယ် ပရိသတ်နဲ့ မိုးဂျာနယ်အယ်ဒီတာမင်းများကို အနူးအညွတ် တောင်းပန်ပါတယ်။

တကယ်တော့ ကျွန်တော်ဟာ ခြေထောက်မှာ ဗွေပေါက်ပြီး အခုလို တစ်လကျော်ကျော်လောက် ရွာရိုးကိုးပေါက် လျှောက်သွားနေတာဟာ အဓိပ္ပာယ်မရှိ၊ အကြောင်းမရှိ အကြောင်းရှာပြီး၊ ခြေဦးတည့်ရာသွားနေတာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ အထက် အညာ မုံရွာဘက်ကို အေးအေးဆေးဆေးသွားပြီး အနားယူရင်း စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ် သွားရေးနေခဲ့တာပါ။ စုစုပေါင်း အသွားအပြန် တနင်္ဂနွေ ၅ပတ် တိတိကြာခဲ့တဲ့ ဒီခရီးမှာ တနင်္ဂနွေ ၄ ပတ် (ရက်ပေါင်း ၂၈ ရက်တိတိ) နေ့ရော ညပါ ကုန်းကျုံးပြီးရေးခဲ့တာမို့ ဖောင် ၃၀ နီးပါးရှိတဲ့ စာအုပ်တစ်အုပ် ရေးပြီးခဲ့ပါတယ်။

ကျွန်တော် အခုရေးပြီးခဲ့တဲ့ စာအုပ်ဟာ တခြားမဟုတ်ပါဘူး။ ဆိုဗီယက် ခေါင်းဆောင်ကြီး ဂေါ်ဘာချော့ရဲ့ အတ္ထုပ္ပတ္တိပါပဲ။ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ် (၁၉၆၅-၇၀)လောက်က 'ဟစ်တလာ၊ တပ်စထရို၊ ချေဂွေဗားရား၊ ဟိုချီမင်း' စတဲ့ နိုင်ငံတကာ ခေါင်းဆောင်ကြီးများရဲ့ အတ္ထုပ္ပတ္တိတွေရေးခဲ့ဖူးတဲ့ ကျွန်တော် လင်းယုန်မောင်မောင်ရဲ့ ငယ်မူပြန် လက်ရာအနေနဲ့ ကြိုးစားပြီး ရေးလိုက်တာပါပဲ။ ဟိုတုန်းက ကျွန်တော်ရေးခဲ့တဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေအတိုင်း မူရင်းစာအုပ်တစ်အုပ်ကို တိုက်ရိုက်ဘာသာပြန်ထားတဲ့ (TRANSLATON) မဟုတ်ဘဲ၊ အကိုးအကား အထောက်အထားစာအုပ် စာတမ်းတွေ အမြောက်အများကိုဖတ်ပြီး အချက်အလက် အကြောင်းအရာတွေ စုပေါင်းရေးသား ပြုစုထားတဲ့ (Compilation) စာအုပ်တစ်အုပ်မို့ ပုံနှိပ်ပြီးစီးသွားတဲ့အခါ လင်းယုန်မောင်မောင်ရဲ့ စာဖတ်ပရိသတ်အတွက် အားရ ကျေနပ်စရာ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မှန်တဲ့အတိုင်းပြောရရင် မူလက ကျွန်တော့်စိတ်ထဲမှာ 'ဂေါ်ဘာချော့'အတ္ထုပ္ပတ္တိကိုရေးဖို့ အတော်ဝန်လေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၆လ လောက်ကတည်းက ရေးဖို့ စိတ်ကူးခဲ့ပေမယ့်၊ ဒါလောက်ကြီးကျယ်ပြီး နိုင်ငံတကာက မျှော်ကြည့်နေရတဲ့ ဆိုဗီယက်ခေါင်းဆောင်ကြီး တစ်ယောက်ရဲ့ အတ္ထုပ္ပတ္တိကို ပီပီပြင်ပြင် ပြည့်ပြည့်စုံစုံ ရေးမှရေးနိုင်ပါ့မလား။ အထူးသဖြင့် မြန်မာနိုင်ငံက ကျွန်တော့်လို အနုပ်စုတ်ကုပ်စုတ် အတ္ထုပ္ပတ္တိ စာရေးဆရာတစ်ယောက်အနေနဲ့ တစ်ကမ္ဘာလုံးက စိတ်ပါဝင်စားပြီး ရင်သပ်





ရှုမော အံ့ဩလောက်တဲ့ ရောမနိုင်ငံတကာ ခေါင်းဆောင်ကြီး ဂေါ်ဘာချော့ အကြောင်းကို ရေးရာမှာ (ခပ်ရိုင်းရိုင်း ပုံနှိုင်းရရင်) 'ဆင်ခေါင်း ခွေးမချီနိုင်' သလိုများ ဖြစ်နေလေမလားလို့ စိုးရွံ့မိပါတယ်။

ဒါပေမယ့် တကယ် ရေးတော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီး တကယ် ရေးချလိုက်တော့လည်း ကျွန်တော့်ကိုယ် ကျွန်တော်တောင် အံ့ဩယူရလောက်အောင် ရေးလို့ကောင်းလိုက်ပုံများတော့ 'ဘာကောင်းသလဲ မမေးနဲ့' ဆိုတာလို ရှောခနဲ ဟောတစ်ရွက်၊ ဟောတစ်ရွက်၊ စက်နဲ့လှည့်ပြီး ရိုက်ထုတ်လိုက်တဲ့ အတိုင်းပါပဲ။ ၂၈ ရက်လုံးလုံး မနက်ရော၊ နေ့လယ်ရော၊ ညရော၊ တကုန်းကုန်းနဲ့ ရေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း စာမျက်နှာ ၄၀၀ ကျော် ၅၀၀ နီးပါးရှိတဲ့ စာအုပ်တစ်အုပ်ကို တစ်လလောက်နဲ့ ပြီးအောင် ရေးနိုင်ခဲ့တာပေါ့ခင်ဗျာ. . .။

ပြီးတော့ တခြားဘာသာပြန် ဆရာတွေအတွက် ခက်ကောင်းခက်စရာရှိပေမယ့်၊ ကျွန်တော့်အတွက် အခုလို မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူ ရေးနိုင်ခဲ့တာဟာ တခြားကြောင့်မဟုတ်ပါဘူး။ မူရင်းစာအုပ် တစ်အုပ်တည်းက တိုက်ရိုက်ဘာသာပြန်ရ တာမဟုတ်ဘဲ၊ စာအုပ်စာတမ်း စာနယ်ဇင်းတွေ အမြောက်အများထဲက အထောက်အထား အကိုးအကား အချက်အလက်တွေယူပြီး ကျွန်တော့်အာဘော်၊ ကျွန်တော့်ရေးဟန်နဲ့ မြန်မာဆန်ဆန် ကျွန်တော်ကြိုက်သလို ရေးခဲ့ရတဲ့အတွက်ပါပဲ။ စာဖတ်သူတွေနဲ့ စာရေးဆရာတချို့က 'ဒါဟာ လင်းယုန်မောင်မောင်ရဲ့ ရေးနည်းရေးဟန်ပဲ'လို့တောင် သတ်မှတ်ထားကြပါတယ်။

ဟုတ်လည်း ဟုတ်ပါတယ်။ ကျွန်တော် ရေးသားပြုစုခဲ့တဲ့ ဂေါ်ဘာချော့ အတ္ထုပ္ပတ္တိဟာ 'နိုင်ငံခြား(အင်္ဂလိပ်)ဘာသာနဲ့ ရေးထားတဲ့ 'ဂေါ်ဘာချော့အတ္ထုပ္ပတ္တိ'စာအုပ်ရယ်လို့ အင်္ဂလိပ်ဘာသာနဲ့ ရေးထားတဲ့စာအုပ် မတွေ့ဖူးသေးပါဘူး။ အဲ. . . ဆိုဗီယက်သံရုံးကထုတ်တဲ့ ဂေါ်ဘာချော့

www.burmeseclassic.com



အတ္ထုပ္ပတ္တိအကျဉ်းချုပ် စာအုပ်ပါးပါးကလေးတစ်အုပ်တော့ ရှိပါတယ်။ ဒါပေမယ့် ဒါကလည်း ထုံးစံအတိုင်း ဆိုဗီယက်အစိုးရက သံခင်းတမန်ခင်း အရ တရားဝင်ကြေညာချက် သဘောမျိုး ထုတ်ပြန်တာဆိုတော့ စာမျက် နှာ လေးငါးခြောက်မျက်နှာလောက်နဲ့ အရာမရောက်လှပါဘူး။

ဒါကြောင့် ကျွန်တော်ဟာ ဂေါ်ဘာချော့ အတ္ထုပ္ပတ္တိကို ရေးရာမှာ စာနယ်ဇင်းတွေ အတော်များများကို ရှာဖွေစုဆောင်းပြီး အဲဒီထဲက အချက် အလက် အထောက်အထားတွေကို စုံနိုင်သမျှ စုံအောင် ထုတ်နှုတ်လို့ ထားခဲ့ရပါတယ်။ အဲဒီ စာနယ်ဇင်းတွေထဲမှာ ကျွန်တော် အများဆုံး ဖတ်ရှု အားထားခဲ့ရတဲ့ စာနယ်ဇင်းတွေကတော့ ကမ္ဘာကျော် တိုင်းမဂ္ဂဇင်းနဲ့ နယူးစ်ဝိစ်မဂ္ဂဇင်းတွေပါပဲ။

ဒါတောင် ရန်ကုန်မှာရှိနေသမျှ ဒီစာအုပ်ကို လုံးဝရေးဖြစ်မှာ မဟုတ်ဘူးဆိုတဲ့ အသိနဲ့ ရန်ကုန်က ဇန်နဝါရီလမကုန်ခင်ရက်မှာ ခပ်မြန် မြန် ခပ်သွက်သွက် အညာကိုတက်သွားတော့ ကျွန်တော်နဲ့အတူ တိုင်းနဲ့ နယူးစ်ဝိစ် မဂ္ဂဇင်း အုပ် ၃၀ လောက်ပဲ ယူသွားနိုင်ခဲ့ပါတယ်။ မန္တလေးမှာ တစ်ထောက်နားရင်း ဈေးချိုတစ်ဝိုက်က စာအုပ်အဟောင်းဆိုင်တွေမှာ နောက်ထပ် တိုင်းနဲ့ နယူးစ်ဝိစ်မဂ္ဂဇင်း အုပ် ၂၀ (ငွေတစ်ရာကျော်ဖိုး) လောက် ရှာဝယ်ခဲ့ရပါတယ်။ ဒါနဲ့တင် မလုံလောက်သေးတဲ့အတွက် မုံရွာ ရောက်တော့ နီးစပ်ရာ ခင်မင်ရာ စာပေအပေါင်းအသင်း ရောင်းရင်းတွေ ဆီက နောက်ထပ် မဂ္ဂဇင်းတွေ ရှာရဖွေရ ငှားရတောင်းရပါသေးတယ်။ ကျွန်တော်နဲ့ အင်မတန်ရင်းနှီးတဲ့ ချင်းတွင်း ဦးချစ်၊ ဒေါက်တာသန့်လွင် မောင်နဲ့ ဆရာသာဌေးတို့ဆီက မဂ္ဂဇင်းတွေ အုပ် ၃၀ လောက် နောက်ထပ် ရပါတယ်။ ကျွန်တော့်အတွက် ပိုပြီးကံကောင်းချင်တော့ ဒီတစ်ခေါက် မုံရွာရောက်မှ လူချင်းသိနေရတဲ့ ဦးမျိုးဝင်းရှိန်ဆိုတဲ့ ဥပဒေအကျိုးဆောင် တစ်ယောက်ဟာ ကျွန်တော့်စာအုပ်တွေကို ဖတ်ဖူးထားတဲ့ ကျွန်တော့်





စာဖတ်ပရိသတ်တစ်ယောက် ဖြစ်နေလေတော့ ကျွန်တော် ဂေါ်ဘာချော့ အတ္ထုပ္ပတ္တိရေးဖို့ စာအုပ်စာတမ်းတွေ ရှာနေတယ်ဆိုတာသိရလို့ တိုင်းနဲ့ နယူးစ်ဝိစ်မဂ္ဂဇင်းတွေ စုစုပေါင်း ၅၅ အုပ်ကြီးများတောင် ရှာဖွေစုဆောင်း ပြီး ကျွန်တော် စာရေးနေတဲ့ ဆားလင်းကြီးကို တကူးတကန့် လာပို့ရှာပါ တယ်။

စကားစပ်မိလို့ ကြားဖြတ် ပြောလိုက်ရဦးမယ်။ အခုဂေါ်ဘာချော့ အတ္ထုပ္ပတ္တိကို ကျွန်တော်ရေးခဲ့တာဟာ မုံရွာမြို့ပေါ်မှာ ရေးခဲ့တာ မဟုတ် ပါဘူး။ မုံရွာမြို့ရဲ့အနောက်ဘက် ချင်းတွင်းမြစ်ရဲ့ တစ်ဖက်လမ်းက မုံရွာနဲ့ ၁၁ မိုင်ဝေးတဲ့ ဆားလင်းကြီးမြို့က တောင်ပေါ်ကျောင်း(တောရကျောင်း)မှာ ရေးခဲ့တာပါ။ ဒီနေရာမှာ ကြုံကြိုက်တုန်း အောက်ပြည် အောက်ရွာက စာဖတ်သူတွေကို တစ်ခု မေတ္တာရပ်ခံချင်တာက အခုကျွန်တော် စာသွား ရေးခဲ့တဲ့ ဆားလင်းကြီးမြို့ကို (ဆလင်းကြီး)လို့ ဖတ်စေချင်ပါတယ်။ ရေးထားတဲ့ သတ်ပုံအတိုင်း ဆားလင်းကြီးလို့ အသံထွက်ဖတ်ရင် အညာ သားတွေက ဟားကြပါလိမ့်မယ်။ (ဥပမာ မြန်မာ့အသံက သတင်းကြေညာ ရာမှာ မန္တလေးမြို့ ဝတန်းရပ်လို့ မပြောဘဲ၊ မန္တလေးမြို့ ဝါးတန်းရပ်ဆိုပြီး သတ်ပုံအတိုင်း တစ်လုံးချင်းဖတ်ပြီး ကြေညာလို့ မန္တလေးသားတွေ နားထဲ မှာ ဟားစရာ ဖြစ်သလိုပေါ့ဗျာ)

အဲဒီ ဆားလင်းကြီးကို မကြားဖူးမရောက်ဖူးကြတဲ့ စာဖတ်သူတွေ အတွက် ဒေသန္တရဗဟုသုတအနေနဲ့ ပြောရမယ်ဆိုရင် မုံရွာမြို့ကနေ ချင်းတွင်းမြစ်ကို ကူးတို့နဲ့ကူးလိုက်ရင် တစ်ဖက်ကမ်းက ညောင်ပင်ကြီးဆိုတဲ့ ရွာကြီးကိုရောက်ပါတယ်။ အဲဒီညောင်ပင်ကြီးဟာ ကားပေါင်းစုံဂိတ်ထိုးတဲ့ လမ်းဆုံလမ်းခွပါပဲ။ အဲဒီကနေ မြောက်ဘက်သွားတဲ့ကားတွေကိုစီးရင် ယင်းမာပင်၊ ပုလဲ၊ ဂန့်ဂေါ၊ ယောအထိ ရောက်နိုင်ပြီး၊ နာမည်ကျော် အဲလောင်းတော်ကဿဖ ပုံတောင်ပုံညာကိုလည်း အဲဒီလမ်းကနေသွားရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

ညောင်ပင်ကြီးက တောင်ဘက်သွားတဲ့ ကားတွေကတော့ ရေစကြို၊ ပခုက္ကူအထိရောက်ပြီး လမ်းခုလတ်မှာ နိုင်ငံကျော်ကိုကြီးကျော်ရဲ့ ပခန်းကိုလည်း ဝင်နိုင်ပါတယ်။ အဲ. . . အခုကျွန်တော် စာရေးခဲ့တဲ့ ဆားလင်းကြီးမြို့ကတော့ ညောင်ပင်ကြီးကနေ ၁၁မိုင် တိတိဝေးပါတယ်။ ရေစကြို ပခုက္ကူကားတွေကို စီးလို့ရသလို ဆားလင်းကြီးကို သီးသန့်ပြေးဆွဲနေတဲ့ ဂျစ်ကားတွေ၊ ဟိုင်းလပ်စ်ကားတွေနဲ့ ကားကြီးတွေလည်း အဆင်သင့်ရှိပါတယ်။ ဒီနေရာမှာ ညောင်ပင်ကြီးနဲ့ ဆားလင်းကြီးကို ပြေးနေကြတဲ့ ဂျစ်ကားတွေနဲ့ ပတ်သက်လို့ 'အံ့ဖွယ်သုတ'တစ်ခုကို တင်ပြချင်ပါသေးတယ်။

အဲဒါကို မတင်ပြခင် စာဖတ်သူတွေကို မေးခွန်းတစ်ခု အရင်မေးချင်ပါတယ်။ အဲဒီမေးခွန်းကတော့ ဂျစ်ကားတစ်စီးကို လူဘယ်နှစ်ယောက် စီးနိုင်သလဲဆိုတဲ့ မေးခွန်းပါပဲ။ ဂျစ်ကားပေါ်မှာပါတဲ့ ထိုင်ခုံအနေအထားအရ ပုံမှန်အတိုင်းဆိုရင်တော့ဂျစ်ကား တစ်စီးမှာ ရှေ့ခန်းက ဒရိုင်ဘာအပါအဝင် ၃ ယောက်၊ နောက်ခန်းက ဘေးနှစ်ဘက်နဲ့ အလယ်ထိုင်ခုံတွေပေါ်မှာ ၆ ယောက်၊ စုစုပေါင်း ၉ ယောက် စီးတတ်ကြပါတယ်။ တစ်ခါတစ်ရံ နောက်ခန်းမှာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ၇ ယောက် ပါလာရင်တော့ စုစုပေါင်း ၁၀ ယောက်ပေါ့ခင်ဗျာ။ အဲဒီကြားထဲက သကြီန်ရက်မှာ ရေပက်ခံ ထွက်ကြတဲ့ ဂျစ်ကားတွေဆိုရင်တော့ ၁၅ ယောက်လောက်အထိ အလွန်အကျွံ စီးတတ်တာ တွေ့ရမြင်ရပါတယ်။

ထားပါတော့ဗျာ. . .။ ကမ်းကုန်အောင်စီးကြစတမ်းဆိုရင် ဂျစ်ကားတစ်စီးမှာ လူ ၂၀ အထိ စီးလို့ရတယ်။ စီးလို့လည်း ဖြစ်တယ်ထားပါတော့။ အဲ. . . ညောင်ပင်ကြီးက ဆားလင်းကြီး ပြေးတဲ့ ဂျစ်ကားတစ်စီးမှာ လူဘယ်နှစ်ယောက်စီးတယ်မှတ်သလဲ၊ လူ ၅၀ အထိ စီးကြတယ်ခင်ဗျာ၊





အဲဒါ မယုံမရှိနဲ့၊ ကိုယ်တွေ့ပါပဲ။

ဒီတစ်ခေါက် မုံရွာနဲ့ ဆားလင်းကြီးကို အသွားအပြန် လေးငါးခြောက်ခေါက်လောက် စီးခဲ့ရာမှာ လူ ၄၀ အောက်လျော့တာ မတွေ့ခဲ့ရဘူး။ လူ ၄၀ ကျော် ၅၀ အထိ စီးကြတာချည်းပါပဲ။ ရှေ့ခန်းမှာ ကားမောင်းတဲ့ ဆရာ အပါအဝင် ၅ ယောက်စီးရပါတယ်။ ဝဲဘက်အစွန်ဆုံးက ဒရိုင်ဘာဟာ တင်ပါးတစ်ခြမ်းပဲ ထိုင်ခုံမှာ တင်ရုံကလေးတင်ပြီး လူတစ်ကိုယ်လုံးကို ကားပြင်ဘက် ထုတ်ထားရင်း စတီယာရင် လက်ကိုင်ကို ခပ်တည်တည် ကိုင်ကိုင်ပြီး ခပ်မှန်မှန် မောင်းတော့တာပါပဲ။ ကားရှေ့က စက်ခေါင်းပေါ်နဲ့ ရွံ့ကာပေါ် ဘန်ကာပေါ်မှာချည်း ၁၀ ယောက်လောက်စီးတယ်ခင်ဗျ။ နောက်ခန်းအတွင်းထဲမှာ ၁၀ ယောက်၊ နောက်က အတွယ်အတာက ၁၀ ယောက်၊ ပြီးတော့ ကားအမိုးနဲ့ ဓားတစ်ဖက် တစ်ချက်မှာ ၁၅ ယောက်လောက် မတ်တတ်ရပ်လိုက်ကြတော့ စုစုပေါင်း ၄၀ ကျော်၊ ၅၀ လောက်ဖြစ်သွားတာပေါ့ ခင်ဗျာ. . .။ အဲဒီလိုလူ ၅၀ လောက်ပါလာတဲ့ ဂျစ်ကားကို ခပ်လှမ်းလှမ်းက ကြည့်လိုက်ရင် ကားမောင်းလာတယ်လို့ မထင်ရဘဲ လူပဒေသာပင်ကြီးတစ်ပင်ကို မြင်ရသလိုပါပဲ။ ဆိုဗီယက်ပြန် ဦးမောင်မောင် ဆပ်ကပ်အဖွဲ့ထဲက ကျွမ်းဘားသမားတွေအတိုင်းပါပဲခင်ဗျာ. . .။

ဂျစ်ကားတစ်စီးကို လူ ၅၀ လောက်စီးတဲ့ အံ့ဖွယ်သုတကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ရသလို အဲသလောက် လူတွေ မဆံ့မပြ ကျပ်ကျပ်တည်းတည်းနဲ့ မောင်းနှင်သွားလာနေကြတဲ့ ဆားလင်းကြီး ကားလမ်းမှာ ကားမှောက်တာတို့၊ ကားချောင်းတိုက်တာတို့၊ ကားက လူကိုဝင်တိုက်တာတို့ဆိုတဲ့ မတော်တဆ ယာဉ်အန္တရာယ် တစ်ခါမှ မဖြစ်ခဲ့တာဟာလည်း 'အံ့ဖွယ်သုတ'တစ်ခုပါပဲ။ ဒါထက် ပိုပြီးအံ့ဩစရာကောင်းတာက ဒီလောက် လူတွေပွတ်သိပ် ကျပ်ညပ်နေရဲ့အထဲက ခရီးသည်အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်တာ၊ စကားများတာ၊ ငြူစူတာတွေ လုံးဝမရှိဘဲ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် သဘောထားကြီးကြီးနဲ့ ကူညီပံ့ပိုးကြတာ၊ ဖေးမ စောင့်ရှောက်တာတွေဟာ အင်မတန်မှ ချီးကျူးစရာကောင်းပါတယ်။

ကားမောင်းတဲ့ဆရာက စိတ်ရှည်သလောက် ခရီးသည်တွေက လည်း သည်းခံလိုက်ကြပုံများ အံ့ချီးမကုန်လောက်အောင်ပါပဲ။ ရန်ကုန်မှာ သာဆိုရင်တော့လား အချင်းချင်း ရိုက်ကြတာနဲ့ တစ်ကားလုံး ဆေးရုံ ရောက်ပြီသာ အောက်မေ့ပေတော့။

ဆားလင်းကြီးကားပေါ်မှာ အဲသလို လူရောစိတ်ပါ ကျဉ်းကျဉ်း ကျပ်ကျပ်နဲ့ စီးခဲ့ရသလောက် ကျွန်တော်စာရေးတဲ့ တောင်ပေါ်ကျောင်း ရောက်ပြန်တော့ နှလုံးစိတ်ဝမ်း အေးချမ်းလိုက်ပုံများ မပြောပါနဲ့တော့၊ ကျွန်တော်ငယ်ငယ်က ဖတ်ဖူးတဲ့ ရှေးဟောင်း မြန်မာစုဒ္ဒစာပေထဲက မြတ်စွာဘုရား သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကို ဖွဲ့ဆိုခဲ့တဲ့ 'နှလုံးမွေ့လျော်ဖွယ်ရာ ဖြစ်တော်မူသော. . .'ဆိုတဲ့ အဖွဲ့အနွဲ့ဟာ ဆားလင်းကြီး တောင်ပေါ်ကျောင်းကို ရည်ရွယ်ပြီး ဖွဲ့ခဲ့လေသလားလို့ တောင် အောက်မေ့ရပါတယ်။ ဆားလင်းကြီးမြို့ရဲ့ တောင်ဘက်အထွက် မိုင်ဝက်သာသာ တစ်မိုင်ပျော့ပျော့လောက် အကွာအဝေးမှာ အဲဒီတောင် ပေါ်တောရကျောင်းကလေးရှိပါတယ်၊ ကျောင်းရဲ့ပတ်ပတ်လည် လေး ဘက် လေးတန်တစ်ခွင်လုံးမှာ ဒဟပ်ပင်တွေ အစီအရီ ဖုံးအုပ်နေတဲ့ တောင်ကုန်းကလေးက အင်မတန် သာယာချမ်းမြေ့လှပါတယ်။

ကျွန်တော့်အတွက် 'ရေကန်အသင့် ကြာအသင့်'ဆိုသလို ပိုပြီး အဆင်ပြေခဲ့တာက အဲဒီ တောင်ပေါ်ကျောင်းကလေးဟာ ၂၄ နာရီ ကာလ ပတ်လုံး ရေရောမီးပါ အမြဲမပြတ်ရနေတဲ့ အချက်ပါပဲ။ နေ့လယ်နေ့ခင်း ဒဟပ်ပင်တွေကြားမှာ တစ်နေကုန် စာရေးလို့ရသလို ညဘက်ကျပြန်တော့ လည်း မီးက တစ်ညလုံး ကြိုက်သလို၊ လိုသလိုသုံးနိုင်တော့ ရေးအား





ကောင်းရင် ကောင်းသလောက် ရေးနိုင်တာပေါ့ခင်ဗျာ။ အထူးသဖြင့် ကျွန် တော်တို့ စာရေးဆရာတွေမှာ စာရေးတဲ့အခါ ပတ်ဝန်းကျင် အနေအထား ကောင်းဖို့လိုပါတယ်။ အခု ကျွန်တော် စာရေးခဲ့တဲ့ ဆားလင်းကြီးတောင် ပေါ်ကျောင်းကလေးမှာ ဆွမ်းကွမ်းအလုံအလောက်နဲ့ ရေမီးတလည်း အပြည့်အစုံနဲ့ဆိုတော့ ရန်ကုန်က သမ္မတဟိုတယ်တို့၊ ကမ်းနားဟိုတယ်တို့ ဒဂုန်ဟိုတယ်တို့မှာ တက်ပြီး စာရေးရတာထက် အဆင်ပြေပါတယ်။ ဆားလင်းကြီးတောင်ပေါ်ကျောင်းမှာ ၂၈ ရက်လုံးလုံး တစ်ရက်မှ မီးပျက် တာမရှိခဲ့ပါဘူး။

အဲဒီ ဆားလင်းကြီးတောင်ပေါ်ကျောင်းမှာ ကျောင်းထိုင် ဆရာ တော်ကတော့ တခြားပုဂ္ဂိုလ်မဟုတ်ပါဘူး။ ရှင်အာဒိစ္စဝံသ ဘွဲ့မည်ရတဲ့ စာရေးဆရာ ဆားလင်းကြီးငွေလွင်ဆိုတဲ့ ကလောင်အမည်ကို ကြားဖူးပြီး၊ သူ့စာတွေဖတ်လာခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ပါပြီ။ ဒါပေမယ့် လွန်ခဲ့တဲ့ ၂ လလောက်ကမှ ဆားလင်းကြီး ငွေလွင်ဆိုတဲ့ ဆရာတော် ရှင်အာဒိစ္စ ဝံသကို မုံရွာမှာ ပထမဆုံးအကြိမ် ဖူးတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းက ဆရာတော်နဲ့အတူ ဆားလင်းကြီးတောင်ပေါ်ကျောင်းကို လိုက်သွားခဲ့ပြီး ဆရာတော်ရဲ့ ဖိတ်ခေါ်ချက်အရ 'ဂေါ်ဘာချော့'အတ္ထုပ္ပတ္တိကို ဆားလင်း ကြီး တောင်ပေါ်ကျောင်းမှာ သွားရေးခဲ့တာပါပဲ။

ဆရာတော်ဟာ စာနယ်ဇင်းတွေမှာ ဘာသာရေး ယဉ်ကျေးမှုနဲ့ စာပေဆောင်းပါးတွေ ရေးလာခဲ့တာ နှစ်ပေါင်း ၃၀ နီးပါးရှိလာပါပြီ။ ကျွန် တော့်ကိုယ်တွေ့ပြောရရင် ဆရာတော်ဟာ ပရိယတ္တိ ပဋိပတ္တိဘက်မှာ ထူးချွန်သလောက် ကဗျာရေးသားစပ်ဆိုရာမှာ အင်မတန် ပြောင်မြောက် တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အထူးသဖြင့် ရှတ်တရက် လက်တန်းကဗျာ စပ်ဆိုရာမှာတော့ ကျွန်တော်တွေ့ဖူးသမျှထဲမှာ ပါရမီသက် အရင့်သန်ဆုံး ကဗျာ စာဆိုတစ်ဦးလို့ မှတ်ယူမိပါတယ်။ လောလောဆယ် ပူပူနွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လယ်ကွေ့ အရေးအခင်းနဲ့ ဆက်ဒမ်ဟူစိန်အကြောင်းကို ဆရာတော်က တစ်မိနစ်၊ နှစ်မိနစ်အတွင်း ရုတ်တရက်ချက်ချင်း လက်တန်းကဗျာကလေး စပ်ဆိုခဲ့တာကို ကျွန်တော်က ဒီလိုမှတ်သားခဲ့ရပါတယ်။

ဆက်ဒမ်ဟူစိန်၊ ညဏ်တိမ်တဲ့လူစား
သူ့အတွက်တယ်ကြောင့်
လူ့အသက်တွေ ထောင်ချီလို့
တိုင်းပြည်ပါ ပျက်ကာပြုန်းရတယ်
ရှုံးပေါ့တအား။ ။

ဆားလင်းကြီးတောင်ပေါ်ကျောင်းတွင် 'ဂေါ်ဘာချော့' အတ္ထုပ္ပတ္တိ ရေးသားပြုစုခဲ့ရသည့်အတွက် ဆရာတော် ရှင်အာဒိစ္စဝံသ (ဆားလင်းကြီး ဌေးလွင်)အား ကျေးဇူးတင် ကန်တော့ပန်းဆင်လျှက် . . .

ခဲ့ရောက်ခဲ့ရပြန်ပါတယ်။ အဲဒီရပ်ဝေး ဧည့်သည် နှစ်ယောက်ကတော့ တခြားသူတွေမဟုတ်ပါဘူး၊ မန္တလေးက တောင်လေးလုံးဆရာတော် ကိုပညာ(အမရပူရ)နဲ့ မော်စကိုရေဒီယို အသံလွှင့်ဌာနက ရုရှားအမျိုးသမီး



## တောင်လေးလုံးကိုပညာနှင့် မော်စကိုမှ မစ်နီတင်

ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ ရှေးကလူကြီးသူမတွေရဲ့ ဆုံးမဩဝါဒတွေနဲ့ ဆိုရိုးစကားတွေဟာ အင်မတန်မှ တရားရစရာ၊ တရား ကျစရာ ကောင်းသလို အင်မတန်မှ သွေးထွက်အောင် မှန်လှတာကို တစ်ခါတစ်ခါ ကိုယ်တွေ့ကြုံရတတ်ပါတယ်။ အဲဒါက တခြားတော့မဟုတ် ပါဘူး၊ 'ထိုင်လွန်းရင် ထရတတ်တယ်၊ ထလွန်းရင် ထိုင်ရတတ်တယ်'ဆိုတဲ့ စကားကလေးပါပဲ။ သွေးထွက်အောင် မှန်နေတဲ့ ဒီစကားအဓိပ္ပာယ်ကို ပြီးခဲ့တဲ့ မတ်လအတွင်း ပယ်ပယ်နယ်နယ် တိတိကျကျ ကျွန်တော်ကိုယ် တိုင် ကြုံတွေ့ခဲ့ရပါတယ်။

ဘာကြောင့်လဲဆိုတော့ (မိုးဂျာနယ်အမှတ် ၃-မှာ ကျွန်တော် ရေးခဲ့တဲ့အတိုင်း) ဖေဖော်ဝါရီလတုန်းက အထက်အညာ မုံရွာ ဆားလင်း ကြီး တောင်ပေါ်ကျောင်းမှာ တစ်လလုံးလုံး တကုန်းကုန်းနဲ့ နေ့ရောညပါ ထိုင်ရာကမထဘဲ စာအုပ်တစ်အုပ်ကို ပြီးအောင် ကြိုးပြီး ရေးလာခဲ့တဲ့ ကျွန်တော်ဟာ မတ်လဆန်းလို့ ရန်ကုန်လည်း ပြန်ရောက်ကရော ရောက်တဲ့ နေ့ကစပြီး သာရေး၊ နာရေး၊ လူမှုရေးတွေနဲ့ ကိုယ်ရေးကိုယ်တာ ဘာဟီရ ကိစ္စဝိစ္စတွေနဲ့ ပြေးလိုက် လွှားလိုက် လာလိုက်ရတာများဗျာ . . . ဘစ်ရက်ကလေးမှ မနားရပါဘူး၊ 'တောင်ပြေး မြောက်ပြေး-ရွာဆော်ကြီး ခွေး'ဆိုတဲ့ စကား နှင်လား ငါလား ကျနေတာပါပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမတ်လ တစ်လလုံးလုံး အပြေးအလွှား သွားခဲ့လာခဲ့ ရတာတွေကို တစ်ခုချင်းတန်းစီပြီး ပြန်ပြောရမယ်ဆိုရင်. . .

မတ်လ ၂ ရက်နေ့က ဂူသွင်း သဂြိုလ်လိုက်ကြတဲ့ 'လုံမလေးမင်္ဂဇင်း'အယ်ဒီတာချုပ် မလေးလုံရဲ့ ဈာပနကို မပို့လိုက်ရတဲ့အတွက် မန္တလေးက ရန်ကုန်ပြန်ရောက်ရောက်ချင်း သမိုင်းရပ်ကွက်က မလေးလုံတို့ မိသားစုနေထိုင်ရာ 'နံ့သာမြိုင်'ခြံကို အပြေးအလွှားသွားပြီး ဘယ်နည်းဘယ်ပုံ မလေးလုံ တစ်ယောက် အခုလို ရုတ်တရက် မမျှော်လင့်ဘဲ ခရစ်တော်မှာ အိပ်ပျော်သွားခဲ့ရရှာတဲ့ အကြောင်း စိတ်မကောင်းခြင်းများစွာနဲ့ သတင်းမေးရပါတယ်။ နောက်တစ်နေ့မနက်ကျတော့ အိပ်ရာက စောစောထပြီး နာနတ်တောသုသာန်မှာ ငြိမ်းချမ်းစွာ အနားယူနေရှာပြီဖြစ်တဲ့ မလေးလုံရဲ့ အုတ်ဂူကို အမှတ်တရ အလွမ်းပြေ သွားကြည့်ခဲ့ရပါတယ်။

မတ်လ ၉ ရက်(စနေနေ့)မနက်ကျတော့လည်း မလေးလုံကို ရည်ရွယ်ကျင်းပတဲ့ 'အောက်မေ့ဖွယ်ဆုတောင်းဝတ်ပြုပွဲအခမ်းအနား'ကို ကြိုးစားပြီး တက်ရောက်ခဲ့ရပြန်ပါတယ်။ ဒီကြားထဲမှာ မလေးလုံအတွက် အမှတ်တရ ဂုဏ်ပြုထုတ်ဝေမယ့် ဧပြီလလုံမလေး မဂ္ဂဇင်းကိုလည်း 'ဂုဏ်ယူပါတယ်မလေးရယ်'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးဖြစ်အောင် ရေးပေးခဲ့ရပါသေးတယ်. . .

အဲဒီ သုံးလေးရက်အတွင်းမှာပဲ မိုးဂျာနယ်အမှတ် (၂) အတွက် မရေးလိုက်ရဘဲ ပျက်ကွက်ခဲ့ရတဲ့ 'ရှာရိုးကိုးပေါက်'ကိုလည်း မိုးဂျာနယ်အမှတ် ၃ အတွက် အချိန်မီအောင် မြန်မြန်ထက်ထက်နဲ့ ခပ်သွက်သွက် ရေးပေးခဲ့ရပြန်ပါတယ်။

အဲဒီလို ရေးလိုက်သွားလိုက်၊ ပြေးလိုက်လွှားလိုက်နဲ့ မနား မအားရအောင် ဖြစ်နေတုန်းမှာပဲ ရန်ကုန်ကို မမျှော်လင့်ဘဲ ရောက်လာကြတဲ့ ရပ်ဝေးဧည့်သည် နှစ်ယောက်ကို အကြောင်းပြုပြီး ရှာရိုးကိုးပေါက် လျှောက်





ခဲ့ရောက်ခဲ့ရပြန်ပါတယ်။ အဲဒီရပ်ဝေး ဧည့်သည် နှစ်ယောက်ကတော့ တခြားသူတွေမဟုတ်ပါဘူး။ မန္တလေးက တောင်လေးလုံးဆရာတော် ကိုပညာ(အမရပူရ)နဲ့ မော်စကိုရေဒီယို အသံလွှင့်ဌာနက ရုရှားအမျိုးသမီး မစ္စဂါလီနာဆိုတဲ့ 'မစိန်တင်' ပါပဲ။

အထက်အောက်၊ အညာအကြောက စာပေဆရာတွေအားလုံး သိပြီးဖြစ်ကြတဲ့အတိုင်း ကိုပညာ(အမရပူရ)ဟာ စာပေနဲ့ အနုပညာ မြတ်နိုးသူတွေအတွက် နှလုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်တဲ့ တောင်လေးလုံးကျောင်းဆရာတော် စာရေးဆရာ တစ်ဦးဖြစ်ပါတယ်။ 'တောင်လေးလုံးကို မရောက်သေးရင် မန္တလေးကိုမရောက်သေးဘူး'ဆိုတဲ့ ကျွန်တော့်ရဲ့ ကြွေးကြော်သံ လက်သုံးစကားအတိုင်း ကျွန်တော်ဟာ မန္တလေးရောက်တိုင်း တောင်လေးလုံးကို မရောက် ရောက်အောင်သွားပြီး ဆရာတော် ကိုပညာကို ဖူးမြော်လေ့ရှိပါတယ်။

ဒါကြောင့် အခုလို ဆရာတော် ကိုပညာ ရန်ကုန်ကို ကြွလာတဲ့ အခါမှာ ဆရာရင်း၊ ဒကာရင်းဖြစ်တဲ့ ကျွန်တော်ဟာ ရန်ကုန်မှာ ဆရာတော် သွားလေရာနောက်က 'ကပ္ပိယ'အဖြစ်နဲ့ တကောက်ကောက်လိုက်ပြီး ဝတ်ကြီး ဝတ်ငယ်ပြုစုဖို့ တာဝန်ရှိနေပါတယ်။ (ဒီနေရာမှာ ကပ္ပိယဆိုတဲ့ အတိုင်း ဆရာတော်အတွက် ဆက်ကပ် လှူဒါန်းတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာတွေကိုလည်း ဆရာတော်ဘုဉ်းပေးပြီးတဲ့အခါ ကပ္ပိယ ကျွန်တော်ပါ ကပ္ပိလို့ရတာပေါ့ ခင်ဗျာ)။

ဒီတစ်ခေါက် ဆရာတော်ကိုပညာ ရန်ကုန်ကြွလာခဲ့တာဟာ 'ရေကန်အသင့် ကြာအသင့်' ဆိုသလိုပါပဲ။ ရန်ကုန်က စာရေးဆရာ စာပေသမားတွေအားလုံးလိုလိုနဲ့ တစ်နေရာတည်းမှာပဲ စုံစုံညီညီတွေ့သွားရပါတယ်။ အဲဒီနေရာကတော့ တခြားမဟုတ်ပါဘူး။ မနှစ်က (၁၉၉၀ ပြည့်နှစ်) မတ်လ ၁၃ ရက်နေ့မှာ ကွယ်လွန်သွားရှာခဲ့တဲ့ စာရေးဆရာမ မိုးမိုး (အင်း



www.burmeseclassic.com

www.burmeseclassic.com



လျှား)ရဲ့ တစ်နှစ်မြောက်အထိမ်းအမှတ် ဆွမ်းကျွေးတရားနာတဲ့ အခမ်းအနားကို မတ်လ ၁၇ ရက် တနင်္ဂနွေနေ့က ကျင်းပခဲ့ရာမှာ ဆရာတော်ကိုပညာနဲ့ ရန်ကုန်က စာရေးဆရာ၊ စာပေသမားတွေအားလုံး တစ်စုတစ်ဝေးတည်း ဆုံတွေ့ခဲ့ကြရပါတယ်။

မိုးမိုး(အင်းလျား)ကွယ်လွန်တဲ့ တစ်နှစ်မြောက်အခမ်း အနားမှာ အခုလို ဆရာတော် ကိုပညာ မမျှော်လင့်ဘဲ ကြွရောက်လာတဲ့အတွက် အားလုံးကပဲ ဝမ်းပန်းတသာနဲ့ ဆီးကြိုဖူးမြော် ကန်တော့ကြပါတယ်။ အဲဒီနေ့က အဲဒီအခမ်းအနားမှာ ရောက်နေကြတဲ့ စာရေးဆရာ ကဗျာဆရာတွေဟာလည်း အားလုံးလိုလို ဆရာတော်ကိုပညာရဲ့ တောင်လေးလုံးကျောင်းကို ရောက်ဖူးကြတဲ့သူတွေချည်းပါပဲ။ ဒီကြားထဲက တောင်လေးလုံးကို တစ်ခေါက်မှ မရောက်ဖူးသေးတဲ့ မစန္ဒာက 'တပည့်တော်လည်း တောင်လေးလုံးကို ကြိုးစားပြီး ရောက်အောင်လာခဲ့ပါဦးမယ်ဘုရား. . .'လို့ ဆရာတော်ကို ရိုရိုသေသေ လျှောက်ထားခဲ့သလို ဆရာတော်ကလည်း မစန္ဒာကို လာဖြစ်အောင်လာခဲ့ဖို့ အားရဝမ်းသာ ဖိတ်ကြားသွားခဲ့ပါတယ်။

အဲဒီနေ့က တိုက်တိုက်ဆိုင်ဆိုင် (ဦး)ကျော်ခင်မြင့်ဆိုတဲ့ ပုဂ္ဂိုလ်က ဆရာတော် ကိုပညာကို နေ့ဆွမ်းကပ်ဖို့ ပင့်ဖိတ်ထားပါတယ်။ အဲဒီ (ဦး)ကျော်ခင်မြင့်ဟာ လောလောဆယ်ဆယ် ဆရာတော် ရေးသားပြုစုထားတဲ့ 'တောင်သမန်ဒေသမှ သမိုင်းဝင်နေရာဌာနများ'ဆိုတဲ့ စာအုပ်ကို ပုံနှိပ်ထုတ်ဝေဖို့ စီစဉ်နေတဲ့ ထုတ်ဝေသူ စာပေသမားတစ်ဦးဖြစ်ပါတယ်။

သူက ဆရာတော်ကို ဆွမ်းစားပင့်ရာမှာ ဆရာတော်ခေါ် ချင်တဲ့ စာရေးဆရာတွေကိုပါ ခေါ် လာနိုင်ပါတယ်လို့ ကြိုတင် လျှောက်ထားခဲ့တဲ့ အတွက် အဲဒီနေ့က မိုးမိုး(အင်းလျား)ရဲ့ နှစ်ပတ်လည်အခမ်းအနားအပြီးမှာ (ဦး)ကျော်ခင်မြင့်ရဲ့ နေအိမ်ရှိရာ အင်းလျားရိပ်သာလမ်းကို ဆရာတော်နှင့်အတူ ကျွန်တော်တို့တစ်တွေ တစ်စုတစ်ဝေးကြီး လူ ၂၀ ယောက် ကား





နှစ်စီးနဲ့ လိုက်လာခဲ့ကြပါတယ်။ အဲဒီလူစုလူဝေးထဲမှာ ဆရာ ဒဂုန်တာရာ၊ ပါရဂူ၊ လေသူရဲ တစ်ဦး၊ ဒေါက်တာမျိုးသန့်တင်၊ ဆောင်းဝင်းလတ်၊ ခင်ဆွေဦး၊ သင်းမြတ်စန္ဒီ၊ ခင်ဆွေမြင့်နဲ့ နေဝင်းမြင့်၊ စိုးမြင့်လတ်၊ ကိုတင်ဆင့်စတဲ့ စာရေးဆရာတွေ 'တစ်လှေကြီး'ပါလာကြပါတယ်။

ဆရာတော်ကိုပညာကို အကြောင်းပြုပြီး လိုက်ပါလာကြတဲ့ ကျွန်တော်အပါအဝင် စာပေဒါယကာ ဒါယိကာမတွေဟာ အဲဒီနေ့က မမျှော်လင့်ဘဲ (ဦး)ကျော်ခင်မြင့်အိမ်မှာ စာပေဝိုင်းကလေး တစ်ဝိုင်း ဖြစ်သွားခဲ့ကြပါတယ်။ မော်ဘီ မဲဇာမှာ စာပေဖခင်ကြီးအဖြစ်နဲ့ တစ်ကိုယ်တည်း နေနေရလို့ ဒဂုန်တာရာက အခုလို စာပေသမားတွေနဲ့ သီးခြားလွတ်လပ်စွာ ကြုံတုန်းကြုံခိုက်မှာ 'စာအကြောင်း ပေအကြောင်း ဝိုင်းဖွဲ့ပြီး ပြောကြရအောင်ဗျာ'ဆိုတဲ့ အဖွင့်အမှာစကားနဲ့ စာပေဝိုင်းကလေး တစ်ဝိုင်းဖြစ်အောင် လှူ့ဆော်ဖန်တီးခဲ့ပါတယ်။ ဒါနဲ့ မော်ဒန်ကဗျာနဲ့ မော်ဒန်ဝတ္ထုကအစ၊ ခေတ်ပြိုင် ခံစားမှုနဲ့ ရင်ခုန်သံ၊ ရန်ခုန်ပွင့်စတဲ့ ဝေါဟာရတွေကနေပြီး 'ဆေးရောင်စုံ ဒဂုန်တာရာ'စာအုပ်အကြောင်းပါ စာပေအကြောင်း သောင်းပြောင်းတွေလာ ဆွေးနွေးကြတာတွေဟာ အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ အဲဒီနေ့က အဲဒီစာပေ ဆွေးနွေးပွဲကလေးကို မမျှော်လင့်ဘဲ တက်ရောက်ခဲ့ရလို့ မျက်မှောက်ခေတ်စာပေရေစီးကြောင်းရဲ့ အတိမ်အနက်ကို အတော်အတန် ထိတွေ့စမ်းသပ်ခဲ့ရသလို ဂျပန်၊ အမေရိကန်၊ အင်္ဂလန်စတဲ့နိုင်ငံခြား တက္ကသိုလ်ကြီးတွေမှာ လေးငါးနှစ်အမှုထမ်းခဲ့ပြီး လွန်ခဲ့တဲ့ လေးငါးလကမှ မြန်မာနိုင်ငံကိုပြန်လည်ရောက်လာခဲ့တဲ့ ဒေါက်တာသန်းထွန်း (အငြိမ်းစားသမိုင်းပါမောက္ခ)နဲ့ မထင်မှတ်ဘဲ အဲဒီပွဲကလေးမှာ ဆုံခဲ့ရလို့ အကြီးအကျယ်ဝမ်းသာ ကျေနပ်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန်းထွန်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၅ နှစ် လောက်ကတည်းက ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်းမှာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးခဲ့ကြတဲ့ မိတ်ဟောင်းဆွေဟောင်း၊ လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခအဖြစ် တာဝန်ယူနေရာက ဂျပန်နိုင်ငံ တိုကျိုယူနီဗာစတီမှာ ဧည့်သည်တော်ပါမောက္ခအဖြစ် အမှုထမ်းဖို့ သွားခါနီး လွန်ခဲ့တဲ့ လေးငါးနှစ်က မန္တလေးမှာ ကျင်းပခဲ့တဲ့ နှုတ်ဆက်ပွဲမှာ နောက်ဆုံးတွေ့လိုက်ရတဲ့ ဒေါက်တာသန်းထွန်းကို ခုမှပြန်ပြီး တွေ့ရတာပါပဲ။

အဲဒီနေ့က ခင်ဆွေဦးရဲ့ မေတ္တာရပ်ခံချက်အရ ဒေါက်တာသန်းထွန်းက 'စာအုပ်တစ်အုပ်ကို ဖတ်တော့မယ်ဆိုရင် (၁) စာရေးသူရဲ့ အမည် (အပြည့်အစုံ) (၂) စာအုပ်အမည် (၃) ပုံနှိပ်တဲ့ခုနှစ် (၄) ထုတ်ဝေဖြန့်ချိတဲ့ အသင်းအဖွဲ့နဲ့ (၅) စာအုပ်ရဲ့ အဓိက အကြောင်းအရာ စကားတွေကို ဂရုပြုမှတ်သား လေ့လာသင့်ကြောင်း' ဩဝါဒစကား ပြောကြားသွားတာလည်း မှတ်သားစရာပါပဲ။

အဲဒီနေ့က အဲဒီလို စိုစိုပြည်ပြည်ဖြစ်ခဲ့ရတဲ့ စာပေဝိုင်းကလေးဟာ ညနေ လေးနာရီထိုးခါနီးမှပဲ နိဂုံးချုပ်အဆုံးသတ်သွားခဲ့ပါတယ်။

နောက်တစ်ရက် မတ်လ ၁၈ တနင်္လာနေ့မှာတော့ ကျွန်တော်ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဆရာတော် ကိုပညာကို 'မိုး' ဂျာနယ်က ပင့်ဖိတ်ပြီး ဆွမ်းကပ်ပါတယ်။ အဲဒီ ဆွမ်းကျွေးပွဲကလေးကိုလည်း စည်စည်ကားကားဖြစ်အောင် မိုးဂျာနယ်က သခင်အောင်ဖေတို့မိသားစုနဲ့ မိုးအယ်ဒီတာများအပြင် ဆရာတော်ကိုပညာနဲ့ ရင်းနှီးပြီးသားဖြစ်တဲ့ ချစ်ဦးညိုနဲ့ ကိုကောင်းမြင့်(ယောမင်းကြီး)တို့နှစ်ယောက်ကိုပါ ကျွန်တော်ဖိတ်ကြားခဲ့ပါတယ်။ (အဲဒီမှာ ကျွန်တော်က ကဗျာချုပ်ဖြစ်သွားပြီး သူတို့နှစ်ယောက်ကတော့ လက်ထောက်ကဗျာ (၁)နဲ့ (၂) ဖြစ်သွားတာပေါ့ဗျာ။)





အဲဒီပွဲကလေးမှာလည်း လူထုဦးလှနဲ့ လူထုဒေါ်အမာ အကြောင်းက စပြီး မန္တလေးက စာရေးဆရာ စာပေသမားတွေ အကြောင်းနဲ့ စာအုပ်ဆိုင်တွေအကြောင်း သောင်းပြောင်းထွေလာ ပြောကြရင်းက သခင်အောင်ဖေရဲ့ 'ဖဆပလ ကိုယ်တွေ့သမိုင်း' တစ်ပိုင်းတစ်စကိုလည်း ကျွန်တော်တို့ကြားနာခဲ့ရပါတယ်။

အဲဒီနေ့က မိုးဂျာနယ်မှာ ဆရာတော် ကိုပညာရော၊ ကဗျာတွေရော မိုးအယ်ဒီတာတွေပါ ဆွမ်းကွမ်းကိစ္စပြီးသွားတဲ့ နောက် ဆရာတော်ကို ဆရာဦးမောင်မောင်တင် နေထိုင်တဲ့ ရန်ကင်း တိုက်ခန်းလိုက်ပို့ခဲ့ရပါတယ်။ အဲဒီမှာ ဆရာဦးမောင်မောင်တင်က အမြတ်တနိုး အမှတ်တရ သိမ်းဆည်းထားတဲ့ ရတနာပုံခေတ် နန်းတော်တည်ဆောက်တဲ့ပုံစံ ပုရပိုက်ကြီးထုတ်ပြလို့ အနီးကပ် လေ့လာခွင့်ရခဲ့ပါတယ်။ နန်းတော်ပုံစံကို စကေးကိုက်ဆွဲထားတာမို့ အခုခေတ် အိမ်ပုံစံ BLUE PRINT သဘောမျိုးပါပဲ။ သမိုင်းဆရာတစ်ဦးရဲ့အဆိုအရ အဲဒီ ပုရပိုက်ကြီးဟာ တစ်လက်မပတ်လည်ကို ကျပ်ငွေတစ်သိန်းလောက် တန်ဘိုးရှိတယ်လို့ သိခဲ့ရပါတယ်။

နောက်တစ်နေ့ မတ်လ ၁၉ ရက်နေ့မှာတော့ ဆရာတော်ကိုပညာကို ကလျာမဂ္ဂဇင်းက ကိုစိန်ကြီးနဲ့ ကလျာ(ဝိဇ္ဇာ သိပ္ပံ)တို့ ဇနီးမောင်နှံက ဆွမ်းပင့်ပြီး ကျွေးပါတယ်။ အဲဒီနေ့က ကျွန်တော့်မှာ ဝါပြာနီမဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ် အပြီးသတ်အောင် ရေးနေရတာနဲ့ ဆရာ်တော်နောက်က ကဗျာအဖြစ်နဲ့ မလိုက်နိုင်တော့ဘဲ တစ်ဖူနာသွားခဲ့ရပါတယ်။ ဆရာတော် ကိုပညာဟာ ၂၀ ရက် နေ့ ညနေ ၅ နာရီ အမြန်ရထားနဲ့ မန္တလေးကို ပြန်ကြွသွားပါတယ်။ အဲဒီနေ့ကလည်း နေ့ခင်း ၂ နာရီလောက်မှာ ဆရာတော်တည်းတဲ့ မဟာဗန္ဓုလလမ်းက ရန်ကင်းနယ်ရှင်တိုက်ကိုသွားပြီး ဆရာတော်ကို နှုတ်ဆက်ရုံပဲ နှုတ်ဆက်ခဲ့ရပါတယ်။ ညနေ ရထားဆင်းတဲ့အချိန်မှာ အခမ်းအနားတစ်ခု တက်ဖို့ရှိနေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကို လိုက်မပို့နိုင်ခဲ့ဘူး။

အဲဒီနေ့ မတ်လ ၂၀ ရက် ညနေ ၅ နာရီမှာ ကျွန်တော် တက်ရောက်ခဲ့ရတဲ့ အခမ်းအနားကလည်း စာပေအခမ်းအနား တစ်ခုပါပဲ။ တခြားမဟုတ်ပါဘူး၊ ဆိုဗီယက်ယူနီယံ မော်စကို အသံလွှင့်ဌာနမှာ သတင်းထုတ်လွှင့်သူအဖြစ် အမှုထမ်းနေတဲ့ ရုရှားအမျိုးသမီး မစွက်ဂါလီနာမီနီနာ(မြန်မာနာမည် မစိန်တင်)နဲ့ ပတ်သက်တဲ့ စာပေပွဲကလေးတစ်ခုပါပဲ။

မစိန်တင်ဟာ ဟို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ မြန်မာစာပေနဲ့ မြန်မာဘာသာ စာလာသင်ကြားသွားခဲ့သူပါ၊ အဲဒီတုန်းက သူနဲ့အတူ 'မလှကျော့'ဆိုတဲ့ ရုရှားအမျိုးသမီး တစ်ယောက်လည်းပါတယ်။ အဲဒီကတည်းက မစိန်တင်နဲ့ မလှကျော့တို့ဟာ မြန်မာစာရေးဆရာ စာပေသမားတွေနဲ့ အလွန်ရင်းနှီးခဲ့ကြပါတယ်။

အခု မစိန်တင် မြန်မာနိုင်ငံကို ရောက်လာခဲ့တာကတော့ သူဘာသာပြန်တဲ့ မြန်မာဝတ္ထုတိုပေါင်းချုပ်စာအုပ်နဲ့ ပတ်သက်လို့ပါပဲ။

ကျွန်တော်ဟာ မစိန်တင်နဲ့ ၁၃ ရက်နေ့က တစ်ကြိမ်၊ ဆိုဗီယက်ယဉ်ကျေးမှုအနုပညာ ညှိခံပွဲမှာလည်း ဆုံခဲ့ရပြီးပါပြီ။ အဲဒီနေ့က ဆိုဗီယက်ယူနီယံမှာ ရုရှားဘာသာနဲ့ ပြန်ဆိုထုတ်ဝေခဲ့တဲ့ မြန်မာဝတ္ထုရှည်၊ ဝတ္ထုတိုများနဲ့ ကဗျာစာအုပ်များအကြောင်းကို စိတ်ပါဝင်စားစရာ ပြောပြသွားခဲ့ပါတယ်။ မစိန်တင်ဟာ ကွယ်လွန်သူ မိုးမိုး(အင်းလျား)နဲ့ အရမ်းခင်မင်ရင်းနှီးပြီး မိုးမိုးရဲ့ 'ပျောက်သောလမ်းမှာ စမ်းတဝါး'ကို ရုရှားဘာသာပြန်ခဲ့ပါတယ်။ အဲဒီ ၁၃ ရက်နေ့က ညှိခံပွဲမှာ မစိန်တင်ဟာ မိုးမိုး(အင်းလျား) အကြောင်းပြောရင်းနဲ့ ရင်ထဲက ဆို့နင့်ပြီး မျက်ရည်တောင်ကျခဲ့တာ တွေ့ရပါတယ်။





မစိန်တင်ဟာလည်း တောင်လေးလုံးက ကိုပညာလိုပါပဲ၊ ဒီအခေါက် ရန်ကုန်ရောက်ရတာ တမင်ချိန်းထားတဲ့အတိုင်းပါပဲ။ ဘာကြောင့်လဲဆိုတော့ မတ်လ ၁၇ ရက်နေ့က မိုးမိုး(အင်းလျား)ရဲ့ နှစ်ပတ်လည် ကွယ်လွန်တဲ့ အထိမ်းအမှတ်ပွဲမှာ မစိန်တင် ရောက်လာပြီး၊ မြန်မာစာရေးဆရာ၊ ဆရာမတွေနဲ့ စုံစုံညီညီ တွေ့သွားခဲ့ရပါတယ်။ အဲဒီနေ့က ဒဂုန်တာရာနဲ့တွေ့တော့ မစိန်တင်က 'မလှကျော့က ဒဂုန်တာရာနဲ့တွေ့ရင် နမ်းပါလို့ မှာလိုက်တယ်'ဆိုပြီး ဒဂုန်တာရာကို နမ်းတဲ့မြင်ကွင်းကလေးကလည်း ကြည်နူးစရာ ကောင်းလှပါတယ်။

အခုတစ်ခါ မတ်လ ၂၁ ရက်နေ့မှာ မစိန်တင်ဟာ မြန်မာစာရေးဆရာ ဆရာမတွေကို ဖိတ်ကြားပြီး သူဘာသာပြန်ခဲ့တဲ့ မြန်မာဝတ္ထုတိုပေါင်းချုပ်စာအုပ်တွေ လက်ဆောင်ပေးမှာပါတယ်။ အဲဒီအခမ်းအနားမှာလည်း ဆရာဦးသုခကို မစိန်တင်က ပဝါနှစ်စ အသာချပြီး ဂါရဝပြု ပူဇော်ကန်တော့ခဲ့တာကို မြင်ရတာဟာလည်း မြန်မာ စာရေးဆရာများအတွက် စိတ်လှုပ်ရှားစရာ၊ ဂုဏ်ယူစရာကောင်းလှပါတယ်။ မစိန်တင် ရုရှားဘာသာပြန်ပြီး ထုတ်ဝေခဲ့တဲ့ မြန်မာဝတ္ထုတိုတွေကတော့ မိုးမိုး(အင်းလျား) ကြူကြူသင်း၊ မစန္ဒာ၊ တက္ကသိုလ်မြစိမ်း၊ မအေးလေး၊ ခင်နှင်းယု၊ မနှင်းမွှေး ခင်သူသူဝင်း၊ ခင်မြဇင်၊ ဝင်းဝင်းလတ်၊ မမိုးဖြူ၊ ခင်လှိုင်ကြူနဲ့ တက္ကသိုလ်မအေးလေးတို့ရဲ့ ဝတ္ထုတိုတွေပါတဲ့ စာရေးဆရာမ ၁၄ ယောက်ရဲ့ ဝတ္ထုတိုပေါင်းချုပ်ပါပဲ။

အဲဒီလို ပွဲဆက်တွေများပြီး ရွှာရိုးကိုးပေါက် တစ်လလုံး လျှောက်သွားနေခဲ့ရတဲ့ ကျွန်တော်ဟာ မအားလပ်တဲ့ကြားထဲက ကြားဖြတ်ပြီး တိုထွန်းညွန့်ဦးရဲ့ ဈာပနကို မတ်လ ၂၂ ရက်နေ့က လိုက်ပို့ခဲ့ရပါသေးတယ်။ ဒါတင်ပဲလား ဆိုတော့ မဟုတ်သေးဘူး ခင်ဗျ၊ မတ်လရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ မနေ့က ၃၁ ရက်နေ့တလည်း အင်မတန်ရင်းနှီးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နံ့သာ ဦးသန်းဆွေရဲ့ နှစ်ပတ်လည် ကွယ်လွန်တဲ့ ဆွမ်းကျွေးပွဲကို 'ဝိုင်းပိတ်' အဖြစ်နဲ့ ရောက်ခဲ့ရပါသေးတယ်ခင်ဗျား။



## သာဓုခေါ်ပြီးရင် ပွဲသိမ်းသင့်ပါပြီ

ဧပြီလထဲမှာ ကျွန်တော်ရောက်ခဲ့ရတဲ့ တစ်နေရာကတော့ ဆရာသာမုံရဲ့ ဈာပနပါပဲ။

ဆရာသာဓုဟာ ဧပြီလ ၇ ရက်နေ့က သင်္ကန်းကျွန်း သာဓုခြံထဲမှာပဲ ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်ဟာ နောက်တစ်နေ့ (ဧပြီလ ၈ ရက်၊ တနင်္လာနေ့) မနက် ၁၁ နာရီလောက်အထိ ဆရာသာဓုကွယ်လွန်တဲ့ သတင်းကို လုံးဝမသိရသေးပါဘူး။ အဲဒီနေ့မနက်က သတင်းစာမှာ နာရေးကြော်ငြာပါပေမယ့် အိမ်မှာ သတင်းစာမယူလို့ မဖတ်ရတဲ့အတွက် ဆရာသာဓုရဲ့နာရေးသတင်းကို အစအနတောင် မသိခဲ့ရပါဘူး။

ဒါပေမယ့် ကြုံကြိုက်ပြီး တိုက်ဆိုင်ချင်တော့ အဲဒီနေ့မနက်က ၁၁ နာရီလောက်မှာ ကျွန်တော်ဟာ ကျွန်တော်နဲ့ ပုဂ္ဂိုလ်ချင်း အင်မတန်ခင်မင်ရင်းနှီးပြီး ကျွန်တော့်ရဲ့ ပုဂ္ဂလိက ဆရာဝန်လို ဖြစ်နေတဲ့ တာမွေ ၁၆၅-လမ်းက ဒေါက်တာတင်ထွန်းရဲ့ ဆေးခန်းကို ရောက်သွားပါတယ်။

အဲဒီလို ရောက်သွားရတဲ့ အကြောင်းရင်းကတော့ လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်အတွင်းက ညဘက်မှာ တီဗီကြည့်ရင်းနဲ့ မျက်စေ့ထဲမှာ မှုန်နောက်နောက်ဖြစ်ပြီး ခေါင်းထဲက မိုက်ခနဲဖြစ်နေလို့ နှလုံးနဲ့ သွေးတိုး စမ်းသပ်ပြီး ဆေးစစ်ကြည့်ဖို့ပါပဲ။

ကျွန်တော့်ကို စမ်းသပ်စစ်ဆေးပြီး ဒေါက်တာတင်ထွန်းက



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဒီနေ့ 'သတင်းစာဖတ်ပြီးပြီလား'လို့ မေးပြီး ကျွန်တော်က 'မဖတ်ရသေးဘူး၊ ဘာသတင်းထူးလို့လဲ'ဆိုတော့ ဆရာသာခု တစ်ယောက်ကြွသွားပြီလို့ ပြောရင်း သတင်းစာလာပေးတာနဲ့ ကောက်ကြည့်လိုက်တော့ ဆရာသာခု မနေ့က ကွယ်လွန်သွားကြောင်း သိလိုက်ရပါတယ်။

ဒါနဲ့ ဒီနေ့ညနေဘက် ၅ နာရီလောက်မှာ သယ်န်းကျွန်းက သာခုခြံကို ရောက်သွားပါတယ်။

ဆရာသာခုနဲ့ သုမောင်တို့သားအဖ ဝင်ဒါမီယာက ပြောင်းလာပြီးမှ သယ်န်းကျွန်းက သာခုခြံကို ကျွန်တော်တစ်ခေါက်မှ မရောက်သေးပါဘူး။

အခု ဆရာသာခု ဆုံးမှ ရောက်တော့တာပါပဲ။

ကျွန်တော်ရောက်သွားတော့ စာပေနယ်က လူငယ်စာရေး ဆရာ၊ ပန်းချီ ဆရာတွေအပြင် ရုပ်ရှင်သမားတွေနဲ့ သခင်ဟောင်းကြီးတွေပါ ရောက်နေကြတာ တွေ့ရပါတယ်။

ဆရာကြီးဦးသုခ၊ ဆရာတက်တိုးနဲ့ ဆရာမဒေါ်နုယဉ်တို့ ဇနီးမောင်နှံလည်း နေ့ခင်းဘက်က လာသွားကြတယ်လို့ သိရပါတယ်။

ကျွန်တော်လည်း မောင်ဝဏ္ဏတို့၊ သုမောင်တို့နဲ့ စကားပြောရင်း မောင်ဝဏ္ဏဇနီး မချိုက ဝမ်းနည်းမှတ်တမ်းစာအုပ် လာပေးလို့ ဆရာသာခုနဲ့ ပတ်သက်ပြီး ရုတ်တရက် ခေါင်းထဲကပေါ်လာကာ စာလေးရေးပေးခဲ့ပါတယ်။

ဆရာ-

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဆရာနဲ့ ကျွန်တော် နှစ်ယောက်တည်း အင်းစိန်ရွာမ အုတ်စက်ရုံမှာ အာဇာနည်နေ့အကြို စာပေဟောပြောပွဲ သွားဟောကြခဲ့ရတာ ဒီနေ့အထိ အမှတ်တရ ရှိနေဆဲပါ ဆရာ. . .





ဟုတ်ပါတယ်၊ ဆရာသာခုနဲ့ ကျွန်တော် နှစ်ယောက်တည်း ဟောခဲ့ရတဲ့ အဲဒီ ရွာမအုတ်စက်ရုံက စာပေဟောပြောပွဲကို ဒီနေ့အထိ ကျွန်တော် အမှတ်တရ ရှိနေပါတယ်။

အဲဒီတုန်းက (၁၉၈၀) ကျွန်တော်ဟာ အပတ်စဉ်ထုတ်ဝေတဲ့ ရုပ်ရှင်သတင်းစဉ်ကို တာဝန်ယူနေရတဲ့အချိန်မို့ အဲဒီနေ့က အုတ်စက်ရုံ စာပေဟောပြောပွဲမှာ ကျွန်တော်အရင်ဟောပြီး ဆရာသာခုကို ဘာမှ မပြောဘဲ တစ်ယောက်တည်း လစ်ပြန်လာခဲ့တယ်။

နောက် နှစ်ရက်လောက်အကြာ ချယ်ရီမဂ္ဂဇင်းတိုက်မှာ ဆရာနဲ့ တွေ့တော့ ဆရာက 'မောင်ရင် အတော်ဆိုးတာပဲ၊ ဟိုနေ့က ကိုယ့်ကို တစ်ယောက်တည်းထားခဲ့ပြီး ဘာကြောင့်လစ်ပြေးတာလဲ'လို့ ကြိမ်းပါတယ်။

ကျွန်တော်က စပ်ဖြဲဖြဲနဲ့ 'ဆရာ့ကို ကြောက်လို့ လစ်ပြေးတာ ဆရာရဲ့၊ တော်ကြာ ဟောပွဲမှာ ဆရာက အနှောင့်မလွတ်၊ အသွားမလွတ်ဘဲ စကားတွေထည့်ပြောနေရင် ကျွန်တော်ပါ အချောင်ခံနေရမှာစိုးလို့' ဆိုပြီး ပြန်ပြောတော့ ဆရာက သဘောကျလွန်းလို့ 'အော်. . . ဒါလဲ ဟုတ်တာပဲ'ဆိုပြီး အားရပါးရ ပါးစပ်ကြီးဖြဲပြီး တဟဲဟဲရယ်မောတာ ခုထက်ထိ မြင်ယောင်မိပါသေးတယ်။

ဧပြီလ ၉-ရက်နေ့ ဆရာသာခုရဲ့ ဈာပနကတော့ စည်သလား မမေးနဲ့လို့ ပြောရလောက်အောင်ပါပဲ။

ဆရာသာခု့ ကိုယ်တိုင်က ဝါရင့် ရုပ်ရှင်ဆရာ၊ ဒါရိုက်တာနဲ့ သမ္မာရင့် စာရေးဆရာကြီးတစ်ဦးဖြစ်နေပြီး သားတွေအားလုံးကလည်း နာမည်ကျော် စာပေ ရုပ်ရှင်နဲ့ ဂီတ အနုပညာသမားတွေ ဖြစ်နေလေတော့ စာရေးဆရာ၊ ပန်းချီဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင် မင်းသား မင်းသမီး၊ အဆိုတော် အစရှိတဲ့ လိုင်းပေါင်းစုံက အနုပညာရှင်တွေ တော်တော်များများ လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲမှာ ရက်ပေါင်းလပေါင်းများစွာ ကွဲကွာနေပြီး မမြင်မတွေ့ရဘာ ကြာပြီဖြစ်တဲ့ ခင်မင်ရင်းနှီးသူတွေကိုလည်း မြင်ခဲ့ တွေ့ခဲ့ရပါဘယ်၊

တစ်ချိန်က အတူသွား အတူလာခဲ့ဖူးကြပြီး လူချင်းမတွေ့ ရတာ နှစ်နဲ့ချီပြီး ကြာနေပြီဖြစ်တဲ့ အဆိုတော် ကိုအံ့ကြီးကိုလည်း အဲဒီနေ့ကမှ ကွန်းကျန်းမာမာ တွေ့ရလို့ ဝမ်းသာအားရ စကားပြောခဲ့ရပါတယ်။

ဆရာသာဓုရဲ့ ဈာပနမှာ 'သာဓုအုပ်စု' ဆွေမျိုးသားချင်းတွေ ထက်ပိုပြီး လူထုရဲ့အာရုံစိုက်မှုကို ခံခဲ့ကြရသူတွေကတော့ ပန်းချီဆရာတွေ ပါပဲ။

ဘာကြောင့်လဲဆိုတော့ အဲဒီနေ့က ဈာပနမှာ ကမ်းတဲ့ ယပ်တောင်မှာ ပန်းချီမောင်ငွေထွန်း ၂၅-၃-၉၁ ရက်နေ့က (ဆရာသာဓု မဆုံးခင် ၂ ပတ်လောက်)က ဆေးရုံပေါ်မှာရေးဆွဲပေးခဲ့တဲ့ ဆရာသာဓုရဲ့ နောက်ဆုံးပုံတူကောက်ကြောင်း ပန်းချီကိုတွေ့ခဲ့ရသလို ဆရာသာဓုရဲ့ ရုပ်ကလပ် ခေါင်းရင်းဘက်မှာ ပန်းချီညိုဝင်းနဲ့ ခြေရင်းဘက်မှာ ပန်းချီ မျိုးမြင့်တို့ ဆရာသာဓုပုံတူပန်းချီကားတွေကို သားသားနားနား တွေ့ကြရလို့ ပါပဲ။

လူငယ်ပန်းချီ ဆရာနှစ်ယောက်ရဲ့ ပုံတူကားနှစ်ကားကို ယှဉ်ကြည့်လိုက်ရင် မောင်ညိုဝင်းရဲ့လက်ရာက ဂန္တဝင်မြောက်ပြီး၊ မျိုးမြင့်ရဲ့ လက်ရာကတော့ မော်ဒန်ဆန်နေတာ တွေ့ရပါတယ်။

အဲဒီနေ့က ဆရာသာဓုရဲ့ ဈာပနပို့ပြီး အိမ်ပြန်ရောက်တော့ မိုးဂျာနယ်အတွက် 'ရွာရိုးကိုးပေါက်'ရေးဖို့ စဉ်းစားမိပါတယ်။

အဲဒီလို စဉ်းစားရင်းနဲ့ ၁၉၉၀-၉၁ ခုနှစ်အတွင်း တစ်နှစ်ကျော် ကာလ ကလေးမှာ ကွန်လွန်အနိစ္စရောက်သွားခဲ့ရှာကြတဲ့ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ စတဲ့အနုပညာရှင်တွေကို စာနယ်ဇင်းတွေမှာ ရှာဖွေ





မွှေနှောက်ပြီး နှစ်ချုပ်စာရင်းလုပ်ကြည့်လိုက်တော့ အားပါးပါး တကယ့် ကြောက်ခမန်းလိလိပါပဲခင်ဗျာ။

ဟုတ်ပါရဲ့။ မနှစ်က သကြန်စာမှာ 'အနုပညာရှင်များ အပျက်အစီးများအံ့'လို့ ဟောခဲ့လေသလား မပြောတတ်ပါဘူး။

မနှစ်က ၁၉၉၀ မတ်လမှာ မိုးမိုး(အင်းလျား)ကစပြီး တစ်နှစ်ကျော်ကာလ ကလေးအတွင်း တစ်ယောက်ပြီးတစ်ယောက် အဆက်မပြတ် ကွယ်လွန်သွားရှာကြတဲ့ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီစတဲ့ အနုပညာရှင်တွေဟာ မိုးဦးကျမှာ လေပြင်းတိုက်တဲ့အခါ သရက်ပင်ပေါ်က သရက်သီးတွေ တစ်လုံးပြီးတစ်လုံး ဖုတ်ခနဲ ဖုတ်ခနဲ ကြွေကျသလို ကွယ်လွန်သွားလိုက်ကြတာများ ကြည့်ကြပါဦးဗျာ။

* မိုးမိုးအင်းလျား၊ ၄၆ နှစ်
၁၃-၃-၉၀။
* အညာတမာ၊ '၄၇ နှစ်
၁၃-၃-၉၀။
* စလင်းကျော်စွာ၊ ၆၉ နှစ်
၁-၄-၉၀။
* နှံ့သာသန်းဆွေ၊ ၅၄ နှစ်
၂-၄-၉၀။
ဦးကြီးခင်၊ ၇၆နှစ်၊ ၁၅-၄-၉၀။
* ပွင့်လန်း(သတ္တုတွင်း)၊ ၅၄ နှစ်
၁၀-၄-၉၀။
* မန္တလာမြင့်(အဆိုတော်)
၃-၅-၉၀။
ယူပီအိုင် ဦးဘသန်း၊ ၉၂ နှစ်



www.burmeseclassic.com

www.burmeseclassic.com



၁၉-၅-၉၀။
* စိုးနိုင်(မေတ္တာမိုး)၊ ၆၆ နှစ်
၂၈-၆-၉၀။
* ယုဝတီကြည်ဝေ၊ ၆၅ နှစ်
၃၀-၆-၉၀။
* ဇဂ္ဂျီအောင်ခိုး၊ ၆၇ နှစ်
၆-၇-၉၀။
* မြေငြိမ်း၊ ၂၉ နှစ်၊ ၁၄-၇-၉၀။
* ဦးသော်ဇင်၊ ၈၃ နှစ်
၁၇-၉-၉၀။
* ဆရာဇော်ဂျီ၊ ၈၄ နှစ်
၂၆-၉-၉၀။
* မြလှိုင်၊ ၇၁ နှစ်၊ ၁၄-၁၀-၉၀။
* လက်ဝဲမင်းညို၊ ၈၄ နှစ်
၂၀-၁၁-၉၀။
* မင်းနွယ်၊ ၇၉ နှစ်၊ ၂၂၊ ၁၂၊ ၉၀။
* မောင်နေဝင်း၊ ၆၁ နှစ်
၁၇-၁-၉၁။
* စောညိုစိမ့်၊ ၇၂ နှစ်၊ ၁၆-၂-၉၁။
* မလေးလုံ၊ ၅၅ နှစ် ၂၈-၂-၉၁။
* မောင်ဇော်ယု(ရှမ၀)၊ ၄၆ နှစ်
၂၃-၁၂-၉၁။
* မေမောင်သိန်း၊ ၂၆ နှစ်
၂၃-၁၁-၉၁။





* မြို့တော်သိန်းအောင်
* တင်အေးကျော် (ကသစ်ပန်)
၆၂ နှစ်၊ ၁၆-၃-၉၀
* ထွန်းညွန့်ဦး၊ ၅၅ နှစ်၊ ၂၀-၃-၉၀။
* ဆရာကြီးငွေစိုး၊ ၈၇ နှစ်၊ ၂၇-၃-၉၀။
* သာခု၊ ၇၄ နှစ်၊ ၇-၄-၉၁။

ကဲ မိုးကျဲ့နယ်က အမှတ်အရ ငုအံမြူခဲ့သော ဖော်ပြလိုက်တဲ့ ရာပနနှစ်ချုပ် စာရင်းကိုကြည့်လိုက်ရင် တစ်နှစ်အတွင်း အချိန်ကလေး အတွင်းမှာ ဆုံးရှုံးခဲ့ရတဲ့ အနုပညာရှင်တွေရဲ့ အရေအတွက်ဟာ နည်းလှ ဘူးဆိုတာ တွေ့ကြပါလိမ့်မယ်။

မိုးမိုးနဲ့စပြီး သာခုနဲ့ဆုံးသွားခဲ့တဲ့ ဒီနှစ်ချုပ်စာရင်းအရ ကျွန်တော် တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများရဲ့ ထုံးတမ်းစဉ်လာအတိုင်း အလှူအတန်း သာရေးနာရေးကိစ္စအဝဝမှာ ရေစက်ချပြီး အမျှဝေလိုက်သည့် သာခုခေါ်ပြီး ရင် အားလုံး ပွဲသိမ်းပြီလို့ သတ်မှတ်ထားကြတာရှိပါတယ်။

ဒါကြောင့် အခုလို အနုပညာရှင်တွေ တစ်ယောက်ပြီး တစ် ယောက် ကွယ်လွန်အနိစ္စရောက်သွားကြတဲ့ အဖြစ်အပျက်ကြီးဟာလည်း 'သာခု'ခေါ်ပြီးရင် နောက်ဆုံးပိတ် ပွဲသိမ်းပြီလို့ မှတ်ယူပါရစေခင်ဗျား။

ပြီးပါ



www.burmeseclassic.com

www.burmeseclassic.com

## ပဲဂူလေးနေ့မှ ပုံရွာလေးနေ့သို့

သေသေချာချာ ကြိုတင်စီစဉ်ပြင်ဆင်မထားဘဲ၊ တစ်ခါ တစ်ရံ တချို့တချို့သော အဖြစ်အပျက်တွေဟာ မမျှော်လင့်ဘဲ၊ မတော်တဆ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာတတ်တာဟာ အင်မတန် အံ့ဩစရာ ကောင်းပါတယ်။

ကျွန်တော်က ဒီလိုအစချီပြီး ရေးလိုက်တဲ့အတွက် ရွှာရိုးကိုးပေါက် ပရိသတ်တွေရဲ့စိတ်ထဲမှာ ကျွန်တော်ဟာ ရောမကြီး ကျယ်တဲ့ လောကအမြင်တစ်ခုခုသော်လည်းကောင်း အင်မတန် ခက်ခဲနက်နဲတဲ့ အဘိဓမ္မာတစ်ခုခုသော်လည်းကောင်း၊ ဒါမှမဟုတ် ထူးခြားဆန်းပြားတဲ့ ဘဝဒဿနတစ်ခုခုသော်လည်းကောင်း တင်ပြတော့မယ်လို့ ထင်ကောင်း ထင်သွားကြပါလိမ့်မယ်။

တကယ်တော့ ဒီလိုမဟုတ်ရပါဘူးခင်ဗျာ။ စာရေးဆရာမှာ အဲဒီလို လောကအမြင်တွေ အဘိဓမ္မာတွေ ဒဿနတွေနဲ့ စာဖတ်သူတွေကို ကျွန်တော် ကြီးကြီးကျယ်ကျယ် ဘယ်တော့မှ ဆရာမလုပ်တတ်ပါဘူး။ လုပ်လည်း မလုပ်ခဲ့ဖူးပါဘူး။

**တိုက်တိုက်ဆိုင်ဆိုင်**

ကျွန်တော်ပြောချင်တဲ့ မတော်တဆ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်လာတဲ့ အဖြစ်အပျက်ကလေးက မိုးဂျာနယ်မှာ ကျွန်တော် အခုရေးနေတဲ့ ရွှာရိုးကိုးပေါက် ဆောင်းပါးနဲ့ပတ်သက်လို့ပါပဲ။

တိုတိုတုတ်တုတ် လိုရင်းကိုချုပ်ပြီးပြောရရင် အရင်လက ကျွန်တော်ရေးခဲ့တဲ့ ရွှာရိုးကိုးပေါက်ဆောင်းပါးဟာ ခေါင်းစဉ်ချင်း နာမည်ချင်း





တူပေမယ့် အကြောင်းအရာချင်းကတော့ တောင်နဲ့မြောက်၊ အရှေ့နဲ့ အနောက်လို လုံးဝမတူဘဲ တစ်ခုနဲ့တစ်ခု ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ဆန့်ကျင်ကွဲပြားပြီး ခြားနားနေလို့ပါပဲ။

ဘာကြောင့်လဲဆိုတော့ မိုးဂျာနယ်ပရိသတ်များ သိပြီးဖြစ်ကြတဲ့ အတိုင်း အရင်လက ရွှာရိုးကိုးပေါက်မှာ ၁၉၉၀-၉၀ ခုနှစ်အတွင်း ကွယ်လွန် အနိစ္စရောက်သွားခဲ့ရှာကြတဲ့ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ စတဲ့ အနုပညာရှင်တွေရဲ့ နာရေးနှစ်ချုပ်ကို စာရင်းလုပ်ပြီး ရေးခဲ့ရာက [illegible]ခု ဒီလကျတော့ အဲဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အနုပညာရှင် များရဲ့ မွေးနေ့တွေအကြောင်း ရေးစရာ ဖြစ်လာလို့ပါပဲ။

တစ်နည်းပြောရရင် အရင်လက ရွှာရိုးကိုးပေါက်မှာ တစ်နှစ် အတွင်း နာရေးသတင်းတွေချည်း ရှာဖွေစုဆောင်းပြီး ရေးခဲ့ရတဲ့ ကျွန်တော် ဟာ ဒီလကျတော့ တစ်လအတွင်း ကျွန်တော် တက်ရောက်ခဲ့ရတဲ့ မွေးနေ့ အခမ်းအနား၊ မွေးနေ့ပွဲကလေးတွေချည်း ရေးစရာ ကြုံလာလို့ပါပဲ။

**တိုင်ပင်ထားသလို**

အဲဒီလို အလျင်လက 'နာရေးသတင်း'တွေချည်းရေးခဲ့ရပြီး ယခုလမှာ ကြုံကြုံဖန်ဖန် ကျွန်တော်တွေ့ခဲ့ကြုံခဲ့ရတဲ့ 'သာရေးသတင်း' တွေကို မရေးခင် အလျင်လက မိုးဂျာနယ်အမှတ်-၄ ထဲမှာပဲ တိုက်တိုက် ဆိုင်ဆိုင် ကြုံကြုံဖန်ဖန် ဖြစ်ခဲ့ရတာကလေးကို ကြားဖြတ်ပြီး ပြောချင်ပါ သေးတယ်။

အဲဒါကတော့ တခြားမဟုတ်ပါဘူး။ အလျင်လက ဆရာဇျင် အောင်ရဲ့ 'ဒါလေးများ'ဆိုတဲ့ ဆောင်းပါးနဲ့ ကျွန်တော့်ရဲ့ 'ရွှာရိုးကိုးပေါက်' ဟာ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်ထားကြသလားလို့တောင် ထင်ရ လောက်အောင် လိုင်းချင်းပူးပြီး အကြောင်းအရာချင်း သွားတူနေကြတာ ဟာ အံ့ဩစရာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တစ်နှစ်အတွင်း ကွယ်လွန်သွားခဲ့ရှာကြတဲ့ အနုပညာရှင်တွေရဲ့ စာရင်းကိုအမှတ်တရ ရှာဖွေစုဆောင်း ဖော်ပြခဲ့သလို ကျွန်တော့်ရှေ့က ဆရာဇျင်အောင်ရဲ့ ဆောင်းပါးဟာလည်း 'ဒွါဒသဟိ' တစ်ဆယ့်နှစ်နှစ်ကာလပတ်လုံး သူသိမ်းဆည်း မှတ်သားထားတဲ့ အသက် ၉၀ ကျော် ၁၀၀ ကျော် ဘိုးဘိုးဘွားဘွားတွေရဲ့ နာရေးသတင်းတွေကို ရှားရှားပါးပါး ဖော်ပြထားတာဟာ ကျွန်တော်တို့ နှစ်ယောက် အချိန်းအချက်လုပ်ပြီး ရေးလိုက်ကြလေသလားလို့တောင် ထင်မှားစရာ ဖြစ်ခဲ့ရပါတယ်။

အဲ ပြီးခဲ့တဲ့မေလအတွင်းက ကျွန်တော် တက်ရောက်ခဲ့ရတဲ့ မွေးနေ့ပွဲကလေးတွေအကြောင်း ရေးရမယ်ဆိုရင် ပထမဆုံး ဆရာဒဂုန်တာရာရဲ့ မွေးနေ့ကစပြီး ရေးရပါလိမ့်မယ်။

ဒဂုန်တာရာရဲ့ ၇၂ နှစ်မြောက်မွေးနေ့ အခမ်းအနားကို မေလ ၁၂ ရက်(တနင်္ဂနွေ)နေ့က သူနေထိုင်ရာ 'မဲဇာ'ဒေသက 'ဓမ္မသုခ'ကျောင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။

အဲဒီ 'မဲဇာ'ဆိုတာ တစ်ချိန်က စာဆိုတော် လက်ဝဲသုန္ဒရ ရောက်ခဲ့ရတဲ့ မြစ်ဖျားရောက 'မဲဇာ'မဟုတ်ပါဘူး။

မှော်ဘီမြို့ရဲ့မြောက်ဘက် သုံးမိုင်ကွာက ဘောလုံးစက်ရုံ မှာရှိတဲ့ ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်ကလေးပါ။

အဲဒီဘောလုံးစက်ရုံမှာ ဆေးမှူးအဖြစ် အမှုထမ်းနေတဲ့ သူ့တူမကလေး မြင့်မြင့်စိန်(စာရေးဆရာမသင်းမြစန္ဒီ)နဲ့ အတူလိုက် နေရာက ဒဂုန်တာရာလည်း အဲဒီဒေသကလေးကို အကြောင်းပြုပြီး 'မိမိကိုယ်ကို မဲဇာပို့ခြင်း'ဆိုတဲ့ ကဗျာတစ်ပုဒ် ရေးစပ်ခဲ့တဲ့အတွက် စာသမား၊ ကဗျာသမားတွေက အဲဒီနေရာကလေးကို 'မဲဇာ'လို့ပဲ နိမိတ်ပုံယူပြီး အသိအမှတ်ပြုထားကြပါတယ်။'





ကျွန်တော်သတိထားမိသလောက် အဲဒီမဲဇာမှာ ဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနား ကျင်းပခဲ့တာ သုံးနှစ်သုံးမိုး သုံးကြိမ် သုံးခါရှိပါပြီ။

မှတ်မှတ်ရရ ၁၉၈၉ ခုနှစ်၊ ဒဂုန်တာရာ အသက် ၇၀ ပြည့်တဲ့နှစ်က စပြီး မနှစ်က ၁၉၉၀ ခုမှာ ၇၁ နှစ်ပြည့်တဲ့ ဒုတိယအကြိမ် မွေးနေ့အခမ်းအနားနဲ့ အခု ၁၉၉၁ ခုမှာ ၇၂ နှစ်ပြည့်တဲ့ မွေးနေ့အခမ်းအနားကို တတိယအကြိမ် ကျင်းပခဲ့ကြတာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဒဂုန်တာရာနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါးလောက်ကတည်းက ခင်မင်ရင်းနှီးလာခဲ့တဲ့ စာပေအပေါင်းအသင်း ရောင်းရင်းတစ်ဦးဖြစ်တဲ့အတွက် အခု ဒဂုန်တာရာနေတဲ့ မဲဇာ(မှော်ဘီ)ကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ရောက်ခဲ့ပါတယ်။

တစ်ခါတစ်ရံ အဆင်ပြေရင် ညအိပ်ညနေ အခမ်းအနား သုံးကြိမ် သုံးခါ ကျင်းပခဲ့ရာမှာ ဒီတစ်ခါပဲ ပထမဆုံးအကြိမ်ရောက်ခဲ့ရပါတယ်။

ဒါကလည်း ဒီမွေးနေ့အခမ်းအနား စပြီးကျင်းပဖြစ်တာဟာ ဒဂုန်တာရာရဲ့ ဆန္ဒကြောင့်မဟုတ်ဘဲ၊ ရန်ကုန်မြို့ပေါ်က ဒဂုန်တာရာကို ချစ်ခင်လေးစား ယုံကြည်အားထားကြတဲ့ လူငယ်လူရွယ် ကဗျာဆရာ စာရေး ဆရာတွေက သူတို့သဘောနဲ့သူတို့ ဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနား လုပ်ကြရအောင်ဆိုပြီး ဒဂုန်တာရာ အသက် ၇၀ ပြည့်တဲ့ ၁၉၈၉ ခုနှစ်က စတင်ကျင်းပခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် သူ့မွေးနေ့မှာ ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် လုပ်တာမျိုး မဖြစ်စေချင်တဲ့အတွက် တခမ်းတနား ဖိတ်စာနဲ့ မဖိတ်စေရဘဲ၊ တစ်ယောက်ကို တစ်ယောက် အဆင့်ဆင့်အလျဉ်းသင့်သလို ပါးစပ်နဲ့ ဖိတ်ကြားပြီး ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

ဒါကြောင့် ပထမအကြိမ် ဒဂုန်တာရာ အသက် ၇၀ ပြည့်မွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပခဲ့တုန်းက ကျွန်တော်လုံးဝမသိလိုက်ရသလို၊ မနှစ်က (၁၉၉၀) ၇၁ နှစ်မြောက် ကျင်းပတဲ့အချိန်မှာ ကျွန်တော် မန္တလေး မုံရွာဘက်ကို ခရီးထွက်နေတာနဲ့ မတက်ရောက်နိုင်ခဲ့ပါဘူး။

**၇၂ နှစ်မြောက်မွေးနေ့**

အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်ဟာ ဒီတစ်နှစ်ကျော်ကျော်နှစ်နှစ်ကာလအတွင်းမှာ ခရီးယာယီ တော်တော်များများ သွားခဲ့တာမို့ ဒဂုန်တာရာရဲ့ မဲဇာကို မရောက်ဖြစ်တာ တော်တော်ကြာပါပြီ။

တိတိကျကျ မှတ်မှတ်ရရပြောရရင် ၁၉၈၉ ခု ဩဂုတ်လအတွင်းက မဲဇာကို တစ်ခါတစ်ခေါက်မှ မရောက်ဘူးတဲ့ ခင်နှင်းယုကို လိုက်ပို့ရင်းနဲ့ ဒဂုန်တာရာဆီကို ရောက်ခဲ့ရပြီး၊ အဲဒီနောက် တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးလောက် လုံးဝမရောက်တော့ဘဲ၊ အခု ၇၂ နှစ်မြောက်မွေးနေ့ကျမှ ရောက်တော့တာပါပဲ။

ဒီနှစ် ဒဂုန်တာရာရဲ့ မွေးနေ့ အခမ်းအနားဟာ အရင့် အရင်နှစ်တွေကထက်ပိုပြီး စည်ကားတယ်လို့ သိရပါတယ်။

ရန်ကုန်အင်းစိန်တစ်ဝိုက်က စာသမား ကဗျာသမားတွေ အပြင် မြစ်ဝကျွန်းပေါ် တောင်ငူနဲ့ ပျဉ်းမနားက စာပေရဲဘော်များနဲ့ အလှမ်းဝေးတဲ့ မန္တလေးက မေမောင်၊ မကို၊ မေသျှိသျှား (ရွှေဝတ်ရည်)စတဲ့ အမျိုးသမီး စာရေးဆရာမတွေပါ မမျှော်လင့်ဘဲ တက်ရောက်လာကြတာ တွေ့ရပါတယ်။

မဲဇာဒေသနဲ့ မလှမ်းမကမ်း ရန်ကုန် ပြည်လမ်းမကြီးဘေးက ခမ္မသုခကျောင်းပေါ်မှာ ပရိသတ်တစ်ရာနီးပါးနဲ့ စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းပါပဲ။

အဲဒီပွဲမှာ စကားပြောခဲ့ကြရတဲ့ သူတွေကတော့ မွေးနေ့ရှင်ဖြစ်တဲ့ ဒဂုန်တာရာနဲ့ မြသန်းတင့်၊ ကျွန်တော် ပြီးတော့ ခင်ဆွေဦးတို့ပါပဲ။





အခမ်းအနားမှူးအဖြစ်နှင့်ကတော့ ၃၃ လမ်း လေထန်တုန်းနှင့် ရန်ကုန်မြို့လယ်တစ်ဝိုက်က မဂ္ဂဇင်းတိုက်တွေမှာ မကြာခဏမြင်တွေ့နေကြရတဲ့ စမ်းစမ်းတင်က ဆောင်ရွက်ပါတယ်။

**လက်ဆောင်ပေးအပ်**

အဲဒီအခမ်းအနားမှာ ထူးခြားတယ်လို့ဆိုရမယ့် အစီအစဉ်ကလေးတွေကတော့ မေလထုတ် ပိတောက်ပွင့်သစ် မဂ္ဂဇင်းထဲက 'ဟိုအဝေးဆီမှာ'ဆိုတဲ့ ဝတ္ထုတိုအတွက် မင်းသစ်က ချီးမြှင့်တဲ့ မုဒိတာစာပေဆု တစ်ထောင်ကျပ် (၁၀၀၀ိ/-)ကို လက်ခံရရှိခဲ့တဲ့ နီဇော်က ဆရာဒဂုန်တာရာကို မွေးနေ့လက်ဆောင်အဖြစ်ထပ်ဆင့် ကန်တော့ခဲ့တာပါပဲ။

ပြီးတော့ ဘိုကလေးက တကူးတကန့်တက်ရောက်လာတဲ့ လူငယ်ပန်းချီဆရာ မောင်လေးအောင်က သူကိုယ်တိုင်ရေးဆွဲထားတဲ့ ဒဂုန်တာရာရဲ့ ပုံတူပန်းချီကားကြီးကို အမှတ်တရအဖြစ် မွေးနေ့လက်ဆောင်ပေးအပ်တဲ့ အစီအစဉ်ပါပဲ။

အဲဒါအပြင် မန္တလေးက စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)နှင့် မြစ်ဝကျွန်းပေါ်က ကဗျာဆရာ အောင်ဝေးတို့ ပေးပို့ခဲ့ကြသည့် မွေးနေ့ဂုဏ်ပြုကဗျာတွေကိုလည်း မြမြင့်မိုရ်က ကိုယ်စား ဖတ်ကြားခဲ့ကြပါတယ်။

အဲဒီအစီအစဉ်တွေကြားထဲက မှတ်မှတ်သားသားဖြစ်ခဲ့ ရတာကတော့ 'ကျွန်တော့်အနေနဲ့ ဒဂုန်တာရာကို စကားပြေဆရာလို့ အသိအမှတ် မပြုနိုင်ပါဘူး'ဆိုတဲ့ မြသန်းတင့်ရဲ့စကားနှင့် ဒဂုန်တာရာရဲ့ ရုပ်ပုံလွှာစာအုပ်ဟာ စကားပြေအရေးအသားမှာ စံထားရမယ့် စာအုပ်တစ်အုပ်ပါပဲဆိုတဲ့ ကျွန်တော့်ရဲ့ ပြောကြားချက်ပါပဲ။

အဖြူနှင့်အမည်းလို ကွဲပြားဆန့်ကျင်နေသည့် မြသန်းတင့်နှင့် လင်းယုန်မောင်မောင်တို့ရဲ့ စကားတွေကို အဲဒီနေ့က ကြားခဲ့ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကဗျာသမား၊ စာသမားတွေအတွက် 'ဘာဖြစ်ကြတာလဲ'လို့ တွေးစရာ မေးစရာ ဖြစ်ပေလိမ့်မယ်။

ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ ဟိုး. . . လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က ကျွန်တော်တို့ သုံးယောက် (ဒဂုန်တာရာ၊ မြသန်းတင့်နှင့် လင်းယုန်မောင်မောင်) မကြာခဏတွေ့ဆုံပြီး ငြင်းခုံ ဆွေးနွေးခဲ့ကြသလို၊ အခု ဒဂုန်တာရာရဲ့ ၇၂ နှစ်မြောက်မွေးနေ့မှာ သုံးယောက်သားပြန်လည်တွေ့ဆုံပြီး ငြင်းခုံဆွေးနွေးခဲ့ရသည့်အတွက် အတိုင်းမသိ ပီတိဖြစ်မိပါတယ်။

**မုံရွာသို့**

အဲဒီလို ရန်ကုန်နှင့် မိုင် ၃၀ ကျော်ဝေးသည့် မဲဇာဒေသက ဒဂုန်တာရာရဲ့ မွေးနေ့ကို မေလ ၁၂ ရက်နေ့က တက်ရောက်ခဲ့ပြီး သုံးရက်အကြာ မေလ ၁၅ ရက်နေ့မှာ ကျွန်တော်ဟာ ရန်ကုန်နှင့် မိုင် ၅၀၀ လောက်ကွာဝေးသည့် အထက်အညာ မုံရွာမြို့က ပန်းချီဆရာကြီး ဦးလူတင်ရဲ့ မွေးနေ့အခမ်းအနားကို အပြေးအလွှား တက်ရောက်ခဲ့ရပါတယ်။

အဲဒီမွေးနေ့ အခမ်းအနားကို တက်ရောက်ခဲ့ရာမှာ ကျွန်တော်တစ်ယောက်တည်းမဟုတ်ဘဲ၊ ရန်ကုန်က ပန်းချီဆရာများ ဖြစ်ကြသည့် မောင်ညိုဝင်း၊ မောင်ကျော်သောင်းနှင့် မင်းဝေအောင်တို့ ဇနီး မောင်နှံအပြင် သားကြီးဇေယျနှင့် ဆရာမဒေါ်မာလာတို့ပါ စုစုပေါင်း ၇ ယောက်ကြီးများတောင် လိုက်ပါလာခဲ့ကြပါတယ်။

အဲဒီမှာ ကျွန်တော်ဟာ စာရေးဆရာတစ်ယောက် အဖြစ်နှင့်သာမဟုတ်ဘဲ၊ ဆရာဦးလူတင်ရဲ့ ဖိတ်စာအရ မိုးဂျာနယ်ရဲ့ ကိုယ်စားလှယ်အဖြစ်ပါ မုံရွာမွေးနေ့ပွဲကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။

မဲဇာက ဒဂုန်တာရာရဲ့မွေးနေ့ဟာ စည်ကားသိုက်မြိုက်သလို





မုံရွာက ဆရာဦးလူတင်ရဲ့ မွေးနေ့ဟာလည်း ထူးခြားလှပတယ်လို့ ဆိုရပါမယ်။

ထူးခြားတာကတော့ ဒီမွေးနေ့ဟာ သာမန်ရိုးရိုးကျင်းပတာမဟုတ်ဘဲ၊ ပန်းချီဆရာကြီးဦးလူတင်က သူ့အသက် ၆၀ ပြည့်သည့် အထိမ်းအမှတ်နှင့် သူကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီကား ၆၀ကို ပြပွဲလုပ်ပြီး' ခင်းကျင်းပြသခဲ့လို့ပါပဲ။

ဒီလိုမွေးနေ့ အခမ်းအနားနဲ့ ယှဉ်တွဲပြီး ပန်းချီပြပွဲကျင်းပတာဟာ ကျွန်တော်ကြားဖူး ကြုံဖူးသလောက် ဒါပထမအကြိမ်လို့ပဲ ဆိုရပါမယ်။

ပြီးတော့ အသက် ၆၀ ပြည့်မွေးနေ့မှာ ပန်းချီကား ၆၀ကို ပြပွဲကျင်းပပြသခဲ့ရာမှာ အဲဒီပြပွဲကို 'ဂါထာ ၆၀'ပန်းချီပြပွဲလို့ အမည်ပေးပြီး၊ အဲဒီ ပန်းချီပြခန်းကို 'အလင်းအိမ်' (Vision House) ပန်းချီပြခန်းလို့ အမည်ပေးထားခဲ့တာလည်း အင်မတန်လှပြီး ရသမြောက်လှပါတယ်။

**ပန်းချီပြခန်း**

ဆရာဦးလူတင်ရဲ့ မွေးနေ့နဲ့ ပန်းချီပြပွဲမှာ အခမ်းအနားမှူးအဖြစ်မုံရွာခရိုင်းတွင်း ရေကြည် ပန်းချီအဖွဲ့ဝင် တစ်ဦးဖြစ်တဲ့ ပန်းချီကိုအောင်မောင်းက ဆောင်ရွက်ပြီး ပထမဆုံး 'အလင်းအိမ်' ပန်းချီ ပြခန်းဆိုင်းဘုတ်ကို ကျွန်တော်ပဲ တင်ပေးရပါတယ်။

အဲဒီနောက် ဆားလှင်းကြီး တောင်ပေါ်ကျောင်းဆရာတော်ရေးစပ်သီကုံးတဲ့ မွေးနေ့မင်္ဂလာ ဂုဏ်ပြုတေးထပ်ကို ဂီတစာဆိုဦးသက်ထွန်းက ဖတ်ကြားပြီး မွေးနေ့ရှင် ဆရာဦးလူတင်က အမှာစကားပြောကြားပါတယ်။

ပြီးတော့မှ ရန်ကုန်မြို့ ပန်းပညာရှင် အစည်းအရုံးက ပေးပို့တဲ့သဝဏ်လွှာကို ဖတ်ကြားပြီး ကျွန်တော်နဲ့ ပန်းချီ မောင်ညိုဝင်းတို့က ဂုဏ်ပြုစကား ပြောကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ရန်ကုန်က ပန်းချီဝသုန်ပါးလိုက်တဲ့စာကို ပန်းချီကျော်သောင်းက ဖတ်ပြပြီး ချင်းတွင်းရေကြည်အဖွဲ့မှတင် အောင်ထိုက်က မုံရွာစာပေသမားများကိုယ်စား အမှာစကားပြောကြားပါတယ်။

အဲဒီနေ့ မနက်က အခမ်းအနားအပြီးမှာ ပရိသတ်ကို ကျွေးမွေးတဲ့ အညာထမင်း အညာဟင်းကတော့ စားလို့ကောင်းသလား မမေးနဲ့၊ မုံရွာက စာဆိုရှင် လယ်ဇင်းဦးသိန်းဖေ ပြောတဲ့အတိုင်း 'အလင်းအိမ်မှာ ထမင်းမြိန်လိုက်ပုံကတော့ တင်းမတိမ်နိုင်အောင်'ပါပဲ။

**မိုးကျာနယ်မိသားစု**

အဲဒီလို မော်ဘီမွေးနေ့နဲ့ အထက်အညာ မုံရွာမွေးနေ့အတွက် ပြန်လာလို့ ရန်ကုန်ရောက်ရောက်ချင်း မေလ ၂၆ ရက်နေ့မှာ နောက်ထပ်မွေးနေ့တစ်ခုနဲ့ ပက်ပင်းတိုးပြန်တော့တာပါပဲ။

အဲဒီမွေးနေ့က တခြားဟုတ်ပါရိုးလား။ ကျွန်တော်တို့ မိုးကျာနယ်က အုပ်ချုပ်ရေးမှူး မနီလာရဲ့ ၃၆ နှစ်မြောက် မွေးနေ့ပါပဲ။

ဒါကြောင့် အဲဒီနေ့ကလည်း အဲဒီမွေးနေ့မှာ မိုးမိသားစု၊ မိုးအယ်ဒီတာအဖွဲ့များနဲ့ လက်ရည်တစ်ပြင်တည်း ပျော်ပျော်ပါးပါး စားသောက်ခဲ့ရပါသေးတယ်။

ဘာပဲဖြစ်ဖြစ် အခုလို တစ်လလုံး ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် မွေးနေ့တွေ တစ်ခုပြီးတစ်ခု ကြုံတွေ့ ဆင်နွှဲခဲ့ရတဲ့ အဖြစ်ကို အံ့သြရင်းနဲ့ပဲ စေတနာဗရပွနဲ့ ကျွေးမွေးပြုစုခဲ့ကြတဲ့ မွေးနေ့ရှင် အပေါင်းအသက်ရာကျော်ရှည်စေကြောင်း ဆုမွန်ကောင်း တောင်း လိုက်ရပါတယ်။

မြတ်ရှင်စော ဩကာသ ဩကာသ။



## ရွာရိုးကိုးပေါက်-၂

လွန်ခဲ့တဲ့ ဆယ်ရက်လောက်က (ဌွန်လဒုတိယပတ်အတွင်း) တောင်ကြီးမှာနေတဲ့ ကျွန်တော်တို့ရဲ့ နာယကကြီး ဆရာငွေဥဒေါင်းဆီက ကျွန်တော့်ထံကို မိုးကျာနယ်က တစ်ဆင့် စာတစ်စောင်ရောက်လာပါတယ်။ သူ့စာကို သူက ဒီလိုအစချီပြီး ရေးလိုက်ပါတယ်။

'ဥက္ကဋ္ဌကြီး'

"ထန်းသမား စားဖို့ ထန်းနို့က ဖြစ်လာတယ်ဆိုတဲ့စကားလို 'ရွာရိုးကိုးပေါက်'ရောက်တတ်ရာရာတွေ ရေးဖို့ ထန်းနို့တွေက အဆင်သင့်ဖြစ်ဖြစ်ပေးနေတာတွေ့ရလို့ ဝမ်းသာပါတယ်"တဲ့. . .

ဆရာ ငွေဥဒေါင်းဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ နေရာတကာရောက်ပြီး လူတကာနဲ့တွေ့နေတဲ့ ကျွန်တော့်အတွက် 'ရွာရိုး ကိုးပေါက်'မှာ ရေးစရာတွေ အမြဲတမ်းအဆင်သင့်ဖြစ်နေတာကို ရည်ညွှန်းတဲ့သဘောပါပဲ။

သူပြောတာ မှန်လည်းမှန်ပါတယ်၊ နေ့စဉ်နေ့တိုင်း အမြဲလိုလို ဟိုနေရာသည်နေရာတွေ ရောက်တတ်ပြီး ဟိုလူသည်လူတွေနဲ့ တွေ့နေရတဲ့ ကျွန်တော့်အတွက် မိုးကျာနယ်မှာ 'ရွာရိုးကိုးပေါက်'ကို လစဉ်ရေးသွားဖို့ ရေးစရာ အကြောင်းအရာ အချက်အလက်တွေဟာ တစ်လပြီးတစ်လ ရေးလို့ မကုန်အောင် တပုံတပင်ကြီး ရှိနေတာ အမှန်ပါပဲ၊ ဒီနေ့အထိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေးခဲ့သမျှ 'ရွှာရိုးကိုးပေါက်'ကို စောင့်ဖတ်နေကြတဲ့ မိုးဂျာနယ် ပရိသတ်အနေနဲ့ ဆရာ ငွေဥဒေါင်းရဲ့ **'ထန်းသမားနဲ့ထန်းနို့'** ဥပမာကို နားလည်သဘောပေါက်ပြီး ထောက်ခံကြမှာ သေချာပါတယ်။

ဒီနေရာမှာ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့နေရတာမို့ ဆရာငွေဥဒေါင်းရဲ့ သုံးသပ်ချက်ကို ရိုးရိုးတောင် မဟုတ်ဘဲ 'လေးဘက်ပစ်ပြီး' ထောက်ခံရမှာပါ။

ဘာကြောင့်လဲဆိုတော့ အခုပဲကြည့်လေ အရင်လတွေတုန်းက 'ရွှာရိုးကိုးပေါက်'အရပ်တကာရောက်ပြီး လူတကာနဲ့ တွေ့ခဲ့ကြုံခဲ့ ဆုံခဲ့သမျှတွေ ရေးခဲ့သားခဲ့သလို ဒီလမှာလည်း ပေတစ်ရာက မြင်ခဲ့ တွေ့ခဲ့ ကြုံခဲ့ ကြားခဲ့သမျှ ရေးပြရမယ်ဆိုရင် ရေးစရာတွေ တသီတတန်းနဲ့ စီတန်းနေတာပါပဲ။

ဥပမာဆိုပါတော့ ဒီတစ်လအတွင်း စာပေပညာရှင်ကြီး တစ်ဦးဖြစ်တဲ့ ဆရာကြီး ဒဂုန်ဦးစန်းငွေတစ်ယောက် ၈၃ နှစ်အရွယ် သက်ကြီးရွယ်အိုဘဝမှာ အသည်းအသန် မမာမကျန်းဖြစ်နေလို့ အမှတ်(၂)စစ်ဆေးရုံကို နှစ်ခေါက်၊ တောင်ဥက္ကလာ မင်းရဲကျော်စွာလမ်းက ဆရာကြီးအိမ်ကို နှစ်ခေါက်ရောက်ခဲ့တဲ့ အကြောင်းကို ရေးရမလား။

ဒါမှမဟုတ် ကွယ်လွန်သူ စာရေးဆရာသခင်မြသန်းရဲ့ ၁၅ နှစ်မြောက် အထိမ်းအမှတ် ဆွမ်းကျွေးတရားနာကို ရောက်သွားရာက ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်ကျော်(လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်)လောက်က သခင်မြသန်းနဲ့ ကျွန်တော် မန္တလေး ထောင်ထဲမှာ ပုဒ်မ ၅ အကျဉ်းသားဘဝနဲ့ အတူနေခဲ့ရတာတွေ ရေးမလား၊ သူရေးခဲ့တဲ့ အထင်ရှားဆုံးနဲ့ ရုပ်ရှင်ပိတ်ကားပေါ် အများဆုံး ရောက်ခဲ့တဲ့ ဘဝသရုပ်ဖော်ဝတ္ထုတွေ အကြောင်း ရေးမလား၊ မှတ်မှတ်ရရ လွန်ခဲ့တဲ့ ၁၅ နှစ် (၉-၆-၇၆)က မြောက်ဥက္ကလာမှာ သခင်မြသန်းရဲ့ ဈာပနကို ကျွန်တော်တို့ စာရေးဆရာတွေ တစ်စုတစ်





ဝေးကြီး လိုက်ပို့ခဲ့ကြတာတွေ ရေးမလား။

ဒါမှမဟုတ် မနေ့တစ်နေ့ကပဲ မိုးဂျာနယ် အယ်ဒီတာချုပ် သခင်အောင်ဖေနဲ့အတူ အင်းစိန်ပေါက်တောမှာ 'အိမ်တစ်ဆောင် မီးတပြောင်' ဖြစ်နေတဲ့ ဆရာဦးထင်ဖဲတ်(မောင်ထင်)အိမ်ကို ရောက်သွားကြပြီး ရှေးဖြစ်ဟောင်း သောင်းပြောင်းတွေ လာပြောကြရင်း တစ်ခါတုန်းက ကမ်းနားလမ်း စထရင်းဟိုတယ်က မဂ်လာဆောင် တစ်ခုမှာ ကျွန်တော်က မင်္ဂလာအခမ်းအနားမှူးလုပ်ပြီး ဆရာ မောင်ထင်က မင်္ဂလာဘိသိက်စကားပြောခဲ့တာတွေ ရေးမလား။

ဒါမှမဟုတ် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ဆရာသုခရဲ့ ဖိတ်ကြားချက်အရ ကျိုက်လတ်အမျိုးသားနေ့ စာပေဟောပြောပွဲကို ကျွန်တော်တို့ နှစ်ယောက်သား လိုက်သွားကြရင်း ကျိုက်လတ် ဘိုတဲပေါ်မှာ သန်းကောင်ကျော် လင်းအားကြီးအထိ ဆရာသုခ၊ ဆရာ မောင်ထင်နဲ့ ကျွန်တော်တို့ သုံးယောက်တစ်ညလုံးမအိပ်ဘဲ။ စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ခဲ့ကြတာတွေ ရေးမလား၊ ရေးစရာတွေ များလိုက်ပုံကတော့ 'ချစ်သမျှကို' ပတ်ပျိုးထဲက 'ချစ်လို့ရယ်တဲ့ မကုန်'ဆိုတဲ့ စာသားလို 'ရေးလို့ရယ်တဲ့မကုန်၊ ဝသုန်ဤမြေ သိကြားစေ သက်သေညွှန်း'ရမလောက်ပါပဲ။

ဒါပေမယ့်ပေါ့လေ၊ ဒီတစ်လမှာတော့ ကျွန်တော်အဓိက ဝိသေသပြုပြီး ရေးချင်တာကတော့ အဲဒီ 'ရွှာရိုးကိုးပေါက်'ထဲက တစ်ယောက်တည်းအကြောင်း၊ တစ်ယောက်တည်းအကြောင်းပါပဲ။

အဲဒီ တစ်ယောက်က တခြားသူမဟုတ်ပါဘူး။ ဒေါက်တာသန်းထွန်းအကြောင်းပါပဲ။ —

ဒေါက်တာ သန်းထွန်းနဲ့ ကျွန်တော်ဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅ နှစ်လောက် (၁၉၄၆-၄၇)ကတည်းက ရန်ကုန်တက္ကသိုလ်မှာ အဲဒီတုန်းက 'ဗကသ'လို့ အတိုကောက်ခေါ်ခဲ့ကြတဲ့ 'ဗမာနိုင်ငံလုံးဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားသမဂ္ဂမှာ သူကဥက္ကဋ္ဌ၊ ကျွန်တော်က အမှုဆောင် အဖွဲ့ဝင် အဖြစ်နှင့် စတင်ပြီး ခင်မင်ရင်းနှီးခဲ့ကြပါတယ်။

အဲဒီနောက် သူက ဘီလပ်ကို ပညာတောင်သင်အဖြစ်နှင့် ရောက်သွားခဲ့သလို၊ ကျွန်တော်လည်း တောထဲ တောင်ထဲ ရောက်သွားပြီး တစ်ယောက်နှင့် တစ်ယောက် ၁၀ နှစ်လောက် ကင်းကွာ သွားခဲ့ကြပါတယ်။

ဒီလိုနှင့် ၁၉၆၀ ပြည့်နှစ်ကျော်လာခဲ့ပြီး "နရသိန်" ထောင်ထဲက လွတ်လာခဲ့လို့ ရန်ကုန်နေပြည်တော်ရဲ့ နိုင်လွန်ကတ္တရာ လမ်းမကြီးပေါ်မှာ စာရေးဆရာပေါက်စ 'လင်းယုန်မောင်မောင်' ဘဝ ရောက်လာတဲ့အခါ သူကလည်း အောက်စဖို့တက္ကသိုလ်က ပီအိတ်ချ်ဒီ (Ph.D) ဘွဲ့ရလာခဲ့ပြီး၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း ဘဝနှင့် ကျွန်တော်တို့ နှစ်ယောက် ပြန်လည်ဆုံစည်းခဲ့ကြရပါတယ်။

အဲဒီအချိန်ကတည်းက စာပေနယ်မှာ အယ်ဒီတာစာရေး ဆရာ ဘဝနှင့် ကျွန်တော်ဟာ ကွယ်လွန်သူ နံ့သာသန်းဆွေရဲ့ ပုံနှိပ်တိုက်မှာ မန္တလေးက ကွယ်လွန်သူ မြကန်သာ ကိုနေနွယ်နှင့်တွဲပြီး ဒေါက်တာ သန်းထွန်းရဲ့ 'နယ်လှည့်ရာဇဝင်' ၁၊ ၂၊ ၃ နှင့် 'အသစ်မြင် ဗမာ့သမိုင်း' စာအုပ်တွေ ပုံနှိပ်ထုတ်ဝေရာမှာ တတ်အားသမျှ ဝိုင်းဝန်းပံ့ပိုးခဲ့ရပါတယ်။

အဲဒီအချိန်က မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခတာဝန် ယူနေရသည့် ဒေါက်တာသန်းထွန်းဆီကို ရံဖန်ရံခါ ကျွန်တော် မန္တလေး ရောက်သည့်အခါ ဝင်ထွက်သွားလာခဲ့သလို၊ ရန်ကုန် ဆင်းလာသည့်အခါ မှာလည်း သူတည်းနေကျ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင်ကို ကျွန် တော် မကြာခဏ ရောက်ခဲ့ရပါတယ်။

ဒေါက်တာသန်းထွန်းနှင့် အဲဒီလိုရေစက်ဆုံခဲ့ရသည့် ကျွန်တော် ဟာ ဒေါက်တာသန်းထွန်း မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခဘဝက





ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်ကို ဧည့်သည်တော်ပညာရှင် (Visiting Scholar) အဖြစ်နှင့် ပြောင်းရွှေ့တာဝန်ယူခါနီး ၁၉၈၀ ခုနှစ်က မန္တလေးမှာ လုပ်ဖော် ကိုင်ဖက် ဆရာဆရာမတွေနှင့် တပည့်ကျောင်းသူကျောင်းသား၊ မိတ်ဆွေ စာပေသမားတွေက ကြီးမှူး ကျင်းပခဲ့ကြသည့် ဂုဏ်ပြုနှုတ်ဆက်ပွဲကိုတောင် ကျွန်တော် အမှတ်တရ တက်ရောက်ခဲ့ရပါသေးတယ်။

အဲဒီနောက် ဒေါက်တာသန်းထွန်းနှင့် ကျွန်တော်ဟာ နောက် တစ်ကြိမ် ၉ နှစ်ကျော် ၁၀ နှစ်နီးပါးလောက် ကွဲသွားခဲ့ကြပြီးမှ လွန်ခဲ့တဲ့ ၁၉၉၁-ခု မတ်လအတွင်းက တောင်လေးလုံး ဆရာတော် ကိုပညာ (အမရပူရ) ရန်ကုန်ကြွလာခိုက်မှာ ရေစက်မကုန်သေးသည့် ကျွန်တော်တို့ နှစ်ယောက် ပြန်လည်ဆုံတွေ့ခဲ့ကြပြန်ပါတယ်။

ခုဆိုရင် ကျွန်တော်ဟာ ဒေါက်တာသန်းထွန်းအိမ်ကို တစ်လ တစ်ခေါက် နှစ်ခေါက် မှန်မှန်ရောက်ခဲ့ပါတယ်။

ဒီလိုရောက်ခဲ့ရတာကလည်း အကြောင်းမဲ့ မဟုတ်ပါဘူး။

စာအုပ်ကိစ္စ၊ စာပေကိစ္စနှင့် ရောက်ခဲ့ရတာပါ။

အဲဒါနှင့်ပတ်သက်လို့ အကြောင်းက ဒီလိုရှိပါတယ်။

ဆရာတော်ကိုပညာ (အမရပူရ)ကို အကြောင်းပြုပြီး၊ ဒေါက်တာ သန်းထွန်းနှင့် ရန်ကုန်မှာ ပထမဆုံးအကြိမ် ပြန်တွေ့ကြတုန်းက နှစ် ယောက်သား စကားလက်ဆုံကျခဲ့ရာမှာ 'ကျွန်တော်လည်း ခုလောလော ဆယ် ဘာမှအလုပ် မဖြစ်သေးတာနဲ့ ဝတ္ထုတွေ ထိုင်ရေးနေတယ်'လို့ ဆရာက ပြောပါတယ်။

ကျွန်တော်လည်း ဆရာ့စကားကို ကြားလိုက်ရတော့ ရုတ်တရက် အံ့အားသင့်သွားမိပါတယ်။

ဆရာ့လို ပါမောက္ခကြီးတစ်ယောက်က ဝတ္ထုတွေရေးနေတယ် ဆိုတော့ ဘယ်လိုဝတ္ထုတွေများ ရေးနေပါလိမ့်ဆိုပြီး အကျိုးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်သော့မှ ဆရာရေးနေတဲ့ ဝတ္ထုတွေဟာ စိတ်ကူးယဉ်ဝတ္ထုလည်း မဟုတ် ကာလပေါ် ဘဝသရုပ်ဖော် ဝတ္ထုတွေလည်း မဟုတ်။

ဆရာ့ဆီမှာ တစ်နံတစ်လျားက ရှာဖွေစုဆောင်းထားတဲ့ ကျောက်စာတွေကိုဖတ်ပြီး၊ အဲဒီကျောက်စာတွေထဲက အကြောင်းအရာ အဖြစ်အပျက်တွေကို ဝတ္ထုပုံစံနဲ့ ပြန်ရေးထားတယ်ဆိုတာ သိရပါတယ်။

ပြီးတော့ ဆရာက ဒီဝတ္ထုတွေကို မြန်မာလိုမဟုတ်ဘဲ၊ အင်္ဂလိပ်လို ရေးထားတယ်ဆိုတာ သိရပါတယ်။

ဒါနဲ့ ဆရာရဲ့အင်္ဂလိပ်စာ အရေးအသားနဲ့ သမိုင်းနောက်ခံကျောက်စာထဲက ဖြစ်ရပ်မှန် ဝတ္ထုတွေကို ဒီနေ့အင်္ဂလိပ်စာ အထူးတလည် လိုက်စားနေကြတဲ့ ကျောင်းသားလူငယ်တွေနဲ့ အင်္ဂလိပ်စာတတ် လူရွယ်လူလတ်လူကြီးတွေပါ ဖတ်ရအောင်ဆိုပြီး လောလောဆယ် ပုံနှိပ်ထုတ်ဝေနေကြတဲ့ အင်္ဂလိပ်စာစောင်တွေထဲမှာ ထိပ်ဆုံးက ရောက်နေတဲ့ English For All စာစောင်မှာ လစဉ်ပါအောင် ကျွန်တော်ကိုယ်တိုင် ဆောင်ရွက်ဆက်သွယ်ပေးခဲ့ပါတယ်။

ဒါကြောင့် အခုဆိုရင် အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ ဆရာဒေါက်တာသန်းထွန်းရဲ့ ကျောက်စာနောက်ခံ ဝတ္ထုတိုကလေးတွေကို English For All စာစောင်မှာ လစဉ်ဖော်ပြခဲ့တာ သုံးလေးလရှိပါပြီ။

ဒီနေရာမှာ ဒေါက်တာသန်းထွန်းနဲ့ပတ်သက်လို့ အထူးဝိသေသထားပြီး ပြောရမယ့်အချက်ကတော့ စာအုပ်စာပေမှန်သမျှကို တန်ဖိုးထားပြီး၊ ကြိုးစားရှာဖွေခဲ့သလောက် မရေမတွက်နိုင်အောင် များပြားလှတဲ့ ဒီစာအုပ်တွေကို အမြတ်တနိုးသိမ်းထားတဲ့ အကြောင်းပါပဲ။

ဒါနဲ့ပတ်သက်လို့ English For All စာစောင်က အယ်ဒီတာ မောင်ဝင်းတင်ဟာ ဆရာဒေါက်တာသန်းထွန်းဆီမှာ 'နယ်လှည့်ရာဇဝင် အမှတ်(၄)' စာမူ အဆင်သင့် ရေးပြီးသားရှိတယ် ဆိုတာသိရလို့ စာအုပ်





အဖြစ် ပုံနှိပ်ဖို့ ဆရာ့ကို ကျွန်တော်ကတစ်ဆင့် စာမူတောင်းပါတယ်။

ဒါပေမယ့် ဆရာဟာ ဂျပန်သွားခါနီးမှာ သူ့စာအုပ်တွေ အားလုံးကို ဂုန်နီအိတ်တွေနဲ့ထည့်ပြီး မန္တလေးမှာသိမ်းထားခဲ့ရာက အခုမြန်မာပြည်ရောက်တော့ အဲဒီ 'နယ်လှည့်ရာဇဝင်(၄)'စာမူဟာ ဘယ်ဂုန်နီအိတ်ထဲ ရောက်နေမှန်းမသိရလို့ ရုတ်တရက် ရှာမတွေ့ဘဲ ဖြစ်နေပါတယ်။ ဒီလို ရုတ်တရက် ရှာမတွေ့ရလောက်အောင် ဆရာ့ စာအုပ်တွေထည့်ထားတဲ့ ဂုန်နီအိတ်တွေက ဘယ်နှစ်အိတ်များ ရှိနေလို့တုန်းလို့ သွားမဲမေးလိုက်နဲ့၊ စုစုပေါင်း ဂုန်နီအိတ် ၁၃၄ လုံး ရှိတယ်ခင်ဗျ။

အဲဒီစာအုပ်တွေထည့်ထားတဲ့ ဂုန်နီအိတ် ၁၃၄ လုံးထဲက ကားတစ်စီးကို ငွေ ၃၀၀၀နဲ့ငှားပြီး မန္တလေးက ရန်ကုန်ကို နိုင်သလောက်သယ်ခဲ့တာတောင် နောက်ထပ်သယ်စရာ ကား ၂စီး တိုက်လောက် မန္တလေးမှာ ကျန်နေသေးတယ်လို့ သိရပါတယ်။

ကျွန်တော် တင်ပြချင်တဲ့ ဆရာဒေါက်တာသန်းထွန်းရဲ့ ထူးခြားတဲ့ ဒုတိယဝိသေသကတော့ တခြားမဟုတ်ပါဘူး။

အဲသလောက် စာအုပ်တွေကို မရေမတွက်နိုင်အောင် တောင်ပုံရာပုံ စုဆောင်းနိုင်ခဲ့တာနဲ့အမျှ အချိန်ရှိသရွေ့ အချိန်ရသရွေ့ စာပေကို ဖောက်ချပြီး ရေးသားပြုစုနိုင်စွမ်းရှိတဲ့ အချက်ပါပဲ။

မြန်မာနိုင်ငံမှာရှိစဉ်က သမိုင်းပါမောက္ခတာဝန်ကို ထမ်းရွက်ရင်း စာအုပ်စာပေတွေ အများအပြား ရေးသားပြုစုခဲ့သလို ဂျပန်နိုင်ငံ ကျိုတိုယူနီတစတီမှာ အမှုထမ်းခဲ့ရစဉ်ကလည်း နိုင်ငံခြား စာနယ်ဇင်းတွေမှာ စာတမ်းတွေ ဆောင်းပါးတွေ အဆက်မပြတ် ရေးသားပေးပို့ခဲ့ပါတယ်။

ကျွန်တော် သိရသလောက် ဂျပန်မှာရှိနေစဉ်အတွင်း ဆရာဟာ မြန်မာနိုင်ငံရဲ့ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ဆောင်းပါးတွေ၊ ယဉ်ကျေးမှုနဲ့ သမိုင်းဆိုင်ရာ စာတမ်းတွေ အများအပြား (အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာ)နဲ့ ရေးသားပြုစုပြီး၊ နိုင်ငံခြား စာနယ်ဇင်းတွေ သုတေသန စာစောင်တွေမှာ အဆက်မပြတ် ဖော်ပြခဲ့ပါတယ်။

အဲဒီလို ဆရာရဲ့ အနှစ်နှစ်အလလ စိုက်လိုက်မတ်တတ် ကြိုးပမ်းဆောင်ရွက်လာခဲ့တဲ့ စာပေအရည်အသွေးနဲ့ စာပေစိတ်ဓါတ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆရာ မြန်မာနိုင်ငံကို ပြန်မလာမီ ၁၉၈၉-ခု မတ်လအတွင်းမှာ လန်ဒန်တက္ကသိုလ်က ဆရာ့ကို စာပေဆိုင်ရာ ဒေါက်တာ D. Ltitt ဘွဲ့ချီးမြှင့်ဂုဏ်ပြုခဲ့ပါတယ်။

အဲဒီတုန်းကကျင်းပခဲ့တဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားမှာ Ph.D ဘွဲ့ချီးမြှင့်ခြင်းခံခဲ့ရတဲ့ နိုင်ငံတကာပညာရှင် စုစုပေါင်း ၁၀၀၀ ကျော်ရှိပြီး၊ D.Litt ဘွဲ့ရတဲ့ ပညာရှင်များက စုစုပေါင်း ၂၈ ယောက်ပဲရှိခဲ့တာမို့ ဆရာဒေါက်တာသန်းထွန်းရဲ့ စာပေဂုဏ်နဲ့ စာပေအရှိန်အဝါ ဘယ်လောက်ကြီးမားတယ်ဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့ရပါတယ်။

အထူးသဖြင့် ဒေါက်တာသန်းထွန်းဟာ အခုဆိုရင် Ph.D ဘွဲ့နဲ့ D.Litt ဘွဲ့ကိုပါ နှစ်ထပ်ကွမ်း ဒေါက်တာဘွဲ့ချီးမြှင့်ခြင်းခံရတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ကမ္ဘာစာပေပညာရှင်များအလယ်မှာ တင့်တင့်တယ်တယ်နဲ့ ထွန်းလင်းတောက်ပနေတဲ့ မြန်မာနိုင်ငံရဲ့ စာပေကြယ် တစ်ပွင့်လို့ ဆိုနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ ဆရာဒေါက်တာသန်းထွန်းအိမ်ကို မကြာခဏရောက်ခဲ့ရာက အနှစ်နှစ်အလလ အဆက်မပြတ် အပတ်တကုတ် ကြိုးစားအားထုတ်ပြီး မြန်မာလို ရေးသားပြုစုထားခဲ့တဲ့ 'နယ်လှည့်ရာဇဝင်(၄)' အပါအဝင် စာအုပ် စာတမ်းတွေနဲ့ အင်္ဂလိပ်လိုရေးထားတဲ့ ဆောင်းပါးတွေ ဝတ္ထုတွေ အင်္ဂလိပ်လို ဘာသာပြန်ထားတဲ့ လူထုဦးလှရဲ့ ပုံပြင်စာအုပ်တွေနဲ့ လူထုဒေါ်အမာရဲ့ 'အငြိမ့်'စာအုပ် အပါအဝင် ဆရာ့ရဲ့ ဘာသာပြန် စာအုပ်တွေကို တစ်နည်းနည်းနဲ့ ပုံနှိပ်ထုတ်





ဝေနိုင်အောင် ကူညီပံ့ ပိုးသွားဖို့ စိတ်အားထက်သန်နေပါတယ်။

ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်ပါဝင်စားသူတွေရှိရင် ကျွန်တော်နဲ့ သော်လည်းကောင်း၊ အမှတ် ၁၅၅(က)၊ ယောဂီကျောင်းလမ်း၊ လှိုင်(၁၁)ရပ်ကွက်၊ (ဖုန်း-၃၂၇၇၀)မှာနေတဲ့ ဆရာဒေါက်တာ သန်းထွန်းနဲ့ သော်လည်းကောင်း၊ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း၊ မိုးဂျာနယ်က တစ်ဆင့် သတင်းကောင်းပါးလိုက်ရပါတယ် ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရပ်ခြားတွင် ဂုဏ်ယူမှုပြသမည့် ဗုဒ္ဓဝင် ပန်းချီကားများ

ဘာလိုလို့နဲ့ မိုးဂျာနယ်ထဲမှာ ရွှာရိုးကိုးပေါက် ရေးလာခဲ့တာ ခုနှစ်လ ရှစ်လလောက်ရှိသွားပြီ ခင်ဗျ။

အမှန်အတိုင်း ဝန်ခံရရင် လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တွေမှာ ပင်တိုင်ဆောင်းပါးရှင်အဖြစ်နဲ့ ခေါင်းစဉ်တစ်ခု ထားပြီး အဆက်မပြတ် ရေးသွားဖို့ဆိုတာ မလွယ်ပါဘူး။

ဘာကြောင့်လဲဆိုတော့ ကိုယ်ရေးလိုက်တဲ့စာဟာ သာမန်မိတ်ဆွေ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ညီအစ်ကို မောင်နှမ မိဘဆွေမျိုးတွေ ဖတ်ရအောင်ရေးလိုက်တဲ့ ရိုးရိုးစာပေ မဟုတ်ဘဲ၊ ပြည်သူလူထု စာဖတ်သူအများစုက ဂရုတစိုက် ဖတ်ကြမယ့်စာတွေ ဖြစ်နေလေတော့ တောင်စဉ်ရေမရ၊ ပေါက်တတ်ကရ စိတ်ထဲပေါ်လာသမျှ ချရေးလို့ မဖြစ်ဘူးလေ။

အဖြူပေါ် အမည်းတင်ပြီး ပုံနှိပ်ဖော်ပြရမယ့် စာတွေဖြစ်နေလေတော့ စာဖတ်သူတွေအတွက် အနည်းနဲ့အများ အသိတရားနဲ့ သတိတရား သော်လည်းကောင်း၊ တစ်စုံတစ်ခုသော တွေးခေါ် မြော်မြင်နိုင်တဲ့ ဆင်ခြင်တုံတရားသော်လည်းကောင်း ရရှိထိတွေ့ ခံစားနိုင်အောင် ရေးတတ်ဖို့ လိုပါတယ်။





### ဦးစားပေး

ဒါကြောင့်မို့လည်း မိုးဂျာနယ်မှာ ကျွန်တော်ရေးခဲ့သမျှ ရွှာရိုးကိုးပေါက် ဆောင်းပါးတွေဟာ အရေမရ အဖတ်မရ အချည်းနှီး အလဟဿတွေ အတင်းအဖျင်းတွေ မဖြစ်စေရဘဲ၊ စာဖတ်သူတွေအတွက် တတ်နိုင်သမျှ စာပေဗဟုသုတ စာပေအကျိုးတရားနဲ့ စာပေအတွေ့အကြုံ ရတန်သရွေ့ရအောင် ဦးစားပေး အလေးထားပြီး ရေးသားတင်ပြခဲ့ပါတယ်။

အထူးသဖြင့် ဒီနေ့စာပေလောကရဲ့ အခြေအနေ စာရေးဆရာတွေရဲ့ လှုပ်ရှားမှုတွေနဲ့ သူတို့တစ်တွေရဲ့ သာရေး၊ နာရေး အပါအဝင် စာပေ အနုပညာရှင်တွေနဲ့ ပတ်သက်တဲ့ စိတ်ပါဝင်စားစရာ အချက်အလက် အကြောင်းအရာတွေကိုသာ အထူးဦးစားပေး ရေးခဲ့ပါတယ်။

### ဝမ်းမြောက်စရာ

အဲဒီရည်ရွယ်ချက်နဲ့ အဲဒီ ဦးတည်ချက်အရ သည်တစ်လ သည်တစ်ပတ်မှာ ရွှာရိုးကိုးပေါက် ရောက်ခဲ့ရတဲ့အထဲက ဘယ်မဂ္ဂဇင်း ဘယ်ဂျာနယ်က ဘယ်အယ်ဒီတာမှ မသိလိုက်ရဘဲ၊ မြန်မာနိုင်ငံ မြန်မာတစ်မျိုးသားလုံးနဲ့ အထူးသဖြင့် ဗုဒ္ဓဘာသာ၊ သာသနာတော်အတွက် အင်မတန် ဝမ်းမြောက်ဝမ်းသာ စိတ်ဝင်စားစရာကောင်းတဲ့ သတင်းအချက်အလက်နဲ့ အဖြစ်အပျက်ကလေးတစ်ခုကို ကျွန်တော် တင်ပြပါတယ်။

အဲဒီ သတင်းအချက်အလက်နဲ့ အဖြစ်အပျက်ကလေးကတော့ ဒီလိုပါ။

လွန်ခဲ့တဲ့ ဇူလိုင်လ ၅ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်က ရတနာမွန်နဲ့ ရွှေသမင်မဂ္ဂဇင်းတိုက်တည်ရာ အမှတ် ၄၁/၄၄လမ်း မှာ ကျင်းပတဲ့ အစည်းအဝေးတစ်ခုကို ကျွန်တော်တက်ခဲ့ရပါတယ်။

အမှန်စင်စစ် အဲဒီ အစည်းအဝေးဟာ ဝိုင်အမ်ဘီအေလို့ အများသိထားကြတဲ့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းနဲ့ ပြည်ပသာသနာပြု



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့တို့က ကြီးမှူးပြီး ထင်ရှားကျော်ကြားတဲ့ ပန်းချီဆရာကြီးငယ် ရှယ်လတ်များတို ဖိတ်ကြားကျင်းပတဲ့ ဘာသာရေးနဲ့ သာသနာရေးဆိုင်ရာ အစည်းအဝေး တစ်ခုပါပဲ။

ဒါကြောင့် အဲဒီအစည်းအဝေးမှာ ဝိုင်အမ်ဘီအေအသင်းရဲ့ ဥက္ကဋ္ဌကြီးလည်းဖြစ်၊ ပြည်ပသာသနာပြုအဖွဲ့ရဲ့ ဥက္ကဋ္ဌကြီးလည်းဖြစ်တဲ့ ဦးသန်းမောင် နာယကကြီးဖြစ်တဲ့ တက္ကသိုလ်က အငြိမ်းစားပါဠိ ပါမောက္ခဆရာကြီး ဦးတင့်လွင်၊ အဖွဲ့ဝင်များဖြစ်ကြတဲ့ ဦးမြဟန်၊ ဦးမြသန်း၊ ဦးဇော်ဝင်းတို့နဲ့တကွ နာမည်ကျော်ဆရာကြီးများ ဖြစ်ကြတဲ့ ဦးအမ်တင်အေး၊ ဦးသောင်းဟန်၊ လူရွယ်လူလတ်ပန်းချီ ဆရာတွေဖြစ်ကြတဲ့ မောင်ကျော်ညွန့်၊ ဝသုန်၊ စံတိုး၊ ကျော်သောင်း၊ မျိုးမြင့်၊ သောင်းထိုက်၊ သဲဇာစတဲ့ အနုပညာရှင်တွေ တက်ရောက်လာကြတာ တွေ့ရပါတယ်။

အဲဒီလို ဘာသာ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့ ပန်းချီအနုပညာရှင်တွေ တွေ့ဆုံဆွေးနွေးကြတဲ့ အစည်းအဝေးမှာ စာရေးဆရာဆိုလို့ ကျွန်တော် တစ်ယောက်ပဲပါပါတယ်။

ရှာရိုးကိုးပေါက် လျှောက်သွားနေတဲ့ စာရေးဆရာ တစ်ယောက်အနေနဲ့ အဲဒီအစည်းအဝေးကို ဘာမဆိုင်ညာမဆိုင် တက်ရောက်ခဲ့ရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး။

အဲဒီအစည်းအဝေးကို ကမကထလုပ်ပြီး တာဝန်ခံ ဖိတ်ကြားတဲ့ ပြည်ပသာသနာပြုအဖွဲ့ရဲ့ အတွင်းရေးမှူး ဦးအောင် (ရတနာမွန်ထုတ်ဝေသူ) ကိုယ်တိုင် ကျွန်တော့်ကို အထူးဧည့်သည်အဖြစ် အိမ်တိုင်ယာရောက်လာပြီး ဖိတ်ကြားခဲ့လို့ပါပဲ။

**ဂုဏ်ယူစရာ**

စောစောက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း အဲဒီ အစည်းအဝေးမှာ လူပုဂ္ဂိုလ်စုစုပေါင်း ၁၅ ယောက်လောက်ပဲ တက်ရောက်ခဲ့ကြတာမို့





ခုတ်တရက်ကြည့်လိုက်ရင်တော့ သာမန်အားဖြင့် မပြောပလောက်တဲ့ အစည်းအဝေးကလေး တစ်ခုပဲလို့ ထင်မှတ်ရပါတယ်။ ဒါပေမယ့် အဲဒီအစည်းအဝေးမှာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဦးအောင်ရဲ့ တင်ပြချက်တွေကို ကြားလိုက်ရတဲ့ အခါကျတော့မှ ဒီအစည်းအဝေးကလေးဟာ ရိုးရိုးသာမန် အစည်းအဝေး ကလေးမဟုတ်ဘဲ၊ ဗုဒ္ဓဘာသာသာသနာနဲ့ မြန်မာနိုင်ငံ မြန်မာ လူမျိုးတွေအတွက် ဝမ်းမြောက်ဝမ်းသာ စိတ်ဝင်စားစရာ ဂုဏ်ယူ စရာကောင်းလောက်အောင် မှတ်တမ်းတင်ရမယ့် အစည်းအဝေး တစ်ခုပဲဆိုတာ သိလိုက်ရပါတယ်။

အခမ်းအနားမှူး ဦးအောင်ရဲ့ တင်ပြချက်အရ ဒီအစည်းအဝေးခေါ် ယူကျင်းပရတဲ့ အကြောင်းရင်းက တခြားမဟုတ်ပါဘူး။

မလေးရှားနိုင်ငံ ပီနန်မြို့မှာရှိတဲ့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းက ဓမ္မာရုံကြီးမှာ မြန်မာပန်းချီဆရာများကိုယ်တိုင် ရေးဆွဲတဲ့ ဗုဒ္ဓဝင် ပန်းချီကားကြီးတွေကို တခမ်းတနား ချိတ်ဆွဲပြသဖို့ပါပဲ။

အဲဒီ ပီနန်မြို့က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းရဲ့ သက်တမ်းဟာ နှစ်ပေါင်း နှစ်ရာခန့်ရှိပြီလို့ သိရပါတယ်။

အဲဒီဘုန်းတော်ကြီးကျောင်းမှာ ကျောင်းထိုင်ပုဂ္ဂိုလ် ဆရာတော်ဦးပညာဝံသက ဦးစီးပြီး သာသနာပြုလုပ်ငန်းတွေကို အားကျိုးမာန်တက်ဆောင်ရွက်နေရာမှာ မလေးရှားရောက် မြန်မာတရုတ်ဗုဒ္ဓဘာသာဝင်တွေက တက်တက်ကြွကြွနဲ့ ဝိုင်းဝန်းကူညီ ပံ့ပိုးနေကြတယ်လို့ သိရပါတယ်။

**ထမ္ဘာအနှံ့**

ပီနန်ဆရာတော် ဦးပညာဝံသရဲ့ ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းဟာ တဖြည်းဖြည်းနှင့် တိုးတက်ကျယ်ပြန့်လာခဲ့ရာက အခုဆိုရင် ဂျပန်၊ ထိုင်းစတဲ့ အရှေ့တောင်အာရှနိုင်ငံကြီးတွေနဲ့ပါ ဆက်သွယ်လုပ်ရှားပြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီး တစ်ဖွဲ့ထူထောင် ထူ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီးပြီလို့ သိရပါတယ်။

အဲဒီ ပီနန်ဘုန်းတော်ကြီးကျောင်းမှာ စေတီဘုရားနှင့် သာသနာရေးဆိုင်ရာ အဆောက်အဦများ တခမ်းတနား တည်ထား ဆောက်လုပ်ပြီး ဘာသာရေးဆိုရာ အလှူအတန်း အခမ်းအနားများလည်း မကြာခဏ ကျင်းပခဲ့ပါတယ်။

ဒါပေမယ့် အဲဒီစေတီဘုရားနဲ့ သာသနာရေးအဆောက်အဦးတွေဟာ ယိုးဒယားနိုင်ငံက ပန်းရံဆရာတွေ၊ ပန်းပုဆရာတွေနဲ့ လက်သမားဆရာတွေရဲ့ လက်ရာဖြစ်နေတဲ့အတွက် မြန်မာမဆန်ဘဲ၊ ယိုးဒယားဆန်ဆန် ဖြစ်နေတယ်လို့ သိရပါတယ်။

အဲဒီလိုဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံက တိပိဋကရေ မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသနဲ့ အကျိုးတော်ဆောင် ဆရာဝန်ကြီးဒေါက်တာသာလှတို့ ပီနန်ကို ရောက်ရှိသွားခဲ့ရာက ပီနန်ဘုန်းတော်ကြီးကျောင်းက သာသနာရေးဆိုင်ရာ အဆောက်အဦးတွေကို မြန်မာဆန်ဆန် ပြန်လည်မွမ်းမံ ပြုပြင်ဆောက်လုပ်ဖို့ စီစဉ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အရ မင်းကွန်းဆရာတော်ကြီးရဲ့ ဩဝါဒကို ခံယူဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံ ပြည်ပသာသနာပြုအဖွဲ့က အခုလို မြန်မာပန်းချီဆရာများ ရေးဆွဲတဲ့ ဗုဒ္ဓဝင်ပန်းချီကားများကို ပီနန်ဘုန်းတော်ကြီးကျောင်းမှာ တခမ်းတနား လှူဒါန်းထားရှိကြဖို့ စီစဉ်ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

**တုသိုလ်ဝါဝင်မည်**

အဲဒီနေ့က ဆရာဦးအမ်တင်အေး ကိုယ်တိုင် စိတ်ပါဝင် စားစွာနဲ့ ဦးဆောင်ဆွေးနွေးညှိနှိုင်းချက်များအရ မြန်မာပန်းချီ ဆရာတွေကိုယ်တိုင် ဗုဒ္ဓဝင်ပန်းချီကားကြီးတွေကို အခကြေးငွေ လုံးဝမယူဘဲ စေတနာအပြည့်အဝနဲ့ ခြောက်လအတွင်း အပြီးအစီး ရေးဆွဲလှူဒါန်းကြဖို့ အားတက်သရော ဆုံးဖြတ်ခဲ့ကြပါတယ်။





ဒါကြောင့် မကြာမီကာလ ခြောက်လနဲ့ တစ်နှစ်အတွင်း မြန်မာပန်းချီဆရာတွေရဲ့ ထူးခြားပြောင်မြောက်တဲ့ ဗုဒ္ဓဝင်ပန်းချီကားကြီးတွေကို ပီနန်ဘုန်းတော်ကြီးကျောင်းမှာ ခမ်းနားထည်ဝါစွာ နဲ့ မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

အထူးသဖြင့် ဦးအောင်ရဲ့ ပြောပြချက်အရ နေ့စဉ်နဲ့အမျှ နိုင်ငံခြားက ကမ္ဘာလှည့်ခရီးသည်တွေ အမြောက်အများ သွားရောက် လေ့လာကြည့်ရှုနေကြတဲ့ ပီနန် ဗုဒ္ဓဘာသာကျောင်းတော်ကြီးမှာ မြန်မာနိုင်ငံက မြန်မာပန်းချီဆရာတွေရဲ့ ဗုဒ္ဓဝင်ပန်းချီ လက်ရာတွေဟာ ကမ္ဘာက အသိအမှတ်ပြုရတဲ့အထိ ဂုဏ်ယူဝင့် ကြွားစရာ၊ ဝမ်းမြောက်ကြည်နူးစရာ မြင်ကြ တွေ့ကြရတော့မှာ သေချာနေပြီဖြစ်ကြောင်း မိုးဂျာနယ် ပရိသတ်အပေါင်းကို သတင်းကောင်းပါး လိုက်ရပါတယ်။

အဲသလို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူစရာ ကြည်နူးစရာ သတင်းကောင်းတစ်ခုကို တင်ပြပြီးတဲ့နောက် ဒီတစ်လ ရှာမိုးကိုးပေါက်မှာ ဝမ်းနည်းကြေကွဲစရာ စိတ်မကောင်းစရာ၊ မရှောင်လွှဲသာ တင်ပြရမှာကတော့ စာပေအနုပညာရှင်တွေ ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြတဲ့ နာရေးသတင်းတွေပါပဲ။

နာရေးသတင်းဆိုလို့ ဇွန်လထုတ် မိုးဂျာနယ်အမှတ် ၅ တုန်းက ရှာမိုးကိုးပေါက်မှာ ကျွန်တော် စုဆောင်းဖော်ပြခဲ့တဲ့ ၁၉၉၀-၉၁ ခုနှစ်အတွင်း ကွယ်လွန်ခဲ့ကြရရှာတဲ့ စာပေနဲ့ အနုပညာရှင်များရဲ့ 'နာရေးနှစ်ချုပ်စာရင်း'ကို စာဖတ်သူတွေ မှတ်မိကြပါလိမ့်မယ်။

အဲဒီ နာရေးနှစ်ချုပ်စာရင်းအရ 'မိုးမိုး(အင်းလျား)အစ ဆရာသာဓုအဆုံး' စုစုပေါင်း စာပေအနုပညာရှင် ၂၇ ဦး ကွယ်လွန်ခဲ့ကြပါတယ်။

အဲဒီနောက် မေ၊ ဇွန်၊ ဇူလိုင်လထဲမှာ စာပေနဲ့ အနုပညာရှင်ငါးဦး



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံကွယ်လွန်သွားခဲ့ရှာကြပြန်ပါတယ်။

အဲဒီငါးဦးရဲ့ နာရေးသတင်းတွေ အရင်လက မိုးဂျာနယ် အမှတ် (၇)မှာ 'ဘဝနိဂုံး'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြခဲ့ပြီးပါပြီ။

ဒါကြောင့် အဲဒီငါးဦးရဲ့ နာရေးသတင်းတွေကို ကျွန်တော့်ရဲ့ နာရေးနှစ်ချုပ် ၂၇ ဦး စာရင်းမှာ ပေါင်းထည့်လိုက်မယ်ဆိုရင် အောက်ပါအတိုင်း စုစုပေါင်း ၃၂ ဦးဖြစ်လာတာ တွေ့ရပါတယ်။

၂၈။ ပုဂံသူရ (၆၆ နှစ်)
၂၀-၅-၉၁ ကွယ်လွန်၊

၂၉။ မြောင်းမြမောင်ကို (၇၅ နှစ်)
၂၃-၆-၉၁ ကွယ်လွန်၊

၃၀။ ရန်နိုင်ဆွေ (၇၆ နှစ်)
၂၇-၆-၉၁ ကွယ်လွန်၊

၃၁။ မင်းကျော် (၅၉ နှစ်)
၇-၇-၉၁ ကွယ်လွန်။

မိုးဂျာနယ် အမှတ်-၅မှာ ကွယ်လွန်သူ ဆရာသာခုကို အကြောင်းပြုပြီး ရွှာရိုးကိုးပေါက်ကို ရေးခဲ့တုန်းက 'သာခုခေါ်ရင် ပွဲသိမ်းသင့်ပါပြီ'လို့ ကျွန်တော် ခေါင်းစဉ်တပ်ခဲ့ပါတယ်။

အမိပ္ပာယ်ကတော့ စာပေနဲ့ အနုပညာရှင်တွေ တစ်ယောက်ပြီး တစ်ယောက် ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြတာတွေ များလွန်းလို့ ဆရာသာခုနဲ့ပဲ တော်လောက်ပါပြီ၊ နောက်ထပ် အသေအပျောက် မရှိပါစေနဲ့တော့လို့ ကျွန်တော်ဆန္ဒပြုပြီး ဆုတောင်းခဲ့တာပါပဲ။

ဒါပေမယ့် ကျွန်တော် ဆုတောင်းမပြည့်ခဲ့ဘဲ နောက်ထပ် တစ်ယောက်ပြီး တစ်ယောက် သုံးလအတွင်း ငါးယောက် ကွယ်လွန် အနိစ္စ ရောက်ခဲ့ကြရှာပြန်ပါတယ်။





ဆရာသုခ ဩဝါဒ

ဒါကြောင့်လည်း မင်းကျော် ကွယ်လွန်ပြီး နောက်တစ်နေ့ည ရန်ကင်းက မင်းကျော်နေတဲ့ တိုက်ခန်းမှာ ဆရာသုခနဲ့တွေ့ပြီး ရွှာရိုးကိုးပေါက် ဆောင်းပါးမှာ စာပေအနုပညာရှင်တွေရဲ့ နာရေးသတင်းတွေဟာ ဆရာသာခုနဲ့ပဲ နိဂုံးချုပ်သင့်ပါပြီလို့ ကျွန်တော် ရေးခဲ့တဲ့အကြောင်း ပြောပြတော့ ဆရာသုခက 'အနိစ္စတရားကို ဘယ်တားလို့ ရမလဲဗျာ'လို့ ကျွန်တော့်ကို သတိပေးဆုံးမခဲ့ပါတယ်။

အဲဒီညက ၇ နာရီခွဲလောက် မီးတွေပျက်လို့ မှောင်နဲ့မည်းမည်း ဖြစ်နေတဲ့ ရန်ကင်းက မင်းကျော်ရဲ့ အသုဘအိမ်မှာ ကျွန်တော်နဲ့အတူ အသက် ၈၀ ကျော်နေကြပြီဖြစ်တဲ့ ဆရာသုခနဲ့ ဆရာမင်းသုဝဏ်တို့လည်း ရှိနေခဲ့ကြပါတယ်။

ဒီအသက်အရွယ်ကြီးမှာတောင် မှောင်ကြီး မည်းကြီးနဲ့ မိုးထဲလေထဲမှာ သာရေး နာရေး လူမှုရေးစိတ်ဓာတ် အပြည့်အဝနဲ့ ဒုက္ခခံပြီး လာခဲ့ကြတဲ့ အဲဒီဆရာကြီး နှစ်ယောက်ကို ကျွန်တော် အတိုင်းမသိ လေးစားကြည်ညိုမိပါတယ်။

နောက်တစ်နေ့ ကြာသပတေးနေ့ ညနေသုံးနာရီမှာ မင်းကျော်ရဲ့ရုပ်ကလာပ်ကို စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကျောင်းဆရာနဲ့ ကျောင်းသားကျောင်းသူတွေအပြင် စာပေဗိမာန် ပြန်ကြားရေးစတဲ့ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တွေပါ စုံစုံညီညီ လိုက်ပါပို့ဆောင်ကြပါတယ်။

**စေတနာမွန်**

အဲဒီနေ့က လိုက်ပါပို့ဆောင်သူ များပြားသလောက် မောင်သွေးသစ်က တာဝန်ယူပြီး ချစ်ဦးညိုနဲ့ မောင်ခင်ဇော်တို့ ညီအစ်ကို နှစ်ယောက်ပါ ပူးပေါင်းကြောက်ခံခဲ့ကြလို့ နာရေးထောက်ပံ့ငွေစုစုပေါင်း ငါးထောင်ကျော် ခြောက်ထောင်နီးပါးလောက်ရရှိခဲ့တယ်ဆိုတာ သိရတဲ့အတွက် ဘ...



www.burmeseclassic.com

www.burmeseclassic.com



တူ အချင်းချင်း ဝိုင်းဝန်း ယိုင်းပင်းကြတဲ့ စာပေသမားတွေရဲ့ စေတနာနဲ့ စိတ်ထားကို ချီးကျူးလေးစားမိပါတယ်။

ဘာပဲဖြစ်ဖြစ် ဆရာသုခပြောသလို တားလို့ ဆီးလို့မရတဲ့ အနိစ္စ သဘောအရ အခုလို စာပေအနုပညာရှင်တွေ တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန် ဆုံးပါးသွားခဲ့ရှာကြတာနဲ့ ပတ်သက်လို့ မင်းကျော်ကွယ်လွန်တဲ့ ရက်လည်ဆွမ်းသွတ်ပွဲမှာ အသက် ၈၇ နှစ် ရှိနေပြီဖြစ်တဲ့ ဆရာကြီး ဦးရန်အောင်ရဲ့ စိုးရိမ်ပူပန်တဲ့စကားကို ပြေးသတိရလိုက်မိပါတယ်။

အဲဒီစကားကလေးက ဘယ်လိုလည်းဆိုတော့ 'အေးကွာ၊ ငါ့မလဲ ဟိုလူ့ လိုက်ပို့ရ ဒီလူ့လိုက်ပို့ရနဲ့၊ ငါကျရင် လိုက်ပို့မယ့်သူတောင် ကျန်ပါ တော့မလား မသိပါဘူးကွာ'တဲ့။



## ပန်းချီအောင်စိုးနှင့် လူထုဦးလှအမှတ်တရ

ခြေထောက်မှာ ဗွေပေါက်နေသလားလို့ ထင်ရလောက်အောင် သည်တစ်လမှာပဲ ရွာရိုးကိုးပေါက် ကျွန်တော်ရောက်ခဲ့ ပေါက်ခဲ့တဲ့ နေရာ တွေက ကျွန်တော်တွေ့ကြုံခဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်ပါဝင်လှုပ်ရှားခဲ့ရတဲ့ စာပေအနုပညာ လုပ်ငန်းတွေကို မိုးဂျာနယ် ပရိသတ်ရှေ့မှောက်မှာ ဖောက်သည်ချပါရစေဦး။

ပထမဆုံး ကျွန်တော် ဖောက်သည်ချရမှာကတော့ ဩဂုတ် လဆန်း ၃-ရက်နေ့က ကျင်းပခဲ့တဲ့ မဟေသီမဂ္ဂဇင်း (၇)နှစ်မြောက် အထိမ်းအမှတ် ဧည့်ခံပွဲကလေးပါပဲ။ 'ဧည့်ခံပွဲကလေး'လို့ သုံးလိုက်ရတာ ကတော့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားမဟုတ်ဘဲ နီးစပ်ရာ ခင်မင်ရာ အသိုက်အဝန်းလောက်ပဲ လူနှစ်ဆယ်အစိတ်ဖိတ်ပြီး နံနက်စာကျွေးတဲ့ ပွဲကလေးမို့လို့ပါပဲ။

ဒါကြောင့်မို့လဲ မကြာခင်က ကျင်းပပြီးစီးသွားခဲ့တဲ့ ဒေါက်တာ ဘင်ထွန်းဦးရဲ့ 'သုတစွယ်စုံ'ဧည့်ခံပွဲလို စထရင်းဟိုတယ်မှာ မကျင်းပဘဲ၊ ၄၅-လမ်း မဟေသီတိုက် အပေါ်ထပ်က အယ်ဒီတာ အခန်းမှာပဲ စားပွဲခုံ တလေး သုံးလေးခုံခင်းပြီး အကျဉ်းရုံး ကျင်းပခဲ့ကြတယ်။

တစ်နည်းပြောရရင် မဟေသီမိသားစု နှစ်ပတ်လည် မိတ်ဆုံပွဲ သို့ပဲ ဆိုပါတော့။

အဲဒီနေ့က မဟေသီမိတ်ဆုံပွဲမှာ ကျွန်တော် သတိထားမိသ



www.burmeseclassic.com

www.burmeseclassic.com



လောက် စာရေးဆရာဆိုလို့ မဟေသီအယ်ဒီတာ ဆောင်းဝင်းလတ်က လွဲရင် ကျွန်တော်နဲ့ မြတ်ခိုင်တို့ပဲ တွေ့ခဲ့ရပါတယ်။

အဲဒီမှာ ကျွန်တော်ကတော့ ဟိုနေရာစပ်စပ် သည်နေရာ စပ်စပ်နဲ့ မဂ္ဂဇင်းတိုက်တွေ အားလုံးလိုလို ဝင်ထွက်သွားလာပြီး အယ်ဒီတာတွေနဲ့ရော စာရေးဆရာတွေနဲ့ပါ ခင်မင်ရင်းနှီးနေလို့ မဟေသီက ကျွန်တော့်ကို ဖိတ်တာပါပဲလို့ နားလည်ရပါတယ်။

အဲ. . . မြတ်ခိုင်ကျတော့ ဒီနေ့ မဂ္ဂဇင်းတွေ တော်တော်များများမှာ ခေတ်အကြိုက် ခေတ်အလိုက် ခပ်မိုက်မိုက်ကလေး ရေးတတ်တဲ့ စာရေးဆရာမို့ သူ့ကို တကူးတကန့်ဖိတ်တယ်နဲ့ တူပါတယ်။ (ကျွန်တော့်အထင်ပြောတာပါ၊ တကယ် ဟုတ်မဟုတ်တော့ မသိပါဘူး)

အဲ. . . အဲဒီနေ့က မဟေသီ နှစ်ပတ်လည် အခမ်းအနားမှာ အင် တိုက်အားတိုက် တွေ့ရတာကတော့ ပန်းချီဆရာတွေပါပဲ။

ဒီနေ့မဂ္ဂဇင်းတွေမှာ သရုပ်ဖော်ပန်းချီတွေ အများဆုံး ရေးဆွဲနေကြတဲ့ မောင်မောင်သိုက်၊ ကျော်သောင်း၊ မောင်ညိုဝင်း၊ စံတိုး၊ ဝသုန်၊ တင်မောင်မျှင့် စတဲ့ ပန်းချီဆရာတွေ ဆယ်ယောက်လောက်နဲ့ မြေဇာ၊ ငွေကြည်၊ ရွှေမင်းသားစတဲ့ ကာတွန်းဆရာတွေကို မဟေသီပွဲမှာ စုံစုံညီညီနဲ့ စုစုဝေးဝေး တွေ့ခဲ့ရပါတယ်။

ကျွန်တော့်အတွက်ကတော့ မတွေ့ရတာကြာပြီဖြစ်တဲ့ မဟေသီအယ်ဒီတာချုပ်မှူးသမိန်နဲ့ စားပွဲဝိုင်းထဲထိုင်ပြီး၊ အာလာပသလ္လာပ ပြောခဲ့ရတာ အမြတ်ပါပဲ။

တိုင်ပင်

အဲဒီနေ့က မဟေသီညှော်ခံပွဲ အပြီးမှာ အဲဒီပန်းချီဆရာတွေအားလုံး ပန်းချီမောင်မောင်သိုက်အိမ်ကို ဆက်သွားပြီး အစည်းအဝေးကလေးတစ်ခု ကျင်းပခဲ့ကြပါတယ်။





အဲဒီအစည်းအဝေးကလေးက တခြားတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၆-ရက်နေ့က ကွယ်လွန်အနိစ္စ ရောက်သွားတဲ့ ဗဂျီအောင်စိုးအတွက် တစ်နှစ်မြောက် အမှတ်တရ ပန်းချီပြပွဲကလေးတစ်ခု ကျင်းပပြုလုပ်ဖို့ တိုင်ပင်ဆွေးနွေးကြတဲ့ အစည်းအဝေးကလေးပါပဲ။

ကျွန်တော်ဟာ ဒီနေ့လူရွယ်လူလတ် ဖြစ်နေကြတဲ့ ပန်းချီဆရာတွေနဲ့ အပေါင်းအသင်းရောင်းရင်း ဘော်ဒါတစ်ဦးဖြစ်နေသလို တစ်ချိန်ကလည်း ဗဂျီအောင်စိုးနဲ့ ညီအစ်ကို သူငယ်ချင်းလို ရင်းနှီးခဲ့တဲ့ စာရေးဆရာတစ်ယောက် ဖြစ်ခဲ့တဲ့အတွက် အဲဒီနေ့က မောင်မောင်သိုက်အိမ်မှာ ကျင်းပခဲ့ကြတဲ့ အစည်းအဝေးမှာ သဘာပတိအဖြစ်နဲ့ ဆောင်ရွက်ခဲ့ရပါတယ်။

အရေးပေါ် ခေါ်ယူကျင်းပရတဲ့ အစည်းအဝေးဖြစ်ပေမယ့် ဗဂျီအောင်စိုးအပေါ်မှာ ပုဂ္ဂိုလ်ရေးအရ လေးစားမြတ်နိုးပြီး၊ သူ့ပန်းချီလက်ရာတွေကို တန်ဖိုးထားခဲ့ကြတာမို့ နောက်ထပ်ရောက်လာကြတဲ့ ပန်းချီမျိုးမြင့်၊ ဖေညွန့်ဝေ၊ ဆန်နီငြိမ်း၊ မြေချစ်သူ၊ မင်းဝေအောင်၊ ဆောင်းဝင်းလတ်၊ မမွေး စတဲ့ ပန်းချီဆရာတွေ စာရေးဆရာတွေပါ။

စုစုပေါင်း ၂၀ ကျော် ၃၀ နီးပါးလောက်နဲ့ အစည်းအဝေးကို စည်စည်ကားကား ကျင်းပနိုင်ခဲ့ကြပါတယ်။

အဲဒီလို စုံစုံညီညီ စည်စည်ကားကား ရှိသလောက် အပြန်အလှန်စိတ်ပါလက်ပါ ဆွေးနွေးခဲ့ကြပြီး ဗဂျီအောင်စိုး အမှတ်တရ ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေးက ဗိဿနိုး ပန်းချီပြခန်းမှာ ၂၄-၈-၉၁ ရက် စနေနေ့မှာ ပြပွဲဖွင့်ဖို့၊ ပြပွဲမှာပြသမယ့် ပန်းချီကားတွေကို ဩဂုတ်လ ၂၀ ရက်နေ့အရောက်ပို့ဖို့ ပြပွဲကို ၃၁ ရက် စနေနေ့ နောက်ဆုံးသတ်မှတ်ပြီး တစ်ပတ်တိတိပြသဖို့ အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြပါတယ်။

တစ်ပြိုင်နက်တည်း ပန်းချီကား စုဆောင်းရေးအဖွဲ့၊ ဘဏ္ဍာရေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့၊ ပြခန်းပြင်ဆင်ရေးအဖွဲ့၊ ဖိတ်စာနဲ့ကတ်တလောက် ရိုက်နှိပ်ရေးအဖွဲ့စတဲ့ လုပ်ငန်းဆိုင်ရာ အဖွဲ့တွေကိုလည်း အဲဒီ အစည်းအဝေးမှာပဲ တစ်ပါတည်း ဖွဲ့ခဲ့ကြပါတယ်။

အဲဒီလို ဩဂုတ်လ ၃ ရက်၊ စနေနေ့က မဟာသိန္နစ်ပတ်လည်ညဉ့်ခံပွဲနဲ့ ဗဂျီအောင်စိုး အမှတ်တရပြပွဲ ဖြစ်မြောက်ရေး အစည်းအဝေးကို တက်ခဲ့တဲ့ ကျွန်တော်ဟာ ဩဂုတ်လ ၅ ရက်၊ တနင်္လာနေ့ကျတော့ ရန်ကုန်-မန္တလေးအမြန်ရထားပေါ် ရောက်နေခဲ့ပါတယ်။

**မန္တလေးသို့**

ဟုတ်ပါတယ်၊ ကျွန်တော်ဟာ ဩဂုတ်လ ၃ ရက်နဲ့ ၄-ရက်နေ့တွေမှာ ရန်ကုန်မြို့ထဲက လုပ်စရာ ကိုင်စရာတွေကို အပြေး အလွှားလုပ်ပြီး ဩဂုတ်လ ၅ ရက်နေ့ ညနေ ၅ နာရီ အမြန်ရထားနဲ့ မန္တလေးကို ထွက်လာခဲ့ပါတယ်။

မယုံမရှိပါနဲ့။ မယုံရင် အဲဒီနေ့ညနေက အဲဒီရထားပေါ်မှာ ကျွန်တော်နဲ့အတူပါလာတဲ့ ဆရာဒေါက်တာသန်းထွန်း (အငြိမ်းစားသမိုင်းပါမောက္ခ)ကို မေးကြည့်နိုင်ပါတယ်။

တကယ်တော့ ဒေါက်တာသန်းထွန်းနဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက မန္တလေးကို အတူသွားကြဖို့ စီစဉ်ထားကြပြီးသားပါ။

'တောင်ပြန်းပွဲခေါ် ပွဲတော်ကြီး'နီးလာပြီမို့ မီးရထား လက်မှတ်ရဖို့ အင်မတန်ခက်ခဲတဲ့ အဲဒီရက်အတွင်းမှာ ကျွန်တော်ဟာ ကျွန်တော်နဲ့ ဒေါက်တာသန်းထွန်းအတွက်ပါ အထက်တန်း အိပ်ခန်းတွဲလက်မှတ်နှစ်စောင်တောင်ရအောင် လွန်ခဲ့တဲ့ သုံးလေးရက်လောက်ကတည်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုတင်စီမံခဲ့ရပါတယ်။

ဒီလိုနဲ့ ဩဂုတ်လ ၅ ရက်နေ့ညက မန္တလေးအမြန်ရထားပေါ်မှာ





ဒေါက်တာသန်းထွန်းနဲ့ ကျွန်တော်ဟာ အေးအေးဆေးဆေး အားရပါးရစကားလက်ဆုံကျပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောခဲ့ကြရပါတယ်။

ဒေါက်တာသန်းထွန်းကမေးလို့ မြန်မာစာပေလောကနဲ့ စာအုပ်ထုတ်ဝေရေးအကြောင်း၊ မြန်မာ စာရေးဆရာတွေအကြောင်း ကျွန်တော်က ပြောပြခဲ့ရသလို ကျွန်တော်သိချင်တဲ့ နိုင်ငံခြားတက္ကသိုလ်တွေနဲ့ နိုင်ငံခြားအတွေ့အကြုံအကြောင်း ဒေါက်တာပြောပြလို့ အဲဒီညက ကြားခဲ့ သိခဲ့ရတာတွေဟာ ကျွန်တော့်အတွက် အင်မတန်မှ တန်ဖိုးရှိလှပါတယ်။

ကျွန်တော်တို့နှစ်ယောက် မန္တလေးကို ဩဂုတ်လ ၆ ရက်နေ့ မနက် ၈ နာရီခွဲလောက် ရောက်သွားကြပါတယ်။

မန္တလေးရောက်တော့ ဒေါက်တာသန်းထွန်းဟာ ဘူတာမှာ အဆင်သင့်လာကြိုနေတဲ့ သူ့မိတ်ဆွေနဲ့အတူ သူတည်းခိုမယ့် မဟာမြတ်မုနိ ဘုရားကြီးနားက ဘုန်းကြီးကျောင်းကို လိုက်သွားပါတယ်။

ကျွန်တော်လည်း ဘူတာကြီးနဲ့ မလှမ်းမကမ်း မင်္ဂလာလမ်းက ကျွန်တော်တည်းခိုနေကျ ညီတော်မောင် ခင်မောင်ကြီးအိမ်ကို ဆိုက်ကားနဲ့ ယွန်းခဲ့ရပါတယ်။

**လူထုဦးလှအထိမ်းအမှတ်**

အဲဒီနောက် တည်းအိမ်မှာ ပစ္စည်းတွေချ၊ ရေမိုးချိုး၊ မနက်စာစားပြီး လူထုတိုက်ကို ၁၀ နာရီခွဲလောက် ထွက်လာခဲ့ပါတယ်။ လူထုတိုက်ရောက်တော့ နက်ဖြန် လူထုဦးလှ ကွယ်လွန်တဲ့ ၉ နှစ် မြောက်နေ့မှာ အမှတ်တရ သံဃာတော်များကို ဆွမ်းကပ်ဖို့အတွက် အလုပ်များနေတဲ့ လူထုဒေါ်အမာကို တွေ့ရပါတယ်။

အဲဒီမှာ လိုအပ်တဲ့ ဝေယျာဝစ္စကို ကူညီဆောင်ရွက်ပေးနေတဲ့ မန္တလေး ဥတ္တရလွင်ပြင်စာပေက ကျော်ရင်မြင့်ကိုလည်း တွေ့ခဲ့ရပါတယ်။

လူထုဒေါ်အမာက ကျွန်တော့်ကို တွေ့တွေ့ချင်း 'မောင်ဘ



www.burmeseclassic.com

www.burmeseclassic.com



ဆရာသန်းထွန်းနဲ့ ကိုမောင်မောင်တို့ကိုကြိုဖို့ ဘူတာကို ကားလွှတ် လိုက်သေးတယ်၊ အဲဒါ သွားကြိုတဲ့ကလေးတွေက ကိုမောင်မောင်တို့ ရထားဆိုက်တာကို ဒီရထားမဟုတ်သေးဘူး၊ နောက်ရထားနဲ့မှ ပါမယ်ထင်ပြီး။ သူတို့ကားပေါ်ကမဆင်းဘဲ ထိုင်နေကြလို့ လွဲသွားတယ်လေ'လို့ ဆီးပြီးနှုတ်ဆက်ရင်း ပြောပြပါတယ်။

အဲဒီကျတော့မှ ကျွန်တော့်မှာ မနက်က ဘူတာနဲ့ မင်္ဂလာလမ်းကို ဆိုက်ကားခ ၁၅ကျပ် ပေးစီးခဲ့ရတာ ပြန်ပြီးနှမြောမိပါတယ်။ (ဒါလည်း မယုံမရှိပါနဲ့၊ ကိုယ်တွေ့ပါ။ ရန်ကုန်မှာဆိုရင် အဲဒီလောက်ခရီးကို ဆိုက်ကားခပေးရ အလွန်ဆုံး ၅ကျပ်ပါပဲ၊ မန္တလေးမှာ စာတ်ဆီဈေးက ၃၀၀ကျပ်ကျော်နေတာမို့ သွားရေးလာ ရေး စရိတ်အကုန်အကျများသလားမမေးနဲ့၊ ကုဋေရှစ်ဆယ်သူဌေးသားတောင် မန္တလေးမှာ ဆိုက်ကားနဲ့ သုံးဘီးကားငှားစီးတာနဲ့ မွဲသွားနိုင်ပါတယ်။)

အဲဒီနေ့က လူထုတိုက်က အပြန်မှာတော့ ဈေးချိုတစ်ဝိုက်က စာအုပ်ဆိုင်တွေကို လှည့်ကြည့်ခဲ့ပါတယ်။

အဲဒီမှာ အမှတ်မထင် တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရတဲ့ အံ့ဖွယ်သုတကလေးတစ်ခုကို 'တင်ပြချင်ပါသေးတယ်။ ဒါကတော့ တခြားမဟုတ်ပါဘူး။ မန္တလေးသူတွေဟာ 'တင်တင်'ဆိုတဲ့ နာမည်ကို အတော်လေး နှစ်သက်ကြပုံရတဲ့အကြောင်းပါပဲ။

ဘာကြောင့်လဲဆိုတော့ လူထုတိုက်က ထီးပေါင်းကားစာပေနဲ့ စာအုပ်ဆိုင်ကို တာဝန်ယူနေတာက 'ဒေါ်တင်တင်ဝင်း'၊ နာမည်ကျော်နဂါးစာပေကို ကြီးမှူးအုပ်ချုပ်နေသူက 'ဒေါ်တင်တင်ရီ'၊ ဈေးချိုတောင်ဘက် ၂၈ လမ်းက 'အောင်စာပေ' စာအုပ်ဆိုင်ရဲ့ ပိုင်ရှင်က 'ဒေါ်တင်တင်ဦး'၊ ပြီးတော့ နာမည်ကြီး ပန်းရိုးမကုန်တိုက်က တိုင်းသမ/စာနယ်ဇင်းရဲ့ အုပ်ချုပ်ရေးမှူးက 'ဒေါ်တင်တင်အေး' တဲ့။ 'တင်တင်'တွေ များလိုက်ပုံက





တော့ တကယ့်ကို 'ကြုံဖူးပေါင် ဂုဏ်ထူးဆောင်'လို့ ဆိုရမလောက်ပါပဲ။

အဲဒီနေ့က ရဲရင့်စာပေမှာ ကျွန်တော်တို့ရဲ့ စာပေရဲဘော်ကြီး 'ရဲရင့်ဦးဌေး'ကို မကျန်းမမာဖြစ်နေလို့ မတွေ့ခဲ့ရသလို ဆုမွန်စာပေကမောင်ချစ်ဆွေလည်း ရန်ကုန်ဆင်းသွားတယ်ဆိုလို့ မတွေ့ခဲ့ရပါဘူး။

နောက်တစ်နေ့ ဩဂုတ်လ ၇ ရက်နေ့မှာတော့ လူထုဦးလှကွယ်လွန်တဲ့ ၉ နှစ်မြောက် နှစ်ပတ်လည် ဆွမ်းကျွေးပွဲအတွက် မနက် ၉ နာရီခွဲလောက်မှာပဲ လူထုတိုက်ကို ကျွန်တော် ရောက်သွားခဲ့ပါတယ်။

ဆွမ်းကျွေးဖို့အတွက် မန္တလေးမြို့က ထင်ရှားတဲ့ မြတောင်ကျောင်းတိုက်၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဝိဇိတာရုံကျောင်းတိုက်နဲ့ တောင်မြို့က မဟာဂန္ဓာရုံကျောင်းတိုက်၊ တောင်လေးလုံးကျောင်းတိုက်စတဲ့ ကျောင်းတိုက်များက သံဃာတော် ၁၅ ပါးကို ပင့်ဖိတ်ထားတယ်လို့ သိရပါတယ်။

အဲဒီဆရာတော်တွေထဲက ပထမဆုံးကြွရောက်လာတဲ့ ဆရာတော်ကတော့ တခြားမဟုတ်ပါဘူး။ လူထုဦးလှ-ဒေါ်အမာတို့နဲ့ အင်မတန်ရင်းနှီးတဲ့ တောင်လေးလုံးဆရာတော် ကိုပညာ (အမရပူရ) ပါပဲ။

ကိုပညာ (အမရပူရ)ဟာ ဒေါက်တာသန်းထွန်းနဲ့လည်း စာပေ ဘီစွအကြောင်းပြုပြီး နှစ်ပေါင်းများစွာ ခင်မင်လာခဲ့တဲ့ ဆရာတော်ဖြစ်ပါတယ်။

ဒါကြောင့်လည်း လူထုတိုက်မှာ သူတို့နှစ်ဦး တွေ့တွေ့ချင်း ဒေါက်တာသန်းထွန်းက . . . 'ကိုယ်တော်နဲ့တွေ့ရင် ကိုယ်တော့်အကြောင်း မကောင်းပြောဖို့ စိတ်ကူးထားတာ၊ ဒါပေမယ့် ရထားပေါ်မှာ ကိုယ်တော့် သတင်းတွေ ကိုမောင်မောင်နဲ့ တစ်ညလုံးပြောလာခဲ့လို့ ပြောစရာတောင် ကျန်တော့ဘူး'လို့ စပြီး ကျီစယ်နောက်ပြောင်ခဲ့ပါတယ်။

ဒီတော့လည်း ကိုပညာဟာ ထုံးစံအတိုင်း ဘာမှပြန်မပြောဘဲ ပြုံးဖြီးဖြီးကြီး လုပ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပွဲမှာ မမျှော်လင့်ဘဲ ဆရာသုခနဲ့ ရေနံမြေ ဒေါ်ခင်စုတို့ကို တွေ့ခဲ့ရပါတယ်။ ဆရာသုခဟာ အလုပ်ကိစ္စတစ်ခုနဲ့ မန္တလေးကို ရောက်နေတာ ၁၀ ရက်လောက်ရှိပြီလို့ သိရပါတယ်။

ကျွန်တော်ကသာ ဆရာသုခကို အဲဒီမှာ တွေ့လိမ့်မယ်လို့ မမျှော်လင့်ပေမယ့် ဆရာသုခကတော့ ကျွန်တော့်ကို မုချတွေ့လိမ့်မယ်လို့ မျှော်လင့်ထားဟန် တူပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဆရာသုခက ကျွန်တော့်ကို 'ကိုမောင်မောင်လား. . . 'လို့ မမြင်မကမ်းနဲ့ လှမ်းနှုတ်ဆက်ပြီး 'ခင်ဗျား ဒီနေ့ သေချာပေါက် ရောက်လာမယ် ဆိုတာ ကျွန်တော်တွက်ပြီးသားပါ'လို့ ပြုံးပြုံးကြီး ပြောလိုက်လို့ပါပဲ။

အဲဒီနောက် ၁၀ နာရီခွဲလောက်မှာ သံဃာတော်တွေစုံပြီမို့ ဆွမ်းပွဲများ ပြင်ဆင်ဆက်ကပ်ကြပါတယ်။

ဆွမ်းကျွေးအစီအစဉ်ပြီးတဲ့နောက် မဟာဂန္ဓာရုံဆရာတော် ချီးမြှင့်တဲ့ ငါးပါးသီလကို ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများရဲ့ ပရိတ်တရားတော်ကို နာကြားကြပါတယ်။ နောက်ဆုံးအစီအစဉ်အရ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ပြီး ရေစက်သွန်းချ အမျှပေးဝေတဲ့အခါမှာ ဒေါ်အမာဟာ ရေကရားကိုကိုင်ပြီး ရေစက်ချရင်းနဲ့ သွားလေသူ ကျေးဇူးရှင် ခင်ပွန်းသည်ကို အောက်မေ့တသ, သတိရပြီး နှစ်ကြိမ် သုံးကြိမ်လောက် ပဝါနဲ့ မသိမသာ မျက်ရည်သုတ်ခဲ့ရရှာတာကို အနီးကပ်မြင်တွေ့ခဲ့ရလို့ ကျွန်တော့်မှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါတယ်။

**အမှတ်တရ**

အဲဒီနေ့ ညနေဘက် ၃ နာရီမှာတော့ မြတောင်ကျောင်းတိုက်အတွင်း ကွယ်လွန်သူ လူထုဦးလှနဲ့ ဆရာတော် ရွှေကိုင်းသား (ဦးသောဘိတ)တို့အတွက် အမှတ်တရ ကျောက်တုံးကျောက်စာနဲ့ သစ်ပင်စိုက်တဲ့ အခမ်းအနားကျင်းပခဲ့ကြပါတယ်။ အဲဒီ အခမ်းအနားမှာ မြတောင်





ကျောင်းတိုက် ဆရာတော်ကို အမှူးထားပြီး၊ ဥတ္တရလွင်ပြင်ကျော်ရင်မြင့်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါတယ်။

အဲဒီအခမ်းအနားမှာ ဒေါက်တာသန်းထွန်း၊ ဆရာသုခ၊ ရေနံမြေဒေါ်ခင်စု၊ လူထုဒေါ်အမာတို့က ကွယ်လွန်သူ လူထုဦးလှနဲ့ ပတ်သက်တဲ့ ချီးကျူးအောက်မေ့ဖွယ်ရာ ဂုဏ်ပုဒ်များနဲ့ အမှတ်တရ ထိတွေ့ခံစားခဲ့ကြရတဲ့ ဖြစ်ရပ်ကလေးများကို အသီးသီးပြောဆို တင်ပြခဲ့ကြပါတယ်။

အဲဒီနောက် မြတောင်ကျောင်းတိုက်အတွင်းမှာ ဆောက်လုပ်နေဆဲဖြစ်တဲ့ မြတောင်ကျောင်းတိုက် ရာပြည့်အထိမ်းအမှတ် ဓမ္မာရုံကြီးရဲ့ အဂ္ဂိထောင့်နဲ့ စနေထောင့်မှာ လူထုဦးလှနဲ့ ရွှေကိုင်းသား (ဆရာတော် ဦးသောဘိတ)တို့အတွက် အမှတ်တရ ကျောက်တုံးကြီးများနဲ့ မယ်ဇယ်ပင်များကို စုပေါင်းပြီး စိုက်ခဲ့ကြပါတယ်။

ဒီကျောက်တုံးကြီးနှစ်ခုနဲ့ မယ်ဇယ်ပင်နှစ်ပင်ဟာ မြတောင်ကျောင်းတိုက်ကြီး တည်တံ့ခိုင်မြဲနေသမျှ မြန်မာစာပေသမိုင်းမှာ ထင်ရှားတဲ့ သင်္ကေတ မှတ်တိုင်များအဖြစ် အစွန့်ရှည်စွာ တည်တံ့ ခိုင်မြဲနေလိမ့်မယ်လို့ ယုံကြည်ရပါတယ်။

ခြေထောက်မှာ ဗွေပေါက်နေတဲ့ ကျွန်တော်ဟာ နောက်တစ်နေ့ မနက် မုံရွာဘက်ကို ခရီးဆက်ခဲ့ပြန်ပါတယ်။

မုံရွာက ကျွန်တော့်ရဲ့စာပေ အပေါင်းအသင်း ရောင်းရင်းတွေကို ကျွန်တော်လာမယ့်အကြောင်း ကြိုတင်ပြီး တယ်လီဖုန်းဆက် ထားပေမယ့် ကျွန်တော့် တယ်လီဖုန်းသတင်းကို နားထောင်ရတဲ့ ဆရာအံ့မောင် (အင်ဒါးဆင်းရဲ့ 'ရေသူမလေး'ပုံပြင် ဘာသာပြန်စာအုပ်နဲ့ အမျိုးသားစာပေဆုရ စာရေးဆရာ)က နားကြားလွဲပြီး ကျွန်တော်မရောက်ခင် တစ်ရက်က ဘစ်ညနေလုံး လူစုလူဝေးနဲ့ ကြိုနေခဲ့ကြပေမယ့် နောက်တစ်နေ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ရောက်သွားတဲ့ အချိန်ကျတော့ ကားဂိတ်မှာ ကြိုမယ့်သူတစ်ယောက်မှ မတွေ့ရဘဲ ဖြစ်နေပါတယ်။

ဒါနဲ့ ကျွန်တော်လည်း ပါလာတဲ့ သားရေအိတ်နဲ့ စာအုပ်တွေကို ဆိုက်ကားတစ်စီးပေါ် တင်ပြီး ညောင်တစ်ပင်လမ်းက ဆရာအံ့မောင်နဲ့ဇနီး ဒေါ်ခင်အုန်းမြင့်တို့ရဲ့ သစ္စာပွဲရုံကို အဖော်မပါ တစ်ကိုယ်တည်း ချီတက်လာခဲ့ရပါတယ်။

အဲဒီမှာ ကျွန်တော်နဲ့ပါလာတဲ့ စာအုပ်ထုပ်တွေဆိုတာက တခြားစာအုပ်တွေမဟုတ်ပါဘူး။ ဆရာအံ့မောင် ဘာသာပြန်တဲ့ အင်ဒါးဆင်းပုံပြင် 'ရေခဲနတ်ဒေဝီ' အုပ် ၂၀ နဲ့ ကျွန်တော့်ရဲ့ 'အီယန်ဖလိမ်းမင်း' အတ္ထုပ္ပတ္တိ ဘာသာပြန်စာအုပ် ၂၅ အုပ်ပါပဲ။

စုစုပေါင်း ပိဿာချိန် တစ်ဆယ်လောက်လေးတဲ့ အဲဒီ စာအုပ်တွေကို ရန်ကုန်က မုံရွာအထိ ကျွန်တော် အပင်ပန်းခံပြီး သယ်လာခဲ့ပါတယ်။

အထူးသဖြင့် ဆရာအံ့မောင်ရဲ့ 'ရေခဲနတ်ဒေဝီ'ဟာ ရန်ကုန်မှာ မနေ့တစ်နေ့ကမှ ပူပူနွေးနွေး ထုတ်ဝေဖြန့်ချိလိုက်တာမို့ ကာယကံရှင်ဖြစ်တဲ့ ဘာသာပြန်သူ ဆရာအံ့မောင် ဦးဦးဖျားဖျား မြင်ရတွေ့ရအောင် တကူးတကန့် တမင်သယ်လာခဲ့တာပါ။ ပြီးတော့ ဒီစာအုပ်ကို ဆရာအံ့မောင် ဘာသာပြန်ခဲ့ပြီးတာ ၆ နှစ်လောက် ရှိပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် ပုံမနှိပ်ဖြစ်ဘဲ၊ အကြာကြီး အောင်းနေခဲ့ရာက ကျွန်တော်ကိုယ်တိုင် 'လောကသစ်'စာပေနဲ့ ဆက်သွယ်ကြိုးပမ်းပေးခဲ့လို့ သုံးလအတွင်း စာအုပ်ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

ပြီးတော့ အဲဒီ ရေခဲနတ်ဒေဝီ စာအုပ်တွေနဲ့အတူ ဆရာအံ့မောင်အတွက် စာမူခပါ တစ်ပါတည်း ကျွန်တော်ယူလာခဲ့ပါတယ်။

ဒါနဲ့ ဆရာအံ့မောင်နဲ့တွေ့တွေ့ချင်း စာအုပ်တွေနဲ့တကွ စာမူခ





ပါတစ်ခါတည်း ပေးလိုက်တော့ ဆရာအံ့မောင်ဟာ စာမူခရတာထက် လွန်ခဲ့တဲ့ ၆ နှစ်လောက်က သူကြိုးစားပမ်းစား အားထုတ်ပြီး ဘာသာပြန်ထားတဲ့ 'ရေခဲနတ်ဒေဝီ'ကို စာအုပ်အဖြစ် ဖြန်းကနဲ တွေ့လိုက်ရလို့ အကြီးအကျယ် ဝမ်းသာသွားပါတယ်။

သူဝမ်းသာအားရဖြစ်နေတာကို မြင်လိုက်ရတော့ ကျွန်တော်ပါ ရောပြီး စာရေးဆရာအချင်းချင်း စာနာတဲ့ စိတ်တွေ တဖွားဖွားနဲ့ စာပေမုဒိတာပွားမိပါတယ်။

**မုံရွာအရောက်**

ဒီတစ်ခေါက် ကျွန်တော် မုံရွာကို အရောက်လာခဲ့တာဟာ ဆရာအံ့မောင်ကို အဲဒီစာအုပ်နဲ့ စာမူခပေးဖို့ရယ်၊ နောက်တစ်ခုက မကြာခင် ကျွန်တော်ထုတ်ဝေဖို့ စီစဉ်နေတဲ့ ခေတ်သစ်လက်တန်း ကဗျာများ စာအုပ်အတွက် မုံရွာမှာရှိတဲ့ စာပေရောင်းရင်းအပေါင်း အသင်းတွေဆီက ရသမျှ ကဗျာ အတိုအထွာကလေးတွေကို စုဆောင်းဖို့ပါပဲ။

ဒါကြောင့် မုံရွာမှာ ပထမရောက်တဲ့နေ့က ဆရာဘုတလင် ချစ်လေးစတဲ့ ကဗျာဆရာစာရေး ဆရာတွေနဲ့ တွေ့ဆုံနှုတ်ဆက်ပြီး နောက်တစ်နေ့ကျတော့ မုံရွာ မြောက်ဘက်မြို့သစ်က ပန်းချီဆရာ ဦးလှတင်အိမ်ကို ကဗျာဆရာတစ်ဦးနဲ့အတူသွားပြီး မနက်စာ စားရင်း စာအကြောင်း ကဗျာအကြောင်း ပြောကြ ဆိုကြ ရွတ်ကြ ဖတ်ကြ ရေးကြ မှတ်ကြရင်းနဲ့ တစ်နေကုန်ခဲ့ပါတယ်။

နောက်တစ်နေ့ကျတော့ ကဗျာသမား စာသမားကြီးတစ်ဦး ဖြစ်တဲ့ လယ်ဇင် ဦးသိန်းဖေအိမ်မှာ စားရင်းသောက်ရင်းနဲ့ စာတို စာစ ကဗျာတို ကဗျာစတွေကို မေးမြန်းမှတ်သားခဲ့ပါတယ်။

အဲဒါအပြင် မပြန်ခင် တစ်ရက်မှာလည်း ဆရာဦးသိန်းဖေအိမ်မှာပဲ၊ သူ အလွတ်ရွတ်ပြတဲ့ သီပေါမင်းပါတော်မူ လက်ာကြီးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



မှတ်ရင်းနဲ့ တစ်နေကုန်ခဲ့ပါတယ်။ ဒီလိုနဲ့ သည်တစ်ခါ မုံရွာမှာ လေးရက်ကြီးများတောင် ကြာခဲ့ပါတယ်။

ကျွန်တော့်ရဲ့ သည်တစ်ခေါက် ရွာရိုးကိုးပေါက် ခရီးစဉ်ဟာ ဒီတင်ပဲ နိဂုံးချုပ်ပြီလားဆိုတော့ မချုပ်သေးဘူးခင်ဗျ။ မုံရွာကအပြန် မန္တလေးရောက်တဲ့နေ့မှာ ကိုပညာ(အမရပူရ)ရဲ့ တောင်လေးလုံး ကျောင်းတိုက်ကို ကတိုက်ကရိုက် အပြေးအလွှားသွားပြီး တစ်ညအိပ်ဖြစ်အောင် အိပ်လိုက်ပါသေးတယ်။

ဒါပေမယ့် တောင်လေးလုံးမှာ အိပ်တဲ့ညက အရင့်အရင်တုန်းကလို တောင်သမန်ရဲ့အလှကို မတွေ့မမြင်ရတော့ဘဲ ရေတွေတအားကြီးပြီး ဒေါ်အပွကြီးပွနေတဲ့ တောင်သမန်ရဲ့ဒေါသကြောင့် တစ်ညလုံး တဝုန်းဝုန်းနဲ့ လှိုင်းပုတ်တဲ့အသံတွေ ကြားနေရလို့ ကောင်းကောင်းမအိပ်ခဲ့ရပါဘူး။

တောင်လေးလုံးမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ကျပြန်တော့ မန္တလေးမှာ ကျွန်တော့်ရဲ့ လက်ကသုံးတောင်ဝှေးဖြစ်တဲ့ ကဗျာဆရာနီမောင်ရဲ့ ရှေ့ဆောင်လမ်းပြမှုနဲ့ အင်းဝ တံတားဦးဘက်ကို ခရီးဆက်ခဲ့ပြန်ပါတယ်။

ဒီနေရာမှာ စာဖတ်သူ မိုးဂျာနယ်ပရိသတ်ကို ကျွန်တော် တစ်ခုအစီရင်ခံချင်တာက အခုလို တံတားဦးဘက်ကို ခရီးဆက်ခဲ့တာဟာ အကြောင်းမဲ့သက်သက် ရည်ရွယ်ချက်မရှိဘဲ၊ ခြေဦးတည့်ရာ လျှောက်သွားခဲ့တာ မဟုတ်ပါဘူး။

အထူးသဖြင့် ဆိတ်ငါးကောင် ဦးခင်မောင်ဆိုတဲ့ စာသမား၊ ကဗျာသမားကြီးကို တွေ့ပြီး သူတို့ဆီက စာတိုစာ၊ ကဗျာတိုကဗျာစတွေကို မေးမြန်းစုဆောင်း မှတ်သားချင်လို့ပါပဲ။

သူတို့ဆီကရသမျှ ကဗျာအတိုအထွာတွေကို ကျွန်တော့်ရဲ့ ခေတ်သစ်လက်တန်း ကဗျာစာအုပ်မှာ ဖော်ပြချင်လို့ တံတားဦးကို တကူး





တကန့် သွားခဲ့ရတာဖြစ်ပါတယ်။

ကျွန်တော် ရည်ရွယ်တဲ့အတိုင်း ဆိတ်ငါးကောင် ဦးခင်မောင်မြင့်ဆီက ကဗျာအတိုအထွာတွေသာမက အင်မတန်မှ မှတ်သားဖို့ကောင်းတဲ့ 'ခေတ်သစ် လင်ပျောက်ရှာပုံတော် လက်ကြီး'တစ်ပုဒ်တောင် ရေးသားမှတ်ယူခဲ့ရပါတယ်။

**ဗဂျီအောင်စိုးအမှတ်တရ**

အဲဒီလို အထက်အညာတစ်ခွင် ပြုပြစ်င်အောင် ရွာရိုးကိုးပေါက်လျှောက်သွားနေခဲ့တဲ့ ကျွန်တော်ဟာ ဩဂုတ်လ ၂၀ ရက်နေ့ကျတော့ ရန်ကုန် ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းက ဗိဿနိုး ပန်းချီပြခန်းမှာ ကျင်းပတဲ့ ဗဂျီအောင်စိုး အမှတ်တရပြပွဲကော်မတီ နောက်ဆုံးအစည်းအဝေးကို အချိန်မီရောက်လာပြီး ခပ်တည်တည်နဲ့ သဘာပတိ လုပ်ခဲ့ပါသေးတယ်။

အဲဒီလို ကျွန်တော်အချိန်မီ ပြန်ရောက်လာတာကို အပေါင်းအသင်း ရောင်းရင်းတွေ အားလုံးက ဝမ်းသာအားရနဲ့ အရမ်းကျေနပ်ခဲ့ကြပါတယ်။

ပန်းချီဝသုန်ကဆိုရင် တစ်ခုခု သူသဘောကျ ကျေနပ်စရာ တွေ့တိုင်း 'သိပ်လှတာပဲ'ဆိုတဲ့ စကားလုံးကို သုံးနေကျမို့ 'ဒီနေ့ ဆရာအချိန်မီပြန်ရောက်လာတာ သိပ်လှတာပဲဆရာ'လို့ သူ့ထုံးစံ သူ့လေသံနဲ့ ပြောလာပါသေးတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ တစ်တွေ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြတဲ့ ဗဂျီအောင်စိုး အမှတ်တရ ပန်းချီပြပွဲကို မူလက သတ်မှတ်ပေးထားတဲ့အတိုင်း ဩဂုတ်လ ၂၄ ရက် စနေနေ့က ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်း ဗိဿနိုးပန်းချီပြခန်းမှာ အောင်မြင်သေသပ်စွာနဲ့ ဖွင့်လှစ်ပြသနိုင်ခဲ့ပါပြီ။

ပြီးတော့ ပြပွဲဖွင့်တဲ့ အဲဒီ ပထမနေ့မှာပဲ ဗဂျီအောင်စိုးရဲ့ ကာတ်ကား (အမေ့ရောဂါ ကုပေးကြပါ)ကို ကျပ်တစ်သောင်းနဲ့ ရောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကာတွန်းမြေဇာ၊ ဆန်နီငြိမ်းနဲ့ မုံရွာက ဆရာဦးလူတင်ရဲ့ ပန်းချီကားများလည်း ဈေးဦးပေါက်သွားတာမို့၊ အဲဒီ ပြပွဲဟာ ပွဲဦးထွက်အောင်မြင်တယ်လို့ ဆိုနိုင်ပါတယ်။

အထူးသဖြင့် အထက်အညာက ဆရာဦးလူတင်ရဲ့ ပန်းချီကားရောင်းလိုက်ရတဲ့အတွက် ပြပွဲကော်မတီဝင်တွေအားလုံး ဝမ်းသာမဆုံးတပြုံးပြုံး ဖြစ်နေကြပါတယ်။

(အဲဒီအထဲမှာ ဝမ်းအသာဆုံးကတော့ ကျွန်တော်ပါပဲ၊ ဘာကြောင့်လဲဆိုတော့ အဲဒီပန်းချီကားကို မုံရွာဆရာဦးလူတင်အိမ်မှာ ကျွန်တော်ကိုယ်တိုင် ရွေးပြီး မှန်ဘောင်နဲ့တကွ မုံရွာက ရန်ကုန် ရောက်အောင်အပင်ပန်းခံ သယ်လာခဲ့ရလို့ပါပဲ)။

ကဲ ရွှာရိုးကိုးပေါက် ကျွန်တော် လျှောက်သွားခဲ့သမျှ အမှတ်တရရေးလိုက်တဲ့ ဆောင်းပါးဟာ ရှည်လျား ပေများနေပြီမို့ နိဂုံးချုပ်ပါတော့မယ်။

ဒါပေမယ့် လျှာရှည်တဲ့သဘောနဲ့ နိဂုံးချုပ်မှာ ကဗျာလေး တစ်ပုဒ်ကို ဖော်ပြချင်ပါသေးတယ်။

အဲဒီ ကဗျာကလေးကတော့ မုံရွာကအပြန် ဩဂုတ်လ ၁၂ ရက်နေ့ မနက်က မုံရွာကားဂိတ်မှာ ကျွန်တော့်ကို လိုက်ပို့ကြရင်း ကဗျာဆရာတစ်ဦးက ကားဘေးမှာရပ်ရင်း လက်တန်းစပ်ပေးလိုက်တဲ့ ကဗျာကလေးပါပဲ။ သူ့လက်တန်းကဗျာကလေးကတော့ ဒီလိုပါ . . .

*ရွာရိုးကိုးပေါက် ခရီးစဉ် . . .*<br>
*နှင်နိုင်ပေ့ ပြည်တစ်ဝန်း။*<br>
*ခြောက်ဆယ်ကျော် အရွယ်ထောက်ပေမယ့်၊*<br>
*ဆယ့်ခြောက်နှစ် ပမာပုံသို့၊*<br>
*လင်းယုန်မောင် တောင်ဟုန်ဖြန့်တယ်၊*<br>
*အံ့လောက်ချမန်း ။ ။*



## စာပေလောကမှ အလှူဒါန

ဒီတစ်လ 'ရွာရိုးကိုးပေါက်' လျှောက်ခဲ့ ရောက်ခဲ့တဲ့ အကြောင်းတွေ မရေးခင် 'ဗဂျီအောင်စိုး နှစ်ပတ်လည် အထိမ်းအမှတ်ပန်းချီပြပွဲ'နဲ့ ပတ်သက်ပြီး လက်ကျန်စာရင်းပိတ် ကွင်းပိတ်ခဲ့ကြတဲ့ အကြောင်းကလေးတွေ ပထမဆုံးရေးပါရစေဦး။

ဗဂျီအောင်စိုး နှစ်ပတ်လည် ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းက ဗိသုနိုးပန်းချီပြခန်းမှာ ဩဂုတ်လ ၂၄ ရက် စနေနေ့က ၃၁ ရက် စနေနေ့အထိ ခုနှစ်ရက်တိတိ ပြသခဲ့ပါတယ်။

အဲဒီ ခုနှစ်ရက်အတွင်း စာနယ်ဇင်းလောက စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေနဲ့ အယ်ဒီတာတွေအပြင် နိုင်ငံခြားသံရုံးက ပုဂ္ဂိုလ်တွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေက ပန်းချီပညာကို စိတ်ပါဝင်စားကြတဲ့ လုပ်ငန်းရှင်တွေပါ အတော်ကလေး စုံစုံလင်လင် လာရောက်ခဲ့ကြတာ တွေ့ခဲ့ရပါတယ်။

ပြပွဲစပြီးဖွင့်တဲ့နေ့ကပဲ ဗဂျီအောင်စိုး၊ ဦးလူတင် (ချင်းတွင်းချောကြည်)၊ မြေဇာနဲ့ ဆန်နီငြိမ်းတို့ရဲ့ ပန်းချီကား လေးကားကို ဈေးဦးပေါက်ရောင်းခဲ့ရပါတယ်။

နောက်ဆုံး ကွင်းပိတ်တဲ့ ၃၁-၈-၉၁ နေ့အထိ နောက်ထပ် ပန်းချီကား ငါးကားထပ်ပြီးရောင်းရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကတော့ ကာတွန်းငွေကြည်၊ ပန်းချီစံတိုး၊ ဝင်းဖေမြင့်နဲ့ မင်္ဂလာဘိုရဲ့ ပန်းချီကားတွေပါပဲ။

ပြပွဲပြီးတဲ့နောက် နောက်ထပ် ပန်းချီကားတစ်ကား ထပ်ပြီး ရောင်းရပါသေးတယ်။

စာရေးဆရာ ဆောင်းဝင်းလတ်ရဲ့ကားပါပဲ။ ဒါကိုကြည့်ခြင်းအားဖြင့် ဆောင်းဝင်းလတ်ဟာ ရသမြောက်တဲ့ ဝတ္ထုတွေကို ရေးတတ်သလို ရသမြောက်တဲ့ ပန်းချီကားတွေကိုလည်း ဆွဲနိုင်တဲ့ အနုပညာသမား တစ်ဦးဖြစ်ကြောင်း ဒီပွဲမှာ သိခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဗဂျီအောင်စိုး အထိမ်းအမှတ်ပန်းချီပြပွဲမှာ အခုလို စာရေးဆရာ ကာတွန်းဆရာတွေရဲ့ ပန်းချီကားတွေ အတော်များများ ရောင်းခဲ့ရတာဟာ ဒီပြပွဲနဲ့ပတ်သက်လို့ ပြောစမှတ်ပြုစရာ တစ်ခုဖြစ်ခဲ့ပါတယ်။

ဒီပြပွဲနဲ့ပတ်သက်ပြီး နောက်ဆုံးနိဂုံးချုပ်အနေနဲ့ မိုးကျာနယ် ပရိသတ်အပါအဝင် အနုပညာရှင်တွေအားလုံးအတွက် ကြည်နူးစရာ မှတ်တမ်းတင်ထားစရာ အချက်ကတော့ ဩဂုတ်လ ၃၁ ရက်နေ့ပြပွဲ ပိတ်ပြီး စာရင်းချုပ်လိုက်တဲ့အခါမှာ ပြပွဲဖြစ်မြောက်ရေးကော်မတီက ကွယ်လွန်သူ ဗဂျီအောင်စိုးရဲ့ ကျန်ရစ်သူမိသားစုကို ငွေ ၂၀၀၀၀ (နှစ်သောင်း)ကျော် ပေးအပ်ထောက်ပံ့နိုင်ခဲ့တဲ့ အကြောင်းပါပဲ။

ကြားကြားသမျှ သာဓုခေါ်နိုင်ကြပါတယ်။

သုံးနေရာသို့

ကဲ၊ အဲဒီနောက် တစ်လအတွင်း ရှာရိုးကိုးပေါက် ရောက်ခဲ့ ပေါက်ခဲ့သမျှ ကြုံခဲ့တွေ့ခဲ့သမျှ ရေးသားတင်ပြဖို့ တန်းစီပြီး အကွက်ချ ကြည့်လိုက်တော့ ကြုံကြုံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ရောက်ခဲ့တဲ့ နေရာ သုံးခုစလုံးဟာ ကွယ်လွန်သူတွေအတွက် ကျန်ရစ်သူများက အမှတ်တရ





ပြုလုပ်ကျင်းပကြတဲ့ ဆွမ်းကျွေးပွဲတွေချည်းဖြစ်နေတာ အံ့ဩစရာ တွေ့နေရပါတယ်။

အဲဒီအမှတ်တရ ဒါနပြုကြတဲ့ အလှူပွဲတွေကတော့ ၁။ ကွယ်လွန်သူ ဆရာကြီး ဦးသော်ဇင်အတွက် တစ်နှစ်မြောက်ဆွမ်းကျွေးပွဲ ၂။ ကွယ်လွန်သူ ဒေါ်ကြည်အတွက် ကျန်ရစ်တဲ့ ခင်ပွန်းဖြစ်သူ စာရေးဆရာကြီး လင်းယုန်သစ်လွင်က ပြုလုပ်တဲ့ ရက်လည် ဆွမ်းသွတ်ပွဲနဲ့ ၃။ ကွယ်လွန်သူ ဒု-ဗိုလ်မှူးကြီးကျော်သောင်းကို ရည်စူးပြီး ကျန်ရစ်သူ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုက နှစ်စဉ် ကျင်းပမြဲအတိုင်း (၂၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အမှတ်တရ ကျင်းပတဲ့ အလှူပွဲတို့ဖြစ်ပါတယ်။

စာရေးဆရာကြီး တစ်ဦးလည်းဖြစ် မြန်မာစာပေပညာရှိ တစ်ဦးလည်း ဖြစ်တဲ့ ဆရာကြီး ဦးသော်ဇင်ဟာ လွန်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၁၃ ရက်နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်။

ဒါကြောင့် စက်တင်ဘာ ၁၃ ရက်နေ့မှာ ကျန်ရစ်သူမိသားစုက ကျေးဇူးရှင်ဆရာကြီး ဦးသော်ဇင်အတွက် တစ်နှစ်မြောက် အလှူဒါနပြုလုပ်ခဲ့ကြပါတယ်။

ကျွန်တော်ဟာ ဆရာကြီးဦးသော်ဇင်နဲ့ သားတပည့်လို နှစ်ပေါင်း ၃၀ နီးပါး ခင်မင်ရင်းနှီးလာခဲ့သူမို့ မနှစ်က ဆရာကြီး ကွယ်လွန်အနိစ္စ ရောက်တဲ့ အချိန်ကစပြီး ရက်လည်ဆွမ်းသွတ်တဲ့နေ့အထိ ခုနှစ်ရက် ခုနှစ်လီ တောင်ဥက္ကလာပ ဟံသာဝတီလမ်းက ဆရာကြီးအိမ်မှာ ညအိပ် ညနေသွားပြီး နာရေးကိစ္စ ဝေယျာဝစ္စတွေ ဆောင်ရွက်ခဲ့ရပါတယ်။

အခုတစ်ခါ ဆရာကြီးကွယ်လွန်တဲ့ တစ်နှစ်မြောက်ဆွမ်းကျွေးရာမှာလည်း တစ်ပတ်လောက်ကတည်းက ကြိုတင်ပြီး ဖိတ်သင့်ဖိတ်ထိုက်တဲ့ စာရေးဆရာကြီးများနဲ့ ဆရာဦးသော်ဇင်ရဲ့ လုပ်ဖော်ကိုင်ဘက် မိတ်ဆွေ သင်္ဂဟတွေကို ကျွန်တော်ပဲ တာဝန်ယူ ဖိတ်ကြားခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးသော်ဇင်မှာ သားနှစ်ယောက်နဲ့ သမီး ငါးယောက်ရှိပါတယ်။ ဒါပေမယ့် သားကြီးက နိုင်ငံခြားရောက်နေပြီး သားအငယ်က တောရကျောင်းတစ်ကျောင်းမှာ သက်န်းဝတ်နေပါတယ်။

ပြီးတော့ သမီးငါးယောက်မှာ သုံးယောက်က အိမ်ထောင်ခွဲတွေဆိုတော့ အိမ်မှာ သမီးငယ်နှစ်ယောက်နဲ့ မော်လမြိုင်က ရန်ကုန်ကို သင်တန်းတက်ရင်း ခေတ္တရောက်နေတဲ့ သားမက် ဒေါက်တာညွှန့်စိုး (ဒုတိယသမီး ရွှေဇင်ဦးရဲ့ ခင်ပွန်း)နဲ့ပါမှ အိမ်သားလေးယောက်ပဲရှိပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ဆရာကြီးအတွက် ရက်လည်ဆွမ်း မသွတ်ခင် တစ်ညကြိုပြီး ဩဂုတ်လ ၁၂ ရက်နေ့ညကတည်းက ညအိပ် ညနေသွားပြီး ဝေယျာဝစ္စ ကိစ္စတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီမှာ အဓိက တာဝန်ကတော့ မနက်အရုဏ်တက် ၄နာရီခွဲမှာ ၄ မိုင်လောက်ဝေးတဲ့ သမိုင်းလမ်းဆုံက ဘုန်းဘုရားကြီး ဦးပေါက်ဆိန် ကျောင်းတိုက်ကို အချိန်မီသွားပြီး သံဃာတော်တွေကို ပင့်ရတဲ့ အလုပ်ပါပဲ။

ဆရာကြီး ဦးသော်ဇင်ရဲ့ နှစ်ပတ်လည် ဆွမ်းကျွေးပွဲမှာ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေက များများစားစား မဟုတ်ပါဘူး။ ဆယ့်လေးငါးယောက်ပါပဲ။

အဲဒီထဲမှာ ဆရာကြီးနဲ့ လုပ်ဖော်ကိုင်ဘက်များဖြစ်ကြတဲ့ ဆရာဦးလှရွှေ (အငြိမ်းစားပါမောက္ခချုပ်)၊ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ရေးဖော်ရေးဘက်များဖြစ်ကြတဲ့ ဆရာကြီးဦးသုခ၊ ဆရာကြီးဦးရန်အောင်၊ ဆရာပါရဂူတို့နဲ့ ရုပ်ရှင်မျက်မှန် ဦးအောင်သိန်း၊ ကာတွန်းမြေဇာစတဲ့ ပုဂ္ဂိုလ်တွေ အားလုံးပဲ စုံစုံညီညီလာ ရောက်ကြပါတယ်။

**ရင်းရင်းနှီးနှီး**

အဲဒီနေ့က ကျွေးမွေးဧည့်ခံတဲ့ မုန့်ဟင်းခါးကို စားကြ သောက်ကြရင်း ဆရာကြီးတွေနဲ့ ဆရာ့ဆရာတွေ အချင်းချင်း ရင်းရင်းနှီးနှီး စုစုဝေးဝေး





နဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုနေကြတာကို ကြည့်ပြီး ဆရာကြီး ဦးသော်ဇင်ရဲ့ ဇနီးဒေါ်ဥက 'ဆရာသာရှိရင် သူ့မိတ်ဆွေ အပေါင်းအသင်းတွေ အခုလို ရင်းရင်းနှီးနှီး စကားပြောနေတာကို ကြည့်ပြီး အရမ်းဝမ်းသာမှာပဲ'လို့ သွားလေသူ ကျေးဇူးရှင်ခင်ပွန်းသည်ကို သတိရပြီး၊ တမ်းတမ်းတတ ပြောရှာပါတယ်။

အဲဒီနေ့က အစောဆုံးရောက်လာတဲ့ ဆရာကြီးဦးသုခကို ကျွန်တော်ကိုယ်တိုင် ဆီးကြိုပြီး အိမ်ပေါ်တွဲခေါ်လာတော့ ဆရာက ကျွန်တော့် လက်မောင်းကို အားပြုလာရင်းက 'ကိုမောင်မောင်ရေ ခင်ဗျားတို့တော့ ကျွန်တော် ချီးကျူးပါတယ်ဗျာ၊ သာရေး၊ နာရေး၊ လူမှုရေးကိစ္စတွေမှာ တကယ်တာဝန်ကျေတဲ့ လူပဲ'ဆိုပြီး ကျွန်တော့် ကို လှိုက်လှိုက်လှဲလှဲ ချီးမွမ်းစကား ပြောသွားပါသေးတယ်။

အဲဒီနေ့က ၁၀ နာရီခွဲလောက်မှ နောက်ဆုံးရောက်လာတာကတော့ ဆရာကြီး ဦးရန်အောင်ပါပဲ။

ဒီနေ့ သက်ရှိထင်ရှား စာရေးဆရာကြီးတွေထဲမှာ ဆရာကြီး ဦးရန်အောင်ဟာ အသက်အကြီးဆုံး ပုဂ္ဂိုလ်ပါ။ (၈၇)နှစ်ရှိပါပြီ။

ဒါပေမယ့် ဆရာကြီးဟာ မာန်မာနလုံးဝမရှိဘဲ လောဘ၊ ဒေါသ၊ မောဟနဲ့ သောကကင်းဝေးအောင်နေတတ်တဲ့ ဆရာကြီးမို့ အသက်(၉၀)နီးပါး ရှိနေပေမယ့် အသက်(၆၀)လောက်ပဲ ထင်ရပြီး အမြဲနုပျိုလန်းဆန်း ရွှင်လန်း ဖျတ်လတ်နေပါတယ်။

ဆရာကြီး ဦးရန်အောင်ဟာ ဆရာ့ ဦးသော်ဇင်တို့ မိသားစုအားလုံးနဲ့ နှစ်ပေါင်း ၄၀ လောက်နီးပါး တကယ့်ဆွေမျိုးသားချင်းလို ခင်မင်ရင်းနှီးလာခဲ့ကြတာမို့ အခုလို ဆရာကြီးရောက်လာတာကို အိမ်သားလုံးက ဝမ်းသာအားရ ကြိုဆိုဧည့်ခံကြပါတယ်။

အထူးသဖြင့် ဆရာကြီးဦးရန်အောင်ဟာ လွန်ခဲ့တဲ့ နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လောက်က ဒီနှစ်ပတ်လည်ဆွမ်းကျွေးပွဲအတွက်၊ ဆရာကြီးအိမ်ကို သွားဖိတ်ရင်းနဲ့ ဆရာကြီးဦးသော်ဇင်မိသားစုက ကန်တော့ခဲ့တဲ့ ပလေကပ် လုံချည် အသစ်ကပ်ချွတ်ကြီးကို စမတ်ကျကျ ဝတ်လာတာမို့ တစ်အိမ်သားလုံး တပြုံးပြုံးနဲ့ သဘောကျ ကျေနပ်နေကြပါတယ်။

ဆရာကြီး ဦးသော်ဇင် ကွယ်လွန်တဲ့ တစ်နှစ်မြောက်နေ့ကို ရည်စူးပြီး ဆရာကြီးရဲ့သမီးတွေက သူတို့အဖေနဲ့ ရင်းနှီးတဲ့ဆရာ ဆရာကြီး ခြောက်ယောက်ကို ပလေကပ်လုံချည်တစ်ထည်စီ ကန်တော့ကြပါတယ်။ အဲဒီထဲမှာ ဆရာကြီးများဖြစ်ကြတဲ့ ဆရာကြီး ဦးသုခ၊ ဆရာကြီး ဦးရန်အောင်၊ ဆရာကြီး ဦးလှရွှေ၊ ဆရာ ဦး မောင်မောင်တင်၊ ဆရာပါရဂူနဲ့ ဆရာလေးဖြစ်တဲ့ ကျွန်တော်လည်း ရောယောင်ပြီး ပလေကပ်လုံချည် တစ်ထည် ရခဲ့ပါတယ်။

ဆရာကြီး ဦးသော်ဇင်ရဲ့ သမီးများက ကန်တော့တဲ့ ပလေကပ် လုံချည်အသစ်ကြီးကို ရှိုးကျကျ ချဝတ်လာတဲ့ ဆရာကြီး ဦးရန်အောင်ဟာ အဲဒီနေ့က အလှူအိမ်မှာ သူကပြန်ပြီး အလှူဒါန ပြုသွားပါသေးတယ်။

အလှူအိမ်ကကျွေးတဲ့ မုန့်ဟင်းခါးကို စားလည်းပြီးရော ဆရာကြီးဦးရန်အောင်က 'ကဲ. . . မဥ၊ ဒီအိမ်မှာ အခု သမီး ဘယ်နှစ်ယောက် ရှိနေသလဲ'လို့ မေးတော့ ဆရာဦးသော်ဇင်ရဲ့ဇနီး ဒေါ်ဥက 'ငါးယောက်စလုံး ရှိပါတယ် ဆရာ'လို့ ပြန်ဖြေပါတယ်။

အဲဒီတော့ ဆရာကြီးက . . .

'ဒီလိုဆိုရင် ဒီနေ့မနက် မဟိန္ဒြာဘိုးဘိုးကြီးကို လာလှူတဲ့ အထဲက ငါ ငွေတစ်ထောင်ယူလာခဲ့တယ်။ အဲဒီတော့ သမီးတစ်ယောက်ကို တစ်ရာစီ မုန့်ဖိုးပေးခဲ့မယ်၊ ကျန်တဲ့ငါးရာကိုလည်း မဥနဲ့ အိမ်မှာ ရောက်နေကြတဲ့ ညီအစ်မတွေ တစ်ယောက်တစ်ရာစီယူကြ'

ဆိုပြီး သမီးငါးယောက်အတွက် ငွေငါးရာ၊ ဒေါ်ဥနဲ့ ဒေါ်ဥ အစ်မ





တစ်ယောက်၊ ညီမနှစ်ယောက်နဲ့ အစ်ကိုတစ်ယောက်အတွက် ငါးရာ စုစုပေါင်း ငွေတစ်ထောင်တိတိ အလှူဒါန ပြုသွားပါတယ်။

အဲဒီလို အလှူအိမ်မှာ ဆရာကြီး ဦးရန်အောင်က ပြန်ပြီး အလှူဒါနပြုသွားတဲ့အတွက် အိမ်သူအိမ်သားတွေရော၊ ဧည့်သည်တွေပါ အားနာဝမ်းသာနဲ့ မုဒိတာပွားခဲ့ကြရပါတယ်။

**ဆရာလင်းယုန်သစ်လွင်ဇနီး**

ဒီလထဲမှာ ကျွန်တော်ရောက်ခဲ့ရတဲ့ ဒုတိယအလှူပွဲကတော့ တောင်ဥက္ကလာက ဆရာလင်းယုန်သစ်လွင်ရဲ့ဇနီး ကွယ်လွန်သူ ဒေါ်ကြည် (အမေကြည်)ရဲ့ ရက်လည်ဆွမ်းသွတ်တဲ့ အလှူပွဲကလေးပါပဲ။ ဒေါ်ကြည်ဟာ ၁၅-၉-၉၀ ရက်နေ့က မမျှော်လင့်ဘဲ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် ကွယ်လွန်အနိစ္စရောက် သွားရှာပါတယ်။ အဲဒီသတင်းကို နောက်တစ်နေ့ ၁၆ ရက်ကျမှ မြို့ထဲသွားရင်း ဘတ်စ်ကားပေါ်မှာတွေ့တဲ့ စာရေးဆရာ ကိုရွှေသိမ်းမင်းက ပြောပြလို့ ကျွန်တော်သိရပါတယ်။

ကျွန်တော်ဟာ အဲဒီလို သတင်းကို ကြားရတဲ့ ညနေဘက်မှာပဲ တောင်ဥက္ကလာ(သင်္ကန်းကျွန်း)၊ ဇောတိကလမ်းက ဆရာလင်းယုန်သစ်လွင် အိမ်ကို ရောက်သွားခဲ့ပါတယ်။ အဲဒီမှာ နာရေးသတင်းကို မေးရင်းမြန်းရင်း ဆရာလင်းယုန်သစ်လွင်နဲ့ နှစ်ယောက်သား 'စာပေလောက အကြောင်း အဟောင်း နှောင်းဖြစ်တွေ ပြောမိကြပြီး အတော်ကလေး ညဉ့်နက်မှ ပြန်လာခဲ့ပါတယ်။ အဲဒီညက စာရေးဆရာမသီရိနဲ့ မြင့်မောင်မောင်တို့ကို လည်း တွေ့ခဲ့ရပါတယ်။ သူတို့ နှစ်ယောက်ဟာ ဆရာသစ်လွင်ကို ကြည်ညို လေးစားသလောက် သံယောဇဉ်ကြီးကြပါတယ်။

မနှစ်က ဆရာသစ်လွင် ဂါရဝပြုပွဲမှာတုန်းက သူတို့နှစ်ယောက် လေး တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြသလို အခု ဆရာသစ်လွင်ရဲ့ဇနီး နာရေးမှာလည်း သူတို့ပဲ ကိုယ်ဖိရင်ဖိ ကူညီပံ့ပိုးခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မောင်မောင်ဆိုရင် အမေကြည်ဆုံးတဲ့သတင်းကို ကြားကြားချင်း ရောက်လာပြီး နာရေးကိစ္စအတွက် ငွေငါးရာ ထောက်ပံ့ခဲ့တယ်လို့ သိရပါတယ်။

နောက်တစ်နေ့ အသုဘလိုက်ပို့ဖို့ စီစဉ်ထားပေမယ့် ပန်းချီမောင်ညိုဝင်းနဲ့ ခရီးလွန်နေတဲ့အတွက် အချိန်နောက်ကျပြီး ကျွန်တော် အသုဘ မပို့နိုင်ခဲ့ပါဘူး။

ဒါကြောင့် ရက်လည်ဆွမ်းသွတ်တဲ့ ၂၁-၉-၉၁ စနေနေ့ကျမှ မရောက်ရောက်အောင် ကြိုးစားပြီး သွားခဲ့ရပါတယ်။

အဲဒီနေ့ကတော့ စာပေသမားတွေ တော်တော်ကလေး စုံစုံလင်လင် တွေ့ခဲ့ရပါတယ်။ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင့်မောင်မောင်၊ မြတ်ဆွေ၊ ကာတွန်းမြေဇာ၊ ပန်းချီဝသုန်၊ သိီရိ စတဲ့စာပေ အပေါင်းအသင်းတွေ ပါပဲ။

ဒီစာပေ အပေါင်းအသင်းတွေကပဲ ကမကထလုပ်ပြီး ကောက်ခံခဲ့ကြလို့ နာရေးအတွက် ထောက်ပံ့ငွေ နှစ်ထောင်ကျော် သုံးထောင်နီးပါးလောက် ရခဲ့တယ်လို့ သိရပါတယ်။

မနှစ်က ဂါရဝပြုပွဲတုန်းကလည်း ဆရာလင်းယုန်သစ်လွင်အတွက် ငွေတစ်သောင်းကျော် ပူဇော်ကန်တော့နိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီ ငွေတစ်သောင်းကျော် ဆိုတာကလည်း လက်ရှိ ကုန်စျေးနှုန်းမျိုးနဲ့ ဆယ်လဆိုရင် ကုန်သလောက် ခန်းသလောက်ရှိသွားပါပြီ။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က ရက်လည်ဆွမ်းသွတ်ရာမှာ အသက်ကြီး လာတာနဲ့အမျှ ကျန်းမာရေး ချို့တဲ့လာသလို စီးပွားရေးပါ ချို့ငဲ့လာတဲ့ ဆရာလင်းယုန်သစ်လွင်ရဲ့ သာရေး၊ နာရေး၊ လူမှုရေးကိစ္စတွေမှာ အခုလို စာပေ အပေါင်းအသင်း ရောင်းရင်းတွေက တတ်အားသမျှ ဝိုင်းဝန်းကူညီစောင့်ရှောက် ထောက်ပံ့ခဲ့ကြတာကို တစိမ့်စိမ့်တွေးပြီး ပီတိ တသိမ့်သိမ့်





ဖြစ်ခဲ့ရပါတယ်။

**ဒေါ်ခင်နှင်းယု ဒါန**

သည်တစ်လအတွင်း တတိယမြောက် အလှူပွဲကတော့ ကွယ်လွန်သူ ဒုဗိုလ်မှူးကြီး ကျော်သောင်းအတွက် ကျန်ရစ်သူဇနီး **စာရေး** ဆရာမကြီး ဒေါ်ခင်နှင်းယုက ကျင်းပပြုလုပ်တဲ့ နှစ်လည် အလှူဒါနပွဲပါပဲ။

နှစ်လည်အလှူပွဲဆိုလို့ မကြာသေးဘူးလို့ မထင်လိုက်ပါနဲ့။ ဒုဗိုလ်မှူးကြီးကျော်သောင်း ကွယ်လွန်ခဲ့တာ ၂၁ နှစ်တိတိရှိခဲ့ပါပြီ။

ဒါကြောင့်မို့ ခင်နှင်းယုက 'ဆရာရေ ကျွန်မကတော့ အစ်ကိုကြီးအတွက် ၂၁ နှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ အလှူလုပ်နေပေမယ့် သူကတော့ နောက်ဘဝမှာ အသက် ၂၁ နှစ်ရှိနေပြီဆိုတော့ နောက်အိမ်ထောင်ကျနေပြီထင်ပါရဲ့'လို့ ကျွန်တော့်ကို ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါသေးတယ်။

ဒီအလှူပွဲမှာလည်း ခင်နှင်းယုရဲ့ တာဝန်ပေးချက်အရ ဖိတ်သင့်ဖိတ်ထိုက်တဲ့လူတွေကို ကျွန်တော်ပဲ တာဝန်ယူပြီး ဖိတ်ခဲ့ရပါတယ်။

စက်တင်ဘာ ၂၃ ရက် အလှူနေ့မှာတော့ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေကို ကြိုဆိုဧည့်ခံနေရာချဖို့အတွက် မနက် ၈နာရီခွဲ လောက်ကတည်းက ချမ်းမြေ့ရိပ်သာကို ကျွန်တော် အရောက်သွားခဲ့ရပါတယ်။

ပထမဆုံးရောက်လာတဲ့ ဧည့်သည်ကတော့ ရွှေအမြုတေ အယ်ဒီတာချုပ် ဆရာဝင်းငြိမ်းပါပဲ။ ထုံးစံအတိုင်း အော်တိုမက်တစ်ကင်မရာကလေးတစ်လုံး ပါလာတာ တွေ့ရပါတယ်။

အဲဒီနောက်တော့ မဟေသီအယ်ဒီတာချုပ် မှူးသမိန်နဲ့ ဦးချစ်ညိုင်(ကိုကိုမောင်)တို့ ရောက်လာကြပါတယ်။

အခြေအနေအရ ပျောက်ချက်သားကောင်းနေတဲ့ ဦးချစ်ညိုင်နဲ့ ခတွေ့ရတာ တစ်နှစ်လောက်ရှိနေပြီမို့ ဝမ်းသာအားရနဲ့ စကားစလက်ဆုံ

www.burmeseclassic.com



ပြောမကုန်အောင် ဖြစ်ခဲ့ကြပါတယ်။

ညှော်သည်တွေကို ၁၀ နာရီအရောက် ဖိတ်ထားပေမယ့် ၁၁ နာရီလောက်မှ လူစုံတက်စုံ ရောက်လာကြပါတယ်။

ကလျာ အယ်ဒီတာချုပ် ကလျာ(ဝိဇ္ဇာ-သိပ္ပံ)၊ စပယ်ဖြူ အယ်ဒီတာချုပ် ခင်ဆွေဦး၊ မိုးဂျာနယ်အယ်ဒီတာချုပ် သခင်အောင်ဖေနဲ့ကိုကိုကြီး၊ သန်းအောင်နိုင်၊ မြေနီကုန်းဖိုးလုံးစတဲ့ မိုးအယ်ဒီတာ ဝိုင်းတော်သားတွေ အပြင် ဦးမောင်ဝင်း၊ ဦးကံမြင့် (ကံမြင့်၊ ရေဒါ)၊ ဦးအေးကျော် (သူရိန်ကိုကို)စတဲ့ စာပေစိစစ်ရေးက ပုဂ္ဂိုလ်တွေနှင့် ခင်နှင်းယုရဲ့ညီမ နုနုဆွေကို အကြောင်းပြုပြီး မြန်မာစာဌာနက ဆရာဆရာမတွေပါ အင်တိုက်အားတိုက် ရောက်လာကြပါတယ်။

အဲဒီ ချမ်းမြေ့ရိပ်သာက ခင်နှင်းယုရဲ့အလှူပွဲမှာ ကြုံတောင့်ကြုံခဲ မှုးသမိန်နဲ့ ကလျာ(ဝိဇ္ဇာ-သိပ္ပံ)တို့ ခင်ဆွေဦးတို့ကို ရှေ့မှာထားပြီး ခင်နှင်းယုက သူ့စာမူတွေကို မဟေသီမဂ္ဂဇင်း၊ ကလျာမဂ္ဂဇင်းနဲ့ စပယ်ဖြူမဂ္ဂဇင်းတွေက ခဏခဏ ပယ်နေတဲ့အကြောင်း စာပေစိစစ်ရေးက ပုဂ္ဂိုလ်တွေကို ရင်ဖွင့်နေတာ ကြားခဲ့ရတော့ ကျွန်တော့်မှာ အံ့ဖွယ်သုတပဲလို့ အောက်မေ့မိပါတယ်။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က တော်သလင်းလပြည့်နေ့မိုး ချမ်းမြေ့ရိပ်သာရဲ့မှုအရ သက်သတ်လွတ်ဆွမ်း၊ အချိုပွဲများကို သံဃာကုန်နဲ့ ယောဂီများပါ လူနှစ်ရာကျော် သုံးရာနီးပါး ပြည့်ပြည့်ဝဝ အလှူဒါနပြုလိုက်တဲ့ ခင်နှင်းယုရဲ့ ကုသိုလ်ကောင်းမှုနဲ့ စပ်သမျှ ချမ်းသာကြပါစေ၊ ဤကောင်းမှုနဲ့ စပ်သရွေ့ ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ် ခင်ဗျား။



## တောင်ပိုင်းရှမ်းပြည်နယ်တစ်ခွင်ခရီးစဉ်

**ဝန်းချီဆရာသုံးဦးရဲ့အလှူဒါန**

'ရွာရိုးကိုးပေါက်'ဆောင်းပါးတွေကို အဆက်မပြတ် လစဉ်ဖတ်လာခဲ့ကြတဲ့ မိုးဂျာနယ် ပရိသတ်တွေအနေနဲ့ တစ်ခု သတိထားကောင်းသားမိကြပါလိမ့်မယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ ရွာရိုးကိုးပေါက် သစဉ်လျှောက်သွားရင်းနဲ့ ကျွန်တော်ရောက်ခဲ့ ပေါက်ခဲ့တဲ့နေရာတွေ အခမ်းအနားတွေနဲ့ ကျွန်တော် တွေ့ခဲ့ ကြုံခဲ့တဲ့ ဖြစ်ရပ်တွေဟာ တစ်ခါဘစ်ခါ မထင်ဘဲနဲ့ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်တဲ့ အချက်ပါပဲ။

ဥပမာ ဆိုပါတော့၊ မေလအတွင်းက ကျွန်တော်ဟာ ရန်ကုန် ခော်ဘီမှာ ကျင်းပတဲ့ ဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနားကို တက်ခဲ့ရပြီး၊ အဲဒီလထဲမှာပဲ မုံရွာက ပန်းချီဆရာကြီးဦးလူတင် မွေးနေ့ပွဲကို တိုက်တိုက်ဆိုင်ဆိုင် တက်ခဲ့ရပါတယ်။ အဲဒီလထဲမှာပဲ လကုန်ရက် ရန်ကုန်ပြန်ရောက်တော့ မထင်မှတ်ဘဲနှင့် မိုးဂျာနယ် အုပ်ချုပ်ရေးမှူး မနီလာရဲ့ မွေးနေ့ အထိမ်းအမှတ် အခမ်းအနားနဲ့ ထူးထူးခြားခြား ကြုံကြိုက်ပြီး စားလိုက် ငါးလိုက်ရပါသေးတယ်။

နောက်တစ်ကြိမ် လွန်ခဲ့တဲ့ စက်တင်ဘာလကျတော့ ကြံခြုံ ဒန့်ဖန် ဆရာကြီးဦးသော်ဇင်ရဲ့ တစ်နှစ်မြောက် ကွယ်လွန်တဲ့ နှစ်ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးပွဲကို နွှဲခဲ့ရပြီး၊ ဆက်တိုက်ဆိုသလို ဆရာလင်းယုန်သစ်လွင်ရဲ့ဇနီး ကွယ်လွန်သူ ဒေါ်ကြည်အတွက် ရက်လည်ဆွမ်းသွတ်ပွဲနဲ့ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ကွယ်လွန်သူခင်ပွန်းသည် ဒုဗိုလ်မှူးကြီး ကျော်သောင်း အတွက် ၂၁ နှစ်မြောက် အထိမ်းအမှတ် ဆွမ်းကျွေးတဲ့ အလှူပွဲကို တိုက်တိုက်ဆိုင်ဆိုင် ဆင်နွှဲခဲ့ရပါတယ်။

အဲဒီလို အဲဒီလို မတော်တဆ အမှတ်မထင် ထူးခြားတဲ့ တိုက်ဆိုင်မှုတွေနဲ့ ကြုံခဲ့ရသလို၊ အခုတစ်ခါ အောက်တိုဘာလထဲမှာလည်း မထင်မှတ်တဲ့ တိုက်ဆိုင်မှုတစ်ခုကို ထူးထူးခြားခြား ကြုံတွေ့ခဲ့ရပြန်ပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ပန်းချီဆရာ သုံးယောက်က စေတနာ ဗရပွနဲ့ ကျွေးမွေးတဲ့ မနက်စာ၊ နေ့လည်စာနဲ့ ညစာကို တစ်နေ့ထဲမှာပဲ သုံးကြိမ်သုံးခါ စားခဲ့သောက်ခဲ့ရတဲ့ အဖြစ်ပါပဲ။

ဖြစ်ပုံကဒီလိုပါ။

မုံရွာ၊ ချင်းတွင်း၊ ရေကြည်အဖွဲ့က ပန်းချီဆရာကြီး ဦးလှုတင်ဟာ အောက်တိုဘာလ ၂ ရက်နေ့က ရန်ကုန်ကို ပန်းချီပစ္စည်းတွေဝယ်ဖို့ ဆင်းလာပြီး ကျွန်တော့်အိမ်မှာပဲ တည်းပါတယ်။ အဲဒီလို ပန်းချီဆရာကြီး ဦးလှုတင် ကျွန်တော့်အိမ်မှာ တည်းနေတာကို ကျွန်တော့်အိမ်နဲ့ မလှမ်းမကမ်း တာမွေပလိကြီးနားမှာနေတဲ့ ပန်းချီမောင်ကျော်သောင်း သိသွားပါတယ်။ ပန်းချီမောင်ကျော်သောင်းနဲ့ ပန်းချီမောင်ညို(ဝင်း)တို့ဟာ ပြီးခဲ့တဲ့ မေလ အတွင်းက ကျွန်တော်ခေါ်သွားလို့ ဆရာဦးလှုတင်ရဲ့ မွေးနေ့အထိမ်းအမှတ် 'ဂါထာ ၆၀'ပန်းချီပြပွဲအတွက် မုံရွာကို လိုက်ခဲ့ကြဖူးပါတယ်။ အဲဒီ မွေးနေ့ပန်းချီပြပွဲကို အကြောင်းပြုပြီး မောင်ကျော်သောင်းဟာ မုံရွာမှာ ဆရာဦးလှုတင်နဲ့ ခင်မင်ရင်းနှီးခဲ့ကြပါတယ်။ ဒါကြောင့် ဆရာ ဦးလှုတင် ရန်ကုန်ကို ရောက်တုန်းရောက်ခိုက် ကျွန်တော့်အိမ်မှာ တည်းနေတုန်း အောက်တိုဘာ ၅ ရက်နေ့ မနက် ၁၁ နာရီမှာ သူ့အိမ်ကို ထမင်းစားကြွဖို့





ဆရာဦးလှုတင်နဲ့ ကျွန်တော့်ကို လာဖိတ်ပါတယ်။

အဲဒီလို မောင်ကျော်သောင်းက အောက်တိုဘာ ၅ ရက်နေ့မှာ သူ့အိမ်ကို ထမင်းစားကြွဖို့ ဖိတ်ထားတုန်းမှာပဲ မုံရွာက ရန်ကုန်ကို ရောက်နေတဲ့ ပန်းချီမောင်သန်းကြွယ်ကလည်း အဲဒီ ၅ ရက်နေ့ မနက်စောစော ၇ နာရီ ၈ နာရီလောက် ဗဟန်းရေခဲဆိုင် မှတ်တိုင်ရှေ့က ပန်းချီပန်းပု ကျောင်းကို မုန့်ဟင်းခါးစားကြွပါလို့ ဆရာ ဦးလှုတင်နဲ့ ကျွန်တော့်ကို ဖိတ်လာပြန်ပါတယ်။ မောင်သန်းကြွယ်ဟာ မုံရွာချင်းတွင်း ရေကြည်အဖွဲ့က လူငယ်ပန်းချီဆရာတစ်ယောက်ပါ။ သူက သူ့ဆရာဖြစ်တဲ့ ပန်းချီကျောင်း အုပ်ကြီး ဦးစိုးတင့်ရဲ့ တာဝန်ပေးချက်အရ ရန်ကုန်ကမ္ဘာအေးကုန်းမြေမှာ ဗုဒ္ဓဝင်ပန်းချီကားတွေ လာဆွဲနေရတာ ၆ လလောက်ရှိနေပါပြီ။ သူက အဲဒီ ဗုဒ္ဓဝင်ပန်းချီကားတွေ ဆွဲပြီးသွားလို့ မုံရွာပြန်ခါနီး ပန်းချီကျောင်းက ဆရာကြီး ဦးစိုးတင့်အမှူးပြုတဲ့ ဆရာတွေနဲ့ သူ့အပေါင်းအသင်း ပန်းချီကျောင်းသားတွေကို အမှတ်တရ အလှူဒါန လုပ်တဲ့သဘောနဲ့ မုန့်ဟင်းခါး ကျွေးဖို့ စီစဉ်ထားတာမို့ ကျွန်တော်တို့ကိုပါ အဲဒီပွဲတက်ဖို့ တကူးတကန့် ဖိတ်လိုက်တာပါပဲ။

ဒီနဲ့ အဲဒီ အောက်တိုဘာ ၅ ရက်နေ့ မနက်စောစောထပြီး ပန်းချီပန်းပုကျောင်းမှာ မောင်သန်းကြွယ်ရဲ့ အလှူမုန့်ဟင်းခါးကို ဆရာဦးလှုတင်နဲ့ ကျွန်တော် နှစ်ယောက်သား အားရပါးရ စားခဲ့ကြပြီး နေ့ ၁၁ နာရီခွဲ ၁၂ နာရီလောက်ကျတော့ မောင်ကျော်သောင်းအိမ်မှာ ပုဇွန်ဆီပြန်၊ ငါးသလောက်ပေါင်းနဲ့ နေ့လည်စာကို ပလုပ်ပလောင်း စားခဲ့ကြရပါတယ်။

'စားရက်ကြုံတော့ လင်းယုန်ပျားစွဲ'လို့ပဲ ဆိုရတော့မလို ဖြစ်လာပုံက မောင်ကျော်သောင်းအိမ်မှာ ထမင်းစားနေကြရင်းနဲ့ မောင်ကျော်သောင်းက 'ဆရာတို့တော့ ညနေစာအတွက် ပွဲဆက်ရလိမ့်မယ် ထင်တယ်၊ စောစောကပဲ ကိုညို(ဝင်း)လာသွားပြီး ဆရာတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ညနေသူ့အိမ်မှာ ထမင်းစားဖို့ လာဖိတ်သွားတယ်' ဆိုပြီး မင်္ဂလာသတင်းကောင်းပေးပါတယ်။

ဒီလိုနဲ့ အဲဒီနေ့က ကြံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ပန်းချီဆရာသုံးယောက်က မနက်စာရော၊ နေ့လည်စာရော ညနေစာပါ တစ်နေ့တာအတွက် တစ်ယောက်စီ တစ်ချိန်စီ ကျွေးမွေးပြုစုခဲ့ကြလို့ စားကြောတွေဆက်သွားခဲ့တာဟာ ထူးထူးခြားခြား မှတ်လောက် သားလောက် ဖြစ်ခဲ့ရပါတယ်။

## ၇ ရက်ခရီးစဉ်

အဲဒီနောက် အောက်တိုဘာလအတွင်း ရှာရိုးကိုးပေါက် ခရီးစဉ်ကို ဆက်ပြီး အစီရင်ခံရမယ်ဆိုရင်တော့ ရှမ်းပြည်နယ် တောင်ပိုင်းတခွင်တောင်ကြီး၊ အင်းလေးနဲ့ ကလောဘက်ကို ၇ရက်အတွင်း ခရီးပြင်းနှင်ခဲ့တဲ့အကြောင်းပါပဲ။ တကယ်ပါ၊ မယုံမရှိကြပါနဲ့၊ မနောလိုတိုရှည်လည်း မဖြစ်ကြပါနဲ့၊ အောက်တိုဘာ ၂၁ ရက်နေ့က ၂၇ ရက်နေ့အထိ ၇ ရက်အတွင်း တစ်နေရာ တစ်ညအိပ်စနစ်နဲ့ ရှမ်းပြည်နယ်တခွင် ရှာရိုးကိုးပေါက် ခရီးနှင်ခဲ့ပါတယ်။ တစ်နေရာ တစ်ညအိပ်စနစ်ဆိုတာက အောက်တိုဘာ ၂၁ ရက်နေ့ ရန်ကုန်သာစည်ရထားပေါ်မှာ တစ်ညအိပ်တယ်၊ နောက်တစ်နေ့ည တောင်ကြီးမှာ တစ်ညအိပ်၊ နောက်တစ်နေ့ ၂၃ ရက်နေ့ည အင်းလေး (ရွာမ)မှာ တစ်ညအိပ်၊ နောက်တစ်နေ့ ၂၄ ရက်နေ့ တောင်ကြီး ပြန်ပြီးတစ်ညအိပ်၊ နောက်တစ်နေ့ ၂၅ ရက်နေ့ ကလောမှာ တစ်ညအိပ်၊ နောက်တစ်နေ့ ၂၆ ရက်နေ့ သာစည်ရန်ကုန် အစုန်စာပို့ ရထားပေါ်မှာ တစ်ညအိပ်၊ ၂၇ ရက်နေ့ ၁၁ နာရီခွဲလောက် ရန်ကုန် ပြန်ရောက်၊ အသွားအပြန်စုစုပေါင်း ၇ ရက်ခရီးပါပဲ။

## တောင်ကြီး၊ အင်းလေးနှင့်ကလော

ရုတ်တရက်ဆိုရင်တော့ တောင်ကြီး၊ အင်းလေးနဲ့ ကလော





ဘက်ကို ၇ ရက်အတွင်း တစ်နေရာ တစ်ညအိပ်ပြီး၊ ခရီးပြင်းနှင်ခဲ့တဲ့ကျွန်တော့်ရဲ့ 'ရှာရိုးကိုးပေါက်'ခရီးစဉ်ဟာ ခရီးသွားလေ့သွားထ မရှိသူတွေနဲ့ ခရီးသွားရမှာ ဝန်လေးနေတတ်တဲ့ သူတွေအတွက်တော့ 'အင်မတန်ပင်ပန်းပြီး ကတိုက်ကရိုက်နဲ့ ခွေးရူးလိုက်သလို သွားရတဲ့ ခရီးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်လို ခြေထောက်မှာ ဗွေပေါက်ပြီး၊ သခင်ခေတ်က 'တို့ဗမာ' သီချင်းထဲ ကလို 'မြန်မာပြည်တစ်ဝှန်းအကုန်အစင် ကိုယ့်အိမ်ကိုယ့်ယာမှတ်ထား'ဟဲ့။ ကျွန်တော့်အတွက်ကတော့ အေးအေးဆေးဆေး နားနားနေနေနဲ့ အင်မတန်အဆင်ပြေတဲ့အပန်းဖြေခရီးတစ်ခုပါပဲ။

အထူးသဖြင့် တောင်ကြီးမှာ တည်းခဲ့တဲ့အိမ်က ဆရာကြီး ငွေဥဒေါင်းရဲ့ဇနီး ဒေါ်ရွှေခင်(နန်းရွှေခင်)နဲ့ တူ တူမတွေ မြေးတွေ မြစ်တွေကဝမ်းသာအားရ ကျွေးမွေးပြုစုလိုက်ကြတာတွေဟာ လိုလေသေးမရှိအောင်ပြည့်စုံသလို အင်းလေး(ဟဲ့ယားရွာမ)က ပန်းတိမ် ဦးလှဖေတို့ မိသားစုနဲ့ဆွေမျိုးသားချင်းတွေပါ စုပြုံဝိုင်းအုံပြီး၊ ဖြူစင်ရိုးသားတဲ့ အင်းသား၊ အင်းသူတွေရဲ့ ဓလေ့ထုံးစံအတိုင်း လိုအပ်တာထက်ပိုပြီး ညှဲ့ဝတ်ကျေပွန်ကြတဲ့အတွက် အစစ အဆင်ပြေခဲ့ပါတယ်။

အပြန်ခရီး တောင်ကြီးက ကားနဲ့ဆင်းလာပြီး ကလောမှာတစ်ညအိပ်တော့လည်း အိမ်ရှင်များရဲ့ နွေးထွေးတဲ့ ကြိုဆိုဧည့်ခံ ပြုစုမှုတွေကြောင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာခဲ့ရသလို အနောက်နိုင်ငံတွေမှာ(AUTUMN)လို့ခေါ်တဲ့ ဆောင်းဦးပေါက်ရာသီ၊ မိုးအကုန် နှင်းမှုန်တွေအောက်က နာမည်ကျော်ကလောမြို့ရဲ့ ရှုခင်း အလှကိုလည်း ပြည့်ပြည့်ဝဝထိတွေ့ခံစားခဲ့ရပါတယ်။

## မွေးနေ့လက်ဆောင်ဒေါင်းနှစ်ကောင်

တကယ်တော့ အင်းလေး၊ တောင်ကြီးဟာ ကျွန်တော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဆန်းကျယ်တဲ့ အံ့ဖွယ်ခရီး မဟုတ်ပါဘူး၊ တောင်ကြီး ရွှေညောင်နဲ့ ညောင်ရွှေ အင်းလေး တစ်ဝိုက်ကို လေးငါးခေါက်ထက်မနည်း ရောက်ခဲ့ဖူးသလို သည်အရပ်၊ သည်ဒေသမှာ တစ်လကိုးသီတင်းကြာတဲ့အထိ နေခဲ့ထိုင်ခဲ့ဖူးပါတယ်။

ဒါပေမယ့် တောင်ပိုင်း ရှမ်းပြည်နယ် တောင်ကြီးဘက်ဆီကို ခြေဦးမလှည့်ခဲ့တာ အနည်းဆုံး ၇ နှစ် ၈ နှစ်လောက်ရှိသွားပါပြီ။ တိတိကျကျ မှတ်မှတ်ရရပြောကြစို့ဆိုရင် ကျွန်တော်တို့ရဲ့ 'မိုးကျွာနယ်'နာယက ဆရာကြီး ငွေဥဒေါင်းဟာ အခုဆိုရင် အသက် ၇၇ နှစ်ရှိပါပြီ။ လွန်ခဲ့တဲ့ ၇ နှစ်က ဆရာကြီး ငွေဥဒေါင်း အသက် ၇၀ ပြည့်တဲ့အထိမ်းအမှတ်နဲ့ ဒေါင်းဖို၊ ဒေါင်းမ နှစ်ကောင်ကနေတဲ့ တရုတ်ပန်းချီကားကြီးတစ်ချပ်ကို မွေးနေ့လက်ဆောင်အဖြစ် အမှတ်တရ ကျွန်တော်ပေးပို့ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဆရာငွေဥဒေါင်းဟာ ရန်ကုန်ကို ခေတ္တခဏ အလည်ရောက်နေတာမို့ အဲဒီ မွေးနေ့လက်ဆောင် ပန်းချီကားကြီးကို ရန်ကုန်မှာပဲ ပေးခဲ့ပါတယ်။ အဲဒီနှစ်မတိုင်ခင်ကတည်းက တောင်ကြီးကို မရောက်တာဆိုတော့ အနည်းဆုံး ၈ နှစ်လောက် ကြာပြီလို့ ဆိုရပါမယ်။

အဲဒီလို ၈ နှစ်လောက်ကြာပြီးမှ အခုရောက်သွားတော့ လွန်ခဲ့တဲ့ ၇ နှစ်က ကျွန်တော်အမှတ်တရပေးလိုက်တဲ့ မွေးနေ့လက်ဆောင် ဒေါင်းနှစ်ကောင် ပန်းချီကားကြီးကို အိမ်ဦးခန်းက ဘုရားစင်အောက်မှာ မှန်ဘောင်သွင်းပြီး တခမ်းတနား ချိတ်ထားတာကို ဆွားကနဲ မြင်လိုက်ရပါတယ်။

'ဆုတောင်းငယ် အထွေထွေငဲ့
မာစေခြာစေသော်၊
ဥဒေါင်းရယ် တဝေဝေနဲ့
သာစေယာစေသော်
ဆရာငွေဥဒေါင်း အသက် ၇၀ ပြည့် အမှတ်တရ





1985 (လင်းယုန်မောင်မောင်) ၁၉၉၂

လေးပေပေလောက်မြင့်တဲ့ ပန်းချီကားကြီးရဲ့ အထက်အောက်နဲ့ ဘေးပတ်ပတ်လည်မှာ ရေးထားတဲ့စာတွေကိုဖတ်ပြီး လွန်ခဲ့တဲ့ ၇ နှစ်လောက်က ဖန်တီးခဲ့တဲ့ ကိုယ့်လက်ရာကိုယ် ပြန်ကြည့်ရင်း ကျွန်တော့်မှာ ပီတိတွေ တဖွားဖွားဖြစ်မိပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၇ နှစ်က အမှတ်တရပေးခဲ့တဲ့ အဲဒီ လက်ဆောင်ပန်းချီကားကြီးကို ဒီတစ်ခေါက်မှာ အမှတ်တရ ဓါတ်ပုံရိုက်ယူခဲ့ပါတယ်။ အဲဒီ အမှတ်တရဓါတ်ပုံကို နေ့ချင်းပြီး ရိုက်ကူးပေးလိုက်တဲ့ တောင်ကြီး မီလျံနာစာပေက ကိုမောင်မောင်ကိုလည်း အမှတ်တရ ကျေးဇူးတင်မိပါတယ်။

**ကျောင်းအစ်မကြီး ဝိသာခါနန်းရွှေခင်**

တောင်ကြီးမှာ နောက်တစ်ခု ကျွန်တော် သတိပြုမိတဲ့ အချက်ကတော့ ဆရာငွေဥဒေါင်းရဲ့ အိမ်နောက်မှာ ငွေတောင်ကြီး ပေါက်လာသလို အံ့မခန်းလောက်တဲ့ ဧရာမ ဓမ္မာရုံကြီးနဲ့ သိမ်တော်ကြီးနဲ့ အဆောက်အဦးများအပါအဝင် ပိဋကတ် ရှမ်းဘာသာပြန် ကျောင်းတိုက်ကြီးကို တခမ်းတနား မြင်တွေ့ခဲ့ရတာပါပဲ။ အထူးသဖြင့် သိန်း ၄၀ ကျော် ၅၀ နီးပါး အကုန်အကျခံပြီး ဆောက်လုပ်နေတဲ့ ပြီးလုဆဲဆဲ ဓမ္မာရုံကြီးရဲ့ ကြီးကျယ်ပုံနဲ့ ခမ်းနားပုံကတော့ ရင်သပ်ရှုမော အံ့သြမကုန်နိုင်စရာပါပဲ။

အဲဒီလောက် ခမ်းနားကြီးကျယ်လှတဲ့ အဆောက်အဦကြီးများနဲ့ သံဃာတော်များ သီတင်းသုံးရာကျောင်းဆောင်များ အပါအဝင် ပိဋကတ်တိုက် ရှမ်းဘာသာပြန်ကျောင်းတိုက်ကြီး တည်ရှိရာ တစ်ဧကခွဲလောက် ကျယ်ဝန်းတဲ့ မြေကွက်ကြီးကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းခဲ့တဲ့ အလှူ့ရှင်ကတော့ တခြားသူမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆရာကြီး ငွေဥဒေါင်းရဲ့ဇနီး ဒေါ်ရွှေခင် ခေါ် နန်းရွှေခင်ပါပဲ။ ဒေါ်ရွှေခင်ဟာ ခေတ်ကာလပေါက်ဈေးနဲ့ တန်ဖိုးဖြတ်ရင် သိန်းပေါင်းများစွာတန်တဲ့ အဲဒီမြေ



www.burmeseclassic.com

www.burmeseclassic.com



ကွက်ကြီးကို လျှဒါန်းခဲ့တဲ့အပြင် ဓမ္မာရုံကြီးနဲ့ သိမ်တော်ကြီးအပါအဝင် ကျောင်းတိုက်ကြီး အတွင်းက ကျောင်းဆောင်များ ဆောက်လုပ်ရေးအတွက်လည်း အလှူငွေ သောင်းဂဏန်း၊ သိန်းဂဏန်းအထိ မ,တည်စိုက်ထုတ် ကုသိုလ်လုပ်ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်လည်းပဲ ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ကျောင်းတိုက်ကြီး ဖြစ်မြောက်ရေးအတွက် ဝါယမပြုပြီး ဒါနအစုစု ကုသိုလ်ကောင်းမှုတွေကြောင့် ဒေါ်ရွှေခင်ကို 'ကျောင်းအစ်မကြီး ဝိသာခါ'လို့ ကျွန်တော်က အမည်ပေး ကင်ပွန်းတပ်ခဲ့ပါသေးတယ်။

**ဘဘလင်းယုန်**

ဒါထက် တောင်ကြီးခရီးနဲ့ ပတ်သက်လို့ ပြောဖို့တစ်ခုကျန်နေပါသေးတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ ကျွန်တော် တောင်ကြီးမှာ ဆရာငွေဥဒေါင်းအိမ် တည်းခဲ့တယ်ဆိုပေမယ့်၊ အဲဒီအချိန်မှာ ဆရာက ရန်ကုန်ရောက်နေလို့ ဆရာနဲ့ လုံးဝမတွေ့ခဲ့ရဘူးခင်ဗျ။ အဲဒီလို တောင်ကြီးမှာ ဆရာမရှိပေမယ့် ကျွန်တော့်အတွက် ဘာမှပူစရာ မလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဆရာ့ဇနီး ဒေါ်ရွှေခင်နဲ့ ကျွန်တော်ဟာ ဆရာနဲ့အိမ်ထောင်မကျခင် ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော် အစိတ်လောက်ကတည်းက သိကျွမ်း ခင်မင်လာခဲ့ကြပြီး၊ ကျွန်တော် တောင်ကြီးရောက်တိုင်း ဒီအိမ်မှာပဲ တည်းနေကျမို့ အစစအဆင်ပြေခဲ့ပါတယ်။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင်၊ ဆရာမရှိတဲ့အတွက် ပိုပြီးတော့တောင် အဆင်ပြေသေးတယ်လို့ ဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ ဒေါ်ရွှေခင်က ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ထားတဲ့ တူတွေ တူမတွေနဲ့ မြေးတွေ မြစ်တွေ ရှစ်ယောက်လောက်က သူတို့ 'ဘဘ ငွေဥဒေါင်း' ရန်ကုန် သွားနေတာမို့ ကျွန်တော့်ကိုပဲ သူတို့ဘဘကိုယ်စား အသိအမှတ်ပြုပြီး 'ဘဘလင်းယုန်၊ ဘဘလင်းယုန်'နဲ့ အစွမ်း





ကုန် ပြုစုခဲ့ကြလို့ပါပဲ။ တကယ်လို့သာ ဆရာရှိနေရင် 'ဘဘနှစ်ယောက်' ဖြစ်နေမှာမို့ နှစ်ယောက်မျှပြီး ပြုစုရမယ် မဟုတ်လား။

တကယ်တော့ ဆရာငွေဥဒေါင်းနဲ့ ကျွန်တော်ဟာ ရန်ကုန်နဲ့ တောင်ကြီးခရီး မီးရထားပေါ်မှာ အတက်နဲ့အဆင်း လူချင်းလွဲခဲ့ကြတာ မဟုတ်ပါဘူး။ ရန်ကုန်မှာတင် အဝင်နဲ့အထွက် တစ်ရက်တည်း လူချင်းကွဲသွားခဲ့ကြတာပါ။ ဆရာက ရန်ကုန်ကို အောက်တိုဘာ ၂၀ ရက်နေ့ တစ်ချက်တီးလောက် ရောက်တယ်။ အဲဒီနေ့ ညနေ လေးနာရီခွဲမှာပဲ ရန်ကုန်ဘူတာက တောင်ကြီးကို ကျွန်တော် ထွက်လာခဲ့ပါတယ်။

**ဆရာကြီးဦးရန်အောင်ရဲ့စေတနာ**

တိုက်တိုက်ဆိုင်ဆိုင် အဲဒီ ၂၀ ရက်နေ့ လုပ်သားသတင်းစာမှာ ဆရာကြီး ဒဂုန်ဦးစန်းငွေရဲ့ နာရေးသတင်းကို ကျွန်တော် ဖတ်လိုက်ရပါတယ်။ အဲဒီတော့ ဆရာငွေဥဒေါင်းဟာ ဆရာကြီး ဦးစန်းငွေရဲ့ ဈာပနကို ပို့ရအောင် တောင်ကြီးက ရန်ကုန်ကို အချိန်မီ ရောက်လာသလို ဖြစ်သွားပြီး ကျွန်တော်ကတော့ ဒဂုန်ဦးစန်းငွေရဲ့ ဈာပနကို မပို့ဖြစ်တော့ဘဲ ကစ်ပြီး လွဲသွားခဲ့ပါတယ်။

ဆရာကြီး ဒဂုန်ဦးစန်းငွေရဲ့ ဈာပနကို မပို့ဖြစ်ဘဲ အဲဒီလို လွဲသွားတဲ့အတွက် ကျွန်တော့်မှာ ဝမ်းနည်းစရာတော့ မရှိပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်ဟာ ဆရာကြီး ဦးစန်းငွေ အသည်းအသန်ဖြစ်နေတဲ့ တစ်လခွဲ နှစ်လအတွင်း ဆေးရုံကို ငါးခေါက်၊ အိမ်ကို သုံးခေါက် ရောက်ခဲ့ပြီးလို့ပါပဲ။ အဲဒီလို ရှစ်ခေါက်တိတိ ရောက်ခဲ့ရာမှာ တိုးအောင် (ရတနာမွန်)နဲ့ အိမ်ကို တစ်ခေါက်၊ ဆေးရုံကို တစ်ခေါက်၊ ဆရာကြီး ဦးရန်အောင်နဲ့ ဆေးရုံကို လေးခေါက်၊ အိမ်ကို နှစ်ခေါက် ရောက်ခဲ့ပါတယ်။

အဲဒီမှာ ဆရာကြီးဦးရန်အောင်ရဲ့ လူမှုရေးစိတ်ဓါတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စေတနာကတော့ တကယ့် စံပြပါပဲ။ ဆရာကြီးဟာ ကျွန်တော်နဲ့အတူ ဆရာဦးစန်းငွေဆီကို ခြောက်ခေါက်ရောက်ခဲ့တဲ့အပြင် ကျွန်တော်မပါဘဲ ဆရာကြီးဦးသုခတို့ ဆရာငွေဥဒေါင်းတို့ စာရေးဆရာမ ကြူကြူသင်းတို့နဲ့ ရော ဘယ်သူမှ မပါဘဲ သူတစ်ယောက်တည်း သပ်သပ်ပါ ဒဂုန်ဦးစန်းငွေ တက်ရောက်နေတဲ့ အမှတ်(၂) စစ်ဆေးရုံကို ၁၀ခေါက်ထက်မနည်း ရောက် အောင်သွားပြီး လူမမာမေးခဲ့ပါတယ်။ အဲဒီလို လူမမာမေး သွားရာမှာ ဆရာကြီးဦးရန်အောင်ဟာ လက်ချည်း မသွားခဲ့ပါဘူး။ တစ်ခေါက်သွားရင် ဟောလစ်ပုလင်း၊ မုန့်သေတ္တာစတဲ့ လူမမာစာတွေအပြင် ဆေးရုံမှာ လူမမာ စောင့်နေတဲ့ ဆရာဦးစန်းငွေရဲ့ သားသမီးတွေကို အနည်းဆုံး ငွေ ၂၀၀- ၃၀၀ ပေးခဲ့သေးတာမို့ တစ်ခေါက်ကို ငွေ ၅၀၀ ဆယ်ခေါက်မှာ ငွေ ၅၀၀၀ လောက် အကုန်ခံပြီး ဒဂုန်ဦးစန်းငွေကို ကူညီစောင့်ရှောက် ပေးကမ်း ပံ့ပိုးခဲ့တဲ့ ဆရာကြီးရဲ့ စေတနာဟာ တကယ်သာဓု ခေါ်စရာ ကောင်းပါ တယ်။

**ဒီလိုနဲ့ပဲ ပြီးရတော့မယ်ထင်ပါရဲ့**

ကျွန်တော့်အတွက်ကတော့ ဆရာကြီး ဦးရန်အောင်နဲ့အတူ ဒဂုန် ဦးစန်းငွေကို လူမမာ သွားမေးရင်း အတော်ကလေး တရားရခဲ့ပါတယ်။ တစ်ခေါက်ထက် တစ်ခေါက် ရောဂါဖောက်လာပြီး ဝေဒနာ ပြင်းပြင်းထန် ထန် ခံစားနေရရှာတဲ့ ဆရာဒဂုန်ဦးစန်းငွေကို ကြည့်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးနဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်းတတ်မယ်ဆိုရင် ဘုရားအလောင်း သိဒ္ဓတ္ထလို တောထွက် သွားဖို့ တောင် ကောင်းပါတယ်။ ပထမတစ်ခေါက် နှစ်ခေါက် ရောက်သွားတုန်းက စကားနည်းနည်းပါးပါး ပြောနိုင်သေးတဲ့ ဆရာဦးစန်းငွေဟာ တတိယ အခေါက်မှာ စကား မပြောနိုင်တော့ဘဲ အမောဖောက်နေပါတယ်။ စတုတ္ထ အခေါက်ကျတော့ နှာခေါင်းမှာ ပိုက်တန်းလန်းနဲ့ လက်မောင်းမှာ အပ်





တန်းလန်းနဲ့ အသက် မျှဉ်းမျှဉ်းကလေးပဲ ရှူနိုင်ပြီး နောက်ဆုံးအခေါက် ကျတော့ လုံးဝသတိမရတော့ဘဲ အသက်ငင်နေပါပြီ။ အဲဒီနေ့က မှတ်မှတ်ရရ အောက်တိုဘာ ၁၈ရက်နေ့ပါ။ နောက်နှစ်ရက်အကြာ အောက်တိုဘာ ၂၀ရက်နေ့မှာပဲ ဆရာဦးစန်းငွေ အနိစ္စရောက်သွားခဲ့ပါ တယ်။

ဆရာဦးစန်းငွေဆီ လူမမာသွားမေးကြရင်းနဲ့ ဆရာကြီး ဦးရန်အောင်နဲ့ ဆရာဦးစန်းငွေတို့ရဲ့ နုံးစရာ၊ ပြုံးစရာ စကားလေးတွေကို လည်း ကြားခဲ့ ကြုံခဲ့ရပါသေးတယ်။ ပထမဆုံးအခေါက် ဆေးရုံရောက် သွားတော့ ဆရာဦးစန်းငွေဟာ ကုတင်ပေါ်မှာ ပက်လက်ကလေး မှိန်းပြီး ဝေဒနာဒဏ်ကြောင့် ရှုံ့မဲ့နေပါတယ်။ အဲဒါကို ကြည့်ပြီး ဆရာကြီး ဦးရန်အောင်က "ကျုပ်တော့ ခင်ဗျားကိုကြည့်ပြီး အိုရမှာတောင် ကြောက် လာပြီ"လို့ ပြောလိုက်တာဟာ တကယ့် ဟာသပါပဲ၊ ဒုတိယအခေါက် သွား တုန်းကလည်း ဆရာဦးစန်းငွေဟာ သူ့ရောဂါမသက်သာဘဲ ဆိုးသည်ထက် ဆိုးလာတာမို့ "ဒီလိုနဲ့ပဲ ပြီးရတော့မယ် ထင်ပါရဲ့ဗျာ"လို့ အားလျော့တဲ့ လေသံကလေးနဲ့ ငြီးသွားရှာတာဟာ တကယ်တရားရစရာ ကောင်းလှပါ တယ်။

**ကြားရသမျှ တရားရကြပါစေ**

အဲဒီမှာ ဆရာကြီးဦးရန်အောင်ဟာ ဒဂုန်ဦးစန်းငွေဆီကို ကျွန်တော်နဲ့အတူ လူမမာသွားမေးတဲ့အခါတိုင်း နိစ္စဓူဝ အမြဲလုပ်နေကြ အလုပ်တစ်ခု ရှိပါတယ်။ အဲဒါကတော့ 'ကဿပ ဇာတ်ရှင်သုတ်'ကို အစ အဆုံး ရွတ်ဖတ်တဲ့အကျင့်ပါပဲ။ အဲဒီဇာတ်ရှင်သုတ်ရဲ့ တန်ခိုးကြောင့်လား မသိပါဘူး ရက်ပိုင်းအတွင်း ကွယ်လွန်တော့မှာပဲလို့ ထင်ရတဲ့ ဒဂုန် ဦးစန်းငွေဟာ တစ်လခွဲ ကျော်ကျော်လောက် နေသွားခဲ့ပါတယ်။ ဆရာကြီး ဦးရန်အောင်က တစ်ခေါက် သွားတိုင်း ဇာတ်ရှင်သုတ်ကို တစ်ခါရွတ်ပေးလို့



www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်ဦးစန်းငွေ သက်ဆိုးရှည်ပြီး ဝေဒနာခံစားနေရရှာတာပဲဆိုတဲ့ သံသယ စိတ်တွေ ဝင်လာတာနဲ့ ကျွန်တော်က ' ဆရာဘေဖျှင်သုတ်ကို မရွတ်ပါနဲ့ တော့ ဆရာရယ်'လို့ ဆရာကြီးကို တောင်းပန်မိပါသေးတယ်၊ ဒါပေမဲ့ မရပါ ဘူး ၁၈ ရက်နေ့ နောက်ဆုံးအခေါက် သွားကြတဲ့အထိ ဆရာကြီးဦးရန် အောင်က ဘေဖျှင်သုတ်ကို ရွတ်ဖြစ်အောင် ရွတ်ခဲ့ပါသေးတယ်၊ အဲဒါ ကြောင့်ပဲလားတော့ မသိဘူး၊ အဲဒီနေ့က လုံးဝသတိလက်လွတ် ဖြစ်ပြီး သေငယ်ဇောနဲ့ မြောရှာနေတဲ့ ဆရာဦးစန်းငွေဟာ နောက် နှစ်နာရီ လောက်ပဲ ခံတော့မယ်လို့ ထင်ရတဲ့ကြားက ၂ ရက် တိတိခံနေသွားပြီး အောက်တိုဘာ ၂၀ ရက်နေ့ကျမှ ကွယ်လွန်သွားပါတော့တယ်။

သူပြောခဲ့တဲ့အတိုင်း 'ဒီလိုနဲ့ပဲပြီးသွားရ' ရှာပါတော့တယ်။ ကြား သမျှ တရားရကြပါစေ။



## ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု၊ ဗီဒီယိုရုပ်ရှင် ကန်တော့ပွဲနှင့် ပဲခူးအာစရိယပူဇော်ပွဲ

လွန်ခဲ့တဲ့ သုံးလေးလလောက်က ကျွန်တော်တို့ရဲ့ 'မိုးဂျာနယ်' နာယကကြီး ဆရာငွေဥဒေါင်းက 'ရွာရိုးကိုးပေါက်' ဆောင်းပါးတွေနဲ့ ပတ် သက်ပြီး ကျွန်တော့်ဆီကို စာတစ်စောင်ရေးခဲ့တဲ့အကြောင်း 'ရွာရိုးကိုး ပေါက်'မှာ ကျွန်တော်ဖတ်ပြခဲ့ဖူးတာကို 'မိုး' ပရိသတ်များ မှတ်မိကောင်း မှတ်မိကြပါလိမ့်မယ်၊ သူ့စာရဲ့ အတိုချုပ် သဘောကတော့ ကျွန်တော်လို နေရာတကာရောက်ပြီး ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ စာရေးဆရာ တစ်ယောက်အနေနဲ့ ရေးစရာ အကြောင်းအရာ ကုန်းကြမ်းတွေဟာ မကုန် နိုင်မခန်းနိုင်အောင် ရှိနေတဲ့အကြောင်း 'ထန်းသီးနဲ့ ထန်းနို့'ကို ဥပမာပေးပြီး ရေးလိုက်တာပါပဲ. . ။

အဲဒီတုန်းက ဆရာငွေဥဒေါင်းရဲ့ စာကိုဖတ်ပြီး ကျွန်တော့် စိတ် ထဲမှာ 'သူပြောတာမှန်သားပဲ'ဆိုတဲ့ ခံယူချက်နဲ့ သာမန်လောက်ပဲ သဘော ထားခဲ့မိတယ်။ ဒါပေမယ့် တကယ်လက်တွေ့ကျကျ ကိုယ်တိုင် ကိုယ်တွေ့ ကြုံတွေ့နေရတဲ့ ဖြစ်ရပ်တွေနဲ့ ဟပ်ကြည့်လိုက်တော့ ဆရာငွေဥဒေါင်းရဲ့ ထောက်ချက်ဟာ (ပညာရှိများရဲ့ စကားပိပိ) မှန်ရုံသာမက 'သွေးထွက်' နေတာ တောင် တွေ့ရပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ လစဉ်လတိုင်း ဒီလ မိုး ဂျာနယ် ထွက်ပြီးလို့ နောက်တစ်လအတွက် 'ရွာရိုးကိုးပေါက်' ရေးဖို့အတွက်မှာ

www.burmeseclassic.com



ထိုင်လိုက်တာနဲ့ တမြိုင်နက် ရေးစရာ အကြောင်းအရာတွေဟာ တစ်ခုပြီး တစ်ခု ခေါင်းထဲမှာ အလျှိုအလျှိုနဲ့ မိုးဦးကျမှာ မှိုတွေပေါက်သလို ဦးနှောက်ထဲ ရောက်လာကြလို့ပါပဲ။

ဒါပေမယ့် မိုးဂျာနယ် အယ်ဒီတာချုပ်ကြီးနဲ့တကွ အယ်ဒီတာမင်းများကပါ . . . 'တိုတိုရေးနော်'လို့ တဖွဖွအော်ရင်း ခဏခဏ 'ဝမ်နင်ပေး'နေတာမို့ တစ်ချို့ရေးစရာရှိတာတွေ၊ ရေးချင်တာတွေ မရေးနိုင် မရေးရပဲ ချန်ထားခဲ့ရပါတယ်။

အဲဒီလို အခြေအနေနဲ့ အထွေထွေသော အကြောင်းများကို အကြောင်းပြုပြီး၊ ဒီလမှာလဲ ချန်သင့်တာတွေချန်ပြီး ရေးသင့်တာတွေ ရေးရင်း 'ရွာရိုးကိုးပေါက်' အနေနဲ့ အစီရင်ခံရမယ်ဆိုရင် ပထမဆုံးရေးရမယ့် အကြောင်းအရာကတော့ ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု ကျောင်းသူကျောင်းသားများရဲ့ မောင်မယ်သစ်လွင် ကြိုဆိုပွဲနဲ့ မိတ်ဆုံပျော်ပွဲစား လိုက်သွားရတဲ့ အကြောင်းပါပဲ။

**ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု**

ရန်ကုန်တက္ကသိုလ်မှာ မြို့နယ်အလိုက် ဖွဲ့စည်းထားတဲ့ ကျောင်းသူ ကျောင်းသား အသင်းအဖွဲ့တွေထဲမှာ 'ချင်းတွင်းမိသားစု' အသင်းဟာ ကျောင်းသူကျောင်းသား အင်အားအများဆုံး အသင်းအဖွဲ့တစ်ခု ဖြစ်ပါတယ်။

ကျွန်တော်ဟာ ရန်ကုန်မှာရှိတဲ့ ချင်းတွင်းအသင်းကြီးရဲ့ အမှုဆောင် တစ်ယောက်အနေနဲ့ရော၊ မုံရွာသားစာရေးဆရာ တစ်ယောက်အနေနဲ့ပါ ရန်ကုန်တက္ကသိုလ်က ချင်းတွင်းမိသားစု ကျောင်းသူ ကျောင်းသားတွေရဲ့ မောင်မယ်သစ်လွင်ကြိုဆိုပွဲနဲ့ မိတ်ဆုံ ပျော်စားပွဲစား ခရီးထွက်ရာကို အကြိမ်ကြိမ်လိုက်ပါခဲ့ဖူးပါတယ်။ ချင်းတွင်းမိသားစုအသင်းရဲ့ ကျေးဇူးကြောင့် တွံတေးဘောင်းတော်ချုပ်၊ သာမုကန်၊ လှော်ကားကန်၊ ပဲခူး





ရွှေသာလျောင်းစတဲ့ အရပ်ဒေသတွေကို ရောက်ခဲ့ပေါက်ခဲ့ရပါတယ်။ နှစ်စဉ်ရွေးကောက်တင် မြှောက်ခြင်းခံကြရတဲ့ ချင်းတွင်းမိသားစု အမှုဆောင်အဖွဲ့ကလည်း ကျွန်တော့်ကို နှစ်စဉ်နှစ်တိုင်း တလေးတစားနဲ့ အရေးထားပြီး ဖိတ်ကြားခဲ့ကြပါတယ်။ ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း ၆၀ ကျော် အရွယ်ထောက်ပေမယ့် နကိုယ်မူလကတည်းက ခြေထောက်မှာ ဗွေပေါက်ပြီး ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ စာရေးဆရာ တစ်ယောက်အဖို့ ခုလို အသက် ၂၀ ဝန်းကျင် ကျောင်းသား ကျောင်းသူကလေးတွေနဲ့ အတူတွဲပြီး ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်ရတယ်ဆိုတော့ ကိုယ့်ကိုယ်ကို အသက်၄၀လောက် ပြန်ငယ်သွားသလို ဟိုတုန်းက တက္ကသိုလ်ကျောင်းသားဘဝကို ပြန်လည်တ,သ သတိရမိပါတယ်။

**ကြီးမားကျယ်ပြန့်တဲ့ သီလဝါဆည်ကြီး**

ဒီနှစ် ချင်းတွင်းမိသားစု ကျောင်းသူ၊ ကျောင်းသားတွေ မိတ်ဆုံပျော်ပွဲစားခရီး ထွက်ခဲ့ကြတဲ့ နေရာကတော့ ရန်ကုန်တစ်ဖက်ကမ်း သံလျင်ကျိုက်ခေါက်စေတီတော်ကြီးနဲ့ မလှမ်းမကမ်း သုံးမိုင်လောက်ဝေးတဲ့ 'သီလဝါ ဆည်ကြီး'ရှိတဲ့ စခန်းပါပဲ။ လူတိုင်းလိုလို 'သီလဝါမီးပြတိုက်'ဆိုတဲ့ နာမည်ကို ကြားဖူးနားဝ ရှိခဲ့ကြပေမယ့် 'သီလဝါဆည်ကြီး'ကိုတော့ ရောက်ဖူးဖို့ ဝေးလို့ ကြားတောင်ကြားဖူးကြမယ် မထင်ပါဘူး။

ဒါ့ကြောင့်လည်းဘဲ၊ နိုဝင်ဘာ ၁၇-ရက် (တနင်္ဂနွေနေ့) မနက်မှာ သီတာသင်္ဘောနဲ့ ရန်ကုန်မြစ်ကို ဖြတ်ကူးခဲ့ကြပြီး ကျိုက်ခေါက်ဘုရားကြီးရဲ့ အနောက်တောင်ဘက် သုံးမိုင်လောက် ဝေးကွာတဲ့ ခရီးကို 'ဒိုင်နာ'ကားလေးစီးနဲ့ လာခဲ့ကြရာက၊ တောအုပ်ကလေး တစ်ခုကိုလည်း ကျော်လိုက်ရော တကယ့်ပင်လယ်ပြင်ကြီးလို ကြီးမားပြန့်ကျယ်တဲ့ 'သီလဝါဆည်ကြီး'ကို ဘွားခနဲ တွေ့လိုက် မြင်လိုက်ရတဲ့အတွက် ကျွန်တော်နဲ့တကွ ချင်းတွင်း မိသားစု ကျောင်းသူ ကျောင်းသားတွေ အားလုံး တအံ့တသြနဲ့ မင်သက်မိ



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွားခဲ့ကြရပါသည်။

ဒီနေရာ ဒီဒေသမှာ ဒီလောက်ကြီးမားကျယ်ပြန့်တဲ့ ဆည်ကြီး တစ်ခု ရှိနေတယ်ဆိုတာ မယုံလောက်အောင်ပဲ ထူးဆန်းနေပါတယ်။

ဒါနဲ့ တကယ်တန်း စုံစမ်းကြည့်လိုက်တော့မှ ဒီ'သီလဝါ ဆည်ကြီး'ဟာ လွန်ခဲ့တဲ့ ငါးနှစ်လောက် (၁၉၈၆ခုနှစ်)ကတည်းက အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းက ရေဖြန့်ဖြူးရေး စီမံကိန်းအရ စတင်တည်ဆောက်ခဲ့တယ်ဆိုတာ သိရပါတယ်။

နေ့စဉ်နှင့်အမျှ ကျဉ်းကြပ်လှတဲ့ အိပ်ဆောင်နဲ့ စာသင်ခန်းတွေ ကိုသာ ကူးချည်သန်းချည် လုပ်နေကြရရှာတဲ့ ကျောင်းသူ ကျောင်းသား တွေဟာ အခုလို ကျယ်ပြန့်လန်းဆန်းပြီး စိမ်းလဲ့အေးမြတဲ့ ရေရိပ်နဲ့ သာယာ ဆိတ်ငြိမ်တဲ့ တောရိပ်ကြောင့် သူတို့မျက်နှာကလေးတွေ အားလုံး ရွှင်မြူး တက်ကြွတဲ့ အရိပ်အရောင်တွေ ဖုံးလွှမ်းနေတာ တွေ့ရပါတယ်။ ဒါ့ကြောင့် လဲ သီလဝါဆည်ကြီးရဲ့ ကမ်းနဖူးက ပြန့်ပြူးတဲ့ တောအုပ်အလယ်မှာ မောင်မယ်သစ်လွင်တွေနဲ့ မိတ်ဆက်ကြ၊ ပျော်ပျော်ပါးပါးစားကြ၊ ကစားကြ၊ အခန့်ငြားဆုံးနဲ့ အလှပဆုံးဖြစ်တဲ့ 'ဘုရင်နဲ့ ဘုရင်မ'တွေ ရွေးခဲ့ကြသလို ချင်းတွင်း မိသားစု ကျောင်းသား ကျောင်းသူတွေရဲ့ သာရေးနာရေး ပညာ သင် ထောက်ပံ့ရေး ကိစ္စတွေ ဆွေးနွေးကျရင်း တစ်နေကုန် ပျော်တပြုံးပြုံးနဲ့ သီလဝါဆည်မှာ အချိန်ဖြုန်းခဲ့ကြပါတယ်။

**'ဂျေးလ်ပိတ်' သခင်မြသန်း**

တနင်္ဂနွေနေ့က အဲဒီလို ချင်းတွင်းကျောင်းသူ၊ ကျောင်းသား တွေရဲ့ ပျော်ပွဲစား မိတ်ဆက်ပွဲကို ဆင်နွှဲခဲ့ရတဲ့ ကျွန်တော်ဟာ နောက်တစ် နေ့ (နိုဝင်ဘာ ၁၈ရက်) တနင်္လာနေ့ မနက်မှာတော့ ဗွီဒီယိုရုပ်ရှင်ကား ကန်တော့ပွဲ အခမ်းအနားတစ်ခုကို မပျက်မကွက် ဆက်ဆက် တက်ရောက် ခဲ့ရပါတယ်။





ပန်းဆိုးတန်းလမ်း အလယ်ဘလောက်က အောင်သိန်းဆော်ရဲ့ အခန်းမှာ ကျင်းပတဲ့ ကန်တော့ပွဲကိုတော့ မပျက်မကွက် ဆက်ဆက်ကြိုး စားပြီး တက်ဖြစ်အောင် တက်ခဲ့ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီ ဗွီဒီယိုရုပ်ရှင်ကားဟာ ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဖက် ရေးဖော်ရေးဖက် ဖြစ်တဲ့ ကွယ်လွန်သူ စာရေးဆရာ သခင်မြသန်းရဲ့ ဝတ္ထုကို ကျန်ရစ်တဲ့ သားဖြစ်သူ စည်သူမြသန်းက ဇာတ်ညွှန်းနဲ့ ဒါရိုက်တာအဖြစ် ရိုက်ကူးမယ့် ဇာတ်ကားဖြစ်နေလို့ပါပဲ . . .

သခင်မြသန်းနဲ့ ကျွန်တော်ဟာ ဘယ်လောက်အထိ ရင်းနှီးခဲ့ကြ သလဲဆိုတော့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ကျော် (၁၉၄၇-၄၈-၄၉) တတည်းက နိုင်ငံရေးသမားပုဒ်မ(၅) အကျဉ်းသားများဘဝနဲ့ မန္တလေး ထောင်မှာ အတူထောင်ကျခံခဲ့ရတဲ့ ထောင်ကျ ရဲဘော် (Jail-Mate) ဖြစ်ပါ သည်။ အဲဒီနောက် တော်လှန်ရေးအစိုးရ လက်ထက် (၁၉၆၅-၇၅) ကျ တော့လည်း ပြန်ဆုံပြီး ဘဝတူ ရေးဖော် ရေးဖက် စာရေးဆရာတွေအဖြစ်နဲ့ ယှက်တွဲခဲ့ကြရပြန်ပါတယ်။

အထူးသဖြင့် သခင်မြသန်းဟာ သာမန် စာရေးဆရာတစ် ယောက် မဟုတ်ပါဘူး၊ စာပေသစ္စာ စာပေသိက္ခာနဲ့ စာပေသမာဓိ အင်မတန်ပြည့်ဝတဲ့ ပြည်သူ့ဘက်တော်သား စာရေးဆရာ တစ်ယောက် ဖြစ်ခဲ့ပါတယ်။ သူရေးခဲ့သမျှ ဝတ္ထုတွေ အားလုံးလိုလိုဟာ အလုပ်သမား လယ်သမားနဲ့ ဆင်းရဲသား နင်းပြား လူတန်းစားဘက်က ရပ်တည်ခဲ့တာ ချည်းပါပဲ။ အထူးသဖြင့် အဲဒီခေတ် ဆယ်စုနှစ်လောက်က စာရွက်ပေါ်က နေ ပိတ်ကားပေါ်ရောက်အောင် ရုပ်ရှင်အဖြစ်နဲ့ ရိုက်ကူးခဲ့ကြတဲ့ ဝတ္ထုတွေ ထဲမှာ သခင်မြသန်းရဲ့ဝတ္ထုတွေဟာ အရေအတွက် အများဆုံးဖြစ်ခဲ့ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



**လူတစ်မျိုးလား လူဆိုးလား**

စာရေးဆရာ တစ်ယောက်ဟာ လူသာသေသွားပေမယ့် သူ့နာမည်နဲ့ သူ့အနုပညာတွေဟာ ဘယ်တော့မှ သေရိုးထုံးစံမရှိတဲ့အတိုင်း သခင်မြသန်း ကွယ်လွန်ခဲ့တာ ၁၅ နှစ်ကျော်လာခဲ့ပြီးမှ အခုတခါ ၁၉၈၀ ပြည့်လွန် ဆယ်စုနှစ်များ အတွင်းမှာ သခင်မြသန်းရဲ့ ဝတ္ထုတွေဟာ နာမည်ကြီးစူပါ ဒါရိုက်တာတွေ၊ စူပါစတားတွေနဲ့ ရုပ်ရှင်ပိတ်ကားပေါ်မှာရော၊ ဗွီဒီယို ဖန်သားပြင်ပေါ်မှာပါ ပြန်လည် သက်ဝင် လှုပ်ရှားလာတာတွေနေရပါတယ်။ ဟိုတစ်ချိန်က ကျော်ဟိန်းခေတ်ကို ထူထောင်ခဲ့တဲ့ 'ပတ်ဝန်းကျင်ကို စိန်ခေါ်ချင်တယ်' ဆိုတဲ့ ဇာတ်ကားနဲ့ သည်ဘက်ခေတ်မှာ သားဖြစ်တဲ့ စည်သူမြသန်း ဖန်တီးခဲ့တဲ့ 'ကျွန်တော် သံချောင်းလူကောင်းဖြစ်ချင်တယ်'ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားတွေရဲ့ နာမည်ကို ကြည့်ရုံနဲ့ သခင်မြသန်းရဲ့ အနုပညာနဲ့ အဘိဓမ္မာဟာ ဘယ်လောက်ခေတ်မီနက်ရှိုင်းတယ်ဆိုတာ သိနိုင်ပါတယ်။

အခု စည်သူမြသန်း ကန်တော့ပွဲပေးတဲ့ သခင်မြသန်းရဲ့ ဝတ္ထုဇာတ်လမ်းနဲ့ ဇာတ်ကားရဲ့ အမည်ကိုလဲ ကြည့်ပါဦး။ 'လူတစ်မျိုးလား လူဆိုးလား' . . . တဲ့ နာမည်နဲ့ပဲ 'စား'နေပြီလို့တောင် ဆိုနိုင်ပါတယ်။

**'ရယ်ဟန်းစားသော ဟောပြောပွဲ'**

နိဂုံးဘာလအတွင်း ကျွန်တော်ရဲ့ရွာရိုးကိုးပေါက် ခရီးစဉ်နဲ့ စပ်လျဉ်းလို့ မိုးပရိသတ်ကို နောက်ဆုံး တင်ပြချင်တာကတော့ ဆရာသုခရဲ့ 'ရယ်ဟန်းစားသော ဆွမ်းတစ်နပ်'နဲ့ ပတ်သက်တဲ့ အကြောင်းပါပဲ။

မြန်မာနိုင်ငံမှာ လူဦးရေ သန်းပေါင်း ၄၀ကျော် ရှိတဲ့ အနက်က အနည်းဆုံး ၄ပုံ ၁ပုံ (၁၀သန်း)လောက်ဟာ လွန်ခဲ့တဲ့ လေးလက (မှတ်မှတ်ရရ-ဝါဆိုလပြည့် ဗုဒ္ဓနေ့က) မြန်မာ့ရုပ်မြင်သံကြားမှာ တင်ဆက်ပြသခဲ့တဲ့ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခရဲ့ တီဗွီဇာတ်လမ်း 'ရယ်ဟန်း





စားသော ဆွမ်းတစ်နပ်'ကို မုချ ကြည့်ပြီး ကြပြီလို့ ယုံကြည်ယူဆပါတယ်။ အဲဒီလို ဖန်သားပေါ်က တီဗွီရုပ်ရှင်ကို လူတွေသန်းနဲ့ချီပြီး မြင်ဖူးကြပေမယ့် ဒီရုပ်ရှင်ကားနဲ့ ပတ်သက်တဲ့ ဆရာသုခရဲ့ အပြောအဟောကိုတော့ ကြားဖူးကြတဲ့ လူအရေအတွက်ကတော့ သိန်းသန်းချီပြီး မပြောနဲ့၊ သောင်းဂဏန်းတောင် မရှိပါဘူး၊ ရာဂဏန်းကျော်ကျော် အလွန်ဆုံးလူဦးရေ ထောင်ဂဏန်းလောက်ပဲ ရှိပါလိမ့်မယ်. . .

အဲဒီလို ဆရာဦးသုခရဲ့ 'ရယ်ဟန်းစားသော ဆွမ်းတစ်နပ်'နဲ့ ပတ်သက်တဲ့ ဟောပြောချက်ကို နားထောင်ရတဲ့ လူဦးရေ ထောင်ဂဏန်း ရာဂဏန်း လောက်ထဲမှာ 'ကံထူးသူ မောင်ရှင်'အဖြစ်နဲ့ ကျွန်တော်လဲ ရှားရှားပါးပါး ပါဝင်ခဲ့ပါတယ်။ ဖြစ်ပုံက ဒီလိုပါ. . .

**ဆရာသုခနှင့်ကျွန်တော်၊ အဖေနဲ့သား**

ရုပ်ရှင်ကား တစ်ကား၊ စာအုပ်တစ်အုပ်၊ သီချင်းတစ်ပုဒ်၊ ဘယ်လိုအနုပညာ ပစ္စည်းမျိုးပဲဖြစ်ဖြစ်၊ တစ်ကားဆို တစ်ကား၊ တစ်အုပ်ဆို တစ်အုပ်၊ တစ်ပုဒ်ဆိုတစ်ပုဒ်၊ သူမတူအောင် ထုတ်လုပ်တတ်တဲ့ ဆရာသုခရဲ့ လွန်ခဲ့တဲ့ ဝါဆိုလပြည့် ဗုဒ္ဓနေ့က အမှတ်တရ တင်ဆက်ပြသခဲ့တဲ့ ရုပ်မြင်သံကြားက 'ရယ်ဟန်းစားသော ဆွမ်းတစ်နပ်' ဇာတ်ကားဟာ တစ်နိုင်ငံလုံး ဖိမ့်ဖိမ့်တုန်အောင် ကျော်ကြားခဲ့ပါတယ်။ ဒီဇာတ်ကားရဲ့ ဂယက်ဟာ ရက်ပေါင်းများစွာ လပေါင်းများစွာ ပြည်သူတွေကြားမှာ ရိုက်ခတ်နေခဲ့ရာမှ၊ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့ ဩဂုတ်လအတွင်းက မန္တလေးမြို့ သာသနာ့ ဗိမာန်အဆောက်အအုံမှာ ဆရာသုခကိုယ်တိုင် ဟောပြောပွဲ ကျင်းပခဲ့ပါတယ်။ နိုင်ငံကျော် စာရေးဆရာ ဒါရိုက်တာကြီးရဲ့ နိုင်ငံကျော် ရုပ်သံလွှင့် ဇာတ်ကားနဲ့ ပတ်သက်တဲ့ ဟောပြောပွဲမို့ ပရိသတ် ဝက်ဝက်ကွဲအောင် စည်ကားခဲ့တယ်လို့ သိရပါတယ်။

အဲဒီရက် အဲဒီအချိန်က ကျွန်တော်ဟာ မန္တလေးမှာ ရှိနေသေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘိုဉာဏ (အမရပူရ)ရဲ့ တောင်လေးလုံးကျောင်း ရောက်နေတာနဲ့ အဲဒီ ဟောပြောပွဲကို မတက်ရောက်နိုင်ခဲ့ပါဘူး။ နောက်တစ်ခါ လွန်ခဲ့တဲ့ အောက်တိုဘာလအတွင်းက ရန်ကုန်ပညာရေး တက္ကသိုလ်မှာ ဆရာသုခ က-အလားတူ ဟောပြောပွဲကို ဒုတိယအကြိမ် ပြုလုပ်ခဲ့ပြန်ပါတယ်။ အဲဒီ တုန်းက ကျွန်တော် လုံးဝမသိ လိုက်ရလို့ နားထောင်ခွင့် မရခဲ့ပါဘူး။

ဒါပေမယ့် နှစ်ပေါင်းများစွာ 'အဖေနဲ့ သားလို' ရင်းနှီးလာခဲ့ကြတဲ့ ဆရာသုခနဲ့ ကျွန်တော်ဟာ ရေစက်မကုန်သေးတော့ အခု နိုဝင်ဘာလ ၂၃-ရက် (မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်)နေ့ကပဲ ပဲခူးကျောင်းသား ဟောင်းများရဲ့ အာစရိယပူဇော်ပွဲမှာ ပြန်တွဲမိ ကြပြီး ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ်တဖျပ်ဖျပ် ခံစားခဲ့ရတဲ့ 'ရဟန်းစားသော ဆွမ်းတစ်နပ်' ဇာတ် ကားနဲ့ ပတ်သက်တဲ့ ဆရာသုခရဲ့ ဟောပြောချက်ကို ပြည့်ပြည့်ဝဝ အစ အဆုံး နားထောင်ခဲ့ရပါတယ်။

**ပဲခူးမှ အာစရိယပူဇော်ပွဲ**

တကယ်တော့ ကျွန်တော်ဟာ ကျွန်တော်နဲ့ ညီအစ်ကို အရင်း တမျှ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့တဲ့ ပဲခူးသား ပန်းချီ မောင်စံတိုးကို အကြောင်းပြုပြီး၊ နှစ်စဉ် ကျင်းပလေ့ရှိတဲ့ ပဲခူး ကျောင်းသားဟောင်းများရဲ့ အာစရိယပူဇော်ပွဲကို လေးငါးကြိမ်ထက်မနည်း တက်ခဲ့ဖူးပါတယ်။ (စကား အဖြစ်နဲ့ အသားယူပြီး ကြွားရမယ်ဆိုရင်၊ ပဲခူးသား စာရေးဆရာ မောင်သိန်းဆိုင်တောင် ပဲခူးကျောင်းသားဟောင်းများရဲ့ အာစရိယ ပူဇော်ပွဲ ကို ကျွန်တော့်လောက် မှန်မှန်မတက်ရောက်နိုင်ခဲ့ပါဘူး)။

ကံအားလျော်စွာ ဒီနှစ်မှာ ဆရာသုခကိုယ်တိုင် ပဲခူးကို လိုက်ပါ ပြီး ဟောပြောမယ်ဆိုတာ သိရတဲ့အတွက် ဆရာ့အိမ်ကို တစ်ရက်ကြို ဖုန်းဆက်ပြီး နောက်တစ်နေ့ မနက်ဆရာနဲ့အတူ ပဲခူးကို လိုက်ခဲ့ပါတယ်။ ဆရာကလည်း ကျွန်တော်ပါလာတဲ့အတွက် အဖော်ရပြီး ကားပေါ်မှာ





လမ်းတစ်လျှောက်လုံး နှစ်ယောက်သား စကားတွေ ဖောင်ဖွဲ့သွားကြပါ တယ်။

ကြုံတောင့်ကြုံခဲ ဒီနှစ်ပဲခူး အာစရိယပူဇော်ပွဲဟာ ကျွန်တော့် အတွက် ဆရာသုခရဲ့ ဟောပြောချက်ကို အားရပါးရ နားထောင်ခဲ့ရတဲ့ ခါတိုင်းနှစ်တွေထက် ပိုပြီး အမြတ်ထွက်ခဲ့ပါတယ်။ တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်ရှု စွဲမက်ခဲ့ရတဲ့ 'ရဟန်းစားသော ဆွမ်းတစ်နပ်'ကို အခုတစ်ခါ ဆရာ သုခရဲ့ နှုတ်ဖျားက ပြောင်မြောက်နက်နဲလှတဲ့ စကားလုံးတွေနဲ့ ကြားခဲ့ နာခဲ့ရပြန်တော့ ပီတိတွေ တဖွားဖွားနဲ့ ပိုပြီးလှုပ်ရှားခံစားရပါတယ်။

**ကြည်မြပီသတဲ့ ဆရာ့အသံ**

တကယ်တော့ 'ရဟန်းစားရသော ဆွမ်းတစ်နပ်'ဟာ အခုမှ အရုပ်ပြ အကောင်ထင်လာရပေမယ့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅-နှစ် လောက်ကတည်းက (၁၉၆၆ခု အောက်တိုဘာလထုတ်) မြဝတီမဂ္ဂဇင်းမှာ ဆရာသုခက ဆောင်းပါးအဖြစ် ရေးခဲ့တာကို အခြေခံပြီး တီဗွီရုပ်ရှင်အဖြစ် ဖန်တီးခဲ့တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းကို အဲဒီလို နှစ်ပေါင်းများစွာက သန္ဓေတည်လာခဲ့ရသလို ဒီဇာတ်ကားထဲမှာ အဓိက ဇာတ်ကောင်အဖြစ် ရဟန်းဝတ်နဲ့ သရုပ်ဆောင်ခဲ့တဲ့ (အံ့ကျော်နဲ့ အပြန်အလှန် စကားပြောခဲ့ တဲ့) မြတ်သစ် (ရှုမဝ မိတင်အေးရဲ့သား)ကိုလည်း လွန်ခဲ့တဲ့ ၆-နှစ်လောက် ကတည်းက ဆရာသုခနဲ့အတူ ဒုလ္လဘ ရဟန်းခံခဲ့ကြရာက မျက်စေ့ကျခဲ့ တာမို့ ဒီဇာတ် ကားမှာ ဆရာသုခက မြတ်သစ်ကို သင်္ကန်းဝတ်နဲ့သုံးလ သီတင်းသုံး နေစေပြီး ရိုက်ကူးခဲ့တယ်လို့ သိရပါတယ်။ (ပဲခူး ဟောပြောပွဲကို ဆရာခေါ်လာလို့ အဲဒီနေ့က မြတ်သစ်လဲ ပါလာပြီး ပရိသတ်နဲ့ မိတ်ဆက် စကား ပြောခဲ့ပါသေးတယ်။)

ဘာပဲဖြစ်ဖြစ် အဲဒီဟောပြောပွဲမှာ ကျွန်တော် အံ့ဩဆုံးကတော့ ဆရာသုခအသံပါပဲ၊ အသက် ၈၂-နှစ်ရှိပြီမို့ ဇရာထောင်းနေပေမဲ့ ဆရာ့



www.burmeseclassic.com

www.burmeseclassic.com



အသံယာ အုံ့ညြစရာ ကောင်းလောက်အောင် ကြည်မြပီသပြီး ထန်ကရိုက်ကျကျနဲ့ အသံဩဇာ ပြည့်ဝနေတုန်းပါပဲ၊ ဒါ့ကြောင့် အဲဒီနေ့က ဆရာ ဟောပြောချက်ကို နားထောင်ရင်း ဆရာကြီးဦးသုခ အသက်ရာကျော် ရှည်ပါစေလို့ မျှော်လင့်ဆု တောင်းမိပါတယ် ခင်ဗျား။



## ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲ၊ ကွန်းစီတွ ပန်းချီပြပွဲ၊ ဘားအုံ့တာယောက်ပြပွဲ

ဒီလမှာ မှတ်မှတ်ရရ ရှာရိုးကိုးပေါက် ရောက်ခဲ့ရတဲ့ စာပေနဲ့ အနုပညာဆိုင်ရာ အခမ်းအနားတွေကို တန်းစီပြီး ဖောက်သည် ချရမယ်ဆိုရင် ပထမဆုံး ဒီဇင်ဘာ ၁၀-ရက်နေ့က ကျင်းပခဲ့တဲ့ 'စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာကြီးများ ဂါရဝပြုပွဲ'က စရပါလိမ့်မယ်။

စာနယ်ဇင်း သရုပ်ဖော် ပန်းချီဆရာကြီးများ ဂါရဝါပြုပွဲကို ကျင်းပလာခဲ့ကြတာ သက်တမ်းအားဖြင့် ၁၃-နှစ်တောင်ရှိလာခဲ့ပါပြီ။ ဒီဂါရဝပြုပွဲကို နှစ်စဉ် ကမကထ လုပ်ပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသူတွေကတော့ ပန်းချီစံတိုး၊ ပန်းချီမောင်မောင်သိုက်၊ ပန်းချီကျော်သောင်း၊ ပန်းချီ တင်မောင်မျင့်၊ ပန်းချီဝသုန်၊ ပန်းချီဖေသက်၊ ပန်းချီမောင်မောင်စတဲ့ လူလတ်ပိုင်း ပန်းချီ ဆရာတွေပါပဲ။ သူတို့တစ်တွေဟာ အဖွဲ့အစည်းရယ်လို့ သီးသန့်ဖွဲ့ စည်းထားတာ မဟုတ်ပေမယ့် ပန်းချီဆရာများရဲ့ သာရေးနာရေး ကိစ္စတွေမှာ အမြဲတစေ စည်းစည်းလုံးလုံးနဲ့ စိတ်တူသဘောတူ ဝိုင်းဝန်းကူညီ ပံ့ပိုးလာခဲ့ကြတာ နှစ်ပရိစ္ဆေဒ ကြာခဲ့လှပါပြီ၊ အဲဒီ သာရေး နာရေး လူမှုရေး ကိစ္စတွေထဲမှာ သူတို့ရဲ့ လက်ဦးဆရာများဖြစ်ကြတဲ့ ပန်းချီဆရာကြီးတွေကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ တလေးတစား ဖိတ်ကြားပြီး ပူဇော်ကန်တော့ပွဲ ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြတာ နှစ်အတော်ကြာခဲ့ပါပြီ။ ကျွန်တော်ဟာ စာရေးဆရာတစ်ယောက် ဖြစ်နေပေမယ့် အဲဒီပန်းချီ ဆရာတွေနဲ့ အမြဲတစေ တွဲနေပြီး သွားဖော်လာဘက် စားဖော်သောက်ဘက်တွေ ဖြစ်နေတာမို့ နှစ်စဉ်ကျင်းပတဲ့ ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲမှာ နှစ်စဉ်တိုင်းလိုလိုပဲ သူတို့နဲ့ လက်တွဲဆောင်ရွက်လာခဲ့ပါတယ်။ အဲဒီလို နှစ်စဉ်ကျင်းပခဲ့တဲ့ ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲမှာ အရင့်အရင်နှစ်တွေတုန်းက ဆရာကြီးတွေ စုံစုံလင်လင် တက်ရောက်နိုင်ခဲ့ကြပေမယ့် ဇရာသဘောနဲ့ မရဏ သဘောကြောင့် ပန်းချီဆရာကြီးတွေဟာ အသက်အရွယ် ကြီးလာကြတာမို့ တစ်ယောက်ပြီး တစ်ယောက် တစ်နှစ်ပြီး တစ်နှစ်ဆိုသလို ကွယ်လွန်အနိစ္စရောက်သွားကြတဲ့အတွက် ဒီနှစ်မှာဆိုရင် ကန်တော့ခံ ဆရာကြီးတွေရဲ့ အရေအတွက်ဟာ ၁၀-ယောက်တောင် မရှိတော့ပါဘူး။ အားလုံး စုစုပေါင်း ၇-ယောက်ပဲ ကန်တော့ခံနိုင်ကြပါတော့တယ်။ အဲဒီ ဆရာကြီး ၇-ယောက်ကတော့ ဆရာဦးဘကြည်၊ ဆရာဦးဘရင်ကြီး၊ ဆရာဦးအမ်တင်အေး၊ ဆရာဦးဘလုံလေး၊ ဆရာဦးစိန်၊ ဆရာ ဦးလွန်းကြွယ်နဲ့ ဆရာဦးသောင်းဟန်တို့ပဲ ဖြစ်ပါတယ်။

ဒီနှစ်မှာ ထူးခြားတာကတော့ အရင့်အရင် ခါတိုင်းနှစ်တွေထက် အလှူငွေ ကောက်ခံရခဲ့တာပါပဲ။ မဂ္ဂဇင်းတိုက်တွေ၊ ပုံနှိပ်တိုက်တွေ၊ ထုတ်ဝေသူတွေနဲ့ စာအုပ်ဆိုင်ကြီးတွေက နှစ်တိုင်းထက် ပိုပြီးအလှူငွေ ထည့်ခဲ့ကြတာမို့ ဒီနှစ်မှာ စုစုပေါင်း နှစ်သောင်းခြောက်ထောင် (၂၆၀၀၀) ကျော်ရခဲ့ပါတယ်။ အဲဒီထဲမှာ ရွှေသမင် မဂ္ဂဇင်းတိုက် တစ်တိုက်ထည်းက အလှူငွေ ၅၅၀၀ ထည့်ဝင်လိုက်တာဟာ သာဓုခေါ်စရာပါပဲ။ ဒါကြောင့်လည်း ဆရာကြီးတစ်ဦးကို ပစ္စည်းရော ငွေသားပါ စုစုပေါင်း တန်ဘိုးကျပ်တစ်ထောင်ကျော်ကျော် ပူဇော်ကန်တော့နိုင်ခဲ့ကြပါတယ်။

ဒီနှစ် အလှူတွေထဲမှာ ထူးခြားတဲ့ အလှူတစ်ခုကတော့ စာရေး





ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ အလှူပါပဲ၊ ဆရာမကြီးက ပန်းချီဆရာကြီးတွေထဲမှာ အသက်အကြီးဆုံးနဲ့ အနွမ်းပါးဆုံးလို့ ဆိုရမယ့် ပန်းချီဆရာကြီး ဦးဘရင်ကြီးအတွက် (အညာဆီစစ်စစ်) ဆီငါးပိဿာကို ပုံးနှင့်တကွ လှူခဲ့ပါတယ်။ ဆရာမကြီး ဒေါ်ခင်နှင်းယုဟာ လွန်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်တုန်းကလည်း ပူဇော်ကန်တော့ပွဲမှာ တက်ရောက်လာကြတဲ့ ဆရာ ဆရာတွေနဲ့ ပရိသတ်အားလုံးကို ငွေနှစ်ထောင်ကျော် သုံးထောင်နီးပါး အကုန်အကျခံပြီး ရေခဲမုန့်နဲ့ ကိတ်မုန့်ကျွေးပြီး အလှူဒါနပြုခဲ့ပါသေးတယ်။

အဲဒီ ပူဇော်ကန်တော့ပွဲမှာ နှစ်စဉ်နှစ်တိုင်း ဧည့်သည်တော်အဖြစ်နဲ့ စာရေးဆရာကြီး တစ်ယောက်က မိန့်ခွန်းစကား ပြောကြားလေ့ရှိတဲ့ အစဉ်အလာအရ ဒီနှစ်အတွက် ဧည့်သည်တော် မိန့်ခွန်း ပြောကြားသွားတဲ့ စာရေးဆရာကတော့ ဆရာသော်တာဆွေပါပဲ၊ ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲ ဖြစ်တဲ့အတိုင်း ဆရာသော်တာဆွေက သူရဲ့ စာပေသက်တမ်းတစ်လျှောက် တွေ့ကြုံ သိကျွမ်းခဲ့ရတဲ့ ပန်းချီဆရာတွေအကြောင်းနဲ့ သူရဲ့ ကျောင်းနေဘက် သူငယ်ချင်းဖြစ်ခဲ့တဲ့ ပန်းချီဆရာဦးစုန်းလွင် (ကွယ်လွန်သူ)အကြောင်း ရှေးဟောင်း နှောင်းဖြစ်များကို စိတ်ဝင်စားစရာ ပြောကြားသွားပါ တယ်။

ဘာပဲဖြစ်ဖြစ် ပူဇာစ ပူဇနေယျာနံဆိုတဲ့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာ မင်္ဂလာတရားနဲ့အညီ နှစ်စဉ်နှစ်တိုင်း အခုလို ပန်းချီဆရာကြီးများ ပူဇော်ကန်တော့ပွဲ ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်လာကြတဲ့ ပန်းချီဆရာ လူငယ်၊ လူရွယ်၊ လူလတ်တွေဟာ လာမယ့်နှစ်မှာလဲ ရိုးရာမပျက် ဆက်လက်ပြီး စည်စည် ကားကားကျင်းပ သွားကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဒီဇင်ဘာလထဲမှာ ထူးထူးခြားခြား ရွှာရိုးကိုးပေါက် ရောက်ခဲ့တဲ့ ခရီးစဉ် တစ်ခုကတော့ ဘားအံစာပေ ဟောပြောပွဲ ခရီးပါပဲ။ အခု ဒီနှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စာပေဟောပြောပွဲတွေ ပြန်ကျင်းပလာခဲ့ကြလို့ ရန်ကုန်မှာပဲ ကုပ်ပြီးငြိမ်နေခဲ့ကြတဲ့ ကျွန်တော်တို့ စာရေးဆရာတွေ ဟိုမြို့သည်မြို့ကို စာပေဟောပြောပွဲခရီးထွက်ရင်း အညောင်းဆန့် လာကြတာတွေရလို့ ထူးထူးခြားခြား ဖြစ်နေပါတယ်။

ကျွန်တော် သိရသလောက် ဒီနှစ်မှာ ဖျာပုံ၊ မင်းလှ၊ ဒိုက်ဦး၊ ဘားအံစတဲ့ မြို့တွေမှာ ကြိုကြားကြိုကြား စာပေဟောပြောပွဲများ ကျင်းပခဲ့ကြသလို ရန်ကုန်တိုင်းက မြို့နယ်တချို့မှာလည်း ကျင်းပခဲ့တယ်လို့ သိရပါတယ်။ အဲဒီထဲက ဘားအံစာပေ ဟောပြောပွဲကို ကျွန်တော် အပါအဝင် စာရေးဆရာ ငါးယောက် သွားရောက် ဟောပြောခဲ့ကြပါတယ်။ အဲဒီ ငါးဦးကော်မတီဝင်တွေကတော့ စိန်ခင်မောင်ရီ၊ သူရဇော်၊ မောင်သက်ကြူ နုနုရည်(အင်းဝ)နဲ့ ကျွန်တော်ပါပဲ၊ ရန်ကုန်က ဖိတ်ကြားတဲ့ ကျွန်တော်တို့ ငါးယောက်အပြင် ဘားအံ့ကောလိပ်က ဆရာတစ်ဦးဖြစ်တဲ့ ဆရာနှင်းဝေနဲ့ပါ ပေါင်းလိုက်တော့ ကျွန်တော်တို့အဖွဲ့ဟာ ခြောက်ယောက်ဖြစ်သွားပါတယ်။

ဒါကြောင့်မို့ ည ၁၁-နာရီ ကာဖျူးအမိန့်တည်ဆဲဖြစ်နေတဲ့ အခါကာလမို့ ကျွန်တော်တို့ ခြောက်ယောက်ဟာ တစ်ညကို သုံးယောက်စီ အလှည့်ကျ ခွဲတန်းစနစ်နဲ့ ဘားအံ စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၄-ရက်နဲ့ ၁၅-ရက်ညတွေမှာ နှစ်ညဆက်ပြီး ဟောခဲ့ကြရပါတယ်။

ကျွန်တော်ဟာ လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်လောက်ကတော့ ကော့ကရိတ် စာပေဟောပြောပွဲ သွားရင်းနဲ့ ဘားအံ့ကို ဖြတ်သွားဖြတ်လာ ရောက်ခဲ့ဖူးပါတယ်။ အဲဒီလို ကော့ကရိတ်ကို အသွားနဲ့အပြန် ဘားအံကို ခဏတဖြုတ် ဖြတ်သွားဖြတ်လာ လုပ်ခဲ့ရတာမို့ ဘားအံဆိုတာ ဖြူသလား မည်းသလား၊ ပိန်သလား၊ ဝသလား ကွဲကွဲပြားပြား မသိခဲ့ရဘူး၊ ဒီတစ်ခေါက်ကျမှပဲ ဘားအံမှာ သုံးညအိပ်ပြီး ဟောရင်း ပြောရင်းနဲ့ မြို့တွင်း





မြို့ပြင် မြို့ပတ်ဝန်းကျင်အနှံ့ ရောက်ခဲ့ရတာမို့ ကရင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ ဘားအံမြို့ရဲ့ အလှနဲ့ ဘားအံမြို့ရဲ့ သာယာပုံကို မျက်ဝါးထင်ထင် အကုန်အစင် မြင်ခဲ့တွေ့ခဲ့ရပါတယ်။ ပြည်နယ်တစ်ခုရဲ့ မြို့တော်ပီပီလှပတဲ့ အဆောက်အအုံ တိုက်တာ အိမ်ခြေတွေနဲ့ အထူးသဖြင့် ကြည်လင်အေးမြပြီး၊ မျက်စေ့ပသာဒရှိလှတဲ့ ကန်သာယာကြီးတွေဟာ ဘားအံ့မြို့တော်ရဲ့ ကျက်သရေကို ပိုပြီး သာယာဝေဆာအောင် ဖန်ဆင်းထားသလိုဖြစ်နေပါတယ်။

ကျွန်တော်တို့ကို ရန်ကုန်အထိလာပြီး ဖိတ်ခေါ်ခဲ့တဲ့ ဘားအံစာနယ်ဇင်း ဥက္ကဋ္ဌ ဦးမြင့်လွင်ရဲ့ ကျေးဇူးကြောင့် ဘားအံမြို့တွင်း မြို့ပြင် ပတ်ဝန်းကျင်က ကျောင်းကန်ဘုရား စေတီပုထိုးတွေကို သာမကဘဲ ဘားအံမြို့နဲ့ ၁၈-မိုင်လောက်ဝေးတဲ့ သာမညတောင် ဆရာတော် ဦးဝိမလနဲ့ တောင်ညိုဆရာတော် ဦးထေရိက၊ ဦးဝိသုဒ္ဓိတို့တဲ့ ဆရာတော်များကိုပါ ဖူးမျှော်ခဲ့ကြရပါတယ်။ အဲဒီထဲမှာ အသက်သုံးဆယ်ကျော် ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့ သီလရှင် မိန်းကလေး ၃၁-ပါးကို တကယ့်မိခင်ရင်းပမာ ပြုစုစောင့်ရှောက်ပြီး ပညာသင်ပေးနေရှာတဲ့ သီလရှင်ဆရာလေး ဒေါ်ဟေမာရီ စီမံအုပ်ချုပ်တဲ့ 'သီရိဟေမာ စာသင်တိုက်'ကို ကြုံကြိုက်ဆုံနှင်းဝင်ရောက်လေ့လာခဲ့ရတာဟာ အင်မတန် စိတ်ဝင်တစားနဲ့ မုဒိတာပွားစရာဖြစ်ခဲ့ရပါတယ်။ ဆရာလေး ဒေါ်ဟေမာရီဟာ အထက်အညာ မြင်းခြံနယ် ဝဲလောင်ရွာက ယာယီသဘောမျိုးနဲ့ လာရောက်ပြီး သီရိဟေမာ စာသင်တိုက်ကို ခေတ္တခဏ အုပ်ချုပ်ခဲ့တာဖြစ်ပေမယ့် အခုတော့ ဆယ်ကျော်သက်ရွယ် မိဘမဲ့ သီလရှင်ကလေး ၃၁-ပါးကို တစ်နေ့တခြား သားရင်းသမီးရင်းတွေလို သံယောဇဉ်ငြိတွယ်နေပြီဖြစ်လို့ အထက်အညာ ဇာတိရွာကို မပြန်နိုင်ဘဲ ဖြစ်နေရှာပါတယ်။

အဲဒီဆရာလေး ဒေါ်ဟေမာရီရဲ့ ပရဟိတလုပ်ငန်းနဲ့ ပင်သက်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကို ကောင်းကောင်းကြီး သတိပြုမိကြတဲ့ ကရင်ပြည်နယ် အာဏာပိုင်တွေရဲ့ ကူညီပံ့ပိုးမှုကြောင့် မကြာခင် လပိုင်း နှစ်ပိုင်းအတွင်း သီရိဟေမာ စာသင်တိုက်ကြီးကို သိန်း ၂၀ တန် အဆောက်အဦးကြီးအဖြစ် တိုးချဲ့မွမ်းမံတည်ဆောက် သွားဖို့ စီမံစိုင်းပြင်း နေပြီဆိုတာ သိခဲ့ရတဲ့အတွက် အားရဝမ်းသာ ပီတိဖြစ်ခဲ့ကြရပါတယ်။

ဘားအံ စာပေဟောပြောပွဲက ပြန်ရောက်ပြီး တစ်ပတ်လောက် အကြာ ဒီဇင်ဘာလ ၂၁ ရက်နေ့မှာတော့ ကျွန်တော်ဟာ ပန်းချီပြပွဲ တစ်ခုရဲ့ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ရပါတယ်။ အဲဒီပြပွဲကတော့ 'ကွန်းစိတ္တ' (အလှအိမ်) ပန်းချီပြပွဲပါပဲ။

တကယ်တော့ အဲဒီ ပန်းချီပြပွဲ အခမ်းအနားကို ကျွန်တော် တက်ရောက်ခဲ့ရတယ် ဆိုတာထက် ကျွန်တော်က ဖိတ်ကြားခဲ့ရတယ် ဆိုတာက ပိုပြီးမှန်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီပန်းချီ ပြခန်းရဲ့ ပိုင်ရှင်ဟာ မုံရွာက ပန်းချီ၊ ပန်းပု ဆရာကြီး ရှုမဝဦးသန်း ဖြစ်ပြီး ရန်ကုန်မှာ ပန်းချီပြပွဲ ဖြစ်မြောက်ရေးနဲ့ ပန်းချီပြခန်း ဖွင့်လှစ်ရေးအတွက် လွန်ခဲ့တဲ့ သုံးလေးလကတည်းက ရှုမဝဦးသန်းကို အစစအရာရာ ကျွန်တော်ပဲ အောက်ခြေသိမ်း ကူညီလုပ်ကိုင်ဆောင် ရွက်ပေးခဲ့ရလို့ပါပဲ။ အောက်ခြေ သိမ်းမှ တကယ့်အောက်ခြေသိမ်းပါ။ ဒီပြပွဲ ဖြစ်မြောက်ရေးအတွက် ရန်ကုန်မှာရှိနေတဲ့ ပန်းချီဆရာတွေဆီက ပန်းချီကားများ ရရှိရေး၊ ဒီပြခန်းနဲ့ ပြပွဲကျင်းပဖို့အတွက် နေ့ရက်နဲ့ အချိန်နာရီ ရွေးချယ်သတ်မှတ်ရေး၊ ဖိတ်စာနဲ့ လိပ်စာကဒ်ပြားများ ရိုက်နှိပ်ရေး၊ ပန်းချီ ဆရာများနဲ့ စာရေး ဆရာများ၊ စာနယ်ဇင်း အယ်ဒီတာများကို ဖိတ်ကြားရေး၊ အင်္ဂလိပ်လုပ်သား သတင်း စာမှာ အချိန်မီပါအောင် ကြော်ငြာထည့်သွင်းရေး၊ ဖွင့်ပွဲနေ့မှာ ကျွေးမွေး ဧည့်ခံဖို့ စီစဉ်ရေးစတဲ့ အောက်ခြေသိမ်း အသေးစိတ် အလုပ်တွေကို ရှုမဝ ဦးသန်းရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော်ပဲ အစအဆုံး လုပ်ပေးခဲ့ရပါ





တယ်။

ဒီပန်းချီခန်းနဲ့ ပတ်သက်လို့ အဲသလို လုပ်ကိုင်ဆောင်ရွက် ပေးခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော် အထူးအလေးအနက် ပြောပြ အစီရင်ခံချင်တဲ့အချက်၊ ရှင်းလင်းတင်ပြချင်တဲ့ အချက်ကတော့ 'ကွန်း စိတ္တ' (အလှအိမ်)ဆိုတဲ့ ဝေါဟာရ နာမည်နဲ့ ပတ်သက်လို့ပါပဲ။ ဖိတ်စာနဲ့ လိပ်စာကပ်ပြားပေါ်မှာ 'ကွန်းစိတ္တ'ဆိုတဲ့ နာမည် တွေ့လိုက်ရတဲ့သူတိုင်း ရုတ်တရက် ဒီဝေါဟာရကို နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရပါတယ်၊ မြန်မာလို နားမလည်နိုင်ရတဲ့အထဲမှာ အင်္ဂလိပ်စာနဲ့ 'TEMPLE de PSYCHE'လို့ တွေ့လိုက်ရပြန်တော့ ပိုပြီး မျက်စေ့ရောနားပါ လည်သွားကြ ပြန်ပါတယ်။

တကယ်တော့ TEMPLE de PSYCHE ဆိုတာ အင်္ဂလိပ်စကား၊ အင်္ဂလိပ်ဝေါဟာရ မဟုတ်ပါဘူး၊ ပြင်သစ်ဝေါဟာရ၊ ပြင်သစ်စကားလုံး ဖြစ်ပါတယ်။ နောက်ပြီးတော့ TEMPLE ဆိုတာကို ကျွန်တော်တို့အားလုံး က 'ဘုရားကျောင်း'လို့ပဲ သိနားလည်ထားကြပါတယ်။ ဒါပေမယ့် TEMPLEဆိုတဲ့ စကားလုံးဟာ သည့်ထက်ပိုပြီး အဓိပ္ပာယ် နက်ရှိုင်းပါ တယ်။ အတိုချုံးပြီးပြောရရင် TEMPLE ဆိုတာ 'ခိုလှုံရာ ခိုနားရာ (ဝါ) အပန်းဖြေရာ'လို့ အဓိပ္ပာယ်ရပါတယ်။ 'ကျွန်တော်တို့ မြန်မာလူမျိုးတွေ အမြဲသုံးစွဲနေကြတဲ့ 'နတ်ကွန်း' 'ကွန်းထောက်စခန်း'ဆိုတဲ့ စကားလုံးတွေ အရ နတ်တို့ ခိုလှုံနေထိုင်ရာ၊ ခေတ္တခဏနားနေ အပန်းဖြေရာဆိုတဲ့ အဓိပ္ပာယ်မျိုးပါပဲ။ ပြီးတော့ PSYCHE ဆိုတဲ့ စကားလုံးဟာ အင်္ဂလိပ်လို PSYCHOရဲ့ မူလအရင်းခံ ဝေါဟာရပါပဲ။ အဓိပ္ပာယ်ကတော့ 'စိတ်'လို့ ဆိုလိုတဲ့ သဘောပါ။ ဒါကြောင့် TEMPLE de PSYCHEရဲ့ အဓိပ္ပာယ်ဟာ စိတ်၏ ခိုလှုံရာ၊ စိတ်၏ အပန်းဖြေနားနေရာမို့ 'ကွန်းစိတ္တ'လို့ ကဗျာဆန် ဆန် သုံးလိုက်တာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ 'အလှအိမ်'ဆိုတဲ့ အသုံးအနှုန်းကတော့ GALLERY ဆိုတဲ့ ပန်းချီပြခန်းကို တစ်မျိုးတစ်ဖုံ တီထွင်သုံးစွဲ လိုက်တာပါပဲ။ ပန်းချီကားများ ပြသထားတဲ့ ပြခန်းဟာ အလှအပတွေ စုဝေးနေတဲ့ နေရာမို့ 'အလှအိမ်'လို့ တင်စားခေါ်ဝေါ်လိုက်တဲ့ သဘောပါပဲ။ ဒီလို အဆန်းတကျယ် ခေါ်ဝေါ် သုံးစွဲလိုက်တဲ့ 'ကွန်းစိတ္တ'ရဲ့ အနက်အဓိပ္ပာယ်ကို ကျွန်တော် ဖွင့်ဆိုပြတာ ကြားလိုက်ရတဲ့ ချစ်ဦးညိုက အရမ်းသဘောကျပြီး 'သိပ်လှတဲ့ နာမည်ပဲလို့' မှတ် ချက်ချခဲ့ပါတယ်။ ဒါပေမယ့် အမှန်အတိုင်း ဝန်ခံရရင် ဒီနာမည်ကို ပေးခဲ့တာ ကျွန်တော်မဟုတ်ပါဘူး။ မုံရွာက ကျွန်တော်တို့ရဲ့ ရေးဘော်ရဲဘော်ကြီး ဆရာအံ့မောင်ပေးခဲ့တဲ့ နာမည်ဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၁-ရက်နေ့က စတင်ဖွင့်လှစ်ခဲ့တဲ့ အဲဒီ 'ကွန်းစိတ္တ' (အလှအိမ်) ပန်းချီပြခန်းဟာ အခုဆိုရင် ရန်ကုန်ကျိုက္ကဆံရပ်ကွက်၊ ကျိုက္ကဆံကွင်းအနီးက 'မြလမ်း' အမှတ် ၄၀မှာ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသနေပြီမို့ ပန်းချီ အနုပညာ ဝါသနာရှင်များ သွားရောက်လေ့လာနိုင်ပါတယ်။



## အထက်အညာ တစ်ခွင် လေ့လာရေးခရီးစဉ်နှင့် တောင်လေးလုံး

ထုံစံအတိုင်း ပဏာမ အစီရင်ခံရမယ်ဆိုရင် မိုးဂျာနယ်မှာ ရွာရိုးကိုးပေါက် ခရီးစဉ်ကို လစဉ် တင်ဆက်လာခဲ့တာဟာ ဘာလိုလိုနဲ့ ၁၂လတိတိ၊ တစ်နှစ်ကြီးများတောင် ရှိလာခဲ့ပါပြီ။ အဲဒီ တစ်နှစ်အတွင်း ရေးခဲ့သမျှ ရွာရိုးကိုးပေါက် ဆောင်းပါးတွေကို အမှတ်တရ ပြန်ဖတ်ကြည့်လိုက်တော့မှ ကိုယ့်ကိုယ်ကို တော်တော်ခြေရှည်သလောက် တော်တော်ခြေများတဲ့ သူတစ်ယောက်ဆိုတာ သိရပြီး အံ့ဩမိပါတယ်။ အသက်အရွယ် ၂၀ လောက်၊ လူပျိုဘဝတုန်းကသာ ဒါလောက် ခြေများခဲ့ရင် ကိုယ့်ချစ်သူက 'ဘွယ်ရာမှာ ခြေမများနဲ့နော် ကိုကိုနော်'လို့တောင် အပြောအဆို အကြိမ်းအမောင်းခံရမှာ သေချာပါတယ်။

တကယ်ပါ။ မိုးဂျာနယ် မပေါ်ခင် အရင့်အရင်တုန်းက ကျွန်ုပ်ဆော်ဟာ ဒါလောက် ခြေမများခဲ့ပါဘူး။ ၂လတစ်ခါ၊ ၃လ တစ်ခါ ဆိုသလိုမြို့ သည်ရွာကို တစ်ခါတရံသာ သွားခဲ့လာခဲ့ ပါတယ်။ အခု မိုးဂျာနယ်ထွက်ပြီးမှ သည်တစ်နှစ် (၁၉၉၁ခု) အတွင်း လစဉ်တိုင်းလိုလို တစ်ခါလေ နေ့စဉ်ရက်ဆက် ထွက်လိုက်ရတဲ့ ခရီးတွေ၊ သွားလိုက် လာလိုက်ရတဲ့ ခရီးတွေဟာ များသလား မမေးနဲ့၊ အိမ်မှာ ငြိမ်ငြိမ်ကလေး အေးအေးဆေးသာနေရတယ်ကို မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## မုံရွာတစ်ခွင် ပြုပြစ်င်

အခု နောက်ဆုံး ၁၉၉၁ ခုနှစ်ကုန်ပြီး ၁၉၉၂ ခုနှစ် ဆန်းလာတဲ့ ဇန္နဝါရီလထဲမှာ သွားလိုက် လာလိုက်ရတဲ့ ခရီးစဉ်ဟာ အထက်အညာ မန္တလေးတစ်ခွင် ပြုပြစ်င်ခဲ့တာပါပဲ။ ရန်ကုန်က ဇန္နဝါရီလ ၇ရက်နေ့မှာ အညာဘက်ကို ခရီးထွက်သွားလိုက်တာ ဇန္နဝါရီ ၂၀ရက်နေ့မှာ ပြန်ရောက်ပါတယ်။ အသွားအပြန် စုစုပေါင်း ဆယ့်သုံးလေးရက် (တနင်္ဂနွေ နှစ်ပတ်)လောက် ကြာခဲ့ပါတယ်။

အထက်အညာကို ဒါလောက် ရက်ကြာကြာ သွားခဲ့တာဟာ အကြောင်းမဲ့သက်သက် အပျော်ခရီးထွက်ခဲ့တာတော့ မဟုတ်ပါဘူး။ အလုပ်ကိစ္စနဲ့မို့ မသွားမဖြစ်လို့ သွားခဲ့ရတာပါ။ အဲဒီ အလုပ်ကိစ္စဆိုတာကလည်း ကိုယ်ရေးကိုယ်တာ သာရေး နာရေး လူမှုရေးကိစ္စ မဟုတ်ပါဘူး။ စာအုပ် စာပေ ထုတ်ဝေရေးနဲ့ ပတ်သက်တဲ့ စာပေကိစ္စပါပဲ။

ကျွန်တော့် ဇာတိဖြစ်တဲ့ မုံရွာမှာ ရှိနေကြတဲ့ စာပေအပေါင်းအသင်း ရောင်းရင်းတွေထဲမှာ 'မုံရွာစန်းမောင်'ဆိုတဲ့ စာရေးဆရာတစ်ယောက်ရှိပါတယ်။ မုံရွာစန်းမောင်ဟာ လွန်ခဲ့တဲ့ လေးငါး ခြောက်နှစ်လောက်က စီးပွားရေးနယ်မှာ အခြေကျပြီး အောင်မြင်မှုရလာခဲ့ရာက အခုနောက်ဆုံးမှာတော့ သူ့ရဲ့ မူလဗီဇဖြစ်တဲ့ စာပေနယ်ဘက်ကို အသက် ၅၀ကျော်မှ တစ်ကျော့ပြန်ပြီး ဦးလှည့်လာခဲ့ပါတယ်။ ဒီလိုနဲ့ မုံရွာစန်းမောင်ဟာ သတင်းစာဆရာ သတင်းထောက်ဘဝက လာခဲ့တာမို့ သမိုင်းနောက်ခံဖြစ်ရပ်မှန် အချက်အလက် အကြောင်းအရာတွေကို ပိုပြီးစိတ်ဝင်စားခဲ့တယ်။ လွန်ခဲ့တဲ့ ၁၉၉၀ ပြည့်နှစ်က 'မောင်းထောင် တစ်ခွင်ကြေးမုံပြင်' ဆိုတဲ့ နာမည်နဲ့ စာအုပ်တစ်အုပ် ရေးသားပြုစုထုတ်ဝေခဲ့ပါတယ်။ မောင်းထောင်နယ်သား၊ မောင်းထောင်ဇာတိဖြစ်တဲ့ မုံရွာစန်းမောင်ဟာ အဲဒီ 'မောင်းထောင်တစ်ခွင် ကြေးမုံပြင်'စာအုပ်မှာ မောင်းထောင်နယ်က





ထင်ရှားတဲ့ တန်ခိုးကြီးဘုရား၊ ကျောင်းကန်၊ စေတီများနဲ့ ကျော်ကြားခဲ့တဲ့ ရဟန်းပညာရှိ လူပညာရှိ စာပေ အနုပညာရှင်များအကြောင်း သိထောင်းစရာများကို ပြည့်ပြည့်ဝဝ စုံစုံလင်လင် ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

### ထူးခြားဆန်းကျယ် ဗဒ္ဒိနယ်

ဒီလိုနဲ့ လွန်ခဲ့တဲ့ ဩဂုတ်လ (၁၉၉၁ခု)အတွင်းက ကျွန်တော် မုံရွာရောက်သွားတဲ့အခါ မုံရွာစန်းမောင်က သူ့ရဲ့ ဒုတိယ လက်ရာဖြစ်တဲ့ 'ထူးခြားဆန်းကျယ်၊ ဗဒ္ဒိနယ်'ဆိုတဲ့ စာအုပ်ကြီးကို စာအုပ်အဖြစ်နဲ့ ရန်ကုန်မှာ ပုံနှိပ်ထုတ်ဝေပေးဖို့ ကျွန်တော့်လက်ကို အပ်ခဲ့ပါတယ်။ အဲဒီ စာအုပ်ကြီးကို ပထမစာအုပ်ဖြစ်တဲ့ 'မောင်းထောင်တစ်ခွင် ကြေးမုံပြင်'ထက် ပိုမိုစုံလင်ပြီး မုံရွာမြို့ရဲ့ မြောက်ဘက်၊ ယခင် မြန်မာဘုရင်များလက်ထက်တ ဗဒ္ဒိလို့ ခေါ်တွင်ခဲ့တဲ့ အလုံမြို့နယ် အပါအဝင် ဘုတလင်၊ မောင်းထောင်၊ ညောင်ကန်စတဲ့ မြို့နယ်ကျေးရွာတွေက ထင်ရှားကျော်ကြားခဲ့တဲ့ မောင်းထောင်သာသနာပိုင် ဆရာတော်၊ ညောင်ကန်ဆရာတော် ဦးဗုဒ်၊ ကြောင်ပန်းတောရ ဆရာတော် စတဲ့ ရဟန်းပညာရှိ ဆရာတော်ကြီးများနဲ့တကွ၊ မောင်းထောင်ဦးကျော်လှ၊ ဓာတ်ဆရာကြီးဦးပို၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ စိန္တကျော်သူ ဦးဩ အစရှိတဲ့ လူပညာရှိ စာဆို ကဝိကြီးများ အကြောင်းတို ပြည့်ပြည့်ဝဝ မှတ်တမ်းတင် ဖော်ပြထားတာ တွေ့ရပါတယ်။ အထူးသဖြင့် နိုင်ငံကျော် သံချိုဆရာကြီး မောင်းထောင်ဦးကျော်လှရဲ့ သံချိုပုဒ်ရေပေါင်း ၁၀၀ကျော်ကို မူရင်းအတိုင်း ဖော်ပြထားတာမို့ 'ထူးခြားအံ့ဖွယ် ဗဒ္ဒိနယ်' စာအုပ်ကြီးဟာ တန်ဖိုးအနဂ္ဃ ထိုက်တန်လှတဲ့ ကျမ်းကြီး တစ်စောင် ဖြစ်နေတာ တွေ့ရပါတယ်။

သည်တစ်ခေါက် ကျွန်တော် မုံရွာကို အရောက်သွားခဲ့ရတာဟာ မုံရွာစန်းမောင်ရဲ့ အဲဒီ စာအုပ်ကြီး ပုံနှိပ်ထုတ်ဝေရေးအတွက် လိုအပ်သည့် ကိစ္စအဝဝကို ဆွေးနွေးတိုင်ပင် ညှိနှိုင်းဖို့ပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## မိုင်နှစ်ဆယ်ခရီး ဘိုင်စကယ် စီးခဲ့စဉ်က

ရောက်တုန်း ရောက်ခိုက် ကြုံကြိုက်တဲ့ အခါမို့ မုံရွာတစ်ဖက်ကမ်းက ဆားလင်းကြီး တောင်ပေါ်ကျောင်း ဆရာတော်ကိုလည်း တကူးတကန့် သွားရောက် ဖူးမျှော်ခဲ့ပါတယ်။ မနှစ်က အခုလို ဖေဖော်ဝါရီလမှာ ကျွန်တော်ဟာ ဆားလင်းကြီး တောင်ပေါ် ကျောင်းမှာ တစ်လကျော်ကျော် သွားရောက်နေထိုင်ပြီး အေးအေးဆေးဆေး စာတစ်အုပ်ရေးခဲ့တာမို့ ဆားလင်းကြီး တောင်ပေါ်ကျောင်း ဆရာတော်နဲ့ ကျွန်တော်ဟာ ဒကာရင်း ဆရာရင်းတွေ ဖြစ်နေကြပါတယ်။ ဒါကြောင့် ဆရာတော်ကိုလည်း ကြုံကြိုက်တုန်း တွေ့ရဖူးရအောင်၊ ပြီးတော့ ကျွန်တော်တို့ရဲ့ 'မိုး' ဂျာနယ်မှာ 'ဆားလင်းကြီးဌေးလွင်' ကလောင်အမည်နဲ့ ဆရာတော်က လစဉ်လိုလို ဆောင်းပါးတွေ ရေးနေတာမို့ ဆားလင်းကြီး တောင်ပေါ်ကျောင်းကို မရောက်ရောက်အောင် ကြိုးစားပြီး သွားခဲ့တာပါပဲ။

ဆားလင်းကြီးကို 'ကြိုးစားပြီး' သွားခဲ့တယ်ဆိုတာ စကား အဖြစ်နဲ့ အပိုသက်သက်ချဲ့ထွင်ပြီး ပြောတာ မဟုတ်ပါဘူး။ တကယ့်ကို ကြိုးကြိုးစားစား အားထုတ်ပြီး သွားခဲ့ရတာပါ။ ဘာကြောင့်လဲဆိုတော့ အရင့်အရင် အခေါက်တွေတုန်းက မုံရွာက ဆားလင်းကြီးကို အကြိမ်ကြိမ်အခါခါ သွားခဲ့ရာမှာ လိုင်းကားနဲ့ဖြစ်စေ၊ ဒါမှမဟုတ် ဖယ်ရီကားနဲ့ဖြစ်စေ၊ ကားစီးပြီး သွားခဲ့ပေမယ့် ဒီတစ်ခေါက်တော့ ကိုယ့်ခြေထောက် ကိုယ်အားကိုးပြီး မုံရွာသားပီပီ စက်ဘီးနဲ့ သွားခဲ့လို့ပါပဲ။ မုံရွာနဲ့ ဆားလင်းကြီးဟာ ၁၀မိုင်တိတိ ဝေးပါတယ်။ ကျွန်တော့်အသက်ကလည်း အခုဆိုရင် ၆၀ ကျော်ပါပြီ။ ဒါကြောင့် ဆားလင်းကြီးနဲ့ မုံရွာ အသွားအပြန်ကို ဒီအရွယ်ကြီးမှာ မိုင်နှစ်ဆယ်ခရီးကို ဘိုင်စကယ်စီးပြီး သွားနိုင်ခဲ့တဲ့အတွက် ဆားလင်းကြီးဆရာတော်နဲ့တကွ စာပေအပေါင်းအသင်း ရောင်းရင်းမိတ်ဆွေတွေက ချီးကျူးအံ့သြပြီး "ပြောမဆုံးပေါင်၊ တောသုံးထောင်"ဖြစ်နေကြပါတယ်။





## ဗိုလ်ချုပ်အောင်ဆန်းနှင့် မောင်းထောင်ရွာ

ဒီတစ်ခေါက် မုံရွာခရီးစဉ်မှာ အမှတ်ထင်ထင် ရောက်ခဲ့ရတဲ့ နေရာ ဒေသကတော့ မောင်းထောင်ရွာကြီးပါပဲ။ ကျွန်တော် မုံရွာ ရောက်တုန်းရောက်ခိုက်၊ မောင်းထောင်ရွာက မြကွမ်းတောင် ဘုရားပွဲနဲ့ ကြုံကြိုက်နေပါတယ်။ အဲဒီ မြကွမ်းတောင်စေတီ လေးငါး ဆယ်သိန်း အကုန်အကျခံပြီး ဘက်စုံပြန်လည် မွမ်းမံပြုပြင်တည်ထားခဲ့တဲ့ ဘုရား ဒါယကာကလည်း ကျွန်တော်တို့ မိတ်ဆွေကြီး မုံရွာစန်းမောင်ဖြစ်နေလေတော့ သူ့အစီအစဉ်နဲ့ သူ့ဖိတ်ကြားချက်အရ၊ မုံရွာမြို့က စာပေသမား အနုပညာရှင်များဖြစ်ကြတဲ့ ဆရာအံ့မောင်၊ ပန်းချီ ဦးလူတင်၊ လယ်ဇင်း ဦးသိန်းဖေ၊ မောင်ရည်မြင့်၊ အောင်သာစံတို့နဲ့အတူ ဆားလင်းကြီး တောင်ပေါ်ကျောင်း ဆရာတော်ပါ အဲဒီနေ့က မောင်းထောင်ရွာကို စုံစုံညီညီ လိုက်ပါလာခဲ့ကြပါတယ်။

ကျွန်တော်ဟာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက မုံရွာမှာ ကျွန်တော်နဲ့ ညီအစ်ကိုအရင်းလို ခင်မင်ရင်းနှီးခဲ့တဲ့ မောင်းထောင်သား သခင်တျော်ဇေယျ(ကွယ်လွန်သူ)ကို အကြောင်းပြုပြီး မောင်းထောင်ရွာကို နှစ်ခေါက်လောက် ရောက်ခဲ့ဖူးပါတယ်။ အဲဒီရွာမှာ သေသေချာချာ ပြန်စဉ်းစားပြီး ခုနှစ်ကို တွက်စစ်ကြည့်လိုက်တော့ မောင်းထောင်ရွာကို ကျွန်တော်နောက်ဆုံး ရောက်ခဲ့တာဟာ ၁၉၄၂ ခုနှစ်၊ ဘီအိုင်အေခေတ်ကမို့ အခု ၁၉၉၂ ခုနှစ်မှာ နှစ်ပေါင်း ငါးဆယ် တိတိကြီးများတောင် ကြာခဲ့ပြီဆိုတာ သိလိုက်ရပါတယ်။ ကျွန်တော် မှတ်မိသလောက် တိတိကျကျ ပြောရရင်၊ အဲဒီ ၁၉၄၂ ခုနှစ်၊ ဧပြီလထဲမှာ၊ မုံရွာက အင်္ဂလိပ်တပ်တွေ ဆုတ်ပြေးကြပြီ ဂျပန်တပ်တွေနဲ့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇလရဲ့ ဘီအိုင်အေတပ်တွေ မုံရွာကို သိမ်းပိုက်ခဲ့ကြပါတယ်။ အဲဒီအချိန်မှာ ဗိုလ်တေဇလို့ အမည်ရခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ မုံရွာကို မဝင်ဘဲ မုံရွာမြို့မြောက်၊ မိုင် ၃၀



www.burmeseclassic.com

www.burmeseclassic.com



လောက်ကွာဝေးတဲ့ မောင်းထောင်ရွာကိုအရောက် ချီတက်သွားတာမို့ မုံရွာက ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့၊ ပြန်ကြား ရေးဌာနမှာ တာဝန်ယူနေရတဲ့ ကျွန်တော်ဟာ သခင်ကျော်သိန်း၊ သခင်ကျော်ဇေယျတို့နဲ့အတူ ဗိုလ်ချုပ်အောင်ဆန်း ခေတ္တစခန်းချရာ မောင်းထောင်ရွာကြီးကို လိုက်ပါသွားခဲ့ရပါတယ်။ အဲဒီ အချိန်က ကျွန်တော့်အသက်ဟာ ၁၅နှစ်၊ ၁၆နှစ်အရွယ်၊ ၁၉၄၂ ခုနှစ်ကဆိုတော့ မောင်းထောင်ကို နောက်ဆုံး ရောက်ခဲ့တာ နှစ်ပေါင်း ငါးဆယ်တိတိရှိခဲ့ပါပြီ။

ဒါကြောင့်မို့ ခုတစ်ခေါက် မောင်းထောင်ကို ရောက်ခဲ့ရာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်က ဗိုလ်ချုပ်အောင်ဆန်း ခေတ္တတည်းခို သွားတဲ့ အိမ်နေရာ၊ ကျွန်တော့်ရဲဘော်ကြီး သခင်ကျော်ဇေယျနေသွားခဲ့တဲ့ အိမ်နေရာနဲ့ သံချိုဆရာကြီး မောင်းထောင်ဦးကျော်လှရဲ့ အိမ်နေရာများကို စုံစမ်းမေးမြန်းပြီး အမှတ်တရ ကြည့်ရှုခဲ့ပါသေးတယ်။

**မောင်းထောင်တစ်ခွင်မှ စာပေ ပညာရှင်များ**

အဲဒါအပြင် အိမ်ရှင်ဖြစ်တဲ့ မောင်းထောင်နယ်သား စာရေးဆရာ မုံရွာစန်းမေင်က အပင်ပန်းခံပြီး လိုက်လံပြသလို့ မောင်းထောင်ဝန်းကျင်က ရှေးဟောင်း ကျောင်းကန်ဘုရားစေတီများနဲ့ ဘုန်းတော်ကြီးကျောင်းတိုက်များကို အနှံ့အပြား လေ့လာကြည့်ရှုကြရင်း စေတီလှတိုက်သစ်ကျောင်းကြီးမှာ ပထမ မောင်းထောင် သာသနာပိုင် ဆရာတော်ကြီးရဲ့ ပုံတော် ရောမဓာတ်ပုံကြီးကိုလည်း ရှားရှားပါးပါး ဖူးတွေ့ခဲ့ကြရပါတယ်။ အလျား ၃၆ လက်မ၊ အနံ လက်မ ၃၀ လောက်ရှိတဲ့ အဲဒီဓာတ်ပုံကြီးဟာ ပြင်သစ်နိုင်ငံ ပြတိုက် တစ်ခုက ကူးယူရရှိခဲ့ပြီး၊ မုံရွာစန်းမောင်က အဲဒီဓာတ်ပုံကြီးကို အမှတ်တရ ရှာဖွေသိမ်းဆည်းထားခဲ့တယ်လို့ သိရပါတယ်။

အဲဒီ စေတီလှ ကျောင်းတိုက်နဲ့ မလှမ်းမကမ်းမှာ ရွှေဓားကဲလို့





ခေါ်တွင်တဲ့ မဟာရမ် ကျောင်းတိုက်ကြီးကိုလည်း ရောက်ခဲ့ကြပါတယ်။ အဲဒီ ကျောင်းတိုက်ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀ကျော်က ပထမ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီးနဲ့ ဒုတိယ မောင်းထောင် သာသာသနာပိုင် ဆရာတော်ဘုရားကြီးတို့ သီတင်းသုံးတော်မူခဲ့ကြပြီး လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၅၀လောက်က သံချိုဆရာကြီး ဦးကျော်လှ ပညာသင်ကြားခဲ့တဲ့ ကျောင်းကြီးဖြစ်တယ်လို့ သိခဲ့ရပါတယ်။

**စာပေသိုက်ကြီးနှင့် ဘလ္လာတိယ ဟန်မတော်ကြီး**

မုံရွာစန်းမောင်ရဲ့ ကောင်းမှုကြောင့် မောင်းထောင် တစ်ခွင် လေ့လာရေးခရီးစဉ်မှာ ကျွန်တော် စိတ်အဝင်စားဆုံးကတော့ မောင်းထောင် ပိဋကတ်တိုက်မှာ တွေ့ခဲ့မြင်ခဲ့ရတဲ့ ပေပရပိုဒ်တွေပါပဲ။ အဲဒီမှာ ရွှေပိန်းချထားတဲ့ ပေထုပ်ပေါင်း ၃၀၀ နီးပါးလောက်နဲ့ ပရပိုဒ် ၂၀၀ နီးပါးလောက်ကို ရှားရှားပါးပါး စိတ်ဝင်စားစရာ တွေ့ခဲ့ရပါတယ်။ ဒီပေပရပိုဒ်တွေကို ရှေးဟောင်း စာပေလိုက်စား လေ့လာဝါသနာပါကြတဲ့ သုတေသီများ ရက်ရှည်လများသွားရောက်ပြီး စနစ်တကျ အသေးစိတ် လေ့လာဖတ်ရှုကြည့်ကြရင် အင်မတန် ထူးခြားပြီး ရှားပါးတိမ်မြုပ်နေတဲ့ ရှေးဟောင်းစာပေသာရပ်တွေ ပေါ်ထွက်လာမှာ မြေကြီး လက်ခတ်မလွဲပါဘူး။ ပေစာ၊ ပရပိုဒ်စာတွေကို နကန်းတစ်လုံးမှ နားမလည်တဲ့ ကျွန်တော်တောင် ရွှေရောင်တဝင်းဝင်းနဲ့ လင်းလက်နေတဲ့ အဲဒီ ပေထုပ်တွေကို ကြည့်ပြီး အဖိုးအနဂ္ဃထိုက်တန်တဲ့ အဲဒီ စာပေသိုက်ကြီးကို ထူးဖော်ကြည့်ချင်တဲ့ စိတ်တွေ တဖွားဖွား ပေါ်လာမိပါတယ်။

မောင်းထောင် တစ်ခွင် လေ့လာရေး ခရီးစဉ်မှာ ကျွန် တော်တို့ ရောက်ခဲ့ရတဲ့ နောက်တစ်နေရာကတော့ နာမည်ကျော် ဘလ္လာတိယ ဟန်ကြီးပါပဲ။ မြန်မာစာပေသမိုင်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ မုဒုလက္ခဏာပျို့၊ ငရဲ့မင်းပျို့၊ ဘလ္လာတိယပျို့စတဲ့ ပျို့လင်္ကာကြီးများကို ရေးစပ်



www.burmeseclassic.com

www.burmeseclassic.com



သီတုံးခဲ့တဲ့ စာဆိုတော် တွင်းသင်းမင်းကြီး ဦးထွန်းညိုဟာ နာမည်ကျော် ဘလ္လာတီယပျို့ကို ရေးစပ်ခဲ့လို့ ဘုရင်မင်းမြတ် ပေးအပ်ခဲ့တဲ့ ဆုတော် လာဘ်တော်၊ ငွေတော်များနဲ့ ဒီကန်ကြီးကို တူးဖော်ခဲ့တာမို့ ဘလ္လာတီယ ကန်တော်ကြီးရယ်လို့ ဒီနေ့ အထိ အထင်အရှား ကျော်ကြားနေခဲ့တာပါပဲ။ ကျွန်တော်တို့ လေ့လာရေး အဖွဲ့ဝင်တွေဟာ အဲဒီ ဘလ္လာတီယ ကန်တော်ကြီးကို နောက်ခံထားပြီး မှတ်တမ်းတင် ဓာတ်ပုံတွေ ရိုက်ခဲ့ကြပါသေးတယ်။

အဲဒီနေ့က ကျွန်တော်တို့ရဲ့ လေ့လာရေးခရီးစဉ်ဟာ နေဝင်တော့မှ နိဂုံးချုပ်ပြီး မောင်းထောင်က ပြန်လာခဲ့ကြတာမို့ မုံရွာကို အဲဒီနေ့က ည ၇နာရီမှပဲ ပြန်ရောက်ကြပါတယ်။

**ဓမ္မကထိက ဦးလှသိန်းနှင့် မုံရွာ ဦးလေးခန့်**

ဒီတစ်ခေါက် မုံရွာခရီးစဉ်မှာ အမှတ်တရ ရောက်ခဲ့ရတဲ့ နောက်ထပ် တစ်နေရာကတော့ လယ်ဇင်းရွာပါပဲ။ မောင်းထောင် ရွာဟာ မုံရွာရဲ့ မြောက်ဘက် မိုင် ၃၀လောက်ဝေးပေမယ့် လယ်ဇင်းရွာကတော့ မုံရွာမြို့ရဲ့ တောင်ဘက် သုံးမိုင်ခရီးလောက်ပဲ ဝေးပါတယ်။ အမြင်အားဖြင့်တော့ လယ်ဇင်းဟာ အညာကျေးလက်က သာမန်ရွာကလေးပါပဲ။ မျက်မှောက်ခေတ်မှာ လယ်ဇင်းရွာရဲ့ ဂုဏ်အင်္ဂါကို သမိုင်းအစဉ်နဲ့ နှိုင်းယှဉ်ပြောရရင် မြန်မာနိုင်ငံမှာ ယနေ့အထိ တစ်ယောက်အပြင် နှစ်ယောက်မရှိဘူးလို့ ဆိုရလောက်တဲ့ နိုင်ငံကျော် ဓမ္မကထိက ဆရာကြီးဦးလှသိန်းနဲ့ မြန်မာ့ဂီတ ဇာတ်သဘင်လောကမှာ ထင်ပေါ်ကျော်ကြားခဲ့တဲ့ ဂီတစာဆို မုံရွာဦးလေးခန့်အပြင်၊ ယနေ့ထက်တိုင် အသက်ထင်ရှားရှိနေပြီး မုံရွာ တစ်ခွင်က စာပေ၊ ကဗျာ၊ ဂီတစတဲ့ အနုပညာရှင်များရဲ့ ကြည်ညိုလေးစားခြင်းခံနေရတဲ့ စန်းမြဝတီ ဦးဘသက်စတဲ့ ညီအစ်ကို သုံးယောက်စလုံးဟာ လယ်ဇင်းရွာမှာ မွေးဖွားခဲ့ကြတဲ့ လယ်ဇင်းသား စစ်စစ်တွေပါပဲ။

ကျွန်တော်ဟာ ဂျပန်ခေတ်စစ်ပြေးတုန်းက လယ်ဇင်းရွာကို





အခေါက်ခေါက်အခါခါ ဝင်ထွက်သွားလာရင်း လယ်ဇင်းရွာသူ ရွာသားတွေရဲ့ ကျွေးမွေးပြုစုစောင့်ရှောက်မှုကို ခံခဲ့ရတဲ့အတွက် ကျွန်တော့်ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ လယ်ဇင်းရွာကလေးကို မုံရွာရောက်တိုင်း အမှတ်တရ ကြိုးစားပြီး ရောက်အောင်သွားခဲ့ပါတယ်။

**တျားကြီးနှင့် လင်းယုန်ကြီး**

ရန်ကုန်က မုံရွာအသွား မန္တလေးမှာ ဘယ်ကိုမှမဝင်ခဲ့ရပဲ ရထားပေါ်က ကားပေါ်ပြောင်းစီးပြီး ကသုတ်ကယက်နဲ့ ခရီးဆက်ခဲ့ရတာမို့ မုံရွာက ရန်ကုန်အပြန်ကျတော့မှ မန္တလေးမှာ သုံးလေးရက်လောက် ခရီးတစ်ထောက် နားခဲ့ရပါတယ်။ အဲဒီမှာ ထုံးစံအတိုင်း လူထုဒေါ်အမာတို့ ဝင်တွေ့ပြီး နှုတ်ဆက်ခဲ့ပါတယ်။ ဒေါ်အမာဟာ လွန်ခဲ့တဲ့ ၁၉၉၁ခု၊ နိုဝင်ဘာ ၂၉ ရက်နေ့က အသက်၇၅နှစ်ပြည့်လို့ အခုဆိုရင် ၇၆နှစ်ထဲ ရောက်လာခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း လူထု ဒေါ်အမာရဲ့ မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ကိုပညာ (အမရပူရ)ရဲ့ တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပခဲ့ကြပေမယ့် ဒီနှစ် ဒေါ်အမာရဲ့ ၇၆နှစ် မွေးနေ့ပွဲကိုတော့ တောင်လေးလုံးမှာ မကျင်းပတော့ပဲ၊ ၈၉လမ်းက လူထုတိုက်မှာပဲ ဆရာတော်၊ သံဃာတော်များကို ဆွမ်းကပ်ပြီး မွေးနေ့အထိမ်းအမှတ်ကို အကျဉ်းချုံးပြီး ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ မနှစ်က လူထုဒေါ်အမာရဲ့ ၇၅နှစ် မြောက် မွေးနေ့ပွဲကို ကျွန်တော်တက်ရောက်ခဲ့ရလို့ လူထုဦးလှနဲ့ လူထုဒေါ်အမာတို့ အိမ်ထောင်နှံ့ နှစ်ယောက်ပေါင်းပြီး ရေးသားပြုစုခဲ့ကြတဲ့ 'ဆေးလိပ်နဲ့လူသား' ဆိုတဲ့ စာအုပ်တစ်အုပ်ကို မွေးနေ့လက်ဆောင်အဖြစ် ကျွန်တော်ရခဲ့ပါတယ်။ ဒီနှစ် ၇၆နှစ်ပြည့် မွေးနေ့အခမ်းအနားကို နှစ်တိုင်းလို စည်စည်ကားကား မကျင်းပခဲ့ပေမယ့် မွေးနေ့အထိမ်းအမှတ်အဖြစ် ရေးသားပြုစုထုတ်ဝေလိုက်တဲ့ 'မန္တလေးသူ မန္တလေးသား'ဆိုတဲ့ စာအုပ်ကို ဒေါ်အမာထံက မေတ္တာ လက်ဆောင်ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မန္တလေးသူ မန္တလေးသားများဆိုတဲ့ စာအုပ်ထဲမှာ ကျွန်တော် အကြိုက်ဆုံးကတော့ 'ကျားဘညိမ်း စာကြွေး'ဆိုပြီး ဒေါ်အမာ ရေးလိုက်တဲ့ ကွယ်လွန်သူ ကျားဘညိမ်းအကြောင်းပါပဲ။ စာရေးရာမှာ ညက်ညောပြေပြစ်သလောက် ထိရောက်ပေါ်လွင်လှတဲ့ ဒေါ်အမာရဲ့ ကလောင်စုတ်ချက်ကြောင့် 'ကျားဘညိမ်း စာကြွေး' ကို ဖတ်ရင်းဖတ်ရင်းနဲ့ ကျားဘညိမ်းတစ်ယောက် သေရာကပြန်ရှင်လာသလို ကျွန်တော့် မျက်စေ့ ထဲမှာ မြင်ယောင်လာမိပါတယ်။ အထူးသဖြင့် ကျားဘညိမ်းဟာ ကျွန် တော်နဲ့ အင်မတန် ခင်မင်ရင်းနှီးခဲ့ပြီး တစ်ယောက်နဲ့ တစ်ယောက် 'ကျားကြီး' 'လင်းယုန်ကြီး'လို့ အပြန်အလှန်ခေါ်ခဲ့၊ ပြောခဲ့၊ ရယ်ခဲ့ မောခဲ့ကြတာမို့ ဒေါ်အမာ့စာကို ဖတ်ရင်း ကျားကြီးရဲ့ အသံကိုတောင် ကျွန်တော့်နားထဲမှာ ကြားယောင်လာမိပါတယ်။



## ပန်းချီကျော်သောင်းမှ ပန်းချီသောင်းကျော်သို့

သည်တစ်လမှာ ရှာရိုးကိုးပေါက် ရောက်ခဲ့ရတဲ့ နေရာကတော့ (Moon Art Exibition)ဆိုတဲ့ ပန်းချီပြခန်းဖွင့်တဲ့ အခမ်းအနားပါပဲ။ သည် ဘက်နှစ်ပိုင်းလပိုင်းမှာ ပန်းချီပြခန်းတွေ အလျှိုအလျှိုနဲ့ မှိုလိုပေါက်လာ ခဲ့ကြရာက လွန်ခဲ့တဲ့ ၁၉၉၁ခု ဒီဇင်ဘာလက ကျိုက္ကစံ၊ မြလမ်းမှာ "ကွန်း စိတ္တ"ပန်းချီပြခန်း ဖွင့်ခဲ့ပြီးတဲ့နောက် အခု သည်နှစ် ဖေဖော်ဝါရီလ အတွင်းမှာ (Moon Art Exibition)ဆိုတဲ့ ပန်းချီပြခန်းတစ်ခု နောက်ထပ် ဖွင့်လိုက်ပြန်ပါပြီ။

သည်ပန်းချီပြခန်းဟာ တစ်ခြား ပန်းချီပြခန်းတွေထက် ထူးခြားတဲ့ အချက်ကတော့ ငွေရှင်ကြေးရှင် ပန်းချီဝါသနာရှင်တစ်ဦး တစ်ယောက်က ငွေကြေးစိုက်ထုတ်ပြီး တည်ထောင်ဖွင့်လှစ်လိုက်တဲ့ ပြခန်းမဟုတ်ဘဲ ပန်းချီ ဆရာများ ကိုယ်တိုင် ရှိစုမဲ့စု ထည့်ဝင်စုပေါင်းပြီး အနုပညာ လက်ရာ အပြည့်အဝနဲ့ လက်ရာသန့်၊ လက်ရာမွန် လက်ရာကောင်း၊ လက်ရာ ဟောင်းတွေကို စုပေါင်းပြသ ဖွင့်လှစ်လိုက်ကြတဲ့ ပန်းချီပြခန်း တစ်ခု ဖြစ်နေလို့ပါပဲ။ သည်ပြခန်း ဖြစ်မြောက်ရေးအတွက် ရင်းနှီးမတည်ငွေများ စုပေါင်းပါဝင်ကြတဲ့ ပန်းချီဆရာတွေကတော့ ပန်းချီကျော်သောင်း၊ မောင်မောင်သိုက်၊ မမွေးနဲ့ ပန်းချီ ဝါသနာရှင် ကိုခဲနဲ့ ဘီးတို ဆိုသူတို့ပါ၊

သည်ပန်းချီပြခန်း ဖွင့်ဖို့အတွက် အဓိက ဦးစီးဦးဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူကတော့ ပန်းချီကျော်သောင်းပါပဲ၊ ပန်းချီကျော်သောင်းဟာ ဒီနေ့မဂ္ဂဇင်းသရုပ်ဖော် ပန်းချီလောကမှာ ကျော်ကြားထင်ရှားတဲ့ ပန်းချီဆရာတစ်ယောက်ပါပဲ။ စိတ်ကူး စိတ်သန်း ကောင်းသလောက် စိတ်ပါလက်ပါ ရေးဆွဲလိုက်ပြီဆိုရင် ကျော်သောင်းရဲ့ ပန်းချီလက်ရာဟာ သာမန်ရိုးရိုးလူတွေနဲ့ ပန်းချီလေ့လာ လိုက်စားတဲ့ ဝါသနာရှင်တွေသာမက ပန်းချီဆရာ အချင်းချင်းတောင် လက်ဖျားခါပြီး မျက်ခုံးတွန့်ရလောက်အောင် လက်ရာမြောက်လှပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မှာရှိနေကြတဲ့ ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်စတဲ့ သံရုံးတွေက သံတမန်အရာရှိတွေဟာ ကျော်သောင်းရဲ့ ပန်းချီကားတွေကို အတော်များများ ဝယ်ခဲ့ဖူးပါတယ်။ အဲဒါအပြင် ရွှေတောင်ကြားထဲက (Treasure)နဲ့ ဗိုလ်ချုပ်ဈေးက ဗိဿနိုးစတဲ့ ပန်းချီပြခန်းတွေမှာ ပြသထားတဲ့ ကျော်သောင်းရဲ့ ပန်းချီကားတွေလည်း မကြာခဏ ရောင်းနေရပါတယ်။ ကျော်သောင်းရဲ့ လက်ရာတွေဟာ ဘယ်လောက် အနုပညာမြောက်သလဲဆိုရင် ကျပ်ငွေ ထောင်ဂဏန်းလောက်ပဲ ဈေးနှုန်းတပ်ထားတဲ့ တခြားပန်းချီဆရာတွေရဲ့ ကားတွေထက် ကျပ်ငွေ သုံးသောင်း၊ လေးသောင်းအထိ တန်ဖိုးရှိတဲ့ ကျော်သောင်းရဲ့ ပန်းချီကားတွေက အုံ့ဩရလောက်အောင် ရောင်းနေရပါတယ်။ အဲဒီလို သောင်းဂဏန်းကျော်တန်တဲ့ ပန်းချီကားတွေ မကြာခဏ ရောင်းနေရတဲ့အတွက် ကျွန်တော်တို့လို ရင်းနှီးတဲ့ အပေါင်းအသင်းတွေက သူ့နာမည်ကို 'ကျော်သောင်း'လို့ မခေါ်ကြတော့ဘဲ 'သောင်းကျော်'လို့တောင် နောက်ပြောင်ပြီး ခေါ်ခဲ့ကြပါတယ်။

ရန်ကုန်မြို့ ပြည်လမ်း စီးပွားရေးတက္ကသိုလ်နဲ့ မျက်နှာချင်းဆိုင် ရိုးမရိပ်သာ အမှတ် ၆၃၅မှာ ဖွင့်လှစ်လိုက်တဲ့ Moon Art Gallery ပန်းချီပြခန်းဖွင့်ပွဲကို ပန်းချီဆရာ၊ စာရေးဆရာ၊ ကာတွန်း ဆရာတွေနဲ့ မပေါ်သီး ရင်ခုန်ပွင့်စတဲ့ မဂ္ဂဇင်းတိုက်တွေက အယ်ဒီတာတွေအပြင် သံရုံးအချို့က





သံတမန်တွေပါ စည်စည်ကားကား လာရောက်အားပေးကြတာ တွေ့ခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ပန်းချီဆရာတွေကိုယ်တိုင် ဦးစီးဖွင့်လှစ် လိုက်တဲ့ ပန်းချီပြခန်းမို့ အနုပညာ ပြတိုက်ကြီးတစ်ခု ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

**မိတ္ထီလာ ပင်းတလဲတစ်ခွင် ခရီးစဉ်**

ပည်တ်သွားရာ မာတ်သက်ပါပြီး ရှာရိုးကိုးပေါက် လျှောက်သွားနေရတဲ့ ကျွန်တော်ဟာ အခုဒီဆောင်းပါးကို ရန်ကုန်မှာ ရေးနေတာ မဟုတ်ပါဘူး။ မိတ္ထီလာ ဘိုးဘွားရိပ်သာကနေ ရေးပို့လိုက်ရတာပါ။ အခု ကျွန်တော် ဒီစာရေးနေတဲ့အချိန်မှာ ကျွန်တော်နဲ့အတူ ရေးဖော်ရေးဖက်များ ဖြစ်ကြတဲ့ မပေါ်သီ အယ်ဒီတာ စာရေးဆရာ ဆောင်းဝင်းလတ်နဲ့ ရန်ကုန်စာပေလောက စာပေနယ်မှာ ၁၀နှစ် နီးပါး ကျင်လည်ကျက်စားခဲ့ပြီး တဗျာတို၊ ကဗျာစကလေးများ ရေးသားခဲ့ဖူးတဲ့၊ လေထန်ကုန်းမှာ နေ့စဉ် မြင်နေကျ 'စစ်တင်'ဆိုသူ လူငယ် ကဗျာသမား စာသမား(ချိုသာ)လည်း ရှိနေကြပါတယ်။

အသက် ၄၀ကျော်နဲ့ ၆၀တော်အရွယ်ကလေးတွေ ငယ်သေးတဲ့ ကျွန်တော်တို့ သုံးယောက် အခုလို မိတ္ထီလာ ဘိုးဘွားရိပ်သာမှာ ရောက်နေကြတာဟာ "သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့"ဆိုတဲ့ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ဆောင်ပုဒ်နဲ့အညီ လာရောက် မှီခိုနေကြတာ မဟုတ်ပါဘူး၊ ကျွန်တော်က မိတ္ထီလာတစ်ဝိုက်ကို အခြေစိုက်ပြီး စာအုပ်လေးတစ်အုပ် ရေးသားပြုစုဖို့ ရှိနေလို့မိတ္ထီလာဘက်ကို ကွင်းဆင်းပြီး လေ့လာရေးခရီး ထွက်လာရာမှာ ရန်ကုန်မြို့ကြီးက အချိန်ရရင်ရသလို ခရီးထွက်ဖို့ ကြံစည် ကြိုးစားနေကြတဲ့ ရေးဖော်ရေးဖက် ဆောင်းဝင်းလတ်နဲ့ စစ်တင်တို့နှစ် ယောက်ဟာ သွားဖော်လာဖက်အဖြစ်နဲ့ ကျွန်တော် ခရီးထွက်ရာ လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာကြတာပါပဲ။ ကဲဒီမှာ မိတ္ထီလာမြို့ရဲ့ ကျက်သရေဆောင် ဂုဏ်ယူစရာ နေရာတစ်ခုဖြစ်ပြီး မိတ္ထီလာဆည်တော်ကြီးဘေးက အေးချမ်းသာယာ ချမ်းမြေ့ကြည်နူးစရာကောင်းတဲ့ ဘိုးဘွားရိပ်သာမှာ ခေတ္တခဏ လာရောက် တည်းခိုနေကြတာ ဖြစ်ပါတယ်။

ဇန်နဝါရီလ ၂၃ရက်နေ့ ညနေက ရန်ကုန် မန္တလေး အမြန် ရထားနဲ့ ထွက်ခဲ့ကြပြီး ၂၄ရက်နေ့ မနက် နေထွက်စအပြုမှာ သာစည် ဘူတာကို ရောက်ခဲ့ကြပါတယ်။ အဲဒီကမှတဆင့် သာစည်မီးရထား ဘက် မှာ တာဝန်ကျနေတဲ့ တက်သစ်စလူငယ် စာရေးဆရာ ရဲသျှမ်းရဲ့ အကူ အညီနဲ့ သာစည်က မိတ္ထီလာဘက်ကို ခရီးဆက်ခဲ့ကြတာပါပဲ၊ မနက် ၉ နာရီသာသာ မိတ္ထီလာဘူတာ ရောက်တော့မှ မြင်းလှည်းတစ်စီးကို ခြောက် ဆယ်ကျပ်ကြီးများတောင်ပေးပြီး ဘိုးဘွားရိပ်သာကို ချီတက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ရောက်လာကြမယ် ထင်ကြလို့ မိတ္ထီလာဘိုးဘွား ရိပ်သာရဲ့ နာယကဖြစ်တဲ့ ဗိုလ်ကြီးမောင်တင်(အငြိမ်းစား) ကိုယ်တိုင် ရန်ကုန်ကနေပြီး ကြိုတင်အကြောင်းကြားထားတဲ့အတွက် ရိပ်သာ အုပ်ချုပ် ရေးမှူး ဒေါ်ခင်မိမိနဲ့တကွ ဝန်ထမ်းများက အစစအရာရာ အိပ်ရာ နေရာ ထိုင်ခင်းများနဲ့ စားရေးသောက်ရေးများပါ လိုလေသေးမရှိအောင် ဆောင် ရွက်ပေးကြပါတယ်။ သူတို့တစ်တွေရဲ့ ပြုစုစောင့်ရှောက်မှုကြောင့် ကျွန် တော်တို့ သုံးယောက်ဟာ ဆိတ်ငြိမ် အေးချမ်းပြီး စိတ်ကြည်နူးစရာ ကောင်း လှတဲ့ မိတ္ထီလာကန်စောင်းရဲ့ ညနေခင်းအလှကို အရသာခံရင်း အဲဒီညက ဘိုးဘွားရိပ်သာမှာ တစ်ညအိပ်ခဲ့ကြပါတယ်။ အဲဒီနေ့ ညနေဘက်မှာ ကျွန် တော်တို့က ဖုန်းဆက် အကြောင်းကြားလိုက်လို့ မိတ္ထီလာ အမတ-၂ (အမြောက်တပ်)က ဗိုလ်ကြီးသက်နိုင်(ကလောင်အမည် မိုးဆက်)နဲ့ ဇနီး မခြူးပွင့်တို့ ဇနီးမောင်နှံ နှစ်ယောက်လာရောက် နှုတ်ဆက်ခဲ့ကြသလို ကျွန်တော့်တူတော်မောင်ဖြစ်တဲ့ ဗိုလ်ကြီးကျော်စန်းဝင်းရှိရာ မလှမ်းမကမ်း





က အမတ(၁)ကိုလည်း သွားရောက် လည်ပတ်ခဲ့ကြပါသေးတယ်။

နောက်တစ်နေ့ ၂၅ရက်နေ့ မနက်ကျတော့ မိတ္ထီလာမြို့ထဲကို သွားကြပြီး သတင်းထောက် ကိုတင်လှိုင်နဲ့ တွေ့ကြပါတယ်။ ကိုတင်လှိုင်ရဲ့ အကူအညီနဲ့ပဲ မိတ္ထီလာကားဂိတ်က ပြွတ်သိပ်ကျပ်ညပ်နေတဲ့ ဈေးမြန် ဘတ်စ်ကားကြီးကို စီးပြီး ပင်းတလဲဘက် ခရီးဆက်ခဲ့ကြပါတယ်။

ကျွန်တော်တို့ ၃ယောက် ပင်းတလဲမှာ ၂ညအိပ်ပြီး ပတ်ဝန်းကျင် တစ်ဝိုက်ကို ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ ၂၆ရက်နေ့က မနက်စာ ထမင်း တစ်နပ် အငတ်ခံပြီး ကမ္ဘာကျော် သာသနာပြု ဆရာတော်ဘုရား ကြီးဖြစ်တဲ့ တောင်ပုလု ဆရာတော်ဘုရားကြီး တည်ထားခဲ့တဲ့ မြမဥ္စူ ကျောက်စေတီကိုလည်း ဖူးမြော်ခဲ့ကြရပါတယ်။ ကျောက်စေတီဆိုတဲ့ အတိုင်း အုတ်နဲ့မဟုတ်ဘဲ ပကတိ ကျောက်တုံး ကျောက်သားများနဲ့ တည်ထားတဲ့ မြမဥ္စူစေတီကြီးဟာ ဗောဓိပင် ၇ပါး (တစ်ခုနစ်လုံး)ကို ရည်ရွယ်ပြီး ဉာဏ်တော် ၁၁၁တောင် ၁ထွာ ၁မိုက် ၁လက်မနဲ့ လက်တစ် သစ်မြင့်တယ်လို့ ထူးထူးခြားခြား မှတ်သားခဲ့ရပါတယ်။ အဲဒီ စေတီတော် ကြီးရှေ့မှာ ကျွန်တော် တွေ့ဖူးသမျှ အမြင့်ဆုံးဖြစ်တဲ့ တံခွန်တိုင်ကြီးကို လည်း မြင်တွေ့ ခဲ့ရပါတယ်။ အဲဒီ ဧရာမတံခွန်တိုင်ကြီးကို အံ့ဩစရာ တွေ့ခဲ့ရသလို တံခွန်တိုင်ကြီးရဲ့ ကုသိုလ်ရှင်ဟာ နိုင်ငံကျော် ရုပ်ရှင် မင်းသမီးကြီး ဒေါ်ကြည်ကြည်မွေးနဲ့ ခင်ပွန်း ဦးအောင်သိန်းတို့ဖြစ်နေ ကြောင်း သိခဲ့ရလို့ အံ့ဩခဲ့ရပါသေးတယ်။

အဲဒီကမှတစ်ဆင့် တောင်ပုလု ဆရာတော်ဘုရားကြီး တောရ မှီခိုပြီး ဧကစာရီ ကျင့်သုံးတော်မူခဲ့တဲ့ ကျောက်ဆင်တောင်ကိုလည်း ရောက်ခဲ့ကြပါတယ်။ ဆင်ကြီးတစ်ကောင် ဝပ်နေတဲ့ ပုံသဏ္ဌာန်လို ဧရာမ ကျောက်တုံးကြီးနဲ့ အဲဒီအနီးမှာ တစ်ချိန်က တောင်ပုလု ဆရာတော် ဘုရားကြီး တစ်ပါးတည်း တရားကျင့်ကြံ အားထုတ်ခဲ့တဲ့ လိုဏ်ဂူကြီး နှင်ခ



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကိုလည်း ရောက်ခဲ့ကြပါတယ်။ ကျောက်သား ကျောက်နံရံမှာ သဘာဝအလျောက် ထွင်းဖောက် ဖြစ်ပေါ်နေတဲ့ အဲဒီ လိုဏ်ဂူကြီးတွေထဲကို ဝင်ကြည့်ရင်းနဲ့ ကြောက်စရာ လန့်စရာ မှောင်နဲ့မည်းမည်းဖြစ်နေတဲ့ အဲဒီ ကျောက်ဂူကြီး တွေထဲမှာ တစ်ပါးတည်း တစ်ယောက်တည်း နေ့ရော ညပါ တရား ကျင့်တော်မူခဲ့တဲ့ တောင်ပုလု ဆရာတော်ကြီးရဲ့ ပုံတော်ကို မြင်ယောင်ပြီး ကြက်သီးမွေးညင်းများတောင် ထခဲ့မိပါတယ်။

အဲဒီကမှတစ်ဆင့် ဒါလောက် ကျောက်သား ကျောက်တောင်တွေ ထူထပ်နေတဲ့ ကုန်းခေါင်ခေါင် တောင်ပေါ်ဒေသမှာ စိမ်းလဲ့ကြည်လင်ပြီး သာယာလှပတဲ့ ကြီးမားလှတဲ့ အာသောက ဧရာမရေကန်ကြီးကိုလည်း တအံ့တသြ တွေ့မြင်ခဲ့ရပါသေးတယ်။ ကျွန်တော့်စိတ်အထင် အနည်းဆုံး ပေတစ်ရာပတ်လည်ကျော် ကျယ်ဝန်းလှတဲ့ အဲဒီ အာသောက ကန်တော်ကြီးရဲ့ လေးဘက် လေးတန်မှာ ကျောက်သားနံရံများ ပေ၂၀လောက် မြင့်အောင် ကာရံထားသလို ကန်လယ် တိုင်ထိပ်မှာလည်း ခြင်္သေ့ ၃ကောင် ထိုင်နေကြတဲ့ အာသောက ကျောက်တိုင်ကြီး စိုက်ထူထားတာလည်း ရှုမငြီး အောင်ပါပဲ။ ဒါလောက် သန့်ရှင်း ကျယ်ပြန့်ကြီးမားခိုင်ခန့်ပြီး သာယာလှပ သေသပ်လှတဲ့ အာသောက ကန်တော်ကြီးကို မြင်တွေ့ရခြင်းအားဖြင့် ပင်းတလဲ-တဲ့စု စတဲ့ ရွာတွေအပါအဝင် ဝမ်းတွင်း၊ မိတ္ထီလာတစ်ခွင်က ကုသိုလ်ရှင်များရဲ့ ကြီးမားတဲ့ စေတနာနဲ့ ထူးခြားမွန်မြတ်လှတဲ့ အလှူဒါနဟာလည်း သာဓု အကြိမ်ကြိမ် ခေါ်လောက်စရာပါပဲ။

ဒီခရီးမှာ အချိန်တိုတိုနဲ့ ဒါလောက် ပိုင်ပိုင်နိုင်နိုင် လေ့လာနိုင်ခဲ့ကြတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ကို ပိုင်သလား မမေးပါနဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကို ခုလို ဂရုတစိုက်နဲ့ လိုက်လံပြသပြီး လိုအပ်သမျှ ပြုစုစောင့်ရှောက်လိုက်ကြတဲ့ ပင်းတလဲက ဇနီးမောင်နှံ နှစ်ယောက်ရဲ့ နာမည်တွေက ဦးပိုင်နဲ့ ဒေါ်ပိုင်ဖြစ်နေလို့ပါပဲ ခင်ဗျား။



## ဘာဝနိဂုံး

**ဦးလှခင် (ဆန်းညွန့်ဦး)**

စာရေးဆရာဦးလှခင် (ဆန်းညွန့်ဦး) အသက်(၇၀) နှစ်သည် ၁-၉-၉၂ နေ့က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ နေအိမ်တွင် ကွယ်လွန်သွားသည်။

ဦးလှခင်သည် ဗမာ့ခေတ်သတင်းစာ၊ အထောက်တော် သတင်းစာတို့တွင် သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် ဆန်းညွန့်ဦးမဂ္ဂဇင်းကို ဦးစီးထုတ်ဝေခဲ့သည်။ အထောက်တော်မြတ်လှ အမည်ဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။ သဘင်နှင့် ရုပ်ရှင်ဆောင်းပါးများ ရေးသားခဲ့သည်။ ဘာသာရေးစာအုပ်များနှင့် ဗဟုသုတဖြစ်ဖွယ် စာအုပ်များလည်း ရေးသားထုတ်ဝေခဲ့သည်။

**စာရေးဆရာစိန်ခင်မောင်ရီ**

စာရေးဆရာ၊ သတင်းစာဆရာ စိန်ခင်မောင်ရီ(၆၇)နှစ်သည် ၇-၃-၉၂ နေ့တွင် ကွယ်လွန်သွားသည်။ ဆရာစိန်ခင်မောင်ရီသည် ဗမာ့ခေတ်သတင်းစာအယ်ဒီတာနှင့် ကြေးမုံသတင်းစာ (ပုဂ္ဂလိက) အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

ပဒေသာ မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြူနီညိုပြာ မဂ္ဂဇင်းကို အယ်ဒီတာချုပ်အဖြစ် ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေခဲ့သည်။ ရွှေမန်းမေ မဂ္ဂဇင်းတွင် အုပ်ချုပ်မှု အယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၈၅ ခုနှစ် အမျိုးသား စာပေဆုကို အနုဘတဟန် ဘာသာပြန် စာအုပ်ဖြင့် ရရှိခဲ့သည်။

ကွယ်လွန်သည်အထိ မဂ္ဂဇင်းများတွင် ရုပ်ရှင်နှင့် စာပေ ဆောင်းပါးများ ရေးသားသွားခဲ့သည်။

**စာရေးဆရာရန်ကုန်မျိုးသန့်**

စာရေးဆရာ ရန်ကုန်မျိုးသန့်(ခ) ဦးမျိုးညွန့် (၆၄)နှစ်သည် ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ၁၀-၃-၉၂ နေ့က ကွယ်လွန်သွားသည်။ ရန်ကုန်မျိုးသန့်သည် ကျန်းမာရေးနှင့် ပညာပေး စာအုပ်များ ရေးသားထုတ်ဝေခဲ့ပြီး စာနယ်ဇင်းများတွင် ဆောင်းပါးများ ရေးသားခဲ့သည်။

ယူမီယူရီ (ဂျပန်)နှင့် အန်ဆာ (အီတလီ) သတင်းဌာနများ အတွက် နိုင်ငံခြား သတင်းထောက်အဖြစ် ဆောင်ရွက်နေဆဲ ကွယ်လွန် ခြင်းဖြစ်သည်။

**စာရေးဆရာ မောင်မောင်ဖြူ**

အမျိုးသား စာပေဆုရ စာရေးဆရာ မောင်မောင်ဖြူ (၆၂) နှစ်သည် ၁၇-၃-၉၂ နေ့က ပြွန်လမ်း၊ ‘ဇ’ တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်း နေအိမ်တွင် ကွယ်လွန်သွားသည်။

စာရေးဆရာ မောင်မောင်ဖြူသည် လုံးချင်းဝတ္ထုအုပ် ၂၀ ခန့်နှင့် စာနယ်ဇင်းများတွင် ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ နွေဦး ကာလ မြူထသောအခါ ဝတ္ထုရှည်ဖြင့် ၁၉၆၇ခုနှစ် အမျိုးသားစာပေဆု ရရှိခဲ့သည်။

ယင်းဝတ္ထုနှင့် ရွာတောမြေဝတ္ထုတို့မှာ ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။





**သတင်းထောက်ဦးသာလှိုင်**

ဓာတ်ပုံသတင်းထောက် ဦးသာလှိုင်(ခ)ဂျွန် (၆၄)နှစ်သည် ၃-၃-၉၂ နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယောသကလမ်း နေအိမ်တွင် ကွယ်လွန်သွားသည်။ ဦးသာလှိုင်သည် ညောင်ဦးဇာတိဖြစ်၍ ငယ်စဉ်ကာ လ၌ ဓာတ်ပုံဝါသနာပါခဲ့ပြီး ကြေးမုံသတင်းစာတွင် ဓာတ်ပုံသတင်းထောက် အဖြစ် ထင်ရှားခဲ့သည်။ ပြည့်သူပိုင် ဂါဒီယန်းသတင်းစာ အကြီးတန်း သတင်းထောက်အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

**ရုပ်ရှင်ဒါရိုက်တာ ဦးဝေဇင်**

အောဝမ်းဦးတင်နွယ်၊ ဒေါ်မိမိကြီးတို့၏ သားဖြစ်သူ အောဝမ်း ရုပ်ရှင် ဒါရိုက်တာ ဦးဝေဇင် (၆၆)နှစ်သည် ၂၃-၃-၉၂ နေ့တွင် ကွယ်လွန် သွားသည်။

**ပန်းချီမောင်ငွေထွန်း**

ရန်ကင်းမြို့နယ်၊ တိုက်-၂၀၈၊ အခန်း-၁၀ နေ ပန်းချီ မောင်ငွေ ထွန်း (၅၆)နှစ်သည် ၂၃-၃-၉၂ နေ့က ကွယ်လွန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရွှာရှိုးကိုးပေါက် တစ်လ "အောက်"ခဲ့ရခြင်း

မိုးဂျာနယ်မှာ ကျွန်တော် လစဉ်ရေးနေတဲ့ 'ရွှာရှိုးကိုးပေါက်' ဆောင်းပါးဟာ ဧပြီလထုတ်မှာ မပါဘဲ တစ်လ 'အောက်'သွားခဲ့တာကို ရွှာရှိုးကိုးပေါက် ပရိသတ်များ သတိထားမိကြပါလိမ့်မယ်။ အဲဒါနဲ့ ပတ်သက်လို့ မိုးဂျာနယ် အယ်ဒီများကလည်း 'ယခုလတွင် ဆရာ လင်းယုန်မောင်မောင် ခရီးလွန်နေပါသဖြင့် . . .'ဆိုပြီး ပရိသတ်ကြီးကို ဘာညာကွိကွ အစီရင်ခံခဲ့ကြတာကိုလည်း မှတ်မှတ်ရရ ဖတ်မိကြပါလိမ့်မယ်။

တကယ်တော့ အဲဒီတုန်းက (ဖေဖော်ဝါရီလမှာ) ကျွန်တော် ခရီးလွန်နေတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အဲဒီလို ခရီးလွန်နေတဲ့အထဲက မိုးဂျာနယ်အတွက် ရွှာရှိုးကိုးပေါက် ဆောင်းပါးကို ကျွန်တော် ရေးဖြစ်အောင်ရေးပြီး ပို့ဖြစ်အောင် ပို့ခဲ့ပါတယ်။ နေ့စွဲ ရက်စွဲနဲ့ တိတိကျကျ ပြောရမယ်ဆိုရင် ဧပြီလထုတ် မိုးဂျာနယ်အတွက် ရွှာရှိုးကိုးပေါက် ဆောင်းပါးကို ဖေဖော်ဝါရီလ ၂၈ရက်နေ့စွဲနဲ့ မိတ္ထီလာကနေပြီး ရန်ကုန် မိုးဂျာနယ် တိုက်ကို အချိန်မီ ပို့ခဲ့ပါတယ်။ ဒါပေမယ့် ကံဆိုးချင်တော့ ကျွန်တော် လူကြုံနဲ့ ပို့လိုက်တဲ့ အဲဒီဆောင်းပါးဟာ မတ်လ ၂ရက် ၃ရက်နေ့လောက်မှာ မိုးဂျာနယ် တိုက်ကို အချိန်မီရောက်ရမယ့်အစား လူကြုံတစ်ယောက်က နောက် လူကြုံတစ်ယောက်ကို တစ်ဆင့်တက်ပြီး လူကြုံပါးလိုက်တဲ့အတွက် တစ်ပတ်တိတိ ကြာသွားပြီး မတ်လ ၆ရက်နေ့ကျမှ မိုးဂျာနယ်ကို ရောက်





သွားခဲ့ပါတယ်။ ဒါလည်းပဲ ခါတိုင်းလို အရင်တုန်းက ဆိုရင်တော့ ဧပြီလထုတ် မိုးဂျာနယ်အတွက် ပို့လိုက်တဲ့ ဆောင်းပါးဟာ မတ်လ ၆ရက် (ပသာဓ တ်)မှာ ရောက်သွားတယ်ဆိုရင် ကောင်းကောင်းကြီး အချိန်မီတာပေါ့ ခင်ဗျာ။ ဒါပေမယ့် ဒီနေ့ လစဉ်ထုတ် မဂ္ဂဇင်း ဂျာနယ်စာစောင်တွေဟာ အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီး ရှေ့လ(ဧပြီ လ)ထွက်ရမယ့်ဟာကို ဒီလ (မတ်လ) ၁၀ရက်နေ့လောက်မှာ အားလုံး ပြီးစီးအောင် လုပ်နေကြရတာမို့ ကျွန်တော့်ဆောင်းပါး ရောက်သွားတဲ့ မတ်လ ၆ရက်နေ့မှာ မိုးဂျာနယ်ဟာ ဧပြီလအတွက် ဖောင်ပိတ်ပြီးနေပါပြီ။ ဖောင်ပိတ်ပြီးရုံတင်မကပါဘူး။ 'ယခုလတွင် ဆရာလင်းယုန်မောင်မောင် ခရီးလွန်နေပါသဖြင့်'ဆိုတဲ့ အယ်ဒီတာ့စာမျက်နှာတောင် ရိုက်ပြီးနေပါပြီ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဘာများတတ်နိုင်ပါဦးမည်နည်း ဆို ခင်ဗျာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ရွှာရှိုးကိုးပေါက် မိုးဂျာနယ်ကို အချိန်မီရောက်အောင်ဆိုပြီး အဲဒီည(ဖေဖော်ဝါရီ ၂၇ရက်မှာ) မိတ္ထီလာက စာပေအပေါင်းအသင်း ရောင်းရင်းတွေ တည်းခင်းဧည့်ခံ ကျွေးမွေးတဲ့ ညစာစားပွဲကိုတောင် မလိုက်ဘဲ၊ မသွားဘဲ၊ မစားဘဲ(မသောက်ဘဲ) တစ်ယောက်တည်း ဘိုးဘွားရိပ်သာ ဧည့်ခန်းဆောင်မှာ ကြိုးစားအားခဲပြီး ရေးခဲ့ပါတယ်။ (မယုံရင် အဲဒီတုန်းက ကျွန်တော်နဲ့အတူပါလာတဲ့ မဟေသီ အယ်ဒီတာ စာရေးဆရာ ဆောင်းဝင်းလတ်ကို မေးကြည့်နိုင်ပါတယ်။) အဲဒီလို ကိုယ်ကျိုးစွန့် အနစ်နာခံပြီး မိုးဂျာနယ်အယ်ဒီတာများနဲ့ မိုးပရိသတ်များကို ရိုသေလေးစားစွာနဲ့ ရေးသားခဲ့ပေမယ့် အချိန်မီမရောက်ဘဲ နောက်ကျပြီး ရွှာရှိုးကိုးပေါက် တစ်လ 'အောက်'သွားခဲ့ရတော့ ဆရာသုခရဲ့ ဂီတသံသရာသီချင်းထဲက 'ဖောက်လွဲဖောက်ပြန် အကြောင်းကံ၊ ကမ္ဘာ . . .' ဆိုတဲ့ စာသားလို 'ကမ္ဘသကာ'လို့ပဲ သဘောထား လိုက်ရပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



## မတက်ရောက်ခဲ့ရသော ပွဲနှစ်ပွဲ

အဲဒီလို မိတ္ထီလာနယ်တစ်လျှောက် ကားတစ်တန် လှည်းတစ်တန်နဲ့ ခြေလျင်တစ်လှည့် ကုန်းကြောင်းတစ်ခါ ရှာရိုးကိုးပေါက် လျှောက်သွားနေလို့ မိုးဂျာနယ်မှာ တစ်လ 'အောက်'သွားခဲ့ရသလို ရန်ကုန်မှာလည်း ကျွန်တော် သေချာပေါက် တက်ရောက်ဆင်နွှဲဖို့ အားခဲထားတဲ့ ပွဲနှစ်ပွဲကို မတက်ရောက်နိုင်တော့ဘဲ နှစ်ပွဲစလုံး 'အောက်'သွားခဲ့ပါတယ်။ အဲဒီပွဲတွေကတော့ လုံမလေး အယ်ဒီတာချုပ် မလေးလုံ ကွယ်လွန်တဲ့ တစ်နှစ်မြောက် ဆုတောင်းဝတ်ပြုပွဲနဲ့ ဆရာဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်တို့ရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ထမနဲ(နှမ်းမနဲ)ပွဲပါပဲ။

လုံမလေး အယ်ဒီတာချုပ် မလေးလုံဟာ လွန်ခဲ့တဲ့ ၁၉၉၁ ခု၊ ဖေဖော်ဝါရီလ ၂၈-ရက်နေ့က မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန် အနိစ္စရောက်ခဲ့ရရှာပါတယ်။ အဲဒီတုန်းကလည်း ကျွန်တော်ဟာ ရှာရိုးကိုးပေါက်ခရီးလွန်ပြီး မန္တလေးရောက်နေတာမို့ မလေးလုံရဲ့ ဈာပနကို မပို့ခဲ့ရပါဘူး။ အခုတစ်နှစ်မြောက် နှစ်ပတ်လည် ဆုတောင်းဝတ်ပြုပွဲကျင်းပတဲ့ ၂၉-၂-၉၂ (တနင်္ဂနွေ)နေ့ကလည်း မိတ္ထီလာရောက်နေတဲ့အတွက် အဲဒီပွဲကို ကျွန်တော် မတက်ရောက်နိုင်ဘဲ ဖြစ်ခဲ့ရပြန်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ 'လုံမလေး'ကို မွေးဖွားသန့်စင် သုတ်သင်ပြုစုခဲ့ရာမှာ မလေးလုံနဲ့အတူတွဲပြီး သုံးနှစ်ခွဲကြီးများတောင် အတိုင်ပင်ခံ အယ်ဒီတာဘဝနဲ့ ဆောင်ရွက်ခဲ့ရတာမို့ 'လင်းယုန်မေ'လို့တောင် အမည်ရခဲ့ဖူးပါတယ်။ ဒါကြောင့် မနှစ်ကလည်း မလေးလုံရဲ့ ဈာပနကို လိုက်မပို့နိုင်၊ ဒီနှစ်မှာလည်း နှစ်ပတ်လည် ဆုတောင်းဝတ်ပြုပွဲကို မတက်ရောက်နိုင်တဲ့အတွက် အတော်ကလေး စိတ်မကောင်းဖြစ်မိပါတယ်။ အဲဒါကြောင့် အဲဒီပွဲကို မတက်ရောက်နိုင်တဲ့အတွက် ဝမ်းနည်းကြောင်းကို မလေးလုံ ကွယ်လွန်တဲ့ တစ်နှစ်မြောက်နေ့ (၂၈-၂-၉၂)မှာ မိတ္ထီလာကနေပြီး ရန်ကုန် လုံမလေးမိသားစုထံ





သံကြိုးရိုက်ပြီး အမှတ်တရ ဝမ်းနည်း သဝဏ်လွှာ ပို့လိုက်ရပါတယ်။

အဲဒီလိုပဲ မတ်လ ၂ရက် (၂-၃-၉၂)နေ့က ကျင်းပတဲ့ ဆရာဦးခင်မောင်လတ်နဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ရဲ့ ထမနဲပွဲကိုလည်း ကျွန်တော် လွဲခဲ့ရပါတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်လောက်ကစပြီး နှစ်စဉ် ကျင်းပလာခဲ့တဲ့ ကိုလတ်နဲ့ မမြ(ဆရာဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်)တို့ရဲ့ အဲဒီထမနဲပွဲဟာ စာရေးဆရာ စာရေးဆရာမတွေ၊ ဂီတသဘင် အနုပညာရှင်တွေ စုံစုံလင်လင်နဲ့ပျော်စရာ ရွှင်စရာ ကောင်းလှပါတယ်။ 'တတ်တဲ့ပညာမနေသာ' 'ဝါသနာဘာဂီ ဆယ်ဟိုင်းမီ'ဆိုတဲ့ စကားလိုပဲ အဲဒီထမနဲပွဲ တက်လာကြတဲ့ စာရေးဆရာ ဆရာမတွေထဲက ဖိုးကာ,ချင်တို့ မယ်ဆိုချင်တို့ရဲ့ အဆို အကတွေလည်း မြင်ကြ ကြားကြရပါတယ်။ အဲဒီပွဲမှာ နာမည်ကြီးခဲ့တာကတော့ စာရေးဆရာ ချစ်ဦးညိုရဲ့ ဒုသာဂီရိဘီလူးကနဲ့ စာရေးဆရာမ ကြူကြူသင်းရဲ့ 'ကျွဲမ'သီချင်းပါပဲ။ ဒီနှစ်တော့ အဲဒီ ထမနဲပွဲနဲ့ လွဲခဲ့ရသလို အဲဒီ အဆိုအကတွေ မမြင်ရ မကြားရတာဟာ ကံကောင်းချင်လို့ပဲလား၊ ကံဆိုးချင်လို့ပဲလား မပြောတတ်ပါဘူး။ (ကံကောင်းချင်လို့ပဲ ဖြစ်ပါလိမ့်မယ်။) ဘာပဲဖြစ်ဖြစ် ဒီနှစ်မှာ ဒီပွဲကို ဝါယမစိုက်ထုတ်ပြီး ကမကထလုပ်ခဲ့တဲ့ ဖိုးချစ်(ချစ်ဦးညို)ကိုယ်တိုင်က ကျွန်တော့်ကို တဖွဖွ ကြိုတင်ဖိတ်ကြားထားတဲ့အထဲက မတက်ရောက်နိုင်ဘဲ လွဲဖြစ်အောင် လွဲခဲ့ရတဲ့အတွက် ဖိုးချစ်ကို ရှာရိုးကိုးပေါက်ကနေ အကြောင်းပြန်ပြီး တောင်းပန်လိုက်ရပါတယ်။

## တစ်လခြား၍ အနိစ္စ ရောက်သွားခဲ့ရသူ နှစ်ဦး

လွန်ခဲ့တဲ့ ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းက စာအုပ်တစ် အုပ်ရေးစရာရှိလို့ မိတ္ထီလာကို နှစ်ခါ နှစ်ခေါက် ရောက်ခဲ့ရပါတယ်၊ ပထမတစ်ခေါက်မှာ ဖေဖော်ဝါရီ ၂၄ရက်နေ့က မတ်လ ၄ရက်နေ့ အထိ ဆယ်ရက်တိတိ ကြာခဲ့ပြီး ဒုတိယအခေါက်မှာတော့ မတ်လ ၁၅ရက်နေ့က



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၃ရက်နေ့အထိ ရက်ပေါင်း ၂၀ကြာခဲ့တာမို့ စုစုပေါင်း တစ်လတိတိ မိတ္ထီလာမှာ ကြာခဲ့ပါတယ်။

အဲဒီပွဲမှာ တိုက်တိုက်ဆိုင်ဆိုင် ပထမအခေါက် မိတ္ထီလာက ရန်ကုန် ပြန်ရောက်ပြီး ၃ရက်အကြာ မတ်လ ၇ရက်နေ့မှာ ငရဲဖော်ရေးဖက် ငယ်သူငယ်ချင်း စိန်ခင်မောင်ရီ ကွယ်လွန်အနိစ္စရောက်ခဲ့သလို မိတ္ထီလာက ဒုတိယအခေါက် ပြန်ရောက်ပြီး ၄ရက်အကြာ ဧပြီလ ၇ရက်နေ့မှာ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်း ရောင်းရင်းဖြစ်တဲ့ အထောက်တော်လှအောင် တစ်ယောက် ကွယ်လွန်သွားခဲ့ပြန်ပါတယ်။ မှတ်မှတ်ရရ စိန်ခင်မောင်ရီနဲ့ အထောက်တော်လှအောင်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် တစ်လတိတိ ကွာခြားပြီး အနိစ္စ ရောက်သွားခဲ့ကြပါတယ်။

ကျွန်တော်က သူတို့နှစ်ယောက်စလုံးနဲ့ စာနယ်ဇင်းလောကမှာ နှစ်ပေါင်းများစွာ အတူလက်တွဲလာခဲ့ပေမယ့် ဒါလောက်ကြီး မြန်မြန်ဆန်ဆန် ဖြစ်ကြလိမ့်မယ်လို့ မထင်မိတဲ့အတွက် သူတို့ မကွယ်လွန်မီ အသည်းအသန် ဖြစ်နေကြတဲ့ နောက်ဆုံးရက်တွေမှာ သူတို့နဲ့ မတွေ့လိုက်ရဘဲ အသုဘချတဲ့နေ့ကျမှ ကြံတောသုသာန်ကို သွားပြီး သူတို့ရဲ့ ဈာပနကို လိုက်ပါပို့ဆောင်ခဲ့ရပါတယ်။ သူတို့နှစ်ယောက်ဟာ တစ်ချိန်က စိန်ခင်မောင်ရီအနေနဲ့ ကြေးမုံသတင်းစာ မှာ လက်သံပြောင်ပြီး 'ဖြူနီညိုပြာ' မဂ္ဂဇင်းနဲ့ စာပေမှတ်တိုင်စိုက်ထူခဲ့သလို အထောက်တော်လှအောင်အနေနဲ့လည်း တစ်ချိန်က အထောက်တော်သတင်းစာမှာ စားပွဲတစ်လုံးနဲ့ ကလောင်တစ်ချောင်းပိုင်ခဲ့ပြီး 'သတင်းဂျာနယ်'မှတ်တိုင်ကို စိုက်ထူခဲ့တာနဲ့ သူတို့နှစ်ယောက်စလုံးရဲ့ နောက်ဆုံးခရီးဟာ စာနယ်ဇင်းသမား၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာတွေ၊ ရုပ်ရှင်သဘင် ဂီတစတဲ့အနုပညာရှင်တွေ စုံစုံညီညီနဲ့ စည်ကားသိုက်မြိုက်လှပါတယ်။





## မပို့လိုက်ရသော ဈာပနများ

ကံအားလျော်စွာ မိတ္ထီလာက အချိန်မီ ပြန်ရောက်လာပြီး စိန်ခင်မောင်ရီနဲ့ အထောက်တော်လှအောင်တို့ရဲ့ ဈာပနတွေ လိုက်ပါ ပို့ဆောင်နိုင်ခဲ့ပေမယ့် ကျွန်တော် မိတ္ထီလာမှာရှိနေတဲ့ ရက်ပေါင်း ၃၀ အတွင်း အမှည့်တဝင်းဝင်း၊ အကင်းတဖြိုက်ဖြိုက်ဆိုတဲ့ စကားနဲ့ ဆောင်းအကုန်နွေအကူး လေရူးနဲ့အတူ ကြွေကျမြေခရရှာတဲ့ ရော်ရွက်ဝါတွေလို ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ကြရှာတဲ့ စာပေနဲ့ အနုပညာရှင်တွေရဲ့ ဈာပနတွေကိုတော့ လိုက်ပါပို့ဆောင်ခြင်း မပြု နိုင်ဘဲ ဝတ္တရား ပျက်ကွက်ခဲ့ရပါတယ်။

အဲဒီလို ရက်ပေါင်း ၃၀ တိတိ မိတ္ထီလာကို ရောက်နေတဲ့ အခိုက် ကျွန်တော် မပို့လိုက်ရတဲ့ ဈာပနတွေကို ရွှာရိုးကိုးပေါက်မှာ အမှတ်တရ ဖော်ပြဖို့ စာရင်းကောက်ကြည့်လိုက်တော့ ကြောက်စရာ လန့်စရာ ဒီတစ်လအတွင်း ၇ယောက်ကြီးများတောင် ကွယ်လွန် အနိစ္စရောက်ခဲ့ကြတာ တွေ့ရပါတယ်။ မိုးဂျာနယ်က ရွှာရိုးကိုးပေါက် ပရိသတ်အတွက် မှတ်မှတ်ရရ အဲဒီလို ကွယ်လွန်သွားခဲ့ရှာကြတဲ့ စာပေသမား အနုပညာရှင်များရဲ့ စာရင်းကို အတိအကျ ဖော်ပြရမယ်ဆိုရင်. . .

(၁) ဆန်းညွန့်ဦး ဦးလှခင်ဟာ ၁-၃-၉၂ ရက်နေ့က ကွယ်လွန်ခဲ့ပါတယ်။ ဦးလှခင်ဟာ တစ်ချိန်က ဆန်းညွန့်ဦးစာအုပ်တိုက်ကို တည်ထောင်ပြီး အထူးသဖြင့် ကွယ်လွန်သူ ဆရာဇန်းမော်တင်အောင်ရဲ့ စာအုပ်တွေကို ဦးစားပေး ထုတ်ဝေခဲ့သူဖြစ်ပါတယ်။ သူဟာ 'မြည်တော်သာ ခင်ခင်ကြီး' စာအုပ်ကို ပုံနှိပ် ထုတ်ဝေခဲ့သည့်အတွက် ဇန်းမောင်တင်အောင်နှင့်အတူ ထောင်ဒဏ်အပြစ်ပေးခံခဲ့ရပါတယ်။ ကံအားလျော်စွာ ၁၉၅၅ ခုနှစ်က ရန်ကုန် နရသိန်ထောင်ထဲမှာ မတရားသင်းပုဒ်မနဲ့ ရောက်ခဲ့စဉ်က ဦးလှခင်ဟာ ကျွန်တော်မျက်နှာမငယ်ရအောင် ကြိုဆိုစည့်ခံပြီး ဇန်းမော်တင်အောင်နဲ့ မိတ်ဆက်ပေးသူဖြစ်တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၂) မာတ်ပုံသတင်းထောက် သာလှိုင်ကြီးဟာ ၃-၃-၉၂ ရက်နေ့က အနိစ္စရောက်သွားခဲ့ပါတယ်။ တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ကြေးမုံသတင်းစာမှာ သူ့ဆရာ မာတ်ပုံ သတင်းထောက် ရွှေမောင်ကြီး (ကွယ်လွန်သူ)နဲ့ တွဲပြီး နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ စာနယ်ဇင်းတွေမှာ အယ်ဒီတာအဖြစ် ဆယ်နှစ်နီးပါးလောက် လုပ်ကိုင်ခဲ့တဲ့ ကျွန်တော်ဟာ အင်မတန် သဘောကောင်းတဲ့ ကိုသာလှိုင်ကြီးနဲ့ နှစ်ပေါင်းများစွာ စာနယ်ဇင်းလောကမှာ လက်တွဲခဲ့ဖူးပါတယ်။

(၃) ဆရာစိန်ခင်မောင်ရီကတော့ ၇-၃-၉၂ ရက်နေ့မှာ ဆုံးပါးသွားခဲ့ပါတယ်။ သူနဲ့ ကျွန်တော် ဘယ်တုန်းက ဘယ်လောက် ခင်မင်ရင်းနှီးခဲ့တယ် ဆိုတာတော့ အခုမေလထုတ် မဟေသီမဂ္ဂဇင်းမှာ ကျွန်တော် ရေးထားတဲ့ ဆောင်းပါးကို ဖတ်ကြည့်ရင် သိနိုင်ပါတယ်။

(၄) စတုတ္ထမြောက် ၁၀-၃-၉၂ ရက်နေ့က ကွယ်လွန် အနိစ္စရောက်သွားခဲ့တဲ့ ပုဂ္ဂိုလ်ကတော့ ရန်ကုန်မျိုးသန့်ပါပဲ။ သူလဲပဲ ကျွန်တော်နဲ့ အတူ စစ်ပြီးကာလ ၁၉၄၆-၄၇က ရန်ကုန်တက္ကသိုလ်မှာ ပညာသင်နေကြရင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဖဆပလ ပြည်လုံးကျွတ်အထွေထွေသပိတ်ကြီးမှာ ကျောင်းသားခေါင်းဆောင်အဖြစ် လက်တွဲခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာတော့ ကိုမျိုးသန့် (ရန်ကုန်မျိုးသန့်)ဟာ စာနယ်ဇင်းလောကမှာ ထင်ရှားတဲ့ သတင်းစာဆရာ စာရေးဆရာတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

(၅) ပန်းချီ မောင်ငွေထွန်း တစ်ယောက်လည်း ၂၃-၃-၉၂ ရက်နေ့က အနိစ္စရောက်သွားခဲ့ပါတယ်။ မောင်ငွေထွန်းဟာ ပန်းချီလောကမှာ သူ့ရဲ့ထူးခြားတဲ့ ကိုယ်ပိုင်ဟန်တွေကြောင့် ကျော်ကြားခဲ့တဲ့ လူငယ် ပန်းချီဆရာတစ်ဦးအဖြစ် ကျွန်တော်နဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်။





ဟစ်တလာ၊ ကပ်စထရိုစတဲ့ ကျွန်တော့် စာအုပ်တွေကို ထုတ်ဝေခဲ့သလို ကျွန်တော်ရဲ့ ကိုယ်ပိုင် 'မိုးသောက်စာပေ' ဒီဇိုင်းနဲ့ စာလုံးကို ပန်းချီမောင်ငွေထွန်းပဲ ရေးဆွဲပေးခဲ့ပါတယ်။

(၆) စာရေးဆရာ မောင်မောင်ဖြူကတော့ ၁၇-၃-၉၂ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ ပုဂံစာအုပ်တိုက် ကောင်းစားစဉ်က 'မရဏမောင်းလော အောင်စည်လော' 'နွေဦးကာလ မြူထသောအခါ'စတဲ့ ဝတ္ထုရှည်ကြီးများနဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ စာရေး ဆရာ တစ်ဦးပါပဲ။ အခုတော့လဲ မောင်မောင်ဖြူတစ်ယောက်ဟာ 'နွေဦးကာလ'မှာပဲ 'မရဏမောင်း'နဲ့ ဘဝပြောင်းသွားခဲ့ရှာပါပြီ။

(၇) ပူပူနွေးနွေး ဧပြီလထဲမှာ (၇-၄-၉၂) ရက်နေ့က ကွယ်လွန် အနိစ္စ ရောက်သွားရှာသူကတော့ အယောက်တော်လှအောင်ပါပဲ၊ အယောက်တော် သတင်းစာနဲ့ သတင်းဂျာနယ်ကို ပယ်ပယ်နယ်နယ် အွင်ကျယ်အောင် ထုတ်ဝေနိုင်ခဲ့တဲ့ အယောက်တော်လှအောင်ကို ဘယ်နေ့ ဘယ်အချိန် ဘယ်အခါ ဘယ်နေရာက ပြန်ပေါ်လာမလဲလို့ အများက စောင့်မျှော်နေကြတုန်းမှာ ဘယ် တော့မှ ပြန်ပေါ်မလာနိုင်တဲ့ မပြန်လမ်းကို မြန်းသွားခဲ့ရှာတာဟာ စာနယ်ဇင်းလောကအတွက် ဆုံးရှုံးနစ်နာမှု တစ်ခုပါပဲ၊

ကဲ. . . ကဲ. . . မိတ္ထီလာ သွားနေတဲ့ တစ်လအတွင်း ဝမ်းနည်းစရာ နာရေးသတင်းတွေ မှတ်တမ်းတင်နေရာက ဒီမှာတင် ရပ်တန်းကရပ်ပြီး မိုးဂျာနယ် ပရိသတ်များအတွက် သာဓု အနုမောဒနာ ခေါ်စရာ ဘာသာရေး သာသနာရေးနဲ့ ပတ်သက်တဲ့ ဒေသန္တရ ဗဟုသုတ သတင်းတစ်ပုဒ်နဲ့ ကုသိုလ်လုပ်လိုက်ပါရစေဦး။

**ရွှေပေါ်ကျွန်းဆရာတော်၏ အလှူဒါန**

အဲဒီ ဘာသာရေး သာသနာရေးနဲ့ ပတ်သက်တဲ့ ဒေသန္တရ



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်သူတ သတင်းတစ်ပုဒ်ကတော့ တစ်ခြားမဟုတ်ပါဘူး။ မိတ္ထီလာနယ် ဘင်ဝိုက်က အထင်ကရ ဖြစ်နေတဲ့ ရွှေပေါ်ကျွန်းဆရာတော်နဲ့ ပတ်သက်လို့ပါပဲ။

အဲဒီရွှေပေါ်ကျွန်း ဆရာတော်ရဲ့ ထင်ပေါ်ကျော်ကြားတဲ့ သီလ၊ သိက္ခာ၊ သမာဓိနဲ့ ပတ်သက်တဲ့ သတင်းအဖုံဖုံဟာ ရန်ကုန် မန္တလေး အပါအဝင် မြန်မာတစ်နိုင်ငံလုံးမှာ ပျံ့နှံ့ ကြားသိနေခဲ့ကြတာ ၁၀ နှစ်ကျော်ကြာလာခဲ့ပါပြီ။ အဲဒီလို ရွှေပေါ်ကျွန်း ဆရာတော်ရဲ့ ဂုဏ်သတင်းအဖြာဖြာကို ကျွန်တော် ကြားဖူးနား၀ ရှိလာခဲ့တာလဲ နှစ်အတော်ကြာခဲ့ပါပြီ။ ကျွန်တော်နဲ့ အင်မတန် ခင်မင်ရင်းနှီးကြတဲ့ စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတစတဲ့ အနုပညာသမားတွေ အတော်များများဟာလဲ ရွှေပေါ်ကျွန်းကို အခါခါ အခေါက်ခေါက် သွားရောက်ပြီး ရွှေပေါ်ကျွန်းဆရာတော်ကို ကြည်ညို ဖူးမျှော် ပူဇော်ကန်တော့နေခဲ့ကြတာ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက ပါပဲ။ ဒါပေမယ့် အဲဒီထဲမှာ ရွာရိုးကိုးပေါက် ရောက်နေတဲ့ ကျွန်တော်ဟာ ရွှေပေါ်ကျွန်းဆရာတော်နဲ့ ပဌာန်းဆက် မကြုံသေးလို့လား မပြောတတ်ပါဘူး။ ရွှေပေါ်ကျွန်းကို တစ်ခါတစ်ခေါက်မှ အရင့်အရင်က မရောက်ဖူးခဲ့ပါဘူး။

ဒါပေမယ့် အခုတစ်ခေါက် မိတ္ထီလာ ရောက်သွားရာက ပဌာန်းဆက် ကြုံသွားလို့ ထင်ပါရဲ့။ နာမည်ကျော် ရွှေပေါ်ကျွန်း ဆရာတော်ကို နဖူးတွေ့ ဒူးတွေ့ ဖူးတွေ့ခဲ့ရပါတယ်။ မှတ်မှတ်ရရ ရွှေပေါ်ကျွန်းကို ကျွန်တော် ရောက်သွားတဲ့နေ့ဟာ လွန်ခဲ့တဲ့ တပေါင်းလပြည့် (၁၈-၃-၉၂) ရက်နေ့ကပါပဲ။ ပဌာန်းဆက် ကြုံ ချင်တော့ ရန်ကုန်က မိတ္ထီလာကို ခရီးမထွက်ခင်မှာပဲ ရန်ကုန်မှာ ရှိနေကြတဲ့ ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်းတစ်ချို့က တပေါင်း လပြည့်နေ့ကျရင် ရွှေပေါ်ကျွန်းကို ဆက်ဆက်လာခဲ့ပါ။ သူတို့ အဲဒီမှာ ရှိနေမယ်လို့ ကြိုပြီး ပြောခဲ့ကြတဲ့အတွက် ဒီတစ်





ခေါက် ရွာရိုးကိုးပေါက်မှာ ရွှေပေါ်ကျွန်းကို ရောက်ခဲ့ရတာပါပဲ။

ဒီတစ်ခေါက် မိတ္ထီလာကို ၁၅-၃-၉၂ ရက်နေ့ ရောက်ပြီး ၁၈-၃-၉၂ တပေါင်းလပြည့်နေ့ မနက် မလှိုင်ကတစ်ဆင့် ရွှေပေါ်ကျွန်းကို သွားခဲ့ပါတယ်။ မိတ္ထီလာက မလှိုင်ကို မိုင် ၂၀ သာသာ ဝေးပြီး မလှိုင်က ရွှေပေါ်ကျွန်းကို ၁၈ မိုင်လောက် သွားရပါတယ်။ အဲဒီမှာ ကြိုတင်ပြီး စာရေး အကြောင်းကြားထားတဲ့အတွက် ကျွန်တော့်စာဖတ်ပရိသတ် စာပေဝါသနာရှင် မောင်ကြည်စန်းဆိုတဲ့ လူငယ်တစ်ယောက်က မလှိုင်ကားဝိတ်မှာ ကျွန်တော့်ကို စောင့်ကြိုပြီး သူနဲ့အတူ ရွှေပေါ်ကျွန်းကို ခရီးဆက်ခဲ့ရပါတယ်။ မလှိုင်မြို့ကလေးဟာ မိတ္ထီလာ-မြင်းခြံ ကားလမ်းပေါ်မှာ ရှိနေတာမို့ မိတ္ထီလာက မလှိုင်အထိ ညက်ညော ဖြောင့်တန်းတဲ့ ကတ္တရာလမ်းအတိုင်း လာခဲ့ရပေမယ့် မလှိုင်က ရွှေပေါ်ကျွန်းသွားတဲ့ ကားလမ်းကတော့ တောလမ်း သက်သက်ပါပဲ။ ဒါပေမယ့် ကားကြီး ကားငယ်တွေ အဆက်မပြတ် သွားနေတဲ့အတွက် ဖုတ်နဲ့ မြေကြီးဟာ သိပ်သည်းပြီး ဖုန်တထောင်းထောင်းမထဘဲ ကားမောင်းလို့ ကောင်းပါတယ်။

ရွှေပေါ်ကျွန်း ဆရာတော် သီတင်းသုံးတော်မူတဲ့ စေတော်ဝင်ကျောင်းကို မရောက်ခင် အေးမြကြည်လင်တဲ့ ကြာကန်ကြီးနဲ့ ဆရာတော်ကြီး တည်ထားကိုးကွယ်တဲ့ တဝစေတီကို လှမ်းမြင်လိုက် ရတာနဲ့ပဲ နှလုံးစိတ်ဝမ်း ရွှင်လန်းအေးချမ်းသွားခဲ့ရပါတယ်။ စေတီတော်ကို လာရောက်ဖူးမျှော်ပူဇော်ကန်တော့ကြဖို့ မြန်မာနိုင်ငံ အရပ်ရပ် ရှမ်းပြည်နယ် တောင်ပိုင်း မြောက်ပိုင်း ဒေသတွေကပါ ရောက်ရှိလာကြတဲ့ ပရိသတ် ထောင်ပေါင်းများစွာ ကြိတ်ကြိတ်တိုး ပြီး ကြွက်ပျံမကျ စည်ကားနေတာကို တအံ့တသြ တွေ့လိုက်ရပါတယ်။

ကျွန်တော့်အတွက်ကတော့ ရေကန်အသင့် ကြာအသင့်ဆိုတဲ့အတိုင်း ရန်ကုန်မြို့က ကြိုတင်ရောက်ရှိနေကြတဲ့ အကယ်ဒမီ မင်းသားကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



၂၉ လမ်းက ဦးသန်းအောင်တို့ကို အဆင်သင့်တွေ့ရပြီး အမှတ်တရ ဆင်တုံးမန္တယ် ဇရပ်မှာ အကျအန တည်းခိုခဲ့ရပါတယ်။ ရောက်ရောက်ချင်းပဲ အကယ်ဒမီ မင်းသားကြီးရဲ့ ကျေးဇူးကြောင့် ရွှေပေါ်ကျွန်းဆရာတော်ကိုလဲ အနီးကပ် ဖူးမျှော်ကန်တော့ခွင့်ရခဲ့ ပါတယ်။ အဲဒီ တပေါင်းလပြည့်နေ့မှာ ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး ကိုယ်တိုင် ကမကထလုပ်ပြီး ဦးစီးကျင်းပတဲ့ ၈ ကြိမ်မြောက် တဝစေတီ ဗုဒ္ဓပူဇနီယပွဲ၊ ၁၁ ကြိမ်မြောက် ကထိန်မင်္ဂလာ ပွဲနဲ့ မြန်မာနိုင်ငံ အရပ်ရပ်က ကြွရောက်တော်မူလာကြတဲ့ ဆရာတော် သံဃာတော်အပါး ၂၀၀ ကျော် ဆွမ်းဆန်စိမ်း လောင်းလှူပွဲစတဲ့ သာသနာရေးဆိုင်ရာ အလှူပွဲတွေကို ကိုယ်တိုင် ကြည်ညိုခွင့် ရခဲ့ပါတယ်။

နေ့ခင်းဘက်မှာ အဲဒီအလှူပွဲတွေကို ကြည်ညိုခဲ့ရသလို ညဘက်ကျတော့လဲ ရှားရှားပါးပါး နှစ်ပေါင်းများစွာ မကြည့်ရတာ ကြာပြီဖြစ်တဲ့ မြို့တော်အင်အားစုရဲ့ ဇာတ်ပွဲသဘင်ကိုလဲ ဗီဗီပြင်ပြင် ကြည့်ခဲ့မြင်ခဲ့ရပါတယ်။ ရန်ကုန်မှာ ဇာတ်ပွဲတွေ မကြည့်ရတာ ဆယ်နှစ်လောက် ရှိနေပြီမို့ အဲဒီညက ရွှေပေါ်ကျွန်းမှာ ပရိသတ် လေးငါးထောင်ဆန့်တဲ့ ဇာတ်ရုံကြီးထဲက ဖိတ်ဖိတ်တောက်နေတဲ့ ကတ္တီပါ ကားလိပ်ကြီးတွေနဲ့ သားသားနားနား ဝတ်စားဆင်ယင်ထားကြတဲ့ 'မြို့တော်အင်အားစု' အနုပညာရှင်တွေရဲ့ အဆိုအကတွေအပြင် မောင်ရင်လောင်း သရုပ်ဖော်ပြဇာတ်မှာ နာမည်ကျော် မြို့တော်ပေါ်စံကိုပါ ဇာတ်ခုံပေါ်မှာ အရှင်လတ်လတ် ကြည့်ခဲ့မြင်ခဲ့ရလို့ အားရကျေနပ်ခဲ့ရပါတယ်။

အထူးခြားဆုံးနဲ့ အံ့ဩစရာ အကောင်းဆုံးကတော့ အဲဒီ တပေါင်းလပြည့်နေ့ မနက်က ရွှေပေါ်ကျွန်းဆရာတော်ရဲ့ အလှူဒါနပါပဲ။ အဲဒီနေ့မှာ တစ်နိုင်ငံလုံးမှ လာသမျှ ပရိသတ်အားလုံးကို ဆရာတော်က နံနက်စာ ထမင်းကျွေးပြီး အလှူကြီး ပေးခဲ့ပါတယ်။ 'အာဟာရသုခ'ဆိုတဲ့





ထမင်းစားဆောင်ကြီးထဲမှာ တစ်ခါကျွေးရင် လူ(၇၀၀) သွင်းပြီး စုစုပေါင်း ၁၅ ခါတိတိ လူပေါင်းတစ်သောင်းကျော် အလှူကြီးပေးပြီး ကျွေးမွေးခဲ့တဲ့ ရွှေပေါ်ကျွန်းဆရာတော်ရဲ့ ဒါနအတွက် သာဓုသုံးကြိမ် လှိုက်လှဲစွာ ခေါ်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရွာရိုးကိုးပေါက် ပျင်းခြောက်ခြောက်

အင်း. . . သည်တစ်လ 'ရွာရိုးကိုးပေါက်'ကတော့ ပျင်းခြောက်ခြောက်ကြီး ဖြစ်တော့မယ်ထင်ပါရဲ့။ ဘာကြောင့်လဲဆိုတော့ ဟိုအရင့်အရင်လတွေတုန်းက အထက်အညာ မုံရွာ၊ မန္တလေးဘက် ခရီးထွက်ခဲ့တဲ့အကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းက တောင်ကြီး၊ အင်းလေး၊ ကလောစတဲ့ ဒေသတွေ ရောက်ခဲ့တဲ့အကြောင်း . . . ၊ စာပေဟောပြောပွဲအတွက် ကရင်ပြည်နယ်၊ ဘားအံမြို့တော်ကို ရေးဘော်ရေးဘက်များနဲ့ သွားခဲ့ လာခဲ့ ဟောခဲ့ ပြောခဲ့ရတဲ့အကြောင်း၊ မိတ္ထီလာ၊ မလှိုင်မြို့နယ်အတွင်းက ပင်းတလဲ တဲစုတ်စလျှော်က် ရွာရိုးကိုးပေါက်သွားရင်း လာရင်းနဲ့ ထင်ရှားကျော်ကြားလှတဲ့ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကို ဖူးမြော်ကန်တော့ခဲ့ရတဲ့အကြောင်း၊ ရောက်ခဲ့ပေါက်ခဲ့သမျှ အမြို့မြို့ အရွာရွာမှာ မြင်ခဲ့ တွေ့ခဲ့ ကြုံခဲ့တာတွေကို ဝေဝေဆာဆာနဲ့ လစဉ် ရေးလာလိုက်တာ ရေးစရာအကြောင်းအရာတွေက များလွန်းလို့ ရွာရိုးကိုးပေါက်ကနေ ဆယ်ပေါက် ဆယ့်တစ်ပေါက်အထိ ဖြစ်သွားခဲ့တဲ့အတွက် မိုးဂျာနယ် အယ်ဒီတာများကတောင် မျက်မာန်တော်ညှိုးပြီး စိတ်ဆိုးခဲ့ကြရပါတယ်။

အခု သည်လ သည်တစ်ခါကျပြန်တော့ ရန်ကုန်ကဘယ်မှ ခရီးမထွက်ဖြစ်ဘဲ၊ (ဧပြီလ ပထမပတ်က၊ မေလ တတိယပတ်အထိ) တစ်လခွဲကျော်ကျော် နှစ်လနီးပါး ရန်ကုန်မှာနေ၊ ရန်ကုန်မှာအိပ်၊ ရန်ကုန်မှာစားပြီး





ရွာရိုးကိုးပေါက် ဘယ်မှမရောက်၊ ဘယ်မှ မသွားရတော့၊ သည်သည်ရွာရိုးကိုးပေါက် ရေးရတာ ပျင်းခြောက်ခြောက်ကြီးဖြစ်နေပါတယ်။

**ဆရာကြီးဦးရန်အောင်၏ အလှူဒါနများ**

ဒါပေမယ့် အကယ့်တကယ် ပြန်စဉ်းစားကြည့်လိုက်တော့ ဧပြီလဆန်းစ မိတ္ထီလာက ပြန်ရောက်ပြီး ဒီနေ့အထိ ရန်ကုန်က တစ်ဖဝါးမှမခွာဘဲ ရွာရိုးကိုးပေါက် ဘယ်မှ မရောက်ပေမယ့် ဒီရက်တွေအတွင်း အိမ်ထဲကအိမ်ပြင် မထွက်ဘဲ ငြိမ်နေခဲ့တာတော့ မဟုတ်ပါဘူး။ နေ့စဉ်လိုလို မနက်မိုးလင်းက ညနေမိုးချုပ်တဲ့အထိ အိမ်မကပ်ဘဲ မြို့လုံးပတ်လည် သွားလာနေခဲ့တာမို့ စာပေအနုပညာနယ်က သတင်းအတိုအထွာ ကလေးတွေရေးမယ်ဆိုရင် ရေးစရာရှိနေပါတယ်။

ဒါကြောင့် ဒီတစ်လခွဲလောက်အတွင်း ရွာရိုးကိုးပေါက် မရောက်ခဲ့ပေမယ့်၊ မြို့လုံးပတ်လည် သွားခဲ့ လာခဲ့၊ ရောက်ခဲ့ ပေါက်ခဲ့တဲ့ နေရာတွေနဲ့ပတ်သက်လို့ အစီရင်ခံရမယ်ဆိုရင် ကွယ်လွန်သူ ပန်းချီမောင်ငွေထွန်းအတွက် တစ်လပြည့်တဲ့ အထိမ်းအမှတ် ကျင်းပခဲ့တဲ့ ဆွမ်းကျွေးပွဲကလေးကို ရောက်ခဲ့တဲ့အကြောင်း ရေးချင်ပါသေးတယ်။

ကျွန်တော်ဟာ ပန်းချီမောင်ငွေထွန်း ကွယ်လွန်ခဲ့တဲ့ မတ်လ ၂၃ ရက်နေ့က ရန်ကုန်မှာမရှိဘဲ မိတ္ထီလာဘက် ခရီးထွက်နေတာမို့ သူ့ဈာပနကို မပို့လိုက်ရပါဘူး။ ဒါကြောင့် အခု သူကွယ်လွန်ခဲ့တာ တစ်လပြည့်လို့ ဆွမ်းကျွေးတော့မှပဲ ဆရာကြီး ဦးရန်အောင်ရဲ့ သတိပေးနှိုးဆော်ချက်ကြောင့် မပျက်မကွက် ဆက်ဆက်သွား ရောက်ခဲ့ရပါတယ်။

ဒီနေရာမှာ အခါသင့်လို့ အခွင့်ကြုံတုန်း ဆရာကြီးဦးရန်အောင်ရဲ့ သူမတူအောင် ထူးခြားတဲ့ စေတနာနဲ့ အလှူဒါနများ အကြောင်း အတိုချုံးပြီး အကျဉ်းရုံး ပြောချင်ပါသေးတယ်။ ဆရာကြီး ဦးရန်အောင်က အခုဆိုရင် အသက် ၈၈ နှစ် (၉၀နီးပါး)ရှိပြီမို့ ကျွန်တော်တို့ စာပေနယ်မှာ

www.burmeseclassic.com



အသက်အရွယ်အကြီးဆုံး 'စာပေ ဘိုးအေကြီး'လို့တောင် ခေါ်နိုင်ပါတယ်။

ဆရာကြီးဟာ အသက်ကြီးမှ အိုဇာတာကောင်းပြီး သူ့အိမ်မှာ သူတိုးကွယ်ထားတဲ့ မဟိဗြွာ ဘိုးဘိုးကြီးရဲ့ ကျေးဇူးကြောင့် ငွေရေး ကြေးရေးအရ မပူပင် မကြောင့်ကြရဘဲ ပြည့်စုံကြွယ်ဝနေပါတယ်။ အဲဒီမှာ ဆရာကြီးရဲ့ ထူးခြားတဲ့ ဝိသေသ လက္ခဏာက တခြားမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၀နှစ် ၁၅နှစ်ကျော်ကျော်က သားသမီး ငါးယောက်နဲ့ စားဝတ်နေရေး ကြပ်တည်းခက်ခဲနေတုန်းက ငွေကြေးချောင်လည်နေတဲ့ မိတ်ဆွေအပေါင်း အသင်းတွေနဲ့ စာပေရောင်းရင်းတွေဆီကို လှည့်လည်သွားလာပြီး ငါးကျပ် တစ်ဆယ်ကအစ ရိုးသားစွာ အကူအညီ တောင်းခံခဲ့ရတဲ့ ဆရာကြီး ဦးရန် အောင်ဟာ ဒီနေ့ အိုဇာတာ ကောင်းပြီး အကျိုးပေးချိန်တန်လို့ ငွေရေး ကြေးရေး ပြည့်စုံပိုလျှံလာတဲ့အခါမှာ အဲဒီ စာပေရောင်းရင်းတွေနဲ့ မိတ်ဆွေ အပေါင်းအသင်းတွေကို ရာဂဏန်း၊ ထောင်ဂဏန်းမကဘဲ သောင်းဂဏန်း အထိ အတွဲ့အလှည့်အားဖြင့် ကူညီပေးကမ်း ချေးငှားထောက်ပံ့နေတာ တွေ့ရပါတယ်။

ဆရာကြီး ဦးရန်အောင်ရဲ့ ထူးခြားလှတဲ့ စေတနာကို ပုံနှေးနှေး ဥပမာပေးရရင် ဆရာစိန်ခင်မောင်ရီ မမာမကျန်းဖြစ်နေတုန်းက ဆေးဖိုး ဝါးခ နှစ်ထောင်ကျော် သုံးထောင်နီးပါး ကူညီထောက်ပံ့ခဲ့သလို ကွယ် လွန်ခါနီး နှစ်ရက်သုံးရက်အလိုမှာ ငွေ ၃၀၀၀ကျပ် သွားရောက် ထောက်ပံ့ ခဲ့သလို ကွယ်လွန်သူ ဆရာကြီးဒဂုန်ဦးစန်းငွေတုန်းကလဲ ဆေးဖိုးဝါးခနဲ့ ဈာပနစရိတ် စုစုပေါင်း တစ်သောင်းနီးပါး ကူညီခဲ့ပါတယ်။ အခု ကွယ်လွန် သူ ပန်းချီမောင်ငွေထွန်းရဲ့ ဈာပနမှာလဲ ငွေ ၁၀၀၀ကျပ် ထောက်ပံ့ခဲ့တယ် လို့ သိရပါတယ်။ ဆရာကြီးရဲ့ သူမတူအောင် ထူးခြားလှတဲ့ အလှူဒါနများနဲ့ ပတ်သက်လို့ကတော့ ရေးမကုန်အောင် ရှိနေတာမို့ နောက်တစ်ခါ အခွင့် သာမှပဲ ရေးပါဦးမယ်။





**အနုပညာလက်ရာကောင်းများ**

အဲဒီနေ့က ဆရာကြီး ဦးရန်အောင်နဲ့ ကျွန်တော်တို့အပြင် ပန်းချီ မောင်ငွေထွန်းရဲ့ ဆွမ်းကျွေးပွဲမှာ မှတ်မှတ်ရရ တွေ့ခဲ့သူကတော့ ကွယ်လွန် သူ ဗဂျီအောင်စိုးရဲ့ဇနီး ဒေါ်အမာပါပဲ။ ကျွန်တော်ဟာ အဲဒီနေ့က တိုက် တိုက်ဆိုင်ဆိုင် အမှတ်တရတွေ့ခဲ့ရတဲ့ ကွယ်လွန်သူ ဗဂျီအောင်စိုးရဲ့ ဇနီးနဲ့ ကွယ်လွန်သူ ပန်းချီမောင်ငွေထွန်းရဲ့ ဇနီးတို့ကို ကြည့်ပြီး ဘဝတူမုဆိုးမ နှစ်ယောက်ရဲ့ အဖြစ်ကို နှိုင်းယှဉ်စဉ်းစားပြီး တရားရမိခဲ့ပါတယ်။

ပန်းချီမောင်ငွေထွန်းအိမ်မှာ နာရီဝက်လောက်နေပြီး ပြန်အလာ နောက်တစ်ခု ကျွန်တော်စဉ်းစားမိတာကတော့ သူ့အိမ်က နံရံတွေမှာ ချိတ်ထားတဲ့ ပန်းချီကားတွေပါပဲ။ အဲဒီကားတွေထဲမှာ မောင်ငွေထွန်းရဲ့ ပန်းချီကားတွေကို တွေ့ခဲ့ရသလို ကွယ်လွန်သူ ဆရာဦးဘရင်ကလေး အပါ အဝင် ကျော်ကြားတဲ့ မြန်မာပန်းချီ ဆရာကြီးတွေရဲ့ ကားတွေကို အများ အပြား မြင်ခဲ့တွေ့ခဲ့ရပါတယ်။ အဲဒါတွေကြည့်ပြီး ကျွန်တော်စဉ်းစားမိတာ က တခြားမဟုတ်ပါဘူး။ ကွယ်လွန်သူ နာမည်ကျော် ပန်းချီဆရာကြီး များရဲ့ ရှားပါးပြောင်မြောက်လှတဲ့ အနုပညာလက်ရာတွေကို အခုလို အိမ်တစ်အိမ်မှာ လူမသိ သူမသိ ချိတ်ဆွဲထားတာထက် ဒီနေ့ ရန်ကုန်မြို့ ပေါ်မှာ အထင်ကရဖွင့်လှစ်ထားကြတဲ့ ဗိသုကာနီး၊ ထရက်ရှား၊ အမ်သာကွန်း စီတွ၊ မွန်းစတဲ့ ပန်းချီပြခန်းတွေမှာ ချိတ်ဆွဲပြသထားနိုင်ရင် ပိုပြီးအကျိုး ရှိမှာပဲဆိုတဲ့ အချက်ပါပဲ။ နို့မို့ရင် ဒီပန်းချီကားတွေဟာ လူမသိ သူမသိ သိုက်ရဘဲ နှစ်ပရိစ္ဆေဒ ကြာညောင်းပြီး ဟောင်းနွမ်း ပျက်စီးပျောက်ကွယ် သွားမှာစိုးရတဲ့အတွက် ဒီပြသနာကို သက်ဆိုင်ရာ ပန်းချီဆရာများ စဉ်းစား သင့်ကြပါတယ်။

**အထောက်တော် တစ်လပြည့်ခဲ့ပြီ**

ကျွန်တော်ရောက်ခဲ့တဲ့ နောက်တစ်နေရာကတော့ ကွယ်လွန်သူ



www.burmeseclassic.com

www.burmeseclassic.com



အငယောက်တော်လှအောင်ရဲ့ တစ်လပြည့်တဲ့ ဆွမ်းကျွေး အလှူပွဲကလေးပါပဲ။ အဲဒီဆွမ်းကျွေးတဲ့ အလှူပွဲကလေးကိုလဲ မဟေသီမဂ္ဂဇင်းက အယ်ဒီတာချုပ် ဆရာမှူးသမိန်နဲ့ ချိန်းပြီး မေလ ၇-ရက်နေ့က မဟေသီအယ်ဒီတာများဖြစ်ကြတဲ့ ဆရာခင်မောင်မြင့်၊ ဆရာဆောင်းဝင်းလတ်တို့နဲ့အတူ သွားရောက်ခဲ့ကြပါတယ်။ အငယောက်တော်လှအောင်ဟာ အပေါင်းအသင်းများတဲ့ စာနယ်ဇင်း သမားတစ်ယောက်ဖြစ်တဲ့အတိုင်း သူ့ရွာပနမှာ စည်စည်ကားကား ရှိခဲ့သလို တစ်လပြည့်တဲ့ ဆွမ်းကျွေးပွဲမှာလဲ စာနယ်ဇင်းသမားတွေ တော်တော်များများ တွေ့ခဲ့ပါတယ်။ မတွေ့မမြင်ရတာ ကြာပြီဖြစ်တဲ့ စာရေးဆရာအောင်ပြည့်၊ တင်မောင်မြင့်စတဲ့ အငယောက်တော်လှအောင်ရဲ့ တစ်ခါက လုပ်ဖော်ကိုင်ဘက်တွေနဲ့ တွေ့ခဲ့ရသလို ခင်ဆွေဦး၊ မသီတာ (စမ်းချောင်း)တို့နဲ့ ပန်းချီမောင်မောင်သိုက်၊ ဝသုန်၊ မောင်ညိုဝင်း၊ မောင်ကျော်သောင်း၊ မောင်စံတိုး၊ မမွှေး၊ မြေဇာ၊ ငွေကြည်၊ ရွှေမင်းသားစတဲ့ ပန်းချီဆရာ၊ ကာတွန်းဆရာတွေလဲ စုံစုံလင်လင်တွေ့ခဲ့ရပါတယ်။

## မဲဇာမှ မွေးနေ့ပွဲသို့

အဲဒီလို ပန်းချီမောင်ငွေထွန်းနဲ့ အငယောက်တော်လှအောင်တို့ရဲ့ တစ်လပြည့် ကွယ်လွန်တဲ့ အထိမ်းအမှတ် ဆွမ်းကျွေးပွဲတွေကို တက်ရောက်ခဲ့ရပြီး၊ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ မွေးနေ့အခမ်းအနားတစ်ခုကိုလဲ မေလ ၁၀-ရက်နေ့က သွားရောက်ခဲ့ရပါတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ "မိမိကိုယ်ကို မိမိ မဲဇာပို့ခြင်း" ဆိုတဲ့ ကဗျာတစ်ပုဒ် ရေးထုတ်ခဲ့ရာက စာသမား ကဗျာသမားတွေကြားမှာ 'မဲဇာ'လို့ ထင်ရှားနေတဲ့ မော်ဘီက ဆရာဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနားပါပဲ။

မဲဇာမှာ ဒဂုန်တာရာရဲ့ မွေးနေ့ အခမ်းအနား ကျင်းပခဲ့ကြတာ ငါးနှစ်ရှိပါပြီ။ အခု ၁၉၉၂-ခု မေလမှာ ဒဂုန်တာရာဟာ အသက် ၇၃-နှစ်ပြည့်လို့ ၇၄-နှစ်ထဲ ရောက်လာခဲ့ပါပြီ။ ကျွန်တော် မှတ်သားမိသ





လောက် ဒဂုန်တာရာနဲ့ ထင်လင်းတို့ သော်တာဆွေတို့ဟာ သက်တူရွယ်တူတွေ ဖြစ်ကြပါတယ်။

လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ဒဂုန်တာရာရဲ့ မွေးနေ့ စတင်ကျင်းပခဲ့ရာမှာ အခမ်းအနားသဘောမျိုး မဟုတ်ဘဲ လူငယ် ကဗျာဆရာအချို့က သူတို့ လေးစားမြတ်နိုးတဲ့ ကဗျာဆရာကြီး ဒဂုန်တာရာကို ဂုဏ်ပြုတဲ့ အနေနဲ့ ရန်ကုန်မြို့က စားစရာ သောက် စရာတွေ ဝယ်သွားပြီး မဲဇာ (မော်ဘီ)မှာ အမှတ်တရ ဆုံစည်းခဲ့ကြတဲ့ (Gathering) သဘောကလေးပါပဲ။ အဲဒီတုန်းက လူအရေအတွက်ကလည်း သိပ်မများပါဘူး။ အားလုံးပေါင်းမှ ဆယ့်လေးငါးယောက် လောက်ပဲရှိပါတယ်။ ဒါပေမယ့် နောင်နှစ် နောင်နှစ်တွေကျတော့ ဒဂုန်တာရာရဲ့သူငယ်ချင်း၊ မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ စာရေး ဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာတွေပါ ဒီပွဲကလေးကို တက်ရောက် လာခဲ့ကြရာက တစ်နှစ်ထက် တစ်နှစ် စည်ကားလာပြီး ပရိသတ် တစ်ရာကျော် နှစ်ရာနီးပါးအထိ ဖြစ်လာပါတယ်။ ဒီလိုနဲ့ မဲဇာက ဆရာဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနားဟာ ရန်ကုန်မြို့က စာသမား၊ ကဗျာသမားများနဲ့ အနုပညာရှင်တွေသာမက မန္တလေး၊ တောင်ငူ၊ ပျဉ်းမနားနဲ့ မြစ်ဝကျွန်းပေါ်က လူငယ်တွေပါ ဆုံဆည်း စုဝေးကြတဲ့ ရိုးရာအစဉ်အလာ စာပေပွဲကလေး တစ်ပွဲဖြစ်လာခဲ့ပါတယ်။

ဒဂုန်တာရာနဲ့ စာပေနယ်မှာ နှစ်ပေါင်း ၃၀ ကျော် လက်တွဲလာခဲ့ရာက 'ဂုန်-ယုန်ဂိုဏ်း'လို့တောင် ကင်ပွန်းတပ်ခံခဲ့ရပြီး ကမ္ဘာငြိမ်းချမ်း တွန်ဂရက် အပါအဝင် လူထုလူတန်းစား အဖွဲ့အစည်းတွေမှာလဲ ရဲဘော်ရဲဘက် တစ်ယောက်အနေနဲ့ နှစ်ပေါင်းများစွာ တွဲလာခဲ့တဲ့ ကျွန်တော်တာလဲ ဒဂုန်တာရာရဲ့ မဲဇာက မွေးနေ့ပွဲကို နှစ်စဉ်လိုလို ရောက်ခဲ့ပါတယ်။ မွေးနေ့ပွဲ မဟုတ်ဘဲနဲ့လဲ ရန်ကုန်မှာ နေရထိုင်ရတာ ငြီးငွေ့တဲ့အခါတိုင်း၊ မဲဇာကို ကျွန်တော် မကြာခဏ သွားပြီး ရံဖန်ရံခါ အဲဒီမှာပဲ ညအိပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်တာရာနဲ့ ရွှေဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို စကားလက်ဆုံ ပြောဖြစ်ခဲ့ကြပါတယ်။)

**မွေးနေ့လက်ဆောင် ပန်းချီကားများ**

ဒီနှစ်မှာလဲ ကျွန်တော်ဟာ ဒဂုန်တာရာရဲ့ မွေးနေ့ပွဲကို ရိုးရာ မပျက်တက်ရောက်ဖို့ မေလ ၁၀-ရက်နေ့ မနက်မှာ ကိုယ်ပိုင်ကားရှိတဲ့ မင်းသစ်နဲ့ လှည်းတန်းထိပ်မှာ ချိန်းပြီး သူနဲ့အတူသွားဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် ထုံးစံအတိုင်း လိုင်းပေါင်းစုံလုပ်နေတဲ့ ဘိုင်အိုမင်းသစ်ဟာ မနက် ၆-နာရီတိတိ ချိန်းထားပြီး ၆-နာရီ မိနစ် ၃၀အထိ ရောက်မလာတဲ့အတွက် ကျွန်တော် ခါတိုင်းသွားနေကျ အဝေးပြေးကားဂိတ်ကလာတဲ့ တိုက်ကြီး လိုင်းကားကိုပဲစီးပြီး မဲဇာကို လာခဲ့ရပါတယ်။

မနက် ၇-နာရီခွဲမှာ ဒဂုန်တာရာရဲ့ မဲဇာက တိုက်ခန်း ကလေးကို ကျွန်တော်ရောက်သွားတော့ ကျွန်တော့်ထက်စောပြီး ကိုယ်ပိုင်ကား အသီးသီးနဲ့ ရောက်နေကြတဲ့ ဆရာတက်တိုး၊ ဒေါ်နုယဉ်တို့ ဇနီးမောင်နှံနဲ့ မောင်စိမ်းနီတို့အဖွဲ့ကို တွေ့ရပါတယ်။ အဲဒီကမှတဆင့် မော်ဘီ ဘောလုံးစက်ရုံနဲ့ မလှမ်းမကမ်းမှာ မွေးနေ့ အခမ်းအနားအတွက် ပြင်ဆင်ထားတဲ့ ဘုန်းတော်ကြီးကျောင်းကို ကားနှစ်စီးနဲ့ လာခဲ့ကြပါတယ်။

ခါတိုင်းနှစ်တွေမှာ မနက် ၈ နာရီလောက်ဆိုရင် ပရိသတ် တော်တော်များများ ရောက်နေကြပေမယ့် ဒီနှစ်တော့ ၁၅ ယောက် ၂၀လောက်ပဲ ရှိနေတာမို့ ဒီနှစ် ဒဂုန်တာရာရဲ့ မွေးနေ့ပွဲဟာ နည်းနည်းနဲ့ ကျဲကျဲပိုင်းရ တော့မှာပဲလို့ ကျွန်တော် ထင်လိုက်မိပါတယ်။ ဒါပေမယ့် ၉ နာရီခွဲ သာသာ ၁၀ နာရီမထိုးမထိုးခင်မှာပဲ ရန်ကုန်နဲ့ ၃၃ မိုင်ခရီးကို ကိုယ့် နည်းကိုယ်ဟန်နဲ့ လာခဲ့ကြတဲ့ ပရိသတ်ဟာ တဖွဲဖွဲနဲ့ ရောက်လာလိုက်ကြ တာ ၁၁ နာရီလောက်မှာ စုစုပေါင်း တစ်ရာ့လေးငါးဆယ်လောက် ဖြစ် သွားပြီး ကျောင်းအပေါ်ထပ် တစ်ထပ်လုံး ပြည့်သွားခဲ့ပါတယ်။





အဲဒီထဲမှာ ဆရာပါရဂူ၊ မြသန်းတင့်တို့လို လူကြီးပိုင်း စာရေး ဆရာများနဲ့ ဆောင်းဝင်းလတ်၊ နေဝင်းမြင့်၊ မောင်ခိုင်မာ၊ အောင်ဇင်မင်း စတဲ့ လူလတ်ပိုင်း စာရေးဆရာများ၊ ကဗျာဆရာများအပြင် မသီတာ (စမ်းချောင်း)၊ စမ်းစမ်းတင်၊ ခင်ပန်နှင်း၊ ခက်မာ စတဲ့ စာရေးဆရာမများပါ စုံစုံလင်လင်တွေ့ရပါတယ်။ အဲဒါအပြင် တခြား ကျွန်တော်မသိတဲ့ လူငယ် ကဗျာဆရာလေးတွေနဲ့ တောင်ငူ၊ ပျဉ်းမနား၊ မြစ်ဝကျွန်းပေါ် စတဲ့ တခြား မြို့တွေက စာသမား၊ ကဗျာသမားတွေလဲ ရောက်လာကြပါတယ်။ မအူပင်က လူငယ်ပန်းချီဆရာ မောင်လေးအောင်ကလဲ မနှစ်က ဆရာဒဂုန်တာ ရာရဲ့ ပုံတူ ပန်းချီကားကြီးနဲ့ မွေးနေ့လက်ဆောင် ကန်တော့ခဲ့သလို ဒီနှစ် မှာလဲ ပုံတူပန်းချီကား (၂၀" X ၃၀") ရေးဆွဲပြီး မွေးနေ့လက်ဆောင် ကန်တော့ပါတယ်။ အဲဒါအပြင် ပန်းချီပညာကို ဝါသနာအလျောက် မတောက်တခေါက် လေ့လာလိုက်စားနေတဲ့ စာရေးဆရာ ဆောင်းဝင်း လတ်ကလဲ "ကျွန်တော် မနေ့ညကမှ စိတ်ကူးရလို့ ဆရာဒဂုန်တာရာ အတွက် မွေးနေ့လက်ဆောင် ပန်းချီကား တစ်ကား ဆွဲလာခဲ့ပါတယ်။ အဲဒါ ဆရာပဲ ဒဂုန်တာရာကို ပေးပေးပါ"ဆိုပြီး ဒဂုန်တာရာနဲ့ ပတ်သက်လို့ သူမြင်သလို ရေးဆွဲထားတဲ့ မော်ဒန်ပန်းချီ ကားတစ်ကားကို ကျွန်တော့်ကို လာပေးပါတယ်။

**သူတို့အမြင် သူတို့အပြော**

အဲဒီနေ့က အဲဒီအခမ်းအနားမှာ ဆရာတက်တိုး၊ ဆရာ ပါရဂူ၊ မြသန်းတင့်နဲ့ ကျွန်တော်တို့ လေးယောက်စကားပြောခဲ့ကြပါတယ်။ ဆရာ တက်တိုး ပြောတဲ့အထဲမှာ ဒဂုန်တာရာနဲ့သူနဲ့ တက္ကသိုလ်ကျောင်းသားဘဝ တုန်းက ရွှေဖြစ်ဟောင်းကလေးတွေ ပြန်ပြောရင်း "ငွေမြိုင်ဟာ အဲဒီက တည်းက အင်မတန် အငြင်းသန်တယ်။ ကျွန်တော်နဲ့ သူနဲ့ဆိုရင် ခဏခဏ ငြင်းရခုန်ရတယ်။ တစ်ခါတလေ ရန်ဖြစ်တဲ့အထိ အော်ကြီးဟစ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ငြင်းကြတာပါပဲ။ ဒါပေမယ့် ငြင်းလို့ ခုန်လို့လဲပြီးရော နှစ်ယောက်သား လက်ဖက်ရည်ဆိုင် အတူသွားပြီး လက်ဖက်ရည် ထွက်သောက်ကြတာပါပဲ . . . "လို့ ထည့်ပြောသွားတာဟာ အင်မတန် မှတ်သားစရာကောင်းပါတယ်။

အင်မတန် စကားပြောခဲ့တဲ့ ဆရာပါရဂူကလဲ ဒီပွဲမှာ နာရီဝက်နီးပါးလောက် စိတ်ပါလက်ပါ ပြောသွားပါတယ်။ သူနဲ့ ဒဂုန်တာရာနဲ့ စတွေ့တော့ သူက သက်နိုးဝတ်ဘဝမှာပဲရှိသေးကြောင်း၊ အခု နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့ကြပြီး လူချင်းရင်းနှီးလာတော့ သူ့ထက် ကျွန်တော်က သုံးနှစ်ကြီးတယ်ဆိုပြီး လူတွေကြားထဲမှာ ခဏခဏ ပြောတတ်ကြောင်း . . . စတာတွေကို ပြောရင်းနဲ့ "ဒီနေ့ မနက် ဒီနေရာမှာ ဒဂုန်တာရာရဲ့ မွေးနေ့ ကျင်းပနေသလို ဒီနေ့ ညနေ ရာမာကရစ်ရှနာခန်းမဆောင်မှာလဲ ရာဘင်ဒြာနတ်တဂိုးရဲ့ မွေးနေ့ပွဲ ကျင်းပဖို့ ရှိနေပါတယ်၊ ထင်ရှားကျော်ကြားတဲ့ ကဗျာ ဆရာကြီးနှစ်ယောက်ရဲ့ မွေးနေ့အခမ်းအနား နှစ်ခုဟာ တစ်နေ့ထဲမှာ ကျင်းပကြတာဟာ ထူးခြားတဲ့ တိုက်ဆိုင်မှုပါပဲ"လို့ အမှတ်တရ ပြောသွားပါတယ်။

မြသန်းတင့်ကတော့ ဒဂုန်တာရာဟာ စကားပြေသမားမဟုတ်ဘဲ ကဗျာသမားဖြစ်တဲ့အကြောင်း တစ်နေ့ကျရင် စာရေးဦး မယ်လို့ ကြေညာပြီး ဒဂုန်တာရာဟာ အသက်ကြီးပေမယ့် တူအရွယ်၊ သားအရွယ် လူငယ်တွေနဲ့ ထပ်တူထပ်မျှ အတွေးအခေါ် အယူအဆတွေ ခေတ်မီနေကြောင်းများကို အဓိကထားပြီး ပြောကြားသွားပါတယ်။

ကျွန်တော့်အလှည့်မှာတော့ ဒဂုန်တာရာနဲ့ လင်းယုန်မောင်မောင်ဟာ 'ဂုန်ယုန်ဂိုဏ်း'လို့ ကင်ပွန်းတပ်ခံရတဲ့အထိ စာပေနယ်မှာ ရင်းနှီးခဲ့ကြောင်းနဲ့ ကွယ်လွန်တဲ့နေ့ မွေးနေ့စတဲ့ အထိမ်းအမှတ်များ ကျင်းပကြတာဟာ 'သေတစ်နေ့ မွေးတစ်နေ့'ဆိုတဲ့ စကားအရ၊ မွေးတဲ့နေ့က သေတဲ့





နေ့အထိ မသေခင် နေ့ပေါင်းများစွာ အများပြည်သူအကျိုးစီးပွားကို ဆောင်ရွက်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေအတွက် ကျင်းပကြတာဖြစ်တဲ့အကြောင်း အတိုချုံးပြီး အမှာစကား ပြောကြားခဲ့ပါတယ်။ ပြီးတော့ ဒဂုန်တာရာရဲ့ မွေးနေ့ကို နှစ်တစ်ရာပြည့် မွေးနေ့အထိ ကျင်းပနိုင်ပါစေလို့လဲ ဆုတောင်းခဲ့ပါတယ်။

အဲဒီနောက် စာရေးဆရာ နေဝင်းမြင့်၊ ကဗျာဆရာ မောင်ခိုင်မာနဲ့ အောင်ဇင်မင်းတို့ကလဲ မကြာခင် ထုတ်ဝေဖို့ စီစဉ်နေတဲ့ ဒဂုန်တာရာ ရောင်စုံရုပ်ပုံလွှာ စာအုပ်မှာ သူတို့ရေးခဲ့တဲ့ အကြောင်း အရာတွေနဲ့ ဒဂုန်တာရာအပေါ် သူတို့ရဲ့ ရှုမြင်ခဲ့ပုံတွေကို ပြောပြခဲ့ ကြပါတယ်။ အဲဒီနောက် လူရွယ်တွေနဲ့ ဒဂုန်တာရာရဲ့ မွေးနေ့မှာ အခုလို တစ်နှစ်တစ်ခါ ဆုံဆည်းဖြဲတွေ့ကြရတာဟာ အင်မတန် ကျေနပ်ကြည်နူးစရာ ကောင်းလှပါတယ်။

**ဝါးခယ်မမှ ရွှေနဒီ**

ဒီလိုနဲ့ ဒီတစ်လကျော် နှစ်လအတွင်း ခါတိုင်းလို မိုင်ပေါင်းသုံးရာကျော် လေးရာဝေးတဲ့ အထက်အညာ ရွာရိုးကိုးပေါက် မရောက်ခဲ့ရပေမယ့် မိုင်သုံးဆယ်ကျော် လေးဆယ်လောက်ဝေးတဲ့ မဲဇာမော်ဘီခရီးနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။

ဒီအတောအတွင်း 'ရွှေနဒီ'ဆိုတဲ့ ဝါးခယ်မ မဂ္ဂဇင်းအတွက် လဲ သုံးလေးရက်လောက် အပြေးအလွှား အလုပ်များခဲ့ရပါသေးတယ်။ ကျွန်တော်က ဝါးခယ်မသား မဟုတ်လို့ ဝါးခယ်မ မဂ္ဂဇင်း ထုတ်ဝေရေးကို တာဝန် မယူခဲ့ရပေမယ့် ဝါးခယ်မမြို့သူ စာရေး ဆရာမကြီး ခင်နှင်းယုရဲ့ ဆန္ဒတစ်ပုဒ် ဝါးခယ်မ မဂ္ဂဇင်းမှာ မပါပါအောင် စပယ်ရှာ မဂ္ဂဇင်းတိုက်မှာ ဆောက်နေတဲ့ အဲဒီစာမူကို သုံးလေးခါက်လောက် သွားတောင်းလာခဲ့ရပါတယ်၊ အခုတော့ အဲဒီ 'ရွှေနဒီ'ဆိုတဲ့ ဝါးခယ်မ မဂ္ဂဇင်းလဲ ထည်ဝါခမ်းနားစွာ ထွက်လာပြီမို့ မုဒိတာပွားပြီး အားရကျေနပ်မိပါတယ်။

www.burmeseclassic.com



## သာရေးနာရေးနဲ့ ဘာရေးညာရေး

ခြေထောက်မှာ ဗွေပေါက်ပြီး လစဉ်လတိုင်း ဟိုရောက် သည်ရောက်နဲ့ ရွာရိုးကိုးပေါက် လျှောက်သွားနေတဲ့ ကျွန်တော်ဟာ ဧပြီလ သင်္ကြန်ကျပြီးကတည်းက ဒီနေ့ ဇွန်လကုန်အထိ ဘယ်မြို့ ဘယ်ရွာမှ မသွားမလာဘဲ ရန်ကုန်မှာပဲ ခြေချုပ်မိသလို နေလာခဲ့ရတာ နှစ်လခွဲကျော်ကျော် သုံးလနီးပါးကြီးများတောင် ရှိသွားပါပြီ။ ခါတိုင်းလို ဟိုမြို့ သည်ရွာ မသွားမလာရဘဲ ငြီးငွေ့စိတ်ပျက်စရာ ကောင်းလောက်အောင် ကားသံ လူသံတွေနဲ့ ဆူညံနေတဲ့ ရန်ကုန်မြို့ကြီးမှာ ရက်ပေါင်း ၇၀ကျော် မလွဲသာ မရှောင်သာ နေလာခဲ့ရတဲ့အတွက် ကျွန်တော့်မှာ 'ယောင်တောင်တောင် ကြောင်တက်တက်-မောင်းကျောက်မှန်တဲ့ကြက်'လို ဖြစ်နေခဲ့ရပါတယ်။

ဒါပမယ့် "အကျိုးထဲမှာ အကြောင်းရှာ၊ အဆိုးထဲမှာ အကောင်းပါ" ဆိုတဲ့ စကားအတိုင်း ဘယ်မှ မသွားရဘဲ 'ချည်တိုင်မိတဲ့နွားကြီး'လို ရက်ပေါင်းများစွာ အိမ်မှာပဲ ငြိမ်နေရင်းနဲ့ အင်မတန် စာရေးပျင်းတဲ့ ကျွန်တော်ဟာ ဒီရက်တွေအတွင်း ဓနမဂ္ဂဇင်း၊ အောင်မြင်ရေးမဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်းနဲ့ ဝါးခယ်မမြို့နယ် အသင်းက ထုတ်တဲ့ ရွှေနဒီ မဂ္ဂဇင်းစတဲ့ မဂ္ဂဇင်း လေးငါးခြောက်စောင်မှာ ဆောင်းပါးတို ဆောင်းပါးရှည်တွေ ရေးဖြစ်သွားခဲ့ပါတယ်။ အဲဒီကျတော့မှ အိမ်က ဘယ်မှမထွက်ဘဲ နေ့ရှိသရွေ့ အိမ်မှာပဲကုပ်နေတဲ့ ကျွန်တော့်ရေးဖော်ရေးဖက် ကျောင်းနေဘက်သူငယ်ချင်း မြသန်းတင့်တစ်ယောက် 'တစ်မိုးလုံးဖျောက်ဆိတ်'ဆိုတာလို လစဉ်ထုတ်မဂ္ဂဇင်းတိုင်းလိုလိုမှာ အံ့ဩစရာ ကောင်းလောက်အောင် ကလောင်နာမည်ရင်းနဲ့ရော၊ ကလောင်နာမည်ခွဲတွေနဲ့ပါ ရေးအားကောင်းနေတာ 'ဒါကြောင့်ကိုး'လို့ သဘောပေါက်မိပါတယ်။





ကျွန်တော်ကတော့ စာရေးတာအပြင် သာရေးနာရေး-ဘာရေးညာရေးဆိုတဲ့ လူမှုရေးတွေမှာ အထုံဝါသနာ ပါလွန်းအားကြီးနေတာမို့ နာမည်ကျော် ရုပ်ရှင်မင်းသားတွေထက်တောင် ပိုပြီး 'အောက်ဒိုးတွေ' များနေတတ်ပါတယ်။

ဒါကြောင့်မို့လဲ လွန်ခဲ့တဲ့ ဇွန်လအတွင်းက ရန်ကုန်မြို့က ခွာပြီး ရွာရိုးကိုးပေါက် မရောက်ခဲ့ပေမယ့် 'ကြံတော'ကိုတော့ နှစ်ခေါက်နှစ်ခါတောင် ရောက်ခဲ့ရပါတယ်။ အကြောင်းကတော့ အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း ဒီတစ်လအတွင်း စာရေးဆရာ နှစ်ယောက် ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြရာမှာ တစ်ယောက်က ကျွန်တော်နဲ့ရင်းနှီးတဲ့ စာရေးဆရာမောင်သက်နောင်ဖြစ်ပြီး နောက် တစ်ယောက်ကတော့ ကျွန်တော်နဲ့ ခင်မင်တဲ့ စာရေးဆရာ မောင်လွန်းကြင်တို့ဖြစ်လို့ပါပဲ. . .

## ရင်းနှီးသလားမမေးနဲ့

စာရေးဆရာ မောင်သက်နောင်ဟာ မေလ ၃၁ ရက်နေ့မှာ ကွယ်လွန်ပြီး ဇွန်လ ၂ ရက်နေ့က ကြံတောသုသာန်မှာ သဂြိုဟ်ခဲ့ပါတယ်။ မောင်သက်နောင် ကွယ်လွန်တဲ့ သတင်းကို ဇွန်လ ၁ ရက်နေ့က ဓနမဂ္ဂဇင်းတိုက်ကို စာမူသွားပေးရင်းနဲ့ ကျွန်တော် သိခဲ့ရပါတယ်။ ဓနမဂ္ဂဇင်းတိုက်ကအထွက် မျက်နှာချင်းဆိုင်မှာရှိတဲ့ စာလုပ်ငန်းပုံနှိပ်တိုက်ပိုင်ရှင် မောင်မြတ်တော့ကလဲ မနက်ဖြန် မောင်သက်နောင် ဈာပနကို လိုက်ပို့ကြဖို့ ၃၃-လမ်း လေထန်ကုန်း လက်ဖက်ရည်ဆိုင်မှာ ကားစီစဉ်ထားတဲ့အကြောင်းနဲ့ လိုက်ဖြစ် အောင်လိုက်ပို့ဖို့ ဆော်ဩလိုက်ပါတယ်။ သူမပြောလဲ ကျွန်တော့်စိတ်ထဲမှာတော့ မောင်သက်နောင်ဟာ ကျွန်တော်လိုက်ပို့ရမယ့် ဈာပနစာရင်းမှာ ထိပ်ဆုံးက ပါပြီးသားပါ။ ဘာကြောင့်လဲဆိုတော့ မောင်သက်နောင်ဟာ ကျွန်တော်နဲ့ စာပေလောကမှာ နှစ်ပေါင်း ၃၀ ကျော်ကြီးများတောင် ခင်မင်ပေါင်းသင်း ရင်းနှီးလာခဲ့တဲ့ စာပေရောင်းရင်း တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလို့ပါပဲ။

မောင်သက်နောင် ကွယ်လွန်တဲ့ သတင်းကို ပထမဆုံး ပြောပြခဲ့ကြတဲ့ ခနမဂ္ဂဇင်းအယ်ဒီတာတွေက "မောင်သက်နောင်နဲ့ ဆရာနဲ့ ရင်းနှီးသလား"လို့ ကျွန်တော့်ကို မေးခဲ့ပါတယ်။ သူတို့က ရိုးရိုးသားသားနဲ့ မေးလိုက်တဲ့ မေးခွန်းမို့ ကျွန်တော်ကလဲ တည်တည်ကြည်ကြည်ပဲ 'ရင်းနှီးပါတယ်'လို့ မယုတ်မလွန် ဖြေခဲ့ပါတယ်။ တကယ့်အမှန်အတိုင်း တိတိကျကျနဲ့ ခေတ်ပေါ်မော်ဒန်စကားနဲ့သာ ဖြေရမယ်ဆိုရင် "ရင်းနှီးသလား မမေးနဲ့"လို့ ပြောရပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ မောင်သက်နောင်နဲ့ ကျွန်တော်တို့ဟာ တစ်ချိန်က အတူသွားအတူလာ၊ အတူအိပ်၊ အတူစားပြီး အတူသောက်လာခဲ့ကြတဲ့အထိ ရင်းနှီးခဲ့ကြလို့ပါပဲ။ မောင်သက်နောင်နဲ့ ကျွန်တော်တို့ရဲ့ ခင်မင်ရင်းနှီးမှုအတိုင်းအတာကို အခိုင်အမာ သက်သေအထောက်အထားအဖြစ်နဲ့ အထင်အရှားဖော်ပြနေတဲ့ ဓာတ်ပုံ တစ်ပုံဟာ ကျွန်တော့် အယ်လ်ဘမ်ထဲမှာ ဒီနေ့အထိ မပျက်မစီးဘဲ အကောင်းကြီးရှိနေပါသေးတယ်။ ကျွန်တော်ဟာ ဓာတ်ပုံဝါသနာပါပြီး ဓာတ်ပုံတွေရဲ့ သမိုင်းတန်ဖိုးကို နားလည်ထားလို့ အနှစ်နှစ် အလလက စုဆောင်းထားတဲ့ ဓာတ်ပုံပေါင်း ၅၀၀ကျော် ကျွန်တော့်ဆီမှာ ရှိနေပါတယ်။ အဲဒီထဲက အခုပြောခဲ့တဲ့ မောင်သက်နောင်နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်း သက်သေအထောက်အထား ပြနေတဲ့ ဓာတ်ပုံကို မိုးဂျာနယ်က ရွှာရိုးကိုးပေါက် ပရိသတ်အတွက် အမှတ်တရ ဖော်ပြလိုက်ပါတယ်။

**နှစ်ပေါင်း ၃၀ ကျော်က အမှတ်တရဓာတ်ပုံ**

ဒီဓာတ်ပုံဟာ သာမာန်အားဖြင့်ကြည့်လိုက်ရင်တော့ ဘာမှ ထူးခြားတယ်လို့ မထင်ရပါဘူး။ စက်လှေတစ်စင်းပေါ်မှာ လူလေးငါးယောက် တန်းစီပြီး ထိုင်နေတာကို ရိုက်ထားတဲ့ ရိုးရိုးဓာတ်ပုံ တစ်ပုံပါပဲ။





ဒါပေမယ့် ဒီဓာတ်ပုံရဲ့ ပထမဆုံးထူးခြားချက်ကို ပြောရမယ်ဆိုရင် ဒီဓာတ်ပုံကို ရိုက်ခဲ့တဲ့အချိန်ကာလ၊ ဒီဓာတ်ပုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၃၂ နှစ်ရှိပြီဆိုတဲ့ အချက်ပါပဲ။ ဟုတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် အပျော်တမ်း ဓာတ်ပုံဆရာတစ်ယောက်အနေနဲ့ ရိုက်ခဲ့တာမို့ ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ ဒီ ဓာတ်ပုံကို လွန်ခဲ့တဲ့ ၁၉၆၀ ပြည့်နှစ်က ရိုက်ခဲ့တာဆိုတော့ အခု ၁၉၉၂ ခုနှစ်မှာ ဒီဓာတ်ပုံရဲ့ သက်တမ်းဟာ ၃၂ နှစ်ကြီးများတောင် ရှိနေပါပြီ။

ဓာတ်ပုံထဲမှာ ကျွန်တော်တို့အဖွဲ့ဝင်တွေ စီးလာကြတဲ့ စက်လှေ၊ ကန်ရေပြင်နဲ့ နောက်ခံရှုခင်းတွေကို ကြည့်လိုက်ရုံနဲ့ ဒီဓာတ်ပုံဟာ အင်းလေးမှာ ရိုက်လာတဲ့ပုံပဲဆိုတာ ရောက်ဖူးသူတိုင်း သိနိုင်ကြပါတယ်။ ဟုတ်ပါတယ်။ အဲဒီ (၁၉၆၀ ပြည့်နှစ်)တုန်းက ကျွန်တော်တို့ စာပေသမားတစ်စုဟာ နာမည်ကျော် အင်းလေးဒေသကို ပထမဆုံး လေ့လာရေးခရီးထွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အဖွဲ့မှာပါလာကြတဲ့ စာပေသမားတွေကတော့ စာရေးဆရာ မောင်နေဝင်း(ကွယ်လွန်သူ အဆာဟီရှင်ဘွန်းသတင်းထောက်)၊ မောင်သက်နောင်၊ ကိုခင်ကျော် (လျှို့ဝှက်သည်းဖို မဂ္ဂဇင်းထုတ်ဝေသူ)၊ ကိုစောဦး (ရန်ပုံခွင်းစာပေ)၊ မောင်မြတ်ကျော် (ယခု ၃၃-လမ်း စာလုပ်ငန်း ပုံနှိပ်တိုက်ပိုင်ရှင် ဦးမြတ်ကျော်)၊ မောင်ကျော်မြင့် (ဘလောက်လုပ်ငန်း)နဲ့ ကျွန်တော်အပါအဝင် ၇ယောက်တိတိပါပဲ။

ကျွန်တော်တို့ အဖွဲ့ဟာ အဲဒီတုန်းက အင်းလေး ဟဲယားရွာမှာ ကျွန်တော့်မိတ်ဆွေ ဆေးမှူးဦးထွန်းတင်ဆီမှာ ခုနစ်ရက်ခုနှစ်လီတည်းပြီး အင်းလေးတစ်ခွင် ပြုပြစ်ခေအာင် သွားခဲ့လာခဲ့ ကြပါတယ်။ ထင်ရှား ကျော်ကြားလှတဲ့ ဖောင်တော်ဦးဘုရားကို အခါခါ ဖူးခဲ့ကြပြီး ငါးရက်တစ်ကြိမ်ကျင်းပတဲ့ အင်းလေးမှာ အစည်ကား ဆုံး နန်းပန်ဈေးကို ရောက်ခဲ့ကြသလို အင်းလေးလုံချည်တွေ အများဆုံးနဲ့ အကောင်းဆုံး ရက်လုပ်တဲ့ အင်းပေါ်ခုံ



www.burmeseclassic.com

www.burmeseclassic.com



က ရက်ကန်းစင်တွေကိုလဲ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြပါတယ်။ တည်းအိမ်ရှင် ဦးထွန်းတင်ရဲ့ ပွဲချိုပ်တစ်စင်းနဲ့ မနက်ခင်း၊ ညနေခင်းအပြင် ညအခါ လသာသာ ငွေရောင်ပြာတဲ့ အင်းလေးကန်ရဲ့ ရှုခင်းအလှတွေကို ကြည့်ခဲ့ကြရပါတယ်။

မောင်သက်နောင်ဟာ စိတ်ကောင်းနှလုံးကောင်းနဲ့ ရင်းနှီးပွင့်လင်းပြီး လူချစ်လူခင်ပေါများခဲ့ပါတယ်။ စကားပြောရာမှာလည်း ဟာသနှောပြီး ကျယ်ကျယ်လောင်လောင်နဲ့ အာဘောင်အာရင်းသန်သန်၊ ရိုးသားပွင့်လင်းစွာ ပြောတတ်လို့ လူသိလည်းများပြီး ထင်ရှားသူ တစ်ဦးဖြစ်ခဲ့ပါတယ်။

အထူးသဖြင့် ၁၉၅၆ ခုနှစ်ကစပြီး စုံထောက်မဂ္ဂဇင်း၊ ဆန်းထူးမဂ္ဂဇင်း၊ လျှို့ဝှက်သည်းဖို မဂ္ဂဇင်းတွေမှာ အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ဘာသာပြန်ဝတ္ထုတို ဝတ္ထုရှည်တွေနဲ့ ပင်ကိုယ်ရေး ဝတ္ထုစာအုပ်ပေါင်း ၁၀၀ကျော် ရေးသားခဲ့ပြီး စာပေနယ်မှာ နှစ်ပေါင်း ၃၀ကျော် ရပ်တည်လာခဲ့သူဖြစ်ပါတယ်။ ကျွန်တော်မှတ်မိသလောက် မောင်သက်နောင်ဟာ ဝတ္ထုအဖြစ်နဲ့ရော ရုပ်ရှင်အဖြစ်နဲ့ပါ တမ္ဘာကျော်ခဲ့တဲ့ THE ROOT ဝတ္ထုကြီးကို 'ဇာတ်မြစ်'ဆိုတဲ့ နာမည်နဲ့ လုံးချင်းစာအုပ်အဖြစ် နောက်ဆုံးဘာသာပြန်ခဲ့ပါတယ်။

ဇွန်လထဲမှာ နောက်တစ်ခေါက် ကြံတောကို ရောက်ခဲ့ရတာတတော့ မောင်လွန်းကြင်အတွက်ပါပဲ။ မောင်လွန်းကြင် ကွယ်လွန်ခဲ့တဲ့အကြောင်း ကျွန်တော့်ကို ပထမဆုံး သတင်းလာပို့သူကတော့ မဟေသီ အယ်ဒီတာ ဆောင်းဝင်းလတ်ပါ။ မှတ်မှတ်ရရ အဲဒီနေ့ (ဇွန်လ ၁၇ရက်)က ရန်ကုန်ရောက်နေတဲ့ မိတ္ထီလာ သတင်းထောက် မောင်တင်လှိုင်နဲ့ ဆောင်းဝင်းလတ်တို့ကို ညနေဘက် ကျွန်တော့်အိမ်မှာ ဝိုင်ကလေးတစ်ဝိုင်း လုပ်ဖို့ ချိန်းထားခဲ့ပါတယ်။ ညနေ ၅ နာရီခွဲလောက်မှာ သတင်းထောက်





မောင်တင်လှိုင် ရောက်လာပြီး နာရီဝက်အကြာ ၆နာရီကျမှ ဆောင်းဝင်းလတ် ရောက်လာပါတယ်။ ပျာယီးပျာယာနဲ့ အိမ်ထဲဝင်လာလာချင်း ဆောင်းဝင်းလတ်က . . . "ဥက္ကဋ္ဌကြီး မောင်လွန်းကြင်တော့ ဆုံးသွားပြီ။ သဲတွဲကအပြန် ကြို့ပင်ကောက်နားမှာ "ကားအက်ဆီးဒင့်" ဖြစ်သွားတယ်" လို့ မောကြီးပန်းကြီးနဲ့ မနားတမ်း ပြောချလိုက်ပါတယ်။

ကျွန်တော်လဲ ကြားကြားချင်း ရိုးရိုးတန်းတန်း ရောဂါဝေဒနာနဲ့ မဟုတ်ဘဲ ကားချင်းတိုက်ပြီး ကားမှောက်သေဆုံးသွားရရှာတဲ့ မောင်လွန်းကြင်အတွက် ရုတ်တရက် ထိတ်ခနဲ စိတ်ထိခိုက်သွားမိပါတယ်။

**လွမ်းစရာဖြစ်အင် မောင်လွန်းကြင်**

တကယ်တော့ ကျွန်တော်ဟာ မောင်လွန်းကြင်နဲ့ ရင်းနှီးသူ တစ်ယောက် မဟုတ်ပါဘူး။ ခင်မင်သူ အဆင့်လောက်ပဲရှိပါတယ်။ သူနဲ့ လူချင်းဆုံဖူး၊ တွေ့ဖူးတာလဲ နှစ်ကြိမ်သုံးကြိမ်လောက်ပါပဲ။ ဒါပေမယ့် ပထမဆုံး တစ်ကြိမ် ရန်ကင်းက စာရေးဆရာမ တစ်ယောက်ရဲ့ တိုက်ခန်းမှာ စပြီးတွေ့တုန်းကတည်းက 'မေတ္တာ မြနှင်းရည်နှင့် အခြားဝတ္ထုတိုများ' ဆိုတဲ့ သူ့ရဲ့ ဝတ္ထုတိုပေါင်းချုပ်ကို အမှတ်တရ လက်ဆောင်ရခဲ့ပါတယ်။ သူနဲ့ မကြာခဏတွေ့ကြုံဆုံဆည်းရတာ မဟုတ်လို့ လူချင်းမရင်းနှီးခဲ့ပေမယ့် သူ့ရဲ့ နူးညံ့သိမ်မွေ့တဲ့ အပြောအဆို ယဉ်ကျေးပြုငှာတဲ့ အမူအရာနဲ့ ချောမွေ့သန့်စင် ကြည်လင်အေးမြတဲ့ မျက်နှာကြောင့် တစ်ခါမြင်ရုံ တွေ့ရုံနဲ့ တစ်သက်လုံး မေ့မရအောင် ခင်မင်စရာကောင်းလှပါတယ်။

'မောင်လွန်းကြင်'လို့ ကလောင်နာမည် ယူထားတဲ့အတိုင်း သူ့ကဗျာတွေနဲ့ ဝတ္ထုတိုကလေးတွေဟာလဲ အင်မတန် ညက်ညော လှပပြီး ဂရုဏာရသပေါ် လွင်ပါတယ်။ သူ့ကဗျာတွေ သူ့စာတွေ ဖတ်ရတာဟာ ကျွန်တော်တို့ ငယ်ငယ်ကကြားဖူးတဲ့ 'လွန်းကြင်ငှက်ကလေး' တစ်ကောင်ရဲ့ တီတီတျာတျာအသံကလေးကို ကြားယောင်နေရသလို လွမ်းမောဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပါတယ်။ မောင်လွန်းကြင်ဆိုတဲ့ နာမည်နဲ့ လိုက်အောင် သူ့ဘဝရဲ့ နောက်ဆုံး ဇာတ်သိမ်းခန်းဟာ လွမ်းစရာ ကောင်းသလောက် ရင်ထဲက နာကျင်စရာလဲကောင်းလှပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့ မိရိုးဖလာ အစဉ်အလာအရ အတိတ်နိမိတ်ကို ယုံကြည်တတ်ကြသူများအတွက်တော့ မောင်လွန်းကြင်ဟာ သူ့ရဲ့ ဘဝနိဂုံး အဆုံးသတ်ဖို့အတွက် သူကိုယ်တိုင် နိမိတ်ဖတ်သွားခဲ့လေသလားလို့ ထင်မှတ်မှားစရာ ဖြစ်ခဲ့ပါတယ်၊ ပထမဆုံး အတိတ်နိမိတ်ပြခဲ့တာကတော့ သူ့သံတွဲကို ခရီးမထွက်ခင် သူ့ရဲ့ ပုံတူပန်းချီကားတစ်ကားဆွဲပေးဖို့ ပန်းချီဝတ္ထုဟန်ဆီမှာ အလုပ်အပ်ခဲ့ပါတယ်။ အဲဒီလို ပုံတူပန်းချီကားတွေဟာ လွန်ခဲ့တဲ့ ၂ နှစ်လောက်ကစပြီး ကွယ်လွန်သူ စာရေးဆရာ၊ အနုပညာရှင်တွေရဲ့ ဈာပနတွေမှာ အသုံးပြုလာခဲ့ကြပါတယ်။ မိုးမိုး (အင်းလျား)၊ မလေးလုံ၊ ပန်းချီအောင်စိုး၊ ဆရာသာခ၊ စိန်ခင်မောင်ရီ၊ အထောက်တော်လှအောင်စတဲ့ ကွယ်လွန်သူ စာပေသမား၊ အနုပညာရှင်များရဲ့ ဈာပနတွေမှာ ပုံတူပန်းချီကားတွေ အသုံးပြုလာခဲ့ကြတာ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ အဲဒီလို ပုံတူ ပန်းချီကားတွေကို စေတနာနဲ့ အများဆုံး ရေးဆွဲပေးခဲ့သူကတော့ ပန်းချီမောင်ညိုဝင်းပါပဲ၊ အခုလဲ မောင်လွန်းကြင်က သံတွဲမသွားခင်ကပဲ သူ့ရဲ့ ပုံတူ ပန်းချီကား အပ်ထားခဲ့တာဟာ နိမိတ်ဖတ်သလို ဖြစ်နေခဲ့ပါတယ်။

၁၆-၆-၉၂ ရက်နေ့က ကြို့ပင်ကောက်မှာ ကွယ်လွန်ခဲ့ပြီး ၂၀-၆-၉၂ ရက်နေ့က ကြံတောမှာ သင်္ဂြိုဟ်ခဲ့တဲ့ မောင်လွန်းကြင်ရဲ့ ဈာပနမှာ သူမသေခင်က နိမိတ်ဖတ်သလို အပ်သွားခဲ့တဲ့ ပန်းချီဝတ္ထုဟန်ရဲ့ လက်ရာ ပုံတူပန်းချီကားနဲ့အတူ ပန်းချီမောင်မောင်သိုက်ရဲ့ ပုံတူလက်ရာ လွမ်းစရာ ရုပ်သွင်ကိုလည်း အတူယှဉ်ပြီး မြင်တွေ့ခဲ့ရပါတယ်။

မောင်လွန်းကြင်အတွက် နောက်ထပ် နိမိတ်ဖတ်သလို ဖြစ်ခဲ့ရ





တာ ကတော့ သံတွဲက ရန်ကုန်ပြန်ဖို့ လိုင်းကား လက်မှတ်ဝယ်ရာမှာ သူနဲ့ ရင်းနှီးတဲ့ ကားဂိတ်က ဂိတ်မှူးဆီ စာတိုကလေးတစ် စောင်ရေးပြီး ခုံနံပါတ်ကြိုတင်စီစဉ်ပေးဖို့ အကူအညီတောင်းခဲ့ပါ တယ်။ ဂိတ်မှူးကလည်း မောင်လွန်းကြင်နဲ့ ရင်းနှီးတဲ့သူမို့ ကားဆရာ ဒရိုင်ဘာရဲ့ဘေးက ထိုင်ခုံနံပါတ်(၁)ကို စီစဉ်ပေးခဲ့ပါတယ်။ အဲဒီမှာ အဲဒီလို ကားလက်မှတ် အကူအညီတောင်းတဲ့ စာတိုကလေးကို အမှတ်တရ သိမ်းထားကွာလို့ မောင်လွန်းကြင်က ဂိတ်မှူးကို ပေးပါတယ်။ သူပြောခဲ့တဲ့ အဲဒီစကားဟာ နိမိတ်ဖတ်သလို ဖြစ်သွားခဲ့ရပြီး အဲဒီ စာတိုကလေးဟာ မောင်လွန်းကြင် ကိုယ်တိုင်ရေးခဲ့တဲ့ အမှတ်တရ နောက်ဆုံးစာကလေးဖြစ်ခဲ့ရပါတယ်၊

**တောင်းတင်ဘုံမှာ ဆုံကြမယ်**

အဲဒီလို အမှတ်တရ လွမ်းစရာအဖြစ်ကလေးတွေကို ပိုပြီး လွမ်းစရာကောင်းအောင် ဖန်တီးခဲ့တာကတော့ မောင်လွန်းကြင်အတွက် ရက်လည်ဆွမ်းသွတ်တဲ့ ၂၂-၆-၉၂ ရက်နေ့က ပြည်လမ်းက သူနေတဲ့ သူ့မွေးစားဖခင် ဦးလေးရဲ့တိုက်မှာ အမှတ်တရ ပြသထားတဲ့ ဓာတ်ပုံပြပွဲကလေးပါပဲ။ စုစုပေါင်း ဓာတ်ပုံ ၂၀၀ကျော် ၃၀၀ နီးပါး ပြသထားတဲ့အထဲမှာ ၁၉၈၉ ခုနှစ်က သူသွားရောက်ခဲ့တဲ့ ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်၊ ဟောင်ကောင်၊ မကာအို၊ တရုတ်၊ အမေရိကန်နိုင်ငံတွေမှာ ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေအပြင် ဘိုးဘိုး၊ ဘွားဘွား၊ မိဘနှစ်ပါး၊ ဦးလေးများနှင့် ပျော်ပျော်ပါးပါး ရိုက်ကူးထားတဲ့ မိသားစုဓာတ်ပုံတွေနဲ့အတူ ပုဂံမြို့ဟောင်းတစ်နေရာက လွမ်းစရာရုပ်သွင်နဲ့ မောင်လွန်းကြင်ရဲ့ ဓာတ်ပုံတွေကို တွေ့ခဲ့ရပါတယ်။

အဲဒီဓာတ်ပုံတွေနဲ့ ယှဉ်ပြီး မောင်လွန်းကြင်ရဲ့ လုံးချင်းဝတ္ထုစာအုပ်တွေ မဂ္ဂဇင်းတွေမှာ သူရေးခဲ့တဲ့ ကဗျာဆောင်းပါး ဝတ္ထုများအပြင် သံတွဲက ကားဂိတ်မှူးဆီ ရေးခဲ့တဲ့ နောက်ဆုံးအမှတ်တရ လက်ရေး စာတို



www.burmeseclassic.com

www.burmeseclassic.com



ကလေးပါ ဖြတ်ညှပ်ကပ်ပြီး အမှတ်တရ ပြသထားပါတယ်။ အဲဒီကြားထဲက ထူးထူးခြားခြား ပြောရမှာကတော့ မောင်လွန်းကြင်နဲ့ လုံမလေး၊ မလေးလုံနဲ့ မောင်လွန်းကြင်တို့ပါပဲ။ အဲဒီ အမှတ်တရပြပွဲကလေးမှာ ပူပူနွေးနွေး ဖွန်လထုတ် လုံမလေးမဂ္ဂဇင်းထဲက မောင်လွန်းကြင်ရဲ့ ဝတ္ထုကလေးကို လည်း တွေ့ခဲ့ရပါတယ်။ အဲဒါအပြင် ကွယ်လွန်သူ မလေးလုံအတွက် အမှတ်တရ ထုတ်ဝေခဲ့တဲ့ လုံမလေး မဂ္ဂဇင်းထဲက "သေလွန်သော်လည်း ရှင်လိမ့်မည်"ဆိုတဲ့ မောင်လွန်းကြင်ရဲ့ ဆောင်းပါးကလေးကိုလည်း မြင်ခဲ့ရ ပါတယ်။ အဲဒီ ဆောင်းပါးထဲမှာ မလေးလုံနဲ့ မောင်လွန်းကြင်တို့ဟာ စာပေ လောကမှာ ခင်မင်ရင်းနှီးကြပေမယ့် မလေးလုံ ကွယ်လွန်သွားတဲ့အတွက် လူချင်းတစ်ခါမှ မတွေ့ဆုံခဲ့ရတဲ့အကြောင်း မောင်လွန်းကြင်က ရင်နင့်စရာ ရေးထားခဲ့ပါတယ်။



## ကိုယ့်ပေါင် ကိုယ်လှန်ထောင်းရင်း ထောင်းပန်လိုက်ရခြင်း

သည်လတော့ ရွာရိုးကိုးပေါက် ခေါင်းစဉ်အောက်မှာ ဟိုဟို သည်သည် သွားခဲ့လာခဲ့ ရောက်ခဲ့ ပေါက်ခဲ့တာတွေ မရေးခင် မှတ်လောက် သားလောက်အောင် 'ကိုယ့်ပေါင် ကိုယ်လှန်ထောင်း'စရာလေးတွေ အရင် ရေးချင်ပါသေးတယ်။ 'ကိုယ့်ပေါင် ကိုယ်လှန်ထောင်း' စရာလေးတွေဆိုလို့ အတွေးတော့ မခေါင်လိုက်ကြပါနဲ့။ တခြား မဟုတ်ပါဘူး၊ မိုးဂျာနယ်မှာ ကျွန်တော်လစဉ်ရေးလာခဲ့တဲ့ ရွာရိုးကိုးပေါက် ဆောင်းပါးတွေထဲက အမြင် မှား၊ အကြားမှား၊ အမှတ်မှားပြီး အမှားမှားအယွင်းယွင်းတွေ ရေးခဲ့ သားခဲ့ မိတဲ့အကြောင်း 'ကိုယ့်ပေါင် ကိုယ်လှန်ထောင်း' ပြမလို့ပါပဲ။ (တကယ်တော့ ကိုယ့်ပေါင်ကို သူများကလာပြီး ထောင်းတာထက် ကိုယ့်ပေါင် ကိုယ်လှန် ထောင်းရတာဆိုတော့ မနာအောင် ထောင်းလို့ရတာပေါ့ ခင်ဗျာ။)

ကျွန်တော်ရေးခဲ့သားခဲ့တဲ့ အမှားတွေထဲမှာ ပထမဆုံး ပူပူနွေးနွေး အမှားကတော့ ပြီးခဲ့တဲ့ ဩဂုတ်လထုတ် မိုးဂျာနယ်ထဲက ရွာရိုးကိုးပေါက်မှာ ကွယ်လွန်သူ စာရေးဆရာ မောင်လွန်းကြင်နဲ့ ပတ်သက်ပြီး သူမကွယ်လွန်မီ သူ့ပုံတူ ပန်းချီကား ရေးဆွဲပေးဖို့ ပန်းချီဝဏ္ဏဟန်ကို အပ်ခဲ့တယ်လို့ မှားပြီး ရေးခဲ့မိပါတယ်။ အမှန်ကတော့ အဲဒီမောင်လွန်းကြင် ပုံတူပန်းချီကားကို ရေးဆွဲပေးခဲ့တဲ့ ပန်းချီဆရာဟာ ဝဏ္ဏဟန် မဟုတ်ပါဘူး။ ပန်းချီဝင်းမော် ဟန်ဖြစ်ပါ တယ်။ ဝင်းမော်ဟန်ဆိုတာက နာမည်ကျော် ပန်းချီဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းဟန်ရဲ့သားပါပဲ။ ကျွန်တော်ဟာ လုံမလေးမဂ္ဂဇင်းမှာ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့တုန်းကတည်းက ဝဏ္ဏဟန်၊ ဝင်းမော်ဟန်တို့နဲ့ သိကျွမ်းခင်မင်ပြီး သူတို့ရဲ့ သရုပ်ဖော်ပန်းချီတွေကို သုံးဖူးပါတယ်။ ဒါပေမယ့် အဲဒီကတည်းက (ဝ)အက္ခရာနဲ့ စပြီး(ဟ)အက္ခရာနဲ့ ဆုံးကြတဲ့ ဝဏ္ဏဟန်နဲ့ ဝင်းမော်ဟန်ကို မကြာခဏ အမှတ်မှားခဲ့ပါတယ်။ အဲဒီတုန်းကတည်းက အမှတ်မှားခဲ့တာဟာ ခုထက်ထိ အရှိန်မသတ်နိုင်သေးဘဲ မောင်လွန်းကြင်ရဲ့ ပုံတူပန်းချီ ရေးဆွဲပေးခဲ့တဲ့ ဝင်းမော်ဟန်ကို ဝဏ္ဏဟန်ဆိုပြီး ရေးလိုက်မိတာပါပဲ။

ရွှာရိုးကိုးပေါက်မှာ ကျွန်တော့်ရဲ့ ဒုတိယ အမှားကတော့ ဇူလိုင်လထုတ် မိုးဂျာနယ်မှာ ဒဂုန်တာရာရဲ့ မွေးနေ့အခမ်းအနား အကြောင်းရေးရင်းနဲ့ ဆရာဒဂုန်တာရာကို မွေးနေ့လက်ဆောင် ပုံတူပန်းချီကားရေးဆွဲပေးခဲ့တဲ့ လူငယ်ပန်းချီဆရာမောင်လေးအောင်ကို 'မအူပင်'လို့ မှားပြီး ရေးခဲ့မိပါတယ်။ အမှန်ကတော့ မောင်လေးအောင်ဟာ မအူပင်က မဟုတ်ပါဘူး။ 'ဘိုကလေး'က ဖြစ်ပါတယ်။ အဲသလို ဘိုကလေး မောင်လေးအောင်ကို မအူပင် မောင်လေးအောင်လို့ ရေးလိုက်မိတာဟာ ကျွန်တော့်ရဲ့ ဒုတိယ အမှားပါပဲ။

အဲ. . . ကျွန်တော်ရဲ့ ရွှာရိုးကိုးပေါက်မှာ မှားခဲ့တဲ့ တတိယ အမှားကတော့ ကွယ်လွန်သူ ပန်းချီမောင်ငွေထွန်းနဲ့ ပတ်သက်လို့ပါပဲ။ ဇွန်လထုတ် မိုးဂျာနယ်ထဲမှာ ကွယ်လွန်သူ မောင်ငွေထွန်းရဲ့ တစ်လပြည့် ဆွမ်းကျွေးပွဲကို ကျွန်တော်ရောက်သွားတဲ့အကြောင်း ရေးခဲ့တာ ရွှာရိုးကိုးပေါက် ပရိသတ်များ မှတ်မိကြပါလိမ့်မယ်။ အဲဒီ နေ့က ဆွမ်းကျွေးတဲ့ပွဲကို ရောက်အောင်သွားပြီး မောင်ငွေထွန်းရဲ့ အိမ်မှာ ပန်းချီကားတွေ တော်တော်များများ ချိတ်ထားတာ တွေ့ခဲ့ရပါတယ်။ အဲဒီထဲမှာ ပန်းချီကားတစ်ကားကို မှန်ဟင်းခါးစားနေရင်း ရုတ်တရက် ကျွန်တော်လှမ်းမြင်ရတော့ ကွယ်လွန်





သူ ဆရာကြီး ဦးဘရင်ကလေးရဲ့ လက်ရာပဲလို့ ထင်လိုက်မိပါတယ်။ (အဲဒီလို ထင်လိုက်မိတာကလဲ ပန်းချီမောင်ငွေထွန်း မကွယ်လွန်မီ လေးငါးလလောက်က ကျွန်တော်နဲ့အမှတ်မထင် တစ်နေရာမှာ တွေ့ကြတော့ သူ့ဆီမှာ ဆရာဦးဘရင်ကလေးရဲ့ ပန်းချီကားတစ်ကား ရရှိထားကြောင်း ပြောပြသွားခဲ့လို့ပါပဲ။)

ဒါနဲ့ ကျွန်တော်က ကွယ်လွန်သူ ပန်းချီမောင်ငွေထွန်းရဲ့ အိမ်မှာ ဆရာဦးဘရင်ကလေး အပါအဝင် နာမည်ကျော် ပန်းချီ ဆရာကြီးများရဲ့ ပန်းချီကားများ တွေ့မြင်ခဲ့ရကြောင်း ရွှာရိုးကိုးပေါက်မှာ အမှတ်တမဲ့ ရေးလိုက်ခဲ့ပါတယ်။ အဲဒီဆောင်းပါးကို ဖတ်လိုက်ရတဲ့ မောင်ငွေထွန်းရဲ့ ဇနီး ဒေါ်မြင့်မြင့်က သူ့အိမ်မှာ သူ့ခင်ပွန်းမောင်ငွေထွန်းရဲ့ ပန်းချီကားတွေကလွဲလို့ ဘယ်ပန်းချီဆရာရဲ့ ကားမှ မရှိတဲ့အတွက် ကျွန်တော်မှားပြီး ရေးလိုက်မိတာ စိတ် မကောင်းဖြစ်နေတယ်လို့ ကျွန်တော် သိရပါတယ်။ ဒါနဲ့ ဇူလိုင်လ ၁ရက်နေ့က ကျွန်တော်ကိုယ်တိုင် ရန်ကင်းမှာနေတဲ့ ဒေါ်မြင့်မြင့်နဲ့ သွားတွေ့ပြီး အကျိုးအကြောင်း ရှင်းလင်းပြောပြခဲ့ပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ အဲဒီနေ့က မောင်ငွေထွန်းအိမ်ကို ကျွန်တော် နောက်တစ်ခေါက် ထပ်သွားပြီး သေသေချာချာ လေ့လာကြည့်ရှုခဲ့ရလို့ အဲဒီအိမ်မှာ မောင်ငွေထွန်းရဲ့ ပန်းချီကားတွေကလွဲလို့ တခြား ပန်းချီဆရာတွေရဲ့ ကားတွေ လုံးဝမရှိဘူးဆိုတာ အတိအကျ သိခဲ့ရပါတယ်။

အဲဒါကြောင့် ဒီတစ်လ ရွှာရိုးကိုးပေါက် ခေါင်းစဉ်အောက်မှာ အရင့်အရင်လတွေတုန်းက ကျွန်တော် အမှတ်မထင် ရေးသားခဲ့တဲ့ အမှားတွေကို တင်ပြပြီး 'ကိုယ်ပေါက်ကိုယ်လှန်ထောင်း'ရင်းနဲ့ ပန်းချီဝင်းမော်ဟန်၊ ပန်းချီမောင်လေးအောင်(ဘိုကလေး)နဲ့ ကွယ်လွန်သူ ပန်းချီမောင်ငွေထွန်းရဲ့ ဇနီး ဒေါ်မြင့်မြင့်ကိုပါ 'ပညာရှိ သတိ ဖြစ်ခဲ'ဆိုတဲ့ စကားကို အခြေခံပြီး နားလည်သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်လိုက်ပါတယ်။ (ဒီလိုပါပဲဗျာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အမှားကို ကိုယ့်ဟာကိုယ် တင်ပြပြီး 'ကိုယ့်ပေါင်ကိုယ်လှန်ထောင်း' ရင်းနဲ့ ကိုယ့်ကိုယ်ကို ပညာရှိဖြစ်အောင်တော့ လုပ်ရသေးတာပေါ့)။

**ကာတွန်းဆရာတွေဘက် ဦးလှည့်လာပြီ**

'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'ဆိုတဲ့ စကားအတိုင်း မိုးဖြိုင်ဖြိုင်ရွာနေတဲ့ ဇွန် ဇူလိုင်လထဲမှာ ရွာရိုးကိုးပေါက် ဘယ်မြို့ ဘယ်ရွာမှ မရောက်ဘဲ အရင်လက (ဇွန်လ) စာရေးဆရာ မောင်သက်နှောင်နဲ့ စာရေးဆရာမောင်လွန်းကြင်တို့ ကွယ်လွန်သွားကြတဲ့အတွက် ကြံတောကို နှစ်ခေါက်ရောက်ခဲ့ရသလို အခုဒီလ (ဇူလိုင်လ)မှာသည်း ကြံတောကို နှစ်ခေါက် နှစ်ခါ စိတ်မကောင်းစွာနဲ့ ရောက်ခဲ့ရပြန်ပါတယ်။ ဒီတစ်ခါတော့ ကာတွန်းဆရာတွေဘက် ဦးလှည့် လာပြီလို့ ဆိုရပါမည်။

ပထမတစ်ခေါက် ကြံတောကို ရောက်ခဲ့ရတာကတော့ ကွယ်လွန်သူ 'ကာတွန်းအနှောင်'အတွက်ပါပဲ။ ကာတွန်းအနှောင်ဟာ ၃-၇-၉၂ ရက်နေ့က ကွယ်လွန်ပြီး ၅-၇-၉၂ ရက်နေ့က ကြံတော သုသာန်မှာ သင်္ဂြိုဟ်ခဲ့ပါတယ်။ ကာတွန်းအနှောင်ရဲ့ အမည်ရင်းက ဦးအောင်ခင်ဦးပါ။ အသက် ၅၇နှစ်အရွယ်မှာ ကွယ်လွန်သွားတာမို့ ငယ်သေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။' ဒါပေမယ့် သူဟာ သူတို့ ညီအစ်ကို မောင်နှမတွေထဲမှာ အကြီးဆုံးအစ်ကိုကြီးဖြစ်ပါ တယ်။ သူ့ညီနှစ်ယောက်မှာ တစ်ယောက်က စာပေနဲ့ ရုပ်ရှင်နယ်မှာ အောင်မြင်ထင်ရှားခဲ့တဲ့ စာရေးဆရာ အယ်ဒီတာ ရုပ်ရှင်သရုပ်ဆောင် 'အောင်ပြည့်'ပါပဲ။ နောက်တစ်ယောက်ကတော့ အရင်က ငွေတာရီ၊ မြဝတီတို့နဲ့ အခုဂါဒီယန်းမဂ္ဂဇင်း၊ အယ်ဒီတာ မောင်ကောင်းညွန့်ပါ။ မောင်ကောင်းညွန့်ဟာ စာရေးဆရာကြီး ဆရာ တက်တိုးနဲ့ ဆရာမကြီးဒေါ်နုယဉ်တို့ရဲ့ သမက်လည်းဖြစ်ပါတယ်။ ကာတွန်းအနှောင်ရဲ့ နှမတစ်ယောက်ကတော့ အကယ်ဒမီနှစ်ထပ် ကွမ်းဒါရိုက်တာ စာရေးဆရာ မောင်ဝဏ္ဏရဲ့ဇနီး မချိုရည်ပါပဲ။





အဲဒီလို စာပေစာနယ်ဇင်းလောက၊ ရုပ်ရှင်လောကစတဲ့ အနုပညာ အသိုင်းအဝိုင်းနဲ့ ဆက်နွယ်နေတဲ့အပြင် သူကိုယ်တိုင်ကလည်း လစဉ်ထုတ်မဂ္ဂဇင်းတွေမှာ အမြဲလိုလို ရှေ့တန်းကပါနေတဲ့ နာမည်ကျော် ကာတွန်းဆရာတစ်ယောက် ဖြစ်နေတဲ့အတွက် အနှောင်ဆိုတဲ့ ကိုအောင်ခင်ဦးရဲ့ ဈာပနဟာ ကာတွန်းဆရာတွေ၊ စာရေးဆရာတွေ၊ အယ်ဒီတာတွေ၊ ရုပ်ရှင်အနုပညာသမားတွေနဲ့ စည်စည်ကားကား ရှိခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်က စာနယ်ဇင်း အယ်ဒီတာဘဝနဲ့ စာရေးဆရာဘဝမှာ နှစ်ပေါင်းများစွာ ကျင်လည်ရပ်တည်လာခဲ့သူမို့ ကာတွန်းအနှောင်နဲ့ လူချင်း ခင်မင်ရင်းနှီးလာခဲ့တာ နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ်လောက် ရှိပါပြီ။ စကားပြောရာမှာ အေးဆေး တည်ငြိမ်ပြီး ဣန္ဒြေရသလို ဆက်ဆံပေါင်းသင်းရာမှာလည်း စိတ်ကောင်းနှလုံးကောင်းနဲ့ သိမ်မွေ့ဖြူစင်သူတစ်ဦး ဖြစ်ပါတယ်။ သူ ကွယ်လွန်သွားပေမယ့် သူ့လက်ရာ ကာတွန်းတွေကိုတော့ 'အနှောင်' ဆိုတဲ့ နာမည်ဂုဏ်ရလေးနဲ့ သြဂုတ်လ၊ စက်တင်ဘာလထုတ် မဂ္ဂဇင်းတွေထဲမှာ တွေ့နေကြရဦးမှာပါပဲ။

**ဇာတ်သိမ်းကောင်းသော ဆရာဦးဘထွေး**

ဇူလိုင်လအတွင်းမှာ ကြံတောကို ဒုတိယအကြိမ်မြောက် ရောက်ခဲ့ရတာကတော့ ကာတွန်းဆရာ ဦးဘထွေးရဲ့ ဈာပနအတွက်ပါပဲ။ ဆရာဦးဘထွေးဆုံးတဲ့ ၁၀-၇-၉၂ ရက်နေ့ဟာ ကာတွန်းအနှောင် ရက်လည်တဲ့နေ့ပါပဲ။ အဲဒီနေ့ မနက်က အနှောင်ရဲ့ညီ မောင်ကောင်းညွန့် အိမ်မှာ ရက်လည်ဆွမ်းကျွေးတဲ့ပွဲကို ကျွန်တော် ရောက်ခဲ့ပါသေးတယ်၊ အဲဒီမနက်မှတိုင်ခင် ည ၁ နာရီလောက်မှာ ဆရာဦးဘထွေး ဆုံးသွားခဲ့တာမို့ ဒီသတင်းကို ကျွန်တော်တို့ မသိကြရသေးပါဘူး။ ဒါကြောင့်လည်းပဲ ကွယ်လွန်သူ အနှောင်ရဲ့ သမီးကြီး မတူးက နက်ဖြန် ၁၁-၇-၉၂ နေ့ သန်လျင်မှာ ခရစ်ယာန် ဘာသာထုံးတမ်းစဉ်လာအရ မြှုပ်မယ်

www.burmeseclassic.com



ဆုတောင်းဝတ်ပြုပွဲကို ဆရာလာဖြစ်အောင် လာပါလို့ ဖိတ်ခေါ် လိုက်တာကို လက်ခံလိုက် ပြီး ဆရာမခင်ပန်းနှင်းနဲ့ နောက်တစ်နေ့ မနက် သန်လျင်သွားဖို့ ချိန်းခဲ့ကြပါသေးတယ်။

ဒါပေမယ့် အဲဒီနေ့ ၁၂ နာရီလောက်မှာပဲ မြို့ထဲမှာ ကာတွန်းမြေဇာနဲ့ တွေ့ရလို့ ဆရာဦးဘထွေး ဆုံးသွားပြီဆိုတာ သိခဲ့ရပြီး ညနေဘက် တောင်ဥက္ကလာက ဆရာ့နေအိမ်ကို ရောက်သွားခဲ့ပါတယ်။ ကျွန်တော်ဟာ စာနယ်ဇင်းလောကမှာ ဆရာဦးဘထွေးနဲ့ နှစ်ပေါင်း ၃၀နီးပါး ခင်မင်ရင်းနှီးလာခဲ့သူမို့ အင်မတန် စိတ်ထားမွန်မြတ်ပြီး ရိုးရိုးကြီး အေးအေးကြီးနဲ့ လူတစ်ဖက်သားကို အမြဲတမ်း ဦးစားပေးတတ်တဲ့ ဆရာဦးဘထွေးကို ကြည်ညို လေးစားခဲ့ပါတယ်။ အထူးသဖြင့် ၁၉၈၂ ခု (လွန်ခဲ့တဲ့ ၁၀နှစ်) လောက်က ကျွန်တော် လားရှိုးမှာ ရက်ပေါင်း ၂၀ ကျော်ကျော်သွားနေပြီး စာအုပ်တစ်အုပ် (စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီး)ကို ရေးခဲ့တုန်းက ဆရာ ဦးဘထွေးနဲ့ ညအိပ်ညနေ လက်ပွန်းတတီး အတူနေခဲ့ဖူးပါတယ်။ ဒါပေမယ့် ဆရာဦးဘထွေးဟာ အဲဒီတုန်းက ကျွန်တော်နဲ့ လားရှိုးကို အတူသွားခဲ့ကြတာ မဟုတ်ပါဘူး။ အဲဒီတုန်းက လားရှိုးကို ကျွန်တော်နဲ့ အတူ သွားခဲ့ကြတာက ကာတွန်းမြေဇာပါ။

ကျွန်တော်နဲ့ ကာတွန်းမြေဇာဟာ ဆရာဝန်ကြီး ကမ္ဘောဇ ဦးခင်လှိုင်ရဲ့ ဧည့်သည်တော်တွေအဖြစ်နဲ့ ကြက်ခြေနီအဆောက်အအုံမှာ ဆရာကြီး ကမ္ဘောဇရဲ့ လက်ထောက်လူယုံတော် ကိုရာသက်နဲ့ အတူနေကြပြီး ကျွန်တော်က စာအုပ်တစ်အုပ်ကို တစ်ရှက်ပြီး တစ်ရှက်ရေးနေသလို ကာတွန်းမြေဇာကလည်း တစ်ခွက်ပြီး တစ်ခွက် မော့ရင်း ရက်ပေါင်း ၂၀ ကျော် လားရှိုးမှာ ဇိမ်ကျနေခဲ့ ကြပါတယ်။

အဲဒီအချိန်မှာ ဆရာဦးဘထွေးဟာ သူ့ရဲ့ သမီးတစ် ယောက်ကို အကြောင်းပြုပြီး လားရှိုးကို ရောက်လာခဲ့လို့ ဆရာဦး ဘထွေးကို ကျွန်တော်





တို့ တည်းနေကြတဲ့ ကြက်ခြေနီအဆောက်အအုံကို ခေါ်လာပြီး သုံးယောက်သား ပျော်ပျော်ပါးပါး ၁၀ ရက်လောက် အတူနေခဲ့ကြပါတယ်၊ အဲဒီသို ဆရာဦးဘထွေးနဲ့ ရက်အတော်ကြာကြာ လက်ပွန်းတတီး ရင်းရင်းနှီးနှီးနေခဲ့ရလို့ ဆရာ ဦးဘထွေးရဲ့ စိတ်ရင်းကောင်းပုံ၊ လူတစ်ဖက်သားအပေါ် မှာ အရမ်း အားနာတတ်ပုံ၊ သူ့အတွက်နဲ့ တစ်ဖက်သားမှာ တာဝန်ပိုမှာတို့ ဒုက္ခများမှာတို့ကို အရမ်းစိုးရိမ်တတ်ပုံတွေကို ကောင်းကောင်းကြီး သိခဲ့ရပါတယ်။

အဲဒီတုန်းက ကျွန်တော်နဲ့ မြေဇာတို့က အတင်းခေါ်လို့သာ ကြက်ခြေနီရိပ်သာမှာ အတူလာနေရပေမယ့် ဆရာဦးဘထွေးဟာ အိမ်ရှင်ဖြစ်တဲ့ ကမ္ဘောဇဆရာကြီး ဦးခင်လှိုင်ကိုလည်း အရမ်းအားနာ၊ ကျွန်တော်တို့ကို ခင်မင်လေးစားလို့ ထမင်းဖိတ်ကျွေးတဲ့ စာပေမိတ်ဆွေတွေ၊ လက်ဖက်ရည်ခေါ် တိုက်တဲ့ စာပေသမားတွေကိုလဲ အရမ်းအားနာ၊ ထင်ရှားကျော်ကြားတဲ့ စာရေးဆရာ၊ ကာတွန်း ဆရာ၊ အနုပညာရှင်တွေပဲ ဆိုပြီး ကျွန်တော်တို့ကို မေတ္တာစေတနာ အပြည့်အဝနဲ့ မြို့ခံတွေက လက်ဆောင်ပစ္စည်းတွေ ပေးကြ ကမ်းကြတာကိုလည်း အရမ်းအားနာ၊ နေရာတကာမှာ လူတကာကို အားနာ နေရတာနဲ့ အားနာလို့ဖြင့် မဆုံးနိုင်တယ် ဆိုတာမျိုး ဖြစ်နေခဲ့ရရှာတာကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေပါတယ်။

ခုတော့ဖြင့် အရာရာမှာ အားနာစရာမလိုတော့တဲ့ဘဝကို ရောက်သွားခဲ့ရရှာပါပြီ။ အဲဒီလို လူတိုင်းအပေါ် မှာ ညာတာထောက်ထားတတ်ပြီး အင်မတန် ရိုးသားတဲ့ ဆရာဦးဘထွေးအပေါ် မှာ ကြည်ညို လေးစားသူတွေ ခင်မင်ရင်းနှီးသူတွေ ပေါများလှတဲ့အတွက် ကာတွန်းဆရာတွေ၊ ပန်းချီဆရာတွေ၊ မဂ္ဂဇင်းတိုက်တွေ၊ ပုံနှိပ်တိုက်တွေနဲ့ ထုတ်ဝေသူတွေ စုပေါင်းပြီး နာရေးရန်ပုံငွေ ထည့်ဝင်ကူညီခဲ့ကြတာ တစ်သောင်းကျော်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျော် ရရှိခဲ့ပါတယ်။

နာရေးရန်ပုံငွေ ကောက်ခံရာမှာ အင်တိုက်အားတိုက် ထည့်ဝင်ထောက်ပံ့ခဲ့ကြသလို ၁၂-၇-၉၂ ရက်နေ့က ကြံတောမှာ ကျင်းပခဲ့တဲ့ ဆရာဦးဘထွေးရဲ့ နောက်ဆုံးခရီးဖြစ်တဲ့ ဈာပန အခမ်းအနားဟာလဲ ကျွန်တော်တို့ မျှော်လင့်ထားတာထက်ပိုပြီး ပရိသတ် စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ အဲဒီနေ့က ဆရာဦးဘထွေးရဲ့ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ကြတဲ့ ပရိသတ်ဟာ ဘယ်လောက် စည်ကား များပြားသလဲဆိုတော့ ကွယ်လွန်သူရဲ့ ကောင်းမှုအဖြစ် ဝေငှ ပေးကမ်းခဲ့တဲ့ ယပ်တောင်များဟာ မလောက်မငှ ဖြစ်သွားခဲ့ရပါတယ်။ အဲဒီယပ်တောင်ကလည်း တခြားဈာပနတွေမှာ ကမ်းခဲ့တဲ့ ယပ်တောင်နဲ့ မတူပါဘူး။ ဆရာဦးဘထွေး ရေးဆွဲခဲ့တဲ့ ၁၉၉၂ခု မေလထုတ် မိုးဂျာနယ်က တစ်မျက်နှာ ကာတွန်းကို ဘလောက်လုပ်ပြီး အမှတ်တရ ပုံနှိပ်ဖော်ပြထားတာမို့ ဆရာဦးဘထွေးကို လေးစားချစ်ခင်ကြတဲ့လူတွေအဖို့ အမှတ်တရ မြတ်တနိုး ဖြစ်ခဲ့ကြရပါတယ်။ ဒါ့ကြောင့် အဲဒီယပ်တောင်အတွက် တာဝန်ယူခဲ့ရတဲ့ ကျွန်တော့်မှာ ရက်လည်ဆွမ်းသွတ်တဲ့နေ့အမီ နောက်ထပ် ယပ်တောင် ၃၀၀ကို အပြေးအလွှား ရိုက်နှိပ်ပေးခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် အသက် ၇၁ နှစ်အရွယ် ကွယ်လွန်သည်အထိ ကာတွန်းပညာရှင် တစ်ယောက်အဖြစ် ရိုးရိုးသားသားနဲ့ ရှန်း ကန်လှုပ်ရှားပြီး မိသားစုတာဝန်ကို ကျေပွန်အောင် ထမ်းဆောင် သွားခဲ့ရရှာတဲ့ ဆရာဦးဘထွေးဟာ ဘဝတစ်ပါး ပြောင်းသွားချိန်မှာတော့ ဇာတ်သိမ်းကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ကြံတောမှာ ဈာပန အခမ်းအနား ကျင်းပတဲ့နေ့က ရုပ်ကလပ်ပြင် ဆင်ထားတဲ့ ခန်းမဆောင်ထဲမှာ လွမ်းသူ့ပန်းခွေများနဲ့ ပန်းချီ မောင်မောင်သိုက်၊ ကာတွန်းငွေကြည်နဲ့ ကာတွန်းရွှေမင်းသားတို့ရဲ့ ဆရာဦးဘထွေး ပုံတူပန်းချီကားတွေအပြင် ဆရာဦးဘထွေးရဲ့





ယပ်စဉ်တောင်ကျေး ကလေးဘဝကစပြီး နောက်ဆုံးအချိန်ထိ ရှန်းကန်လှုပ်ရှား ကြုံတွေ့ဖြတ်သန်းလာခဲ့ရတဲ့ မှတ်တမ်း ဓာတ်ပုံများနဲ့ ဆရာ့လက်ရာ အနုပညာကားတွေကို ပြပွဲကလေးတစ်ခုလို စုပေါင်း ပြသနိုင်ခဲ့တာဟာ အင်မတန် ထူးခြားပြီး လေ့လာမှတ်သားဖို့ ကောင်းပါတယ်။

အဲဒီနောက် ခုနစ်ရက်ပြည့်လို့ ရက်လည်တဲ့နေ့မှာလည်း ခါတိုင်းလို ရိုးရိုးသာမန် ဆွမ်းသွတ်ရုံတင်မကဘဲ ရောက်လာကြတဲ့ ပရိသတ်တွေထဲက ကာတွန်းဆရာကြီး တစ်ဦး၊ ပန်းချီဆရာကြီး ဦးဉာဏ်ရှိန်၊ စာရေးဆရာကြီး လင်းယုန်သစ်လွင်နဲ့ လင်းယုန်မောင်မောင်၊ ပန်းချီဝသုန်စတဲ့သူတွေက ဆရာဦးဘထွေးအကြောင်း တစ်စေ့ တစ်စောင်း အမှတ်တရဂုဏ်ပြုစကားပြောကြားခဲ့ကြတာဟာလဲ ဆရာဦးဘထွေးအတွက် ဇာတ်သိမ်းကောင်းတဲ့ ဖြစ်ရပ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

**ကြည်အေးဇာတ်ကောင် မို့မို့မြင့်အောင်**

ဇူလိုင်လထဲမှာ ရွှာရိုး ကိုးပေါက်ရောက်ခဲ့ရတဲ့ နောက်တစ်နေရာကတော့ ထူးထူးခြားခြားနဲ့ မှတ်လောက်သားလောက်တဲ့ အခမ်းအနားကလေးတစ်ခုပါပဲ။ ထူးထူးခြားခြားနဲ့ မှတ်လောက် သားလောက်တဲ့ အဲဒီပွဲကလေးကတော့ တခြားမဟုတ်ပါဘူး၊ ဒီနေ့ စာပေနယ်မှာ လူကြီး လူငယ်တွေ အကြားပြန်လည် ဆန်းသစ်ပြီး ခေတ်စားလာတဲ့ စာရေးဆရာမကြည်အေးရဲ့ ဝတ္ထုတို နှစ်ပုဒ်ကို ရုပ်ရှင်ရိုက်ကူးဖို့ ပွဲဦးထွက် အစီအစဉ်တစ်ခုအနေနဲ့ ရုပ်ရှင်ပညာသည်များနဲ့ စာရေးဆရာများ၊ မဂ္ဂဇင်း အယ်ဒီတာများ ဆုံတွေ့ကြတဲ့ အခမ်းအနားလေးတစ်ခုပါပဲ။

အဲဒီထူးခြားတဲ့ မိတ်ဆုံပွဲ အခမ်းအနားကလေးကို ၁၆-၇-၉၂ ရက်နေ့က ရန်ကုန်ဘူတာကြီး စခန်းသာဟိုတယ်မှာ စာရေးဆရာမောင်သိန်းဆိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှူး မောင်သိန်းဆိုင်ရဲ့ ပြောကြားချက်အရ လွန်ခဲ့တဲ့ ဆယ်ငါး



www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်လောက်က ရေးခဲ့တဲ့ စာရေး ဆရာမ ကြည်အေးရဲ့ 'ကိုယ့်ချစ်ဦး'နဲ့ 'ရာသီမိုး'ဆိုတဲ့ ဝတ္ထုတို နှစ်ပုဒ်ကို ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးဖို့ သက်ဆိုင်ရာက ခွင့်ပြုချက် ကျလာပြီမို့ 'ချစ်ရည်းစား'ဆိုတဲ့ နာမည်နဲ့ မိုးကြိုးရုပ်ရှင်ကုမ္ပဏီက ပွဲဦးထွက် ရိုက်ကူးတော့မယ့် အကြောင်းနဲ့ ဒီဇာတ်ကားမှာ သူကိုယ်တိုင် ဇာတ်ညွှန်းရေးသားပြီး အဓိက သရုပ်ဆောင်များအဖြစ် နေအောင်နဲ့ မို့မို့မြင့်အောင်၊ ဒါရိုက်တာများအဖြစ် အောင်ကျော်ဦးနဲ့ ခင်အောင်စန်းတို့က တာဝန်ယူရိုက်ကူးကြမယ်လို့ သိရပါတယ်။ တစ်ဆက်တည်းမှာပဲ မောင်သိန်းဆိုင်က ဧည့်သည်တော် စာရေး ဆရာများနဲ့ မဂ္ဂဇင်း အယ်ဒီတာများကို သရုပ်ဆောင်များ၊ ဒါရိုက်တာများနဲ့ မိတ်ဆက်ပေးပါတယ်။

အဲဒီနောက် ကြည်အေးရဲ့ လောလောဆယ် တရားဝင် အုပ်ထိန်းသူ ဖြစ်နေတဲ့ ဆရာထင်လင်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော် စစ်ပြီးခေတ်ကတည်းက စာပေနယ်မှာ ရင်းနှီးလာခဲ့ကြတဲ့ ကြည်အေးရဲ့ ပင်ကိုယ်စရိုက်များနဲ့ လွန်ခဲ့တဲ့ သုံးလေးနှစ်က လန်ဒန်မှာ ဆုံတွေ့ခဲ့ရတဲ့ ကြည်အေးရဲ့ ဘဝအခြေအနေ အထွေထွေ အကြောင်းများကို စိတ်ဝင်စားစရာ ပြောကြားသွားပါတယ်။ ဆရာ ထင်လင်းပြောပြီးတော့ မို့မို့မြင့်အောင်က ကြည်အေးဝတ္ထုတွေနဲ့ ပတ်သက်ပြီး သူ့ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ရင်ဖွင့်သွားပါတယ်။ မို့မို့က 'သမီးဟာ ကြည်အေးဝတ္ထုတွေကို အရမ်းကြိုက်ပြီး ကြည်အေးကို ကိုးကွယ်ခဲ့သူပါ၊ သူ့ဝတ္ထုတွေထဲက ဇာတ်ကောင်တွေရဲ့ စရိုက်ဟာ သမီးနဲ့ အရမ်းတူလွန်းလို့ အရမ်း ကျေနပ်ခဲ့ပါတယ်။ သမီးဖြတ်သန်းလာရတဲ့ဘဝဟာ ကြည်အေးရဲ့ဝတ္ထုတွေထဲက ဇာတ်ကောင်တွေနဲ့ တူလွန်းလို့ အခုရိုက်မယ့်ကားမှာ သမီးပီပီပြင်ပြင် သရုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်'ဆိုပြီး ဖျတ်ဖျတ်လတ်လတ်နဲ့ အပြတ်ပြောသွားပါတယ်။





စာပေသမားတွေနဲ့ ရုပ်ရှင်သမားတွေ ထူးထူးခြားခြား ဆုံဆည်းခဲ့ကြတဲ့ အဲဒီအခမ်းအနားကလေးမှာ ပိုပြီးထူးခြားတယ်လို့ ဆိုရမှာကတော့ အစီအစဉ်တွေပြီးတဲ့နောက် မို့မို့မြင့်အောင်ဟာ ကျွန်တော်ထိုင်နေတဲ့ ကုလားထိုင်ဘေးကို အတူလာကပ်ထိုင်ပြီး ဒဂုန်တာရာနဲ့ ကျွန်တော့်ကြားမှာ စကားတွေ ဖောင်လော်အောင် ပြောနေခဲ့လို့ပါပဲ။ အဲဒီလို စာရေးဆရာကြီးများနဲ့ လက်ပွန်းတတီး ရင်းရင်းနှီးနှီး စကားပြောနေရင်းတစီးကရက် သောက်မလို့ ဓာတ်မီးခြစ် နှစ်ခါ သုံးခါလောက် ခြစ်မရဘဲဖြစ်နေတဲ့ ကျွန်တော့်ကို မီးညှိပေးလိုက်တဲ့အတွက် မျက်နှာချင်းဆိုင်မှာ အတူထိုင်နေကြတဲ့ မဂ္ဂဇင်းအယ်ဒီတာများဖြစ်ကြတဲ့ မြတ်ခိုင်နဲ့ ဝင်းငြိမ်းတို့ နှစ်ယောက်သား အကြီးအကျယ် အံ့အားသင့်သွားကြတဲ့ မျက်နှာတွေကို ကျွန်တော် ခုထက်ထိ မြင်ယောင်နေမိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ရွာရိုးကိုးပေါက် ပရောက်ခဲ့နိုင်

'ဒီနှစ် မိုးကောင်းလိုက်ပုံကတော့ 'ကောင်းသလားမမေးနဲ့'လို့တောင် ပြောရမတတ်ပါပဲ။ ဩဂုတ်လဆန်းကတည်းက 'ဝါဆို ဝါခေါင် ရေဖောင်ဖောင်'ဆိုတဲ့ စကားအတိုင်း ရွာလိုက်တဲ့မိုး၊ တစ်နေ့မှ ပြတ်တယ်လို့မရှိပါဘူး။ အခု ဒီစာရေးနေတဲ့ ဩဂုတ်လ ၂၀ရက်နေ့မှာဆိုရင် မိုးလင်းကတည်းက သည်းလိုက်၊ ဖွဲလိုက်၊ စွေလိုက်၊ ရွာလိုက်နဲ့ တစ်နေ့လုံး အုံ့ဆိုင်းမှုန်မှိုင်းနေပြီး နေကို လုံးဝမမြင်ရလောက်အောင် ဖြစ်ပါတယ်။ မိုးဂျာနယ်အတွက် ဆောင်းပါးရေးဖို့ စာရေးစားပွဲမှာ ထိုင်ရင်း အပြင်ဘက်မှာ တစ်ဖွဲဖွဲနဲ့ မစဲအောင် ရွာနေတဲ့မိုးကို ကြည့်ပြီး . . . 'မိုးက ဒါလောက်တောင် ကောင်းနေမှတော့ ထွက်ထွက်ချင်း ကုန်သွားတာ မဆန်းပါဘူး'လို့ ကိုယ်ဟာကိုယ် ပြက်လုံးထုတ်ပြီး တိုယ့်အတွေးနဲ့ကိုယ် တစ်ယောက်ထဲ ပြုံးမိပါသေးတယ်။

အဲဒီလို မိုးကောင်းလွန်းမက ကောင်းနေတဲ့အတွက် ကျွန်တော့်ရဲ့ ရွာရိုးကိုးပေါက် ခရီးစဉ်တွေကလဲ ကမောက်ကမ ဖြစ်ကုန်တော့တာပါပဲ။ ဝါးခယ်မမြို့နယ်အသင်းက ထုတ်ဝေခဲ့တဲ့ 'ရွှေနဒီ' မဂ္ဂဇင်းကို အကြောင်းပြုပြီး အဲဒီမဂ္ဂဇင်းမှာ ပါဝင်ရေးသားခဲ့ကြတဲ့ စာရေးဆရာ လေးငါးယောက်စုပြီး ဝါးခယ်မကို သွားကြဖို့ ဇူလိုင်လကတည်းက စီစဉ်ထားခဲ့တာလဲ အဲဒီရက်တွေမှာ မိုးသက် မုန်တိုင်းကလေးတွေရှိနေလို့ ရာသီဥတုမကောင်း





တာနဲ့၊ ပြီးတော့ သွားကြမယ့် စာရေးဆရာတွေထဲမှာ အရာရှိဝန်ထမ်း စာရေးဆရာတွေပါနေလို့ သူတို့တစ်တွေ မအားမလပ်ကြတာနဲ့ ဝါးခယ်မ ခရီးစဉ်ကို တစ်ပတ်ပြီး တစ်ပတ် ရက်ရွှေ့လာလိုက်ကြတာ။ အခု ဩဂုတ်လထဲ ရောက်လာပြီး သည်းကြီးမည်းကြီး နေ့စဉ်ရက်ဆက်မိုးတွေအုံ့အောင် ရွာနေပြီဆိုတော့ ဝါးခယ်မသွားဖို့ အစီအစဉ်ဟာ ဘယ်လိုမှ အကောင်အထည် မပေါ်တော့ဘဲ 'နှမလက်လျှော့ နေလေတော့'ဆိုတာမျိုး ဖြစ်သွားခဲ့ပါတယ်။

ဒီလိုနဲ့ ဝါးခယ်မ ခရီးစဉ်ကို ရွာရိုးကိုးပေါက်မှာအားရပါးရ ရေး လိုက်မယ်ဆိုပြီး မောင်းတင်ထားတဲ့ ကျွန်တော့်စိတ်ကူးဟာ အဖျားရှူးသွားခဲ့ရပါတယ်။

ယခုတစ်ခါ ဒီစာ ရေးနေချိန်မှာလည်း ,မရောက်တာ ကြာပြီဖြစ်တဲ့ အထက်အညာ မုံရွာ၊ မန္တလေးဘက်ကိုရွာရိုးကိုးပေါက် လျှောက်သွားခလို့ အထုပ်အပိုး တပြင်ပြင်နဲ့ စီစဉ်နေပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ လေးငါးရက်က မိုးအရမ်းကောင်းခဲ့လို့ ချောင်းရေတွေလျှံ၊ ကန်ရေတွေတိုးပြီး ဝဲခုံဘက်မှာ ရထားလမ်းတွေ ကားလမ်းတွေ ရေကျော်နေတဲ့အတွက် ရန်ကုန်ဘူတာကြီးက မီးရထားတွေ၊ မန္တလေး၊ မော်လမြိုင်ဘက် လုံးဝထွက်နိုင်ဘဲဖြစ်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်နှစ်ရက် သုံးရက်အတွင်း မီးရထားတွေ ပြန်ထွက်ထွက်ချင်း ထွက်တဲ့နေ့ ထသွားလိုက်မယ်လို့ ဆုံးဖြတ်ထားပါတယ်။ အမှန်အတိုင်းဝန်ခံရရင် ခရီးသွားတဲ့တိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ လူကနေနိုင်ပေမယ့် ခြေထောက်က မနေနိုင်ဘူးဗျ၊ တကယ်ပါပဲ။

**ရွာရိုးကိုးပေါက် အတျိုးသက်ရောက်ပါစေ**

အဲဒီလို မိုး အရမ်းကောင်းနေလို့ မိုးဂျာနယ်ကို ရွာရိုးကိုးပေါက် ဆောင်းပါးမှာ ခါတိုင်းလို ဟိုမြို့ သည်ရွာ သွားလာခဲ့တဲ့ အကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှရေးနိုင်ပေမယ့် အနုပညာ စာပေလောကနဲ့ ပတ်သက်ပြီး သိစရာ မှတ်စရာ ဖတ်စရာလေးတွေကိုတော့ မိုးပရိသတ်အတွက် လစဉ် မပျက်မကွက် တင်ဆက် နေရမှာပါပဲ။

ဒီနေရာမှာ ခုခေတ် လူငယ်စာရေးဆရာတွေ မကြာခဏ ပြောနေကြတဲ့ 'မက်ဆေ့' Message ဆိုတဲ့စကားလုံးကို ပြေးပြီး သတိရလိုက်မိပါတယ်။ သူတို့က သူတို့ ရေးနေကြတဲ့ ဝတ္ထုတွေဟာ စာဖတ်သူတွေကို Message ပေးနေတာပါလို့ ပြောလေ့ရှိကြပါ တယ်။ ဒီလိုပြောရာမှာ တချို့က ရိုးရိုးကလေးတွေးပြီး ရိုးရိုးကလေး မြင်တဲ့ အတွေးအမြင်နဲ့ ရိုးရိုးကလေး ပြောကြပေမယ့် တချို့ကတော့ သူတို့ ရေးလိုက်တဲ့ ဝတ္ထုတွေကို အမွှမ်းတင်ပြီး တမင်သက်သက် အသားယူတဲ့ သဘောမျိုးနဲ့ ပြောနေကြတာ တွေ့ရပါတယ်။

အမှန်အတိုင်းပြောရရင် ဝတ္ထုတွေသာ မဟုတ်ပါဘူး။ ဆောင်းပါးတွေ၊ ကဗျာတွေဟာလည်း စာဖတ်သူတွေကို Message တွေ ပေးနေတာပါဘဲ။ Message ပေးတယ်ဆိုတာ 'သတင်း ပေးတယ်' 'သတင်းပို့တယ်'ဆိုတဲ့ သဘောပါပဲ။ အကြောင်းအရာ အချက်အလက်တစ်ခုခုကို စာဖတ်သူ သိသွားအောင် နားလည်သွားအောင် သဘောပေါက်သွားအောင် ရေးပြ ပြောပြ လိုက်တာပါပဲ။ ဒါပေမယ့် ဒီနေရာမှာ အရေးကြီးတာက ကိုယ်ပေးလိုက်တဲ့ Message ကိုယ်ရေးလိုက်တဲ့ အကြောင်းအရာ အချက်အလက်ဟာ စာဖတ်သူတွေအတွက် အကျိုးရှိဖို့လိုပါတယ်။ ရိုးရိုးသာမန် Message မျိုးလောက် ဆိုရင်တော့ ဒီဝတ္ထု၊ ဒီဆောင်းပါး၊ ဒီကဗျာတွေဟာ ဘာမှ တန်ဖိုးမရှိပါဘူး။ ဒါကြောင့် အချို့အချို့သော စာရေးဆရာများက 'စာဖတ်သူများအား တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိမည်ဆိုပါက ဤစာအုပ်ကို ရေးရကျိုးနပ်ပြီဟု ယူဆပါသတည်း' လို့ အမှာစာ ရေးလေ့ရှိကြတာပါပဲ။





မိုးဂျာနယ်က ကျွန်တော်ရဲ့ ရွှာရိုးကိုးပေါက် ဆောင်းပါးတွေဟာလည်း ဒီရည်ရွယ်ချက် ဒီစေတနာနဲ့ စာဖတ်သူတွေအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိအောင် Message တွေ ပေးနေတာပါပဲ။

**လွမ်းမောတသစရာ လက်ကမ်းစာစောင်ကလေးများ**

သည်လမှာ ရွှာရိုးကိုးပေါက် ပရိတ်သတ်ကို မှတ်မှတ်ရရ တင်ပြချင်တာကတော့ လက်ကမ်းစာစောင်ကလေးနှစ်ခုနဲ့ ပတ်သက်လို့ပါပဲ။ ထစ်ခုကတော့ ကွယ်လွန်သူ စာရေးဆရာ မောင်လွန်းကြင် တစ်လပြည့်တဲ့ (၁၆-၇-၉၂)ရက်နေ့က အမှတ်တရ ဝေငှတဲ့ လက်ကမ်းစာစောင်ကလေးပါ။ နောက်တစ်ခုကတော့ ကွယ်လွန်သူ ကာတွန်းဆရာကြီး ဦးဘထွေး တစ်လပြည့်တဲ့ အထိမ်းအမှတ်အဖြစ် (၉-၇-၉၂)ရက်နေ့က ဝေငှတဲ့ လက်ကမ်းစာစောင်ကလေးပါ။ စာစောင်နှစ်ခုစလုံးဟာ ကွယ်လွန်သူတွေကို အောက်မေ့တသ သတိရတဲ့အနေနဲ့ စီစဉ်ထုတ်ဝေလိုက်တာမို့ လွမ်းမောတမ်းတစရာလေးတွေ ဖြစ်နေပါတယ်။

မောင်လွန်းကြင်အတွက် လွမ်းမောတမ်းတစရာ စာစောင်ကလေးကိုတော့ မောင်လွန်းကြင်ရဲ့ မွေးစားဖခင် ဦးလေးဖြစ်သူ ဦးခင်မောင်ကြီးက စီစဉ်ပြီး 'ကျွန်တော့သား မောင်မောင် (သို့မဟုတ်) အနုပညာမွေ့သူတို့၏ မောင်လွန်းကြင်'လို့ မျက်နှာဖုံး မှာ ခေါင်းစဉ်တပ်ထားပါတယ်။ အဲဒီစာစောင်ကလေးမှာ မွေးစား ဖခင် ဦးခင်မောင်ကြီးက မောင်လွန်းကြင်ရဲ့ အတ္ထုပ္ပတ္တိဘဝဖြစ်စဉ်ကို ရေးသားပြီး မောင်လွန်းကြင်ရဲ့ 'ပျော်ရွှင်ခြင်း ငှက်ငယ်သို့' ဆိုတဲ့ ကဗျာလေးနဲ့ သူ ရေးခဲ့တဲ့ ဝတ္ထုတွေထဲက တစ်ပိုင်းတစ်စ ကောက်နုတ်ချက်ကလေးတွေကို ဖော်ပြထားပါတယ်။ မောင်လွန်းကြင်ရဲ့ အရေးအသား အဖွဲ့အနွဲ့ကို တစ်မှိတ်ခတ်မက် ကြိုက်နှစ်သက်ခဲ့ကြတဲ့ စာဖတ်သူတွေအတွက် အဲဒီကောက်နုတ်

www.burmeseclassic.com



ချက်ကလေးတွေဟာ ပြန်လည်တသ, သတိရစရာလေးတွေပါပဲ။ အထူးသဖြင့် မောင်လွန်းကြင်ရဲ့ ဘဝဖြစ်စဉ်ကို ပီပီပြင်ပြင်နဲ့ စကားလုံး လှလှလေးတွေ သုံးပြီး လွမ်းမောတသစရာ ရေးသားတင်ပြထားတာကို ဖတ်ရတွေ့ရတဲ့အတွက် ဦးခင်မောင်ကြီးဟာ မောင်လွန်းကြင်ရဲ့ မွေးစားဖခင်ပီပီ အရေးအသား ညက်ညော ချောမွေ့လှတာကို အံ့သြဖွယ်ရာ သတိပြုမိပါတယ်။

အဲဒါအပြင် ကွယ်လွန်သူ မောင်လွန်းကြင်အတွက် စာပေအပေါင်းအသင်း ရောင်းရင်းများက အမှတ်တရ ရေးခဲ့ကြတဲ့ 'ဝမ်းနည်းမှတ်တမ်း' ကလေးတွေကို အဲဒီစာစောင်ကလေးမှာ ကောက်နုတ် ဖော်ပြထားတာ တွေ့ရတဲ့အတွက် သွားလေသူ မောင်လွန်းကြင်ကို ပိုပြီး သတိရတမ်းတစရာ ဖြစ်ရပါတယ်။ အချုပ်ပြောရရင် အဲဒီစာစောင်ကလေးဟာ စာမျက်နှာအားဖြင့် ၁၆မျက်နှာသာရှိတဲ့ စာစောင်ငယ်ကလေးသာ ဖြစ်ပေမယ့် စာသမား ကဗျာသမားနဲ့ အထူးသဖြင့် မောင်လွန်းကြင်နဲ့ ကျွမ်းဝင်ရင်းနှီးခဲ့ကြသူတွေအတွက် တစ်သက်တာ အမှတ်တရ သိမ်းထားရမယ့် စာစောင်ကလေးပါပဲ။

နောက်တစ်ခုဖြစ်တဲ့ ကာတွန်းဦးဘထွေးအမှတ်တရ လက်ကမ်းစာစောင်ကလေးဟာလည်း ထာဝစဉ် သိမ်းထားရမယ့် စာစောင်ကလေးပါပဲ။ ကွယ်လွန်သူ ကာတွန်းဆရာကြီးတစ်ဦးအတွက် အမှတ်တရ ဝေငှတဲ့ စာစောင်ကလေးဖြစ်တဲ့အတိုင်း မျက်နှာဖုံးကအစ၊ အလယ်စာမျက်နှာတွေနဲ့ နောက်ကျောဖုံးမှာပါ ဆရာ ဦးဘထွေးရဲ့ လက်ရာကာတွန်းပုံတွေနဲ့ အပြည့်ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီကာတွန်းတွေအပြင် ဆရာဦးဘထွေးရဲ့ အနုပညာအပေါ် အမြင်ကိုလည်း ဖော်ပြထားပါတယ်။

အထူးသဖြင့် ဆရာဦးဘထွေးဟာ ကာတွန်းရေးဆွဲရာမှာ ဟာသတစ်ခုတည်း ဦးစားမပေးဘဲ ခေတ်အမြင် ခေတ်အတွေးနဲ့ ပညာပေးတဲ့





ကာတွန်းတွေ၊ သတိပေးတဲ့ ကာတွန်းတွေ၊ အသိပေးတဲ့ကာတွန်းတွေကို နှစ်ပေါင်းများစွာ ဖုက်လိုက်မတ်တပ်ရေးဆွဲ လာခဲ့တဲ့ ထကယ့် ပြည်သူ့ကာတွန်းဆရာကြီးလို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဆရာဦးဘထွေး ကွယ်လွန်တဲ့ တစ်လပြည့် အထိမ်းအမှတ်အဖြစ်နဲ့ စီစဉ် ထုတ်ဝေလိုက်တဲ့ အဲဒီစာစောင်ကလေးဟာ အရွယ်အစားအားဖြင့် သေးငယ်ပါးလျားပေမယ့် ဆရာဦးဘထွေးရဲ့ဘဝ၊ ဆရာဦးဘထွေးရဲ့ လက်ရာနဲ့ ဆရာဦးဘထွေးရဲ့ အတွေးအမြင် အယူအဆကို ခြုံငုံဖော်ပြထားတာမို့ ရှားရှားပါးပါး ထာဝစဉ်သိမ်းထားရမယ့် စာစောင်ကလေး တစ်ခု ဖြစ်နေပါတယ်။

**ဆရာဦးဘထွေး ပြန်လည် ရှင်သန်ရေး**

ကွယ်လွန်သူ စာရေးဆရာ မောင်လွန်းကြင်နဲ့ ကွယ်လွန်သူ ကာတွန်း ဆရာကြီး ဦးဘထွေးတို့ရဲ့ အမှတ်တရ စာစောင် ကလေးတွေနဲ့ ဝတ်သက်ပြီး အခုလို ကျွန်တော် အလေးအနက် တင်ပြနေတာက တခြားကြောင့်မဟုတ်ပါဘူး။ စာပေ၊ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ ပန်းချီ၊ ကာတွန်း ပန်းပု စတဲ့ အနုပညာရှင်တွေဟာ သာမန် ပုဂ္ဂိုလ်တွေ မဟုတ်ကြပါဘူး။ ဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ အနုပညာ ပစ္စည်းတွေနဲ့ သူတို့ရဲ့ အနုပညာ ခန့်တီးမှုတွေကို အကြောင်းပြုပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူတွေပါ။ သူတို့ရဲ့ အနု ပညာစွမ်းအား ထက်မြက်မှုနဲ့ ထိရောက်မှုအတိုင်း အတာအလိုက်တိုင်းပြည်နဲ့ လူမျိုးရဲ့အကျိုးကို သည်ပိုးထမ်းရွက်နေကြသူများ ဖြစ်ကြပါတယ်။

အဲဒီလို ပြည်သူ တစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် မိမိတို့ဉာဏ်စွမ်းရှိသမျှ ကိုယ်စွမ်းရှိသမျှ နှစ်ပေါင်းများစွာ သည်ပိုး ထမ်းရွက်လာခဲ့ကြတဲ့ အနုပညာရှင်တွေ အားလုံးလောက် နီးပါးဟာ ချမ်းသာ ကြွယ်ဝသူတွေ မဟုတ်ကြပါဘူး။ အနုပညာ ယုံကြည်ချက် နဲ့ အနုပညာဝါသနာကို အဓိကထားပြီး ဘဝကို ခက်ခက်ခဲခဲ ဆင်း ဆင်းရဲရဲနဲ့ ရုန်းကန်ရင်း အနု

www.burmeseclassic.com



ပညာပစ္စည်းတွေကို ဖန်တီးထုတ်လုပ် ခဲ့ကြပါတယ်။

ဒါကြောင့်လည်း အဲဒီ အနုပညာရှင်တွေ ကွယ်လွန်သွားကြတဲ့ အခါမှာ ကျန်ရစ်တဲ့သူတို့ရဲ့ဇနီး၊ မယား၊ သမီးသားများအတွက် အိမ်ခြံ တိုက်တာ ဥစ္စာပစ္စည်း ရွှေငွေစတဲ့ အမွေအနှစ်ရယ်လို့ ဘာမှ မထားရစ်နိုင် ခဲ့ကြပါဘူး။ သူတို့ရဲ့ မိသားစုအတွက်တော့ အဲဒီလို အမွေအနှစ်တွေ မထားရစ်နိုင်ကြပေမယ့် အများ ပြည်သူတွေ အတွက်တော့ အမွေပစ္စည်း တွေ ကျန်ရစ်ခဲ့ပါတယ်။ အဲဒါတွေကတော့ သူတို့ရဲ့ အနုပညာလက်ရာ ပစ္စည်းတွေပါပဲ။

သူတို့ အသက်ထင်ရှားရှိစဉ်က ရေးသားခဲ့တဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုစတဲ့ စာအုပ်စာပေတွေ၊ ပန်းချီကားတွေ၊ ကာတွန်းတွေ၊ ပန်းပုလက်ရာ တွေ သူတို့ရေးဖွဲ့ သီကုံးခဲ့ကြတဲ့ တေးသီချင်း၊ ဂီတတွေ၊ သူတို့ပါဝင်ရိုက်ကူး ဖျော်ဖြေ တင်ဆက်ခဲ့ကြတဲ့ ရုပ်ရှင် ဇာတ်ကားတွေ၊ ဇာတ်ထုပ် ဇာတ်လမ်း တွေ. . . စတဲ့ အနုပညာ ပစ္စည်း၊ အနုပညာဖန်တီးမှုတွေဟာ တန်ဖိုးဖြတ် လို့ မရတဲ့ သူတို့ရဲ့ အမွေအနှစ်တွေပါပဲ။

အဲဒီ အနုပညာ အမွေအနှစ်တွေကို မပျောက်မပျက်အောင် ရှာဖွေစုဆောင်း ဆက်လက်ထိန်းသိမ်း သွားဖို့၊ ပြန်လည်ရှင်သန် ပြန့်ပွား လာအောင် ကျန်ခဲ့တဲ့ အနုပညာ မိတ်ဆွေများနဲ့ နီးစပ်တဲ့ အနုပညာ အပေါင်း အသင်းများက ကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုပါတယ်။ (ခေတ်မီ တိုးတက်တဲ့ နိုင်ငံကြီးတွေမှာဆိုရင် သူတို့ရဲ့ ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်ကြီးများရဲ့ အနုပညာ အမွေအနှစ်တွေကို နိုင်ငံတော် အစိုးရ ကိုယ်တိုင်က ရှာဖွေစုဆောင်း စောင့်ရှောက် ထိန်းသိမ်းပြီး ပြန်လည် ဖော် ထုတ်ခဲ့ကြတာ အားလုံး အသိပါပဲ။)။

ဒါကြောင့် ကွယ်လွန်သူ အနုပညာရှင်များဖြစ်ကြတဲ့ **မောင်လွန်းကြင်နဲ့ ဆရာဦးဘထွေးတို့အတွက် အမှတ်တရ စီစဉ် ထုတ်ဝေ**





လိုက်တဲ့ အဲဒီ လက်ကမ်းစာစောင်ကလေးနှစ်ခုဟာ သူတို့ရဲ့ **အနုပညာ** အမွေအနှစ်ကို တစစ်တစ်ဒေသ ပြန်လည်စုစည်း ဖော်ထုတ်တင်ပြလိုက် ကြတာမို့ ကျွန်တော့်အနေနဲ့ ရွှာရိုးကိုးပေါက်မှာ ကျေနပ်အားရစွာ **မှတ်တမ်း** တင်လိုက်ရခြင်း ဖြစ်ပါတယ်။

အဲဒါနဲ့ တစ်ဆက်တည်း တင်ပြအစီရင်ခံချင်တာ တစေော့ ကွယ်လွန်သူ ကာတွန်းဆရာကြီး ဦးဘထွေးရဲ့ အနုပညာလက်ရာ အမွေ အနှစ်တွေကို အဲဒီလို ပြန်လည် ရှာဖွေစုစည်းပြီး မပျောက်မပျက် ဆက် လက်ထိန်းသိမ်း ဖော်ထုတ်သွားနိုင်ဖို့အတွက် အဖွဲ့ကလေး တစ်ဖွဲ့ကို ဆရာ ဦးဘထွေး ကွယ်လွန်တဲ့ တစ်လပြည့်တဲ့နေ့ (၉-၈-၉၂)ရက်နေ့က ဖွဲ့စည်း ခဲ့ကြပါတယ်။ အဲဒီအဖွဲ့ကလေးမှာ ဆရာဦးဘထွေးနဲ့ လက်ပွန်းတတီး နေလာခဲ့တဲ့ ကာတွန်းဆရာကြီး တစ်ဦးနဲ့အတူ ကာတွန်းမြေဇာ၊ အယ်ဒီတာ မြတ်ဆွေ(မိုးကျာနယ်)၊ စာရေးဆရာမ သီရိ၊ ဦးလှဘော် (ဆရာဦးဘထွေး ရဲ့တူသား)နဲ့ ကျွန်တော် (လင်းယုန်မောင်မောင်)တို့ ပါဝင်ကြပါတယ်။

တကယ်တော့ ဆရာဦးဘထွေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်ကတည်းက စာနယ်ဇင်းတွေမှာ ကာတွန်းတွေ အမြဲမပြတ် ရေးဆွဲ လာခဲ့သူ ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုးကျာနယ်မှာလည်း စထွက်ကတည်း က ကွယ်လွန်သွားတဲ့ အချိန်အထိ ကာတွန်းတွေ လစဉ် ရေးဆွဲလာခဲ့ပါ တယ်။ အဲဒီလို ကာတွန်းတွေ မရေမတွက်နိုင်အောင် နှစ်ပေါင်းများစွာ ရေးဆွဲလာခဲ့သလို ပန်းချီ၊ ပန်းပုအနုပညာ ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါး တွေကိုလည်း မဂ္ဂဇင်းစာ စောင်တွေမှာ မကြာခဏ ရေးသားခဲ့တဲ့အပြင် 'တမ့်ရုပ်ပြောင်'၊ 'ပန်းချီပန်းပုမှတ်တမ်း'၊ 'ဦးဘဂျမ်းနှင့် သူတို့အမြင်' စတဲ့ စာအုပ်တွေကိုလည်း ရေးသားထုတ်ဝေခဲ့တဲ့ စာရေးဆရာကြီးတစ်ဦးဖြစ်ပါ တယ်။ ဒါကြောင့် ဆရာဦးဘထွေးရဲ့ ကာတွန်းတွေ၊ ဆောင်းပါးတွေနဲ့ စာအုပ်တွေကို ပြန်လည်စုစည်း ထုတ်ဝေဖို့ ကျွန်တော်တို့အဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ဆောင်ရွက်သွားကြမှာဖြစ်ပါတယ်။

အဲဒီလို ဆရာဦးဘထွေးရဲ့ အနုပညာ အမွေအနှစ်တွေကို ပြန်လည် စုစည်း ဖော်ထုတ်သွားခြင်းဟာ ဆရာဦးဘထွေးကို အကောင်းဆုံးနဲ့ အထိုက်တန်ဆုံး ဂုဏ်ပြုခြင်းပဲလို့ ကျွန်တော်တို့ ယုံကြည်ယူဆပါတယ်။

**ဆရာသုခနဲ့ ဗဟုသုတ**

မိုးအရမ်းကောင်းပြီး ရေတွေကြီး၊ တံတားတွေကျိုး၊ လမ်းတွေ ပျက်နေလို့ မြစ်ဝကျွန်းပေါ်နဲ့အထက် ရွှာရိုးကိုးပေါက်ကို မရောက်နိုင်၊ မသွားနိုင်ခဲ့ပေမယ့် ဒီလထဲမှာ တောင်ဥက္ကလာ ပါရမီလမ်းက ဆရာကြီး ဦးသုခအိမ်ကိုတော့ ၁၅-၈-၉၂ နေ့က ကျွန်တော်ရောက်သွားခဲ့ပါတယ်။

ဆရာသုခနဲ့ ကျွန်တော်ဟာ တာမွေနဲ့ တောင်ဥက္ကလာမို့ ရန်ကုန်မှာ လူချင်းတွေ့ဖို့ ဆုံဖို့ အလှမ်းဝေးနေကြပေမယ့် မန္တလေးမှာတော့ ဆရာရော၊ ကျွန်တော်ပါ ရောက်တဲ့အခါတိုင်း ဆုံတတ်ကြပါတယ်။ လူထုဒေါ်အမာရဲ့ မွေးနေ့အခမ်းအနားတွေမှာ သုံးလေးခါ ဆုံဖူးကြသလို၊ မနှစ်က (၁၉၉၁) လူထုဦးလှ ကွယ်လွန်တဲ့ ၉-နှစ်မြောက် အခမ်းအနားမှာလည်း ဆုံခဲ့ကြပါသေးတယ်။ ဆရာနဲ့ နောက်ဆုံး လူချင်းဆုံခဲ့ကြတာကတော့ ပဲခူးကျောင်းသားဟောင်းများရဲ့ ဖိတ်ကြားချက်အရ မနှစ်က ဒီဇင်ဘာလမှာ 'ရဟန်းစားရ သော ဆွမ်းတစ်နပ်' ဟောပြောပွဲကို ဆရာနဲ့အတူ လိုက်သွားခဲ့ရ တာ ပါပဲ။ အဲဒီနောက် ၈လကျော် ဥလနီးပါးလောက် အဆက် ပြတ်နေခဲ့ကြပြီး အခုမှ ပြန်ဆုံကြရပါတယ်။

ဆရာသုခနဲ့ အခုလို လူချင်း ပြန်လည်ဆုံတွေ့ကြရတာကလည်း ပန်းချီကျော်ဖြူစံရဲ့ ကျေးဇူးကြောင့်လို့ ဆိုရပါမယ်။ ကျော်ဖြူစံဟာ ကျွန်တော်နဲ့ တာမွေ ဗိုလ်စိန်မှန်ရပ်ကွက်မှာနေတဲ့ အိမ်နီးနားချင်း လူငယ် ပန်းချီဆရာ တစ်ယောက်ပါ။ ကျော်ဖြူစံကို ရန်ကုန် မဂ္ဂဇင်းလောကမှာ စတွေ့ပြီး လူချင်းခင်မင် ရင်းနှီးလာခဲ့ တာ ၁၀နှစ်ကျော်ရှိခဲ့ပါပြီ။ ၁၉၈၁-





ခုနှစ်လောက်က ကျွန်တော်တို့ စာရေးဆရာတွေ တစ်လှေကြီး [illegible] တင့်၊ အောင်သင်း၊ ချစ်ဦးညို၊ မြတ်လေး၊ ကာတွန်းမြေဇာနဲ့ ကျွန်[illegible] ပခုက္ကူစာပေ ဟောပြောပွဲ သွားခဲ့ကြတုန်းက ပခုက္ကူသား ကျော်ဖြူစံ[illegible] ကျွန်တော်တို့နဲ့အတူတူ ရေပူရေချမ်း ကမ်းလှမ်းရင်း လိုက်လာခဲ့ဖူးပါတယ်။

ကျော်ဖြူစံဟာ လစဉ်ထုတ် မဂ္ဂဇင်းတွေနဲ့ ဘာသာရေး စာစောင်တွေမှာ ပန်းချီတွေရေးနေရင်း လွန်ခဲ့တဲ့ တစ်နှစ်လောက်က စိတ်ကူးရပြီး ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ဖခင်ပွဲလမ်းဆုံးဖြစ်တဲ့ ဇာတ်ကြီးဆယ်ဘွဲ့ ဇာတ်တော်များကို ပန်းချီသရုပ်ဖော်ပုံများနဲ့ တခမ်းတနား ရေးဆွဲ ပုံနှိပ်ထုတ်ဝေခဲ့ရာက အောင်မြင်ထင်ရှားလာခဲ့ပါတယ်။ ဗုဒ္ဓဘာသာဝင်တိုင်းရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ 'နုစဉ် ငါးရှားရင့်မှာ တစ်ကျိုပ်' ဆိုတဲ့ စကားနဲ့အညီ ပါရမီ ဆယ်ပါးကို ဖော်ကြူးတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ကို ကျော်ဖြူစံက သူရဲ့ နွဲ့နှောင်းပျော့ပြောင်းတဲ့ မြန်မာ့ ရိုးရာ ကောက်ကြောင်း ပန်းချီလက်ရာနဲ့ သရုပ်ဖော်ထားတဲ့ စာအုပ်တွေဟာ လူငယ် လူရွယ် လူလတ်သာမက လူကြီးတွေပါစွဲလမ်း နှစ်ခြိုက်ကြလို့ အကြိမ်ကြိမ် ပြန်ရိုက်နေရတယ်လို့ သိရပါတယ်။

ခုအထိ ကျော်ဖြူစံဟာ ဝေဿန္တရာနဲ့ မဟော်သဓာ အမှတ် (၁)နဲ့ အမှတ်(၂)ဆိုပြီး ဇာတ်တော်ကြီးနှစ်ခုကို ရေးဆွဲပုံနှိပ်ထုတ်ဝေ ပြီးခဲ့ပါပြီ။ အဲဒီဇာတ်တော်ကြီး စာအုပ်သုံးအုပ်မှာ ဆရာပါရဂူ၊ မွှာစရိယဆရာဦးဌေးလှိုင်နဲ့ ဆရာလေးမြိုင်(မမှုရုံသီ)တို့က အမှာစာများ ရေးသားချီးမြှင့်ခဲ့ကြပါတယ်။ ယခု မကြာခင် ထုတ်ဝေတော့မယ့် ဝိဓူရဇာတ်တော်ကြီး ပန်းချီရုပ်ပြ စာအုပ်တွေအတွက် ဆရာကြီးဦးသုခဆီက အမှာစာ လိုချင်လို့ ကျွန်တော့်ကို အကူအညီ လာတောင်းတာနဲ့ အဲဒီနေ့က ကျော်ဖြူစံနဲ့ အတူ ဆရာကြီး ဦးသုခစံအိမ်ကို ရောက်သွားခဲ့ကြတာပါပဲ။

လူချင်းမတွေ့ရတာ ဥလလောက်ကြာသွားပြီမို့ အဲဒီနေ့က [illegible]



www.burmeseclassic.com

www.burmeseclassic.com



သုခနဲ့ စကားတွေဖောင်ဖွဲ့ပြီး ပြောလိုက်ကြတာ သုံးနာရီနီးပါး ကြာသွားခဲ့ပါတယ်။ အဲဒီမှာ ၃၈-ဖြာမင်္ဂလာထဲက 'ပဏ္ဍိတာနဥ္စ သေဝနာ'ဆိုတဲ့ မင်္ဂလာတရားကို ကောင်းကောင်းကြီး နားလည် သဘောပေါက်ခဲ့ရပါတယ်။ ဆရာကြီးဦးသုခလို စာပေ၊ ရုပ်ရှင်၊ ဂီတစတဲ့ အနုသုခုမ ပညာရှင်ကြီးတစ်ယောက်နဲ့ ၃နာရီလောက် စကားပြောခွင့်ရတာဟာ ကျွန်တော်တို့အတွက် တကယ့် တန်ဖိုး မဖြတ်နိုင်တဲ့ မင်္ဂလာတစ်ပါးပါပဲ။ အနုပညာနဲ့ ပတ်သက်လာရင် အဘက်ဘက်က စွယ်စုံရနေတဲ့ ဆရာသုခရဲ့ အတွေ့အကြုံ၊ အတွေးအခေါ်၊ အယူအဆတွေကို နာယူရတာဟာ အဖိုးတန် စာအုပ်ပေါင်းများစွာကို တစ်ထိုင်တည်းနဲ့ ဖတ်ရှုလေ့လာ ဆည်းပူးလိုက်ရသလို ပညာဗဟုသုတတွေ တစ်ဝကြီး ရခဲ့ပါတယ်။

ဆရာဟာ သူ့သား 'ကိုရဲ'ရှိရာ ဂျပန်နိုင်ငံကို သုံးလေးနှစ်အတွင်း သုံးလေးခေါက် သွားရောက်ခဲ့ပါတယ်။ အခု နောက်ဆုံး စတုတ္ထ အခေါက်မှာ ငါးလလောက်ကြာခဲ့ပြီး ပြန်ရောက်တာ လပိုင်းပဲ ရှိပါသေးတယ်။ တတိယ အခေါက်တုန်းကဆိုရင် ၉-လနီးပါး ကြာခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် အဲဒီနေ့က ဆရာပြောပြလိုက်တဲ့ ဂျပန်ပြည်အကြောင်း သောင်းပြောင်းထွေလာ မှတ်သား စရာတွေကို ကြားနာခဲ့ရတာဟာ ကျွန်တော်ရဲ့ ရွာရိုးကိုးပေါက် ခရီးတစ်ထောက် မှတ်လောက်သားလောက်အောင် ဖြစ်ခဲ့ရပါတယ် ခင်ဗျာ။



## ရွာရိုးဆယ့်ရှစ်ပေါက်

အရင်လက "ရွာရိုးကိုးပေါက်"မှာ ရန်ကုန်နဲ့ ပဲခူးကြား မိုးတွေကြီးပြီး ရေတွေလျှံလို့ သံလမ်းတွေပျက်တာနဲ့ သုံးလေးရက်လောက် မီးရထားတွေ မထွက်နိုင်တဲ့အတွက် အထက်အညာ မုံရွာ၊ မန္တလေးဘက်ကို ခရီးထွက်ဖို့ စီစဉ်ထားတဲ့ ကျွန်တော့်မှာ ခရီးမထွက် ရလို့ စိတ်ပျက်လက်ပျက် ဖြစ်နေရတဲ့အကြောင်းနဲ့ တကယ်လို့ ရန်ကုန် မန္တလေး မီးရထားလမ်းတွေ ကောင်းသွားပြီး ရထားပြန်ထွက်ရင် ထွက်တဲ့နေ့မှာပဲ လိုက်ဖြစ်အောင်လိုက်ဖို့ မောင်းတင်ထား တဲ့အကြောင်း . . . အမှတ်မထင် ရေးခဲ့ပါတယ်။

ရေးတုန်းက ဒီလို အမှတ်မထင် ရေးလိုက်ပေမယ့် တကယ့်တကယ်ကျတော့လည်း အဲဒီအတိုင်း 'ဒက်ထိ'ဖြစ်သွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဩဂုတ်လ ၁၈၊ ၁၉၊ ၂၀၊ ၂၁ရက်နေ့များမှာ ရထားတွေလည်း ပြန်ထွက်ရော ကျွန်တော်လည်း ည ၇နာရီခွဲ ရထားနဲ့ မန္တလေးကို တန်းလိုက်သွားတော့တာပါပဲ။

ဒီတစ်ခေါက်ရွာရိုးကိုးပေါက် ခရီးစဉ်ကတော့ မန္တလေး မုံရွာတစ်ခွင် တကယ့်ကို ပြုပြစ်သွားခဲ့တာပါပဲ။ ဒီတစ်ခါ သွားခဲ့ လာခဲ့ရောက်ခဲ့ ပေါက်ခဲ့တဲ့ နေရာဒေသတွေက များလွန်းလို့ "ရွာရိုးကိုးပေါက်"



www.burmeseclassic.com

www.burmeseclassic.com



တောင်မကတော့ဘဲ နှစ်ဆတိုးပြီး 'ရွှာရိုးဆယ်ရှစ်ပေါက်'လောက် ဖြစ်သွားခဲ့ပါတယ်။ ဩဂုတ်လ ၂၂ရက်နေ့ည ရန်ကုန်က ထွက်သွားလိုက်တာ စက်တင်ဘာ ၁၁ရက်နေ့မှ ပြန်ရောက်လာတာမို့ အသွားအပြန်ခရီးဟာ ရက်ပေါင်း ၂၀နီးပါးကြီးများတောင် ကြာခဲ့ပါတယ်။ အဲဒီ ရက်ပေါင်း ၂၀ အတွင်း မန္တလေး၊ မုံရွာ၊ ရွှေပန်း၊ အမြင့်၊ ပရိမ္မ၊ ရတနာ့ဂူ၊ တောင်လေးလုံး မောင်းထောင်၊ မုံရွေး၊ ကြေးမုံ၊ ချောင်းဦးနယ်တစ်လွှား မနားမနေ ထွေပြား တသွားတည်း သွားခဲ့တာမို့ အဲဒီလောက်များပြားတဲ့ ရွှာရိုးဆယ့်ရှစ်ပေါက် ရောက်ခဲ့သမျှ ခရီးစဉ်ကို အကုန်အစင် အသေးစိတ်ရေးပြနေရင် ဒီလ မိုးဂျာနယ် တစ်အုပ်လုံး ကျွန်တော့် ဆောင်းပါးတစ်ပုဒ်ထဲနဲ့ ကိစ္စပြတ်သွားပါလိမ့်မယ်။

ဒါ့ကြောင့် ရောက်ခဲ့ပေါက်ခဲ့သမျှ နေရာဒေသတွေနဲ့ မြင်တွေ့ကြားသိခဲ့ရသမျှ အတွေ့အကြုံတွေကို မိုးဂျာနယ် အယ်ဒီတာများရဲ့ အလိုကျ၊ လေးမျက်နှာထက်မပိုရအောင် တိုတိုကျဉ်းကျဉ်းနဲ့ လိုရင်းကိုပဲ ရေးပြပါစေ။

**စာအုပ်နှစ်ထုပ်ပျောက်ဆုံးမှု**

ဩဂုတ်လ ၂၂ရက်နေ့ ည ၇နာရီခွဲရထားနဲ့ ရန်ကုန်က လိုက်လာခဲ့ပြီး နောက်တစ်နေ့ ၁၂နာရီလောက်မှာ မန္တလေးဘူတာကြီးကို ဆိုက်ပါတယ်။ ဘူတာကြီးက ဆိုက်ကားစီးပြီး မင်္ဂလာလမ်းက ညီတော်မောင် အိမ်လည်း ရောက်ရော ရထားတွဲပေါ်မှာ မေ့ကျန်ခဲ့တာကို အဲဒီကျမှ သတိရပါတော့တယ်။ အဲဒီအထုပ်နှစ်ထုပ်က တခြားမဟုတ်ပါဘူး။ မနေ့ညက ရထားထွက်ခါနီးမှ ရန်ကုန်ဘူတာ ကြီးကို လိုက်လာပြီး လှူကြဲပါးလိုက်တဲ့ အောင်မြင်ရေးမဂ္ဂဇင်း နှစ်ထုပ်ပါပဲ။ အောင်မြင်ရေးအယ်ဒီတာ မုံရွာသား က လူထု ဒေါ်အမာ၊ မောင်ရဲနိုင်စတဲ့ မန္တလေး၊ မုံရွာမှာရှိနေကြတဲ့ သူ့ဆွေ မျိုး သားချင်းတွေ စာပေအပေါင်းအသင်းတွေအတွက် မေတ္တာလက်ဆောင်ပေးလိုက်တဲ့ အောင်မြင်ရေး မဂ္ဂဇင်းအထုပ်နှစ်ထုပ်ပါ။ တစ်ထုပ်ကို ၇အုပ် ၈အုပ်စီလောက်ပါတာမို့ စုစုပေါင်း မဂ္ဂဇင်း ဆယ့်လေးငါးအုပ်လောက် ရှိပါလိမ့်မယ်။

အဲဒီလို လှူကြဲပါးလိုက်တဲ့ စာအုပ်ထုပ်တွေ ရထားတွဲပေါ်မှာ 'မေ့ကျန်ရစ်ခဲ့တာမို့ တည်းအိမ်ရောက်ရောက်ချင်း ပျာယီး ပျာယာနဲ့ စက်ဘီးစီးပြီး မန္တလေးဘူတာကြီးကို အပြေးအလွှားလာခဲ့ ရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိတဲ့ မီးရထားဌာနက ပုဂ္ဂိုလ်တွေကို အကျိုးအကြောင်း ပြောပြပြီး သူတို့ ညွှန်လိုက်တဲ့အတိုင်း မီးရထား တွဲထိန်းဌာနကို စုံစမ်းပါသေးတယ်။ ဒါပေမယ့် အဲဒီအချိန်အထိ ရထားတွဲ သန့်ရှင်းရေးအလုပ်သမားတွေဆီက ဘာပစ္စည်းမှ လာမအပ်ကြသေးဘူးဆိုလို့ ဒီအတိုင်းပဲ လက်လျှော့ပြီး ပြန်ခဲ့ရတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဩဂုတ်လ ၂၇ရက်နေ့က ရတနာ့ဂူ ပွဲကို လာရင်းနဲ့ တောင်လေးလုံးရောက်ပြီး ကဗျာဆရာနီမောင်နဲ့ တွေ့တော့မှပဲ ရှင်းသွားပါတယ်။ နီမောင်က "ဆရာ့စာအုပ်ထုပ်တွေ ပျောက်တာ ဘာမှ ဆက်ကြိုးစားမနေနဲ့တော့။ စာအုပ်ထုပ်တွေရ သွားတဲ့လူက စာအုပ်ဆိုင်တွေမှာ တစ်အုပ် ဆယ့်ရှစ်ကျပ်နဲ့ ရောင်းသွားပြီးပြီလို့ ပြောတယ်။

အဲဒီလို ရထားပေါ်မှာ စာအုပ်နှစ်ထုပ် မေ့ကျန်တဲ့ အကြောင်းကို စဉ်းစားရင်းနဲ့ တစ်ခါတုန်းက မြန်မာလူမျိုးတစ်ယောက် ပြင်သစ်နိုင်ငံ၊ ပါရီမြို့က ဟိုတယ်ကြီးတစ်ခုရဲ့ ရေချိုးခန်း ထဲမှာ စိန်လက်စွပ် ချွတ်ထားပြီး မေ့ကျန်ခဲ့တာကို အဲဒီဟိုတယ်က တာဝန်ခံတွေက အဲဒီပစ္စည်းရှင်ရှိရာ အင်္ဂလန်နိုင်ငံအထိ စိန်လက်စွပ်ကို ရောက်အောင် ပြန်ပို့ပေးခဲ့တဲ့ တကယ့် ဖြစ်ရပ်ကလေးကို ပြေးသတိရလိုက်မိပါတယ်။ အရာရာမှာ ဒေါသနှင့် သောက ကင်းဝေး နေနိုင်ရေးကို ရှေးရှုတတ်တဲ့ ကျွန်တော်က မေ့ကျန်ခဲ့တဲ့ စိန်လက်စွပ် ပြန်ရဖူးတဲ့ အဲဒီတကယ့်ဖြစ်ရပ်ကလေးကိုတွေးပြီး . . . အင်း







www.burmeseclassic.com

www.burmeseclassic.com



ခဲ့သားပေါ်မှာ ငါမေ့ကျန်ရစ်ခဲ့တဲ့ စာအုပ်ထုပ်က နှစ်ရာကျော်၊ သုံးရာတန်ဆိုတော့ မေ့ကျန်ခဲ့တဲ့ ငါ့ပစ္စည်းဟာ စိန်လက်စွပ် တစ်ကွင်းလို နှစ်သောင်းကျော် သုံးသောင်းလောက်တန်ရင်တော့ ငါ ပြန်ရချင်ရမှာပေါ့လေ"လို့ပဲ သဘောရပြီး သောကကင်းဝေးအောင် နေလိုက်ပါတယ်။

**ရေစကြိုမော်တော်ပေါ်မှ ခရီးသည်များ**

အမှန်အတိုင်း ပြောရင် ဒီတစ်ခေါက် ရှာရိုးကိုးပေါက် ခရီးစဉ်မှာ ကျွန်တော်ဟာ အငြိမ်းစား သမိုင်းပါမောက္ခ ဒေါက်တာ သန်းထွန်းနဲ့ အတူ သွားကြဖို့ မူလက စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် ဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံကို ခေတ္တရောက်နေကြတဲ့ ဂျပန်ဧည့်သည်များနဲ့ တွေ့ဖို့ ချိန်းထားပြီးသား ဖြစ်နေလို့ ဩဂုတ်လ ကုန်လောက်မှ လိုက်နိုင်မယ်ဆိုတာနဲ့ ဆရာ့ကို မစောင့်တော့ဘဲ ကျွန်တော်တစ်ယောက်တည်း ကြိုတင်ပြီး အထက်အညာကို ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလို ကြိုတင်ပြီး ထွက်လာခဲ့တာကလည်း ရန်ကုန်စာပေလောကမှာ ကျွန်တော်တို့နဲ့ နှစ်ပေါင်း သုံးဆယ်ကျော် အတူလက်တွဲလုပ်ကိုင်လာခဲ့ကြတဲ့ ချင်းတွင်းစာပေတိုက်နဲ့ချင်းတွင်း ပုံနှိပ်တိုက်ပိုင်ရှင် ချင်းတွင်းဦးဘကြည်က သူ့မွေးရပ်ဇာတိဖြစ်တဲ့ ရွှေပန်းရှာမှာ သူ့ရဲ့ ၇၄နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်နဲ့ ဘုရားထီးတင်ပွဲကို ဩဂုတ်လ ၂၆-၂၇ ရက်နေ့မှာ ကျင်းပဖို့စီစဉ် ထားတဲ့အတွက် အဲဒီပွဲကို အမီရောက်အောင် ရန်ကုန်က ရေးကြီး သုတ်ပျာ ထွက်လာခဲ့တာပါပဲ။

အဲဒီလိုနဲ့ ၂၃ရက်နေ့ မန္တလေးမှာ တစ်ညအိပ်ပြီး နောက်နေ့ မနက် မုံရွာဘက်ကို ခရီးဆက်ခဲ့ပါတယ်။ မုံရွာမှာလည်း ၂၄ ရက်နေ့ တစ်ညအိပ်ပြီး ၂၅ရက်နေ့ကျတော့ ချင်းတွင်းမြစ်ကြောင်းအတိုင်း မော်တော်တစ်စင်းနဲ့ ရွှေပန်းရှာကို စုန်ဆင်းလာခဲ့ပါတယ်။ မုံရွာနဲ့ ရွှေပန်း ဟာ ရေလမ်းအတိုင်းသွားရင် ခရီးမဝေးလှပါဘူး။ တစ်နာရီခွဲသာသာ နှစ်နာရီလောက်ပဲ စုန်ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စီးတဲ့ မော်တော်





က ရေစကြိုမော်တော်ဖြစ်နေတော့ ဝေဇက်ဝဲင် ပေါင်းသွားရတဲ့ အကြောင်းပြုပြီး နာမည်ကျော်နေတဲ့ ပေါင်းဝရွာမှာ တစ်ခါ၊ အဲဒီအောက် နားက အမည်မသိတဲ့ ရွာရဲ့ မြစ်ကမ်းပါးမှာ တစ်ခါ ခရီးသည်တွေနဲ့ ကုန်တွေကို ကြိုသလိုတင် နေလို့ တစ်နာရီခွဲ နှစ်နာရီခရီးကို သုံးနာရီကျော် လေးနာရီနီးပါး ကြာသွားခဲ့ရပါတယ်။ (အဲဒီမှာ ကျွန်တော်စိတ်ထဲက ကြိတ်ပြီး ချီး ကျူးအံ့ဩမိခဲ့တာကတော့ မော်တော်ပေါ်မှာ စီးနင်းလိုက်ပါလာကြတဲ့ ခရီးသည်တွေပါပဲ)။ ပိသာချိန် တစ်ရာခန့်ရှိမယ့် ဧရာမဆေးပိုလ်ကြီး (ဆေးရွက်ကြီးတွေထည့်ထားတဲ့ ခြင်းကြီး)တွေ ၁၀ခုလောက်ကို မော်တော်က ကားပေါ်ရောက်အောင် မော်တော်အလုပ်သမားတွေ အားလုံးမနိုင်မနင်ဘဲ နာရီဝက်ကျော် တစ်နာရီနီးပါးလောက် ကြာအောင် ကြိုးစားပြီး တင်နေကြတာတွေ၊ ဆယ်လေးငါးပေလောက် ရှည်တဲ့ ကြိမ်ချောင်း နှစ်ဆယ်အစိတ်ကို စည်းထားတဲ့ ကြိမ်စည်း တွေ တစ်ရာကျော်ကို မော်တော်ပေါ်ကို ရောက်အောင် တစ်နာရီလောက် အချိန်ယူပြီး တင်နေကြတာတွေ အဲဒါတွေကို ခရီးသည်တွေ အားလုံးဟာ ဘာတစ်ခွန်းမှ မပြောဘဲ စိတ်ရှည်လက်ရှည် စိတ်အေးလက်အေးနဲ့ ဆေးလိပ်သောက်မပျက် စကားပြောမပျက် ရှိနေကြတာကို ကြည့်ပြီး သူတို့ရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သည်းခံနိုင်စွမ်းအားကို ကျွန်တော် အံ့အားအသင့်ကြီး သင့်ခဲ့ပါတယ်။ အဲဒီလို စိတ်အေးလက်အေးနဲ့ ကျေနွေမပျက်ရှိနေကြတဲ့ ရေစကြို မော်တော် ပေါ်က ခရီးသည်တွေကို ကြည့်ပြီး ရန်ကုန်မြို့ပေါ်က ဘတ်စကား မှတ်တိုင် တစ်တိုင်မှာ ခပ်ကြာကြာလေး ရပ်ထားတဲ့ ကားပေါ်က မကျေမနပ်နဲ့ ပူညံပူညံ လုပ်တတ်ကြတဲ့ ခရီးသည်တွေကို ပြေးသတိ ရလိုက်မိပါတယ်။

**လှေငယ်ဖြင့် ရေလယ်ကို ဖြတ်ကူးခြင်း**

ဒီလိုနဲ့ ကျွန်တော်တို့ စီးလာတဲ့ မော်တော်ဟာ မအူလေး ရွာဆိပ်ကမ်းကို ညနေ ၄နာရီခွဲသာသာ ၅နာရီလောက်မှ ရောက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ ချင်းတွင်း ဦးဘကြည်ရဲ့ဇာတိ ရွှေပန်းရွာကို တစ်ခါ တစ်ခေါက်မှ မရောက်ဖူးတဲ့အတွက် အဖော်ရအောင်ဆိုပြီး မုံရွာက ကျွန်တော်နဲ့ အင်မတန် ရင်းနှီးတဲ့ စာပေမိတ်ဆွေကြီး လယ်ဇင်းဦးသိန်းဖေကို ခေါ်လာခဲ့ပါတယ်။ အဲဒီလို လယ်ဇင်းဦးသိန်းဖေကို အဖော်ခေါ်လာခဲ့မိတာဟာ ကျွန်တော့်အတွက် အင့်မတန် ကံကောင်းတယ်လို့ ဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ မအူလေးရွာကို မော်တော်ကပ်ပြီး ကုန်းပေါ်လည်း တက်လိုက်ရော ညနေ ၅နာရီ သာသာမှာ တစ်မိုးလုံး မှောင်မည်းပြီး သည်းကြီးမည်းကြီး မိုးရွာချလိုက်လို့ပါပဲ။

တကယ်တော့ ရွှေပန်းရွာကို ကုန်းလမ်းကလာရင် ရောက်နိုင်ပေမယ့် ချင်းတွင်းမြစ်ကြောင်းအတိုင်း ရေလမ်းကလာမိတဲ့ ကျွန်တော်တို့ရဲ့ အမှားကြောင့် ကျွန်တော်တို့ ရောက်သွားတဲ့ မြစ်ရဲ့ အနောက်ဖက်ကမ်း မအူလေးရွာကနေပြီး အရှေ့ဖက်ကမ်းမှာရှိတဲ့ ရွှေပန်းကို ရောက်အောင် ချင်းတွင်းမြစ်ကို ဖြတ်ကူးကြရပါဦးမယ်။ နေ့လည် နေ့ခင်း ရာသီဥတု သာသာယာယာနဲ့ဆိုရင် အကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် ညနေစောင်းပြီး မှောင်စပျိုးနေတဲ့အချိန်၊ မိုးကလည်း မှုန်မှိုင်းအုံ့ဆိုင်းပြီး သည်းကြီးမည်းကြီး ရွာနေတာမို့ ချင်းတွင်းမြစ်ကို ဖြတ်ကူးဖို့ အခက်ကြုံနေကြရပါတယ်။ ဒါပေမယ့် ကံအားလျော်စွာ တစ်ဖက်ကလာပြီး မအူလေးရွာမှာ အလုပ်လုပ်နေကြတဲ့ အုပ်စုတစ်စုနဲ့ တွေ့လိုက်ရလို့ သူတို့ကို အကူအညီ တောင်းရပါတယ်။ သူတို့ကလည်း အလုပ်သိမ်းပြီး တစ်ဖက်ကမ်းကို ပြန်ဖို့ စီစဉ်နေတဲ့အချိန်မို့ အဲဆင်ပြေသွားပါတယ်။ (ဒီကြားထဲမှာ အသက်ကြီးသလောက် ဗဟုသုတများပြီး စကားကို အချိတ်အဆက်နဲ့ ပြောတတ်တဲ့ လယ်ဇင်းဦးသိန်းဖေရဲ့ မိတ်ဆက်ပေးမှုကြောင့် အဲဒီ သုံးယောက်ထဲက တစ်ယောက်ဟာ ကျွန်တော့် စာဖတ်ပရိသတ် ဖြစ်နေတာ တွေ့ခဲ့ရပါတယ်)။

ဒီလိုနဲ့ အဲဒီနေ့ ညနေစောင်းက တစ်မိုးလုံးမှောင်မည်းပြီး





သည်းကြီးမည်းကြီးနဲ့ မိုးတွေ တအားရွာနေတဲ့ကြားထဲက လယ်သမား သုံးယောက်နဲ့အတူ ကျွန်တော်တို့နှစ်ယောက်နဲ့ တစ်ခြား လှေကြုံစီးခဲ့ အမျိုးသမီးတစ်ယောက် လှေကလေးတစ်စင်းနဲ့ ချင်းတွင်းမြစ်ကို ဖြတ်ကူးခဲ့ရတဲ့ စွန့်စားခန်းကတော့ တကယ့်ကြောက်ခမန်းလိလိ သည်းထိတ်ရင်ဖိုပါပဲ။ သာမန်မျက်စိနဲ့ လှမ်းကြည့်ရင် မသိသာပေမယ့် တကယ်ဖြတ်ကြည့်တော့မှ ချင်းတွင်းမြစ်ပြင်ကြီးဟာ ကျယ်လိုက်သမှ ဗင်လယ်ကြီးကို ဖြတ်နေရသလား အောက်မေ့ရတယ်။ မြစ်ပြင်ကျယ် မြစ်လယ်ခေါင်အထိ မှောင်ကြီးကျပြီး မိုးက သည်းသည်းမည်းမည်း ရွာချနေတာမို့ 'ငါ့အဖြစ်ကတော့ မောင်လွန်းကြင်ထက်တောင် ဆိုးတော့မှာပါလား' လို့ ကျွန်တော့် စိတ်ထဲ ရုတ်တရက်တွေးလိုက်မိပါတယ်။ ဒါပေမယ့် ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ အထူးဝါယမစိုက်ပြီး တက်ညီလက်ညီ လှော်ခတ်ခဲ့ကြတဲ့ လယ်သမား လှေသမား မောင်သောင်း၊ မောင်ရွှေဝင်းနဲ့ မောင်ဝင်းမြင့်တို့ သုံးဦးရဲ့ ကျေးဇူးကြောင့် မြစ်လယ်မှာ မသေမပျောက် လှေမမှောက်ဘဲ တစ်ဖက်ကမ်းကို ရောက်ခဲ့ကြရပါတယ်။

ဟိုဘက်ကမ်းရောက်တော့မှ လှေပေါ်ကဆင်း၊ ရေလယ်ကျွန်းကို ဖြတ်၊ နောက်တစ်ခါ မြစ်လက်တက်ကလေးတစ်ခုကို ကူးတို့ လှေနဲ့တူး၊ အဲဒီကမှ ကျအိုး(ကျားအိုး)ရွာကို ရောက်ပြီး ကျွန်တော်တို့နဲ့အတူ လှေကြုံစီးလာတဲ့ ကျအိုးရွာသူ မအုန်းရဲ့ လမ်းညွှန်ပေးမှုနဲ့ မိုးကလေး တဖွဲဖွဲအောက်မှာ လယ်ဇင်းဦးသိန်းဖေနဲ့ နှစ်ယောက်သား စကားပြောရင်း မမောမပန်း လျှောက်လှမ်းလာလိုက်ကြတာ ည ၇နာရီလောက်မှ ရွှေပန်းရွာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ကြပါတယ်။ (အဲဒီလို ရွှေပန်းရွာရောက်သွားမှ အညာသားပီပီ၊ အညာစကားနဲ့ညီအောင် ကျွန်တော် တစ်ခု ကျင့်သုံးခဲ့တာ ရှိပါသေးတယ်။ အဲဒါကဘာလဲဆိုတော့ ကျွန်တော်တို့နှစ်ယောက် ရွှေပန်းရွာရောက်ခါနီးမှ တစ်နေရာက ပြန်လာတဲ့ စက်ဘီးသမား တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲကို ကြိုပြီး သတင်းပို့လိုက်လို့ ရွာမှာရှိနေတဲ့ ချင်းတွင်းဦးဘကြည်က ကျွန်တော်တို့ကို ကြိုဖို့ လှည်းတစ်စီး လွှတ်လိုက်ပါတယ်။ ဒါပေမယ့် အဲဒီလှည်းက နွားတပ်နေရတာနဲ့ ဟိုဟာသည်ဟာ ပြင်ဆင်နေရတာနဲ့ နောက်ကျပြီး ကျွန်တော်တို့ ရွှေပန်းရွာလယ်ရောက်မှ အဲဒီလှည်းနဲ့ တွေ့ရပါတယ်။ အဲဒီကျတော့ ဦးဘကြည်နေတဲ့အိမ်နဲ့ ကိုက်တစ်ရာလောက်ပဲ ဝေးပါတော့တယ်။ ဒါပေမယ့် ကျွန်တော်က လာကြိုတဲ့ လှည်းသမားလည်း ကျေနပ်အောင် အညာစကား အညာလေနဲ့လည်း ကိုက်ညီအောင်ဆိုပြီး အဲဒီ ကိုက်တစ်ရာလောက် ခရီးကို လှည်းစီးဖြစ်အောင် စီးလိုက်ပါသေးတယ်။ ဦးဘကြည်တည်းနေတဲ့ ကျောင်းဆရာဦးအောင်သန်းအိမ်ကို ရောက်တော့ ဦးဘကြည်ကို တွေ့တွေ့ချင်း ကျွန်တော်က 'ခင်ဗျားတို့ ရွှေပန်းကို မရောက်ရောက်အောင် လှေတတန်၊ လှည်းတတန်စီးပြီး လာခဲ့ရတာဗျ'လို့ အညာဝေါဟာရ အညာစကားလုံးကို အားရပါးရသုံးပြီး သဘာဝကျကျ ပြောချလိုက်ပါတယ်။

**ရွှေပန်းရွာမှ အလှူဒါန**

နောက်သြဂုတ်လ ၂၆ရက်နေ့မှာတော့ ရွှေပန်းရွာဒက္ခိဏာ ရာမ ကျောင်းတိုက်မှာ ကျင်းပတဲ့ ချင်းတွင်းဦးဘကြည်ရဲ့ ၇၄နှစ် ပြည့်တဲ့ မွေးနေ့ အခမ်းအနားကို ကျွန်တော်တက်ခဲ့ပါတယ်။ ဦးဘကြည်ဟာ ရွှေပန်းရွာမှာ မွေးတဲ့ တောသားတစ်ယောက်ပါ။ ဒါပေမယ့် မိရိုးဖလာ တောင်သူလယ်သမားဘဝကနေပြီး လှေထိုးသားဘဝ၊ ပွဲရုံစာရေးဘဝ၊ ကုန်သည်ဘဝ၊ ဖက်စပ်မန်နေဂျာဘဝစတဲ့ ဘဝမျိုးစုံ ကျင်လည်ရှုန်းကန်ရင်း သူရဲ့ရိုးသားမှု၊ ကြိုးစားမှုနဲ့ စနစ် ဇယားရှိမှုတွေကြောင့် နောက်ဆုံး ရန်ကုန် ၄၇လမ်းမှာ ချင်းတွင်းပုံနှိပ်တိုက်နဲ့ ချင်းတွင်းစာပေတိုက်ကို တည်ထောင်နိုင်တဲ့ အထိ တိုးတက်ကြီးပွားလာခဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့် မူလဘဝဟောင်းကို မမေ့တတ်တဲ့ ဗီဇဝါသနာကြောင့် မွေးရာဇာတိဖြစ်တဲ့





ရွှေပန်းကျေးရွာမှာ မကြာခဏ အလှူအတန်းသွားလုပ်ခဲ့ပါတယ်။ ဒီနှစ်တော့ သူ့အသက် ၇၄နှစ်ပြည့်တဲ့အနေနဲ့ သူ့အသွားတည်ခဲ့တဲ့ ဘုရားကို ထီးတင်ဖို့ ရန်ကုန်က ရွှေပန်းရွာကို တကူးတကလာပြီး အလှူအတန်းလုပ်တာပါပဲ။

အဲဒီနေ့မနက် ဦးဘကြည်က သူ့မွေးနေ့အထိမ်းအမှတ် အဖြစ်နဲ့ သက်ကြီးရွယ်အို လူကြီးသူမစုစုပေါင်း ၅၀လောက်ကို မုန့်ပဲသုတ်ပေါင်း ဆေးဝါးများနဲ့ မွေးနေ့လက်ဆောင်ပစ္စည်းများကို ဖေးကမ်းလှူဒါန်းပြီး သက်ကြီးပူဇော်ပွဲ ကျင်းပခဲ့ပါတယ်။ အဲဒီနောက် ကြွရောက်လာကြတဲ့ ဘိုးဘွားများနဲ့ ဧည့်သည်အားလုံးကို နံနက်စာ ကျွေးမွေးပြီး မွန်းလွဲ ၃နာရီမှာတော့ ထီးတော်ပူဇော် ကန်တော့ခံတဲ့ပွဲကို ရွာထဲမှာ လှည့်လည် ကျင်းပပါတယ်။ အဲဒီ ပူဇော်လှည့်လည်ပွဲမှာလည်း ဝတ်ကောင်းစားလှ အကအခုန် အတီးအမှုတ်တွေနဲ့ ရွာလုံးကျွတ်ပါဝင်ပြီး အိမ်ပေါက်စေ့ တစ်ယောက်မကျန် ထွက်ကြည့်ကြတာမို့ တစ်ရွာလုံး အုံးအုံးကျွက်ကျွက်နဲ့ အင်မတန်ပျော်စရာကောင်းလှပါတယ်။

**အံမခန်းစရာ နတ်နန်းပေါင်း ၂၀၀ကျော်**

ကျွန်တော်နဲ့ လယ်ဇင်းဦးသိန်းဖေတို့ဟာ ရွှေပန်းရွာမှာ နှစ်ည အိပ်ခဲ့ကြပြီး ၂၇ရက်နေ့မနက် ၄နာရီခွဲလောက်မှာ လှည်းနဲ့ ပရိမ္မရွာကို လာခဲ့ကြပါတယ်။ ပရိမ္မရွာကို ရောက်တော့ မနက် ၆နာရီထိုးလို့ မိုးလင်းနေပါပြီ။ 'ပရိမ္မ'ဆိုတဲ့ နာမည်ကို ကျောင်းသား ဘဝ ငယ်ငယ်ကတည်းက ကြားဖူးနေခဲ့ပါတယ်။ အထူးသဖြင့် 'ပရိမ္မအရပ်၌ ကျန်စစ်သားကို ဖွားမြင်၏'ဆိုတဲ့ သမိုင်းစာအုပ်ထဲက ဝါကျကလေးကို သတိရနေခဲ့တာ ခုထိပါပဲ။ အဲဒီ ပရိမ္မရွာကို ခုမှပဲ ရောက်ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိတ်ဝင်စားမယ့်ကားက ထွက်ခါနီးနေလို့ ကျန်စစ်သားရဲ့ မယ်တော်နေခဲ့တဲ့ အိမ်နေရာ တည်ထားတယ်ဆိုတဲ့ အိမ်တော်ရာဘုရားနဲ့ ထီးလှိုင်ရှင်ဘုရားတို့လောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကပဲ ဖူးခဲ့ရသလို ပရိမ္မပြည်သူ့ပန်းခြံထဲက ကျန်စစ်သားရုပ်ထုကိုလည်း ခပ်လှမ်းလှမ်းက မြင်ရုံသာ မြင်ခဲ့ရပြီး ကားနဲ့ ခရီးဆက်ခဲ့ရပါတယ်။ (ဒေါက်တာသန်းထွန်း မုံရွာရောက်လာရင် ပရိမ္မကို နောက်တစ်ခေါက် ထပ်လာရဦးမှာမို့ အဲဒီကျမှပဲ အေးအေး ဆေးဆေး လေ့လာတော့မယ်လို့ စိတ်ကူးခဲ့ပါတယ်။)

အဲဒီနေ့ (ဩဂုတ်လ ၂၇ရက်နေ့)ဟာ ဝါခေါင်လကွယ်နေ့ ဖြစ်တဲ့အတွက် မန္တလေး အမရပူရက ရတနာ့ဂူပွဲရဲ့ နောက်ဆုံးနေ့ဆိုတာ သတိရလိုက်မိပါတယ်။ မုံရွာသားဖြစ်ပြီး အခု အသက် ၆၀ကျော်တဲ့အထိ ရတနာ့ဂူပွဲကို တစ်ခေါက်မှ မရောက်ဖူးတဲ့အတွက် ဒီတစ်ခါ ကြုံကြိုက်တုန်း သွားဖြစ်အောင် သွားလိုက်ဦးမယ်လို့ စိတ်ကူးယဉ်ပြီး ပရိမ္မကားနဲ့ အဲဒီနေ့က မန္တလေး အမရပူရအထိ ဆက်စီးလာခဲ့ပါတယ်။ လယ်ဇင်းဦးသိန်းဖေကတော့ မြောင်လမ်းခွဲမှာ ဆင်းပြီး မုံရွာဘက်ကို ပြန်သွားပါတယ်။

ရတနာ့ဂူပွဲကလည်း ပထမဆုံးအကြိမ် ရောက်ဖူးတဲ့ ကျွန်တော့်အတွက်တော့ တကယ့်အံ့ဖွယ် ပွဲတော်ပါပဲ။ အဲဒီနေ့က ပရိမ္မကားနဲ့ လိုက်လာခဲ့တာ တောင်လေးလုံးက ကိုပညာ(အမရပူရ) ကျောင်းကို ညနေ ၄နာရီလောက် ရောက်သွားပါတယ်။ အဲဒီမှာ ခဏတဖြုတ်နားပြီး တစ်ဖာလုံသာသာလောက်ဝေးတဲ့ မယ်ဇယ်ပင်တွေအောက် အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့ပါတယ်။ ပွဲတော်ရဲ့နောက်ဆုံးရက်မို့ စည်ကားတာကတော့ ကြိတ်ကြိတ်တိုးပါပဲ။ ဒါပေမယ့် အရင့်အရင်နှစ်တွေတုန်းက နတ်နန်းရှိရာကို ငှက်သမ္ဗာန်ကလေးတွေစီးပြီး ပျော်ပျော်ပါးပါး သွားကြလာကြတဲ့ မြင်ကွင်းဟာ ဒီနှစ်မှာ ရေခန်းနေလို့ ပတ်ကြားအက်ပြီး ခြောက်သယောင်းနေတဲ့ မြေပြင်အတိုင်း ခြေလျင်သွားနေကြရတဲ့အတွက် ရတနာ့ဂူပွဲရဲ့ တကယ့်အလှ ရှာမရဘဲ ဖြစ်ခဲ့ရပါတယ်။





ဒါပေမယ့် နတ်ပွဲတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံဗဟုသုတ နည်းလှတဲ့ ကျွန်တော့်အတွက်တော့ ရတနာ့ဂူပွဲဟာ နတ်ကတော်တွေ အများဆုံး မြင်ရတဲ့ပွဲအဖြစ်နဲ့ အံ့ဩလို့မဆုံးအောင် ဖြစ်ခဲ့ရပါတယ်။ ရန်ကုန်က ဗိုလ်တထောင်၊ ကမ္ဘာအေး၊ ကျိုက်ဝိုင်း၊ မယ်လမု စတဲ့ဘုရားတွေမှာလို ဆိုင်ခန်းကလေးတွေ အစီအရီနဲ့ များလှချည်လားလို့ စိတ်ထဲက အောက်မေ့ပြီး ပွဲဈေးတန်းကို လျှောက်ကြည့်လိုက်ပါတယ်။ လက်စသတ်တော့ ဈေးရောင်းတဲ့ ဆိုင်ခန်းကလေးတွေ မဟုတ်ဘဲ မြန်မာပြည် အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့ နတ်ကတော်တွေရဲ့ နတ်နန်းကလေးတွေဖြစ်နေလို့ ကျွန်တော့်မှာ အကြီးအကျယ် အံ့အားသင့်သွားခဲ့ရပါတယ်။ အဲဒီလို စီတန်းနေတဲ့ နတ်နန်းကလေးတွေဟာ စုစုပေါင်း နှစ်ရာကျော်လောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီနတ်နန်းတွေမှာ ဥဒဟိုသွားလာနေကြတဲ့ လူတွေနဲ့ ကြိတ်ကြိတ်တိုးနေသလို ၅ပေ ၆ပေပတ်လည်လောက်ရှိတဲ့ နတ်နန်းကလေးတွေပေါ်မှာလည်း နတ်ကတော်တွေ နတ်သိန်းတွေနဲ့ နတ်မေးနေကြတဲ့ ပရိသတ်တွေဟာ ပြည့်ကျပ်နေပါတယ်။ အဲဒီနတ်နန်းတွေကို လျှောက်ပြီးတော့ လေ့လာရင်းနဲ့ "ထွန်းထွန်း (မြင်ဦးလွင်)"ဆိုတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားတဲ့ နတ်နန်းရှေ့မှာ မယောင်မလည်ရပ်ကြည့်နေခဲ့တဲ့ ကျွန်တော်ဟာ မန္တလေးသိန်းဇော်တို့ ရွှေမန်းဆန်းဝင်းတို့နဲ့ ခပ်ဆင်ဆင် ချောချောလှလှ နတ်ကတော်လေးက ကျပ်တန်တစ်ထုပ်ကို ဖြန့်ပြီး ပစ်ကြလိုက်တဲ့အထဲက အသစ်စက်စက် ကျပ်တန်တစ်ရွက်တောင် ရခဲ့ပါသေးတယ်။ ရတနာ့ဂူပွဲရဲ့ အမှတ်တရ လက်ဆောင် ကလေးပါပဲ။

**ရတနာ့ဂူမှာ ကုန်ကြမ်းရှာနေသော ဂလျာ**

ရတနာ့ဂူပွဲ သွားရင်းနဲ့ တောင်လေးလုံးရောက်တော့ တလှာ (ဝိဇ္ဇာ/သိပ္ပံ)နဲ့ သားငယ် အောင်ဇော်ဇော်တို့ ရောက်နေတာ တွေ့ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)ဟာ ဒေါက်တာသန်းထွန်းနဲ့အတူ မုံရွာကို လိုက်လာဖို့ တောင်လေးလုံးက လာစောင့်ရင်း ဝတ္ထုရေးဖို့ ရတနာ့ဂူပွဲကို နေ့တိုင်းသွားလေ့လာပြီး ကုန်ကြမ်းရှာနေပုံရပါတယ်။ "ကျွန်မက ဆရာ ဒေါက်တာ သန်းထွန်းနဲ့ မုံရွာကို လိုက်လာပြီး ဆရာ လုပ်တာကိုင်တာ နောက်က လိုက်ကြည့်ရုံ သက်သက်ပါပဲ။ ဘာမှနားလည်လို့တော့ မဟုတ်ပါဘူး။ အခု ဆရာမောင်မောင် မုံရွာမှာရှိနေမယ်ဆိုတော့ ကျွန်မအတွက် ပိုပြီးအားရှိတာပေါ့"လို့ ကလျာက ကျွန်တော့်ကို ပြောလိုက်ပါတယ်။

**မုံရွာကုန်စည်ဒိုင်အကြောင်း ကြော်ငြာမောင်း**

ဆရာဒေါက်တာသန်းထွန်းကို စောင့်ရင်းမျှော်ရင်းနဲ့ မျှော်တော်ဇောနဲ့မောပြီး လင်းယုန်မောင်မောင်ဘဝက 'လင်းယုန်မောင်မော' ဖြစ်နေရတဲ့ ကျွန်တော်ဟာ ဩဂုတ်လ ၂၈ရက်နေ့က မုံရွာပြန်ရောက်ပြီး ၂၉ရက်နေ့မှာ မုံရွာတစ်နယ်လုံးရဲ့ ဈေးကွက် စီးပွားရေးကို ချုပ်ကိုင်ထားတဲ့ မုံရွာကုန်စည်ဒိုင်ကို တစ်နေ့တာ သွားရောက် လေ့လာခဲ့ပါသေးတယ်။ အင်မတန်စိတ်ဝင်စားစရာကောင်းတဲ့ မုံရွာကုန်စည်ဒိုင် အကြောင်းကို ရွှာရိုးကိုးပေါက်မှာ ထွေပြားရှည်လျားနေမှာစိုးလို့ မတင်ပြတော့ပါဘူး။ နေရာတကာမှာ လက်ဦးမှုရယူတတ်တဲ့ မြတ်ခိုင်က မုံရွာကုန်စည်ဒိုင် ဆောင်းပါးကို အပိုင်တောင်းထားလို့ 'ကြီးပွားရေးမဂ္ဂဇင်း'ကျမှပဲ ဖတ်ကြပါတော့လို့ ကြော်ငြာမောင်းခတ်လိုက်ရပါတော့တယ်။

**တစ်ကောင်တည်းရယ် . . . ဒါပေမယ့် ခြသေ့်**

၁၀ရက်ကျော်လောက် အမျှော်ကြီးမျှော်နေရတဲ့ ဆရာဒေါက်တာသန်းထွန်းဟာ သူ့ဇနီး ဒေါ်ခင်ရီနဲ့အတူ မုံရွာကို စက်တင်ဘာ ၄ရက်နေ့ကျမှ ရောက်လာပါတော့တယ်။ 'နယ်လှည့်ရာဇဝင်'စာအုပ် အမှတ်(၄) အမြန်ဆုံးပုံနှိပ်ထုတ်ဝေရေးအတွက် တက်သုတ်ရိုက်နေတဲ့ ဆရာကြီးဟာ ၄ရက်နေ့ ညနေက မုံရွာရောက်လာ ပြီး ကြာကြာမဆိုင်းဘဲ နောက်တစ်နေ့





မနက်စောစော ၅နာရီမှာ မုံရွာစန်းမောင်ရဲ့ စီစဉ်ကူညီမှုနဲ့ မောင်းသောင်ဘက်ကို လေ့လာရေးခရီး ထွက်ခဲ့ကြပါတယ်။ မောင်းထောင်တစ်ဦင်ဘုရားကြို ဘုရားကြား၊ ကျောင်းကြို ကျောင်းကြား၊ တစ်နေကုန် လျှောက်သွားကြပြီး ညနေမိုးချုပ်မှ မုံရွာပြန်ရောက်ကြပါတယ်။

နောက်တစ်နေ့ စက်တင်ဘာ ၅ရက်ကျတော့လည်း စောစောစီးစီး မနက် ၄နာရီခွဲ အိပ်ရာက ထကြပြီး ပရိမ္မရွာဘက်ကို အကူအညီပေးတဲ့ ချောကားစီးပြီး ခရီးထွက်ခဲ့ကြပြန်ပါတယ်။ အဲဒီကျမှ ကျန်စစ်သားမယ်တော်ရဲ့ 'အိမ်တော်ရာဘုရား'နဲ့ ကျန်စစ်သားရဲ့ ထီးလှိုင်ရှင်ဘုရားတို့ အားရပါးရ ဦးချပြီး ဖူးရပါတော့တယ်။ အဲဒီနောက် ပရိမ္မပန်းခြံထဲက ရွှားရှားပါးပါး ကျန်စစ်သားရုပ်ထု ရှေ့မှာ အဖွဲ့လိုက် ဓါတ်ပုံ ရိုက်ကြပါတယ်။ ထီးလှိုင်ရှင်ဘုရားရဲ့ အနောက်ဘက်မုခ် ချင်းတွင်းမြစ်ကမ်းပါးမှာ ဘစ်ကောင်းတည်း ထိုင်ကျန်ရစ်ခဲ့ရှာတဲ့ လွမ်းစရာ ခြသေ့်ကြီးကိုလည်း သီးသီးကြီး မြင်တွေ့ခဲ့ရပါတယ်။

**အံ့အားသင့်စရာ မုံရွေး ကြေးမုံရွာ**

အားရကျေနပ်စရာနဲ့ အံ့အားသင့်စရာ အကောင်းဆုံးကတော့ ပရိမ္မမှအပြန် ညနေ ၅နာရီ မုံရွေးကြေးမုံ စာကြည့်တိုက်မှာ ကျင်းပခဲ့တဲ့ စာပေ မိတ်ဆက်ပွဲကလေးပါပဲ။ အဲဒီပွဲမှာ မုံရွေး ကြေးမုံစာပေဝါသနာရှင်တွေက ဝတ္ထုရေးဆရာမကလျာနဲ့ ဘာသာပြန်ဆရာ ကျွန်တော်တို့ကို မေးခွန်းနှစ်ခု သုံးခုစီလောက်ပဲ မေးကြပြီး ဒေါက်တာသန်းထွန်းကိုတော့ မေးခွန်း ခုနစ်ခု၊ ရှစ်ခုလောက် မေးခဲ့ကြတာဟာ တကယ့် အံ့အားသင့်စရာပါပဲ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

# စာရေးတဲ့သူနဲ့ သူရေးတဲ့စာ

ဘယ်စာရေးဆရာမဆို ကိုယ်ရေးတဲ့ စာနဲ့ပတ်သက်ပြီး စာဖတ်ပရိသတ်ရဲ့ ခံယူချက်၊ တုံ့ပြန်ချက်နဲ့ ဝေဖန်ချက်တွေကို မကြာခဏ ကြားရတတ်ပါတယ်။ စာရေးဆရာ တစ်ယောက်အဖြစ်နဲ့ နှစ်ပေါင်း ၃၀ ကျော်လောက် ဖြတ်သန်းရပ်တည်လာခဲ့တဲ့ ကျွန်တော်ဟာ ကျွန်တော် ရေးခဲ့တဲ့ စာအုပ်တွေ(ဥပမာ-ဟစ်တလာ၊ ကက်စထရို၊ ဟိုချီမင်း၊ ချေဂွေ ဗားရားစတဲ့ နိုင်ငံရေးအတ္ထုပ္ပတ္တိတွေ)နဲ့ ပတ်သက်ပြီး စာဖတ်ပရိသတ်တွေကြားမှာ ဘယ်လို ဂယက်ရိုက်ခဲ့တယ် ဘယ်လိုဝေဖန် တုံ့ပြန်ခဲ့ကြတယ်ဆိုတာ ကြုံခဲ့ ကြားခဲ့ရတာ အကြိမ်ကြိမ် အခါခါပါပဲ။

အဲဒီလို စာဖတ်သူတွေရဲ့ 'အသံ'ကို ကြားရတာဟာ စာရေးဆရာတွေအတွက် 'မကောင်းမြစ်တာ ကောင်းရာညွှန်လတ်'ဆိုတဲ့ သဘောပါပဲ။ ဒါမှလည်း စာရေးဆရာတွေဟာ ကိုယ်ရေးတဲ့ စာနဲ့ပတ်သက်တဲ့ အားနည်းချက်ကို မြင်နိုင် ပြင်နိုင်ကြပါတယ်။

အခု မိုးဂျာနယ်မှာ နှစ်နှစ်နီးပါးလောက် လစဉ် အဆက် မပြတ်ရေးလာခဲ့တဲ့ ကျွန်တော့်ရဲ့ 'ရွာရိုးကိုးပေါက်' ဆောင်းပါးတွေနဲ့ ပတ်သက်လို့လည်း ရန်ကုန်နဲ့တကွ အနယ်နယ်အရပ်ရပ်က စာဖတ်ပရိသတ်ရဲ့ ထင်မြင်ချက်တွေ၊ သုံးသပ်ချက်တွေနဲ့ ဝေဖန်ချက်တွေကို ရောက်လေရာရာမှာ မကြာခဏ ကြားခဲ့ ကြုံခဲ့ရပါတယ်။ အဲဒီလို နှစ်နှစ်နီးပါးလောက်





ရေးလာခဲ့ရင်းနဲ့ မိုးဂျာနယ်မှာ 'ရွာရိုးကိုးပေါက်'ကို စောင့်ဖတ်ကြတဲ့ စာဖတ်ပရိသတ် အတော်အတန် ရှိလာခဲ့သလို 'ရွာရိုးကိုးပေါက်'နဲ့ ပတ်သက်ပြီး အဆိုးအကောင်း၊ အကျိုးအကြောင်း ထင်မြင်ယူဆချက်တွေကို တင်ပြလာကြတာ လည်း ရှိပါတယ်။

အဲဒီ 'ရွာရိုးကိုးပေါက်' ပရိသတ်တွေထဲက ကျွန်တော်နဲ့အတူ ဝေါဟထဲ တောင်ထဲမှာ လေးငါးနှစ်လောက် နေလာခဲ့တဲ့ ရဲဘော်ကြီး ဗိုလ်စန်းငွေက 'ခင်ဗျား ရွာရိုးကိုးပေါက်က ဖတ်လို့တော့ ကောင်းပါတယ်။ ဒါပေမယ့် မုံရွာကလူတွေနဲ့ မုံရွာအကြောင်းက များလွန်းနေတယ်'လို့ ဝေဖန်ခဲ့ပါတယ်။ တစ်ခါ ကျွန်တော်နဲ့အတူ စစ်မဖြစ်ခင်က သခင်အဖြစ်နဲ့ အတူ လက်တွဲခဲ့ဖူးတဲ့ ရဲဘော်ကျော် သန်းကတော့ 'ရွာရိုးကိုးပေါက်ကို မှန်မှန်ရေးပါဗျာ၊ အဲဒီမှာ ကျွန်တော်တို့ မသိလိုက်တဲ့ သတင်းတွေ၊ ကျွန်တော်တို့ သိချင်နေတဲ့ စာပေလောကနဲ့ စာရေးဆရာတွေအကြောင်းတွေ ရွာရိုးကိုးပေါက် ဖတ်မှ သိရတာဗျ'လို့ ပြောဖူးပါတယ်။

'ရွာရိုးကိုးပေါက်'နဲ့ ပတ်သက်ပြီး လောလောလတ်လတ် ပူပူနွေးနွေး ကျွန်တော် တင်ပြချင်တာကလေးက တခြားတော့ မဟုတ်ပါဘူး။ အရင်လက ကျွန်တော် ရေးခဲ့တဲ့ 'ရွာရိုးကိုးပေါက်' ရောက်ခဲ့ပေါက်ခဲ့တဲ့ နေရာဒေသတွေနဲ့ ကြုံခဲ့တွေ့ခဲ့ရတဲ့အဖြစ် အပျက်တွေနဲ့ ပတ်သက်လို့ပါပဲ။ အဲဒီဆောင်းပါးကို ပုံမနှိပ်ခင် ကြိုတင်ဖတ်ရတဲ့ မိုးဂျာနယ် ထုတ်ဝေသူ သခင်အောင်ဖေက ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ 'ခင်ဗျား ဆောင်းပါးက သုံးလေးပုဒ် ရေးလို့ရတဲ့ဟာကို ဘာဖြစ်လို့ တစ်ပုဒ်ထဲ ရေးရတာလဲ' တဲ့။ ခက်တာက 'ရွာရိုးကိုးပေါက်'ကို လစဉ်ရေးနေရတာဆိုတော့ တစ်လ အတွင်း ကျွန်တော် သွားခဲ့လာခဲ့တဲ့ ခရီးစဉ်တွေနဲ့ တွေ့ကြုံခဲ့ရတဲ့ ဖြစ်စဉ်တွေ အားလုံးကို တစ်လတည်းနဲ့ အကုန်ပါအောင် ရေးရတာဆိုတော့ တချို့ အကြောင်းအရာတွေဟာ အကျယ်ချဲ့ပြီး အသေးစိတ် ရေးဖို့ကောင်းပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားတွေပြားပြီး စာမျက်နှာတွေ သိပ်များနေရင် အယ်ဒီတာမင်းများက ဟိုဖြတ် သည်ဖြတ်နဲ့ ကိုယ့်ဆောင်းပါးဟာ အလိုလို 'ပဒုမပေါင်တို' ဖြစ်မှန်း မသိ ဖြစ်သွားမှာ စိုးရသေးတယ်။ ပြီးတော့ ဒီတစ်လအတွင်း ဒီအကြောင်း အရာကို ရှည်ရှည်လျားလျား ရေးပြီး နောက်လကျမှ ဟိုအဖြစ်အပျက်ကို စိတ်တိုင်းကျ အကျယ်တဝင့်ရေးမယ်ဆိုပြီး ချိုထားချန်ထားလို့လည်း မရဘဲဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ နောက်လကျရင် နောက်ထပ် ရေးစရာအကြောင်းအရာတွေက ပေါ်လာဦးမှာဆိုတော့ တစ်လအတွင်း ရှာရိုးကိုးပေါက် ရောက်ခဲ့သမျှ၊ တွေ့ကြုံခဲ့သမျှကို တိုစိတိုစိနဲ့ 'ခွေးမှူ ကိုက်သလို' ကတိုက်ကရိုက် ရေးချလိုက် ရတော့တာပါပဲ။

ဥပမာပြောရရင် အရင်လက 'ရှာရိုးကိုးပေါက်' ခရီးစဉ်မှာ စက်တင်ဘာ ၆ရက် ညနေက မုံရွေးကြေးမုံရှာမှာ ကျင်းပခဲ့တဲ့ စာပေ မိတ်ဆက် အခမ်းအနားဟာ ရေးမယ်ဆိုရင် အသေးစိတ်ရေးဖို့ သိပ်ကောင်း တာပေါ့။ အထူးသဖြင့် ကျွန်တော်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀လောက် (ဂျပန်ခေတ်)က အဲဒီ မုံရွေးကြေးမုံရှာမှာ အာရှလူငယ်အစည်းအရုံး အတွင်းရေးမှူးဘဝနဲ့ နေထိုင်လှုပ်ရှားခဲ့ရတာမို့ ဂျပန်ခေတ် ရှေးဟောင်း နှောင်းဖြစ်တွေပါ အမှတ်တရ ထည့်ရေးလို့ရတာပေါ့။ ပြီးတော့ ဒေါက်တာ သန်းထွန်းနဲ့ ကျွန်တော်တို့ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)တို့ကို မေးကြတဲ့ မေးခွန်း တွေနဲ့ ဖြေခဲ့ကြတဲ့ အဖြေတွေကလည်း တွေးဖို့ကောင်းသလောက် ရေးဖို့ လည်း ကောင်းပါတယ်။ တကယ်သာ စိတ်တိုင်းကျရေးရမယ်ဆိုရင် (သခင် အောင်ဖေ ပြောသလို) မုံရွေးကြေးမုံ စာပေမိတ်ဆက်ပွဲ အကြောင်းနဲ့ပဲ ဆောင်းပါးတစ်ပုဒ် ဖြစ်နိုင်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး မိုးဂျာနယ် (အောက်တိုဘာလထုတ်) မထွက်ခင် စက်တင်ဘာလ ၂၂ရက်နေ့စွဲနဲ့ ကျွန်တော့်ဆီ ကဗျာဆရာ တစ်ဦးက စာတစ်စောင် ရေးလိုက်ရာမှာ 'မုံရွေးကြေးမုံ' အတွေ့ အကြုံတွေ





ရှာရိုးကိုးပေါက်မှာ ရေးပါဦးဗျာ၊ ဖတ်ချင်ပါတယ်'လို့ လိုလိုလားလား ရေးသား တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် အားလုံးသိကြတဲ့အတိုင်း အရင် လက 'ရှာရိုးကိုးပေါက်'မှာ မုံရွေး ကြေးမုံ စာပေမိတ်ဆက်ပွဲအကြောင်း ပါတယ်ဆိုရုံလောက်ပဲ ရေးလိုက်နိုင်ခဲ့ ပါတယ်။ ဒါကြောင့် 'ဒီတစ်ခါတော့ အားရပါးရ စားလိုက်မဟဲ့'လို့ ကြုံးဝါးထားပေမယ့် တကယ်လက်တွေ့ ထမင်းပွဲ ရှေ့ရောက်လာတော့ မလောက်မငမဝတဝပဲ စားလိုက်ရတဲ့လူလို ရှာရိုးကိုးပေါက်မှာ မုံရွေးကြေးမုံအကြောင်းကို နည်းနည်းကလေးဖတ်လိုက် ရတဲ့ ကဗျာဆရာနဲ့တကွ မုံရွေးကြေးမုံက စာပေမြတ်နိုးသူများနဲ့ ရှာရိုးကိုး ပေါက် ပရိသတ်အားလုံးကို အဲဒီအတွက် နားလည်သည်းခံ ခွင့်လွှတ်ကြပါ ရန် အနူးအညွတ်တောင်းပန်လိုက်ပါတယ်။

ဒါဟာ စာရေးတဲ့သူနဲ့ သူရေးတဲ့ စာအပေါ်မှာ စာဖတ်သူတွေ အတွက် ဖြစ်တတ်တဲ့ သဘောသဘာဝကလေးပါပဲ . . .။

**သမိုင်းဝင်ခဲ့တဲ့ အမြင့်မြို့**

ဒါပေမယ့် ဒီကြားထဲကပဲ အရင်လက ရှာရိုးကိုးပေါက်မှာ ကျွန်တော့်အနေနဲ့ 'ဆရာစား' ချန်ထားခဲ့တဲ့ အကွက်တစ်ကွက်ရှိခဲ့ပါတယ်။ ဒီတစ်ကွက်ကို မိုးဂျာနယ် ပရိသတ်အနေနဲ့ သတိထားချင်မှ ထားမိကြပါ လိမ့်မယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ အရင်လက မိုးဂျာနယ် ရှာရိုးကိုးပေါက်မှာ ကျွန်တော်ရောက်ခဲ့တဲ့ မုံရွာနယ်က ရွှေပန်း၊ အမြင့်၊ ပရိမ္မ၊ မောင်းထောင်စတဲ့ ဒေသတွေ အကြောင်း ရေးခဲ့ရာမှာ 'အမြင့်'ဆိုတဲ့ ရွာအကြောင်း လုံးဝ ချန်ထားခဲ့တဲ့အချက်ပါပဲ။ အဲဒီလို ချန်ထားခဲ့တာက လည်း တမင်သက်သက် ဆရာစား ချန်ထားခဲ့တာထက် အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ ခါတ်ပုံတွေ မရသေးလို့ နောက်လကျမှ အသေး သပ်ရေးတော့မယ်ဆိုပြီး စီစဉ်ခဲ့လို့ပါပဲ။ အခု ကျွန်တော့်ဆီကို အဲဒီ ဓာတ်ပုံ တွေ ရောက်လာလို့ ဒီလမှာ 'အမြင့်'ဆိုတဲ့ ရွာကလေး အကြောင်း ရေးမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ပါဦးမယ်။

အဲဒီအမြင့်ရွာဟာ မုံရွာရဲ့ အောက်ဘက် ချင်းတွင်းမြစ်ကမ်းဘေးမှာရှိပြီး မြစ်ကြောင်းအတိုင်း တစ်နာရီခွဲလောက်စုန်ရပါတယ်။ သိသာထင်ရှားအောင် ပြောရမယ်ဆိုရင် မုံရွာနယ်မှာ ထင်ပေါ်ကျော်ကြားတဲ့ ပေါင်းဝရွာ (ပေါင်းဝဘုရား)နဲ့ မျက်စောင်းထိုး ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ ရွာကလေးတစ်ရွာပါပဲ။

ဒါပေမယ့် အဲဒီ အမြင့်ရွာကလေးဟာ တကယ်တော့ မြန်မာဘုရင်တွေ ဘုန်းမီးနေလတောက်ခဲ့စဉ်က သမိုင်းဝင် ထင်ရှားခဲ့တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒီနေရာမှာ ယနေ့ခေတ် မုံရွာသူ မုံရွာသားတွေအတွက် မှတ်သားစရာ တစ်ခုကတော့ မြန်မာဘုရင် လက်ထက်က မုံရွာဆိုတာဟာ တကယ့်ဆိပ်ကမ်းဘေးက ရွာကလေး တစ်ရွာဖြစ်ပြီး အဲဒီအချိန်က အဲဒီ မုံရွာရဲ့ အထက်နားနဲ့ အောက်နား မှာ အလုံမြို့နဲ့ အမြင့်မြို့ ဆိုတာတွေဟာ မြို့စားကြီးတွေ အုပ်ချုပ်ပြီး ရုံးပြင်ကနားနဲ့ စည်ကားတဲ့ မြို့တွေဖြစ်ခဲ့တယ် ဆိုတာပါပဲ။ ခုခေတ်ကျမှသာ, အလုံနဲ့ အမြင့်တို့က ကျေးရွာတွေဘဝ ရောက်ခဲ့ရပြီး မုံရွာက ကြီးကျယ်ခန်းနားတဲ့ မြို့ကြီးတစ်မြို့ ဖြစ်လာတာမို့ 'သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ'ဆိုတဲ့ သင်္ခါရသဘောနဲ့ သမိုင်းဖြစ်စဉ်ကို ဆင်ခြင်ပြီး တရားရစရာ ကောင်းလှပါတယ်။

**၁၉၄၀ပြည့်နှစ်က မင်္ဂလာဆောင်**

တကယ်တော့ ကျွန်တော်ဟာ အမြင့်ကို ဆရာဒေါက်တာ သန်းထွန်းနဲ့အတူ သွားဖို့ပါပဲ။ ဒါပေမယ့် မုံရွာမှာ ဆရာ့ကို စောင့်ရင်းနဲ့ ၁၀ရက်လောက် ကြာသွားခဲ့ရတော့ ဒီအတောအတွင်း အဖော်လည်းကောင်း၊ အခြေအနေကလည်းပေးတာနဲ့ ဒေါက်တာသန်းထွန်းတို့ မုံရွာရောက်မယ့် စက်တင်ဘာ ၄ရက်နေ့မှာပဲ ကျွန်တော်နဲ့ ညီရင်းအစ်ကိုလိုရင်းနှီးတဲ့ မောင်စိန်မြင့်(ရဲဘော်စောဝင်း)နဲ့ အမြင့်ကို နေ့ချင်းပြန် လိုက်သွား





ခဲ့တာပါပဲ။

အမှန်အတိုင်းပြောရရင် ကျွန်တော် အဲဒီအမြင့်ဆိုတဲ့ ရွာကလေးကို အရင်က တစ်ခါတစ်ခေါက် ရောက်ဖူးပါတယ်။ ဒါပေမယ့် အဲဒီလို ရောက်ဖူးခဲ့တာက လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၂နှစ်(၁၉၄၀ ပြည့် ကျွန်တော် ၁၆နှစ်သား အရွယ်လောက်ကပါ။ တိတိကျကျ မှတ်မိသမျှ ပြောရရင် အဲဒီတုန်းက ရန်ကုန်တို့ဗမာအစည်းအရုံး ဌာနချုပ်မှာ ထင်ရှားတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အမျိုးသား သခင်သိန်းမောင်နဲ့ အမြင့်ရွာက သခင်မ မအုံးမေတို့ လက်ထပ်တုန်းက ရောက်ခဲ့တာပါ။ (အဲဒီအချိန် ၁၃၀၀ပြည့် အရေးတော်ပုံခေတ်က တို့ဗမာအစည်းအရုံးဌာနချုပ် ခေါင်းဆောင်တွေထဲမှာ ထင်ရှားတဲ့ သခင်သိန်းမောင် နှစ်ယောက်ရှိခဲ့ပါတယ်။ နာမည်ချင်းတူနေလို့ မီးတုတ် သခင်သိန်းမောင်နဲ့ အမျိုးသားသခင်သိန်းမောင်ဆိုပြီး ခွဲခြား မှတ်သားခဲ့ကြရပါတယ်။

အဲဒီတုန်းက ကျွန်တော်က မုံရွာခရိုင် တို့ဗမာအစည်းအရုံးဝင် လက်ရုံးတပ်သား သခင်တစ်ယောက် ဖြစ်နေတဲ့အတွက် ဌာနချုပ် ခေါင်းဆောင် သခင်သိန်းမောင်ရဲ့ မင်္ဂလာဆောင်ကို မုံရွာက တို့ဗမာအစည်းအရုံးဝင် သခင်တွေနဲ့အတူတူ သွားခဲ့ရတာပါပဲ။ ဒါပေမယ့် အဲဒီတုန်းက အမြင့်ကို ညဘက်မိုးချုပ်မှ ရောက်သွားပြီး နောက်တစ်နေ့မနက် မင်္ဂလာဆောင်ပြီးပြီးချင်း ပြန်လာခဲ့ရတာမို့ 'အမြင့်'ဆိုတာ 'ဖြူသလား မဲသလား' 'သဲသဲကွဲကွဲ' မသိခဲ့ရပါဘူး။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ကျော်က ရောက်ခဲ့တာဆိုတော့ ဘာတစ်ခုမှ ရေရေရာရာ မမှတ်မိတော့ပါဘူး။ အဲဒီထဲက ကောင်းကောင်း မှတ်မိနေတာ တစ်ခုပဲရှိပါတယ်။ ဘာလဲဆိုတော့ အဲဒီအမျိုးသား သခင်သိန်းမောင်နဲ့ သခင်မ မအုံးမေတို့ မင်္ဂလာဆောင်မှာလာသမျှ ပရိသတ်ကို အမျိုးသားသခင်သိန်းမောင်ရေးတဲ့ '၁၃၀၀ပြည့် အရေးတော်ပုံ'ဆိုတဲ့ စာအုပ်တစ်အုပ်စီ လက်ဆောင်ပေးလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အဲဒီစာအုပ်တစ်အုပ် လက်ဆောင်ရတာကိုပဲ မှတ်မိပါတော့တယ်။

**လယ်ဇင်းဦးသိန်းဖေနဲ့ အမြင့်ဦးသိန်းဖေ**

အဲဒီနေ့က အမြင့်ကို မော်တော်နဲ့လာရင်း မော်တော်ပေါ်မှာ လူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ခဲ့ပါတယ်။ အဲဒီလူကတော့ ဦးသိန်းဖေဆိုတဲ့ လူပါပဲ။ သူဟာ အရင်က အမြင့်မှာနေတဲ့ အမြင့် ရွာသားတစ်ယောက်ပါ။ ဒါပေမယ့် အခုတော့ မုံရွာပြောင်းပြီး အရောင်းအဝယ်သမား ကုန်သည် ပွဲစားကြီး တစ်ဦးဖြစ်နေပါပြီ။ သူက မုံရွာဘိုးဘွားရိပ်သာ အုပ်ချုပ်ရေး အဖွဲ့မှာ အမှုဆောင်လူကြီး တစ်ဦးဖြစ်နေတဲ့အတွက် လွန်ခဲ့တဲ့နှစ်နှစ် လောက်က မုံရွာဘိုးဘွားရိပ်သာကို ကျွန်တော်ရောက်တုန်းက ကျွန်တော့်ကို စာရေးဆရာ တစ်ယောက်အဖြစ်နဲ့ ကောင်းကောင်းမှတ်မိနေပါတယ်။ ဒါကြောင့် အမြင့်ကို သွားတဲ့နေ့က မော်တော်ပေါ်မှာ ကျွန်တော့်ကို တွေ့တော့ သူက ဝမ်းသာအားရ နှုတ်ဆက်ပါတယ်။ တကယ်တော့ ကျွန်တော်နဲ့ တွေ့လို့ သူဝမ်းသာတာထက် သူနဲ့တွေ့ရတဲ့အတွက် ကျွန်တော်က ပိုပြီးဝမ်း သာဖို့ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက အမြင့်သားဖြစ်နေ တော့ အမြင့်ရောက်တဲ့အခါမှာ သမိုင်းဝင်နေရာဒေသတွေနဲ့ ရှေးဟောင်း ဘုရားကျောင်းကန် စေတီပုထိုးတွေကို သူကပဲ တိုးရစ်ဂိုက်(Tourist guide)လုပ်ပြီး ကျွန်တော့်ကို အနှံ့အပြား လိုက်လံပြသခဲ့လို့ပါပဲ။ (အရင် လက 'ရွာရိုးကိုးပေါက်'မှာ ရွှေပုန်းသွားတုန်းက ကျွန်တော်နဲ့အတူလိုက်လာ တဲ့ လယ်ဇင်း ဦးသိန်းဖေ အကြောင်းရေးခဲ့တာမို့ အခု အမြင့်ကို သွားတော့ လည်း 'အမြင့် ဦးသိန်းဖေ'နဲ့တွေ့နေရပြန်တာမို့ ကြုံကြိုက်ဖန်ဖန် နာမည်ချင်း တူနေတာကို တွေးပြီး အံ့သြမိပါသေးတယ်။

**ကျန်စစ်သားရဲ့ ရွှေတွင်းဟောင်းဘုရား**

ကျွန်တော် အမြင့်ကိုရောက်သွားတဲ့နေ့ဟာ သီတင်းကျွတ် လဆန်း (၈)ရက် ဥပုသ်နေ့ဖြစ်တဲ့အပြင် အမြင့်ရွာပတ်ဝန်းကျင် တစ်ဝိုက်နဲ့





မုံရွေးကြေးမုံ ချောင်းဦးနယ် တစ်လွှားမှာ ကျော်ကြားတဲ့ 'ရွှေတွင်းဟောင်း' စေတီကြီးရဲ့ ဘုရားပွဲ ကျင်းပနေတဲ့ရက်မို့ အမြင့်ရွာတစ်ရွာလုံး အုံးအုံး ကျွက်ကျွက်နဲ့ လှုပ်လှုပ်ရွရွ စည်စည်ကားကား ဖြစ်နေပါတယ်။ အဲဒီမှာ အမြင့်ရဲ့ထင်ရှားတဲ့ သမိုင်းဝင်ဖြစ်စဉ်တွေကို 'ရွှေတွင်းဟောင်း' ဘုရားပွဲတ စပြီး မြင်ခဲ့တွေ့ခဲ့ သိခဲ့ရပါတယ်။

အဲဒီ 'ရွှေတွင်းဟောင်း' ဘုရားဟာ နယ်နယ်ရရ သာမည မဟုတ်ပါဘူး။ အရင်လက 'ရွာရိုးကိုးပေါက်'မှာ ရေးခဲ့တဲ့အတိုင်း ပရိမ္မရွာ မှာ မွေးဖွားခဲ့တဲ့ ကျန်စစ်သားအလောင်းအလျာ မင်းသားကို ပုဂံနေပြည် တော်က စစ်သည်တော်တွေဟာ ဘုရင့်အမိန့်နဲ့ သုတ် သင်သတ်ဖြတ်ဖို့ ချင်းတွင်းမြစ်ကြောင်းအတိုင်း လိုက်လံရှာဖွေနေ ကြတာမို့ ကျန်စစ်သားတို့ သားအမိဟာ ပရိမ္မရွာက အထက်ကို ဆန်တက်ပြေးလာကြရာက အမြင့်ကို ရောက်တဲ့အခါမှာ မြစ်ကမ်းပါးပေါ် တက်ပြီး ရေမတွင်းကြီးတစ်ခုထဲမှာ ဝှန်းအောင်းနေခဲ့ရတယ်လို့ ရာဇဝင်က ဆိုပါတယ်။ အဲဒီကျန်စစ်သား မင်းလောင်း ပုန်းအောင်းခဲ့တဲ့ တွင်းကြီးနေရာကို ကျန်စစ်သားမင်းဖြစ်လာ ခဲ့တဲ့အခါမှာ အမြင့်ကို ကြွချီလာပြီး 'ရွှေတွင်းဟောင်း'ဘုရားရယ်လို့ တည်ထားကိုးကွယ်ခဲ့ပါတယ်။ အခု အဲဒီရွှေတွင်းဟောင်းဘုရားဟာ အမြင့် နယ်တစ်လွှားမှာ အထိကရ ထင်ရှားကျော်ကြားပြီး နှစ်စဉ် သီတင်းကျွတ် လဆန်းမှာ ဘုရားပွဲတော်ကို စည်စည်ကားကား ကျင်းပလာခဲ့တာ နှစ် ပေါင်းများစွာ ကြာခဲ့ပါပြီ။

**အရှင်နှစ်ပါးရဲ့ မူရင်းဓါတ်ပုံ**

အမြင့်မှာ မမျှော်လင့်ဘဲ ထူးထူးခြားခြား စိတ်ဝင်စားစရာ ဓာတ်ပုံနှစ်ပုံကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ တွေ့ခဲ့တဲ့နေရာကတော့ ကျွန် တော်တို့ မုံရွေးကလာတဲ့အဖွဲ့ ခေတ္တခဏတည်းခိုခဲ့ကြတဲ့ ဦးဘဖေရဲ့တိုက် ပါပဲ။ အဲဒီ ဓါတ်ပုံနှစ်ပုံမှာ တစ်ပုံကတော့ အိမ်ရှင်ဦးဘဖေ ရဲ့ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်မှာ ဥပဒေ(B.L) သင်တန်းတက်တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံပါပဲ။ အဲဒီဓါတ်ပုံရဲ့အပေါ်က B.L, Final Classလို့ ရေးထားပြီး 1928-29 ခုနှစ်လို့ ဖော်ပြထားပါ တယ်။ အဲဒီ ခရစ်နှစ်ကို ကြည့်ပြီး အဲဒီဓါတ်ပုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၆၃နှစ်၊ ၆၄နှစ်လောက်ရှိနေပြီမို့ ကျွန်တော့်မှာ တအံ့တဩ ဖြစ်ခဲ့ရပါတယ်။ အဲဒီ ဘီအယ်လ် နောက်ဆုံးနှစ် ကျောင်းသားတွေထဲမှာ အခု ကွယ်လွန်သွားပြီဖြစ်တဲ့ အိမ်ရှင်ဦးဘဖေရဲ့ပုံနဲ့ ဦးဘရှမ်း၊ ဦးဘိုစတဲ့ နာမည်ကြီး ပုဂ္ဂိုလ်တွေရဲ့ပုံတွေပါ တွေ့ခဲ့ရပါတယ်။

နောက် ဓါတ်ပုံတစ်ပုံကတော့ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၅နှစ်လောက်က ရိုက်ကူးထားတဲ့ သီပေါမင်းနဲ့ စုဖုရားလတ်တို့ရဲ့ ပုံပါပဲ။ ဓါတ်ပုံအောက်က 'အရှင်နှစ်ပါးဂုံတော်'လို့ စာတန်းရေးထားပါတယ်။ အဲဒီပုံကို အရင်အရင်က စာနယ်ဇင်းတွေမှာ ပုံနှိပ်ဖော်ပြထားတာ ကျွန်တော် မကြာခဏတွေ့ရပါတယ်။ တချို့အိမ်တွေမှာ ကွယ်လွန်သူ ဆရာဦးဘရင်လေး ရေးဆွဲထားတဲ့ ပုံတူပန်းချီကားအဖြစ်နဲ့လည်း တွေ့ဖူး မြင်ဖူးပါတယ်။ ဒါပေမယ့် အခု ကျွန်တော် အမြင့်မှာတွေ့ခဲ့ရတဲ့ပုံက မူရင်းဓါတ်ပုံဖြစ်နေတဲ့အတွက် အင်မတန် ရှားပါးတဲ့ပုံလို့ ဆိုရပါမယ်။ ဒါကြောင့် ကျွန်တော်နဲ့ အတူပါလာတဲ့ မုံရွာက ကျွန်တော့်ညီ မောင်အောင်သန်း (ရွှေစည်းခုံ ဘုရားဂေါပက အတွင်းရေးမှူး)ကိုခေါ်ပြီး အဲဒီပုံကို ဓါတ်ပုံရိုက်ယူခဲ့ ပါတယ်။ ကျွန်တော် ရိုက်ယူခဲ့တဲ့ အရှင်နှစ်ပါး ပုံတော်ကို အခု တန်ဆောင်မုန်းလဆုတ် ၈ရက်နေ့ (၁၇-၁၁-၉၂)မှာ ကျရောက်မယ့် ၁၀၇နှစ်မြောက် ပါတော်မူနေ့ အထိမ်းအမှတ်အဖြစ်နဲ့ မိုးကျာနယ် ပရိသတ်အတွက် အမှတ်တရ ဖော်ပြလိုက်ပါတယ်။

**စိတ်ဝင်စားစရာ မင်းလက်ဝါးပြတိုက်**

အမြင့်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ ရွာဦးက ဘုံပျံကျောင်းမှာ ပြသထားတဲ့ မင်းလက်ဝါးပြတိုက်က ရှေးဟောင်းပစ္စည်းတွေ





ပါပဲ။ မင်းလက်ဝါးဆိုတာကတော့ မြန်မာဘုရင် မင်းတုန်းမင်းလက်ထက်တုန်းက အမြင့်မြို့ဝန်အဖြစ် အမှုတော်ထမ်းရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးပါပဲ။ ဆူပူသောင်းကျန်းနေတဲ့ ခိုးသားဓါးပြတွေကို သူ့ရဲ့ ခွန်အားကြီးလှတဲ့ လက်ဝါးနဲ့ ထင်းရှူးတုတ် ရိုက်လိုက်ရုံနဲ့ အသက် ထွက်သွားကြတဲ့အတွက် မင်းလက်ဝါးရယ်လို့ ထင်ရှားကျော်ကြားခဲ့သူဖြစ်ပါတယ်။

အဲဒီမင်းလက်ဝါး အမှတ်တရ ပြတိုက်ဖြစ်မြောက်ရေးအတွက် စီစဉ် လှုံ့ဆော်ဆောင်ရွက်ခဲ့သူကတော့ စာရေးဆရာ သတင်းစာဆရာ ကွယ်လွန်သူ ဦးညိုမြပါပဲ။ ကျွန်တော်တို့ ရောက်သွားတဲ့အချိန်မှာ ပြတိုက်ကို အုပ်ချုပ်ကွပ်ကဲနေတဲ့ ဆရာတော် ဦးပရမက ပြတိုက်မှာ သိမ်းဆည်းပြသထားတဲ့ သမိုင်းဝင် ရှေးဟောင်းပစ္စည်းတွေကို စိတ်ရှည်လက်ရှည် ထုတ်ပြပါတယ်။ အဲဒီထဲမှာ အမြင့်မြို့ဝန် မင်းလက်ဝါးအတွက် ဝိတိုရိယဘုရင်မကြီးက သူမရဲ့ နန်းတက်မင်္ဂလာနှစ် ၆၀ပြည့်တဲ့ အထိမ်းအမှတ်အဖြစ်နဲ့ လက်ဆောင်ပေးပို့ခဲ့တဲ့ ကြေးမတ်ခွက်တစ်ခုကို တွေ့ခဲ့ရပါတယ်။ အဲဒီ ကြေးမတ်ခွက်ပေါ်မှာ ဆေးရောင်စုံရိုက်နှိပ်ထားတဲ့ ဝိတိုရိယဘုရင်မကြီး ဓါတ်ပုံနဲ့အတူ (၁၈၃၇-၁၈၉၇)ဆိုတဲ့ ခရစ်နှစ် အမှတ်အသား ရေးထိုးထားတာလည်း တွေ့ခဲ့ရပါတယ်။ နောက်ပြီးတော့ တရုတ်သံအဖွဲ့က မင်းလက်ဝါးအတွက် လက်ဆောင်ပေးပို့ခဲ့တဲ့ တရုတ်ကြေးအုပ်တစ်ခုအပြင် ဝထ်လဲတော် ကမ္ဗလာ၊ ယွန်းပန်းချီ စာတိုက်သေတ္တာနဲ့ အင်္ဂလိပ်သံရုံးက ပေးပို့ခဲ့တဲ့ မဟော်ဂနီ စားပွဲဝိုင်း တစ်ခုတို့ကိုလည်း တွေ့ခဲ့ရပါတယ်။

အဲဒါတွေအပြင် ဆရာဦးညိုမြရဲ့ ၁၉၅၈ခုနှစ် (လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကျော်)က ရိုက်ကူးထားတဲ့ ဓါတ်ပုံနဲ့အတူ ဦးညိုမြ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပေးအပ်ခြင်းခံရတဲ့ ဂုဏ်ပြုလွှာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဘာ့ပဲဖြစ်ဖြစ် ဆရာဦးညိုမြနဲ့ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ခဲ့တဲ့ သခင်လေးမောင်နဲ့ အိုင်စီအက်စ် ဦးစိုးတင့် စတဲ့ ပုဂ္ဂိုလ်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားခဲ့တဲ့ အမြင့်ရွာကို ရောက်ခဲ့ လေ့လာခဲ့ ရတာဟာ ကျွန်တော်ရဲ့ 'ရွှာရိုးကိုးပေါက်' ခရီးစဉ်မှာ အင်မတန် ကြီးမားတဲ့ အကျိုးအမြတ်တွေပါပဲ။

**ပန်းချီဆရာများရဲ့ ရိုးရာပွဲ**

အောက်တိုဘာလအတွင်း 'ရွာရိုးကိုးပေါက်' ပရိသတ်အတွက် နောက်ထပ် တင်ဆက်ချင်တဲ့ သတင်းတစ်ပုဒ်ကတော့ မဂ္ဂဇင်း သရုပ်ဖော်ပန်းချီဆရာကြီးများ ဂါဝရပြုပွဲဟာ ဒီနှစ်မှာ ၁၃ကြိမ်မြောက်ဖြစ်လာခဲ့ပြီး 'ပူဇာစ'ဆိုတဲ့ မင်္ဂလာတရားနဲ့အညီ ဝါရင့်သမ္မာရင့် ပန်းချီဆရာကြီးများကို ၁၃နှစ်တိုင်တိုင် ရိုးရာမပျက် ပူဇော်ကန်တော့နိုင်အောင် စီစဉ်ကြိုးပမ်းခဲ့ကြတဲ့ လူငယ် လူလတ် ပန်းချီဆရာများရဲ့ စေတနာနဲ့ ဝါယမ စိုက်ထုတ်မှုကတော့ ချီးကျူး စရာပါပဲ။

ဒီနှစ်ပန်းချီဆရာကြီးများ ဂါဝရပြုပွဲမှာ ထူးခြားချက်ကတော့ ခါတိုင်း အရင့်အရင်က ပန်းချီစံတိုး၊ ကျော်သောင်း၊ မောင်မောင်သိုက်စတဲ့ လူလတ်ပိုင်း ပန်းချီဆရာတွေ ဦးစီးကျင်းပလာခဲ့ရာက ဒီနှစ်တော့ ရဲအောင်နိုင်၊ မောင်ကျော်စိုး၊ မောင်မြင့်လွင်၊ မမွေးစတဲ့ လူငယ်ပန်းချီဆရာဆရာမလေးတွေက ပုခုံးပြောင်း တာဝန်ယူခဲ့ကြတာ တွေ့ရပါတယ်။ ပြီးတော့ ဝိုင်အမ်စီအေဆိုတဲ့ ခရစ်ယာန်ကလျာဏယုဝအသင်းက စေတနာမေတ္တာနဲ့ သူတို့ရဲ့ အသင်းတိုက်ခန်းမဆောင်ကို အခမဲ့ အသုံးပြုခွင့် ပေးခဲ့တာဟာလည်း ဒီနှစ်အတွက် ထူးခြားတဲ့ အချက်တစ်ချက်ပါပဲ။ ပြီးတော့ မှဒိတာပွားစရာကောင်းတဲ့ ထူးခြားချက်က စာနယ်ဇင်းတွေနဲ့ စာပေအသိုင်းအဝိုင်းက ထည့်ဝင်ခဲ့ကြတဲ့ အလှူငွေများအနက် ပန်းချီဆရာကြီး ဦးဘရင်ကြီးကို ကျပ် ၅၀၀၀နဲ့ ကျန်တဲ့ ဆရာကြီးများ ဖြစ်တဲ့ ဆရာဦးဘကြည်၊ ဦးဘလုံလေး၊ ဦးအမ်တင်အေး၊ ဦးစိန်၊ ဦးလွန်းကြွယ်၊ ဦးသောင်းဟန်စတဲ့ ပန်းချီဆရာကြီးများကို ငွေကျပ် ၃၀၀၀ စီ ပူဇော်ကန်တော့ခဲ့ကြတဲ့အတွက် သာဓု သုံးကြိမ်တိတိ ခေါ်လိုက်မိပါတယ်။



## "ဟောင်း"ကို "အောင်း"လို့မြင်ပါ

ဒီတစ်လ 'ရွှာရိုးကိုးပေါက်'မှာ ရောက်ခဲ့ပေါက်ခဲ့တဲ့နေရာ ဒေသတွေနဲ့ ကြုံခဲ့တွေ့ခဲ့ရသမျှတွေကို မတင်ပြခင် အရင်လက 'ရွှာရိုးကိုးပေါက်' ဆောင်းပါထဲက အရေးကြီးတဲ့ အမှားတစ်ခုကို ပထမဆုံးပြင်ဆင် တောင်းချင်ပါတယ်။ အဲဒီအမှားကတော့ အခြား မဟုတ်ပါဘူး။ မုံရွာက တစ်ဆင့် အမြင့်ဆိုတဲ့ ရွာကြီးကို ကျွန်တော် ရောက်တုန်းရောက်ခိုက် ကြုံကြိုက်ခဲ့တဲ့ 'ရွှေတွင်းအောင်း'ဘုရားပွဲ အကြောင်းဖော်ပြရာမှာ 'ရွှေတွင်းအောင်း' မဟုတ်ဘဲ 'ရွှေတွင်းဟောင်း'ဆိုပြီး 'အောင်း'နဲ့ 'ဟောင်း' မှားပါသွားခဲ့လို့ပါပဲ။ အရင်လ က ကျွန်တော့်ဆောင်းပါးမှာ ဖော်ပြခဲ့တဲ့အတိုင်း ပရိမ္မမှာ မွေးဖွားခဲ့တဲ့ ကျန်စစ်သားလောင်းဟာ ပုဂံနေပြည်တော်က စစ်သည်တော်တွေရဲ့ အန္တရာယ်က လွတ်အောင်ပြေးရင်း လွှားရင်းနဲ့ 'အမြင့်'ဆိုတဲ့ ချင်းတွင်းမြစ်ကမ်းနံဘေးက ရွာကလေးကို ရောက်တော့ ကုန်းပေါ်တက်ပြီး တွင်းကြီးတစ်ခုထဲမှာ ပုန်းအောင်းနေတယ်လို့ အဆိုရှိပါတယ်။ အဲဒီနောက် ကျန်စစ်သားမင်းဖြစ်လာတဲ့ အခါကျတော့ အမြင့်ကို ကြွချီလာပြီး သူပုန်းအောင်းခဲ့တဲ့ တွင်းကြီးနေရာကို ဘုရား တည်ခဲ့ရာက အဲဒီဘုရားဟာ 'ရွှေတွင်းအောင်း'လို့ ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။

ဒါကြောင့် အရင်လက ရွှာရိုးကိုးပေါက် ဆောင်းပါးမှာ 'ရွှေတွင်းအောင်း'လို့ အမှန်အတိုင်း ပြင်ဆင်မှတ်သားကြဖို့ စာဖတ်သူများကို အနူး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန် မေတ္တာရပ်ခံပါရစေ။ 'မှားအစဉ် ပြင်ခဏ'ဆိုတဲ့ ရှေးလူကြီးများရဲ့ ဆိုရိုးစကားအရပေါ့ခင်ဗျာ။

**မုံရွာတန်ဆောင်တိုင် အဆိုပြိုင်ပွဲ**

ကဲ . . . ကဲ အဲဒီအမှားပြင်ချက်ကို တင်ပြပြီးတဲ့နောက် ဒီလ ရွှာရိုးကိုးပေါက်မှာ ရေးစရာရှိတာကလေးတွေ ရေးပါရစေဦး။

ပထမဆုံးတင်ပြချင်တဲ့ အချက်ကတော့ ကျွန်တော့်တစ်သက်မှာ တစ်ခါဖူးမျှ မလုပ်ဖူး မကိုင်ဖူးတဲ့ အလုပ်တစ်ခုကို ပြီးခဲ့တဲ့ သီတင်းကျွတ် တန်ဆောင်မုန်းအတွင်းက လုပ်ခဲ့၊ ကိုင်ခဲ့၊ တာဝန် ယူခဲ့ရတဲ့ အကြောင်းပါပဲ။ အဲဒီအလုပ်တာဝန်ကတော့ တခြားမဟုတ်ပါဘူး။ အဆိုပြိုင်ပွဲတစ်ခုမှာ အမှတ်ပေးတဲ့ အကဲဖြတ်ဒိုင်လူ ကြီးအဖြစ်နဲ့ ကျွန်တော် တာဝန်ယူခဲ့ရတဲ့ အကြောင်းပါပဲ။

ဖြစ်ပုံကတော့ ဒီလိုပါပဲ။ ဒီနှစ် ၁၉၉၂ခုထဲမှာ မုံရွာသား ဖြစ်တဲ့ ကျွန်တော်ဟာ မုံရွာမှာစက်ကျပြီး တစ်လတစ်ခေါက်လောက် မုံရွာကို အကြောင်းအမျိုးမျိုးနဲ့ ရောက်ခဲ့ရပါတယ်။ ဒီလိုနဲ့ အောက်တိုဘာ ၂၄ရက်နေ့ မုံရွာကို ရောက်သွားပြီး နောက်တစ်နေ့ ၂၅ရက် ညမှာ မုံရွာ ညောင်တစ်ပင်ရင်းက ကျင်းပတဲ့ ၁၄ကြိမ်မြောက် ဘုံကထိန်ပွဲအတွက် အဆိုပြိုင်ပွဲ အကဲဖြတ် ဒိုင်လူကြီးအဖြစ် မမျှော်လင့်ဘဲ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီလို အဆိုပြိုင်ပွဲမှာ အကဲဖြတ် ဒိုင်လူကြီးအဖြစ် လျှောက်လွှာမတောင်ဘဲ ဒါရိုက်ဟစ် ရွေးကောက်တင်မြှောက်ခြင်း ခံလိုက်ရတာဟာ အကြောင်းမဲ့ အသားလွှတ်တော့ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီအဆိုပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေက တစ်ခြားလူတွေမဟုတ်ဘဲ မုံရွာဈေးသစ်က ချင်းတွင်းရောင်ခြည်သစ် ဒိုးအဖွဲ့က ခေါင်းဆောင်တွေဖြစ်ကြတဲ့ ကိုတင်ငွေတို့၊ ကိုခင်မောင်အေး တို့ဟာ ရောင်ခြည်သစ်ဒိုးအဖွဲ့ ရန်ကုန်ပြည်ထောင်စုပွဲတွေကို လာရောက်





ယှဉ်ပြိုင်ခဲ့ကြစဉ်က အစစအရာရာ ကျွန်တော် အကူအညီပေးခဲ့တဲ့ ဘော်ဒါတွေဖြစ်နေလို့ပါပဲ။

ပြီးတော့ ကျွန်တော် မရောက်ခင်က အဆိုပြိုင်ပွဲ အကဲဖြတ် ဒိုင်လူကြီးများအဖြစ် သတ်မှတ်ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေကလည်း ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ရင်းနှီးခင်မင်လာကြတဲ့ စာပေမိတ်ဆွေ အပေါင်းအသင်း ရောင်းရင်းတွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီညက အဆိုပြိုင်ပွဲ အကဲဖြတ် အမှတ်ပေးကြရတဲ့ ဒိုင်လူကြီးတွေကတော့ ဆရာကြီး စန်းမြဝတီဦးဘသက် (မုံရွာစာဆို ဦးလေးခန့်ရဲ့ နောင်တော်ကြီး) တေးပြုစာဆို ဦးအေးမောင်၊ ဆရာဦးသာဌေး၊ မုံရွာ ဦးဗိုလ်ဌေးနဲ့ အရေးပေါ် ရွေးချယ်လိုက်တဲ့ ကျွန်တော်ပါ စုစုပေါင်း အကဲဖြတ် ဒိုင်လူကြီး ခုနစ်ယောက်ပဲ ဖြစ်ပါတယ်။

အဲဒီညက ပြိုင်ပွဲဝင်အဆိုရှင် ၁၇ဦး ရှိပါတယ်။ ဒီလို အဆိုပြိုင်ပွဲ တစ်ခုမှာ အစက အဆုံးအထိ ဂရုတစိုက် နားထောင်ပြီး အကဲဖြတ်အမှတ် ပေးလူကြီးအဖြစ်နဲ့ ဆောင်ရွက်ခဲ့ရတာဟာ ကျွန်တော့် တစ်သက်မှာ ပထမဆုံး အတွေ့အကြုံပါပဲ။ စိတ်ဝင်စားစရာ ကောင်းသလောက် ပျော်စရာ ရွှင်စရာလည်းကောင်းပါတယ်။ အဲဒီညက ပြိုင်ပွဲဝင် အဆိုရှင် တွေ သီဆိုသွားကြတဲ့ သီချင်းတွေက လည်း ခေတ်ဟောင်း ခေတ်နှောင်းနဲ့ ခေတ်လယ် ခေတ်သစ်သီချင်းတွေ စုံလင်လှတဲ့အတွက် နားဆင်လို့ ကောင်း အောင် နားဝင်ပီယံဖြစ်ရပါတယ်။ ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀လောက်က ကျော်ကြားခဲ့တဲ့ ဖိုးသာအောင်သီချင်းတို့ စတီးဗြိုး ခေတ်မှာ ထင်ရှားလှတဲ့ 'ကိုယ့်ရပ်ဌာနီ'၊ 'ရတုဘုရင်' စတဲ့ သီချင်းတွေ အပြင် အတာသင်္ကြန်ရေသဘင်ပွဲမှာ ခေတ်စားခဲ့တဲ့ 'ဟောတော့'ဆိုတဲ့ 'ဟော့ရှော့' သီချင်းတွေနဲ့ အခုနောက်ဆုံး ရုပ်မြင်သံကြားနဲ့ ကက်ဆက်တွေ မှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ အဆိုကျော် ဟေမာနေဝင်းရဲ့ 'သည်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



စကားပြောသည်'ဆိုတဲ့ သီချင်းတွေပါ သီဆိုယှဉ်ပြိုင်ခဲ့ကြတာမို့ အင်မတန် မြိုင်ဆိုင်တဲ့ အဆိုပြိုင်ပွဲတစ်ခုပါပဲ။

အဲဒီညက ကျွန်တော် အနှစ်သက်ဆုံး သီချင်းတစ်ပုဒ်ကတော့ 'ကိုယ့်ရုပ်ဌာနီ'ဆိုတဲ့ သီချင်းပါပဲ။ အဲဒီသီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အဆိုရှင် ကိုဝင်းမောင်ဟာ မူလ သီဆိုခဲ့တဲ့ စန္ဒယားထွန်းညွန့်နဲ့ တစ်သဝေ မတိမ်း ဆိုဟန်ဆိုပေါက်အတိုင်း အသံပြကြီးနဲ့ လေးလေးပင်ပင် ဆွဲဆွဲ ငင်ငင် ဆိုသွားလိုက်တာများ ပရိသတ်အားလုံး ငိုင်ကျသွားအောင် ရသ မြောက်လှပါတယ်။

ဒါပေမယ့် အဲဒီ အဆိုပြိုင်ပွဲမှာ အကဲဖြတ်လူကြီး တစ်ယောက် အနေနဲ့ အင်မတန် အရေးကြီးတဲ့ အချက်တစ်ချက်ကို ထောက်ပြရမယ် ဆိုရင် ဆရာသုခရဲ့ ရေပန်းစားလှတဲ့ 'ဘဝသံသရာ' သီချင်းနဲ့ ပတ်သက်လို့ ပါပဲ။ အဲဒီ သီချင်းနဲ့ ပြိုင်ပွဲဝင်သွားတဲ့ အဆိုရှင်ရဲ့ နာမည်ကို ကျွန်တော် မမှတ်မိလိုက်ပေမယ့် သူဆိုသွားတဲ့ သီချင်း စာသားထဲက ရောမ အမှားကြီး တစ်ခုကိုတော့ ကျွန်တော် နားနဲ့ဆတ်ဆတ် မှတ်မိလိုက်ပါတယ်။ ဘယ် နေရာက ဘယ်စာသားလဲဆိုတော့ 'သုံးဆယ့်တစ်ဘုံ ဝဋ်အတွင်းရောက်လို့ ကရွတ်ကင်း လျှောက်တဲ့ တေးဘုမ္မာ' ဆိုတဲ့ နေရာပါပဲ။ အဲဒီနေရာမှာ 'ကရွတ်ကင်း'လို့ ဆိုရမယ့်နေရာမှာ 'ကညွတ်ကွင်း'လို့ ဆိုသွားတာ ကြား လိုက်ရတော့ အကဲဖြတ် အမှတ်ပေးနေရတဲ့ ကျွန်တော့်မှာ မျက်လုံးပြူးသွား ပြီး 'ဟိုက်'ခနဲ အသံထွက်သွားမတတ် ဖြစ်ခဲ့ရပါတယ်။

တကယ်က 'ကရွတ်ကင်းတစ်လျှောက်'ဆိုတဲ့ စကားဟာ အင် မတန် အဓိပ္ပါယ်လေးနက်ပါတယ်။ သောက်ရေအိုးအောက်က ခံထားတဲ့ ကရွတ်ခွေပေါ်မှာ ကင်းခြေများတစ်ကောင် လျှောက်သွားနေသလို သံသရာ မှာ ဝိုင်းကြီးပတ်ပတ်လည်ပြီး မဆုံးနိုင်အောင် ဖြစ်တတ်တဲ့သဘောကို နိမိတ်ပုံဆောင်ပြီး တင်စားရေး သားပြောဆိုခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒါကို





'ကရွတ်ကင်းလျှောက်' မဟုတ်ဘဲ 'ကညွတ်ကွင်းလျှောက်'လို့ ဆိုသွားတော့ မူရင်းအဓိပ္ပါယ် လုံးလုံးကြီးပျောက်ပြီး ငါးပါးတင်မက သံသာခင်ပါ မှောက်သွားတော့တာပေါ့ခင်ဗျာ။ အဲဒီလို အမှားကြီးမှားအောင် ဆိုသွား တာကိုများ ကာယကံရှင် ဆရာကြီးဦးသုခကြားရင် ထိုင်ငိုမလားတောင် မသိပါဘူး။ (ဒါပေမယ့် လောကကြီးမှာ ဒီလို ကမောက်ကမ ဖြစ်တတ်တဲ့ သဘာဝကို ဟာသရှုထောင့်က ကြည့်တတ်တဲ့ ကျွန်တော့်အဖော် အဲဒီ ညက ဘဝသံသရာသီချင်းမှာ 'ကညွတ်ကွင်း လျှောက်တဲ့ တေးဘုမ္မာ'လို့ ဆိုသွားတာ ကြားလိုက်ရတော့ ရုတ်တရက် ဖြုန်းကနဲ မျက်လုံးပြူးသွားမိ ရာက နောက်တော့ 'ကညွတ်ကွင်းလျှောက်ရုံနဲ့ဆိုရင် တော်သေးတာပေါ့။ ဧယျာဝတီတို့၊ ရေတာရှည်တို့ အထိများ ဆက်လျှောက်နေရင် ခက်များ ခက်ရချည်ရဲ့'လို့ ဟာသဆန်ဆန်တွေးပြီး တစ်ယောက်တည်း ပြုံးမိသေး တယ်။

**စိတ်ကပ်မလိမ်းတဲ့ ဘီအီးဒီ**

အဲဒီညက အဲဒီအဆိုပြိုင်ပွဲပြီးသွားတော့ ညသန်းခေါင်ချိန် ၁၂နာရီလောက်ရှိပါပြီ။ အသက် ၆၀ကျော် ၇၀အတွင်း ရောက်နေပေမယ့် ဒီအသက် ဒီအရွယ်အထိ ကာလသားစိတ် မကုန်သေးတဲ့ ကျွန်တော်တာ အဲဒီညက အဆိုပြိုင်ပွဲမှာ ၄နာရီကျော်ကျော် ၅နာရီလောက် တောက် လျှောက်ထိုင်ခဲ့ရပြီး အဆိုပြိုင်ပွဲကတစ်ဆင့် ရွှေစည်းခုံဘုရားပွဲမှာ ရုံသွင်း နေတဲ့ ဘီအီးဒီအောင်သိုက်ပွဲကို အပေါင်းအသင်း ကာလသားများနဲ့အတူ သွားဖြစ်အောင်သွားပြီး ကြည့်ဖြစ်အောင် ကြည့်ခဲ့ပါသေးတယ်။

ဘီအီးဒီအောင်သိုက်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အားလုံးသိကြတဲ့အတိုင်း ဒီနေ့ ဇာတ်သဘင်လောကမှာ အောင်မြင်ကျော်ကြားပြီး ရုပ်ရှင်လောကထဲ ခြေတစ်ဖက်လှမ်းနေတဲ့ အနုပညာရှင်တစ် ယောက်ပါပဲ။ ရန်ကုန်မှာ ဇာတ်သဘင်နဲ့ ၁၀နှစ်နီးပါးလောက် ကင်းကွာနေတဲ့ ကျွန်တော်တာ



www.burmeseclassic.com

www.burmeseclassic.com



မုံရွာမှာ ကြုံလာခိုက် ဘီအီးဒီအောင်သိုက်ရဲ့ အနုပညာစွမ်းအင်တို့ အနီးတပ် လေ့လာရအောင် ကြိုးစားပြီး သွားကြည့်ခဲ့တာပါပဲ။

ကျွန်တော်တို့ပွဲလာကြည့်တယ်ဆိုတာ ကြိုပြီးသိထားတဲ့ အတွက် ဘီအီးဒီအောင်သိုက်ဟာ ရုံဝင်ပေါက်ဘေးက ကွပ်ပျစ် ကလေးပေါ်မှာ သူ့ထုံးစံအတိုင်း ဟိတ်ဟန်မလုပ်ဘဲ အင်္ကျီချွတ်နဲ့ သန်းခေါင်ကျော်အထိ ကျွန်တော်တို့ကို ထိုင်စောင့်နေရှာပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့ အထိ ရှေ့ပိုင်းက စတိတ်ရှိုးအစီအစဉ်တွေ မပြီးဆုံးသေးဘဲ ဝုန်းဒိုင်း ကြဲနေတုန်း ရှိပါသေးတယ်။ ဒါကြောင့် ဇာတ်ရုံဘေးက ကွပ်ပျစ်ကလေးပေါ် မှာပဲ ထိုင်ကြပြီး ဘီအီးဒီက ဧည့်ခံကျွေးမွေးတဲ့ လက်ဖက်ရည်နဲ့ မုန့်တွေ စားကြရင်း ၁၀မိနစ် ၁၅မိနစ်လောက် စကားပြောဖြစ်ကြပါတယ်။ ဘီအီးဒီ က ကျွန်တော်နဲ့ စကားပြောရင်း 'ဒီည ဆရာတို့ ပွဲလာကြည့်မယ်ဆိုလို့ ကျွန်တော့်သားကို ဆရာလင်းယုန်မောင်မောင် ပါလာလိမ့်မယ်ကွလို့ ပြော တော့ သူက 'ဟို ရွှာရိုးကိုးပေါက်ဆရာကြီး မဟုတ်လား၊ ကျွန်တော် သိပါ တယ်'လို့ ပြန်ပြောသေးတယ်'ဆိုပြီး ကျွန်တော့်ကို တရင်းတနှီး ဆက်ဆံ ဧည့်ခံပါတယ်။

ဘီအီးဒီနဲ့ ၁၀မိနစ်သာသာလောက် တွေ့ခဲ့ရာက သူ့အယူအဆ ကို ဗဟုသုတအဖြစ်နဲ့ ကျွန်တော် ရလိုက်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့အဖွဲ့ထဲက စာရေးဆရာတစ်ဦးက ဘီအီးဒီကို အားနာပြီး 'ကဲ-ကိုအောင်သိုက် . . . ပြဇာတ်နီးပြီ မဟုတ်လား၊ မိတ်ကပ်လေး ဘာ လေးလိမ်းတော့လေ'လို့ ပြောလိုက်တာကို ဘီအီးဒီက ဘယ်လိုပြန်ဖြေ သလဲဆိုတော့ 'ကျွန်တော်က ဇာတ်ခုံပေါ်မှာ ဘယ်တော့မှ မိတ်ကပ်မလိမ်း ဘူးဗျ'တဲ့။ ဒါလည်း ဘီအီးဒီအောင်သိုက်ရဲ့ ထူးခြားတဲ့ စရိုက်တစ်ခုပဲလို့ ကျွန်တော် သိလိုက်ရပါတယ်။

အဲဒီညက ဘီအီးဒီရဲ့ နောက်ပိုင်းပြဇာတ်နာမည်က 'မြင်သလင်း





သား ငနင်းပြား'တဲ့။ ရုတ်တရက် ဒီနာမည်ကို ကြားလိုက်ရတော့ ရာဇဝင် နောက်ခံပြဇာတ်လို့ ထင်ရပေမယ့် တကယ်ကြည့်ရတော့မှ မြို့နေဆင်း ဘန်းစား အထက်လွှာတွေရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုတွေကို ဘီအီး ဒီရဲ့ ပြောင်မြောက်တဲ့ အပြောအဆို စကားလုံးတွေနဲ့ ခြယ်မှုန်းဖန်တီး ထားတဲ့ ဇာတ်လမ်းဇာတ်ကွက်ဆိုတာ သိခဲ့ရပါတယ်။ အဲဒီညက ပွဲရဲ့ အတွေ့အကြုံအရ တစ်ခုပြောစရာရှိတာကတော့ မတ်တပ်ရပ်ကြည့်ကြတဲ့ ပရိသတ်အပါအဝင် ပွဲကြည့်ပရိသတ် ငါးထောင်ကျော်လောက်ရှိတဲ့ မြေဟ ခန်ရုံကြီးထဲမှာ အသံချဲ့စက်ငပီကာက ဇာတ်ခုံပေါ်မှာပဲ ရှိနေတာမို့ နောက် ပိုင်းက ပရိသတ်အတွက် ဘီအီးဒီရဲ့ အပြောကို ပီပီသသ မကြားကြရဘဲ ဖြစ်နေပါတယ်။

ဘာပဲဖြစ်ဖြစ် ဘီအီးဒီကို ရုံလျှံသွားအောင် အားပေးကြတဲ့ အတွက် တစ်ညတစ်ည တစ်သိန်းကျော်ရတယ်ဆိုတာ သိခဲ့ရလို့ ဘီအီးဒီ အပါအဝင် မြန်မာ့ဇာတ်သဘင် အနုပညာသမားတွေ ကိုယ်စား မုဒိတာ ပွားခဲ့ရပါတယ်။

**မာယလမ်းမှ ဦးဘထွေးလမ်းသို့**

ဒီတစ်ခေါက် မုံရွာကို ရောက်ခဲ့တဲ့ အဓိကအကြောင်းကတော့ ဘာသာပြန်စာအုပ်တစ်အုပ် ရေးဖို့ပါပဲ။ ဒါပေမယ့် ဒီစာအုပ်ကို အစအဆုံး ပြီးအောင် မရေးနိုင်ခဲ့ပါဘူး။ စာမျက်နှာ ၁၆၀၊ ဆယ်ဖောင်စာလောက်ပဲ ရေးပြီး တစ်ပိုင်းတစ်စနဲ့ ရန်ကုန်ကို နို့ဝင်ဘာ ၅ရက်ရောက်အောင် ပြန်လာ ခဲ့ရပါတယ်။

အဲဒီလို ကတိုက်ကရိုက် ပြန်လာခဲ့ရတဲ့ အကြောင်းရင်းဟာ ထူးခြားမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးလလောက် (ဇူလိုင်လ)က ကွယ်လွန် ခဲ့တဲ့ ကာတွန်းဦးဘထွေးကို အမှတ်တရ ဂုဏ်ပြုတဲ့အနေနဲ့ ဆရာဦးဘထွေး နေသွားခဲ့တဲ့ တောင်ဥက္ကလာ ၁၂ရပ်ကွက်၊ မာယလမ်းမှာ ပထမဆုံးအကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပဖို့ရှိနေလို့ပါပဲ။ ကျွန်တော် ခရီးသွားနေတဲ့ ၁၀ရက်ကျော်အတွင်း အဲဒီ မီးထွန်းပွဲ ဖြစ်မြောက်ရေးအတွက် စီစဉ်ပြင်ဆင်ခဲ့ကြလို့ အတော်ကလေး ပြီးစီးနေတာ တွေ့ရပါတယ်။

ဒါနဲ့ ကျွန်တော် ရန်ကုန် ပြန်ရောက်ပြီးတဲ့နောက် မီးထွန်းပွဲမှာ ပြသမယ့် ကာတွန်းပုံတွေ စီစစ်ရွေးချယ်ရေး၊ ဖွင့်ပွဲအခမ်းအနား ကျင်းပရေး၊ လိုအပ်တဲ့ ရန်ပုံငွေရှာဖွေရေးကိစ္စတွေကို ဆက်လက်ဆောင်ရွက်ရပါတယ်။ မီးထွန်းပွဲကျင်းပရေးအတွက် ရန်ပုံငွေအဖြစ် မန္တလေးအသင်းက ငွေ ၁၂၀၀ကျပ် လှူဒါန်းခဲ့သလို ကျွန်တော်ကလည်း ငွေကြေးတတ်နိုင်သလောက် အမြဲကုသိုလ်စိတ်ပေါက်နေတဲ့ ဆရာကြီး ဦးရန်ခအောင်၊ ဆရာမကြီး ဒေါ်ခင်နှင်းယုနဲ့ အကယ်ဒမီ မင်းသားကြီးတစ်ဦးကို အမှာထားပြီး ရန်ပုံငွေ ၁၀၀၀ ကျပ်ရအောင် ကောက်ခံပေးခဲ့ပါတယ်။

အဲဒီလို အဘက်ဘက်က လူစုံထက်စုံ ဝိုင်းဝန်းကူညီပံ့ပိုး ခဲ့ကြတဲ့အတွက် နိုဝင်ဘာ ၈, ၉, ၁၀ တန်ဆောင်တိုင်ပွဲတော်မှာ သုံးရက်တိုင်တိုင် ဆရာဦးဘထွေးအမှတ်တရ ကျင်းပခဲ့တဲ့ ပထမအကြိမ် မီးထွန်းပွဲဟာ မြိုင်မြိုင်ဆိုင်ဆိုင် စည်စည်ကားကားနဲ့ အောင်မြင်ခဲ့ပါတယ်။ ဆရာဦးဘထွေးနေခဲ့တဲ့ မာဃလမ်းဟာ တောင်ဥက္ကလာမှာရှိပြီး၊ သင်္ဃန်းကျွန်းမြို့နယ်ထဲက ကျိုက္ကဆံဘုရားရဲ့ မြောက်ဘက်မှန်တည့်တည့်မှာ ရှိတာမို့ ပွဲတော်ရက်အတွင်း ကျိုက္ကဆံဘုရားလာဖူးကြတဲ့ တောင်ဥက္ကလာမြို့သူမြို့သားတွေဟာ မာဃလမ်းမီးထွန်းပွဲက ကာတွန်း မီးပုံးတွေကိုကြည့်ပြီး အထူးပဲ သဘောကျ ကျေနပ်ခဲ့ကြပါတယ်။ ကာတွန်းတွေကလည်း ကွယ်လွန်သူ ဦးဘကလေး၊ ဦးဘဂျမ်း၊ ဦးဟိန်စွန်းတို့ရဲ့ လက်ရာများအပြင် မျက်မှောက်ခေတ် လူငယ်ကာတွန်းဆရာများရဲ့ လက်ရာမြောက်လှတဲ့ ကာတွန်းများကို စုံစုံလင်လင်တွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် နောင်နှစ်တွေမှာလည်း ဆရာဦးဘထွေးတို့





အကြောင်းပြုပြီး ကာတွန်းမီးထွန်းပွဲ နှစ်စဉ်ကျင်းပသွား[illegible] နောင်ဆိုရင် မာဃလမ်းဟာ ကာတွန်းဦးဘထွေးလမ်းလို့ အမည်[illegible] လေမလားလို့ မျှော်လင့်ရပါတယ်။

**၁၁ကြိမ်မြောက် ပန်းချီကန်တော့ပွဲကလေး**

ဒီလအတွင်း ရှာရိုးကိုးပေါက်ရောက်ခဲ့ရတဲ့အထဲမှာ ထူး ခြားတဲ့ တစ်နေရာကတော့ ပန်းချီဆရာကြီး ဦးသုခကို တပည့်လူငယ်ပန်းချီဆရာတွေက ပူဇော်ကန်တော့ကြတဲ့ အခမ်းအနားကလေးပါပဲ။ ထူးခြားတယ်လို့ ဆိုလိုက်ရတာက တစ်ချိန်က ပန်းချီကျောင်းအုပ်ဆရာကြီးအဖြစ်နဲ့ လူငယ်ပန်းချီဆရာများကို သင်ကြား မွေးထုတ်ပေးခဲ့တဲ့ ဆရာကြီးဦးသုခကို ဒီနေ့ထင်ရှားကျော်ကြားနေကြတဲ့ ပန်းချီကျောင်းသားဟောင်း၊ တပည့်ဟောင်းများက နှစ်စဉ် အခုလို ပူဇော်ကန်တော့လာခဲ့ကြတာ ၁၁နှစ်တိတိ ရှိသွားခဲ့ပါပြီ။ ပန်းချီဆရာ၊ ကာတွန်းဆရာများနဲ့ လက်ပွန်းတတီး ရင်းနှီးနေတဲ့ ကျွန်တော်ဟာ နှစ်စဉ် ကျင်းပခဲ့တဲ့ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာကြီးများနဲ့ ကာတွန်းဆရာကြီးများ ပူဇော်ပွဲတွေကို နှစ်စဉ်မပျက်တက်ရောက်ခဲ့ပေမယ့် ဆရာကြီး ဦးသုခ ပူဇော်ကန်တော့ပွဲကိုတော့ အခု ၁၁ ကြိမ်မြောက်ကျမှ ပထမဆုံးအကြိမ် တက်ရောက်ခဲ့ရလို့ပါပဲ။

အဲဒီပူဇော်ကန်တော့ပွဲကို အရင့်အရင်နှစ်တွေတုန်းက ဆရာကြီးဦးသုခ အိမ်မှာပဲ ကျိတ်ဝိုင်းကလေးလုပ်ပြီး ကျင်းပခဲ့ကြရာက ဒီနှစ်တော့ ခင်မင်းဝေသဏ်နဲ့ သန်းသန်းမော်တို့ ဇနီးမောင်နှံရဲ့ ရွှေတောင်တုန်းလမ်းကွက်ထဲက Treasure ပန်းချီ ပြခန်းမှာ ၉-၁၁-၉၂ ရက်၊ တန်ဆောင်မုန်းလပြည့်နေ့က လူငယ်ပန်းချီဆရာတွေ စုပေါင်းပြီး ကန်တော့ခဲ့ကြပါတယ်။ ပန်းချီဆရာကြီး တစ်ယောက်ကို လူငယ်ပန်းချီဆရာတွေက ပန်းချီပြခန်းဆောင်မှာ စုဝေးပြီး ကန်တော့ကြတဲ့အတွက် ပိုပြီး ဂုဏ်မြောက်တယ်လို့ ကျွန်တော့် စိတ်ထဲက တွေးလိုက်မိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးသုခဟာ အသက် ၇၄နှစ်ရှိပါပြီ။ ဒါပေမယ့် သူ့တပည့်ကျောင်းသားဟောင်း လူငယ်ပန်းချီဆရာတွေနဲ့ တွေ့လိုက်ရတော့ ဆရာကြီးလည်း နှစ်ပေါင်း ၃၀လောက် ပြန်ငယ်သွားပုံရပါတယ်။ အဲဒီကန်တော့ပွဲမှာ တပည့်ကျောင်းသားဟောင်းတွေကို ဩဝါဒစကားပြောလိုက်တာ ၁နာရီကျော်ကျော် ၁နာရီခွဲနီးပါး အားရပါးရ စိတ်ဝင်စားစရာ မှတ်သားစရာ ကောင်းလှပါ တယ်။

အဲဒီပူဇော်ကန်တော့ပွဲမှာ လူငယ် ပန်းချီဆရာတွေက တတ်အားသမျှ စုဆောင်းပြီး သူတို့ဆရာကြီးကို ကန်တော့လိုက်ကြတာ စုစုပေါင်းငွေ ၃၆၄၀ကျပ် ရခဲ့ပါတယ်။ ဂါရဝတရားနဲ့ နိဝါတတရားတွေ ခေါင်းပါးနေတဲ့ ဒီခေတ် ဒီအချိန်၊ ဒီအခါမျိုးမှာ အခုလို ဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို အထူးသတိရပြီး အမှတ်တရ ပူဇော်ခဲ့ကြတဲ့ အဲဒီ အာစရိယပူဇော်ပွဲကလေးကို တက်ရောက်ခဲ့ရတာ အင်မတန် ပီတိဖြစ်စရာ ကောင်းလှပါတယ်။

**'မဲဇာ'ရောက်ခဲ့တဲ့ 'လင်းယုန်မမ'**

ဒီတစ်လအတွက် ရွှာရိုးကိုးပေါက်ခရီးမှာ အပြီးသတ် တင်ပြချင်တာကတော့ ဆရာဒဂုန်တာရာရဲ့ မဲဇာကို နိဝင်ဘာ ၁၄ရက်နေ့က ခရီးတထောက်ရောက်ခဲ့ရတဲ့ အကြောင်းပါပဲ။ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ခြောက်လလောက်က မှော်ဘီဘောလုံးစက်ရုံကြီး ဘေးနားက ဘုန်းကြီးကျောင်းကလေးမှာ ကျင်းပခဲ့တဲ့ ဒဂုန်တာရာရဲ့ ၇၄နှစ်မြောက် မွေးနေ့ပြီးတဲ့နောက် 'မှော်ဘီ ဆရာတာ'နဲ့ မတွေ့ရတာ ကြာပါပြီ။ (မြန်မာပညာရှိကြီး မှော်ဘီဆရာသိန်းကို သတိရသောအားဖြင့် ဒဂုန်တာရာကို ကျွန်တော်က 'မှော်ဘီဆရာတာ'လို့ ခေါ် လေ့ရှိပါတယ်)။

အဲဒီနေ့က ဒဂုန်တာရာဆီ ရောက်သွားခဲ့တာဟာ အမှတ်မထင် ရုတ်တရက် ရောက်သွားခဲ့တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ စက်တင်ဘာလအတွင်း ဆရာဒေါက်တာသန်းထွန်း၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)တို့နဲ့ မုံရွာရောက်တုန်းက ကလျာ (ဝိဇ္ဇာ/သိပ္ပံ)က 'ဆရာ . . . ကျွန်မတို့ ရန်ကုန် ပြန်ရောက်ရင် ဆရာဒဂုန်တာရာဆီ သွားကန်တော့ကြဖို့ မမစု(ခင်နှင်းယု)နဲ့ တိုင်ပင်ထားတယ်။ အဲဒါ စီစဉ်ပေးပါဦး။ ဆရာလည်း လိုက်ခဲ့ပါ'လို့ ပြောထားတာရှိပါတယ်။ အဲဒီ အစီအစဉ်အရ ရန်ကုန်ရောက်တော့ ကျွန်တော်ကပဲ ဒဂုန်တာရာဆီ ကြိုတင် ဖုန်းဆက်ခဲ့ပြီး ၁၄ရက်နေ့က မဲဇာကို သွားခဲ့ကြတာပါ။

အဲဒီနေ့က မဲဇာကို ခင်နှင်းယု၊ ကလျာ(ဝိဇ္ဇာ/သိပ္ပံ)နဲ့ ခင်ဆွေဦးလည်း ပါလာခဲ့တယ်။ အဲဒီလို အမျိုးသမီး စာရေးဆရာမ သုံးယောက်နဲ့ သွားရတာဆိုတော့ ကျွန်တော်လည်း လုံမလေး အယ်ဒီတာဘဝတာ မလေးလုံ နာမည်ပေးခဲ့သလို 'လင်းယုန်မောင်မောင်'ကနေ 'လင်းယုန်မမ' ဖြစ်သွားခဲ့ရပါတယ်။ ဒါပေမယ့် အမျိုးသမီးစာရေးဆရာမတွေနဲ့ သွားရတဲ့အတွက် သွားရေးလာရေး၊ စား ရေးသောက်ရေးအတွက် ဘာမှ မပူရပါဘဲ ကလျာက ခါတ်ဆီစိုက်ပြီး သူ့ကားနဲ့ အသွားအပြန် တာဝန်ယူခဲ့သလို ခင်နှင်းယုကလည်း ထမင်းတွေ၊ ဟင်းတွေ ကိုယ်တိုင် ချက်ပြုတ်ပြီး အိုးကြီးအိုးငယ်နဲ့ သယ်လာခဲ့ပါတယ်။ မြစ်ဝကျွန်းပေါ် က ဝါးခယ်မသူပီပီ ဝူခွန်ထုပ်ကြီးတွေ ချက်လာလိုက်တာများ အားရပါးရစားလို့တောင် မကုန်နိုင်ပါဘူး။ ကိတ်မုန့်နဲ့ ငှက်ပျောသီးအပြင် နေ့လည်နေ့ခင်းစားဖို့ အိုက်စတာ ရင်တောင် ရေခဲပူးကြီးနဲ့ ထည့်လာပါသေးတယ်။ ခင်ဆွေဦးကလည်း တာဝန်သိသိနဲ့ လက်ဖက်တွေ သယ်လာပါတယ်။ ကျွန်တော်ကလည်း အားကျမခံ သူတို့ယူလာကြတဲ့ စားစရာတွေ အားရပါးရစားပြီး တာဝန်ကျေအောင် ထမ်းဆောင်ခဲ့ပါတယ်။

မဲဇာမှာ ဆရာဒဂုန်တာရာနဲ့ တစ်နေကုန် စာပေအကြောင်း စာရေးဆရာတွေအကြောင်း သောင်းပြောင်းထွေလာ ပြောဖြစ်ရင်းနဲ့ ဒဂုန်







www.burmeseclassic.com

www.burmeseclassic.com



တာရာရဲ့ တူမလေး မြင့်မြင့်စိန်(သင်းမြစန္ဒီ)ရဲ့ ပြောပြချက်အရ မျက်စေ့မကောင်းလို့ ကက်ဆက်နဲ့အသံသွင်းပြီး ဝတ္ထုဖရေးရာမှာ ဒဂုန်တာရာရဲ့ အသံဟာ 'ဖီလင်'အပြည့်ပါနေတယ်ဆိုတာ ထူးထူးခြားခြား သိခဲ့ရပါတယ် ခင်ဗျာ . . . ။



## မနုတာရီမွေးနေ့

လူ့လောကကြီးမှာ တစ်ခါတစ်ခါ ကြုံတွေ့ရတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေဟာ မမျှော်လင့်ဘဲ အံ့ဩစရာကောင်းလောက်အောင် တိုက်ဆိုင်မှုတွေ ဖြစ်တတ်ပါတယ်။ အဲဒီလို အံ့ဖွယ်သုတမျိုးကို အရင့်အရင်က ကြုံခဲ့တွေ့ခဲ့ရဖူးသလို အခု ဒီတစ်လ ရွှေရိုးကိုးပေါက်မှာလည်း မမျှော်လင့်ဘဲ ကြုံတွေ့လာပြန်ပါပြီ။

တခြားတော့ မဟုတ်ပါဘူး။ ဒီလ မိုးဂျာနယ်အတွက် 'ရွှေရိုးကိုးပေါက်'ရောက်ခဲ့သမျှ ကြုံခဲ့သမျှ ရေးရမယ့်အကြောင်းအရာတွေကို တစ်ခုချင်း တန်းစီပြီး စဉ်းစားလိုက်တော့ အားလုံးဟာ မွေးနေ့အခမ်းအနားတွေ မွေးနေ့ပွဲတွေချည်း ဖြစ်နေတာကို အံ့ဩစရာ တွေ့လိုက်ရလို့ပါပဲ။

ဒီတစ်လ ရေးရမယ့် အဲဒီမွေးနေ့ပွဲတွေထဲမှာ ပထမဆုံးကတော့ 'မနုတာရီ'ရဲ့မွေးနေ့ပါပဲ။ မွေးနေ့ ကျင်းပတဲ့နေ့ကတော့ ၁၉၉၂ခုနှစ် နိုဝင်ဘာ ၂၅ရက်နေ့။ ကျင်းပတဲ့နေရာက ရန်ကုန်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း တိုက်အမှတ် ၃၈၃၊ အခန်းအမှတ် ၂၃ (၂၉လမ်းနဲ့ လမ်း ၃၀ကြား)မှာ ဖြစ်ပါတယ်။ အဲဒီ မွေးနေ့ပွဲကို ကမကထလုပ်ပြီး ဦးစီးကျင်းပတဲ့ ပုဂ္ဂိုလ်ကတော့ တခြားသူ မဟုတ်ပါဘူး။ အဲဒီအခန်းမှာနေတဲ့ စာရေးဆရာ မင်းသိန်းပါပဲ။ 'မင်းသိန်း' လို့ဆိုလိုက်တာနဲ့ သူဟာ 'ပုဏ္ဏားဘတွန်းနဲ့ ဆားပုလင်း နှင်းမောင်'တို့ကို ဖန်တီးခဲ့တဲ့ နိုင်ငံကျော် စာရေးဆရာကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြောဘဲနဲ့ သိပြီး ဖြစ်ကြပါလိမ့်မယ်။

**"မှိုးချင်လည်း ရွံ့ပါစေ၊ မနုစာရီ မမှုပါဘူး"**

ဒါပေမယ့် အဲဒီလို ဆရာ မင်းသိခ်အခန်းမှာ 'မနုစာရီ' မွေးနေ့ ကျင်းပတယ်ဆိုလို့ 'မနုစာရီ'ဆိုတာ ဆရာမင်းသိခ်ရဲ့သမီးပဲလို့ ရုတ်တရက် သင်ကောင်းထင်မိကြပါလိမ့်မယ်။ အဲဒီလို ထင်ကြမယ်ဆိုရင် မှားတယ်လို့ ဆိုရမလို မှန်တယ်လို့လည်း ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာမင်းသိခ်မှာ 'မနုစာရီ'ဆိုတဲ့ သမီး လုံးဝမရှိလို့ပါပဲ။ ဒါကြောင့် မှားတယ်လို့ ပြောတာပါ။ ဒါပေမယ့် 'မနုစာရီ'ဆိုတာ ဆရာမင်းသိခ် ပထမဆုံးရေးခဲ့တဲ့ လုံးချင်းဝတ္ထု နာမည်ပါ။ တစ်နည်းပြောရရင် 'မနုစာရီ' ဟာ 'ဆားပုလင်း နှင်းမောင်'တို့၊ 'ပုဏ္ဏားဘကွန်း'တို့လို ဆရာမင်းသိခ် မွေးထုတ်ခဲ့တဲ့ ဇာတ်ကောင်တစ်ကောင်ပါပဲ။ ဒါကြောင့် 'မနုစာရီ'ဟာ ဆရာမင်းသိခ်ရဲ့ သမီးလို့ဆိုရင်လည်း မှန်ပါတယ်။ အပြင်မှာ အသက်ထင် ရှားရှိနေတဲ့ လူတစ်ယောက် မဟုတ်ပေမယ့် စာရေးဆရာရဲ့ အတတ်ပညာ နဲ့ အနုပညာဖန်တီးမှုကြောင့် တကယ့်သက်ရှိ လူတစ်ယောက်လို့ စာဖတ် သူတွေ စိတ်ထဲမှာ စွဲလမ်းထင်မှတ်နေတတ်ကြပါတယ်။ မင်းသိခ်ရဲ့ ဝတ္ထုတွေအကြောင်းပြောရင် 'မနုစာရီ' မပါလို့ မဖြစ်ပါဘူး။ လွန်ခဲ့တဲ့နှစ် ပေါင်း ၂၀လောက်က စာဖတ်သူတွေရဲ့ နှုတ်ဖျားမှာ ဒီနေ့အထိ အသက် ထင်ရှား ရှိနေပါသေးတယ်။

အဲဒီနေ့က ဆရာမင်းသိခ်အိမ်မှာ ကျင်းပခဲ့တဲ့ အဲဒီပွဲကလေးဟာ မနုစာရီနဲ့ ပတ်သက်တဲ့ အမှတ်တရပွဲကလေးပါပဲ။ ဒါပေမယ့် ရိုးရိုးသာမည အမှတ်တရ ကျင်းပခဲ့တာ မဟုတ်ပါဘူး။ ဆရာမင်းသိခ်ကိုယ်တိုင် ဦးစီးပြီး 'မနုစာရီ'ဆိုတဲ့ နာမည်နဲ့ မဂ္ဂဇင်း တစ်စောင် မကြာခင်ထုတ်ဝေဖို့ စီစဉ်စိုင်း ပြင်းနေပြီဆိုတဲ့အကြောင်း စာပေအပေါင်းအသင်း ရောင်းရင်းတွေကို ဖိတ်ကြားကျွေးမွေး ဧည့်ခံပြီး တရားဝင်ကြေညာတဲ့ ပွဲကလေးပါပဲ။





ဒါကြောင့် အဲဒီနေ့က ကျင်းပခဲ့တဲ့ အဲဒီ အခမ်းအနား အဲဒီ... 'မနုစာရီ'ရဲ့ မွေးနေ့ အခမ်းအနားရယ်လို့ ကျွန်တော် တင်စား... ဖြစ်ပါတယ်။

> **"စာဖတ်သူတွေ စာလေးတွေ ဖတ်စေချင်တဲ့စေတနာ တစ်ခု တည်းနဲ့ မနုစာရီလည်း မဂ္ဂဇင်းထုတ်မယ်ဆိုပြီး မန်းချောင်းအနီး တောအုပ်ကြီး တစ်ခုကနေပြီး မြို့ပေါ်ကို တက်လာခဲ့ပါတယ်"**
>
> **"ရွှံ့ချင်လည်း ရွံ့ပါစေ. . . ။ မနုစာရီ မမှုပါဘူး . . ."**

'မနုစာရီ'မွေးနေ့ပွဲလို့ ဆိုနိုင်တဲ့ အဲဒီမနုစာရီမဂ္ဂဇင်း ဖွင့်ပွဲ အခမ်းအနားမှာ ဝေငှကမ်းလှမ်းတဲ့ ကြေညာချက်ကလေးထဲက စာပိုဒ် ကလေး တစ်ပိုဒ်ပါပဲ။ အဲဒီကြေညာချက် စာပိုဒ်ကလေးကို ကြည့်ခြင်း အားဖြင့် ဆရာမင်းသိခ်ဟာ သူ့ရဲ့ မနုစာရီမဂ္ဂဇင်းကို တစ်မျိုးတစ်ဖုံ ဆန်း သစ်အောင် တီထွင်ဖို့ စီစဉ်ပြင်ဆင်ထားတယ်ဆိုတာ ရိပ်စားမိနိုင်ပါတယ်။ ဆရာမင်းသိခ်နဲ့အတူ မနုစာရီ မဂ္ဂဇင်း ကို သုတရသရုပ်စုံ မဂ္ဂဇင်းအဖြစ် တွဲဖက်ဖန်တီးမယ့် ပုဂ္ဂိုလ်ကတော့ မဂ္ဂဇင်းလောကမှာ ဝါရင့်နေတဲ့ မောင်မောင်မြင့်အေးပဲလို့ သိရပါတယ်။

အဲဒီနေ့က မနုစာရီမွေးနေ့ပွဲမှာ စာရေးဆရာ၊ ဆရာမတွေနဲ့ စာပေနယ်က ထင်ရှားတဲ့ စာပေသမားတွေ၊ အယ်ဒီတာတွေရော ထုတ်ဝေ သူတွေပါ အတော်ကလေး စုံစုံလင်လင် ပျော်ပျော်ရွှင်ရွှင် မြင်ခဲ့တွေ့ခဲ့ရပါ တယ်။

**မနုစာရီပြီးတော့ လူထု ဒေါ်အမာ**

မနုစာရီမွေးနေ့ပွဲနဲ့ ရှေ့ဆင့် နောက်ဆင့်ဆိုသလို ကျွန်တော် တက်ရောက်ခဲ့ရတာကတော့ မန္တလေးက စာရေးဆရာ၊ သတင်းစာ ဆရာမ ကြီး လူထုဒေါ်အမာရဲ့ မွေးနေ့ပါပဲ။ လူထုဒေါ်အမာရဲ့ မွေးနေ့အခမ်း အနားကို ဒေါ်အမာ အသက် ၇၀ပြည့်တဲ့ ၁၉၈၅ခုနှစ်ကစပြီး ကျင်းပခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ အခု အသက် ၇၇နှစ် ပြည့်တဲ့ ၁၉၉၂ခုနှစ်အထိ ရှစ်ကြိမ်ရှိခဲ့ပါပြီ။ အဲဒီရှစ်ကြိမ်တိတိ ကျင်းပလာခဲ့တဲ့ ဒေါ်အမာရဲ့ မွေးနေ့ပွဲတွေကို ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပြီး တက်ရောက်ခဲ့တာ ဒီနှစ်ပါနဲ့ ဆိုရင် ခြောက်ကြိမ်ရှိပါပြီ။ အရင့်အရင်နှစ်တွေတုန်းကလိုပဲ ဒီနှစ်မှာလည်း မန္တလေးမြို့နဲ့အနီးအနား တံတားဦး၊ အင်းဝ၊ ပလိပ်၊ ကျောက်ဆည်၊ စဉ့်ကိုင် စတဲ့မြို့တွေက စာသမား၊ ကဗျာသမားတွေ၊ မန်းတက္ကသိုလ်က ဆရာ၊ ဆရာမတွေအပြင် ရန်ကုန်၊ မုံရွာ၊ ပျဉ်းမနား၊ အင်းစိန်စတဲ့ ရပ်ဝေးက စာရေးဆရာ၊ စာရေးဆရာမတွေ၊ ကဗျာဆရာတွေ၊ ကာတွန်းဆရာတွေနဲ့ ပန်းချီဆရာတွေကို စည်စည်ကားကားနဲ့ ပျော်ပျော်ပါးပါး တွေ့ခဲ့ရပါတယ်။

အထူးသဖြင့် ဒီနှစ်လူထုဒေါ်အမာရဲ့ မွေးနေ့မှာ ရန်ကုန် စာပေအသိုင်းအဝိုင်းက ခါတိုင်းနှစ်တွေထက် ပိုပြီးများတာကို ကျွန်တော် သတိထားမိပါတယ်။ ဒေါက်တာသန်းထွန်း၊ ဆရာဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)တို့လို ဆရာကြီးတွေအပြင် ကျွန်တော်နဲ့အတူ လိုက်ပါလာခဲ့ကြတဲ့ ကာတွန်းမြေဇာနဲ့ သူဇနီး၊ သူ့သမီးများ၊ ကာတွန်းရွှေမင်းသားနဲ့တကွ မဟေသီက ဦးခင်မောင်မြင့်၊ ဆောင်းဝင်းလတ်၊ ကြီးပွားရေးနဲ့ ရင်ခုန်သံက မြတ်ခိုင်၊ အင်းစိန်က နေဝင်းမြင့်၊ သာထက်အောင်၊ ပန်းချီယဉ်မင်းပိုက်၊ ပန်းချီမမွှေး၊ ပန်းချီမောင်မောင်ထွေး၊ ရန်နံ့သစ်က ချစ်ဝင်းမောင်၊ ပြီးတော့ အမျိုးသမီး စာရေးဆရာမလေးတွေဖြစ်ကြတဲ့ မသီတာ(စမ်းချောင်း)၊ ရာသက်ပန်၊ ခက်မာ၊ မိုချာ့စတဲ့ စာပေအပေါင်းအဖော် နှစ်ဆယ်ကျော် သုံးဆယ်နီးပါး တက်ရောက်လာကြတာကို တွေ့ခဲ့ရပါတယ်။

**ဦးပိန်တံတားပေါ်မှ 'ဆောင်း'တစ်ည**

ခါတိုင်းနှစ်တွေလိုပဲ ရန်ကုန်ကလာကြတဲ့ ကျွန်တော်တို့ စာဆသမားတွေဟာ မွေးနေ့ပွဲမတိုင်မီ တစ်ရက်ကြိုပြီး နိုဝင်ဘာ ၂၈ရက်နေ့ကပဲ မန္တလေးကို ရောက်ခဲ့ကြရာက အဲဒီအကြိုညမှာပဲ မွေးနေ့ကျင်းပမယ့်





တောင်လေးလုံး ဆရာတော် (ကိုပညာ အမရပူရ)ရဲ့ ကျောင်းမှာ ညအိပ်ကြပါတယ်။ ခါတိုင်းနှစ်တွေလိုပဲ အဲဒီ ညက တောင်သမန်အင်းကို ဖြတ်ကျော်တဲ့ ဦးပိန်တံတားပေါ်မှာ ပျော်ပျော်ပါးပါး ဆုံဆည်း ဖြစ်ခဲ့ကြပါတယ်။ ဒေါ်အမာ ၇၅နှစ် ပြည့်တဲ့ ၁၉၉၀ပြည့်နှစ်တုန်းက အဲဒီညအကြိုည ဦးပိန်တံတားပေါ်မှာ ဆုံဆည်းခဲ့ကြတုန်းက ကျွန်တော်တို့အင်တွေဟာ ဦးပိန်တံတားအကြောင်း၊ တောင်သမန်အင်းအကြောင်း တောင်လေးလုံးအကြောင်းနဲ့ပတ်သက်လို့ မိမိခံစားတွေ့ထိ သိရှိသလောက် တစ်ယောက်စီ၊ တစ်လှည့်စီ ပြောဆိုဟင်ပြ ဆွေးနွေးခဲ့ကြတာတွေဟာ အင်မတန် မှတ်သားစရာကောင်းသလောက် အဲဒီတုန်းက တောင်သမန်ရဲ့ ညနဲ့ တောင်သမန်ရဲ့အလှဟာ လွမ်းစရာကောင်းလှပါတယ်။ အဲဒီညမှာ ကျွန်တော် မမေ့နိုင်ခဲ့တာကတော့ နေဝင်းမြင့်ရဲ့ တောင်သမန် သမိုင်းနဲ့ 'မန်းတောင်လက်ယာ'သီချင်းပါပဲ။ နေဝင်းမြင့်ရဲ့ ပီသကြည်မြတဲ့ ဂီတ ရေလျဉ်ကြောမှာ ကျွန်တော်တို့အားလုံး ရင်ဝယ် တသိမ့်သိမ့်နဲ့ ငြိမ့်ခဲ့ကြရပါတယ်။

အဲဒီတုန်းက အဲဒီညက နေဝင်းမြင့်ရဲ့ည ဖြစ်ခဲ့ရသလို အခုနှစ် ဒီညမှာတော့ ဆောင်းဝင်းလတ်ရဲ့ည ဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အကြံပေးချက်အရ အဲဒီညမှာ ဟိုညတုန်းကလို ရင်ထဲက တွေ့ထိခံစားမိသမျှ တင်ပြဆွေးနွေးတာမျိုး မလုပ်တော့ဘဲ ကိုယ်ရတဲ့သီချင်း၊ ကိုယ်ဆိုချင်တဲ့ သီချင်းကို တစ်ယောက်တစ်လှည့်စီ သီဆိုပြကြရင်းနဲ့ တောင်သမန်ရဲ့ အလှကို ညဉ့်ဦးယံဂီတနဲ့ ခြယ်မှုန်းခဲ့ကြပါတယ်။ ဒီလိုနဲ့ အဲဒီညက ဦးပိန်တံတားပေါ်မှာ ဘော်ဒါအားလုံးရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော် ကိုယ်တိုင်လည်း ခေတ်ဟောင်းတေးသီချင်းသုံးပုဒ်နဲ့ ဖျော်ဖြေ အသုံးတော်ခံခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်သီချင်းတွေက 'နှင်း ခေတ်ဟောင်းတေး' မဟုတ်ဘဲ 'နှစ် ၅၀ခေတ်ဟောင်းတေး'တွေပြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါတွေကတော့ တခြားမဟုတ်ပါဘူး။ ကျွန်တော်တို့ ကာလသား ဘဝ လူပျိုအရွယ်က သီချင်းနာမည်ကို အင်္ဂလိပ်လိုပေးပြီး စာသားကို အင်္ဂလိပ်စာလုံးတွေနဲ့ ရေးသားသီကုံးခဲ့ကြတဲ့ What (ဝှပ်)၊ I say (အိုင်ဆေး) နဲ့ ဓိုဘီအေ သီချင်းတွေပါပဲ။

ဒါပေမယ့် အဲဒီညက ညဥ့်ဦးယံဂီတ ဖျော်ဖြေရေးအစီအစဉ်မှာ ရွှေပွဲလာ ပရိသတ်အားလုံးရဲ့ တစ်ခဲနက် ဩဘာပေးခြင်း ခံရသူကတော့ ဆောင်းဝင်းလတ်ပါပဲ။ ဆောင်းရဲ့ညလို့တောင် ဆိုနိုင်ပါတယ်။ ဆောင်းဝင်းလတ်ဟာ မြန်မာသီချင်းများသာမက အင်္ဂလိပ်သီချင်းတွေပါ အကောင်းဆုံး ဆိုသွားနိုင်တဲ့အပြင် အနီးအနားက ငှားလာတဲ့ ဂစ်တာ တစ်လက် ရောက်လာပြီး ဘာရိတ်ဒန့်အကကို လှုလှုပပ၊ မြူးမြူးကြွကြွနဲ့ ကပြအသုံးတော်ခံသွားခဲ့ပုံကဖြင့် တကယ့် အံ့မခန်းလောက်စရာပါပဲ။ ဟုတ်ပါတယ်။ အဲဒီညဟာ ဦးပိန်တံတားပေါ်က ဆောင်းရဲ့ညပါပဲ။ (မာဖလာကို လက်နှစ်ဘက်နဲ့ ဟိုဘက် တစ်စ ဒီဘက်တစ်စကိုင်ပြီး ခေါင်းနဲ့ ပခုံးပေါ်မှာ ဝဲကာမြှောက်ကာ ဝိုင်းကာ ပတ်ကာ ကြွကြွလှုလှု ကပြသွားတဲ့ ဆောင်းဝင်းလတ်ရဲ့ အကကို နေဝင်းမြင့်က 'မာဖလာဒန့်စ်'လို့ အမည်ပေးခဲ့ပါတယ်။)

**၁၇နှစ် သမီးကလေးလို ရှက်အားပိုခဲ့သူ**

နောက်တစ်နေ့ မနက် ၉နာရီအချိန် တောင်လေးလုံးကျောင်းဘေးက ဘုရားရင်ပြင်ရဲ့ တန်ဆောင်းကလေးထဲမှာ လူထု ဒေါ်အမာရဲ့ ၇၇နှစ်မြောက် မွေးနေ့အခမ်းအနားကျင်းပပါတယ်။ ခါတိုင်းနှစ်လိုပဲ တောင်လေးလုံးဆရာတော် (ကိုပညာ-အမရပူရ)က ပထမဦးစွာ ရိုးရာမပျက် အမှာစကား မြွက်ကြားပါတယ်။ နှစ်တိုင်း ခါတိုင်းလိုပဲ မိန့်ခွန်းပြောကြ၊ စာတမ်းဖတ်ကြ၊ ကဗျာရွတ်ကြရာမှာ ဒေါ်အမာရဲ့ စာအုပ်စာပေတွေအကြောင်း ဒေါက်တာသန်းထွန်းက အကျဉ်းချုံးပြီး ဒေါ်အမာ ပြုစုခဲ့တဲ့





'အငြိမ့်'စာအုပ် ပထမတွဲနဲ့ ဒုတိယတွဲ နှစ်တွဲစလုံးကို အင်္ဂလိပ်လို ဘာသာပြန်ပြီးတဲ့ အကြောင်းနဲ့ 'ပြည်သူချစ်သော အနုပညာသည်များ'ကို ဘာသာပြန်နေဆဲ ဖြစ်ကြောင်းများကို တင်ပြသွားပါတယ်။

အဲဒီနေ့က ကျွန်တော် အထူးသတိပြုမိတဲ့ အချက်ကတော့ မွေးနေ့ရှင်ဖြစ်တဲ့ ဒေါ်အမာရဲ့ ကြည်လင်ရွှင်ပျနေတဲ့ မျက်နှာပါပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်အတွင်း မန္တလေးကို ကျွန်တော် သုံးလေးခေါက်လောက် ရောက်ခဲ့တုန်းက လူထုတိုက်မှာဒေါ်အမာရဲ့မျက်နှာ ဟာ အတော်ကလေး ညှိုးလျှနေတာ တွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် အဲဒီ ၂၉-၁၁-၉၂ နေ့တာ မွေးနေ့ကျင်းပရာ တောင်လေးလုံးမှာ တွေ့ရမြင်ရတဲ့ ဒေါ်အမာရဲ့ မျက်နှာဟာ အံ့ဩစရာကောင်းလောက် အောင် ရွှင်လန်းချမ်းမြေ့နေတာ ကျွန်တော် သတိပြုမိပါတယ်။ မွေးနေ့ပွဲကို တက်ရောက်လာကြတဲ့ ပရိသတ် ၂၀၀ နီးပါးရဲ့ ကြီးမားတဲ့ သံယောဇဉ်၊ ကြည်လင်တဲ့မေတ္တာဓါတ်၊ ပြတ်သားတဲ့ စေတနာနဲ့ ခိုင်မာတဲ့ အားကိုးမှုတွေရဲ့ ရောင်ပြန်ဟပ်မှုတွေကြောင့်ပဲလား တော့ မပြောတတ်ပါဘူး။ အဲဒီနေ့က ဒေါ်အမာရဲ့ အသံနဲ့ဟန်အမူအရာ မျက်နှာဟာ သိသိသာသာကြီး စိုပြည်လန်းဆန်းနေပါတယ်။

ဒါကြောင့်မို့ထင်ပါရဲ့။ မွေးနေ့ရှင်အဖြစ် ကျေးဇူးတင်စကား ပြန်လည် ပြောကြားရင်းနဲ့ 'ကျွန်မရဲ့မွေးနေ့ဆိုပြီး အခုလို လုပ်ကြတာတို့ မလုပ်စေချင်တဲ့ အချက်တစ်ချက်ကတော့ ကျွန်မကို ရှေ့မှာတင် ငုတ်တုတ်ထားပြီး ကျွန်မအကြောင်း ပြောကြဆိုကြတာ ကျွန်မရှက်တယ်'လို့ နှိုးနှိုးနင်းစင်းကလေး ပြောလိုက်တဲ့ အချိန်မှာ အသက် ၇၇နှစ်ရှိနေတဲ့ ဒေါ်အမာရဲ့ မျက်နှာဟာ တကယ့် ၁၇နှစ် သမီးကလေးတစ်ယောက်လို ရှက်အားပိုနေပုံ ပေါက်လာတာ တွေ့ရ ပါတယ်။

ဘာပဲဖြစ်ဖြစ် ရှစ်နှစ်ကြီးများတောင် နှစ်စဉ်ကျင်းပလာခဲ့ ကြတဲ့ လူထုဒေါ်အမာရဲ့ မွေးနေ့ပွဲကလေးဟာ အထက်အညာမှာ စာပေအင်္ဂါး



www.burmeseclassic.com

www.burmeseclassic.com



စုရဲ့ အခမ်းအနားကလေးတစ်ခုအဖြစ်နဲ့ ဒေါ်အမာ အသက်ထင်ရှား ရှိနေသမျှ ရိုးရာမပျက် နှစ်စဉ်နှစ်တိုင်း ဆက်လက် ကျင်းပသွားမှာ သေချာပါတယ်။

**ကျောက်တော်ကြီးဘုရားပေါ်မှ မွေးနေ့ အခမ်းအနား**

တတိယမြောက် တက်ရောက်ခဲ့ရတဲ့ မွေးနေ့ပွဲကတော့ မန္တလေးမှာပဲ ကျင်းပခဲ့တဲ့ ဆရာဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)နဲ့ ကျွန်တော် ခင်မင်ရင်းနှီးခဲ့တာ နှစ်ပေါင်း ၂၀ လောက်ကြာခဲ့ပါပြီ။ ဆရာဟာ အခု ရန်ကုန်မှာ အခြေချနေပြီဖြစ်ပေမယ့် အဲဒီတုန်းက မန္တလေးမှာပဲ ရှိနေခဲ့တာမို့ ဆရာနေတဲ့ ပွဲကုန်းရပ်က အိမ်ကို သုံးလေးခါက်လောက် ရောက်ဖူးပြီး ဆရာကျွေးမွေးညှေ့ခံတဲ့ အစားအသောက်တွေကို စားလည်းစားဖူး၊ သောက်လည်းသောက်ဖူးခဲ့ပါတယ်။

ဆရာဟာ မန္တလေးသား စစ်စစ်၊ မန္တလေးသံယောဇဉ်ကြီးလှသူမို့ ဒီဇင်ဘာ ၃ရက်နေ့မှာ ကျရောက်တဲ့ သူ့မွေးနေ့ကို မန္တလေးမှာပဲ နှစ်စဉ် ကျင်းပလာခဲ့တာ နှစ်ပေါင်း ၁၂နှစ်ကြီးများတောင် ရှိလာခဲ့ပြီလို့ သိရပါတယ်။ ရန်ကုန်မှာ ဆရာနဲ့ကြုံတိုင်း 'ကျွန်တော်မွေးနေ့ကို ဖိတ်ဦးမယ်ဗျာ' လို့ ဆရာက မကြာမကြာ ပြောဖူးသလို ကျွန်တော်ကလည်း 'ဆရာ့မွေးနေ့ကို တစ်ခါလောက်တော့ ရောက်အောင် လာဦးမယ်'လို့ ခဏခဏ ပြောဖူးပါတယ်။ ဒါပေမယ့် အဲဒီအချိန်မျိုးမှာ မွေးနေ့က အလှမ်းဝေးနေလို့ မွေးနေ့ တကယ်ကျင်းပတဲ့ အခါမှာတော့ ဆရာနဲ့ လူချင်းမဆုံလို့ ဆရာ့မွေး နေ့ကို တစ်ခါမှ မဆုံဖူးပါဘူး။

ဒါပေမယ့် ဒီနှစ်တော့ မန္တလေးက ဒေါ်အမာ့မွေးနေ့အပြီး ကာတွန်းမြေဇာနဲ့သူ့ဇနီး၊ သူ့သမီးတွေကို မုံရွာသမ္ဗုဒ္ဓေ၊ မိုးညှင်းနဲ့ ဇောဓိတစ်ထောင်ကို ဘုရားဖူးလိုက်ပို့ပြီးအပြန် မန္တလေးမှာ တစ်ရက် နှစ်ရက်ရှိနေတုန်း ဆရာဦးမောင်မောင်တင်ရဲ့ မွေးနေ့နဲ့ မမျှော်လင့်ဘဲ





တည့်တည့်ကြီး တိုးခဲ့တာပါပဲ။

မန္တလေးသူ မန္တလေးသားတွေဟာ ကျောင်းကန် ဘုရားတွေနဲ့ အတော်နီးစပ်ပုံရပြီး ဘုရားကျောင်းကန်တွေမှာ အတော်မွေ့လျော်ကြတာနဲ့ တူပါတယ်။ဘာကြောင့်လဲဆိုတော့ လူထုဒေါ်အမာရဲ့ မွေးနေ့ကို အရှေ့ဘက်က တောင်လေးလုံးကျောင်းမှာ ကျင်းပခဲ့သလို အခု ဆရာဦးမောင်မောင် တင်ကလည်း သူ့မွေးနေ့ကို မန္တလေး တောင်ခြေက ကျောက်တော်ကြီး ဘုရားရင်ပြင်မှာ ကျင်းပခဲ့လို့ပါပဲ။ အဲဒီ မန္တလေးတောင်ခြေက ကျောက်တော်ကြီးဘုရားဟာ မန္တလေးမြို့ရဲ့ အရှေ့မြောက်အစွန်မှာ တည် ထားပြီး မြို့နဲ့အတော်ကလေး ဝေးတာမို့ ကျွန်တော် တစ်ယောက်တည်း သွားရေးလာရေး အခက်အခဲဖြစ်နေလို့ အဲဒီနေ့က လူထုဒေါ်အမာရဲ့ ကားနဲ့ပဲ လိုက်သွားရပါတယ်။

ဒါပေမယ့် မော်တော်ကား လူထုတိုက်မှာ နှစ်နာရီနီးပါးလောက် စောင့်နေရလို့ ညနေမိုးချုပ်မှ ကျောက်တော်ကြီးဘုရားကို အတော်ကလေး နောက်ကျမှ ရောက်သွားကြပါတယ်။ ကျွန်တော်တို့ ရောက်သွားတော့ မွေးနေ့အခမ်းအနား ပြီးနေပါပြီ။ ဆရာဦး မောင်မောင်တင်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်း ၁၅ယောက် ၂၀ယောက်ပဲ တွေ့ရပါ တော့တယ်။ ဆရာဦးကြည်မြတို့၊ တင်မမနိုင်(မန်းတက္ကသိုလ်)တို့တော့ ပြန်သွားကြပြီမို့ မတွေ့လိုက်ရတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် အဲဒီညနေက မန္တလေးတောင်ခြေမှာ ကျင်းပတဲ့ ဆရာဦးမောင်မောင်တင်ရဲ့ ၇၆နှစ် မြောက်မွေးနေ့ပွဲကို မမျှော်လင့်ဘဲ တက်ရောက်ခဲ့ရပြီး မွေးနေ့အထိမ်း အမှတ်နဲ့ ကျောက်တော်ကြီးဘုရား ရင်ပြင်တော်မှာ ဆရာ ကပ်လှူပူဇော် ထားတဲ့ ဆီမီး ၇၉၂တိုင်ကို ကြည်ညိုဖွယ်ရာ မြင်တွေ့ဖူးမျှော်ခဲ့ရတာဟာ နှလုံး စိတ်ဝမ်းချမ်းမြေ့စရာ ကောင်းလှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ပဌာန်းဆက် မတုန်၍ ကြုံတွေ့ရသူ အိအိဖြူ**

ဆရာဦးမောင်မောင်တင်ရဲ့ မွေးနေ့ပွဲကို မမျှော်လင့်ဘဲ ဆင်နွှဲခဲ့ရသလို နောက်တစ်နေ့ ဒီဇင်ဘာ ၄ရက်နေ့မှာလည်း မထင်မှတ်ဘဲ စတုတ္ထမြောက်မွေးနေ့ပွဲ တစ်ခုကို ရောက်သွားခဲ့ရပြန်ပါတယ်။ ဒီမွေးနေ့ပွဲကတော့ တကယ်ကို လုံးဝမထင်မှတ်တဲ့ ပွဲပါပဲ။ ဘာကြောင့်လဲဆိုတော့ မနေ့တစ်နေ့က ကျွန်တော် တက်ရောက်ခဲ့ရတဲ့ မွေးနေ့ပွဲတွေဟာ ၇၇နှစ်ရှိနေတဲ့ လူထုဒေါ်အမာနဲ့ ၇၆နှစ် ရှိနေတဲ့ ဆရာဦးမောင်မောင်တင်တို့ရဲ့ မွေးနေ့ပွဲဖြစ်ပြီး အခု နောက်ဆုံး ကျွန်တော် ရောက်သွားခဲ့ရတဲ့ မွေးနေ့ပွဲကတော့ လေးနှစ်သမီးကလေးတစ်ယောက်ရဲ့ ပွဲဖြစ်နေလို့ပါပဲ။ ပိုပြီးထူးခြားတာက ကျွန်တော်ဟာ အဲဒီလေးနှစ် သမီးကလေးကို တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူးသလို အဲဒီမွေးနေ့ကို ဦးစီးကျင်းပကြတဲ့ သူ့မိဘနှစ်ပါးကိုလည်း အရင့်အရင်က လုံးဝမသိဘူး မတွေ့ဘူးလို့ပါပဲ။

ဒါပေမယ့် ကျွန်တော်တို့ တစ်ခါတစ်ခါ ပြောနေကျ 'ပဌာန်းဆက်'ဆိုတဲ့ စကားလုံးကို သုံးပြီး ပြောရမယ်ဆိုရင် မွေးနေ့ရှင်ဖြစ်တဲ့ သမီးကလေး 'အိဖြူဖြူသန့်'နဲ့ သူ့မိဘနှစ်ပါးဖြစ်ကြတဲ့ ဦးသန့်ဇော်နဲ့ ဒေါ်လှလှသန်းတို့ဟာ ကျွန်တော်နဲ့ ပဌာန်းဆက်တွေလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနှစ်လူထုဒေါ်အမာရဲ့ မွေးနေ့ကို ကျွန်တော်နဲ့ လိုက်ပါလာတဲ့ ကာတွန်းမြေဇာဟာ သူတို့ ဇနီးမောင်နှံနဲ့ ဆွေမျိုးရင်းချာတွေ ဖြစ်နေကြလို့ပါပဲ။ ဒေါ်လှလှသန်းဟာ ကာတွန်းမြေဇာရဲ့နှမ၊ ဦးသန့်ဇော်က ကာတွန်းမြေဇာရဲ့ ယောက်ဖ၊ ဒါကြောင့် သမီးကလေး အိဖြူဖြူသန့်ဟာ မြေဇာရဲ့တူမ ဖြစ်နေပါတယ်။ ပြီးတော့ မြေဇာတို့ မိသားစု တည်းကြတဲ့ သူတို့အိမ်နဲ့ ကျွန်တော်တည်းတဲ့ အိမ်ကလည်း ခဲတစ်ပစ်သာသာလောက်ပဲ ဝေးတာမို့ တစ်ရပ်ထဲလို့တောင်ဆိုနိုင်ပါတယ်။ အဲဒါအပြင် ဦးသန့်ဇော်နဲ့ ဒေါ်လှလှသန်းတို့ဟာ လက်ရှိနာမည်ကျော် 'ကတုံးမနေကြာစေ့လုပ်ငန်း'နဲ့





'အိဖြူသံယောဇဉ် အာလူးကြော်လုပ်ငန်း'ကို လုပ်နေခဲ့ကြရာမှ [illegible] ချောင်လည်ပြီး မကြာခင်က အော့ဖ်ဆက် ပုံနှိပ်စက် တစ်လုံးဝယ်ပြီး ပုံနှိပ်လုပ်ငန်းကိုပါ လုပ်ကိုင်နေတာမို့ စာရေးဆရာဖြစ်တဲ့ ကျွန်တော်နဲ့ ပဌာန်းဆက်အစစ် ဖြစ်နေပါတယ်။

**'သူကြီးဘုရား ရွာသားကောင်းမှု' သာမုခေါ်စေသော် . . . .**

အိဖြူဖြူသန့်ကလေးရဲ့ ၄နှစ်မြောက် မွေးနေ့ကျင်းပပုံကလည်း အင်မတန် ကြည်နူးချမ်းမြေ့စရာကောင်းလှပါတယ်။ ဘာကြောင့်လဲဆိုတော့ အူတုန်သည်းတုန်အောင် ချစ်နေကြတဲ့ သမီးကလေးရဲ့ မွေးနေ့တိုင်ငွေကြေးတတ်နိုင်လို့ဆိုပြီး အနောက်တိုင်းဆန်ဆန် မွေးနေ့ပါတီမလုပ်ဘဲ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးမှာ ပရိယတ္တိစာသင်သံဃာတော်များကို ဆွမ်းကပ်ပြီး မြန်မာဆန်ဆန် ကောင်းမှုကုသိုလ် လုပ်ခဲ့ကြလို့ပါပဲ။

အဲဒီမွေးနေ့ ဆွမ်းကျွေးပွဲမှာ စာသင်သားသံဃာတော် အပါး ၂၅၀ကျော်ကို ဆွမ်းကပ်လှူခဲ့တဲ့ အခမ်းအနားဟာ ကြက်သီး မွေးညင်းများတောင် ထရလောက်အောင် သဒ္ဓါတရားပွားများခဲ့ရပါတယ်။ အဲဒီလို သံဃာအပါး ၂၅၀ကျော်ကို ဆွမ်းကျွေးဖို့အတွက် ငွေသောင်းငါးထောင် (၁၅၀၀၀ကျပ်) ကုန်ကျခဲ့တယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် အိဖြူဖြူသန့်ရဲ့ မွေးနေ့အထိမ်းအမှတ် ဆွမ်းကပ်လှူပွဲမှာ အလှူရှင် ဦးသန့်ဇော်၊ ဒေါ်လှလှသန်းတို့နဲ့ ထပ်တူ ထပ်မျှ ကုသိုလ်ရခဲ့သူကတော့ ကျွန်တော်ပါပဲ။ အဲဒီနေ့က သံဃာတော်များကို အလှူရှင်ဇနီးမောင်နှံနှင့်အတူ ဆွမ်းပွဲများကို ကိုယ်တိုင် အလှူရှင်ဇနီးမောင်နှံနဲ့အတူ ချကရားကို ကိုင်ပြီးနောက် ရေစက်သွန်းချ အမျှဝေခဲ့ရလို့ပါ။

ဒါကြောင့် ဒီတစ်ခေါက် ရွာရိုးကိုးပေါက် ခရီးမှာ 'သူကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဆရာသားကောင်းမှု'ဆိုတဲ့ စကားလို တစ်ပြားတစ်ချပ်မှ မကုန်ခဲ့တဲ့ ကျွန်တော်က ပြုခဲ့သမျှ ကောင်းမှုတွေအတွက် မိုးဂျာနယ် ပရိသတ်ကြီးကို သာဓုသုံးကြိမ်ခေါ်ကြဖို့ အမျှဝေလိုက်ပါတယ်။ ကြားကြားသမျှ အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါ ခင်ဗျား . . . . ။



## လှုပ်ရှားလာကြသော စာပေဟောပြောပွဲများ

အရင်လက မိုးဂျာနယ် 'ရွာရိုးကိုးပေါက်'မှာ တိုက်တိုက် ဆိုင်ဆိုင် ကျွန်တော်ရောက်ခဲ့တဲ့ မွေးနေ့အခမ်းအနားတွေ အကြောင်းရေးခဲ့ပါတယ်။ ဟော . . . ဒီလကျတော့လည်း ရွာရိုးကိုးပေါက်အတွက် ရေးရမယ့် အကြောင်းအရာတွေကို စဉ်းစားလိုက်တော့ ကြုံကြုံဖန်ဖန် စာဆိုတော်နေ့ရာသီအတွက် ကျွန်တော် ရောက်ခဲ့ ပေါက်ခဲ့ ဟောခဲ့ ပြောခဲ့ရတဲ့ စာပေဟောပြောပွဲတွေအကြောင်း တန်းစီပြီး ရေးစရာ ဖြစ်လာပြန်ပါတယ်။

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံနဲ့မှ မတူတဲ့ မြန်မာနိုင်ငံရဲ့ ထူးခြားချက်တွေထဲမှာ အခုလို စာပေဟောပြောပွဲတွေ နှစ်စဉ်အမြဲ ဖြိုးဖြိုးဖြိုးသဲသဲ ကျင်းပခဲ့ကြတဲ့ အစဉ်အလာဟာ အင်မတန် ဂုဏ်ယူ အားရ ကျေနပ်စရာ ကောင်းလှပါတယ်။

**ခြိုးခြံတွက်အစ ကောဒ္ဓမှူးက**

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ကျော်အတွင်း စာပေဟောပြောပွဲ ပေါင်း ၃၀၀ကျော်ကို မြန်မာနိုင်ငံ တစ်နံ့တစ်လျားမှာ လှည့်လည် ဟောပြောခဲ့သောက်လာခဲ့တဲ့ ကျွန်တော်ဟာ အကြောင်းအားလျော်စွာ သုံးလေးနှစ်လောက် အနားယူပြီး ရန်ကုန်မှာပဲ ငုတ်တုတ်ကြီး ငုတ်တုတ်ထိုင်နေရာတည့်နှစ်တော့ ဘဝတူ အခြားခြားသော စာရေးဆရာ စာပေရောင်းနင်းခေါင်းအသင်းများနဲ့အတူ စာပေဟောပြောပွဲ စင်မြင့်တွေပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျော့တစ်ဖန် တက်ရောက်ခဲ့ရပြန်ပါတယ်။

သည်နှစ်မှာ ကျွန်တော့်အတွက် ပွဲဦးထွက် စာပေဟောပြောပွဲက တော့ ရန်ကုန်တစ်ဖက်ကမ်း တွံ့တေးနဲ့ ကွမ်းခြံကုန်းအသွား ကားလမ်း ပေါ်က ကော့မှူးဆိုတဲ့ မြို့ကလေးပါပဲ။ ကျွန်တော်ဟာ လွန်ခဲ့တဲ့ အနှစ်နှစ် ဆယ်လောက်က တွံ့တေးကသွားတဲ့ ကားလမ်းအဆုံး ကွမ်းခြံကုန်းမြို့ ကလေးမှာ စာပေဟောပြောပွဲ ရောက်ခဲ့ဖူးသလို လွန်ခဲ့တဲ့ ၁၀နှစ်လောက် ကလည်း ကော့မှူး မရောက်ခင် ကားလမ်းပေါ်က ရွာကလေးတစ်ရွာမှာ စာပေဟောပြောပွဲ ဟောခဲ့ဖူးပါသေးတယ်။ အဲဒီရွာကလေးကို အဲဒီတုန်းက ကျွန်တော်တို့နဲ့အတူ အဘိုးကြီး သုံးယောက်ပါပါတယ်။ အဲဒီသုံးယောက်က တော့ အခု အသက် ၈၉နှစ်ရှိပြီဖြစ်တဲ့ စာရေးဆရာကြီး ဦးရန်အောင် ကွယ်လွန်သူ စာရေးဆရာ သတင်းစာဆရာကြီး ဟံသာဝတီ ဦးဘရင်နဲ့ ဒီနေ့အထိ အသက် ၈၀ကျော်အရွယ်ရှိနေပြီဖြစ်တဲ့ ကမ္ဘာကျော်အားကစား သမား ကာယဗလ ဦးဇော်ဝိတ်ကြီးတို့ပါပဲ။ အဲဒီရွာကလေးဟာ ကားလမ်း ဘေးက သာမန်ရွာကလေး တစ်ရွာဖြစ်ပေမယ့် မြန်မာ့စာပေလောကနဲ့ အားကစားလောကမှာ သမိုင်းဝင် စာတင်ရမယ့် ရွာကလေးလို့ ဆိုရပါလိမ့် မယ်။ ဘာ ကြောင့်လဲဆိုတော့ အဲဒီရွာကလေးဟာ စောစောက ကျွန်တော် ပြောခဲ့တဲ့ မြန်မာစာပေပညာရှိကြီး ဟံသာဝတီ ဦးဘရင်နဲ့ ကာယဗလ အလေးမသမားကြီး ဦးဇော်ဝိတ်တို့ရဲ့ မွေးဖွားရာ ဇာတိရွာကလေး ဖြစ်လို့ ပါပဲ။ အဲဒီရွာကလေးက ဒီနှစ် ကျွန်တော်တို့ စာပေ ဟောပြောပွဲသွားခဲ့တဲ့ ကော့မှူးမြို့နဲ့ နှစ်မိုင် သုံးမိုင်လောက်ပဲ ဝေးပြီးတော့ ကော့မှူးမြို့နယ် အတွင်းက ရွာကလေး တစ်ရွာပဲ ဖြစ်ပါတယ်။

ကော့မှူးစာပေဟောပြောပွဲကို လိုက်ပါလာခဲ့ကြတဲ့ သူတွေက တော့ စပယ်ဖြူ အယ်ဒီတာချုပ် စာရေးဆရာမ ခင်ဆွေဦး၊ မဟေသီ အယ်ဒီတာ စာရေးဆရာ ဆောင်းဝင်းလတ်၊ ကာတွန်းမြေဇာနဲ့





ကျွန်တော်ပါပဲ။

ကျွန်တော်တို့ ဟောပြောပွဲဟာ ဒီဇင်ဘာ ၁၉ရက်နေ့ညနေ ကျင်းပမှာဖြစ်တဲ့အတွက် အဲဒီနေ့ မနက်စောစောကပဲ ရန်ကုန် ပန်းဆိုး တန်းဆိပ်ကမ်းက ဒလဘက်ကိုကူးပြီး ဒလဘက်ကမ်းက ကော့မှူးမြို့ ကလေးကို ဂျစ်ကားကလေးနဲ့ လာခဲ့ကြပါတယ်။ ကျွန်တော်တို့ကို ရန်ကုန် လာပြီး ကြိုတင် ဖိတ်ကြားတဲ့သူကတော့ ဒီနေ့ လစဉ်ထုတ် မဂ္ဂဇင်း တစ်ချို့မှာ စာဖတ်သူတွေအတွက် စူးစူးရှရှနဲ့ အမှတ်တရဖြစ်စေတဲ့ ဆောင်းပါး၊ ဝတ္ထုတိုကလေးများ ရေးသားနေတဲ့ 'ငခါး(ကွမ်းခြံကုန်း)'ဆိုတဲ့ လူငယ်စာရေးဆရာကလေးပါပဲ။ အဲဒီ ၁၉ရက်နေ့ မနက်ကလည်း သူပဲ ရန်ကုန်အထိလာပြီးတော့ လူကိုယ်တိုင် ဂရုတစိုက် ဆောင်ရွက်စီစဉ် ပေးခဲ့ပါတယ်။

ဟောကြပြောကြမယ့် ကျွန်တော်တို့လေးယောက်အပြင် ဆရာမ ခင်ဆွေဦးအတွက် အမျိုးသမီးအဖော်ရအောင်ဆိုပြီး ဆောင်းဝင်းလတ်ရဲ့ ဇနီး အေမိနဲ့ စာရေးဆရာမလေးခက်မာလည်း လိုက်လာကြပါတယ်။ သူတို့နဲ့အတူ ရဲအောင်နီဆိုတဲ့ လူငယ် ကဗျာ ဆရာလည်း စာပေဟော ပြောပွဲ အတွေ့အကြုံရအောင် လိုက်လာပါတယ်။

စာပေဟောပြောပွဲကို ည ၇နာရီခွဲလောက် ကော့မှူးမြို့က ရုပ်ရှင်ရုံမှာ ကျင်းပပါတယ်။ စာပေဟောပြောပွဲနဲ့ ဝေးခဲ့တာ ကြာလို့ပဲလား မပြောတတ်ပါဘူး။ အဲဒီညက ပရိသတ်ထောင်ကျော်ဆန့်တဲ့ ရုပ်ရှင်ရုံ တစ်ရုံလုံး ပြည့်လျှံသွားအောင် အားပေးနားထောင်ကြတာတွေ့ရပါတယ်။ ကျွန်တော့်အတွေ့အကြုံအရ ကော့မှူးဟောပြောပွဲရဲ့ ထူးခြားချက်ကတော့ ဟောပြောမယ့် ပုဂ္ဂိုလ်အတွက် ရုပ်ရှင်ပိတ်ကားရှိတဲ့ စင်မြင့်ရှေ့က ကြမ်း ပြင်ပေါ်မှာ ဟောပြောဖို့ ခုံနဲ့ အသံချဲ့စက် မိုက်ခွက်ထောင်ထားပြီး လာရောက်အားပေးကြတဲ့ စာပေဝါသနာရှင် ပရိသတ်အားလုံး ကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာပဲ ဖျာတွေ ခင်းပြီး တစ်ပြေးညီစွာထိုင်ရင်းနဲ့ နားထောင်ကြရတဲ့ အချက်ပါပဲ။ ကျွန်တော်တို့ ဟောပြောမယ့် ပုဂ္ဂိုလ်များလည်း ကိုယ့်အလှည့် မရောက်ခင် ဖျာပေါ်မှာပဲ စာပေပရိသတ်နဲ့ အတူတကွ ထိုင်ကြရပါတယ်။ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ မြို့မိမြို့ဖများလည်း ကျွန်တော်တို့လိုပဲ ကြမ်းပြင်ပေါ်မှာထိုင်ပြီး နားထောင်ကြပါတယ်။

အဲဒီဟောပြောပွဲမှာ ပထမဆုံး ဆောင်းဝင်းလတ် ဟောပြီး ဒုတိယ ခင်ဆွေဦး၊ တတိယ ကျွန်တော်နဲ့ ကာတွန်းမြေဇာကို နောက်ဆုံးမှ ပွဲထုတ်ရပါတယ်။ ကျွန်တော်ဟာ ဆောင်းဝင်းလတ်နဲ့ လက်ပွန်းတတီး ရင်းနှီးခဲ့ပေမယ့် ဒီပွဲဟာ သူနဲ့ ကျွန်တော် ပထမဆုံး တွဲပြီး သူဟောပြောတာကို ပထမဆုံး နားထောင်ခဲ့ရတာ ဖြစ်ပါတယ်။ ခင်ဆွေဦးနဲ့ကတော့ လွန်ခဲ့တဲ့ ၁၀နှစ်လောက်က ကော့သောင်း စာပေဟောပြောပွဲ ခရီးရှည်ကြီး အတူသွားခဲ့ လာခဲ့ဖူးပါတယ်။ ကာတွန်းမြေဇာကတော့ သူနဲ့အတူ ရန်ကုန်မှာရော နယ်တွေမှာရော အတူသွားခဲ့လာခဲ့ ဟောပြောခဲ့ရတဲ့ပွဲတွေ များလွန်းလို့ စာပေ ဟောပြောပွဲတွေမှာ အဖေနဲ့သားလိုတောင် ဖြစ်နေခဲ့ပါတယ်။

ဆောင်းဝင်းလတ်ရဲ့ဟောပြောချက်ကို ကျွန်တော်အကျဉ်း ချုံးပြီး သုံးသပ်ရမယ်ဆိုရင် ကျွန်တော် မျှော်လင့်ထားတာထက်တောင် ဟောတတ် ပြောတတ်နေတာ တွေ့ရပါတယ်။ သူပြောချင်တဲ့ သူ့ရဲ့စာရေးဆရာဘဝနဲ့ အယ်ဒီတာဘဝကို ပရိသတ် စိတ်ဝင်စားအောင် ပြောနိုင်ပါတယ်။ စကားတန်ဆာမဆင်ဘဲ ရိုးရိုးကလေးနဲ့ နားဝင်အောင် ပြောနိုင်ပါတယ်။

အဲဒီညက ဟောပြောပွဲကို ည ၇နာရီခွဲမှာ စပြီး ၁၁နာရီမှာ ရုပ်သိမ်းခဲ့ပါတယ်။ ကော့မှူးက စာပေဝါသနာအိုးများနဲ့ စာပေ မြတ်နိုးသူတွေဟာ ဟောပြောပွဲကို တည်တည်ငြိမ်ငြိမ် ကြွနွေ့ရရနဲ့ အစကအဆုံး အထိ စိတ်ပါလက်ပါ နားထောင်ခဲ့ကြတာ တွေ့ရလို့ ဟောရပြောရတာ





ကျေနပ်စရာကောင်းသလောက် စာပေပရိသတ်ကိုလည်း ခင်တွယ်မိကြိတ်ပြီး ချီးကျူးမိပါတယ်။

အဲဒီညက ဟောပြောအပြီး ကျွန်တော်တို့ တည်းခိုတဲ့ သစ်တော ဦးစီးဌာန ခန်းမဆောင်ကို ညသန်းခေါင်လောက် ပြန်ရောက်ခဲ့ကြပါတယ်။ စာပေဟောပြောပွဲတွေ အတော်များများကို သွားလာ ဟောပြောခဲ့ကြတဲ့ စာရေးဆရာအများစုရဲ့အစဉ်အလာအတိုင်း ကျွန်တော်တို့ဟာ အဲဒီညတာ ညစာထမင်းကို ဟောပြောပွဲပြီးလို့ ညသန်းခေါင်ကျော်မှာ စိတ်အေး လက်အေး စားခဲ့ကြပါတယ်။ ဟောပြောပွဲ ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးဖိုးဝင်း အတွင်းရေးမှူး ဦးငွေဝင်းတို့နဲ့ စာပေဝါသနာရှင် လူငယ်တွေကလည်း ကျွန်တော်တို့ စာရေးဆရာတွေကို သန်းခေါင်ကျော်အထိ စိတ်ရှည် လက်ရှည် စောင့်ပြီး ဂရုတစိုက်နဲ့ ညစာကို ကျကျနန ကျွေးခဲ့ကြပါတယ်။

အဲဒီလို သန်းခေါင်ကျော်မှ ညစာစားပြီး ဧည့်သည်စာရေးဆရာတွေနဲ့ အိမ်ရှင်စာပေသမားတွေ မအိပ်ကြ မပြန်ကြသေးဘဲ စာအကြောင်း ပေအကြောင်း စကားကောင်းနေကြပြန်ပါတယ်။ အဲဒီနောက် ညတစ်နာရီလောက်ကျတော့ ဘယ်အချိန်က ဘယ်သူသွားပြီး ဘယ်နေရာက ယူလာခဲ့သလဲ မသိပါဘူး။ မယ်ဒလင်တစ်လက် ရောက်လာပါတယ်။ အဲဒီမှာတင် စာပေဝိုင်းကနေ ဂီတဝိုင်း ဖြစ်သွားပြီး ဝိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားပါတယ်။ အဲဒီညက ဟောပြောပွဲဥက္ကဋ္ဌ ဦးစိုးဝင်း ကိုယ်တိုင် မြန်မာဆန်ဆန် မြန်မာသံ စစ်စစ်နဲ့ ဆိုသွားတဲ့ ဂီတနက်သံ ကိုစောညိမ်း သီချင်းတွေကို အရသာရှိရှိနဲ့ နားထောင်ခဲ့ရတဲ့ ကျွန်တော့်အတွက်တော့ အဲဒီညဟာ မေ့မရ နိုင်တဲ့ ညတစ်ည ဖြစ်ခဲ့ရပါတယ်။

နောက်တစ်နေ့ မနက်မှာတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ် များရဲ့ စီစဉ်ပေးမှုကြောင့် ကျွန်တော်တို့အဖွဲ့ဟာ မကြာခင်တနင်္သာရီ နာမည်ကြီးလာတဲ့ ပင်လယ်ကမ်းခြေ လက်ခုပ်ကုန်း အပန်းဖြေစခန်း

www.burmeseclassic.com



ပျော်ပျော်ပါးပါး သွားရောက်လေ့လာခဲ့ကြပါသေးတယ်။

**အမှတ်တရ ဝါးခယ်မ စာပေခရီး**

ဒီနှစ် စာဆိုတော်ရာသီမှာ ဒုတိယအချီ ကျွန်တော်သွားခဲ့ရတဲ့ဟောပြောပွဲ ခရီးကတော့ ဝါးခယ်မ စာပေခရီးပါပဲ။ အမှန်အတိုင်းပြောရရင် ဝါးခယ်မ စာပေခရီးကို သွားဖို့လာဖို့ ပြင်ဆင်ခဲ့တာ ခြောက်လလောက်ရှိခဲ့ပါပြီ။ လွန်ခဲ့တဲ့ ၁၉၉၂ခု မေလအတွင်း 'ရွှေနဒီ'ဆိုတဲ့ ဝါးခယ်မမြို့နယ် မဂ္ဂဇင်းထွက်ပြီးကတည်းက အဲဒီမဂ္ဂဇင်းမှာ ပါဝင်ကူညီရေးသားခဲ့ကြတဲ့ စာရေးဆရာတွေကို ဝါးခယ်မမြို့က စာပေဟောပြောပွဲဖိတ်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီ စာရေးဆရာတွေထဲမှာ အရေးကြီးတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ ပါနေတဲ့အတွက် နေ့ရွှေ့ညရွှေ့နဲ့ အကြိမ်ကြိမ်ရွှေ့ခဲ့ရပြီး အခု စာဆိုတော်ရာသီကျမှပဲ တကယ်သွားဖြစ်ကြပါတော့တယ်။ ဝါးခယ်မ စာပေခရီးမှာ လိုက်ပါကြမယ့် စာရေးဆရာတွေကတော့ဆရာမကြီး ခင်နှင်းယု၊ လယ်တွင်းသားစောချစ်၊ ကံမြင့် (ရေဒါ)၊ မောင်ငြိမ်းချမ်း(ကဗျာဆရာ သူရိန်ကိုကို)တို့ပါပဲ။ အဲဒီထဲမှာ ခင်နှင်းယု၊ ကံမြင့်(ရေဒါ) မောင်ငြိမ်းချမ်းတို့ဟာ ဝါးခယ်မသူ ဝါးခယ်မသားတွေ ဖြစ်နေကြပါတယ်။ အဲဒီ အဖွဲ့ထဲမှာပါတဲ့ လယ်တွင်းသားစောချစ်ဟာ ပျဉ်းမနား စာပေဟောပြောပွဲကို လိုက်သွားရာက အချိန်မီ ပြန်မရောက်တဲ့အတွက် ဒီဇင်ဘာ ၂၃ရက်နေ့ ညနေ ရန်ကုန်ဆိပ်ကမ်းက ကျွန်တော်တို့အဖွဲ့ 'တိုးကြွယ်' သင်္ဘောနဲ့ ထွက်လာခဲ့ကြတော့ အလည်လွန်နေတဲ့ လယ်တွင်းသား တစ်ယောက် ပါမလာဘဲ ကျန်ရစ်ခဲ့ပါတယ်။

ရန်ကုန် ပုသိမ်ရက်မှန် သင်္ဘောကို တစ်ညနဲ့ တစ်နေ့ စီးလာခဲ့ကြတဲ့ ကျွန်တော်တို့ဟာ နောက်တစ်နေ့ ၁၂နာရီ မွန်းတည့်ချိန်ကျမှ ဝါးခယ်မကို ရောက်ခဲ့ကြပါတယ်။

ခင်နှင်းယုက ဝါးခယ်မသူဖြစ်တဲ့အတွက် ဝါးခယ်မရောက်တော့





ကျွန်တော်တို့ အမျိုးသားစာရေးဆရာတွေနဲ့အတူ မတည်းဘဲ သူ့ကို ငယ်ငယ်က ပညာသင်ပေးခဲ့တဲ့ ငယ်ဆရာမကြီး ဒေါ်ပိုက်မိ အိမ်မှာပဲ သူနဲ့ ရန်ကုန်က အဖော်ပါလာတဲ့ ချမ်းမြေ့ရိပ်သာက ယောဂီမလေး ရီရီအေး ဒေါက်တာဝါဝါ၊ ကျောင်းနေဘက် ငယ်သူငယ်ချင်း ဒေါ်မြရှင်တို့နဲ့ အိမ်ခြံဦး တည်းကြပါတယ်။

နေ့ ၁၂နာရီသာသာလောက် ဝါးခယ်မရောက်လို့ အဆင်သင့်ပြင်ဆင်ထားကြတဲ့ မနက်စာ ထမင်းလည်း စားပြီးရော ကြိုတင်စီစဉ်ထားတဲ့ အထက ကျောင်းသားများအတွက် စာပေဟောပြောပွဲကို တက်သုတ်ရိုက်ပြီး တန်းသွားကြရပါတယ်။ အထကကျောင်း အားကစားရုံထဲမှာ ကျင်းပတဲ့ အဲဒီဟောပြောပွဲမှာ ကံမြင့် (ရေဒါ)က ပထမ၊ ခင်နှင်းယုက ဒုတိယ ဟောပြီး၊ ကျွန်တော်က နောက်ဆုံးမှ ဟောရပါတယ်။ အဲဒီဟောပြောပွဲအပြီး ဝါးခယ်မမြို့နယ်အသင်းရဲ့ 'ရွှေနဒီ'မဂ္ဂဇင်းမှာ ပါဝင်ရေးသားကြတဲ့ ဝါးခယ်မြို့ ဝါးခယ်မမြို့ပေါ်က မြို့ခံစာရေးဆရာ၊ ကဗျာဆရာ သန်းချီ ဆရာများနဲ့ ကာတွန်းဆရာများ၊ ဓါတ်ပုံပြိုင်ပွဲဆုရ ပုဂ္ဂိုလ်များနဲ့ ရန်ကုန်ကလာတဲ့ ကျွန်တော်တို့ စာရေးဆရာများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပွဲကို အထကကျောင်းခန်းမဆောင်မှာပဲ ဆက်လက်ကျင်းပပါတယ်။

ကျွန်တော်တို့ စာရေးဆရာတစ်သိုက် ဝါးခယ်မကို ရောက်တုန်းရောက်ခိုက် ကြီးကြီးစားစားနဲ့ မော်တယ် ပမ်းတယ် သဘော မထားဘဲ အိမ်ရှင်မြို့ခံတွေက ပေးအပ်သမျှ တာဝန်တွေကိုကျေပွန်အောင် ထမ်းဆောင်ခဲ့ကြပါတယ်။ နေ့ခင်းဘက်ရောက် ညနေဘက် ဟောပြောပွဲနဲ့ ဂုဏ်ပြုပွဲကို တစ်ဆက်တည်း တက်ပြီး ညဘက် ၇နာရီကျော်လောက်မှာ စာပေဟောပြောပွဲ ကျင်းပမယ့် မြို့တော်ခန်းမကို ရောက်လာခဲ့ကြပါတယ်။ ဝါးခယ်မ မြို့တော်ခန်းမဟာ ကြီးလည်းကြီး ကျယ်ကျယ်လည်းဝန်းတည်



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကြီးကျယ်တဲ့ ခန်းမကြီးပါပဲ။ အဲဒီမှာ ခန်းမကြီး ကြီးကျယ်တာနဲ့ အမျှ အားရကျေနပ်စရာကောင်းတာက လူသုံးထောင်ကျော် လေးထောင်နီးပါးဆန့်တဲ့ အဲဒီခန်းမကြီးတစ်ခုလုံး ပြည့်လျှံသွားတာကို တွေ့လိုက်ရလို့ပါပဲ။ 'ပန်းပန်လျက်ပါ'၊ 'မွေး'စတဲ့ နာမည်ကျော် ဝတ္ထုတွေ အတော်များများနဲ့ ထင်ရှားလာခဲ့တဲ့ ပြည်သူချစ်သော စာရေးဆရာမကြီး ခင်နှင်းယု ကိုယ်တိုင် ကိုယ့်ပြည်ကိုယ့်ရွာကိုလာပြီး ဟောပြောတာမို့ ဒါလောက်တောင်များအားပေးကြလေသလား မပြောတတ်ပါဘူး။ ပရိသတ်ကြီးကတော့ မြို့တော်ခန်းမကြီးထဲမှာ ဝက်ဝက်ကွဲပါပဲ။

အဲဒီညက ၇နာရီခွဲမှာ ဟောပြောပွဲစပါတယ်။ အဲဒီမှာ တစ်ခုရှိတာက ကံမြင့်(ရေဒါ)နဲ့ မောင်ငြိမ်းချမ်းအမည်ခံ ဦးအေးကျော်တို့ဟာ ရန်ကုန်မှာ ဌာနဆိုင်ရာ အရေးကြီးတဲ့ တာဝန်တွေ ရှိနေတာမို့ ဒီနေ့ညဟောပြောပွဲအပြီး ပုသိမ်ကလာမယ့် အမြန်သင်္ဘောနဲ့ နောက်တစ်ရက်မနက် ရန်ကုန်ပြန်ကြဖို့ ရှိနေပါတယ်။ ပုသိမ်အမြန်သင်္ဘောက ဝါးခယ်မကို ည ၁၁နာရီ ဆိုက်မယ်လို့ သိရပါတယ်။

ဒါနဲ့ ဟောပြောမယ့်သုံးယောက်မှာ ပထမ ကံမြင့်(ရေဒါ)က နာရီဝက်လောက် ပြောမယ်။ ဒုတိယ ခင်နှင်းယုက နာရီဝက်လောက်ပြော၊ နောက်ဆုံးကျမှ ကျွန်တော်က အချိန် တစ်နာရီခွဲ နှစ်နာရီလောက်ပြောပြီး ဟောပြောပွဲကို ၁၀နာရီခွဲမှာ သိမ်းမယ်လို့ အချိန်သတ်မှတ်ခဲ့ပါတယ်။ ဟောပြောပွဲစတော့ အစီအစဉ်အတိုင်း ကံမြင့်(ရေဒါ)က ပထမဟောပါတယ်။ အဲဒီမှာ ကံမြင့်(ရေဒါ)က နေ့ခင်းက အထကဟောပြောပွဲမှာထက် အာတွေ့ပြီး မိနစ် ၅၀ လောက် ပြောသွားပါတယ်။ ဒါပေမယ့် ကိစ္စမရှိဘူး။ ခင်နှင်းယုလည်း ပြောချင်သလောက် အာတွေ့သလောက် ပြောပါစေ။ ကျန်တဲ့ အချိန်ကို ကျွန်သလောက် အံကိုက်ဖြစ်အောင် ၁၀နာရီခွဲမှာ ပွဲသိမ်းမယ်လို့ ကျွန်တော် စိတ်ကူးထားပါတယ်။ ဒါပေမယ့် ဆရာမကြီး





ခင်နှင်းယုဟာ စင်ပေါ်ရောက်သွားလို့ ၁၀မိနစ်လောက်ပဲ ပြောပြီး ပြန်ဆင်းလာပါလေရော။ ကျွန်တော်လည်း အံ့အားသင့်သွားပြီး စင်အောက်ရောက်လာတဲ့ ခင်နှင်းယု ဆင်းအလာကို စောင့်ရင်း 'မစု ဘယ်လို လုပ်တာလဲ၊ အချိန်တွေ သာသာပဲ ရှိသေးတာ ဘာလို့ ပြန်ဆင်းလာတာလဲ'လို့ လှမ်းမေးလိုက်တော့ ခင်နှင်းယုက 'မစု သိပ်အိပ်ချင်နေလို့ ရပ်ပစ်လိုက်တာ၊ စင်ပေါ်မှာ ငိုက်တောင် ငိုက်လာတယ်'လို့ ပြန်ပြောလိုက်တဲ့အတွက် ကျွန်တော့်မှာ 'သေပါပြီ နန္ဒိယ'လို့ ကုန်းအော်ရမလို ဖြစ်သွားမိပါတယ်။

ဒါပေမယ့် ရှေ့က သူတို့နှစ်ယောက် ဟောသွားကြတဲ့ အချိန်ထဲ နှစ်ယောက်ပေါင်းလိုက်ရင် မူလ သတ်မှတ်ထားတဲ့ အချိန်အတိုင်း တစ်နာရီတိတိပဲဖြစ်နေလို့ ကျွန်တော့် အလှည့်မှာ ၈နာရီခွဲက ၁၀နာရီခွဲအထိ နှစ်နာရီလောက် ဟောပြီး ၁၀နာရီခွဲမှာပဲ ဟောပြောပွဲကို သိမ်းခဲ့ပါတယ်။

အဲဒီမှာ ငိုအားထက် ရယ်အားသန်ဆိုသလို ဖြစ်ရပုံက ကံမြင့်(ရေဒါ)တို့ ညသန်းခေါင်လောက် ပုသိမ်သင်္ဘောနဲ့ ဝါးခယ်မ လိုက်သွားကြပြီး မနက် ၃နာရီလောက်ကျမှ လယ်တွင်းသားစောချစ်ဟာ ဝါးခယ်မကနေ ရန်ကုန်သင်္ဘောနဲ့ တစ်ယောက်တည်း ယောင်ချာချာ ရောက်လာပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသကို မသွားဖူး မလာဖူးဘဲ ဝါးခယ်မကိုလည်း တစ်ခါမှ မရောက်ဖူးတဲ့ လယ်တွင်းသားစောချစ်ခမျာ မနက် ၇နာရီသာသာ အချိန်မဟုတ် အခါမဟုတ်ကြီး ရောက်လာတာဆိုတော့ ရုတ်တရက် ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘဲ ယောင်တောင်တောင် ကြောင်တက်တက်နဲ့ မောင်းကျောက်မှန်တဲ့ ကြွက်လို ဖြစ်နေခဲ့ပါတယ်။ အဲဒီကြားထဲက သင်္ဘောဆိပ်မှာ ညလုံးပေါက် ဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်ကို ဝင်ပြီး လက်ဖက်ရည်သောက်ရင်း 'စာပေဟောပြောပွဲ လုပ်ဖြစ်ရဲ့လား၊ ရန်ကုန်က စာရေးဆရာတွေ ဘယ်မှာတည်းကြသလဲ'လို့ စုံစမ်းကြည့်လိုက်တော့ 'မနေ့က ဟောပြောပွဲ ညက ပြီးသွားပြီ၊ ရန်ကုန်က စာရေးဆရာတွေလည်း အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကုန်ကြပြီ'လို့ ရမ်းသမ်းပြောလိုက်တဲ့အတွက် လယ်တွင်းသားခမျာ ငို၍ ရယ်၍ မရသော မျက်နှာ ဖြစ်သွားခဲ့ပါတယ်။

ဒါပေမယ့် လယ်တွင်းသားစောချစ်ဟာ မလျှော့သောဇွဲ လုံ့လနဲ့ ဝါးခယ်မကို မရောက်ရောက်အောင် လိုက်လာခဲ့ရတာ လိုက်လာရကျိုး နပ်တယ်လို့ ဆိုရပါမယ်။ သုံးနာရီခွဲ ၄နာရီလောက် အနီးဆုံး တည်းခိုခန်း တစ်ခန်းမှာ ဖြစ်သလို အိပ်ခဲ့ရပြီး နောက်တစ်နေ့မနက် ဝါးခယ်မဈေးထဲ ယောင်လည်လည်နဲ့ လျှောက်ကြည့်နေရင်း မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါး စားနေကြတဲ့ ခင်နှင်းယုနဲ့ ကျွန်တော်တို့ကို တွေ့လိုက်ရလို့ပါပဲ။ စာရေး ဆရာတွေအားလုံး ပြန်သွားကြပြီလို့ သိထားရတဲ့ လယ်တွင်းသားဟာ ကျွန်တော်တို့ကို ဈေးထဲမှာ ပြုံးကနဲ တွေ့လိုက်ရတော့ အံ့အားသင့်ပြီး ဝမ်းသာသွားခဲ့ပါတယ်။ ဒါ့ထက်ပိုပြီး ဝမ်းသာစရာကောင်းတာက ဝါးခယ်မ စာပေကော်မတီကလည်း သူတို့ မျှော်လင့်နေတဲ့ လယ်တွင်းသား ရောက် လာတဲ့အတွက် အရမ်းဝမ်းသာသွားပြီး စာပေဟောပြောပွဲကို နောက်တစ်ည ထပ်လုပ်ဖို့ တက်သုတ်ရိုက်ပြီး စီစဉ်ခဲ့ကြပါတယ်။

ဝါးခယ်မမြို့ရဲ့ စာပေစိတ်ဓါတ်ကတော့ အံ့ချီးမကုန်နိုင်အောင်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒုတိယည ဟောပြောပွဲမှာလည်း မြို့တော် ခန်းမတစ်ခုလုံး လျှံသွားအောင် လာရောက် အားပေးခဲ့ကြလို့ပါပဲ။ အဲဒီ ဒုတိယည ဟောပြောပွဲမှာ ဆရာမကြီး ခင်နှင်းယုကလည်း ပထမညက တင် သွားတဲ့ အကြွေးကိုဆပ်တဲ့ သဘောလား မပြောတတ်ပါဘူး။ 'တို့ခေတ် တွင်မှ ညှို့ကြတော့မှာလား'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝါးခယ်မမြို့ရဲ့ သမိုင်းအစဉ် အလာကို အားရပါးရ ဟောသွားလိုက်တာ မိနစ် ၅၀ကြီးများတောင် ကြာ သွားပါတယ်။ ပထမညက စိတ်မပါတပါနဲ့ မစို့မပို့ ပြောသွားသလောက် ဒုတိယညမှာတော့ စိတ်ပါလက်ပါနဲ့ အားရပါးရ ဟောသွားတဲ့အတွက် ခင်နှင်းယုံခမျာ ဟောနေရင်းက လက်ခုပ်ဩဘာသံတွေ ညံနေလို့ လက်ခုပ်





သံ ဩဘာသံတွေ စဲသွားအောင် စောင့်ပြီးမှ ဟောခဲ့ရတာကို ကျွန်တော် သတိပြုမိပါတယ်။

ဒုတိယညမှာ ဒုတိယလူဖြစ်တဲ့ ကျွန်တော်ကတော့ နောက် ရောက်လာတဲ့ မင်းသားသစ်ဖြစ်တဲ့ လယ်တွင်းသားကို အလှည့်ပေးရမှာမို့ စာပေဟောပြောပွဲ အတွေ့အကြုံ မတောက်တခေါက် အဖြစ်အပျက် ကလေးတွေကို နာရီဝက်လောက်ပဲ ဟောခဲ့ရပါတယ်။ နောက်ဆုံး လယ်တွင်းသား အလှည့်မှာ တစ်နာရီခွဲသာသာ နှစ်နာရီ နီးပါးလောက် အားရပါးရ ဟောသွားတာ တွေ့ရပါတယ်။ ဝါးခယ်မ ဟောပြောပွဲဟာမှ လယ်တွင်းသားနဲ့ ပထမဆုံးအကြိမ် တွဲဖူးတာမို့ သူ့ဟောပြောချက်ကို ရှေ့ရိုက်ပြီး နားထောင်ခဲ့ပါတယ်။ အဖြစ်အပျက် ရိုးရိုးကလေးတွေကို မှိုင်းမှိုင်း ကလေး ရေးထားတဲ့ သူ့ဝတ္ထုတွေဟာ ရိုးရိုးကလေးနဲ့ပဲ ကျွန်တော် စွဲမက်ခဲ့ရ သလို လယ်တွင်းသားရဲ့ ဟောပြောချက်ဟာလည်း ရိုးရိုးကလေးနဲ့ပဲ စွဲမက် စရာကောင်းလှတာ တွေ့ရပါတယ်။

**မြတွမ်းတောင် နှစ် ၂၀၀ပွဲမှ စာပေဟောပြောပွဲ**

ဒီတစ်လရှာရိုးကိုးပေါက်မှာ နောက်ဆုံးတင်ပြ အစီရင်ခံချင်တာ ကတော့ အထက်အညာ မုံရွာနယ်က မောင်းထောင်ရွာ စာပေဟောပြောပွဲ အကြောင်းပါပဲ။ တကယ်တော့ မောင်းထောင်ရွာ စာပေဟောပြောပွဲဟာ စာဆိုတော်ရာသီမို့ ကျင်းပတဲ့ပွဲ မဟုတ်ပါဘူး။ ဗဒုံဘိုးတော်မင်း လက်ထက်က သာသနာပိုင်အဖြစ်ဆောင် ရွက်ခဲ့ရတဲ့ ပထမ သာသနာပိုင် ဆရာတော်ဘုရားကြီး တည်ထားခဲ့တဲ့ မြကွမ်းတောင်ဘုရား နှစ် ၂၀၀ပြည့် ခွဲတော်ရက်အတွင်း ဘုရားဒါယကာ ဦးစန်းမောင် (စာရေးဆရာ မုံရွာ စန်းမောင်)ရဲ့ အစီအစဉ်အရ ကျင်းပပြုလုပ်တဲ့ စာပေဟောပြောပွဲပါပဲ။ ဘုရားပွဲနဲ့ တွဲပြီး ကျင်းပတဲ့ စာပေဟောပြောပွဲမို့ ကျွန်တော့်အတွက်တော့ ပီးသသ လက္ခဏာနဲ့ ထူးခြားတဲ့ ပွဲတစ်ပွဲပါလို့ ဆိုရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်းထောင် စာပေဟောပြောပွဲကို ရန်ကုန်ကနေပြီး ကြိုးစားပမ်းစား သွားရောက်ဟောပြောခဲ့တဲ့ စာရေးဆရာ နှစ်ယောက်ကတော့ မမှာစရိယ ဦးဌေးလှိုင်နဲ့ ကျွန်တော်ပါပဲ။ အဲဒီလို အပင်ပမ်းခံပြီး ကြိုးကြိုးစားစား မောင်းထောင်ရွာ စာပေဟောပြောပွဲကို သွားရင်းနဲ့ ဇန်နဝါရီလ ၄ရက်နေ့မှာ မုံရွာက စာပေအပေါင်းအသင်း ရောင်းရင်းတွေနဲ့အတူ ဘုတလင်မြို့မှာ တစ်ထောက်နား ပြီး ကွယ်လွန်သူ ဆရာကြီး ဦးသိန်းဖေမြင့် အုတ်ဂူမှာ ပန်းစည်းတွေချပြီး ဂါရဝပြုခဲ့ကြတာကလည်း ကျွန်တော့် အတွက် ထူးခြားတဲ့ အတွေ့အကြုံပါပဲ။

တစ်ဆက်တည်း မောင်းထောင်စာပေ ဟောပြောပွဲသွားရင်း ဖရာမကြီးမားလှတဲ့ အမြတ်ကြီးတစ်ခုရခဲ့တာကတော့ တောင်တန်းသာသနာပြု ဆရာတော် အရှင်ဦးဥတ္တမသာရကို မောင်းထောင် မြကွမ်းတောင် ဘုရားပွဲမှာ အနီးကပ် ဖူးမြော် ကြည်ညိုခွင့်ရပြီး ဆရာတော်ကြီးရဲ့ ပြောင်မြောက်ထူးခြားလှတဲ့ တရားဒေသနာကိုလည်း ပြည့်ပြည့်ဝဝ နာကြားခဲ့ရတာပါပဲ။

အဲဒီလို စာပေဟောပြောပွဲကို ဘုရားပွဲနဲ့တွဲပြီး ကျင်းပတဲ့အတွက် ထူးခြားလှတာနဲ့အမျှ အဲဒီ နှစ် ၂၀ပြည့် မြကွမ်းတောင်ဘုရားပွဲ အထိမ်းအမှတ်အဖြစ်နဲ့ စာပေပြိုင်ပွဲကျင်းပပြီး 'မြကွမ်းတောင်'စာစောင်ကို အောင်အောင်မြင်မြင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့တဲ့အတွက် စာရေးဆရာ မုံရွာစန်းမောင် အမည်ခံ ဘုရားဒကာ ဦးစန်းမောင်ကို ရွှာရိုးကိုးပေါက်ကနေ ချီးကျူးလိုက်ပါတယ်။



## ဆောင်းပါးရှင်ကို ကြင်နာပါ

ဒီတစ်လ၊ ဒီတစ်ခေါက် 'ရွှာရိုးကိုးပေါက်'မှာ ရေးစရာရှိတာလေးတွေ မရေးခင် ကျွန်တော့်အနေနဲ့ တစ်ခါက ကျွန်တော် ကြားဖူးခဲ့တဲ့ သီချင်းတစ်ပုဒ်ထဲက စာပိုဒ်တစ်ပိုဒ်ကို အရင်'ဟစ်' လိုက်ချင်ပါတယ်။ အဲဒီသီချင်းစာပိုဒ်ကတော့ တခြားမဟုတ်ပါဘူး။ 'ပြောချင်တာတွေလည်း ပြောကြပါစေကွယ်'ဆိုတဲ့ စာပိုဒ်ပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီလအတွက် ကျွန်တော့်ရဲ့ ရွှာရိုးကိုးပေါက်မှာ တင်ပြမယ့်အကြောင်းအရာတွေ ဖတ်ပြီး မိုးဂျာနယ်ပရိသတ်က 'တစ်ခါလာလည်း မုံရွာအကြောင်း၊ နောက်တစ်ခါလာလည်း မုံရွာအကြောင်း၊ နောက်တစ်ခါလာလည်း မုံရွာအကြောင်း၊ ရွှာရိုးကိုးပေါက်မှာ မုံရွာအကြောင်းတွေချည်း အပ်ကြောင်းထပ်နေတော့တာပဲ . . .'လို့ ပြောကြဆိုကြမှာကို ကြိုပြီး မြင်ယောင်နေမိလို့ပါ။

ဒါပေမယ့် 'ရွှာရိုးကိုးပေါက်'ကို မိုးဂျာနယ်မှာ လစဉ်လဆက် မပျက်မကွက် တင်ဆက်နေရတဲ့ ကျွန်တော့်ဘက်က ကြည့်လိုက်ပြန်တော့လည်း 'ရွှာရိုးကိုးပေါက်'ဆိုတဲ့ ခေါင်းစဉ်အရ တစ်လအတွင်း ကျွန်တော် ရောက်ခဲ့၊ ပေါက်ခဲ့၊ တွေ့ခဲ့၊ ကြုံခဲ့ရတဲ့ နေရာ ဒေသတွေ၊ လူပုဂ္ဂိုလ်တွေနဲ့ အဖြစ်အပျက် အကြောင်းအရာတွေကိုပဲ ရေးနေရတာဆိုတော့ 'ရွှာရိုးကိုးပေါက်' ဆောင်းပါးတွေဟာ သဘောတရားနဲ့ စိတ်ကူးယဉ် အတွေးအခေါ်တွေ မဟုတ်ဘဲ ကိုယ်တိုင် ကိုယ်ကျ မြင်တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ပေါက်ခဲ့ရတဲ့ နေရာဒေသအကြောင်းကို လက်တွေ့ကျကျ တင်ပြနေရတာကို မိုးဂျာနယ်ပရိသတ်အနေနဲ့ နားလည် သဘောပေါက်စေချင်ပါတယ်။ အဲဒီကြားထဲက အထက်အညာ မုံရွာသားဖြစ်တဲ့ ကျွန်တော်ဟာ အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီး လွန်ခဲ့တဲ့ လေးငါးလအတွင်း မုံရွာကို လေးငါးခေါက်လောက် လစဉ်လိုလို ရောက်နေခဲ့ရတော့ ရွာရိုးကိုးပေါက်မှာ မုံရွာအကြောင်းတွေချည်း အပ်ကြောင်းထပ်နေတာဟာ မလွှဲမရှောင်သာ ဖြစ်ရတာပဲလို့ မိုးပရိသတ်ကြီးအနေနဲ့ နားလည်သည်းခံ ခွင့်လွှတ်ကြပါရန် အနူးအညွတ် တောင်းပန်ပါတယ်။ (ဟုတ်တယ်လေဗျာ . . . လင်းယုန်မောင်မောင်ဆိုတဲ့ ကျွန်တော့်လို ပေါက်ပေါက်ရောက်ရောက်မရှိတဲ့ အညတြ စာရေးဆရာတစ်ယောက်ရဲ့ 'ရွာရိုးကိုးပေါက်'မှာ ဗန်ကောက်တို့၊ စင်ကာပူတို့၊ မလေးရှားတို့၊ ဂျပန်တို့ဆိုတဲ့ နိုင်ငံတွေ အကြောင်း ဘယ်မှာ ဖတ်ရပါ့မလဲဗျာ။ အဲဒါတွေက မြို့ကြီးပြကြီး နိုင်ငံကြီးတွေပဲ။ အဲဒီလို မြို့ကြီး ပြကြီး နိုင်ငံကြီးတွေကို ရောက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ အညာသား ပါမွှားစာရေးဆရာ တစ်ယောက်ဆိုတော့ ရွာရိုးကိုးပေါက်ပဲ ရောက်တော့မပေါ့။ ရေးနေရတဲ့ ခေါင်းစဉ်ကိုက 'ရွာရိုးကိုးပေါက်'ဆိုတော့ မုံရွာတို့၊ မောင်းထောင်ရွာတို့၊ မန္တလေးတို့၊ တောင်လေးလုံးတို့လောက်ပဲ ရေးနိုင်တော့မှာပေါ့။ အလွန်ဆုံးရေးနိုင်လှမှ ဝါးခယ်မတို့၊ တော့မှူး တို့၊ ကွမ်းခြံကုန်းတို့လောက်ပဲ ပါတော့မပေါ့။

အဲဒါကြောင့် ဘယ်သူတွေ ဘာပြောပြော ပြောချင်တာတွေလည်း ပြောကြပါစေကွယ်ဆိုပြီး ကိုယ်နဲ့တန်ရာတန်ရာ ကိုယ်ရောက်ခဲ့တဲ့ နေရာတွေနဲ့ ကိုယ်တွေ့ခဲ့တဲ့ လူတွေ ကိုယ်ကြုံခဲ့တဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေပဲ တင်ပြနေရတာမို့ 'ရွာရိုးကိုးပေါက်' ဆောင်းပါးရှင်ကို ကြင်နာကြပါလို့ မေတ္တာရပ်ခံပါရစေ။





**စာအုပ်နမူနာ 'ထရေလာ'**

ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ရွာရိုးကိုးပေါက်မှာ ကျွန်တော် ရေးနေတာတွေဟာ အရည်မရ အဖတ်မရ မြင်သမျှ၊ တွေ့သမျှ 'ကွမ်းစား၊ ဆေးသောက်၊ ချေးယို၊ သေးပေါက်' အိုးစု တွေမဟုတ်ပါဘူး။ ကြုံသမျှ၊ ဆုံသမျှ တလေးတစား အရေးမထားလောက်တဲ့ အသေးအမွှား ပေါက်တတ်ကရ 'အာပလာ'တွေလည်း မပါစေရပါဘူး။ စာပေအနုပညာနဲ့ ပတ်သက်ပြီး မိုးဂျာနယ် ပရိသတ်အတွက် တစ်စုံတစ်ခု သော ဗဟုသုတ အကြားအမြင် တစ်ခုခု၊ အကျိုးအမြတ် တစ်ခုခုရပါစေကြောင်း၊ သိပါစေကြောင်း၊ စေတနာကောင်းနဲ့ ရွာရိုးကိုးပေါက်ကို လစဉ်တင်ဆက်နေတာပါ။ ခုလို မိုဒန်ခေတ်မှာ အင်္ဂလိပ်စာတတ် စာပေသမားတစ်ချို့လို လူအထင်ကြီးအောင် ကြီးကြီးကျယ်ကျယ် ပြောရမယ်ဆိုရင် 'ရွာရိုးကိုးပေါက်'ဟာ မိုးဂျာနယ် ပရိသတ်အတွက် စာပေအနုပညာနဲ့ ပတ်သက်တဲ့ 'မက်ဆေ့ချ်'(Message)တွေ ပေးနေတာပါပဲလို့ ပြောပါရစေ။

အဲဒီစိတ်ခါတ်၊ အဲဒီ ဂါရဝတရားနဲ့ မိုးဂျာနယ် ပရိသတ်ကို ပဏာမစကား ပြောပြီးတဲ့နောက် ဒီလအတွက် ရွာရိုးကိုးပေါက်မှာ တင်ပြချင်တာကတော့ လွန်ခဲ့တဲ့ ဇန်နဝါရီလ ၃ရက်နေ့ကစပြီး ဖေဖော်ဝါရီ ၁၂ရက်နေ့ အထိ တစ်လကျော်ကျော် မုံရွာမှာ ကျွန်တော် နေခဲ့၊ ထိုင်ခဲ့၊ သွားခဲ့၊ လာခဲ့၊ ကြုံခဲ့၊ တွေ့ခဲ့ရတဲ့ အဖြစ်အပျက် အကြောင်းအရာတွေထဲက စာပေအနုပညာနဲ့ ပတ်သက်တဲ့ ကိစ္စကလေးတွေပါပဲ။

မှန်ပါတယ်။ ကျွန်တော် မုံရွာကို အခါခါ၊ အခေါက်ခေါက် ရောက်ခဲ့တဲ့အထဲမှာ ဒီတစ်ခေါက်ဟာ အကြာဆုံးပါပဲ။ ခါတိုင်း မုံရွာမှာ သုံးရက်၊ လေးရက် အများဆုံး တစ်ပတ်၊ ဆယ်ရက်လောက်ပဲ နေခဲ့တဲ့ ကျွန်တော်ဟာ ဒီတစ်ခါတော့ တစ်လနဲ့ ၁၀ရက်ကြီးများတောင် ကြာခဲ့ တယ်။ ဒီတစ်ခေါက်တော့ မုံရွာကို ကျွန်တော် ရောက်ခဲ့ရတဲ့ အကြော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကတော့ အရင်လက ရွှာရိုးကိုးပေါက်မှာ တင်ပြခဲ့တဲ့အတိုင်း ဘုရားဒကာကြီး ဦးစန်းမောင် (စာရေးဆရာ မုံရွာစန်းမောင်)ရဲ့ ဖိတ်ကြား ချက်အရ မောင်းထောင်ရွာက ပထမ သာသနာပိုင် ဆရာတော်ကြီး တည်ထားခဲ့တဲ့ မြကွမ်းတောင်ဘုရား နှစ် ၂၀၀ပြည့် အခမ်းအနားမှာ စာပေ ဟောပြောပွဲ ကျင်းပဖို့ ခမ္မာစရိယ ဦးဌေးလှိုင်နဲ့အတူ သွားခဲ့ကြတာပါပဲ။ ဒါပေမယ့် ဇန်နဝါရီ ၇ရက် (ပြာသိုလပြည့်)နေ့မှာ မြကွမ်းတောင် ဘုရားပွဲ ပြီးလို့ မုံရွာပြန် ရောက်ခဲ့ပြီးတဲ့နောက် 'ပေါက်တဲ့နဖူး မထူးတော့ပါဘူး'ဆိုပြီး ရောက်တုန်းရောက်ခိုက် စာအုပ်တစ်အုပ် ရေးလိုက်ဦးမယ်လို့ ဆုံးဖြတ်ချက် ချခဲ့ရာက မုံရွာမှာ တစ်လကျော်ကျော် ကြာသွားခဲ့တာပါပဲ။

ကျွန်တော်တို့ စာပေနယ်မှာ စာရေးဆရာအများစုဟာ ကြံ့ရင် ကြံ့သလို အလျဉ်းသင့်ရင်သင့်သလို အချစ်၊ စုံထောက်၊ ဘဝသရုပ်ဖော် ဘာသာပြန် စသည်ဖြင့် လိုင်းပေါင်းစုံ ရေးနေကြသလို ပစ်ချို့စာရေးဆရာ တွေကတော့ ကိုယ့်လိုင်းနဲ့ကိုယ် လိုင်းမပူးအောင်၊ လိုင်းမကြောင်အောင် ထိန်းပြီး ရေးနေကြတာ တွေ့ရပါတယ်။ အဲဒီထဲမှာ ကျွန်တော်လည်း ဟစ်တလာ၊ အိုက်ခမန်း၊ စကော်ဇနီ၊ မာတင်ဘောမန်းစတဲ့ နာဇီတွေ အကြောင်း အများဆုံးရေးလာခဲ့တဲ့အတွက် ကျွန်တော့်ကို ဟစ်တလာ စပါယ်ရှယ်လစ်၊ နာဇီအိုပ်စပတ်ဆိုပြီး စာဖတ်သူတွေက သတ်မှတ်ထားခဲ့ ကြပါတယ်။

အခု မုံရွာမှာ ကျွန်တော် နောက်ဆုံးရေးလာခဲ့တဲ့ စာအုပ်ကလည်း နာဇီဂျာမနီနဲ့ ပတ်သက်တဲ့ ဘာသာပြန် စာအုပ်ပါပဲ။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးခါနီး ဘာလင်မြို့ကြီး မီးဟုန်းဟုန်းတောက် လောင်နေချိန် မှာ အမေရိကန် ထောက်လှမ်းရေးအဖွဲ့နဲ့ ဂျာမန် ထောက်လှမ်းရေးသမား တစ်ယောက် ပညာပြိုင် လက်စွမ်းပြကြတဲ့ ဇာတ်လမ်းပါပဲ။ The Day Before Sunrise ဆိုတဲ့ အဲဒီစာအုပ်ဟာ စိတ်ကူးယဉ် ဝတ္ထုထဲမှာ အဲဒီတုန်းက





အသက်ထင်ရှားရှိနေခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေကို ဇာတ်ဆောင်အဖြစ်နဲ့ ထည့်သွင်းပြီး ရေးထားတာမို့ တကယ့်ဖြစ်ရပ်လေလားလို့ ထင်မှတ်ရ တယ်။ ဒီစာအုပ် အကြောင်း ဆက်ပြီး ရှည်လျားထွေပြား ရေးသားနေချင် ကိုယ့်ငါးချဉ်ကိုယ် သံပရာသီးညှစ်သလို ဖြစ်နေမှာစိုးလို့ နမူနာ 'ထရေလာ' တို ဒီနေရာမှာပဲရပ်ပြီး သက်ဆိုင်ရာက ခွင့်ပြုချက်ရလို့ စာအုပ်ထွက်မှ ဖတ်ကြပါတော့လို့ မိုးပရိသတ်ကို မေတ္တာရပ်ခံပါတယ်။

**တိုယ့်ကျောကိုယ်ပြန်သပ်ရမလို**

ဒီနေရာမှာ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသား ဝန်ခံစကား ပြောချင်သေးတယ်။ အဲဒါကတော့ စာရေးတဲ့ အလုပ်တစ်ခုတည်းနဲ့ ရပ် တည်ပြီး အသက်မွေးဝမ်းကျောင်းနေရတဲ့ စာရေးဆရာတစ်ယောက် အနေနဲ့ အခုလို လုံးချင်းစာအုပ်တစ်အုပ်ကို အစအဆုံး ရေးပြီးသွားတာဟာ စစ်မြေပြင်မှာ တိုက်ပွဲတစ်ပွဲကို နိုင်အောင်တိုက် ပြီးသွားတဲ့ တပ်မှူး တစ်ယောက်နဲ့ ထပ်တူထပ်မျှ စိတ်ထဲက ခံစားရတယ်ဆိုတဲ့ အချက်ပါပဲ။ မှန်ပါတယ်။ စာရေးတယ်ဆိုတဲ့အလုပ်ဟာ မလွယ်ပါဘူး။ (လွယ်ရင်လည်း စာဖတ်တဲ့လူတိုင်း စာရေးဆရာတွေ ဖြစ်ကုန်ကြပြီပေါ့။) စာတစ်အုပ်ရေးရ တာဟာ ပင်တိုင်ပဲရေးရေး ဘာသာပဲပြန်ပြန် အင်မတန် ဦးနှောက်စားတဲ့ အလုပ်ပါ။ အထူးသဖြင့် စာအုပ်တစ်အုပ်ကို တစ်နေရာတည်းမှာ အစကနေ အဆုံးအထိ ဆက်တိုက်ရေးတတ်တဲ့ ကျွန်တော့်လို စာရေးဆရာ တစ်ယောက်အတွက် အိပ်ချိန်၊ စားချိန်ကလွဲပြီး နေ့ရောညပါ တကုပ်ကုပ် နဲ့ သူများတွေအိပ်မောကျနေချိန်မှာ ကိုယ်က မအိပ်နိုင်ဘဲ ကုန်းရုန်းပြီး ညဉ့်နက်သန်းခေါင်အထိရေး၊ မနက် မိုးမလင်းခင် ၄နာရီခွဲ ၅နာရီလောက် ထပြီး ရေးရတာဆိုတော့ ကိုယ်ရောစိတ်ပါ တကယ်ပင်ပန်းလှပါတယ်။ ဒါပဲဖြစ်ဖြစ် အဲဒီလို စိတ်ရောကိုယ်ပါ အပင်ပမ်းခံပြီး ရေးခဲ့ရတဲ့ စာအုပ် တစ်အုပ် အစကနေ အဆုံးအထိ ပြီးသွားပြီဆိုတော့ အဲဒီအချိန်မှာ ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စာရေးဆရာတစ် ယောက်ရဲ့ ပီတိဟာ ဘယ်အရသာ ဘယ်ပီတိမျိုးနဲ့မှ မတူဘူးလို့ တောင် ဆိုနိုင်ပါတယ်။

ရွှာရိုးကိုးပေါက် လျှောက်သွားနေတဲ့ စာရေးဆရာတစ် ယောက်အနေနဲ့ ရန်ကုန်မှာ တစ်လလုံးလုံးနေလို့ စာမျက်နှာ ၁၀ မျက်နှာ မရေးဖြစ်၊ မရေးနိုင်ခဲ့ပါဘူး။ အခုတော့ ရန်ကုန်မှာ ၁၀ မျက်နှာလောက် ပြီးအောင်တောင် မရေးနိုင်ဘဲ ဘစ်လကျော်အတွင်း မုံရွာမှာ စာမျက်နှာ ၆၀၀ကျော်ရှိတဲ့ စာအုပ်ကြီးတစ်အုပ် ရေးပြီးခဲ့တယ်ဆိုတော့ 'တယ်တော်တဲ့ ငါပါလား'လို့တောင် (ဆရာကြီး ရွှေဥဒေါင်း တစ်ခါက ရေးခဲ့ဖူးသလို) ကိုယ့်ကျောကိုယ်ပြန်သပ်ပြီး ကိုယ့်ကိုယ်ကို ချီးမွမ်းရမလို ဖြစ်ခဲ့ရပါတယ်။

**ထောင်ဝင်စာ လာတွေ့ကြသလို**

ဒါပေမယ့် ဒါလောက် စာမျက်နှာတွေ များများပြားပြားနဲ့ နှစ်အုပ်ခွဲပြီး နှစ်တွဲထုတ်ရမယ့် စာအုပ်ကြီးတစ်အုပ်ကို တစ်လကျော် ကလေးနဲ့ အစအဆုံးပြီးစီးအောင် ဘာသာပြန်နိုင်ခဲ့တာနဲ့ ပတ်သက်လို့ မှန်တဲ့အတိုင်း ဝန်ခံရမယ်ဆိုရင် 'ကတညုတာ'ဆိုတဲ့ မင်္ဂလာ တရားနဲ့အညီ မုံရွာမှာရှိနေကြတဲ့ အပေါင်းအသင်း ရောင်းရင်းများရဲ့ ကျေးဇူးကြောင့်ပါခဲ့ လို့ ဖြောင့်ချက်ပေးချင်ပါတယ်။ ပိုပြီး လေးနက်အောင် ပြောရမယ်ဆိုရင် သူတို့တစ်တွေရဲ့ ကူညီပံ့ပိုးမှု၊ ပြုစုစောင့်ရှောက်မှုနဲ့ ဝိုင်းဝန်း ထောက်ပံ့မှု မပါဘဲ ဒါလောက် စာမျက်နှာ များပြားလှတဲ့ စာအုပ်ကြီးကို ဒီရက်ပိုင်း လပိုင်းအတွင်း ကျွန်တော်ပြီးအောင်ရေးနိုင်ဖို့ မလွယ်ရေးချ မလွယ်ထဲက ပါပဲ။

သူတို့တစ်တွေရဲ့ အဲဒီလို ကူညီပံ့ပိုးမှုတွေ၊ ပြုစုစောင့်ရှောက်မှု တွေနဲ့ ဝိုင်းဝန်းထောက်ပံ့မှုတွေက ဘယ်လောက်များ ကြီးမားများပြားခဲ့ပါ သလဲ ဆိုတော့ ပြောလို့တောင် ယုံနိုင်စရာ မရှိပါဘူး။ ကြည့်ပါဦး။ ဒီတစ် ခေါက်၊ ဒီတစ်ခါ ကျွန်တော် မုံရွာကို စာအုပ် တစ်အုပ်ရေးဖို့ လာတယ်





ဆိုတာ သိသွားကြတာနဲ့ တစ်ပြိုင်နက် ဗလာစာအုပ်တွေနဲ့ ဘောပင် လာပေးတဲ့လူကပေး၊ ညဘက်မှာ မြင်မြင်ထင်ထင် ရေးနိုင်အောင် မီးအိမ် လာတပ်တဲ့လူက တပ်ပေး၊ မီးပျက်တဲ့အခါ စာရေးမပျက်အောင် ဓာတ်ခဲ တိုင်ထုပ်လာပို့တဲ့ လူကပို့၊ ညဘက်မှာ ညဉ့်နက်သန်းခေါင်အထိ စာရေးရင်း အိပ်ချင် ပြေအောင်ဆိုပြီး လက်ဖက်သုပ်တွေ လာပေးတဲ့သူကပေး စာရေး ရင်း ညဘက်မှာ ဆာရင်စားရအောင်ဆိုပြီး ပေါင်မုန့်နဲ့ငါးပိကျော် လာပို့တဲ့ လူကပို့၊ စာရေးရင်း ဆေးလိပ်သောက်တတ်မှန်းသိလို့ ဒူးယားအိမ်ကြီး လပ်ကီးစထရိုက်နဲ့ ငါးသုံးလုံး စီးကရက်တွေကို ဘူးလိုက် ဝယ်ပို့တဲ့လူကပို့ ဆေးပေါ့လိပ် စည်းကလေး ဝယ်လာတဲ့ လူကလာ၊ ဘာတစ်ခုမှ လိုသေး သေးမရှိအောင် ပြုစုစောင့်ရှောက် ပေးကမ်းထောက်ပံ့ခဲ့ကြတာတွေဟာ ခုထက်ထိ တစိမ့်စိမ့်တွေးပြီး ကျေးဇူးတင်လို့ မဆုံးပါဘူး။

ကျွန်တော် စာရေးနေတဲ့ မိဂဒါဝုန်ကျောင်းတိုက်ကို အဲဒီလို စီးကရက်ဘူးလေးတွေနဲ့ ဆေးပေါ့လိပ် အစည်းကလေးတွေ ယူလာပြီးပေး ကြတာ တွေ့ရတော့ ကျွန်တော်ကတောင် ရယ်စရာ နောက်ပြောင်ပြီး ပြောလိုက်မိပါသေးတယ်။ 'ခင်ဗျားတို့က အဲဒီလို စီးကရက်ဘူးတွေနဲ့ ဆေးပေါ့လိပ်စည်းကလေးတွေ လာပေးကြတော့ ကျွန်တော့်ကို ထောင် ဝင်စာ လာတွေ့ကြတာနဲ့ တူနေတယ်ဗျ'လို့ ပြောရသေးတယ်။ (ဒီလိုပြော လိုက်တဲ့အတွက် ကျိန်းကျေသွားတာပေါ့ဗျာ. . .။)

စာပေအပေါင်းအသင်းတွေက အဲဒီလို ဝိုင်းဝန်းကူညီ ပံ့ပိုးခဲ့ကြ သလို ငယ်သူငယ်ချင်းများနဲ့ ဆွေမျိုးသားချင်းများရဲ့ အိမ်တွေမှာ ညနေ ထမင်းကို တစ်နေ့တစ်အိမ်ကျစီ အလှည့်ကျ တစ်လလောက် သွားရောက် စားသောက်ခဲ့ရတဲ့ ကျေးဇူးကလည်း အင်မတန် ကြီးမားလှကြောင်း အမှတ် တရ ဖော်ပြချင်ပါသေးတယ်။

www.burmeseclassic.com



**မုံရွာမှ စာပေသမား ငါးဦးကော်မတီ**

အခါသင့်လို့ အခွင့်ကြုံခိုက် မုံရွာမှာ ကျွန်တော့်ကို အဘက်ဘက်က အဲဒီလို ကူညီလိုက်တဲ့ ကျွန်တော့်ရဲ့ စာပေအပေါင်းအသင်းတွေနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တာကလေးတွေကို အမှတ်တရ တင်ပြချင်ပါသေးတယ်။ ကျွန်တော် မုံရွာကိုရောက်သွားတဲ့ အခါတိုင်း အဲဒီလို ဝိုင်းဝန်းပံ့ပိုးခဲ့ကြတဲ့ စာပေရောင်းရင်း လေးငါးယောက်လောက် ရှိပါတယ်။ အဲဒီစာပေသမား၊ ကဗျာသမားတွေကတော့ ဆရာအံ့မောင်၊ ဆရာသာဋ္ဌေး၊ လယ်ဇင်းဦးသိန်းဖေတို့ပဲ ဖြစ်ကြပါတယ်။

အဲဒီစာပေသမား ငါးဦးကော်မတီအနက် အသက်အရွယ်အရကြီးစဉ်ငယ်လိုက် တန်းစီပြီး မိတ်ဆက်ပေးရမယ်ဆိုရင် အသက် ၇၁နှစ်ရှိပြီဖြစ်တဲ့ လယ်ဇင်းဦးသိန်းဖေက စရပါလိမ့်မယ်။ လယ်ဇင်းဦးသိန်းဖေဟာ ကျွန်တော့်လိုပါပဲ၊ အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူး။ အသက်ကြီးသလောက် စာပေဗဟုသုတ ပြည့်စုံလှတဲ့ 'စာပေဟင်းလေးအိုးကြီး' တစ်ယောက်လို့ ဆိုနိုင်ပါတယ်၊ အထူးသဖြင့် ကဗျာနဲ့ပတ်သက်လို့ ရွတ်တဲ့ဖတ်တဲ့ နေရာမှာ၊ စပ်တဲ့ ဟပ်တဲ့နေရာမှာလို့တောင် ဆိုရလောက်ပါတယ်။ သူငယ်စဉ် လူပျို့ပေါက် ကာလသားဘဝက ဖတ်ခဲ့ မှတ်ခဲ့ရတဲ့ 'သီပေါမင်းပါတော်မူ ကဗျာလင်္ကာကြီး'ကို အခု အသက် ၇၀ကျော် အရွယ်အထိ မိနစ် ၂၀လောက်ကြာအောင် အလွတ်ရွတ်ပြနိုင်ပါသေးတယ်။ ပြီးတော့ ဘာကလေးဖြစ်ဖြစ် ကဗျာရေးပစ်လိုက်ရမှ သူ့စိတ်ထဲ စွဲမြဲထင်ဟပ်သမျှ လက်တန်းကဗျာကလေး စပ်လိုက်ရမှ ကျေနပ် အားရတတ်တဲ့ တကယ့် 'ကဗျာအိုးကြီး'ပါ။ အမှတ်တရ ပြန်ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ၁၉၉၂ခု၊ ဩဂုတ် (ဝါခေါင်)လ အတွင်းက ချင်းတွင်းဦးဘကြည်ရဲ့ မွေးနေ့ကျင်းပရာ ရွှေပန်းရွာကို ဆရာလယ်ဇင်းဦးသိန်းဖေနဲ့ ကျွန်တော် နှစ်ယောက်သား အတူသွားခဲ့ကြတုန်းက မိုးသည်းသည်းမှာ ချင်းတွင်းမြစ်ကို လှေကလေး





တစ်စင်းနဲ့ ဖြတ်ကူးခဲ့ကြရာက ကံကောင်းလို့ လှေမှောက်တဲ့ ဘေးမပျောက် ဖြစ်ခဲ့ရတဲ့အကြောင်း ၉၂ခု၊ အောက်တိုဘာ မိုးဂျာနယ်မှာ ကျွန်တော် ရေးခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော် မုံရွာတအပြန် လယ်ဇင်းဦးသိန်းဖေက အမှတ်တရလက်တန်း ကဗျာကလေး စပ်ပေးလိုက်ပါတယ်။ အဲဒီကဗျာကလေးကတော့ . . .

*<u>သေလမ်းနီးတဲ့ ရွှေပန်းခရီး</u>*

*အချိန်ကနည်းသနဲ့*
*မိုးသည်းလို့လှိုင်းထန်*
*ရေလျှံပြည့်လှေဝမ်း*
*သေရလိမ့်ဟန်*
*လှေသမ္ဗာန် မြုပ်ခမန်း*
*ခုနစ်ဆယ် တစ်နှစ်စွန်းကာမှ*
*ရေမွန်းကာ နှစ်ယောက် မြန်းရချည်*
*လှိုင်းကြက်ခွပ် ကြမ်းသနဲ့*
*(ဆရာမောင်ရေ) ကျောစိမ့်လို့ချမ်း။*

**ဆရာအံ့မောင်နဲ့ ဘရက်ဇညက်**

ကျွန်တော်ရဲ့ မုံရွာက ဒုတိယမြောက် စာပေမိတ်ဆွေကြီးကတော့ စာပေသမားအများစုက သိပြီးဖြစ်ကြတဲ့ ဆရာအံ့မောင်ပါပဲ။ အင်ဒါးဆင်းရဲ့ 'ရေသူမ'စာအုပ်နဲ့ စာပေဗိမာန်ဆု ဆွတ်ခူးခဲ့လို့ အင်ဒါးဆင်းအံ့မောင်လို့လည်း ခေါ်ကြပါတယ်၊ မုံရွာမြို့ ညောင်တစ်ပင်လမ်းအထင်ကရ 'သစ္စာပွဲရုံ'ပိုင်ရှင် ပွဲစားကြီးဦးအံ့မောင်လို့လည်း လူသိများလှပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ရန်ကုန်မှာ ကျွန်တော်တို့နဲ့အတူ စာရေးရင်း ကလောင်ကိုင်နေရာက မုံရွာပြန်ရောက်သွားပြီး ဆန်အိတ်ဆိုတဲ့ ကလောင်ကို ကိုင်ပြီး ကြီးပွားလာခဲ့ပါတယ်။ အခုတော့ သူဌေး



www.burmeseclassic.com

www.burmeseclassic.com



၁၅နှစ်လောက် ပစ်ထားတဲ့ ကလောင်ကို ပြန်ကိုင်ပြီး ကဗျာတွေရေးလာခဲ့လို့ မကြာခင်ကပဲ '၆၀ ကဗျာ' စာအုပ်ကို သူ့အသက် ၆၀ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့ပါသေးတယ်။ မကြာခင်က 'ရေခဲနတ်ဒေဝီ' စာအုပ် ထွက်သွားပြီးလို့ နောက်ထပ် အင်ဒါးဆင်ပုံပြင် တစ်အုပ်ထွက်ဖို့ တာစူနေပါတယ်။ ဒီတစ်ခေါက် ကျွန်တော် မုံရွာရောက်နေတုန်း ခိုက်ခိုက်တုန်အောင် ချမ်းလှတဲ့ ဆောင်းရာသီမှာ ကုတ်အကျီဖားဖားကြီးနဲ့ သိုးမွှေးဦးထုပ်ပြားပြားကြီးကို ဆောင်းထားတဲ့ ဆရာအုံ့မောင်ဟာ ကွယ်လွန်သူ ရုရှားခေါင်းဆောင်ကြီး ဘရက်ဇနက်နဲ့ တထေရာတည်း တူနေတာ တွေ့ရှိခဲ့ရပါတယ်။

သာ-ဩ-အောင်

တတိယမြောက် ကျွန်တော့်ရဲ့ စာပေအပေါင်းအသင်းကတော့ ဆရာသာဋ္ဌေးပါပဲ။ ဆရာသာဋ္ဌေးဟာ ဒီနေ့အထိ လစဉ်ထုတ် မဂ္ဂဇင်းတွေမှာ ဘာစာမှ မရေးသေးပေမယ့် သူလည်း တကယ့်စာပေသမား တစ်ယောက်ပါပဲ။ကျောင်းဆရာဘဝ၊ ကျူရှင်ဆရာ ဘဝနဲ့ ရပ်တည်လာခဲ့ပြီး မြို့နယ်မဂ္ဂဇင်းတွေမှာ ကလောင်သွေး စမ်းခဲ့ဖူးပါတယ်။ မျက်စေ့ရောဂါကြောင့် စာဖတ်၊ စာရေး၊ နှောင့်နှေး ခက်ခဲလာခဲ့ရာက ခုတော့ စာလုံးရေနည်းနည်းနဲ့ အဓိပ္ပါယ်များများထွက်တဲ့ ကဗျာအရေးအသားကို ကြိုးစားနေပါပြီ။ ကျွန်တော် ဖတ်ခဲ့ရတဲ့ သူ့ကဗျာသုံးလေးပုဒ်ဟာ ဒီနေ့လစဉ်ထုတ် မဂ္ဂဇင်းတွေထဲက ရှေ့တန်းကဗျာတွေထက် အဆင့်မနိမ့်တာကို တွေ့ခဲ့ရတဲ့အတွက် 'သာဋ္ဌေးစံ' ကလောင်နာမည်နဲ့ ဆရာသာဋ္ဌေးရဲ့ ကဗျာလေးတွေ မကြာခင် ပုံနှိပ်စာလုံးအဖြစ် မြင်တွေ့ရတော့မယ်လို့ ယုံကြည်မိပါတယ်။

နောက်တစ်ယောက် ကျွန်တော်ရဲ့ စတုတ္ထမြောက် စာပေရောင်းရင်းကတော့ ဒီနေ့ လစဉ်ထုတ် မဂ္ဂဇင်းတွေ အတော်များများမှာ မကြာခဏ တွေ့နေကြရတဲ့ ဆရာဩပါပဲ။ ရုတ်တရက် ကြားလိုက်ရရင် သူ့ကလောင်





နာမည်ကြောင့် ဘုန်းကြီးတစ်ပါးလို့ ထင်ရပေမယ့် ဇနီးမယား သားသမီးနဲ့ စီးပွားရှာနေတဲ့ လူစင်စစ်ပါ။ သူ့အသက်မွေးဝမ်းကျောင်းနေတဲ့ ဆေးဆိုင်ကြီးအကြောင်းပြုပြီး ကလောင်နာမည် 'ကိုဩ' ဖြစ်လာရတာပါ။ သူ့ကို ကျွန်တော်က 'မုံရွာမြသန်းတင့်'လို့ အမည်ပေးထားပါတယ်။ ဘာကြောင့်လဲဆိုတော့ စာရေးရာမှာ အင်မတန် လက်သွက်လွန်းလို့ပါ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်တော် မုံရွာကအပြန် ကိုဩက 'ကျွန်တော် ရန်ကုန်က မဂ္ဂဇင်းတိုက်တွေ ပို့ထားတဲ့ စာမူတွေ ဘယ်အခြေအနေရှိတယ်ဆိုတာ စုံစမ်းပေးစမ်းပါဆရာ'ဆိုပြီး မဂ္ဂဇင်းတိုက် ၁၅-တိုက်လောက်ကို သူပို့ထားတဲ့ စာမူတွေ စာရင်းလုပ်ပြီး ပေးလိုက်ပါတယ်။ စာမူတွေပို့ထားတဲ့ နေ့စွဲရက်စွဲတွေပါ အတိအကျ ဖော်ပြထားတာမို့ သူ့စာမူ စာရင်းကို သေသေချာချာ စစ်ကြည့်လိုက်တော့ အားပါးပါး နှစ်လအတွင်း သူရေးပို့ထားတဲ့ စာမူပေါင်း ၃၇-ပုဒ် ရှိနေတာကို တွေ့ရပါတယ်။ ဒါလောက် ရေးအားကောင်းလွန်းလို့လည်း ကိုဩရဲ့ စာမူတွေဟာ တစ်လမှာ အနည်းဆုံး မဂ္ဂဇင်း လေးငါးစောင်မှာ ပုံမှန်ပါနေတာတွေ့ရပါတယ်။

မုံရွာတစ်လျှောက် ရွှာမိုးကိုးပေါက်

ဒီတစ်ခေါက်က စာရေးရင်းနဲ့ မုံရွာမှာ တစ်လကျော်ကျော် နေခဲ့ရာက အခါသင့်လို့ အခွင့်ကြုံရင် ကြုံသလို မုံရွာအနီးအနား တစ်လျှောက် ရွှာမိုးကိုးပေါက်ကို ရောက်အောင်သွားခဲ့ပါသေးတယ်။ ဂျပန်ခေတ်က ကြောခဏ ကျွန်တော်ဖြတ်သွားဖြတ်လာသွားရောက် စားသောက်ခဲ့ဖူးတဲ့ လယ်ဇင်းရွာကို အလည်သွားခဲ့သလို ချင်းတွင်း ရေကြည်၊ ပန်းချီဆရာတွေ အောက်ဒိုးထွက်ခဲ့ကြတဲ့ ကျောက်မျက်တောင်နဲ့ ခိုးသန်းရွာကိုလည်း ဘကြူတာ လိုက်ခဲ့ရပါသေးတယ်။ ချင်းတွင်းရေကြည် ပန်းချီအဖွဲ့ဟာ ရန်ကုန်မှာ ပန်းချီပြပွဲ သုံးလေး ကြိမ်လောက် ဆင်းပြီး ခင်းကျင်းပြသခဲ့ကြပြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူတို့နဲ့အတူ 'အောက်ဒိုး'ထွက်ရာ လိုက်ကြည့်တော့မှ ပတ်ဝန်းကျင် ရှုခင်းတွေကို လျှပ်တစ်ပြက်အတွင်း နိုင်နိုင်နင်းနင်း ရေးဆွဲနိုင်ကြတဲ့ သူတို့ တစ်တွေရဲ့ ရေဆေးလက်ရာတွေကို အံ့ဩစရာ၊ ချီးမွမ်းစရာ၊ မြင်ခဲ့တွေ့ခဲ့ရ ပါတယ်။

အဲဒါအပြင် မုံရွာတစ်ခွင်မှာ ထင်ရှားကျော်ကြားလှတဲ့ ဇေတဝန် တစ်ထောင် ဆရာတော်ဘုရားကိုလည်း သွားရောက်ဖူးမြော်ခဲ့ရပြီး မြန်မာ နိုင်ငံမှာ အကြီးဆုံးနဲ့ အကျယ်ဆုံးလို့ဆိုနိုင်တဲ့ မုံရွာ ဘိုးဘွားရိပ်သာကိုလည်း တစ်ခေါက်တစ်ခါ ရောက်ခဲ့ရပါသေးတယ်။ ဘိုးဘွားရိပ်သာ စောင့်ရှောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ညွန့်နဲ့တွဲဖက် အတွင်းရေးမှူး ဦးကျော်သက်ခိုင် တို့ရဲ့ မေတ္တာရပ်ခံချက်အရ အဲဒီနေ့က ဘိုးဘွားရိပ်သာမှာ အဘိုးအဘွား ၆၀ ကျော် ၇၀ လောက်ကို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသေးတယ်။ အဲဒီကမှ တစ်ခါ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးလှတဲ့ မိတ်ဆွေကြီး ဦးစိန်မောင် (ရွှေတောင်ချည်စက်)ရဲ့ ဖိတ်ကြားချက်အရ ကျောက်စစ်ပုံရွာ မြောက်ရွာ အောင်မင်္ဂလာ ယွန်းကျောင်းတိုက်က ဆရာတော် ဦးဇယန္တ (သက်တော် ၉၀)ရဲ့ မွေးနေ့မင်္ဂလာ ပူဇော်ကန်တော့ပွဲကိုလည်း တက် ရောက် ကြည်ညိုခဲ့ရပါသေးတယ်။

## မုံရွာက 'ဝုန်-ယုန် ဂိုဏ်း'

ကျွန်တော် မုံရွာမှာ တစ်လကျော်ကျော် နေထိုင်တည်းခိုပြီး စာရေးခဲ့တဲ့ နေရာကတော့ ဆူးလေကုန်းရပ်က မိဂဒါဝုန်ကျောင်းတိုက်ပါပဲ။ မိဂဒါဝုန်ဆရာတော် ဦးဝါယမိန္ဒကိုယ်တိုင်က တရားဓမ္မ စာပေများနဲ့ ဇေတဝန် တစ်ထောင်ဆရာတော်ရဲ့ ထေရုပတ္တိ စာအုပ်ကြီးကို ရေးသားပြုစုခဲ့တဲ့ စာပေပညာရှင်တစ်ဦးမို့ ဆရာတော်ရဲ့ကျေးဇူးနဲ့ အစစအဆင်ပြေခဲ့ပါ တယ်။ ဘယ်လောက်များ အဆင်ပြေခဲ့သလဲဆိုတော့ မိဂဒါဝုန်မှာ လင်းယုန်မောင်မောင် စာရေးနေတဲ့အတွက် မုံရွာစာပေသမားများက 'ဝုန်-





ယုန်ဂိုဏ်း' ဖွဲ့လိုက်ပြီလို့တောင် နောက်ပြောင်ပြောဆိုခဲ့ကြပါတယ်။ ကျွန် တော်ကလည်း ဒီအချက်ကို ထောက်ခံတဲ့ အနေနဲ့ မုံရွာက ပြန်ခါနီး တစ်ရက်မှာ အဲဒီ စာပေသမားများကို မိဂဒါဝုန်ကျောင်းတိုက်မှာ ခေါ်ကျွေး ပြီး မနက်စာ ကျွေးမွေးဧည့်ခံခဲ့ပါသေးတယ်။

ဒီလထဲမှာပဲ ပန်းချီဆရာ မောင်လေးအောင် (ဘိုတလေး)က စာရေးဆရာကြီး ဆရာတက်တိုး အသက်(၈၀)ပြည့် အမှတ်တရ အနေနဲ့ ဆရာ့ရဲ့ ပုံတူ ပန်းချီကားကြီးတစ်ကားကို ရေးဆွဲပေးအပ် ပူဇော်ကန်တော့ပွဲ ပြုခဲ့ပါတယ်။ ပန်းချီကား ပေးအပ်ပူဇော်ကန်တော့တဲ့ နေ့မှာ ကိုယ်တိုင် မရောက်နိုင်ခဲ့သော်လည်း ဆရာတက်တိုးကို မောင်လေးအောင်နဲ့အတူ ပူဇော်ကန်တော့ ကုသိုလ်ယူတဲ့အနေနဲ့ ရွှာရိုးကိုးပေါက်ကနေ မှတ်တမ်း ပြုလိုက်ရပါတယ်။

မောင်လေးအောင်က အနုပညာရှင်ကြီးများကို အမှတ်တရ ပုံတူပန်းချီကားကြီးများ ရေးဆွဲပူဇော်ကန်တော့ခဲ့တာဆိုရင် သုံးကြိမ်မြောက် ခဲ့ပါပြီ။ ပထမဆုံး ဆရာ ဒဂုန်တာရာ၊ ဒုတိယ ဆရာဇော်ဂျီတို့ ပုံတူများကို ရေးဆွဲကန်တော့ခဲ့တာဖြစ်ပါတယ်။ သူဟာ အသက်ငယ်ရွယ်သေးသော် လည်း လက်ရာကောင်း ပန်းချီ ဆရာတစ်ဦးဖြစ်ကြောင်း ဆရာတက်တိုးရဲ့ ပုံတူကလေးက သက်သေခံနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပေါင်းသင်းဆက်ဆံရေး သတ္တဝါ

ဒီတစ်လ 'ရွာရိုးကိုးပေါက်'မှာတော့ သမိုင်းဝင် ထင်ရှားတဲ့ ဒဿနိက ဗေဒပညာရှင် အဘိဓမ္မာဆရာကြီး ပလေတိုရဲ့ အဆိုအမိန့် စကားတစ်ခွန်းနဲ့ ဒီဆောင်းပါးကို ညွှန်းလိုက်ချင်ပါတယ်။အဲဒီစကားက တော့ တခြားမဟုတ်ပါဘူး။ (Man is Social Animal) ဆိုတဲ့ စကားပါပဲ။

ဆရာကြီးပလေတို ပြောကြားခဲ့တဲ့ 'လူသည်ပေါင်းသင်း ဆက်ဆံရေးသတ္တဝါ' ဖြစ်သည်ဆိုတဲ့ အဲဒီစကားဟာ တခြားလူတွေအတွက်တော့ မပြောတတ်ဘူး။ ကျွန်တော့်အတွက်တော့ 'ဒက်ထိ'မှန်နေပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူ့ဘဝမှာ လူရယ်လို့ဖြစ်လာခဲ့တဲ့ ကျွန်တော်ဟာ လူမှန်းသိတတ်တဲ့ အရွယ်ကစပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ ပေါင်းသင်းဆက်ဆံရေးကို အမြဲတမ်း ဦးစားပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ကျောင်းသားသမဂ္ဂ၊ တို့ဗမာအစည်းအရုံး၊ အာရှလူငယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်စတဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်လှုပ်ရှားခဲ့ရာက အခု စာရေးဆရာရယ်လို့ ဖြစ်လာတဲ့ ဒီနေ့အချိန်အထိ စာပေအဖွဲ့အစည်းတွေ စာပေလှုပ်ရှားမှုတွေမှာ စိတ်ပါလက်ပါ သွားလာ ဆောင်ရွက်နေတာဖြစ်ပါတယ်။

မှန်ပါတယ်။ ကျွန်တော်ဟာ ဒီနေ့ စာရေးတဲ့ အလုပ်တစ်ခုတည်းနဲ့ ရပ်တည်နေတဲ့ စာရေးဆရာ စာပေဝန်ထမ်းတစ်ဦးပါ။ ဒါပေမယ့် အချိန်ရှိသရွေ့ နေ့ရှိသရွေ့ စာပေချည်း ထိုင်ရေးနေတာ မဟုတ်ပါဘူး။





'ပေါင်းသင်း ဆက်ဆံရေးသတ္တဝါ' (Social Animal)ပီပီ ကျွန်တော်နဲ့ နီးစပ်ပတ်သက်တဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက အပေါင်းအသင်းတွေနဲ့ အမြဲတမ်း ထိတွေ့ဆက်ဆံပြီး သူတို့ရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေမှာ အခါသင့်ရင် သင့်သလို၊ အခွင့်သာရင် သာသလို၊ သွားလာ လုပ်ကိုင် ကူညီဆောင်ရွက်လေ့ ရှိပါတယ်။

တကယ်တော့ ကျွန်တော်ရေးနေတဲ့ 'ရွာရိုးကိုးပေါက်' ဆောင်းပါးတွေဟာ အဲဒီလို ကျွန်တော့်ရဲ့ ပေါင်းသင်းဆက်ဆံရေးနဲ့ သာရေး နာရေး လူမှုရေး ကိစ္စအဝဝတွေကို အကြောင်းပြုပြီး စာနဲ့ပေနဲ့ မှတ်တမ်းတင်နေတာပါပဲ။ 'ရွာရိုးကိုးပေါက်'ဆိုတဲ့ ခေါင်းစဉ်အတိုင်း အကြောင်းအမျိုးမျိုးကို အကြောင်းပြုပြီး ကျွန်တော် သွားခဲ့လာခဲ့ ရောက်ခဲ့ ပေါက်ခဲ့တဲ့ နေရာဒေသတွေ ကြုံခဲ့ဆုံခဲ့ရတဲ့ ပုဂ္ဂိုလ်တွေနဲ့ မြင်ခဲ့တွေ့ခဲ့ ကြားခဲ့ သိခဲ့ရတဲ့ စာပေ အနုပညာဆိုင်ရာ အတွေ့အကြုံဗဟုသုတ အဖုံဖုံကို အမှတ်တရပြန်လည် ဘင်ပြခဲ့တာဖြစ်ပါတယ်။

### ၂၅နှစ်သားအရွယ် မိုးကျာနယ်

ခြေထောက်မှာ ဇွေပေါက်ပြီး လစဉ်လတိုင်းလိုလို ခရီး ထွက်ပြီး ရင်းထွက်နေတဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ နောက်ပိုင်းကစပြီး ခတ်လတစ်လလုံးလုံး ဘယ်မြို့ဘယ်ရွာကိုမှ မသွားဖြစ် မလာဖြစ်တော့ဘဲ ရန်ကုန်မှာပဲ တစ်လကျော်ကျော် နေခဲ့ရပါတယ်။ ဒီအတောအတွင်း မဂ္ဂဇင်းဆောင်းပါး တိုတိုထွာထွာ ရှည်ရှည်လျားလျားတွေကိုပဲ အကြောင်းအားလျော်စွာ ရေးရင်းသားရင်း အပျင်းဖြေနေခဲ့ရပါတယ်။

ဒါပေမယ့် အဲဒီလို ဘယ်မြို့ဘယ်ရွာမှ မသွားရမလာရဘဲ ရန်ကုန်မှာ နေရင်းထိုင်ရင်း အဲဒီတစ်လကျော်အတွင်း 'ရွာရိုးကိုးပေါက်' အတွက် ရေးစရာတွေကတော့ အလျှိုလျှိုနဲ့ အလိုအလျောက် ပေါ်ပေါက်လာတာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဆရာကြီးပလေတိုရဲ့ အဆိုအမိန့်



www.burmeseclassic.com

www.burmeseclassic.com



အရ 'ပေါင်းသင်းဆက်ဆံရေးသတ္တဝါတစ်ကောင်' ဖြစ်နေတဲ့ ကျွန်တော်ဟာ ရန်ကုန်မှာပဲ နေနေရပေမယ့် အိမ်ထဲမှာချည်းနေတာ မဟုတ်ဘဲ ကျွန်တော်နဲ့ ပတ်သက်ရာပတ်သက်ကြောင်း အပေါင်းအသင်းတွေရဲ့ သာရေးနာရေး ဘာရေးညာရေးဆိုတဲ့ လူမှုရေး ကိစ္စဝိစ္စတွေအတွက် ဟိုဟိုသည်သည် သွားခဲ့လာခဲ့ ရောက်ခဲ့ ပေါက်ခဲ့ရတာမို့ 'ရွာရိုးကိုးပေါက်'အတွက် ရေးစရာတွေက အထူးအထွေ ရှာနေစရာ မလိုပါဘူး။ အလိုအလျောက် အော်တိုမက်တစ် ဖြစ်လာနေတာပါပဲ။

အဲဒီအထဲက ဒီလအတွက် ပထမဆုံး တင်ပြချင်တာကတော့ မိုးဂျာနယ်ရဲ့ နှစ်နှစ်မြောက် အထိမ်းအမှတ် 'ပွဲကလေး'ပါပဲ။ 'ပွဲကလေး' ဆိုတဲ့အတိုင်း ပရိသတ်များများစားစားနဲ့ ကြီးကျယ်ခမ်းနားတဲ့ ပွဲမဟုတ်ပါဘူး။ မိုးဂျာနယ်ကို ဦးစီးထုတ်ဝေတဲ့ သခင်အောင်ဖေတို့ မိသားစုနဲ့ မိုးဂျာနယ်အယ်ဒီတာအဖွဲ့ဝင်တွေ၊ မိုးဂျာနယ်မှာ ပါဝင်ရေးသားနေကြတဲ့ စာရေးဆရာ လေးငါးယောက်လောက်ပဲ နည်းနည်းနဲ့ကျဲကျဲ ဝိုင်းခဲ့ကြတဲ့ အထိမ်းအမှတ်ပွဲကလေးပါပဲ။

ဘာပဲဖြစ်ဖြစ် ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလက စတင်ထုတ်ဝေခဲ့တဲ့ မိုးဂျာနယ်ရဲ့ သက်တမ်းဟာ ဘာလိုလိုနဲ့ ၂နှစ်ပြည့်ခဲ့ပါပြီ။ တစ်နှစ်ကျော် တစ်နှစ်ခွဲနီးပါးလောက် 'အရှုံးနဲ့ နပန်းလုံးပြီး ကုန်းရုန်းကြိုးစားလာခဲ့ရာက နှစ်နှစ်သားအရွယ်ရောက်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်စပြုလာပြီဖြစ်တဲ့ မိုးဂျာနယ်ဟာ မကြာခင် မတ်တပ်ပြေးပြီး တဖြည်းဖြည်းနဲ့ အရွယ်ရောက်လို့လူလား မြောက်လာပါတော့မယ်။ အထူးသဖြင့် မရှောင်သာမလွှဲသာတဲ့ အမျိုးမျိုးသော အခက်အခဲတွေကြားထဲက ရုန်းကန်ကြိုးစားနေကြရတဲ့ ဒီနေ့ မဂ္ဂဇင်းလောကမှာ ထုတ်ရင်းလုပ်ရင်းနဲ့ ငုပ်တဲ့မဂ္ဂဇင်းကငုပ်၊ ပြုတ်တဲ့မဂ္ဂဇင်းကပြုတ် သွားကြတာမို့ မငုပ်မပြုတ်ဘဲ ၂နှစ် မြောက်တဲ့အထိ လစဉ် အချိန်မှန်ပုံမှန် ထုတ်ဝေလာနိုင်ခဲ့တာဟာ





အံ့ဩစရာလို့ မဆိုနိုင်ပေမယ့် အားရကျေနပ်စရာ ကောင်းလှပါတယ်။

ဒါကြောင့် မူလကတည်းက ငွေရေးကြေးရေး အမြတ်အစွန်းကို မမျှော်လင့်ဘဲ စာပေစိတ်ဓါတ်ကို အရင်းခံပြီး မိုးဂျာနယ်ကို တည်ထောင်ထုတ်ဝေလာခဲ့တဲ့ သခင်အောင်ဖေအနေနဲ့ အခု ရရှိထားတဲ့ စာရေးဆရာနဲ့ အယ်ဒီတာ၊ အယ်ဒီတာနဲ့ ထုတ်ဝေသူတို့ရဲ့ သုံးဦး သုံးဖလှယ် နားလည်သည်းခံ ခွင့်လွှတ်မှုကို အခြေခံပြီး စုပေါင်းညီညာ အောင်ကြောင်းပြုသို့ မိုးဂျာနယ်စောင်ရေ တိုးတာနဲ့အမျှ စာရေးဆရာတွေကိုလည်း စာမူခနှစ်ဆတိုးပြီး ချီးမြှင့်နိုင်ပါ စေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

**ပန်းချီရွှေစိုးဟန် အဝတ်တစ်ထည်တည်းသာကျန်**

မိုးဂျာနယ် ၂နှစ်မြောက် အထိမ်းအမှတ်ပွဲကလေးကို ဆင်နွှဲပြီးတဲ့နောက် ဒုတိယမြောက် ကျွန်တော် တက်ရောက်ခဲ့ရတာကတော့ ပန်းချီရွှေစိုးဟန်ရဲ့ သားဦးရတနာ 'မောင်လဝန်းယံ'ရဲ့ ၅နှစ်မြောက် မွေးနေ့မင်္ဂလာပါပဲ။

ရွှေစိုးဟန်ဆိုတာကတော့ အားလုံးသိကြတဲ့အတိုင်း ဒီနေ့ မဂ္ဂဇင်းလောကမှာ တသီးတခြား ထင်ရှားနေတဲ့ လူငယ်ပန်းချီဆရာ တစ်ယောက်ပါပဲ။ ကွယ်လွန်သူ ပန်းချီအောင်စိုးဆီမှာ နှစ်ပေါင်းများစွာ သားတပည့်အဖြစ်နဲ့ ပညာရည်နို့ သောက်စို့ခဲ့ပြီး အခုတော့ ကိုယ်ပိုင်ပန်းချီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းရင်း သူ့ရဲ့ ထူးခြားတဲ့ စုတ်ချက်နဲ့ ဆန်းသစ်တဲ့ လက်ရာတွေကြောင့် အောင်မြင်ကျော်ကြားတဲ့ ပန်းချီဆရာတစ်ယောက် ဖြစ်နေပါပြီ။ ကျွန်တော်နဲ့ ရွှေဂုံတိုင်ရပ်ကွက်မှာ တစ်ရပ်တည်းသား ထုလိုသားလို ခင်မင်ရင်းနှီးခဲ့တာ ၁၀နှစ် ၁၅နှစ် လောက်ရှိပါပြီ။ သူ့ပန်းချီလက်ရာတွေဟာ အများနဲ့မတူ တမူထူးခြားပြီး မြန်မာ့ရိုးရာကို ခေတ်ဆန်ဆန်မော်ဒန်နည်းနဲ့ ပေါင်းစပ်ထားတာမို့ တစ်ကိုယ်တော် ပန်းချီပြပွဲတစ်ခု ခင်းကျင်းဖို့ ကျွန်တော်က အကြံပေးတိုက်တွန်းထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီရွှေစိုးဟန်ရဲ့ စိတ်ကူးဉာဏ်နဲ့ လက်ရာဟာ ဘယ်လောက် ဆန်းသစ်သလဲဆိုတာ သူ့သားကလေး 'လဝန်းယံ'ရဲ့ မွေးနေ့မင်္ဂလာ ဖိတ်စာကို ကြည့်ရုံနဲ့ သိနိုင်ပါတယ်။ အဲဒီမွေးနေ့ဖိတ်စာကိုက တခြားဖိတ်စာတွေလို ရိုးရိုးမဟုတ်ဘဲ 'ဇာတာ'ပုံစံမျိုးနဲ့ ဒီဇိုင်းဆွဲပြီး ဆေးဆိုးပန်းရိုက်နည်းနဲ့ ရိုက်ထားတာ တွေ့ရပါတယ်။ ရုတ် တရက်ကြည့်လိုက်ရင် ဖိတ်စာလို့ မထင်ရဘဲ 'ဇာတာ'တစ်စောင်လို့ ထင်ရအောင် ဆန်းသစ်တီထွင်ထားတဲ့ ရွှေစိုးဟန်ရဲ့ စိတ်ကူးဉာဏ်ဟာ တကယ်ချီးကျူးစရာပါပဲ။

အဲဒီ ရွှေစိုးဟန်ရဲ့ သားကလေး မွေးနေ့မှာ ပန်းချီမောင်ညိုဝင်း၊ ပန်းချီခင်မောင်ဘဲသောင်းစတဲ့ လူငယ်လူရွယ် ပန်းချီဆရာတွေနဲ့ မေတ္တာမိုး ပုံနှိပ်တိုက်ပိုင်ရှင် ကွယ်လွန်သူ ဦးစိုးနိုင်ရဲ့သား မောင်မောင်နိုင်၊ ထွန်းဆိုင် ဘလောက်တိုက်ပိုင်ရှင် ထွန်းဆိုင်ကြီးစတဲ့ ပုံနှိပ်လောကသားတွေနဲ့ ပျော်ပျော်ပါးပါး ဆုံတွေ့ခဲ့ရပေမယ့် အလှူ့ဒါယကာ ပန်းချီရွှေစိုးဟန်နဲ့ ပတ်သက်လို့ စိတ်မကောင်းစရာ သတင်းတစ်ခုကြောင့် အားလုံးမျက်စေ့မျက်နှာ မသာမယာဖြစ်ခဲ့ကြ ရပါတယ်။ အဲဒီသတင်းကတော့ တခြားမဟုတ်ပါဘူး။ မွေးနေ့ အလှူမတိုင်ခင် နှစ်ရက်က မြို့ထဲကို ချက်ဖို့ပြုတ်ဖို့ ဈေးဝယ်ထွက်ကြရင်း ရွှေဂုံတိုင်က ယောက္ခမအိမ်မှာ ရွှေစိုးဟန်တို့မိသားစု ညအိပ်ခဲ့ကြရာက အဲဒီညမှာပဲ ရွှေစိုးဟန်ရဲ့ သင်္ဃန်းကျွန်း၊ ကြီးပွားရေး ရပ်ကွက်က အိမ်ကို သူခိုးဝင်ခိုးသွားလို့ အိမ်မှာ ရှိသမျှ ကက်ဆက်နဲ့ ပစ္စည်းအားလုံး အဝတ်အစားတွေပါ မကျန်အောင် တက်တက် ပြောင်သွားခဲ့လို့ပါပဲ။

အဲဒီလို ပြောင်တလင်းခါအောင် သူခိုးခိုးခံရလို့ ရွှေစိုးဟန်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုပဲ ကျန်ခဲ့တယ်လို့ သိရပါတယ်။ ဒါနဲ့ အညာ ခလေ့ ထုံးစံအတိုင်း မကျန်းမမာဖြစ်နေတဲ့ လူကို စားစရာ ခါတ်စာတွေနဲ့ 'လူမမာမေး'ကြ၊ မီးလောင်ခံရတဲ့ အိမ်ကို အိမ်သုံး ပစ္စည်းတစ်ခုခုနဲ့ 'မီးမေး' ကြသလို သူခိုးခိုးခံရလို့ အဝတ် တစ်ထည်ကိုယ်တစ်ခုနဲ့ ကျန်ရစ်ခဲ့ရှာတဲ့





ပန်းချီရွှေစိုးဟန်ကိုလည်း အညာယဉ်ကျေးမှုအရ ပုဆိုးတစ်ထည်ပေးပြီး သူခိုးမေးခဲ့ရပါသေးတယ်။ ပေါင်းသင်းဆက်ဆံရေးသတ္တဝါစီစီ အပေါင်း အသင်းတွေကို ဒီလိုပဲ ကူညီရတာပေါ့ဗျာ။

**ယနေ့တိုင် မမေ့နိုင်**

အဲဒီလို အပေါင်းအသင်းတွေရဲ့ သာရေး နာရေး လူမှုရေးတွေနဲ့ ပတ်သက်ပြီး ဒီတစ်လအတွင်း ကျွန်တော် ရောက်ခဲ့ရတဲ့ တခြားနေရာတွေ ကတော့ ကွယ်လွန်သူ မလေးလုံနဲ့ စိန်ခင်မောင်ရီတို့ရဲ့ နှစ်ပတ်လည် အလှူအတန်း အခမ်းအနားတွေပါပဲ။

၁၉၈၅ခုနှစ်ကစပြီး ဒီနေ့အထိ ၈နှစ်တိုင်တိုင်အောင်မြင်စွာ ထုတ်ဝေဖြန့်ချိနေတဲ့ လုံမလေးမဂ္ဂဇင်းရဲ့ အယ်ဒီတာချုပ်၊ ထုတ်ဝေသူ စာရေးဆရာမ မလေးလုံတာ ၁၉၉၁ခု ဖေဖော်ဝါရီလ ၂၈ရက်နေ့က ကွယ်လွန် အနိစ္စရောက်သွားခဲ့ရှာတာမို့ ဒီနှစ် ၁၉၉၃ ခု ဖေဖော်ဝါရီလ ၂၈ရက်နေ့မှာ ကျန်ရစ်သူမိသားစုက ၂-နှစ်မြောက် ဆွမ်းသွပ်အောက်မေ့ တဲ့ အထိမ်းအမှတ်နဲ့ ဆုတောင်းဝတ်ပြု ညှော်ခံကျွေးမွေးမှုများ ပြုလုပ်ခဲ့ကြ ပါတယ်။

ကျွန်တော်ဟာ မလေးလုံနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀လောက်က တည်းက စာပေနယ်မှာ မောင်နှမ အရင်းအချာလို ရင်းနှီးခင်မင်လာခဲ့ပြီး လုံမလေးမဂ္ဂဇင်းမှာ အတိုင်ပင်ခံအယ်ဒီတာအဖြစ် သုံးနှစ်ကျော်ကျော် ဆောင်ရွက်လာခဲ့ပေမယ့် မလေးလုံ ကွယ်လွန်တဲ့အချိန်က အထက်အညာ နှီးလွန်နေလို့ သူ့ရှာပနကို မပို့လိုက်ရဘဲ ဖြစ်ခဲ့ပါတယ်။ နောက်တစ်ခါ မနှစ်က မလေးလုံ ကွယ်လွန်ခဲ့တဲ့ တစ်နှစ်မြောက်နေ့မှာလည်း မိတ္ထီလာ ရောက်နေလို့ ဆုတောင်းဝတ်ပြုပွဲနဲ့ လွဲခဲ့ရပြန်ပါတယ်။ ဒီနှစ်မှပဲ ၂-နှစ် မြောက် ကွယ်လွန်တဲ့ အထိမ်းအမှတ်ပွဲကို အမှတ်တရ တက်ရောက်ခဲ့ရပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com



မရောက်တာ တစ်နှစ်ကျော်နှစ်နှစ်နီးပါး ကြာပြီဖြစ်တဲ့ မလေးလုံတို့ မိသားစုနေထိုင်ရာ သန့်စင်မြိုင်ခြံကြီးကို အဲဒီနေ့က ရောက်သွားတော့ လွန်ခဲ့တဲ့ ၆နှစ်ကျော် ၇နှစ်လောက်က လုံမလေး မဂ္ဂဇင်းကိစ္စအဝဝနဲ့ ဒီခြံကြီးကို ခဏခဏ မကြာမကြာ ရောက်ခဲ့ရတာကို ပြန်လည်သတိရပြီး နှလုံးစိတ်ဝမ်း ချမ်းမြေ့စရာကောင်းလှတဲ့ မလေးလုံရဲ့မျက်နှာကို အမှတ်ထင်ထင်နဲ့ မြင်ယောင်လာမိပါတယ်။ တစ်ချိန်တည်းမှာပဲ အဲဒီနေ့က စုံစုံညီညီရောက်ရှိလာခဲ့ကြတဲ့ စာရေးဆရာ၊ စာရေးဆရာမတွေ၊ အယ်ဒီတာတွေ၊ ပန်းချီဆရာ၊ ကာတွန်းဆရာစတဲ့ အနုပညာရှင်များကို စည်စည်ကားကားတွေ့ခဲ့ရသလို အသက် ၇၀ကျော် ၈၀ကျော် အရွယ်ရောက်နေကြပေမယ့် ဒီနေ့အထိ မဂ္ဂဇင်းတွေမှာ လစဉ်မပျက် စာကောင်းစာမွန်တွေကို ရေးနေကြဆဲဖြစ်တဲ့ ဆရာမောင်ထင်နဲ့ ဆရာတက်တိုးတို့လို စာပေအဘိုးကြီးများကို ကျန်းမာရွှင်လန်းစွာ တွေ့ခဲ့ရလို့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။

အဲဒီနောက် မတ်လ ၇ ရက်နေ့မှာတော့ စိန်ခင်မောင်ရီ ကွယ်လွန်တဲ့ တစ်နှစ်မြောက် ဆွမ်းကျွေးပွဲကို ရောက်ခဲ့ရပါတယ်။ အဲဒီမှာတော့ စိန်ခင်မောင်ရီရဲ့ ဦးလေး ဆရာဦးခင်မောင်လတ်နဲ့ လုပ်ဖော်ကိုင်ဖက် သတင်းထောက်တွေ၊ သတင်းစာအယ်ဒီတာတွေ စုံစုံလင်လင် တွေ့ခဲ့ရပါတယ်။ ကျွန်တော်ရောက်သွားပြီး မကြာခင် ရွှေဆင့်နောက်ဆင့်ဆိုသလို ကလျာမဂ္ဂဇင်းက အယ်ဒီတာ ကဗျာဆရာ မောင်သက်ကြူလည်း ရောက်လာပါတယ်။ ကျွန်တော်နဲ့ မောင်သက်ကြူတို့ဟာ စိန်ခင်မောင်ရီနဲ့အတူ [illegible] သူမကွယ်လွန်မီ သုံးလေးလက ဖားအံစာပေ ဟောပြောပွဲသွားကြရင်း ဒီနေ့ နိုင်ငံနဲ့ အဝန်း အကျော်ဒေးယျဖြစ်နေတဲ့ သာမညဆရာတော်ကို အမှတ်တရ သွားရောက် ဖူးမြော်ခဲ့ကြတဲ့အကြောင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောခဲ့ကြပါသေးတယ်။





တပင်တိုင် ဗွီဒီယို မင်းသား

မြန်မာနိုင်ငံမှာ ဗွီဒီယိုဆိုတဲ့ ဝေါဟာရနဲ့အတူ ဗွီဒီယိုကားတွေ ခေတ်စားလာတာ ၁၀နှစ်လောက်တော့ ရှိပြီထင်တယ်။ ဒီ အတောအတွင်း ကျွန်တော်ကိုယ်တိုင်လည်း မင်္ဂလာဆောင်တွေ ဧည့်ခံပွဲတွေမှာ အမှား ပရိသတ်နဲ့ ရောပြီး မကြာခဏ ဗွီဒီယို အရိုက်ခံနေခဲ့ရပါတယ်။ အဲဒီထဲမှာ ထင်ထင်ရှားရှား အမှတ်တရ ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ ၅နှစ်ကျော် ၆နှစ် လောက်က အခု မိုးဂျာနယ် ထုတ်ဝေသူ သခင်အောင်ဖေရဲ့ စာရေးဆရာကြီးများနဲ့တွေ့ဆုံ ဧည့်ခံ ကန်တော့ပွဲမှာ ကျွန်တော်ဟာ အခမ်းအနားမှူး အဖြစ်နဲ့ ဆောင်ရွက်ရင်း ဗွီဒီယိုရိုက်ကွင်းမှာ ပါဝင်သရုပ်ဆောင်ခဲ့ရဖူးပါတယ်။ ဒါပေမယ့် အဲဒီဗွီဒီယိုတွေဟာ အများနဲ့မတူ ‘သောကော ရောဘော ဝိဏာသန္တု’တွေမို့ ကျွန်တော့်မှာ ဘာအိုက်တင်မှ မလုပ်ခဲ့ရပါဘူး။

ဒါပေမယ့် လွန်ခဲ့တဲ့ မတ်လ ၄ ရက်နေ့ကတော့ ကျွန်တော်ဟာ ဗွီဒီယို ကင်မရာရှေ့မှာ အိုက်တင်အပြည့်နဲ့ သရုပ်ဆောင်ခဲ့ရပါတယ်။ အဲဒီလို သရုပ်ဆောင်ခဲ့ရတဲ့ ဗွီဒီယိုကားမှာ ဇာတ်လမ်း ဇာတ်ကွက် လုံးဝ မပါသလို ဘယ်ဇာတ်မို့ဇာတ်ရံနဲ့ ဘယ်မင်းသမီးမှလည်း မပါပါဘူး။ မှန်ပါ တယ်၊ အဲဒီနေ့က ဗွီဒီယိုရိုက်ခဲ့ရာမှာ ကျွန်တော်ဟာ ‘မင်းသားတော့ မင်းသား’ပါပဲ။ ဒါပေမယ့် အချောက်တိုက် တစ်ယောက်တည်း သရုပ်ဆောင်ခဲ့ရတဲ့ ‘တစ်ပင်တိုင်မင်းသား’ ဖြစ်နေပါတယ်။ ရွှေရိုးကိုးပေါက် ပရိသတ်အတွက် မျက်စေ့မှောက်ပြီး နားရှုပ်မသွားအောင် တိုတိုရှင်းရှင်းနဲ့ လိုရင်းကို ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကျွန်တော့်ကို အဲဒီနေ့က ဗွီဒီယိုရိုက်ခဲ့တာဟာ ဝင်းတင်ဝင်းဦးစီးတဲ့ AV-Media ဗွီဒီယိုအဖွဲ့ရဲ့ အစီအစဉ်အရ မြန်မာနိုင်ငံတလွှားမှာ ထင်ရှားကျော်ကြားတဲ့ စာပေရုပ်ရှင် သဘင် ဂီတစတဲ့ အနုပညာရှင်တွေကို တစ်ယောက်ချင်းတွေ့ဆုံပြီး အစဉ်အလာ ရိုက်ကူးတဲ့ မှတ်တမ်းတင် ဗွီဒီယိုဖြစ်ပါတယ်။ Who's W[illegible] in



www.burmeseclassic.com

www.burmeseclassic.com



Myanmar လို့ အမည်ပေးထားတဲ့ အဲဒီမှတ်တမ်းတင် ဗွီဒီယို အခွေမှာ တခြားစာရေးဆရာတွေ အတော်များများကို ရိုက်ကူးပြီးခဲ့ပြီလို့ သိရပါတယ်။ ကျွန်တော်က အထက်အညာကို ခရီးသွားနေလို့ အခုမှ ဝင်းတင်ဝင်းတို့ ဗွီဒီယိုအဖွဲ့က ကိုအောင်ပွင့်နဲ့တွေ့ရပြီး အဲဒီနေ့က မှတ်တမ်းတင်ရိုက်ကူးခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော့်ကို အဲဒီလို မှတ်တမ်းတင်ဗွီဒီယိုရိုက်ကူးရာမှာ အချိန်အားဖြင့် စက္ကန့် ၆၀လောက်ပဲ ကြာမယ် ထင်ပါတယ်။ အဲဒီမှာ ဗွီဒီယိုကင်မရာကို တည့်တည့်ကြည့်ပြီး စာပေနဲ့ပတ်သက်လို့ ကိုယ်ပြောချင်တဲ့ စကားဆယ့်လေးငါးခွန်းလောက်ကို အိုက်တင်အပြည့်နဲ့ ပြောရပါတယ်။ ဒါပါပဲ။ ဘာမှ မကြာလိုက်ပါဘူး။ ဒါပေမယ့် ရေးတဲ့စာတွေကိုသာ ဖတ်ဖူးပြီး နာမည်ကိုသာ ကြားဖူးနေတဲ့ နာမည်ကျော် စာရေးဆရာတွေကို တစ်ထိုင်တည်းနဲ့ တစ်ယောက်ချင်း ဗွီဒီယို ဖန်သားပြင်ပေါ်မှာ အရှင်လတ်လတ် အနီးကပ် မြင်ရ တွေ့ရ ကြားရအောင် တီထွင်စီစဉ်လိုက်တဲ့ ဝင်းတင်ဝင်း ဗွီဒီယိုအဖွဲ့ရဲ့ မှတ်တမ်းတင် အခွေဟာ ရိုက်ကူးထုတ်လုပ်လို့ ပြီး[illegible] သွားတဲ့အခါမှာ ဇာတ်လမ်းရုပ်ရှင်ဗွီဒီယို ကားတွေထက် ပိုပြီးလူကြိုက်များ[illegible] ပါလိမ့်မယ်။

အဲဒီလို စာရေးဆရာတွေကို မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးတဲ့ ဝင်းတင်ဝင်းရဲ့ AV-Media ဗွီဒီယိုအဖွဲ့ဟာ အင်မတန် အဖိုးတန်လှတဲ့ တခြားမှတ်တမ်းတင် ဗွီဒီယိုကားတွေလည်း အတော်များများ ရိုက်ကူးထား ပြီးပြီလို့ သိရပါတယ်။ အဲဒီ မှတ်တမ်းတင် ဗွီဒီယိုကားတွေကတော့ The Land of Pagodas, Bagan, A Distant Glory-Dances of Myanmar Legend[illegible]ary, Myanmar 'Sunrise on Ayeyarwady စတဲ့ မြန်မာ့ယဉ်ကျေးမှု အနုပညာ ဆိုင်ရာ မှတ်တမ်း တင် ဗွီဒီယိုကားတွေပါပဲ။ ဒီကားတွေကို မြန်မာကျပ်[illegible] တစ်ခွေ ၉၀၀ကျပ် (အမေရိကန်ဒေါ်လာ ၂၀)နဲ့ ပြည်တွင်းပြည်ပကို ဖြန့်[illegible]





ရောင်းချနေတာမို့ ကိုယ်တိုင် မိသားစု ကြည့်ရှုဖို့ရော [illegible] ခွေမျိုးသားချင်းများအတွက် လက်ဆောင်ပေးဖို့ပါ ဝယ်သူ [illegible] တယ်။

**ကြော်ငြာခေတ်နှင့် ကြော်ငြာမဂ္ဂဇင်း**

ဘယ်မြို့ဘယ်ရွာမှ မသွားရမလာရဘဲ ဒီတစ်လအတွင်း ရန်ကုန်မှာ နေရင်းထိုင်ရင်းနဲ့ ရောက်ခဲ့ရတဲ့ 'ရွာရိုးကိုးပေါက်' [illegible] တစ်နေရာကတော့ မကြာခင် ထွက်လာဖို့ စီမံစိုင်းပြင်းနေတဲ့ မဂ္ဂဇင်း တစ်စောင် ဖွင့်ပွဲအခမ်းအနားပါပဲ။ ငုပ်တဲ့မဂ္ဂဇင်းကငုပ်၊ ပြုတ်တဲ့မဂ္ဂဇင်းက ပြုတ်နေကြတဲ့ ကြားထဲမှာ အကျိုးအမြတ်နဲ့ စာပေစိတ်ဓါတ်ကို [illegible] ပြီး ဝါသနာတူတဲ့ လူငယ်တစ်စုရဲ့ ကြိုးပမ်းမှု တစ်ခုအဖြစ် 'ကြော်ငြာ' ဆိုတဲ့ မဂ္ဂဇင်းတစ်စောင် တည်ထောင်ဖွင့် လှစ်တဲ့ အခမ်းအနားကို မတ်လ ၈ရက်နေ့က ကျွန်တော် ရောက်သွားခဲ့ပါတယ်။

'ကြော်ငြာ'မဂ္ဂဇင်းလို့ နာမည်ပေးထားတဲ့အတိုင်း ကြော်ငြာကို အဓိကထားပြီး စီးပွားရေးကို ဦးစားပေးမယ့် မဂ္ဂဇင်းမို့ အောင်မြင်ဖို့ အလားအလာ အများကြီး ရှိတယ်လို့ ယုံကြည်ပါတယ်။ အထူးသဖြင့် သာရေးနာရေး၊ လူမှုရေးနဲ့ စီးပွားရေးကအစ ဘာရေး ညာရေးပဲဖြစ်ဖြစ်၊ ကြော်ငြာကို အဓိကထားနေကြတဲ့ ခေတ်မှီအသစ် ထွက်လာမယ့် ကြော်ငြာမဂ္ဂဇင်းဟာ ကြိုးစားရင် ကြိုးစားသလောက် တည်တံ့ ခိုင်မြဲလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**တရုတ်ထီးမိုးဘုရားနှင့် ချင်းတွင်းမိသားစု**

ဒီလိုနဲ့ တစ်လကျော်ကျော်လောက် ရန်ကုန်မြို့က တစ်ဖဝါးမှ မသွားခဲ့ မလာခဲ့ရတဲ့ ကျွန်တော်ဟာ သွားမယ့်သွားတော့ မတ်လ ၁၉၊ ၂၀၊ ၂၁ရက်တွေမှာ ပဲခူးကတစ်ဆင့် စစ်တောင်းမြစ်ကို ကျော်ပြီး ကျိုက်ထီး ရိုးတောင်ပေါ် အထိ ရောက်သွားခဲ့ပါတယ်။ အဲဒီလို မမျှော်လင့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထီးရိုးကို ဘုရားဖူးသွားခဲ့ရတာဟာ ကျွန်တော့် အစီအစဉ်နဲ့ ကျွန်တော် သွားခဲ့တာ မဟုတ်ပါဘူး၊ 'ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု' ကျောင်းသားများက သူတို့ရဲ့ 'မောင်မယ်သစ်လွင် ကြိုဆိုပွဲ'နဲ့ မိတ်ဆုံစားပွဲကျင်းပဖို့ ကျိုက်ထီးရိုးဘုရားဖူး သွားကြရာမှာ သက်ကြီးရွယ်ကြီး မုံရွာသား စာရေးဆရာဖြစ်တဲ့ ကျွန်တော့်ကို တလေးတစား ဖိတ်ကြားကြလို့ ကျွန်တော်လည်း အပြေးအလွှားလိုက်သွားခဲ့တာ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစု ကျောင်းသားများဟာ နှစ်စဉ်နှစ်တိုင်း ကျောင်းသားသစ်များအတွက် မောင်မယ်သစ်လွင် ကြိုဆိုပွဲနဲ့ မိတ်ဆုံပွဲကို ကျင်းပခဲ့ကြတာ အစဉ်အလာ ဖြစ်နေပါပြီ။ ကျွန်တော်ဟာ ကျောင်းသားများရဲ့ အဲဒီ မိတ်ဆုံပျော်ပွဲစားခရီးထွက်ရာကို နှစ်တိုင်းလိုလို လူကြီးတစ်ယောက်အနေနဲ့ လိုက်ပါစောင့်ရှောက်ခဲ့တာ ၁၀နှစ်နီးပါး ရှိခဲ့ပါပြီ။ ဒါပေမယ့် အရင့် အရင်နှစ်တွေတုန်းက ပဲခူး၊ လှော်ကား၊ သာမုကန်၊ ဗောင်းတော်ချုပ်၊ သီလဝါဆည်စတဲ့ ရန်ကုန်မြို့နဲ့ မဝေးမနီး နေ့ချင်းပြန်ခရီးတွေကိုပဲ သွားခဲ့လာခဲ့ကြရာက ဒီနှစ်တော့ ကျိုက်ထီးရိုးခရီးကို နှစ်ညအိပ်ကြီးများတောင် သွားခဲ့ကြတာဟာ ပထမဆုံး အကြိမ်ပါပဲ။

အဲဒီလို ကျောင်းသူကျောင်းသား ၁၈၀ကျော် ၂၀၀နီးပါး၊ နှစ်ညအိပ်ကြီးများတောင် ခရီးသွားခဲ့ကြရာမှာ သွားရေးလာရေး စားရေးသောက်ရေး နေရေးထိုင်ရေးကအစ ဆောင်ရွက်ရတာ တကယ်ပြောရရင် မလွယ်ကြောပါပဲ။ ဒါပေမယ့် ဒီနှစ်အတွက် တာဝန်ယူကြရတဲ့ မောင်အေးသိန်း၊ ကိုကိုအောင်စတဲ့ အမှုဆောင် အသစ်တွေနဲ့ မောင်သန်းထွန်း မောင်ကျော်ကျော်အောင်စတဲ့ အမှုဆောင်ဟောင်းတွေရဲ့ စနစ်တကျ စီစဉ်ဆောင်ရွက်မှုတွေကြောင့် ချင်းတွင်းမိသားစုရဲ့ ကျိုက်ထီးရိုးခရီးစဉ်ဟာ အစစ အဆင်ပြေ အဆင်ချောခဲ့ပါတယ်။

လေးလင်းကားကြီး သုံးစီး၊ ဘီအမ်ကားလေး တစ်စီးနဲ့ ၁၉-၃-





၉၃. ရက်နေ့ မနက် ၆နာရီခွဲလောက် ရန်ကုန်တက္ကသိုလ် နယ်မြေက ထွက်ခွာလာခဲ့ကြပြီး ပဲခူး ရွှေမော်ဓောဘုရားနဲ့ ကျိုက်ထိုက ပေါင်းလောင်ရှင် ဘုရားတွေကို ဝင်ရောက်ဖူးမြော်ခဲ့ကြပါသေးတယ်။ နေ့ ၁၂နာရီလောက် ကျိုက်ထီးရိုးတောင်ခြေက ကင်ပွန်းစခန်းကို ရောက်ပြီး မနက်စာ စားကြရပါတယ်။ ကင်ပွန်းစခန်းမှာ တစ်ညအိပ်ဖို့ စီစဉ်ထားကြတာမို့ ညနေဘက်ကျတော့ ခြံကြီးတစ်ခြံထဲမှာ ပျော်ပွဲရွှင်ပွဲအဖြစ်နဲ့ (Games) ကစားကြပါတယ်။ အဲဒီမှာ ဂိမ်းမာစတာ (Game Master) လုပ်တဲ့ ကိုကိုအောင်ရဲ့ အာဝဇ္ဇန်း ကောင်းမှု၊ ဟာသမြောက်မှုနဲ့ အစီအစဉ်ကျနမှုတွေကြောင့် ကျောင်းသူ ကျောင်းသားအားလုံး ဂိမ်းကစားရာမှာ တဝါးဝါး တဟားဟားနဲ့ အရမ်းပျော်ခဲ့ ပါးခဲ့ကြပါတယ်။ အဲဒီပွဲမှာ ဒီနှစ်ဖရက်ရှာ ကျောင်းသားသစ်တွေထဲက 'ဘုရင်နဲ့ ဘုရင်မ' (King And Queen) ရွေးခဲ့ကြရာမှာ မောင်အောင်ကျော်ဇံ (ကွန်ပျူတာ)က, ကင်း၊ မခင်ဌေးနွယ် (အီကို)က ကွင်းအဖြစ် အရွေးခံကြရပါတယ်။

နောက်တစ်နေ့ မနက်စောစော ကျိုက်ထီးရိုးကုန်းတော်ပေါ်ကို တပျော်တပါးကြီး တက်ရောက်ဖူးမြော်ခဲ့ကြပြီး ညဘက် ကုန်းတော်ပေါ်မှာ ဆီမီးတစ်ထောင် ပူဇော်ခဲ့ကြတာမို့ ဒီခရီးမှာရခဲ့တဲ့ ကုသိုလ်တွေကတော့ တစ်ထမ်းကြီးပါပဲခင်ဗျား . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## ကျိုက်ထီးရိုးနှင့် ကျန်းမာရေး

အရင်လက မိုးကျွနယ်မှာ ရန်ကုန်တက္ကသိုလ် ချင်းတွင်း မိသားစု ကျောင်းသူ ကျောင်းသားတွေနဲ့အတူ ကျိုက်ထီးရိုးတောင်ပေါ် ဘုရားဖူး ရောက်ခဲ့တဲ့ အကြောင်းနဲ့ ရှာရိုးကိုးပေါက် ဆောင်းပါးကို အဆုံးသတ်ခဲ့တာ မိုးချစ်သူတွေ မှတ်မိကြပါလိမ့်မယ်။

အဲဒီ ရှာရိုးကိုးပေါက်ကိုဖတ်ပြီး ကျွန်တော့် အပေါင်းအသင်း ရောင်းရင်းတွေက "ဒီအသက်အရွယ်ကြီးကျမှ ကျိုက်ထီးရိုး တက်ရ သလား"လို့ စိုးရိမ်ပူပန်တဲ့စိတ်နဲ့ ပြောသူတွေက ပြောလာကြသလို . . . "ဒီအသက်ဒီအရွယ်ကြီးနဲ့ ကျိုက်ထီးရိုးတက်နိုင်သေးတယ်"ဆိုပြီး အံ့ဩ ကြပါတယ်၊ အဲဒီလို ပြောမယ်ဆိုလည်း ပြောစရာ၊ အံ့ဩမယ်ဆိုလည်း အံ့ဩစရာပါပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ပြောသလို ကျွန်တော့် အသက်ဟာ မငယ်တော့ပါဘူး။ ပြီးခဲ့တဲ့ ဧပြီလ ၇ရက်နေ့ကပဲ ကျွန်တော့် အသက်ဟာ ၆၈နှစ်ပြည့်လို့ ၆၉နှစ်ထဲ ရောက်လာခဲ့ပါပြီ၊ အဲဒီလို အသက် ၇၀နီးပါးရှိနေပြီဖြစ်တဲ့ ကျွန်တော့်လို သက်ကြီးရွယ်ကြီး တစ်ယောက် အနေနဲ့ တောင် ၃၃လုံးကြီးများကိုတောင် ကျော်ဖြတ်ပြီး ကျိုက်ထီးရိုး ဘုရားဖူးသွားတယ်ဆိုတာ စိုးရိမ်ပူပန်စရာတောင် ကောင်းသလို၊ အံ့ဩမယ် ဆိုလည်း အံ့ဩစရာကောင်းတာ အမှန်ပါပဲ။

ဒါပေမယ့် ရိုးရိုးသားသား ဝန်ခံရမယ် ဆိုရင်တော့ ကျိုက်ထီးရိုး





ကို အခုလို ဘုရားဖူးသွားခဲ့ရတာဟာ ကျွန်တော့်သဘောနဲ့ တွေးခဲ့သော် အစီအစဉ်အရ သွားခဲ့ရောက်ခဲ့တာ မဟုတ်ပါဘူး။ စောစောတာ ပြောခဲ့သလို အတိုင်း ရန်ကုန်တက္ကသိုလ် ချင်းတွင်းမိသားစုက ကျောင်းသူ ကျောင်းသား တွေရဲ့ ဖိတ်ကြားချက်အရ ဖိတ်စာနဲ့တစ် မျိုး၊ တယ်လီဖုန်းနဲ့တစ်ခါ "ဆရာ လိုက်ဖြစ်အောင် လိုက်ခဲ့ပါ"လို့ အတန်တန် တိုက်တွန်းကြလို့ ခုလို လိုက်ဖြစ်သွားခဲ့တာပါပဲ။

အမှန်အတိုင်းပြောရမယ်ဆိုရင် ဒီအသက် ဒီအရွယ်မှာ ကျိုက်ထီးရိုးကို တက်မှတက်နိုင်ပါတော့မလားလို့ ကိုယ့်ကိုယ်ကို သံသယ ဖြစ်မိတာကတော့ အမှန်ပါပဲ။ ဒါပေမယ့် ကျိုက်ထီးရိုးကို မရောက်တာ ၁၀နှစ်ကျော် ကြာလာတာလည်း တစ်ကြောင်း၊ ကိုယ့် အသက်အရွယ်နဲ့ ကိုယ့်ကျန်းမာရေးကို လက်တွေ့စမ်းသပ်ကြည့်ချင်တာလည်းတစ်ကြောင်း ချင်းတွင်းမိသားစု ကျောင်းသူကျောင်းသားတွေအပေါ်မှာ သံယောဇဉ် ရှိနေတာလည်း တစ်ကြောင်း . . . အဲဒီ အကြောင်းကြောင်းတွေကြောင့် ကျိုက်ထီးရိုးကို လိုက်ဖြစ်အောင် လိုက်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တာပါပဲ၊ အဲဒီထဲမှာ အဓိကအကျဆုံး အကြောင်းအရင်းကတော့ အသက်အရွယ် ၇၀နီးပါး ရှိလာပြီဖြစ်တဲ့ ကျွန်တော့် ခန္ဓာကိုယ်နဲ့ ကျွန်တော့် ကျန်းမာရေး ဟာ ဘယ်လောက် အထိ ကောင်းသေးသလဲဆိုတာ Check လုပ်ကြည့်တဲ့ သဘောနဲ့ ကျိုက်ထီးရိုးတောင်ကို တက်ကြည့်ခဲ့တာပါပဲ . . .။

### မိုးအလင်း ပွဲကြည့်ခြင်း

အဲဒီလို ဆရာဝန်တစ်ယောက်ဆီမှာ ကျန်းမာရေး အစစ်ဆေးခံ သလို Medical Check Up လုပ်တဲ့ သဘောနဲ့ ကျိုက်ထီးရိုးကို တက်ကြည့်ခဲ့ ပြီးတဲ့နောက် အခု ဧပြီလဆန်းမှာလည်း အလားတူ ကျန်းမာရေး စစ်ဆေး ကြည့်တဲ့ အလုပ်တစ်ခုကို ကျွန်တော် အမှတ်တရ လုပ်ကြည့်ခဲ့ပါသေး တယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ မြန်မာဇာတ်ပွဲ တစ်ခွင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖျာခင်းပြီး မိုးအလင်း ငုတ်တုတ် ထိုင်ကြည့်ခဲ့တဲ့ အလုပ်ပါပဲ။

တကယ်တော့ ကျွန်တော်တို့ မြန်မာဇာတ်သဘင်တွေဟာ အစဉ်အလာအရ မိုးအလင်း ကပြကြတာမို့ ဒီဇာတ်ပွဲတွေ ကြည့်တာ ကျန်းမာရေးနဲ့ မညီညွတ်ဘူးလို့ အများက ယူဆထားကြပါတယ်။ မှန်လည်း မှန်ပါတယ်။ တော်ရုံ တန်ရုံနဲ့ ကျန်းမာရေးကောင်းတဲ့ လူငယ် လူရွယ် လူလတ်တွေတောင် ဇာတ်ပွဲတစ်ပွဲကို မိုးအလင်း ကြည့်ပြီးရင် တစ်ညလုံး အိပ်ရေးပျက်ထားတဲ့ ဒဏ်ကြောင့် ခေါင်းတွေအုံ၊ ကိုယ်တွေလက်တွေ နာပြီး 'ပွဲကိုက်'တော့တာပါပဲ။ ဒါကြောင့် သက်ကြီး ရွယ်ကြီး လူကြီးသူမတွေဟာ ညလုံးပေါက် ပွဲကြည့်တဲ့ အလုပ်ကို လုံးဝ ရှောင်ကြပါတယ်။ ပွဲခင်းထဲမှာ ကြည့်လိုက်ရင် မြီးကောင်ပေါက်အရွယ် အသက် ၂၀ကျော် ၃၀ကျော်တွေပဲ တွေ့ရပြီး အသက် ၅၀ ကျော် ၆၀ သက်ကြီးရွယ်အိုရယ်လို့ မတွေ့ရ သလောက်ပါပဲ။

အဲဒီကြားထဲက အသက် ၇၀နီးပါးရှိနေတဲ့ ကျွန်တော်ဟာ ပြီးခဲ့တဲ့ ဧပြီလ ၁၃ရက်နေ့ညက ကျွန်တော့်အိမ်နဲ့ မလှမ်းမကမ်း တာမွေ ဗလီကြီး ဘေးနားမှာ ကနေတဲ့ ဘီအီးဒီအောင်သိုက်ဇာတ်ကို မိုးအလင်း ဖျာခင်းပြီး ထိုင်ကြည့်ခဲ့ပါတယ်။ အဲဒီလို ကြည့်ဖြစ်တာကလည်း ကျွန်တော့် အိမ်နဲ့ ဇာတ်ရုံနဲ့ နီးနေတာကတစ်ကြောင်း၊ ဇာတ်ကလည်း ကျွန်တော်တို့ စာရေးဆရာ စာပေသမားတွေနဲ့ အတော်ကလေး ဆက်စပ်ရင်းနှီးနေတဲ့ ဘီအီးဒီအောင်သိုက် ဖြစ်နေတာက တစ်ကြောင်း၊ ပြီးတော့ ညလုံးပေါက် ပွဲကြည့်ပြီး■တဲ့နောက် အိပ်ရေးပျက်တဲ့ဒဏ်နဲ့ ပင်ပန်းတဲ့ဒဏ်ကို ဘယ် လောက်အထိခံနိုင် ရည်ရှိသလဲဆိုတာကို သိရအောင် Medical Check Up လုပ်ကြည့် လိုက်တဲ့ သဘောပါပဲ။ (ဒီနေရာမှာ ကျွန်တော်ကိုယ်တိုင်က ပွဲဝါသနာပါတာလည်း တစ်ကြောင်းပေါ့ဗျာ။ ဘယ်လောက်အထိ ပွဲဝါသနာ ပါခဲ့သလဲဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀လောက်က မိုးလေဝသ ကင်းစင်လို့





ရန်ကုန်မှာ ဇာတ်တွေ ဝင်ပြီဆိုတာနဲ့ ပထမဆုံး ဗိုလ်တထောင်[illegible] ပွဲကစပြီး မိုးကောင်း၊ ကျိုက်ပိုင်း၊ ကျိုက္ကဆံ၊ ရွှေတိဂုံစတဲ့ ဘုရားပွဲ[illegible] ဆရာငွေဥဒေါင်း၊ ဗိုလ်သခင်ဆရာ၊ ဆန်းညွန့်ဦး ဦးလှခင်စတဲ့ [illegible] အသင်း ရောင်းရင်းတွေနဲ့ ဇာတ်ပွဲတွေကို မိုးအလင်း လိုက်ပြီး ကြည့်ခဲ့[illegible] ဖူးတာ အခုအထိ မှတ်မိနေပါသေးတယ်။)

**ဘီအီးဒီရဲ့ ကလေးသရုပ်ဖော်ပြဇာတ်**

ကျွန်တော် ကြည့်တဲ့ညက ဘီအီးဒီအောင်သိုက် ကပြတဲ့ ပြဇာတ် ရဲ့ နာမည်က 'မချစ်နဲ့ သုဘဒ္ဒါ'တဲ့။ 'သုဘဒ္ဒါ'ဆိုတဲ့ နာမည်ပါနေတဲ့ အတွက် အလောင်းတော် ဆဒ္ဒန်ဆင်မင်းနဲ့ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါတို့ရဲ့ ပတ်သက်တဲ့ ဇာတ်ကွက်ဇာတ်လမ်းလို့ ထင်ရပေမယ့် တကယ်တော့ အဲဒီ ဘုရားအလောင်း ဇာတ်တော် မဟုတ်ပါဘူး။ မျက်မှောက်ခေတ် ဘဝသရုပ်ဖော် အချစ်ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အချစ်ကြီးသလောက် အမျက်ကြီးတတ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ မိုက်မှားမှုတွေကို အခြေခံ ထားပြီး တင်ပြသွားတဲ့ အိမ်ထောင်ရေး ပညာပေး ပြဇာတ်တစ်ခု ဖြစ်ပါ တယ်။ အဲဒီလို အချစ်ကြီးသလောက် အမျက်ကြီးတတ်တဲ့ အမျိုးသမီးတစ် ယောက်ရဲ့ ဘဝသရုပ်ဖော်ဇာတ်လမ်းမို့ ဘုရားအလောင်း ဆဒ္ဒန်ဆင် မင်းအပေါ် အချစ်အတွက်နဲ့ ရက်ရက်စက်စက် လက်စားချေခဲ့တဲ့ စူဠ သုဘဒ္ဒါနဲ့ တင်စားပြီး 'မချစ်နဲ့သုဘဒ္ဒါ'လို့ အမည်ပေးထားတာဖြစ်ပါတယ်။

စာပေကို အမြဲမပြတ် အမြတ်တနိုး လေ့လာနေတဲ့ ဇာတ်ဆရာ တစ်ယောက်ပီပီ ဘီအီးဒီအောင်သိုက်ရဲ့ ပြဇာတ်နာမည်တွေဟာ စာသံ ပေသံနဲ့ ကဗျာဆန်ပြီး အင်မတန် ခေတ်မီပါတယ်။ (မုံရွာ သီတင်းကျွတ် ပွဲတုန်းကလည်း အထက်တန်းလွှာတွေရဲ့ အိမ်ထောင်ရေး ဖောက်ပြန်မှုကို ဘဝသရုပ်ဖော်ထားတဲ့ ဘီအီးဒီအောင်သိုက်ရဲ့ 'ပြင်တလင်းသား ဘုန်း မြား'ဆိုတဲ့ ပြဇာတ်ကို ကျွန်တော် အမှတ်တရ ကြည့်ခဲ့ရပါသေးတယ်။)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သိထားမိသလောက် ဘီအီးဒီအောင်သိုက်ရဲ့ ပြဇာတ်တွေဟာ နာမည်ပေးပုံကအစ ခေတ်မီသလို ဇာတ်ကလည်း ခေတ်နဲ့ အင်မတန် အံဝင်ဂွင်ချဖြစ်နေတာ တွေ့ရပါတယ်။ ပြီးတော့ သူ့ပြဇာတ်တွေဟာ များသောအားဖြင့် 'အပြ'ထက် 'အပြော'ကို ဦးစားပေးထားတာမို့ နောက်ခံဘက်ဂရောင်းနဲ့ အခမ်းအနား အပြင်အဆင်တွေဟာ ကြီးကျယ်ဆန်းပြားမှု မရှိဘဲ ရိုးရိုးသာမန် မြင်နေကျ တွေ့နေကျ ရှုခင်းတွေကိုပဲ ပြသထားတာဖြစ်ပါတယ်။ အရင့်အရင် ပြဇာတ်တွေ ခေတ်စားတုန်းက အင်မတန် နာမည်ကြီးခဲ့တဲ့ မြို့တော် သိန်းအောင်ရဲ့ 'မိုးလား တိမ်လား မြူလား'တို့လို၊ 'ကိုးဆယ်ဆသာလိမ့်မယ်'ဆိုတဲ့ ပြဇာတ်မျိုးတွေလို ဇာတ်ခုံပေါ်မှာ လူတွေအများကြီး သုံးတာတို့၊ တံတားတွေချိုးပြတာတို့ လုံးဝမပါဘဲ ဇာတ်ကောင်နှစ်ယောက်သုံးယောက်နဲ့ ရိုးရိုးအဆင်အပြင်တွေလောက်ပဲ ပြပြီး ဇာတ်ကောင်စရိုက်နဲ့ သဘာဝကျတဲ့ အမူအရာ၊ အပြောအဆိုတွေကို အသားပေးတဲ့ ပြကွက်တွေဟာ ဘီအီးဒီအောင်သိုက်ပြဇာတ်တွေရဲ့ ထူးခြားချက်လို့ ဆိုနိုင်ပါတယ်။

အထူးသဖြင့် ဒီနေ့ ဘီအီးဒီအောင်သိုက်ရဲ့ ပြဇာတ်တွေဟာ ဇာတ်ကောင်တွေရဲ့ အပြော (အဓိကအားဖြင့် ဘီအီးဒီအောင်သိုက်ရဲ့ အပြော)ကို အားပြုပြီး ပရိသတ်ကို ဖမ်းစားထားတာ တွေ့ရပါတယ်။ သူကိုယ်တိုင်က တိုးတက်ခေတ်မီတဲ့ ခေတ်ပညာတတ် တစ်ဦးဖြစ်နေတဲ့အပြင် သူ့ရဲ့ဆန်းသစ်တဲ့ အတွေးအခေါ် အယူအဆတွေကြောင့် သူ့ရဲ့ ပြောင်မြောက်ထိရောက်တဲ့ စကားလုံးတွေကို အကြောင်းပြုပြီး သူ့ပြဇာတ်တွေဟာ နာမည်ကြီးနေတာ ဖြစ်ပါတယ်။ အဲဒီညက ကျွန်တော် ကြည့်ခဲ့ရတဲ့ 'မချစ်နဲ့ သူဘဒ္ဒါ'ထဲမှာ အချစ်စိတ်မွှန်ပြီး မတော်မတရား အမှားမှားအယွင်းယွင်းတွေ လုပ်နေတဲ့ အမျိုးသမီးကို ဘီအီးဒီအောင်သိုက်က 'ကိုယ်မွေးတဲ့မီးက ကိုယ့်ပြန်လောင်တော့ ဘယ်မီးသတ်ကို အကြောင်းကြားလို့





ဖြစ်မှာလဲ' ဆိုတဲ့ စကားလုံးနဲ့ ဆုံးမသွားတာဟာ အင်မတန် ထိရောက် ပြောင်မြောက်ကဲတယ်လို့ ဆိုရပါမယ်။

ဘာပဲဖြစ်ဖြစ် အဲဒီညက တစ်မှေးမှ မမှေးလိုက် မငိုက်လိုက်ရဘဲ တစ်ညလုံးမိုးအလင်း ပွဲကြည့်ပြီး နောက်တစ်နေ့ကျတော့လည်း ပုံမှန် ခါတိုင်းလို သွားလာမြဲ လှုပ်ရှားမြဲအတိုင်း အလုပ်အကိုင်မပျက် လုပ်နိုင် ကိုင်နိုင်ခဲ့တာမို့ ကျွန်တော့်ကျန်းမာရေးဟာ ပန်းပန်လျက်ပဲဆိုတာ အားရ ဝမ်းသာသိခဲ့ရပါတယ်။

**နှစ်လည်ပွဲ**

လွန်ခဲ့တဲ့ ၁၉၉၂ခုနှစ်အတွင်းက အသက်အရွယ်အားဖြင့် သိပ်ပြီး မကြီးလှသေးတဲ့ သတင်းစာဆရာ၊ စာရေးဆရာအဖြစ် စာနယ်ဇင်း လောကမှာ ထင်ရှားနေကြရာက ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားခဲ့ကြတဲ့ ရေဖော်ရေဖေ် နှစ်ယောက်ကတော့ ဆရာစိန်ခင်မောင်ရီနဲ့ ဆရာ အထောက်တော်လှအောင်တို့ပါပဲ။ သူတို့ နှစ်ယောက်ဟာ သတင်းစာ လောကမှာရော စာရေးဆရာ လောကမှာပါ ပြိုင်တူ ထင်ရှားလာခဲ့ကြတဲ့ ဘဝတူများ ဖြစ်ခဲ့ကြသလို ကွယ်လွန်သွားကြတော့လည်း တစ်ယောက်နဲ့ တစ်ယောက် တစ်လတိတိပဲကွာပြီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ ကြပါတယ်။ စိန်ခင်မောင်ရီက ၇-၃-၉၂ရက်နေ့မှာ ကွယ်လွန်ပြီး အထောက်တော်လှအောင်က ၇-၄-၉၂ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါ တယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ၇-၃-၉၂ရက်နေ့က စိန်ခင်မောင်ရီ ကွယ်လွန်တဲ့ တစ်နှစ်မြောက်နေ့ အခမ်းအနားကို ကျွန်တော်ရောက် သွားခဲ့သလို အခု ၇-၄-၉၃ရက်နေ့ကလည်း အထောက်တော်လှအောင် ကွယ်လွန်တဲ့ တစ်နှစ်မြောက် ဆွမ်းကျွေးပွဲကို ကျွန်တော် အမှတ်တရ ရောက်ခဲ့ပါသည်။

ကျွန်တော်ဟာ အထောက်တော် လှအောင်နဲ့ စာနယ်ဇင်း



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ နှစ်ပေါင်းများစွာ လက်ပွန်းတတီး ရင်းနှီးခဲ့ပါတယ်။ သတင်းထောက်တစ်ယောက်၊ စာရေးဆရာတစ်ယောက်အနေနဲ့ အထောက်တော်လုအောင်ဟာ အမြဲတမ်း လှုပ်ရှားတက်ကြွပြီး ထက်မြက် ထူးချွန်တဲ့ စာနယ်ဇင်းသမားတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှ ငြင်းလို့မရပါဘူး။ အထောက်တော် သတင်းစာမှာ လူငယ် သတင်းထောက်တစ်ယောက်အဖြစ်နဲ့ ထင်ရှားခဲ့သလို သူ ကိုယ်တိုင် ဦးစီးထုတ်ဝေခဲ့တဲ့ သတင်းဂျာနယ်ဆိုရင်လည်း လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဘာသာပြန် စာရေးဆရာ တစ်ယောက်အနေနဲ့ရော၊ ပင်ကိုယ်ရေး စာရေးဆရာ တစ်ယောက်အနေနဲ့ပါ သူရေးခဲ့တဲ့ စာအုပ်တွေဟာ စာပေနယ်မှာ တစ်ချိန်က အတော်ကလေး ထင်ရှားခဲ့ပါတယ်။ အဲဒီလို ထင်ရှားခဲ့တဲ့ သူ့လက်ရာ သူ့စာပေတွေကို အကြောင်းပြုပြီး အနုပညာသမားများရဲ့ အစဉ်အလာနဲ့ သဘာဝအတိုင်း အထောက်တော်လုအောင်ဟာ လူသေပေမယ့် နာမည်မသေဘူးလို့ပြောနိုင်ပါတယ်။

ဒါကြောင့်လည်း သူကွယ်လွန်တဲ့ တစ်နှစ်မြောက်နေ့မှာ သူ တစ်ခါက သူနဲ့ရင်းနှီးတဲ့ စာနယ်ဇင်းသမား အပေါင်းအသင်း ရောင်းရင်းများနဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေ၊ သင်္ဂဟတွေကို စုံစုံလင်လင် စည်စည်ကားကား တွေ့ခဲ့ရပါတယ်။

**အငြိမ်းစားပါမောက္ခကြီးရဲ့ ဆီနှစ်ပီသာခွဲ**

ဧပြီလအတွင်းမှာ ကျွန်တော် ရောက်ခဲ့ပေါက်ခဲ့တဲ့ နောက်တစ်နေရာကတော့ အငြိမ်းစား သမိုင်းပါမောက္ခကြီး ဒေါက်တာ သန်းထွန်းရဲ့ မွေးနေ့ပါပဲ။ ကျွန်တော်ဟာ ဒေါက်တာသန်းထွန်းနဲ့ လွန်ခဲ့တဲ့ ၁၉၄၆-၄၇ခုနှစ်လောက်က ရန်ကုန်တက္ကသိုလ်မှာ ဗကသလို့ခေါ်တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အမှုဆောင်အဖွဲ့မှာ အတူလုပ်ခဲ့ကြဖူးပါတယ်။ အသက်အရွယ်အားဖြင့်လည်း တစ်နှစ်ကျော် နှစ်နှစ်လောက်ပဲ ကွာပါ





တယ်။

အခုဆိုရင် ဆရာဒေါက်တာသန်းထွန်းဟာ ဧပြီလ ၆ရက်နေ့မှာ အသက် ၇၀ပြည့်ခဲ့ပါပြီ။ ဒါပေမယ့် အဲဒီနေ့က အင်္ဂါနေ့ ကြားရက်ကြီး ဖြစ်နေလို့ ဧပြီလ ၁၁ရက်နေ့ တနင်္ဂနွေနေ့မှပဲ မွေးနေ့ ဧည့်ခံပွဲကို ဆရာ့အိမ်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီနေ့က ဆရာ့အိမ်ကို ရောက်လာကြတဲ့ ဧည့်ပရိသတ်တွေထဲမှာ စာပေနယ်ကဆိုလို့ ကလျာ (ဝိဇ္ဇာ/သိပ္ပံ)နဲ့ ကျွန်တော် နှစ်ယောက်ပဲတွေ့ရပြီး ကျန်တာတွေကတော့ တက္ကသိုလ်က လုပ်ဖော်ကိုင်ဖက် ဆရာကြီး၊ ဆရာမကြီးတွေနဲ့ တပည့်တပန်း ကျောင်းသားဟောင်းတွေချည်းပါပဲ။

ဆရာ့ဒေါက်တာသန်းထွန်းဟာ သမိုင်းပါမောက္ခဘဝက အငြိမ်းစားယူခဲ့တာ ၁၀နှစ်လောက်ရှိပါပြီ။ ဒါပေမယ့် ဒီနေ့အထိ ရန်ကုန် တက္ကသိုလ်၊ ကောလိပ်တွေနဲ့ အမြို့မြို့ အနယ်နယ်က တက္ကသိုလ် ကောလိပ်တွေမှာ ဆရာကြီး၊ ဆရာမကြီးတွေအဖြစ် တာဝန်ထမ်းရွက်နေကြတဲ့ ဆရာ့တပည့်ဟောင်းတွေဟာ ဆရာ့အပေါ်မှာ အရင်ကလိုပဲ အခင်မပျက် ဝင်ထွက်သွားလာနေကြပြီး ကြည်ညို လေးစားလျက် ရှိနေကြတာ တွေ့ရပါတယ်။

အထူးသဖြင့် ပင်ကိုယ်စိတ်ရင်း စေတနာ ကောင်းသလောက် လောဘ၊ ဒေါသ၊ မောဟ ကင်းစင်ပြီး အမြဲတမ်း ကြည်လင်သန့်စင်နေတဲ့ ဆရာ့မျက်နှာဟာ ဘယ်တော့ကြည့်လိုက် ကြည့်လိုက် ထာဝစဉ် ပြုံးပြုံးရွှင်ရွှင်နဲ့ နှလုံးစိတ်ဝမ်း အေးချမ်းစရာကောင်းလှပါတယ်။ အမြဲပြုံးနေတတ်တဲ့ ဆရာ့မျက်နှာ ပြည့်ပြည့်ဝဝကြီးကို ကြည့်ပြီး ဆရာ့ဇနီးဒေါ်ရီကို ကျွန်တော်က "မမရီ ဆရာ့မျက်နှာဟာ အမြဲပြုံးနေပြီး ပါးစုံကြီးနှစ်ဖက်ကလည်း ဖောင်းနေတော့ မန္တလေး ရိုင်းကောင်း နိုင်းကောင်း လာဘ်လာအရွှင်တယ်ဆိုပြီး တရုတ်တွေ ကိုးကွယ်နေကြတဲ့ Laughing Bhudda ရုပ်တုနဲ့ သဏ္ဌာန်တူနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ တစ်ခါက ပြောခဲ့ဖူးပါတယ်။ အဲဒီတော့ ဆရာ့အတွက် ရာသက်ခန့်အဖော်မွန်တစ်ယောက်အဖြစ်နဲ့ အမြဲတစေ စောင့်ရှောက်ပြုစုနေတဲ့ ဆရာ့ဇနီးက ကျွန်တော့်ကို ဘယ်လိုပြန်ပြောလိုက်သလဲဆိုတော့ "ဆရာက သာ အဲသလို ပြောတာ။ သူ့တပည့်တွေကတော့ သူတို့ ဆရာကို "ဘောဂီဗိုက်တာ"နဲ့ တစ်ထေရာတည်းပဲလို့ ပြောနေကြတယ် ဆရာရဲ့. . . "ဆိုလို့ ကျွန်တော့်မှာ သဘောအကျကြီးကျပြီး အားရပါးရ ရယ်ခဲ့ရပါသေးတယ်။

ဆရာဟာ သမိုင်းပါမောက္ခ ဘဝက အငြိမ်းစား ယူပြီးတဲ့ နောက် ဂျပန်၊ အမေရိကန်စတဲ့ ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးတွေက တက္ကသိုလ်ကြီးတွေမှာ "ဧည့်သည်ပါမောက္ခ"အဖြစ်နဲ့ ဧနှစ်နီးပါး သွားရောက်လုပ်ကိုင်ခဲ့ရပါတယ်။ ဒီအတောအတွင်း အရင်ကရထားတဲ့ ပီအိပ်ချ်ဒီ ဒေါက်တာဘွဲ့အပြင် ဒီလစ်ဆိုတဲ့ စာပေဆိုင်ရာ ဒေါက်တာဘွဲ့ကို အောက်စဖို့ဒ် တက္ကသိုလ်က ချီးမြှင့်ခြင်း ခံခဲ့ရပါတယ်။

အဲဒီလို ကမ္ဘာ့နိုင်ငံကြီးတွေက တက္ကသိုလ်ကြီးတွေမှာ ထည်ထည်ဝါဝါနဲ့ အမှုထမ်းခဲ့ပြီး မြန်မာ့ဂုဏ်ကို လွှမ်းစေခဲ့တဲ့ အငြိမ်းစား ပါမောက္ခကြီး ဒေါက်တာသန်းထွန်းဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ကျွန်တော်နဲ့အတူ မန္တလေးကို ခရီးသွားခဲ့ကြပြီး ပြန်ခါနီးမှာ ဆရာကြီးက ရန်ကုန်မှာရှိတဲ့ ဇနီးထံ သူပြန်လာတော့မယ့် အကြောင်း ဖုန်းဆက်ပြောပါတယ်၊ ဆရာကြီးနဲ့ သူ့ဇနီး အပြန်အလှန် ဖုန်းဆက်အပြီးမှာ ဆရာကြီးရဲ့ မျက်နှာဟာ မသိမသာ ပြဿနာတစ်ခုခု ပေါ်နေပြီဆိုတာ အနားမှာရှိနေတဲ့ လူထုဒေါ်အမာက ရိပ်မိသွားတဲ့အတွက် "အရီက ဘာပြောသေးလဲဆရာ"လို့ ရုတ်တရက် လှမ်းမေးလိုက်ပါတယ်။ ဒီတော့မှ ဆရာဒေါက်တာသန်းထွန်းက သူပြုံးနေကြအတိုင်း ပြုံးပြုံးကြီးလုပ်ပြီး "ဘာမှ မဟုတ်ပါဘူး ဒေါ်အမာရယ်၊ အိမ်မှာဆီကုန်နေပြီ၊ အပြင်မှာလည်း ဝယ်မရလို့ မန္တလေးကအပြန် ဆီရရင် ဆွဲခဲ့ဖို့ မှာနေတာပါ . . . "လို့ ပြန်ပြောပါတယ်။





ဒီတော့မှ ဒါမျိုးဆိုရင် မနေတတ် မထိုင်တတ်တဲ့ လူထုဒေါ်အမာက ရထားဆင်းခါနီးဖြစ်နေတဲ့ ဒေါက်တာသန်းထွန်းကို အိမ်မှာဝယ်ထားတဲ့ ဆီထဲက နှစ်ပိဿာခွဲဝင် ပုံးကလေးနဲ့ ထည့်ပြီး အညာပြန် လက်ဆောင် အဖြစ်နဲ့ ပေးလိုက်ရပါတယ်။ နှစ်ပေါင်းများစွာ ဆရာဘဝနဲ့ တာဝန်ထမ်း ရွက်လာခဲ့ပြီး ကမ္ဘာ့နိုင်ငံကြီးတွေကပါ အသိအမှတ်ပြုခံခဲ့ရတဲ့ ဒေါက်တာ နှစ်ထပ်ကွမ်း အငြိမ်းစား သမိုင်းပါမောက္ခကြီး တစ်ယောက် တစ်ခါတုန်းက နှစ်ပိဿာခွဲဝင် ဆီပုံး ကလေးဆွဲပြီး အမြန်ရထားနဲ့ ရန်ကုန်ကို ပြုံးပြုံးကြီး ပြန်လာခဲ့ရတဲ့ တကယ့်ဖြစ်ရပ်မှန် ပုံပြင်ကလေးကတော့ ဒါပါပဲ ခင်ဗျာ . . . ။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေဂုန်မှ ရွှေလီသို့ အလည်တစ်ခေါက်

ဒီတစ်လ ရှာရိုးကိုးပေါက် ဆောင်းပါးကတော့ ကိုယ့်ငါးချဉ် ကိုယ်သံပရာသီးညှစ်ထားသလို ကိုယ့်ဆောင်းပါးကိုယ် ကြွားလုံးထုတ်ရမယ်ဆိုရင် "အထူးဆောင်းပါး"လို့တောင် ကင်ပွန်းတပ်လိုက်ချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီဆောင်းပါးဟာ အရင့်အရင်က ဖန်တစ်ရာ တေအောင် ရေးလာခဲ့တဲ့ မန္တလေး၊ မုံရွာ၊ အထက်အညာကို သွားခဲ့လာခဲ့ ရောက်ခဲ့ပေါက်ခဲ့တဲ့ သမားရိုးကျ ရှာရိုးကိုးပေါက် ဆောင်းပါးတွေလို မဟုတ်ဘဲ ရန်ကုန်ရွှေမြို့တော်ကနေ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ကို ဖြတ်ပြီး မူဆယ်ကတစ်ဆင့် တရုတ်ပြည် ရွှေလီမြို့နဲ့ မန်စီမြို့အထိ မိုင်ကိုးရာကျော် တစ်ထောင်နီးပါး သွားလာခဲ့ရတဲ့ ခရီး . . .။ တစ်နည်းပြောရရင် 'ရွှေဂုန်မှ ရွှေလီသို့ တစ်ခေါက်' ရောက်ခဲ့ရတဲ့ ရှာရိုးကိုးပေါက် ခရီးသွားဆောင်းပါးကြီး ဖြစ်နေလို့ပါပဲ။ ပြီးတော့ ခါတိုင်းခါတိုင်းတွေလို အထက်အညာ မန္တလေး၊ မုံရွာကပြန်လာပြီး ရန်ကုန်ရောက်မှ အေးအေးဆေးဆေး ရေးပေးခဲ့ရတာမျိုး မဟုတ်ဘဲ ဒီဆောင်းပါးဟာ တရုတ်ပြည် ရွှေလီနဲ့ မန်စီကအပြန် လေယာဉ်လက်မှတ်စောင့်ရင်း လားရှိုးကနေ ပူပူနွေးနွေး ရေးပေးလိုက်တဲ့ အထူးဆောင်းပါး ဖြစ်နေပါတယ်။ ဒါကြောင့် တစ်ခါလာလည်း မုံရွာ၊ တစ်ခါလာလည်း မုံရွာဆိုပြီး မဲပြာပုဆိုးလိုဖြစ်နေတဲ့ ရှာရိုးကိုးပေါက် ဆောင်းပါးတွေကိုချည်း ဖတ်နေရလို့ မကျေမနပ်ဖြစ်နေရ





တဲ့ ရှာရိုးကိုးပေါက် ပရိသတ်အတွက် ဒီဆောင်းပါးဟာ ခွင့်ဖော်...ရှုတ်သီးထောင်းနဲ့ အညာထမင်း၊ အညာဟင်းတွေချည်း စားနေခဲ့ကြ...ဝက်သားဆီပြန်၊ ကျန်မဆိုင်ဟင်းချိုနဲ့ အားပါးရစားလိုက်ရသလို အရသာတစ်မျိုး တစ်ဖုံ ထူးခြားသွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

လားရှိုးသို့

ကျွန်တော်ရဲ့ ခရီးသွားဆောင်းပါးကို စတင်အစီရင်ခံရမယ်ဆိုရင် မေလ ၅-ရက်၊ ည ၇နာရီခွဲ မန္တလေးအမြန်ရထားနဲ့ ရန်ကုန်ကထွက်ခဲ့ကြတာပါပဲ။ ကျွန်တော်နဲ့အတူ အဖော်ပါလာသူကတော့ နွယ်နီ၊ မေ့ဓူရှင်စုံစေတဲ့ မဂ္ဂဇင်းတွေနဲ့ စာအုပ်ကောင်းစာအုပ်သန့်တွေ လစဉ်ပုံနှိပ်ထုတ်ဝေတဲ့ ဘဝတက္ကသိုလ်စာပေက ကိုနေဝင်းပါပဲ။ မူလက ဒီခရီးကို ပန်းချီကျော်သောင်းနဲ့ ပန်းချီစံတိုးတို့ နှစ်ယောက်လည်း အတူလိုက်ကြဖို့ပါ။ ဒါပေမယ့် သွားခါနီးကျမှ ဘာညာကွိကွဖြစ်ပြီး သူတို့နှစ်ယောက်စလုံး မလိုက်ဖြစ်တော့ဘူးလို့ ဖြစ်လာကြပါတယ်။ ဒါနဲ့ ကျွန်တော်နဲ့ ဘဝတက္ကသိုလ်က ကိုနေဝင်းနဲ့ နှစ်ယောက်တည်း ခရီးရှည် ချီတက်ကြမယ်ဆိုပြီး ကျွန်တော် ကိုယ်တိုင် မေ ၂ရက်နေ့မနက် ၃နာရီခွဲ မိုးမလင်းခင်တနေပြီး ရန်ကုန် ဘူတာကြီးမှာ ကြိုတင် လက်မှတ်တန်းစီဝယ်ခဲ့ရပါတယ်။

ဒါပေမယ့် မကြာခင်ကမှ သိန်းကျော်ပန်းချီကား တစ်ကားရောင်းလိုက်ရလို့ ဂဏှာမငြိမ်၊ ခြေမငြိမ်ဘဲဖြစ်နေတဲ့ ပန်းချီကျော်သောင်းက ကျွန်တော်တို့ ခရီးထွက်မယ့် ၅ရက်နေ့ မနက်ကျမှ ကျွန်တော့်အိမ်ကို ပေါက်ချလာပြီး ဒီနေ့ ညနေ ၅နာရီရထားနဲ့ မန္တလေး အမြန်လက်မှတ်ဝယ်ပြီးပြီလို့ ဗလောင်းဗလဲ လုပ်လာပြန်ပါတယ်။ ဒါနဲ့ အဲဒီနေ့ ညနေက ကျွန်တော်တို့ နှစ်ယောက် ၇နာရီခွဲ ရထားစီးလာကြတဲ့ အချိန်မှာ ပန်းချီကျော်သောင်းက ကျွန်တော်တို့ထက် ၂နာရီခွဲစောပြီး ၅နာရီခွဲရထားနဲ့ မန္တလေး ပါသွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကျော်သောင်း ဗလောင်းဗလဲလုပ်လိုက်တာ ကျွန်တော်တို့အတွက် ကောင်းဖို့ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက မန္တလေးကို ၆ရက်နေ့ မနက် ၈နာရီလောက် ရောက်သွားတာမို့ နောက်တစ်ရက် ၇ရက်နေ့ မနက် လားရှိုးဘက်ကို ခရီး ဆက်ဖို့ ကားလက်မှတ်တွေ အဆင်သင့် ဝယ်ထားခဲ့လို့ပါပဲ။

**တည်းခိုခန်းအတွေ့အကြုံ**

ကျွန်တော်ဟာ မန္တလေးကို နှစ်ပေါင်းများစွာအတွင်း အကြိမ်များစွာ မရေမတွက်နိုင်အောင် ရောက်ဖူးပါတယ်။ ရောက်တဲ့အခါတိုင်း ကျွန်တော့်ညီ၊ ညီမနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ အိမ်မှာပဲ တည်းခိုဖူးပါတယ်။ ဒါပေမယ့် ဒီတစ်ခေါက် ပန်းချီကျော်သောင်း၊ ဘဝတက္ကသိုလ်ကိုနေဝင်းတို့နဲ့ကျမှ တည်းခိုခန်းမှာ ပထမဆုံး တည်းခိုဖူးပါတယ်။ ဒါကလည်း နောက်တစ်ရက် လားရှိုးကို ကားနဲ့ သွားရမှာမို့ မနက် ၅နာရီထွက်မယ့်ကားကို အလွယ်တကူ စီးနင်းနိုင်အောင်ဆိုပြီး ၂၆လမ်း အဝေးပြေးကားဂိတ်က 'ချမ်းအေးသာဇံ' တည်းခိုခန်းမှာပဲ တစ်ညတည်းလိုက်ကြတာပါ။ တစ်ခြား တစ်နေရာမှာ တည်းရင် မနက် ၃နာရီ ၄နာရီလောက် အိပ်ရာက အစောကြီးထပြီး ဆိုက်ကားဖြစ်စေ၊ တက္ကစီဖြစ်စေ ငှားပြီးလာရမှာမို့ ဆိုက္ကားခနဲ့ တက္ကစီငှားခ မတန်တဆ ပေးရမယ့်အတူတူ ကားဂိတ်က တည်းခိုခန်းမှာ တစ်ညအိပ်လိုက်ရတာက ပိုပြီး အဆင်ပြေတာမို့ မန္တလေးက တည်းခိုခန်းမှာ ပထမဦးဆုံးအကြိမ် တည်းခိုလိုက်ရတာပါပဲ။

ဒါတောင် အဲဒီချမ်းအေးသာဇံ တည်းခိုခန်းမှာ တစ်နေ့ အတွက် တစ်ယောက် ၁၀၀ကျပ် ပေးရတယ်ဆိုပေမယ့် နှစ်ယောက် ခန်းတွေပဲရှိနေလို့ ကျွန်တော်တို့ သုံးယောက်အတွက် နှစ်ယောက်ခန်း နှစ်ခန်းကို ၄၀၀ ကျပ် ပေးပြီး တည်းခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီလို လူသုံးယောက်တည်းကို လေးယောက်အတွက် အခန်းခ ပေးခဲ့ရပြီး တည်းခိုသူတွေ အသုံးပြုဖို့





တည်းခိုခန်းက လက်မလောက်ရှိတဲ့ ကိုယ်တိုက် ဆပ်ပြာတလေး ပေးရာမှာတော့ လေးခုမပေးဘဲ သုံးခုပဲပေးပါတယ်။ ယူစရာရှိတော့ အခ ယောက်တွက် ပိုယူပြီး ပေးစရာရှိတော့ တစ်ယောက်တွက် လျှော့ပေးသော သိပ်တော့ သဘာဝမကျဘူး ထင်ပါတယ်။ ပြီးတော့ နေ့စဉ် လူပေါင်း ထောင်နှင့်ချီပြီး ခရီးသွားလာနေကြတဲ့ ဒီလို ကားဂိတ်မျိုးက တည်းခိုခန်းမှာ တစ်ယောက်ခန်းတွေ လုံလုံလောက်လောက် များများစားစား ထားပေးဖို့ လိုမယ် ထင်ပါတယ်။

**လားရှိုးမှ ဆရာကြီးကမ္ဘောဇ**

ကျွန်တော်တို့စီးတဲ့ ကျားခေါင်းတံဆိပ် ဘတ်စ်ကားက နောက်တစ်နေ့ ၇ရက်နေ့ မနက် ၅နာရီမှာ အချိန်တိတိကျကျ မန္တလေးက ထွက်လာခဲ့ပါတယ်။ ကားခကတော့ ၂၀၀ကျပ်ပါပဲ။ မန္တလေးနဲ့ လားရှိုးဟာ မိုင် ၁၇၅မိုင်ဝေးတာမို့ မိုင်နဲ့တွက်ရင် တစ်မိုင်ကို ၁ကျပ် ကျော်ကျော်ကလေး ပေးရတာ သက်သာတယ်လို့ ဆိုရမှာပါပဲ။ (ဒါပေမယ့် မီးရထားနဲ့ သွားရင် မန္တလေးက လားရှိုးကို ရိုးရိုး တန်းက ၂၅ကျပ်ပဲ ပေးရပါတယ်) ကျွန်တော်ဟာ လွန်ခဲ့တဲ့ ၁၀နှစ် ကျော်ကျော်လောက်က ဆရာမင်းယုဝေ၊ ကာတွန်းငွေကြည်တို့နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးက မန္တလေးကို ကားနဲ့ ပြန်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကနဲ့ ယှဉ်လိုက်ရင် မန္တလေး-လားရှိုး ကားလမ်းဟာ အတော်ကလေး ပျက်စီးနေတာတွေ့ရပါတယ်။ ကျောက်မဲ မရောက်ခင် တချို့နေရာတွေမှာ ကားလမ်းဟာ တော်တော့်ကို ဆိုးဆိုးဝါးဝါး ဖြစ်နေပြီး အန္တရာယ်များလွန်းလို့ အသည်းတယားယားနဲ့ စီးလာရပါတယ်။ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်ရေးမှာ ခရီးလမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ချောမောဖို့ဟာ အဓိကအခန်းက ပါလိမ့်မယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိုင် ၂၀၀လောက်ရှိတဲ့ မန္တလေး-လားရှိုးလမ်း တစ်လျှောက်မှာ ခရီးသည်တင် ကားကလေးတွေနဲ့ ဘတ်စ်ကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



အဆင်းရော၊ အတက်ပါ အဆက်မပြတ် ဥဒဟို သွားလာနေကြသလို ကုန်အပြည့် တင်ထားတဲ့ ရောမ ကားကြီးတွေကိုလည်း ဒီခရီးမှာ အစီး ၁၀၀ လောက် တွေ့ခဲ့မြင်ခဲ့ရလို့ပါပဲ။

လားရှိုးကို ရောက်တော့ ညနေ ၄နာရီခွဲလောက်ရှိနေပါပြီ။ ကျွန်တော် လားရှိုးကို လေးခေါက်တိတိ ရောက်ခဲ့ဖူးတာမို့ မြို့အနေအထား အကွက်အကွင်းကို ကောင်းကောင်းကြီး မှတ်မိနေပါတယ်။ ဒါကြောင့် ကားဂိတ်ကနေ မြို့ပတ်ကားကလေးစီးပြီး ဈေးနားက ဆရာကြီး ကမ္ဘောဇ ခင်လှိုင်ရဲ့ ဆေးခန်းကို သွားခဲ့ကြပါတယ်။ အဲဒီ ဆေးခန်းကို ဆရာကြီးက ၅နာရီ ၁၅မိနစ်လောက်မှ ရောက်လာပါတယ်။ ဆရာကြီးကမ္ဘောဇ ခင်လှိုင်က ကျွန်တော်တို့ကို မြင်မြင်ချင်း ဝမ်းသာအားရနဲ့ ပြုံးပြီး 'ဆရာရိုက်လိုက်တဲ့ ကြေးနန်းက အခု ၄နာရီခွဲလောက်မှ ရတယ်ဆရာ၊ ကြေးနန်းနဲ့လူနဲ့ ပြိုင်တူ ရောက်လာလို့ တော်သေးတာပေါ့နော်'လို့ ရယ်ရယ်မောမောနဲ့ နှုတ်ဆက်ပါတယ်။

**အကြောင်းတံ ကမ္ဘသကာ**

ဆရာကြီးက ကျွန်တော်တို့ကို သူ့အိမ်မှာပဲ တည်းပါဆိုပြီး သူ့အိမ်က မြို့လည်ခေါင်နဲ့ မိုင်ဝက်လောက် ဝေးတာမို့ မြို့ထဲမှာ ညစာစားပြီးမှ လားရှိုးပြည်သူ့ဆေးရုံကြီးက သူ့တပည့်ကျော် ကိုရာသက်ကို ခေါ်ပြီး ကျွန်တော်တို့အတွက် စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာလိုက်ကျွေးဖို့ စီစဉ်ပေးပါတယ်။ ကိုရာသက်ဆိုတာကလည်း ကျွန်တော်နဲ့ ခင်မင်ရင်းနှီး သိကျွမ်းပြီး ခင်မင်တဲ့ မိတ်ဟောင်း ဆွေဟောင်း တစ်ယောက်ပါ။ လွန်ခဲ့တဲ့ ၁၀နှစ်ကျော် ၁၅နှစ်လောက်က ကျွန်တော် လေးငါးခေါက် ရောက်ခဲ့ဖူးတဲ့ လားရှိုးမြို့ကြီးဟာ အဆောက်အအုံသစ်တွေနဲ့ အကြီးအကျယ်ပြောင်းလဲနေတာ တွေ့ရပါတယ်။

အဲဒီနေ့ ညနေဘက် လားရှိုးကားဂိတ်က စားသောက်ဆိုင်လေး





တစ်ဆိုင်မှာ လျှမ်းနဲ့သင်းနေတဲ့ လျှမ်းထမင်း၊ လျှမ်းဟင်းတွေနဲ့ (တရုတ်ပြည်ကြီးနဲ့ နီးနေလို့ တရုတ်နံ့လည်း သင်းနေပါတယ်။) ညစာစားကြပြီး ဆရာကြီး ကမ္ဘောဇရဲ့ ကော်ရိုနာကားဖြူကြီးနဲ့ ဆရာကြီးအိမ်သွားပြီး အဲဒီမှာပဲ ညအိပ်ကြပါတယ်။ (လားရှိုးက စားသောက်ဆိုင် ဆိုင်းဘုတ်တွေမှာ ရှမ်းကို 'လျှမ်း'လို့ စာလုံးပေါင်း ထားကြပါတယ်)

မြို့ထဲမှာ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားတဲ့ ဆရာကြီးဟာ ၉ နာရီခွဲလောက်မှ ဆေးခန်းက ပြန်ရောက်ပါတယ်။ ဆရာကြီးဟာ ကျွန်တော်တို့နဲ့အတူ တစ်နာရီနီးပါးလောက် စကားလာပြောပါသေးတယ်။ ရန်ကုန်မြို့က လူတွေအကြောင်းနဲ့ စာအကြောင်း၊ ပေအကြောင်း၊ သောင်းပြောင်းထွေလာ ပြောကြရင်းနဲ့ ဆရာကြီးရဲ့ ကိုယ်ရေး အတ္ထုပ္ပတ္တိ ဒုတိယတွဲကို ဆရာကြီး ဦးသုခထံ ခွင့်တောင်းပြီး ဘဝသံသရာသီချင်းထဲက 'ပျော်လိုက် ရွှင်လိုက် ငိုကာ ရယ်ကာ' ဆိုတဲ့ နာမည်ပေးခဲ့တာနဲ့ ပတ်သက်လို့ ကျွန်တော်က 'တကယ်တော့ ဆရာဦးသုခကိုပဲ ဒီဘဝသံသရာ သီချင်း တစ်ပုဒ်လုံး ကြိုက်သလိုသုံးဖို့ ဆရာကြီး ခွင့်တောင်းထားသင့်ပါတယ်၊ အခု ဒုတိယစာအုပ်ကို 'ပျော်လိုက် ရွှင်လိုက် ငိုကာ ရယ်ကာ'လို့ နာမည်ပေးခဲ့သလို နောက်ရေးမယ့် တတိယစာအုပ်ကို 'အကြောင်းတံ ကမ္ဘသကာ'လို့ နာမည်ပေးဖို့ ကောင်းပါတယ်လို့ ဆရာကြီး ကမ္ဘောဇကို ကျွန်တော်က အယ်ဒီတာပီပီ အကြံပေးပြီး မိကျောင်းမင်း ရေခင်းပြခဲ့ပါပါသေးတယ်။

**လားရှိုးမှ စာပေမိတ်ဆွေများ**

ရန်ကုန်က လားရှိုးကို တစ်နေ့နဲ့ တစ်ညလုံးလုံး ရထားစီး ကားစီးလာခဲ့ရတာမို့ ခရီးပမ်းနေကြတဲ့ ကျွန်တော်တို့ဟာ လားရှိုးမှာ အေးအေးဆေးဆေး တစ်ရက်နားကြမယ်လို့ သုံးယောက်စလုံး သဘောတူခဲ့ကြလိုက်ကြပြီး မေလ ၈ရက်နေ့မှာ တစ်နေ့လုံး လားရှိုးမှာပဲ အနားယူခဲ့ကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် တစ်မြို့တစ်ရွာမှာ ရောက်တုန်းရောက်ခိုက် ဒေသန္တရ ဗဟုသုတရအောင်ဆိုပြီး တစ်မြို့လုံး နှံ့အောင် လျှောက်လည်ခဲ့ကြပါတယ်။ ဒါနဲ့ မနက်စောစော လမ်းလျှောက်ထွက်ရင်း လားရှိုးမြို့ရဲ့ ကျက်သရေ 'နန်းဟောဝန် ပန်းဥယျာဉ်'ကြီးထဲ လျှောက်ကြည့်ကြပြီး အဲဒီကမှ တစ်ဆင့် မလှမ်းမကမ်းမှာရှိတဲ့ ရန်ကြီးအောင်စာပေက ကိုမြင့်မောင်ကို သွားတွေ့ နှုတ်ဆက်ကြပါတယ်။ ကိုမြင့်မောင်ဟာ လွန်ခဲ့တဲ့ ၁၀နှစ်ကျော်က ရန်ကြီး အောင်စာပေဆိုပြီး စာအုပ်ဖြန့်ချိရေးလုပ်ရင်းနဲ့ ရန်ကုန် ဆင်းလာပြီး ကျွန် တော်နဲ့ ဘဝတက္ကသိုလ်စာပေက ကိုနေဝင်းတို့နဲ့ တွေ့ဖူး ခင်ဖူးကြပါတယ်။ ခုတော့လည်း ဈေးကွက်စီးပွားရေးကြောင့် စာအုပ်လုပ်ငန်းကို သဘော လောက်ပဲလုပ်ပြီး ကားနှစ်စီးနဲ့ ကျောက်သယ်တဲ့ လုပ်ငန်းကို ဦးစီးလုပ်ကိုင် နေပါတယ်။

ရန်ကြီးအောင်စာပေကနေပြီး လားရှိုးဈေးထဲမှာရှိတဲ့ ဝင်းနိုင် စာပေက ရဲဘော်ကြီးကိုဘိုနီကို သွားတွေ့ကြပါတယ်။ ကိုဘိုနီဟာ အရင်က ကြေးမုံ သတင်းထောက်လုပ်ရင်း ဈေးထဲမှာ ဝင်းနိုင်စာပေဆိုပြီး စာနယ်ဇင်းလုပ်လာခဲ့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။ နှစ် ပေါင်း ၂၀နီးပါး ရှိပါပြီ။ လားရှိုးမှာ စာအုပ်စာပေ မြတ်နိုးသူတိုင်းအတွက် ဝင်းနိုင်စာပေဟာ ထင်ရှားကျော်ကြားသလို ကိုဘိုနီတို့လည်း ဟိုအရင်က သံတံခါး ညွန့်ရွှေလို လားရှိုးတစ်မြို့လုံး လူထုက သိနေကြပါတယ်။

လားရှိုးဈေးထဲက ကိုဘိုနီရဲ့ ဝင်းနိုင်စာပေမှာ ထိုင်နေကြရင်း မမျှော်လင့်ဘဲ တွေ့လိုက်ရတဲ့ စာပေရဲဘော်ဟောင်း တစ်ဦးကတော့ မောင်မိုးစည်ပါပဲ။ မောင်မိုးစည်ဟာ တစ်ချိန်က ရန်ကုန်မှာ ကျွန်တော်တို့နဲ့ ဆုံဖူးကြပြီး ရှုမဝကအစ ရင်ခုန်ပွင့်အထိ မဂ္ဂဇင်းတွေ အတော်များများမှာ ကဗျာတွေ ဝတ္ထုတွေရေးခဲ့တဲ့ စာရေးဆရာ တစ်ယောက်ပါပဲ။ နောက်ပိုင်း မှာ ပျောက်ချက်သား ကောင်းနေရာဏ တွေ့မယ့်တွေတော့ လားရှိုးမှာ





ခရိုင်ငြိမ်ဝပ်ပိပြားမတည်ဆောက်ရေးအဖွဲ့ဝင် ဦးကျော်ညွန့်အဖြစ်နဲ့ ဘွားကနဲ ဝမ်းသာစရာ လာတွေ့ရတာပါပဲ။

အဲဒီနောက် ရန်ကုန်က ဧည့်သည်တွေနဲ့ လားရှိုးက စာပေရောင်း ရင်း အပေါင်းအသင်းတွေစုပြီး လားရှိုးမြို့မှာ အထင်ကရဖြစ်တဲ့ တရုတ်ဘုံ ကျောင်းကို သွားရောက်ကြည့်ကြပါတယ်။ ကျွန်တော်ဟာ အရင့်အရင် တုန်းကလည်း ဒီတရုတ်ဘုံကျောင်းကို ရောက်ခဲ့ဖူးပါတယ်။ တရုတ်ဘုန်း တော်ကြီးတွေ၊ သီလရှင်တွေ၊ သီတင်း သုံးနေထိုင်ကြပြီး တကယ့် တရုတ် ရှေးဟောင်း ပန်းချီပန်းပုအနုလက်ရာတွေ၊ ရုပ်ထုဆင်းတုတွေနဲ့ တရုတ် ဒီဇိုင်းသုကာ လက်ရာစစ်ဖြစ်တဲ့ အဲဒီ တရုတ်ဘုံကျောင်းကြီးဟာ လားရှိုးကို ရောက်လာတဲ့ ရပ်ဝေး ဧည့်သည်တွေ အားလုံးအတွက် အထူးတလည် သွားရောက်လည်ပတ် ကြည့်ရှုလေ့လာရမယ့် နေရာဒေသ အဆောက် အအုံ တစ်ခုဖြစ်ပါတယ်။

**ရေလှုစမ်းနှင့် ရွှေမေတ္တာ**

ရန်ကုန်က ပင်ပင်ပန်းပန်းနဲ့ ခရီးကြမ်းနှင်လာခဲ့ရတဲ့ ကျွန် တော်တို့ "သူ့ရဲကောင်းသုံးယောက်"အတွက် လားရှိုးမှာ အဲဒီလို အစစ အရာရာ အဆင်ပြေနေခဲ့ရာက ကံကောင်းသည်ထက် ကောင်းချင်တော့ ပန်းချီမောင်ကျော်သောင်းရဲ့ မိတ်ဆွေရင်းချာဖြစ်တဲ့ စစ်လက်နက်ပစ္စည်း ဝယ်ယူရေးတပ်က တပ်ရင်းမှူး ဗိုလ်မှူးငွေသန်းနဲ့ အဲဒီနေ့ညနေမှာ ဆိုက် ဆိုက်မြိုက်မြိုက် တွေ့လိုက်ရသလို ရန်ကုန်ကို အလုပ်တာဝန်နဲ့ သွားနေ ရတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်လက်ထောက်အခွန်ဦးစီးမှူး ဦးစိန် အေးတလည်း ဒီနေ့ပဲ ရန်ကုန်က လားရှိုးကို လေယာဉ်နဲ့ ပြန်ရောက်ခဲ့လို့ ပါပဲ။

ဦးစိန်အေးဟာ တစ်ခြားလူမဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၁၀နှစ် လောက်က ကော့သောင်းမြို့မှာ မြို့နယ်အခွန်ဦးစီးမှူးဘဝနဲ့ မိုင်းငြိမ်

www.burmeseclassic.com



က ကျွန်တော်တို့ကို စာပေဟောပြောပွဲဖိတ်ပြီး ထိုင်းနိုင်ငံ ရနောင်းမြို့အထိ ပို့ဆောင်ခဲ့ဖူးလို့ ကျွန်တော်နဲ့ အလွန်ခင်မင်တဲ့ စာပေသမားတစ်ဦးပါပဲ။ ကျွန်တော်နဲ့ အဲဒီလို ခင်မင်ခဲ့တဲ့အပြင် ပန်းချီကျော်သောင်းနဲ့လည်း ပန်းချီကျောင်းမှာ အတူတက်ခဲ့ဖူးတဲ့ ကျောင်းနေဘက် သူငယ်ချင်းဟောင်း ဖြစ်နေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ လားရှိုးမှာ "ရေကန်အသင့် ကြာအသင့်"ဖြစ်ပြီး "အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကား"ဆိုသလို ဖြစ်ခဲ့ရပါတယ်။

ဒါနဲ့ အဲဒီနေ့ ညနေဘက်မှာ ဗိုလ်မှူးငွေသန်းရဲ့ အစီအစဉ်နဲ့ နာမည်ကျော် လားရှိုးရေပူစမ်းမှာ တခမ်းတနား ရေချိုးခဲ့ရသလို ဦးစိန်အေးရဲ့ စေတနာနဲ့ လားရှိုးမှာ အသားနားဆုံးဖြစ်တဲ့ ရွှေမေတ္တာ စားသောက်ဆိုင်ကြီးမှာ စပယ်ရှယ် ညစာကို တစ်ဝကြီး စားခဲ့ကြရပါတယ်။ လွန်ခဲ့တဲ့ ၁၀နှစ်လောက်က လားရှိုးရေပူစမ်းနဲ့ ဒီနေ့ ရေပူစမ်းဟာ လုံးဝမတူတော့ပါဘူး။ ဟိုတုန်းက သဘာဝအတိုင်း ရေပူတွေ ထွက်နေတဲ့ စမ်းချောင်းရေအိုင်ထဲကို ဆင်းချိုးခဲ့ရပေမယ့် အခုတော့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ဆောက်လုပ်ထားတဲ့ ခေတ်မီရေချိုးခန်းတွေနဲ့ သပ်သပ်ရပ်ရပ် သားသားနားနား ဖြစ်နေပါပြီ။ အကောင်းစားခေါင်းလိမ်းဆီ အကောင်းစား စနိုးဘူးတွေနဲ့ သပ်ရပ်သားနားလှတဲ့ ရေချိုးခန်းထဲက တစ်ကိုယ်လုံး ရေစိမ်ပြီး ချိုးနိုင်တဲ့ ကြွေအင်တုံကြီးထဲမှာ ရေပူပိုက်နဲ့ ရေအေးပိုက်ကို ကြိုက်သလိုစပ်ပြီး ဇိမ်ကျကျ ရေချိုးရင်း ကျိမ်းစ်ဘွန်း ရုပ်ရှင်ကားထဲက မင်းသားကြီး ရှောင်ကွန်နရီကို ကျွန်တော် ပြေးသတိရလိုက်မိပါတယ်။ ပန်းချီမောင်ကျော်သောင်းကတော့ ကျွန်တော့်ထက်တောင် ပိုပြီး စိတ်ကူးယဉ်ခဲ့ပါသေးတယ်။ "ကျွန်တော်တော့ အဲဒီ ရေအင်တုံကြီးထဲမှာ စိမ်ပြီး ဇိမ်နဲ့ ရေချိုးရင်း လက်ထဲမှာ ဖန်ခွက်ကလေးနဲ့ ဘရန်ဒီ တစ်ပက်လောက် မော့ချင်စိတ် ပေါက်လာတာပဲ ဆရာ"လို့ တမ်းတမ်းတတ ပြောခဲ့





ပါလို့ပါပဲ။

**ရွှေလီတံတားနှင့် ရွှေလီမြို့**

နောက်တစ်နေ့ မနက် ဗိုလ်မှူးငွေသန်း လာခေါ်လို့ သူ့တာဝန်နဲ့ လားရှိုးဂိတ်ကို လိုက်သွားကြပါတယ်။ အဲဒီဂိတ်မှာ အဲဒီတုန်းက ဂျူတီတာဝန်ကျနေတဲ့ ဗိုလ်မှူးငွေသန်းက စီစဉ်ပေးခဲ့လို့ ကားခတစ်ပြားမှ မပေးရဘဲ ဘာသိန်း သိန်း ၂၀လောက်တန်တဲ့ Super Off Roader (4 × 4) ကားကလေးနဲ့ လားရှိုးက မူဆယ်အထိ သုံးယောက်သား စီးသွားကြရပါတယ်။ အက်စ်အီးဆီးဒီးတို့စတဲ့ အဲဒီလို ဇိမ်ခံကားလေးနဲ့ ရန်ကုန် မန္တလေးက မောင်းလာပြီး မူဆယ်ဘက် သွားရောင်းကြတာ တစ်နေ့ ၁၀စီး ၁၅စီးလောက်ရှိတယ်လို့ သိရပါတယ်။ အဲဒီလို တရုတ်ပြည်ဘက်ကို ရောင်းဖို့သွားတဲ့ ဇိမ်ခံကားတွေမှာ များသောအားဖြင့် လူနှစ်ယောက် သုံးယောက်ပဲပါတာမို့ ဗိုလ်မှူးငွေသန်းက ကျွန်တော်တို့ သုံးယောက်ကို Super Off Roader ကားကလေးနဲ့ အကြုံတင်ပေးလိုက်တာပါပဲ။

လားရှိုးက မူဆယ်ကို ၁၁၈မိုင်ပဲရှိပါတယ်။ ဒါပေမယ့် တောင်ဆင်း တောင်တက်တွေများပြီး လမ်းကဆိုးလွန်းလို့ ညနေ ၄နာရီမှ မူဆယ်ကို ရောက်ကြပါတယ်။ မူဆယ်မှာ ဗိုလ်မှူးငွေသန်းက မိတ်ဆက်စာ ရေးပေးလိုက်တဲ့ ကိုအေးမောင်နဲ့ အဆင်သင့်တွေ့ပြီး အဲဒီညက တိုက်ရှိ တည်းခိုခန်းမှာပဲ ကျွန်တော်တို့ တည်းကြပါတယ်။

နောက်တစ်နေ့ မနက် ၇နာရီခွဲသာသာလောက် မိတ်ဆွေကြီး ကိုအေးမောင်ရဲ့ ရှေ့ဆောင်လမ်းပြမှုနဲ့ မူဆယ်မြို့က တစ်မိုင်သာသာ ဝေးတဲ့ ရွှေလီမြစ်ကို ရွှေလီတံတားကြီးပေါ်က ဖြတ်ကျော်ပြီး ကျွန်တော်တို့ သုံးရဲတောင်း သုံးယောက် တရုတ်ပြည်ထဲက ရွှေလီမြို့ကို ရောက်ခဲ့ကြပါတယ်။

(ခရီးသွားအတူးဆောင်းပါးမို့ ဒီလ ဒီမျှနဲ့ပဲ ရပ်နားပြီး နောက်လ

www.burmeseclassic.com



မှာ တရုတ်ပြည်ထဲက ရွှေလီမြို့နဲ့ မန်စီမြို့အနှံ့ ရှာရှိုးကိုးပေါက် ရောက်သွားခဲ့တဲ့ အတွေ့အကြုံ အကြားအမြင်တွေကို စောင့်မျှော်ကြပါလို့ အနူးအညွတ် မေတ္တာရပ်ခံပါတယ် ခင်ဗျား။)

ငြိမ်းချမ်းစာအုပ်တိုက်

BURMESE CLASSIC

www.burmeseclassic.com